
# မောင်မောင်ထွန်းအောင်
(ကျန်းမာရေး)

# မိုးပြိုည နှင့်
## မဂ္ဂဇင်းဝတ္ထုများ



ဟိန်းထက်စာပေ

အမှတ်(၂၇၁)ဒုတိယထပ်(ဝဲ)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၂၄၄၅၊ ၀၉၅၄၀၄၈၃၇

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဦးလှထွန်းအောင် ၀၀၁၂၂

(ဟိန်းထက်စာပေ)

ပုံနှိပ်သူ

ကိုဝင်းအောင် (သန်းထိုက်ရတနာပုံနှိပ်တိုက်)

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

အတွင်းသရုပ်ဖော်

မြတ်မင်းဟန်၊ ညီညီ၊ မောင်မြင့်ဌေး၊ စိုးအောင်

အတွင်းစာစီ

ဟိန်းထက်

အတွင်းအပြင်အဆင်

DesignerHsu

စာအုပ်ချုပ်

မေသူဝင်း

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၀၀၀ ကျပ်

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ဒီဇင်ဘာလ၊ ၂၀၁၅

မောင်မောင်ထွန်းအောင် (ကျန်းမာရေး)

မိုးပြိုညနှင့် မဂ္ဂဇင်းဝတ္ထုများ/

ဦးလှထွန်းအောင်၊ ရန်ကုန်၊ ဟိန်းထက်စာပေ၊

၂၅၁ - ၈၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ

(၁) မိုးပြိုညနှင့် မဂ္ဂဇင်းဝတ္ထုများ

# ဟောင်ဟောင်ထွန်းအောင် (ကျန်းမာရေး)

# မိုးပြိုည နှင့်

## မဂ္ဂဇင်းဝတ္ထုများ



ဟိန်းထက် တသေ

## မာတိကာ

| | |
|---|---|
| မေတ္တာရိပ်မြုံ | ၇ |
| ဗီဇ | ၂၃ |
| လွမ်းရပြီမိုးရယ် | ၃၁ |
| စာနာစိတ် | ၄၂ |
| လူဆိုသည်မှာ | ၆၂ |
| အမေကခေါ်တော့ ကျွန်တော့်ကို လူမိုက်တဲ့ | ၈၀ |
| ဝေးမသွားချင်ဘူး | ၁၀၀ |
| လွမ်းဖြစ်မယ်မထင်တော့ပါဘူး | ၁၁၈ |
| အလွမ်းငှက်ကလေး အိပ်တန်းပြန် | ၁၃၄ |
| မိုးပြိုည | ၁၅၆ |
| မသေကောင်း မပျောက်ကောင်း | ၁၉၀ |
| အချစ်ဟုခေါ်သည် | ၂၀၇ |
| တံခါးအဖွင့် အပိတ် | ၂၂၆ |
| ဂုဏ်ဆိုသည်မှာ | ၂၄၂ |



## ကျေးဇူးစကား

'မိုးပြိုညနှင့် မဂ္ဂဇင်းဝတ္ထုများ' အမည်ရှိ ဝတ္ထုပေါင်းချုပ်တစ်အုပ် ထုတ်ဝေနိုင်ခြင်းအတွက် စာရေးသူ ဝမ်းသာဂုဏ်ယူမိပါသည်။ ဤစာအုပ်နှင့် ပတ်သက်၍ စာရေးသူအနေဖြင့် အထူးညွှန်းရန်မလိုအပ်ဟု ထင်ပါသည်။

ဝတ္ထုတို၊ ဝတ္ထုလတ် (၁၄) ပုဒ်အား စုပေါင်းထုတ်ဝေခြင်းသာ ဖြစ်ပါသည်။ စာရေးသူသည် ဆေးပညာစာပေများကိုသာ အရေးများခဲ့ပြီး ရသဝတ္ထုများကို တစ်နှစ်တစ်ပုဒ်၊ နှစ်ပုဒ်မျှသာ ရေးဖြစ်ပါသည်။ 'မိုးပြိုည'သည် စာရေးသူ၏ ဝတ္ထုပေါင်းချုပ်အနေဖြင့် တတိယမြောက်စာအုပ်ဖြစ်ပြီး စာရေးသက် ၃၅ နှစ်အတွင်း စာရေးသူ၏ အုပ် (၃၀) မြောက်စာအုပ်လည်း ဖြစ်ပါသည်။

ကျေးဇူးစကား ဆိုပါမည်။

ဤစာအုပ်ပါ ဝတ္ထုတို၊ ဝတ္ထုလတ်များကို ထည့်သွင်းဖော်ပြပေးခဲ့သော မဂ္ဂဇင်းအယ်ဒီတာများ၊ ဝတ္ထုများကို သရုပ်ဖော်ပေးကြသော ပန်းချီ မြတ်မင်းဟန်၊ ပန်းချီ ညီညီ၊ ပန်းချီ စိုးအောင်၊ ပန်းချီ မောင်မြင့်ဌေးနှင့် ဟိန်းထက်စာပေ တိုက် ဝိုင်းတော်သားများ၊ စာအုပ်ထွက်တိုင်း အားပေးကြသော စာရေးသူ၏ စာဖတ်ပရိသတ်အပေါင်းနှင့် စာအုပ်ဖြန့်ချိပေးကြသော စာပေဖြန့်ချိရေးများ အားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဂါရဝပြုစကား ပြောလိုပါသည်။

**စာဖတ်ပရိသတ်များ ကျန်းမာပျော်ရွှင်နိုင်ပါစေ**
**မောင်မောင်ထွန်းအောင် (ကျန်းမာရေး)**
**အမျိုးသားစာပေဆုရ**



သီတာသည် ခြံတံခါးကို တွန်းဖွင့်၍ မြေနီလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ အိမ်ရှေ့ သံဆန်ခါတံခါးသို့ အရောက်တွင် တံခါးဝရှိ လူခေါ်ဘဲလ်လေးကို လက်ညှိုးနှင့် ဖိနှိပ်လိုက်သည်။

ဘဲလ်သံကြောင့် အသက်လေးဆယ်နီးပါးရှိ မိန်းမကြီးတစ်ဦး အိမ်ရှေ့ ခန်းသို့ ခပ်သုတ်သုတ် ထွက်လာပြီး တံခါးလာဖွင့်ပေးသည်။

'ဒေါ်ဒေါ်တင်၊ ကိုကိုထွန်းရော စတူဒီယိုထဲမှာလား'

သူမသည် ပလတ်စတစ်ဆွဲခြင်းနှင့် လက်ကိုင်ဖုန်းကို ဒေါ်ဒေါ်တင် အား လှမ်းပေးပြီး သူမ၏ ယောကျ်ားရှိရာသို့ ထွက်လာခဲ့သည်။

'ကိုကိုထွန်း သီတာပြန်လာပြီ။ သားတွေရော မတွေ့ပါလား'

သူမသည် ပန်းချီကား၊ ပန်းချီပစ္စည်းများဖြင့် ရှုပ်ပွနေပြီး ဆေးလိပ်ငွေ့ တထောင်းထောင်းထနေသော မြင်ကွင်းကိုကြည့်၍ နှာခေါင်းရှုံ့လိုက်မိ၏။

'သားတို့ ဟိုဘက်ခြံမှာ ဘောလုံးသွားကန်ကြတယ်နဲ့ တူပါတယ်။ ဒေါ်ဒေါ်တင်ကို သွားခေါ်ခိုင်းပါလား'

'မမြင်လို့ မေးမိတာပါ ကိုကိုထွန်းရယ်၊ စားစရာတစ်ခုခု သီတာ ပြင်ပေး ရဦးမလားဟင်'

'ကိုကိုထွန်း မဆာပါဘူး။ ဒေါ်ဒေါ်တင်ကိုသာ ပြောပေး၊ ကြက်ဥလေး တစ်လုံးနှစ်လုံး ကြော်ထားပါလို့။ သီတာ တစ်ခြားလုပ်စရာရှိတာသာ သွားလုပ်ပါ ကွယ်။ ကိုကိုထွန်း ပန်းချီဆက်ဆွဲဦးမယ်'

သူမသည် ကိုကိုထွန်းအား အလိုမကျစွာဖြင့် ကြည့်နေမိသည်။ ကိုကို ထွန်းသည် ဆွဲလက်စ ပန်းချီကားအား စူးစူးရဲရဲကြည့်ကာ စုတ်တံကို ကောက်ကိုင် လိုက်၏။ သူမအနေဖြင့် အမှန်အတိုင်း ဝန်ခံရလျှင် ဝတ်ကျေတမ်းကျေသာ မေးမြန်းခြင်း ဖြစ်ပါသည်။ ကိုကိုထွန်းက ပန်းချီသာ ဆွဲနေရလျှင် သားမေ့၊ မယား မေ့၊ ထမင်းမေ့၊ ဟင်းမေ့တတ်သူ ဖြစ်သည်။ ဆူညံခြင်းမကြိုက်၊ တိတ်ဆိတ်ငြိမ် သက်မှုကို သဘောကျသည်။ ဘွဲ့ရပညာတတ် ဖြစ်သော်လည်း ပန်းချီဖြင့်သာ အသက်မွေးသည်။ ကိုကိုထွန်းအနေဖြင့် ပန်းချီဆရာအဖြစ် ရပ်တည်နေခြင်း သည် သူ့အတွက် စီးပွားရေးလည်းဖြစ်၊ သူဝါသနာပါသည့် လုပ်ငန်းလည်း ဖြစ်သ ဖြင့် အချိန်ရှိသရွေ့ ပန်းချီအနုပညာ လုပ်ငန်းတွင်သာ စိတ်ဝင်စားနေသည်။

'သီတာရေချိုးပြီးရင် သားတွေနဲ့ ထမင်းစားလိုက်မယ်နော်'

သူမသည် အိမ်ထဲသို့ မဝင်သေးဘဲ အိမ်ခေါင်းရင်းရှိ ပိတောက်ပင်ကြီးအောက်မှ ခုံတန်းပေါ်တွင် ဝင်ထိုင်လိုက်မိသည်။ သစ်ကိုင်းပေါ်တွင် အိပ်တန်းပြန် ငှက်ကလေးနှစ်ကောင် မြူးပျော်နေသည်ကို မြင်တွေ့လိုက်ရသည်။ သူမသည် မျက်လုံးအစုံကိုမှိတ်၍ သက်ပြင်းငွေ့ငွေ့ကို ရှိုက်လိုက်မိပါ၏။ နေ့လယ်က ရုံးတွင် တင်မိုးလှိုင်ပြောလိုက်သည့် စကားများက သူမ၏ နားအစုံတွင် ပဲ့တင်ရိုက်ခတ် နေပေသေးသည်။

'သီတာတို့မိသားစု ဒီအပတ် ဘယ်သွားကြမှာလဲ၊ ကိုယ်တို့ကတော့ ကန်တော်ကြီးဥယျာဉ် သွားကြမလို့လေ၊ ကိုယ်တို့တွေ ရုံးပိတ်ရက်ဆို အင်းလျား၊ ပန်းခြံ၊ တိရစ္ဆာန်ဥယျာဉ် တစ်နေရာရာကို သွားကြတယ်။ အဲဒီကိုမှ မသွားဖြစ်ရင် ရုပ်ရှင်သွားကြည့်ကြတယ်။ ဆွေမျိုးတွေအိမ် လျှောက်လည်ကြတယ်။ သီတာပဲ စဉ်းစားကြည့်လေ ခြောက်ရက်လုံး အိမ်နဲ့ ရုံး၊ ရုံးနဲ့ အိမ် စိတ်ဖိစီးမှုများလိုက်တာ။ စိတ်ဆိုတာကလည်း လွတ်လွတ်လပ်လပ်နဲ့ လှုပ်ရှားမှု အပြောင်းအလဲလေးတွေ ပြုလုပ်ပေးသင့်တယ် မဟုတ်လား။ ကိုယ့်ရဲ့မောင်ကလည်း ကိုယ့်အထာကို သိတယ်ကွ။ ကိုယ်တော့ လူချမ်းသာတာထက် စိတ်ချမ်းသာတာကို ပိုပြီးသဘောကျတယ်'

'အို. . . မကြားချင်ဘူး'

သူမသည် တစ်ယောက်တည်း ရေရွတ်လိုက်မိပြီး နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်လိုက်မိ၏။

သူမသည် နောက်ဖေးပေါက်မှ အိမ်အတွင်းသို့ ဝင်ခဲ့၏။ အောင်အောင်နှင့် ဇော်ဇော်သည် သူမအား ပြေးဖက်ကြသည်။ သူမသည် သားနှစ်ယောက်အား ပြန်ဖက်၍ ဒူးထောက်ထိုင်လိုက်ပြီး သားနှစ်ယောက်၏ ပါးလေးများကို တစ်လှည့်စီ နမ်းလိုက်၏။

'ကဲ. . . သားတို့ ရေချိုးပြီးကြပြီ မဟုတ်လား။ ဧည့်ခန်းမှာ ငြိမ်ငြိမ်လေး တီဗီသွားကြည့်ကြနော်။ မေမေ ရေချိုးလိုက်ဦးမယ်'

'ဟုတ်ကဲ့ မေမေ'

သူမသည် အဝတ်အစားလဲပြီးနောက် ရေချိုးခန်းထဲသို့ဝင်၍ ရေကို တဝကြီး ချိုးပစ်လိုက်လေသည်။

xxx

အပြင်ဘက်မှာ မှောင်နေသည်။

ထိုအမှောင်ထုကို အန်တုၡ် အိမ်ထဲရှိ မီးချောင်းတို့၏ အလင်းရောင်က လင်းလင်းထိန်နေသည်။ နာရီကို လှမ်းကြည့်တော့ ၁၂ နာရီ ထိုးနေပြီ။ သီတာသည် အိမ်အောက်ထပ်သို့ ဆင်းလာခဲ့၏။

သူမသည် စာကြည့်ခန်းထဲသို့ ဝင်သွားသည်။ စာကြည့်ခန်းထဲရှိ ကုလားထိုင်တွင် ထိုင်၍ ပန်းချီစာအုပ်များကို ဖတ်နေသော ကိုကိုထွန်းအား နောက်မှနေ၍ သိုင်းဖက်လိုက်သည်။

'ကိုကိုထွန်း'

'ပြောလေ သီတာ'

'သီတာတို့ မနက်ဖြန် ရုံးပိတ်တယ်'

'ဘာဖြစ်လို့လဲ သီတာ'

'အို. . . ကိုကိုထွန်းကလည်း တနင်္ဂနွေနေ့လေ၊ မသိတော့ဘူးလား'

'သြော်. . . သီတာရယ်၊ တနင်္ဂနွေ ရုံးပိတ်တာပဲ အဆန်းလုပ်လို့'

သီတာသည် ကိုကိုထွန်း၏ အနားသို့ ပို၍တိုးကပ်ပြီး ရပ်နေလိုက်၏။ ကိုကိုထွန်းက ရီဝေသော မျက်လုံးများဖြင့် ကြည့်နေသည်။

အရက်နံ့က စူးရှရှ ဆေးလိပ်နံ့က တထောင်းထောင်း။

'ကိုကိုထွန်း၊ မနက်ဖြန် မျှော်စင်ကျွန်းမှာ ဖိုးချစ်ဇာတ်ပွဲရှိတယ်။ သီတာတို့မိသားစု သွားကြည့်ရအောင်။ သားတွေကိုလည်း မြန်မာ့အနုပညာ ဇာတ်ပွဲသဘင်တွေ ကြည့်စေချင်တယ်'

'သီတာကလည်းကွာ၊ နေ့တိုင်း ရုံးသွား၊ ရုံးပြန် အမြဲတမ်း လူတွေနဲ့ တိုးဝှေ့သွားလာနေရတာ ရုံးအားရက်လေ။ အိမ်မှာ အေးအေးဆေးဆေး အနားယူပါလားကွယ်။ တကယ်လို့ သီတာသိပ်သွားချင်တဲ့ ဆန္ဒရှိရင်တော့ သွားလေ။ ဒေါ်ဒေါ်တင်ကို အဖော်ခေါ်သွားပေါ့။ ကိုယ်တော့ မလိုက်ချင်ဘူး သီတာ။ Live Show နီးပြီဆိုတော့ ပုံတွေဖိရေးရမယ်'

'ကိုကိုထွန်း မလိုက်ချင်ဘူးဆိုရင် သီတာလည်း မသွားတော့ပါဘူး။ ရပါတယ်၊ သီတာ သွားအိပ်တော့မယ်'

သီတာသည် အပေါ်ထပ်ရှိ သူမ၏ အိပ်ခန်းထဲသို့ ဝင်လိုက်သည်။ သူမသည် ခုတင်ဘေးရှိ မှန်တင်ခုံရှေ့လေးတွင် ထိုင်လိုက်၏။ မှန်ထဲတွင် မြင်တွေ့ရသည့် သူမ၏ရုပ်သွင်ကို အတန်ကြာ ငေးမောကြည့်ရှုနေမိသည်။ သူမသည် သက်ပြင်းရှည်တစ်ချက် ရှိုက်လိုက်သည်။ မှန်ထဲတွင် တွေ့မြင်ရသည့် သူမ၏

ရုပ်သွင်က အပျိုတုန်းကနှင့် လုံးဝခြားနားမှု မရှိပေ။ လှပဆဲ၊ စိုပြည်ဆဲပင် ရှိနေသည်။

သူတို့ မွေးချင်းငါးယောက်အနက် သူမသည် အငယ်ဆုံးဖြစ်သည်။ သူမ ဘွဲ့ရရှိသည့်နှစ်တွင် သူမ၏မိဘများ သဘောတူသည့် ကိုကိုထွန်းနှင့် သူမ လက်ထပ်ခဲ့သည်။ လက်ထပ်ပြီးသည့်နောက် အိမ်တွင် ထိုင်မနေချင်သည့် သူမသည် အားလုံးက တားမြစ်သည့်ကြားက ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့လေသည်။ ကိုကိုထွန်းက သူမရရှိသည့် လခငွေကို သူမအနေနှင့် ကြိုက်နှစ်သက်သလို အသုံးပြုခွင့် ပေးထားလေသည်။

ကိုကိုထွန်းသည် ရိုးသားကြိုးစားသော စီးပွားရေးသမား မိဘနှစ်ပါး၏ တစ်ဦးတည်းသောသား ဖြစ်ပါသည်။ သူဝါသနာပါသည်က ပန်းချီအနုပညာနှင့် ဓာတ်ပုံရိုက်ပညာ။ ထို့ကြောင့် တက္ကသိုလ်မှာ ဥပဒေဘွဲ့ယူပြီးသည်နှင့် ပန်းချီပန်းပုကျောင်း ဆက်တက်ပြီး အနုပညာလုပ်ငန်းကို ဇောက်ချလုပ်ကိုင်ခဲ့သည်။ ပါရမီပါ၍လားမသိ ကျော်ကြားအောင်မြင်ခဲ့သည်။ ကိုကိုထွန်း ရေးဆွဲသည့် ပန်းချီကားများ နိုင်ငံရပ်ခြားသို့ပင် ခရီးဆန့်နေပြီ။ မကြာမီ စင်ကာပူတွင် ပန်းချီပြပွဲ သွားပြမည်။ သီတာနှင့် လက်ထပ်သည့်နှစ်တွင် ကိုကိုထွန်း၏ မိဘများက သူတို့အတွက် အိမ်နှင့်ခြံကို ဝယ်ပေးခဲ့၏။

သို့သော် ပြည့်စုံလင့်ကစား သီတာတွင် တစ်ခုတော့ လိုနေသေး၏။ ကိုကိုထွန်းသည် သူမအတွက် အချိန်ပေးမှု နည်းလွန်းသည်ဟု သူမ တွေးနေမိသည်။ မချစ်ဘဲ ညားခဲ့ကြလို့လား။

သူမသည် မှန်တင်ခုံရှေ့မှထ၍ ကုတင်ဆီသို့ လျှောက်သွားပြီး ခုတင်ပေါ် လှဲအိပ်လိုက်သည်။ ကိုကိုထွန်းသည် ယခုအချိန်ထိ အပေါ်ထပ်သို့ တက်မလာသေးပေ။ သူမအဖို့ ကိုကိုထွန်း ဘယ်အချိန် အိပ်ရာဝင်လာမှန်း မသိဘဲ မှိုင်းလင်းခဲ့ရသည့် ရက်များက မနည်းလှတော့ပေ။

သည်အတိုင်းဆို ရှေ့ဆက်ရမည့်ခရီးက ရင်မောစရာ။

xxx

'ဘာဖြစ်လို့လဲ ခေါင်းမူးလို့လားဟင်။ ကျွန်တော့်မှာ ရှူဆေးပါတယ်။ ခဏရှူထားလိုက်ပါလား'

ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံရှေ့ရှိ ရွှေညော့သည် ဘတ်စ်ကားမှတ်တိုင်တွင် ဖြစ်ပါသည်။ သီတာ၏အနားတွင် အမျိုးသားတစ်ဦးက ကပ်၍စကားပြောနေ၏။ အတွေးလွန်ခြင်းများ၊ အိပ်ရေးပျက်ခြင်းများက သူမ အား ကုမ္ပဏီက အပြန်တွင် ဒုက္ခပေးတော့သည်။ ရွှေညော့သည် ဘတ်စ်ကားစီး ရန် ကားစောင့်နေစဉ် ခေါင်းထဲတွင် တရိပ်ရိပ်ဖြစ်လာသည်။ ထို့ကြောင့် သူမ သည် မျက်လုံးအစုံကိုမှိတ်၍ ကားမှတ်တိုင် တည်းခိုအဆောက်အအုံမှ သံတိုင်ကို မှီပြီး နားထင်ကြောကို ဖိနှိပ်ထားလိုက်သည်။

'ရော့၊ ရှူဆေး ရှူလိုက်လေ'

အမျိုးသားတစ်ဦးသည် သူ၏ တိုက်ပုံအတွင်းက ရှူဆေးဘူးကို ထုတ်ယူ ပြီး သူမကို လှမ်းပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင့်'

သူမသည် မျက်စိအစုံကို အားယူဖွင့်ပြီး ပြုံးပြလိုက်သည်။ ထို့နောက် အမျိုးသား ကမ်းပေးလာသော ရှူဆေးဘူးကို လှမ်းယူပြီး ရှူရှိုက်ပါသည်။ သူမ၏ ရင်ထဲတွင် အေးသွားပြီး ခေါင်းထဲတွင် အတော်ကလေး ရှင်းလင်းသွားသည်။

'ဟိုနားက အအေးဆိုင်မှာ ခဏထိုင်ပြီး အအေးတစ်ခုခု သောက်လိုက် ပါလား။ ပိုပြီး သက်သာသွားအောင်ပေါ့'

'ကောင်းသားပဲ။ ဒါပေမဲ့ ကျွန်မ သိပ်ကြာလို့ မဖြစ်ဘူး။ ကျွန်မ ယောက်ျား စိတ်ပူနေလိမ့်မယ်'

သူမသည် ခဏတစ်ဖြုတ်ထိုင်ပြီး အနားယူချင်သောကြောင့် သူ၏ဆန္ဒ ကို လိုက်လျောခြင်း ဖြစ်ပါသည်။

'စိတ်ပူတတ်တဲ့ သူဆိုရင် ခင်ဗျားကို ဒီလိုပဲ တစ်ယောက်တည်း သွားလာနေတာကို ကြည့်နေနိုင်ပါ့မလားဗျာ'

သူက ရယ်ကျဲကျဲနှင့် ပြောလိုက်သေးသည်။

'ကျွန်မ ဘယ်သွားနေတာမှတ်လို့၊ အလုပ်သွားနေတာပဲဟာ။ အချိန် မရွေး ဆက်သွယ်လို့ရတဲ့ လက်ကိုင်ဖုန်းလည်း ရှိတယ်လေ'

'အဲဒီ အလုပ်သွားကြတာကို ပြောနေတာပေါ့။ စိတ်မချတဲ့ သူတွေဟာ အလုပ်ကို လိုက်ပို့ကြတယ်။ အလုပ်ကအပြန် လာကြိုတယ်။ ကဲပါ၊ လာပါဗျာ မကြာစေရပါဘူး'

သူတို့သည် အအေးဆိုင်အတွင်း စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်ဖြစ် သည်။

'ဘာသောက်မလဲ'

'ကောင်းမယ်ထင်တာ မှာပေါ့'

သူသည် သံပုရာရည်နှစ်ခွက် မှာလိုက်သည်။

သံပုရာရည် ရောက်လာသောအခါ သူတို့နှစ်ယောက် ငြိမ်တူသောက်ဖြစ်သွားသည်။

'သက်သာတယ် မဟုတ်လား။ ကျွန်တော်လိုက်ပို့ဖို့ လိုသေးလား'

'နေသာထိုင်သာ ရှိသွားပါပြီ။ ကျွန်မတစ်ယောက်တည်း ပြန်လို့ဖြစ်ပါတယ်။ ကျွန်မ သွားတော့မယ်။ အချိန်သိပ်မရှိတော့ဘူး'

သူမသည် စလင်းဘက်အိတ်အတွင်းမှ တစ်ထောင်တန်တစ်ရွက် ထုတ်ယူလိုက်သည်။

'နေပါစေ. . . ကျွန်တော် ပေးလိုက်ပါ့မယ်။ အအေးသောက်ဖို့ ကျွန်တော်ဖိတ်ခေါ်ခဲ့တာပဲ၊ နောက်တစ်ခါ သောက်ကြတော့ ခင်ဗျားသဘောပေါ့'

'နောက်တစ်ခါ ဟုတ်လား'

'ဟုတ်တယ်လေ။ နောက်တစ်ခါ တွေ့ကြတဲ့အခါကို ပြောတာပေါ့'

'အင်းလေ. . . မကြိုးစားဘဲနဲ့ တွေ့ကြမယ်ဆိုရင်တော့ ဆုံကြသေးတာပေါ့'

သီတာသည် ကားမှတ်တိုင်သို့ အရောက်တွင် အသင့်ရပ်နေသော ရွှေညော်သည် ဘတ်စ်ကားပေါ်သို့ အမြန်ဆုံး တိုးဝှေ့တက်လိုက်တော့သည်။

နောက်သို့ တစ်ချက်ကလေးပင် ပြန်လှည့်မကြည့်ပေ။

xxx

'ရှင် အခုပြန်လာတာ ဘယ်အချိန်ရှိပြီလဲ၊ ကိုလှဖေ'

'ကိုးနာရီလေ၊ ဘာဖြစ်လို့လဲ'

'နေ့ရှိသရွေ့ နောက်ကျနေတာတော့ လွန်တာပေါ့ရှင်'

'ကိုးနာရီ ဆယ်နာရီဟာ ပြန်ရောက်နေကျ အချိန်ဆိုတာ မင်းသိတယ် မဟုတ်လား'

'တစ်ခါတလေ အလုပ်များလို့ နောက်ကျတာမျိုး မဟုတ်ဘဲ အမြဲတစေ နောက်ကျတာတော့ မကောင်းပါဘူး ကိုလှဖေ။ လင်ရယ်၊ မယားရယ်လို့ တိုင်ပင်ဖော်၊ တိုင်ပင်ဖက်လည်း မရဘူး။ ကျွန်မမှာတော့ အလုပ်တစ်ဖက်နဲ့ အိမ်ပြင်

လုပ်ရ အိမ်ထဲလုပ်ရနဲ့ ရှင်ကတော့. . .'

'အိမ်ဖော်ခေါ် ထားပါလို့ဆိုတော့ မခေါ်ဘူး မဟုတ်လား။ စိတ်မချတာနဲ့၊ စိတ်တိုင်းမကျတာနဲ့ အလုပ်မလုပ်နဲ့ ဆိုတော့လည်း မရဘူး'

'ကျွန်မ အလုပ်မလုပ်လို့ ဖြစ်မလား။ လူဆိုတာ မိုးရွာတုန်း ရေခံထားရတယ်ရှင့်၊ အဲဒါ ရှင်နားလည်ရဲ့လား'

'ဟုတ်ပါတယ်။ ကိုယ်က ဘာမှနားမလည်ဘူး။ မင်းပဲ နားလည်တယ်၊ မင်းပဲသိတယ်။ မင်းပဲ အားလုံးတတ်ပါတယ်'

သူမသည် ဆက်ပြောနေလျှင် အိမ်နီးနားချင်းတွေကြားပြီး ရှက်ဖွယ်ရာသာ ဖြစ်စရာရှိ၍ ဘာမှဆက်မပြောတော့ပေ။ အိပ်ခန်းထဲ အသာဝင်ပြီး လှဲနေလိုက်သည်။ ကိုလှဖေသည် ဧည့်ခန်းတွင် ငူငူကြီး ကျန်ခဲ့၏။ ဧည့်ခန်းရှိ နှစ်ယောက်ထိုင် ဆိုဖာသည် သူ့အိပ်ရာအဖြစ် မကြာခဏ ပြောင်းလဲတတ်သည်။

×××

'ကျွန်တော် ရှေ့မှတ်တိုင်မှာ ခင်ဗျားကို ညနေတိုင်း လာစောင့်နေတာငါးရက်ဆက်တိုက် ရှိသွားပြီ'

'ဩော် ဟုတ်လား၊ သက်သက်မဲ့ ဒုက္ခရှာလို့ရှင်'

'ကျွန်တော့်အတွက် ဒုက္ခဆိုတာ အဆန်း မဟုတ်တော့ပါဘူး။ ကျွန်တော့်အတွက် အချိန်နည်းနည်းလောက် မပေးနိုင်ဘူးလားဟင်'

'ကျွန်မက အိမ်ကို အချိန်နဲ့ပြန်တယ်ရှင့်'

'ကားပျက်တာမျိုးတို့၊ လူကျပ်တာမျိုးတို့ကြုံတဲ့အခါ နောက်ကျစမြဲပါဗျာ'

ကားမှတ်တိုင်မှ လူများသည် သူတို့နှစ်ဦးအား အရေးမစိုက်၊ ဂရုမထားကြပေ။ အတွေးကိုယ်စီဖြင့် ကားလာမည့်ဘက်ကိုသာ ငေးမျှော်နေကြသည်။ သီတာသည် လက်မှနာရီကို တစ်ချက်ကြည့်လိုက်သည်။

'ကဲ. . . ဒီလိုဆို နာရီဝက်လောက်တော့ ရှင့်ကို ကျွန်မအချိန်ပေးမယ်'

'ဝမ်းသာလိုက်တာဗျာ'

သူတို့နှစ်ယောက်သည် အအေးဆိုင်၏ အတွင်းကျကျ စားပွဲတစ်လုံးတွင် ထိုင်လိုက်ကြသည်။

'ကျွန်တော် ဘာမှာလိုက်ရမလဲ'

'ရပါတယ်။ ကြိုက်တာသာ မှာလိုက်ပါ'

'လိမ္မော်ရည်ပဲ သောက်ကြတာပေါ့'

သူသည် လိမ္မော်ရည် နှစ်ပုလင်း မှာလိုက်လေသည်။

'ငါးရက်လုံး ဘယ်ပျောက်နေတာလဲ။ ကျွန်တော်နဲ့ တွေ့မှာစိုးလို့ ရှောင်နေတာလား'

'ကျွန်မ ရှင့်ကို ရှောင်နေစရာ အကြောင်းမရှိပါဘူး။ နေမကောင်း ဖြစ်နေလို့ပါ'

■

**ကျွန်တော့်အတွက်**
**အကူဆိုတာ**
**အဆန်းမဟုတ်တော့ပါဘူး။**
**ကျွန်တော့်အတွက်**
**အချိန်နည်းနည်းလောက်**
**မပေးနိုင်ဘူးလားဟင်**

■

'တော်ပါသေးရဲ့ဗျာ။ ကျွန်တော့်မှာဖြင့် တွေးလိုက်ရ၊ တွက်လိုက်ရတာ မျိုးကိုစုံနေတာပဲ၊ စိတ်ပူလိုက်ရတာ မပြောပါနဲ့တော့'

'ဘယ်သူက တွေးခိုင်း၊ တွက်ခိုင်းလို့လဲ'

'ခင်ဗျားပေါ့'

သူသည် သူမကို စူးစူးစိုက်စိုက် စိုက်ကြည့်၍ ပြုံးနေသည်။

'ကိုလှဖေဆိုတာ ကျွန်တော့်နာမည်ပေါ့။ ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ'

'အကြောင်းကိစ္စရှိလို့ ကျွန်မနာမည်မေးနေတာလား'

'ဆိုပါတော့ဗျာ'

'ဟုတ်လား၊ ဒီလိုဆို အဲဒီကိစ္စကို ကျွန်မ ရော မသိရဘူးလား'

'နောက်တော့ သိရမှာပေါ့'

'ဒီလိုဆိုလည်း ရှိပါစေတော့။ ကျွန်မနာမည်က သီတာ၊ . . . ကုမ္ပဏီမှာ စာရင်းကိုင် လုပ်တယ်။ အောင်အောင်ထွန်းနဲ့ ဇော်ဇော်ထွန်းဆိုတဲ့ သားနှစ်ယောက် ရှိတယ်။ ကျွန်မအမျိုးသားက ကိုကိုထွန်း။ ပန်းချီဆရာ လုပ်တယ်။ နောက် သိချင်တာ ရှိသေးလား'

'ပြီးပြည့်စုံပါတယ်။ ကျွန်တော့်အမျိုးသမီးက အထက်တန်းကျောင်းဆရာမပါ။ သားသမီးတော့ တစ်ယောက်မှ မရှိဘူး။ ကျွန်တော်ကတော့ ဓာတ်ခွဲခန်း ဦးစီးအရာရှိ၊ အပြင်ဆေးခန်းလည်း ထိုင်တယ်။ နေတော့ ၃၇ လမ်းမှာ နေတယ်။ ခင်ဗျားက နာမည်နဲ့လူ အတော်လိုက်ဖက်တာပဲ။ ခင်ဗျားအသားက

ဖြူလိုက်တာမှ နုပြီး နို့နှစ်ရောင်ထနေတာပဲ။ မြင်သူ ရင်အေးစေတယ်။ သီတာရေချမ်းလိုပေါ့'

'ရှင် စကားပြောတော့ သိပ်ကောင်းတယ်'

'ကဲ. . . သောက်လိုက်ပါဦး သီတာ'

'ကိုလှဖေလည်း သောက်လေ'

သူတို့နှစ်ဦး လိမ္မော်ရည်ကို ပြိုင်တူသောက်ကြရင်း အကြည့်ချင်း ဆုံမိကြသည်။ ထိုအကြည့်ကို လွှဲဖယ်ဖို့ သူတို့မကြိုးစား၊ တစ်ဦးကိုတစ်ဦး အတန်ကြာစိုက်ကြည့်လျက် မျက်ဝန်းများအတွင်း အဖြေရှာနေကြသည်။

'ကျွန်မပြန်တော့မယ် ကိုလှဖေ'

'နေပါဦးလို့ တားလို့မဖြစ်တော့လို့ နောက်ထပ် တွေ့ခွင့်ပြုပါဦးလို့ ပြောပါရစေ မသီတာ'

သူမသည် လိမ္မော်ရည်ဖိုး ငွေရှင်းပြီး ဆိုင်အတွင်းက ထွက်ခဲ့သည်။ သူမရင်ထဲတွင် အတွေးမျိုးစုံက နေရာယူ ဝင်ရောက်နေပြီ။

×××

'သီတာရေ'

သူသည် သူ့ရင်ခွင်ထဲရှိ သီတာ၏ နဖူးဆံစကလေးများကို လက်ဖြင့် သပ်ရင်း ခေါ်လိုက်သည်။

'ဘာပြောမလို့လဲ ကိုလှဖေ'

'သီတာ ပျော်ရဲ့လားကွယ်'

'ပျော်တာပေါ့ ကိုလှဖေရယ်'

'ကိုလှဖေဖြင့်လေ အဲဒီအပျော်မျိုး ဒီတစ်သက် မရနိုင်တော့ဘူးလို့ ထင်နေတာ'

'သီတာလည်း ဒီလိုပါပဲ ကိုလှဖေရယ်'

'ကိုလှဖေ ထာဝရပျော်ရအောင် သီတာက အချစ်မိုးတွေ အမြဲရွာနေမှာပါကွယ်'

'ဒီလိုဆို သီတာ အိမ်မပြန်ပါနဲ့တော့ကွယ်နော်'

'တကယ်ပြောနေတာလား ကိုလှဖေ။ ဒီလိုဆို သီတာ အိမ်ခဏပြန်လိုက်ဦးမယ်။ ယူစရာရှိတာလေးတွေ ယူပြီးပြန်လာခဲ့မယ်'

'သီတာ ဘာမှယူမနေပါနဲ့တော့ကွာ။ ကိုလှဖေ သီတာ့ဆီက ဝတ္ထု

ပစ္စည်းဆိုလို့ ဘာမှလိုချင်တာ မဟုတ်ပါဘူး။ သီတာ ကိုလှဖေနဲ့အတူ ရှိနေရင် ကိုလှဖေ ဝမ်းသာကျေနပ်ပါပြီ'

'သီတာ အလုပ်လုပ်လို့ရတဲ့ငွေကို သီတာ့ဘာသာ သီတာစုထားတယ်။ အဲဒီငွေကိုယူပြီး ပြန်လာခဲ့မှာပါ။ အခုဝတ်ထားတဲ့ ပစ္စည်းတွေကိုလည်း ထားခဲ့ရဦးမယ် မဟုတ်လား'

'သီတာ ဆက်ဆက်လာခဲ့နော်။ ကိုလှဖေ သီတာ့ကို စောင့်နေမယ်။ ကိုလှဖေ သီတာ့ကို သိပ်ချစ်တာပဲ သီတာရယ်'

သူမသည် သူ့အား ကြင်နာသော အနမ်းများဖြင့် ထွေးသိပ်ထားခဲ့ပြီး အိမ်သို့ပြန်လာခဲ့သည်။ အတွေးမျိုးစုံက သူမ၏ အာရုံတွင် ပြည့်နေသည်။ အိမ်တွင် ဒေါ်ဒေါ်တင်မှလွဲ၍ မည်သူမျှ မရှိကြပေ။ သီတာသည် ဧည့်ခန်းဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ကိုကိုထွန်းနှင့် သားတို့ကို မမေးမိပေ။

'မောင်ကိုထွန်းတို့ သားအဖတွေတော့ မရှိကြဘူး သီတာ။ သားတွေ ပူဆာတာနဲ့ 'ဒီကောင် ဘာကောင်လဲ' ရုပ်ရှင်သွားကြည့်ကြတယ်'

သီတာသည် ဘာစကားတစ်ခွန်းမျှ ပြန်မပြောလိုက်ပေ။ သူမ၏ စိတ်များ အတော်လေး လှုပ်ရှားနေသည်။

သူမသည် အပေါ်ထပ်သို့ အပြေးတက်ခဲ့ပြီး အိပ်ရာပေါ်တွင် လှဲအိပ်လိုက်သည်။

'ကိုကိုထွန်း ပြန်လာတော့မယ်။ ဘာလုပ်ရမလဲ၊ ဘယ်လိုပြောရင် ကောင်းမလဲ'

သူမသည် ကိုကိုထွန်းနှင့် ကိုလှဖေကို ချိန်ထိုးကြည့်နေမိသည်။

'ကိုလှဖေ ငါ့ကို တကယ်ချစ်ရှာတာ။ ဆီးဖြူဖန်ခါးသီးဆို ငုံထားမှာ။ သွားချင်တဲ့နေရာသွား၊ စားချင်တာဆို ချက်ချင်း။ ကိုကိုထွန်းဆို မသွားချင်တာနဲ့၊ မတည့်တာနဲ့၊ ဈေးများတာနဲ့ သူ့ဆန္ဒတွေပဲ ကိုယ်က လိုက်လျောနေရတာပဲ။ ကိုကိုထွန်း ငါ့ကို တကယ်မချစ်ပါဘူး။ အို. . . အစကတည်းက မချစ်ဘဲနဲ့ ညားခဲ့ကြတာပဲလေ'

ထိုမှ သူမ၏အတွေးများသည် သားနှစ်ယောက်ထံ ရောက်သွားပြန်သည်။

'သားတွေမှာ ဘာအပြစ်အနာအဆာမှ မရှိကြဘူး။ ငါ ကိုကိုထွန်းကို ထားရစ်လို့ဖြစ်ပေမဲ့ ဒီသားနှစ်ယောက်ကို ပစ်ထားခဲ့ဖို့ မကောင်းဘူး'

'အိမ်ထောင်ရှင်အမျိုးသမီးတစ်ယောက်ဟာ မိခင်ကောင်းတစ်ယောက်

လည်း ဖြစ်သင့်တယ်လို့ လူကြီးတွေရဲ့ အဆုံးအမ ရှိတယ်။ ငါ ဘာဆက်လုပ်ရမလဲ'

သီတာသည် ခေါင်းနောက်လာ၏။ ထိုစဉ် လှေကားမှ တဒုန်းဒုန်း ပြေးတက်လာသည့် ခြေသံများကို သီတာကြားရသည်။ သူမသည် လှဲအိပ်နေရာက ခုတင်ပေါ်တွင် ထထိုင်လိုက်သည်။ အောင်အောင်ထွန်းနှင့် ဇော်ဇော်ထွန်းသည် သူမ၏ ဘေးတစ်ဖက်တစ်ချက်တွင် တစ်ယောက်စီ ဝိုင်းထိုင်လိုက်ပြီး သူမအား ဖက်တွယ်ထားလိုက်ကြသည်။

'မေမေရေ. . . သားတို့ကြည့်တဲ့ ရုပ်ရှင်က အရမ်းရယ်ရတယ်။ ဖေဖေ့ကို အတင်းလိုက်ပြခိုင်းရတာ။ ဒီနေ့ နောက်ဆုံးနေ့မို့လို့ မေမေ ရုံးသွားနေလို့ ခေါ်မသွားတာ။ မေမေ စိတ်မဆိုးနဲ့နော်။ မေမေကြိုက်တဲ့ ဒံပေါက်လည်း ဝယ်ခဲ့တယ်။ အဝတ်အစားတွေလည်း တစ်ပုံကြီးပဲ။ မေမေ့အတွက် ဖေဖေဝယ်လာတာ။ မေမေ ထမင်းဆာနေပြီလား။ စားကြမယ်'

သူမသည် သားနှစ်ယောက်အား ခပ်တင်းတင်း ပြန်ဖက်ထားလိုက်သည်။ မကြာခင် ကိုကိုထွန်းလည်း အနားသို့ ရောက်လာသည်။

'သီတာ ဘာဖြစ်လို့လဲ။ ရုပ်ရှင်မလိုက်ရလို့ စိတ်ကောက်နေတာလား။ သားနှစ်ယောက် အတင်းပူဆာတာနဲ့ လိုက်ပို့ရတယ်ကွာ။ ပန်းချီဆေးပစ္စည်းတွေလည်း ဝယ်ရင်းပေါ့။ ကိုကိုထွန်းတို့ကို စိတ်မဆိုးနဲ့နော်။ သီတာ ရုံးအားတော့ သွားကြသေးတာပေါ့။ ခွေလည်း ထွက်လာမှာပါ'

'သီတာ စိတ်လည်း မဆိုးဘူး၊ စိတ်လည်း မကောက်ဘူး။ ခေါင်း နည်းနည်း မူးနေလို့ပါ'

'သီတာ အခုတစ်လော ကျန်းမာရေးသိပ်ကောင်းပုံ မပေါ်ဘူး။ အထူးကု တစ်ယောက်ယောက်နဲ့ ပြကြည့်ပါလားကွယ်။ ကိုကိုထွန်း ဖုန်းဆက်ပြီး ဒေါက်တာယဉ်ယဉ်ကို ခေါ်လိုက်မယ်နော်'

'နေပါစေ ကိုကိုထွန်း။ ဆရာဝန် ပြရလောက်အောင် သီတာ့အခြေအနေက မဆိုးပါဘူး။ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ'

'မေမေ သားနှိပ်ပေးရမလား ဟင်'

'သားရော ဘာလုပ်ပေးရမလဲ မေမေ'

သူမရင်ထဲတွင် မဖော်ပြနိုင်သော ခံစားချက်တစ်ရပ်ကို တသိမ့်သိမ့် ခံစားနေရသည်။ မိဘ၏မေတ္တာနှင့် သားသမီးတို့၏ မှန်ကန်သော တုံ့ပြန်မှုတို့သည် ချမ်းမြေ့ဖွယ်ပါ တကားဟု တွေးနေမိသည်။

'ဒီလိုဆို သီတာတည့်တည့်ထိုင်နော် ကိုကိုထွန်း နှိပ်ပေးမယ်'

ကိုကိုထွန်းသည် သီတာ့အား ဇက်ကြောနှင့် နားထင်ကြောများကို နှိပ်ပေးနေလေသည်။ သားနှစ်ယောက်က သူမအား မျက်နှာငယ်လေးဖြင့် ငေးကြည့်နေကြရှာသည်။ ရုပ်ရှင်အကြောင်းလည်း မပြောတော့။ စားစရာအကြောင်းများလည်း မပြောတော့ပေ။

'တော်ပါပြီ ကိုကိုထွန်းရယ်။ သားတို့ ထမင်းဆာရောပေ့ါ'

'သားတို့ မဆာသေးပါဘူး မေမေ'

သူမသည် သားနှစ်ယောက်၏ လက်တစ်ဖက်စီကို ဆုပ်ကိုင်ထားလိုက်သည်။ ချမ်းမြေ့ကြည်နူးမှုများက ရင်ဝယ်အပြည့်ဖြင့်. . .

'ကိုကိုထွန်း'

'ပြောလေသီတာ ဘာပြောမလို့လဲ'

'သီတာ ရုံးကထွက်တော့မယ်။ မနက်ဖြန်ကျရင် ကိုကိုထွန်း ထွက်စာသွားတင်ပေးပါနော်'

'ဘာဖြစ်လို့လဲ သီတာ။ ရုံးမှာ အဆင်မပြေဘူးလား။ ဒါမှမဟုတ်ရင် သွားရေးလာရေး အခက်အခဲရှိလို့လား'

ကိုကိုထွန်းသည် သူမဘေးနားတွင် ထိုင်လိုက်ပြီး မယုံသလို သူမ၏ မျက်နှာအား စေ့စေ့ကြည့်လိုက်သည်။

'အားလုံးအဆင်ပြေပါတယ်။ သီတာ မလုပ်ချင်တော့လို့ပါ'

'ဒီနေ့ပဲ အမေလာသွားတယ် သီတာရယ်။ သားတို့၊ သီတာတို့ သွားရလာရ အဆင်ပြေအောင် ကားတစ်စီး ဝယ်ပေးမလို့တဲ့'

'ဟုတ်တယ် မေမေရဲ့၊ သားတို့ သိပ်ဝမ်းသာတာဗျ'

'ဒီလိုဆို အတော်ပဲပေ့ါ။ သီတာ ရုံးကထွက်ပြီး ကားမောင်းရမယ်။ သားနှစ်ယောက်ကို ကျောင်းပို့ကျောင်းကြို လုပ်ပေးရမယ်။ ဘယ်လိုလဲ စာရင်းကိုင်ချုပ်ကြီးက ဒရိုင်ဘာ လုပ်နိုင်ပါ့မလား'

'သီတာ သားတွေအတွက်ဆို ဘာတွေပဲလုပ်ရလုပ်ရ လုပ်နိုင်ပါတယ်။ ပြီးတော့ သီတာလုပ်ချင်တာ တစ်ခုရှိသေးတယ်'

'ဘာများလဲ သီတာ။ ကျန်းမာရေး ဂရုစိုက်ပါဦး။ ဘာအလုပ်များ စိတ်ကူးထားပြန်ပြီလဲ။ ပြောပါဦး'

'သီတာ၊ ပန်းချီအရောင်းခန်းမ ဖွင့်ချင်တယ်'

'ဝမ်းသာလိုက်တာ သီတာရယ်။ ကိုကိုထွန်း မျှော်မှန်းကြိုးစားနေတာ

အဲဒါပဲ။ ပြည်တွင်းမှာသာမက နိုင်ငံခြားမှာတောင် မြန်မာပန်းချီ အရောင်းခန်းမ ဖွင့်ချင်တယ်။ ဝမ်းသာစရာ ထပ်ပြောဦးမယ်ဗျာ။ စင်ကာပူမှာပြမယ့် ကိုကိုထွန်းရဲ့ Live Show အတွက် မိသားစုပါ ခေါ်ခွင့်ပြုလိုက်ပြီ'

ကိုကိုထွန်းသည် သူမ၏ လက်ကောက်ဝတ်ကလေးကို ဝမ်းသာအားရ ဖျစ်ညှစ်ရင်း အားပါးတရ ပြောလိုက်သည်။

'သားတို့က မေမေနဲ့အတူတူ ပန်းချီကားတွေကို ဂရုစိုက်ပေးကြရမယ်နော်'

'ဟောဒီသားနှစ်ယောက်ကို မေမေကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့ကွယ်'

'ဒါမှ တို့မေမေကြီးကွ'

အောင်အောင်ထွန်းနှင့် ဇော်ဇော်ထွန်းသည် လက်ခုပ်ပြိုင်တူ တီးလိုက်ကြပြီးနောက် သူမအား ဖက်၍နမ်းလိုက်ကြသည်။

'သားတို့က မကောင်းဘူးကွ။ သားတို့မေမေကျတော့ နမ်းကြပြီး ဖေဖေ့ကိုတော့ မနမ်းကြတော့ဘူးလား။ သားတို့က မနမ်းတော့ သီတာက ကိုကိုထွန်းကို နမ်း'

'ကိုကိုထွန်းကို သီတာ နမ်းမှာပေါ့လို့'

သူမသည် ပြောပြောဆိုဆိုပင် သားနှစ်ယောက်ရှေ့တွင် ကိုကိုထွန်း၏ နဖူးပြင်အား နမ်းရှုံ့လိုက်ပါသည်။ သူမ၏ အနမ်းသည် ချစ်ဇနီးတစ်ယောက်၏ အနမ်းမျိုးသာမက မိခင်တစ်ယောက်၏ ကြင်နာမှုအနမ်းမျိုးလည်း ဖြစ်ပေသည်။

'ဒူ ဝေ ဝေ ဒူ'

ထိုစဉ် ဘုရားခန်းမှ ကြေးစည်သံက ပျံ့လွင့်လာသည်။ တစ်ဆက်တည်းတွင် ဒေါ်ဒေါ်တင်၏နှုတ်မှ မေတ္တာသုတ် ရွတ်ဆိုလိုက်သံက ချမ်းမြေ့ဖွယ် ပေါ်ထွက်လာပါတော့သည်။ သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့သည် အပြုံးကိုယ်စီနှင့် ငြိမ်သက်စွာ နားစွင့်နေကြသည်။


ဤမျှ ချမ်းမြေ့ဖွယ်ကောင်းသော ဤဂေဟာလေးနှင့် စစ်မှန်သော မေတ္တာတရားများ ယှက်နွယ်ဖွဲ့စည်းထားသော ဤမိသားစုထံမှ မည်သည့် အိမ်ထောင်ရှင်တစ်ဦးဦးသည် ဖဲ့ခွာထွက်သွားနိုင်စွမ်း ရှိပါဦးမည်လား။

❑

ငွေတာရီမဂ္ဂဇင်း(၁၉၈၁ ခုနှစ်၊ ဧပြီလ)

# ပိဇ

မောင်မောင်ထွန်းအောင်
(ကျန်းမာရေး)



'လူတစ်ယောက်ရဲ့ မွေးရာပါဗီဇကို အသိုက်အဝန်းနဲ့ အချိန်ကာလက ပြုပြင်ပြောင်းလဲလို့ရမယ်ဆို။ ခုတော့ ဘယ့်နှယ့်ရှိစ။ ခင်ဗျား အရှုံးပေးပြီလား။ ဟား. . . ဟား. . . ဟား. . . ခင်ဗျား ရှုံးသွားပါပြီဗျာ'

'ရတယ်. . .၊ ရတယ်. . . ရကို ရ ရမယ်၊ ကျုပ် ပြုပြင်မယ်။ ကျုပ် အရှုံးမပေးနိုင်ဘူး။ လူတစ်ယောက်ကိုတောင် ပြုပြင်နိုင်စွမ်းမရှိတဲ့လူ မဖြစ်ချင်ဘူး'

တစ်ဆို့နေသော လည်ချောင်းအစ်သံကို ဖယ်ရှားရင်း ခါးခါးသီးသီး ငြင်းနေမိသည်။

'မပေးဘူး. . . လုံးဝမပေးဘူး'ဟု အော်ဟစ်ပြောရင်း မြင့်မားသော ကမ်းပါးရဲ့ စောင်းနားတစ်ခုကနေ ဝုန်းခနဲ အောက်သို့ ပြုတ်ကျသွားသည်။ ရင်ထဲမှာ သိမ့်ခနဲ ခံစားလိုက်ရသည်။ အေးစိမ့်သော ဆောင်းညဖြစ်သော်လည်း ဇောချွေးများ တစ်ကိုယ်လုံး ရွှဲနစ်နေသည်။

ချိုင့်ကမ်းပါးက နက်ရှိုင်းလိုက်တာ. . .။

လေဟုန်စီးနေသော ခန္ဓာကိုယ်ကြီး မြေကြီးနှင့် ထိတွေ့ချိန် တစ်စစီ ပြုတ်ထွက်သွားမှာ သေချာသည်။ မြေကြီးနှင့် ထိတွေ့ရမှာ စိုးကြောက်နေရဲ့။ ကြောက်စိတ်ကလေး အတွေးထဲက မထွက်သွားမီ 'ဝုန်း'ခနဲဖြင့် မိုးကြိုးသံအလား မြည်ဟီးသွားသည်။

ကျုပ် ဇီဝိန်ကြွေပြီ ထင်ပါရဲ့. . .။

'အဖေကြီး. . . အဖေကြီး ပြုတ်ကျသွားပြီ။ အမေကြီး . . . အဖေကြီး ကို ထကြည့်ပါဦး။ အဖေကြီး ဘာဖြစ်သွားမှန်း မသိဘူး'

သမီးငယ်၏ အလန့်တကြား အော်သံနှင့်အတူ ကျောရိုးတစ်လျှောက် နာကျင်မှုတစ်ရပ်ကို စူးစူးနစ်နစ် ခံစားလိုက်ရသေးသည်။ စိုးထိတ်ကြောက်လန့်နေတဲ့စိတ်တွေ ပျောက်လွင့်မသွားသေး။ ကျုပ် ကတုန်ကယင် ဖြစ်နေသည်။ ခုတင်ခြေရင်းတွင် အကျအနအိပ်နေသော ကြောင်ကလေး နှာကျားက 'ညောင်' ခနဲ အော်ကာ ထွက်ပြေးသွားသည်။

အသိတရားတွေ စုစည်းမိချိန်မှာတော့ ကျုပ် အိပ်မက်မက်နေမှန်း သိလိုက်ရသည်။ တော်ပါသေးရဲ့။ နို့မဟုတ်ရင် ကျုပ်အဖြစ်က မတွေးဝံ့စရာဘဲ ကိုး။

'ကျွတ်. . . ကျွတ်. . . အဖေကြီး ဘာမှမဖြစ်ဘူး သမီးရယ်။ အဖေကြီး အိပ်မက်ဆိုးတွေမက်ပြီး ခုတင်ပေါ်က ပြုတ်ကျသွားတာပါ'

'ရှင့်နှယ်. . . ဖြစ်မှဖြစ်ရလေ. . . မကြီးမငယ်နဲ့'

ဗျစ်တောက်. . . ဗျစ်တောက်နှင့်ပြောရင်း ခြင်ထောင်ထဲက 'ညိုပြာ' တိုးထွက်လာသည်။ အိမ်မီးတွေ လိုက်ဖွင့်ပြီး ရေခဲသေတ္တာထဲက ရေတစ်ပုလင်း လာချပေးသည်။ ပုလင်းဖုံးကိုဖွင့်ပြီး မောမောနှင့် တဝကြီး မော့ချလိုက်တော့ ရင်ထဲမှာ အေးစိမ့်သွားသည်။ အပြင်မှာ ချွေးသီးချွေးပေါက်တွေ စို့နေဆဲ။

'အဖေကြီး. . . ဘုရားမရှိခိုးဘူး မဟုတ်လား။ ခုတစ်လော အဖေကြီး ပုတီးစိပ်တာလည်း မတွေ့ရဘူး။ အရက်တွေလည်း သောက်သောက်လာတယ်'

'အရက်မဟုတ်ပါဘူး သမီးရယ်. . . ဘီယာပါ'

'အဖေကြီးကိုပြောရင် ဆင်ခြေချည်းပဲ'

နာနေတဲ့ခါးကိုနှိပ်ရင်း ဆယ်နှစ်အရွယ် သမီးလေးကို စဖြစ်အောင် စလိုက်သေးသည်။ ညအချိန်မတော် ပြန်လာ၊ မောမောနှင့် အိပ်ရာထဲ တန်းဝင်၊ တစ်ခါတစ်ခါ ယစ်ရွှေရည်လေး၊ ဘာလေး သောက်သုံးမိတော့ ဘုရားနှင့် မျက်နှာချင်းမဆိုင်ဖြစ်တာ အတော်ကိုကြာသွားပြီ။

ကျုပ် ထရပ်လိုက်တော့ ကျောထဲက အောင့်နေသေးသည်။ ကျုပ်ဇနီး မညိုပြာက ဦးစိုင်းလိမ်းဆေး လာလိမ်းပေးပြီး အိပ်ရာထဲ ပြန်ဝင်သွားသည်။ ပူရှိန်းရှိန်းနှင့် နေရခက်သည်။

ကျုပ် ဧည့်ခန်းတွင် ငူငူကြီး ထိုင်နေမိသည်။ ကျုပ်မျက်လုံးများ ဘုရားစင်ပေါ် ရောက်သွားသည်။ ကြည်လင်ဝင်းပစွာပြုံးလျက် မျက်လွှာချထားသော ဘုရားရှင်၏ မျက်နှာတော်ကို ဖူးတွေ့လိုက်ရတော့မှ ကျုပ်ရင်ထဲ အေးမြသွားတော့သည်။

သည်ကောင် ထောင်ထဲမှာ ဘယ်လိုများ နေပါလိမ့်။

ခုတစ်လော မျိုးခိုင်နှင့်ပတ်သက်၍ အိပ်မက်ဆိုးတွေ မက်နေမိသည်။ ဗုဒ္ဓရုပ်ပွားတော်ကို စူးစိုက်ကြည့်နေမိသည်။ ခဏနေ မျက်လုံးမှိတ်ပြီး ဝင်လေထွက်လေကို အမှန်သိအောင် လိုက်မှတ်နေမိသည်။ သည်တစ်ညတော့ အတော်နှင့် ပြန်အိပ်၍ရမည် မထင်တော့ပေ။ စာဖတ်မှာလား၊ ဗီဒီယိုကြည့်ရကောင်းမလား။ ဝေခွဲမရ။

×××

ကျုပ် သူ့ကိုတွေ့တော့ လမ်းမပေါ်မှာ. . .။

အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနှင့် စားရမဲ့ သောက်ရမဲ့ဘဝ၊ အသားအရေက မည်းချိတ်ချိတ်၊ မျက်ကွင်းများ ချိုင့်ဝင်ကာ လူမမာရုပ် ပေါက်နေသည်။ သူ့ကိုကြည့်ရသည်မှာ ထမင်းနပ်မှန်အောင်ပင် စားခဲ့ရဟန်မတူ။ လင်းခနဲလက်သွားတဲ့ အကြည့်စာတစ်ခု သူ့မျက်လုံးမှာ တွေ့လိုက်ရသည်။ ကျုပ်ကိုတွေ့၍ ဝမ်းသာသွားဟန်တူရဲ့။

လွန်ခဲ့တဲ့ လေးငါးနှစ်က ကျုပ်နဲ့သူ ဆရာတပည့် ဖြစ်ခဲ့ဖူးသည်။ ကျုပ် စာပေတိုက်ထောင်တုန်းက ဖြစ်သည်။

'ကဲ. . . မင်း လက်ဖက်ရည်သောက်မလား။ သောက်မယ်ဆို လက်ဖက်ရည်ဆိုင်ထဲ ဝင်ရအောင်'

လူတစ်ဦးကိုတွေ့လျှင် ကျွေးချင်မွေးချင်သည်က ကျုပ်ဗီဇ။ လက်ဖက်ရည်ဆိုင်ထဲ ဝင်မယ်လုပ်တော့ သူက ကျုပ်လက်မောင်းကို မဝံ့မရဲနှင့် ဆွဲထားသည်။ ချာခနဲ လှည့်ကြည့်လိုက်တော့ ညိုးပြုံးပြုံးပြသည်။

'ဟို. . . ဟိုလေဆရာ။ ကျွန်တော် ထမင်းမစားရတာ၊ မစားဖြစ်တာ နှစ်ရက်တောင် ရှိသွားပြီဆရာ။ ဖြစ်. . . ဖြစ်နိုင်ရင် ထမင်းလေး တစ်နပ်လောက်သာ လိုက်ကျွေးပါဆရာ'

လေသံသဲ့သဲ့နှင့် တံတွေးကို မျိုချရင်း အားတင်းပြောလိုက်သော သူ့စကားကြောင့် ကျုပ်ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ ကျုပ်ငယ်ငယ် ဆယ်တန်းဖြေတုန်းက အိမ်က ငွေမပို့နိုင်တော့ ရေသောက်ဗိုက်မှောက်ပြီး ဖြေခဲ့ရတာ သွားသတိရတော့ ရင်ထဲ ကျင်သွားမိသည်။

ဆာလောင်တဲ့ အရသာကို ငတ်ဖူးမှ ပိုသိသည်။

'အို. . . ဖြစ်မှဖြစ်ရလေကွာ။ ကဲ. . . ကဲ. . . လာ ထမင်းဆိုင်ကို

သွားရအောင်'

ကျုပ် သူ့ကို ၂၉ လမ်းထဲက ခနေဖြူထမင်းဆိုင်ကို ခေါ်သွားသည်။ ကြက်သားဆီပြန် တစ်ပွဲနှင့် ထမင်းမှာပေးလိုက်သည်။ သူစားတော့ ထမင်းတစ်ပွဲက သုံးလေးလုပ်ဖြင့် ကုန်သွားသည်။ တစ်ပွဲပြီးတစ်ပွဲ ခေါင်းမဖော်တမ်း စားပစ်လိုက်သည်။

ဒီကောင်က ပြဿနာကောင်။ စီခနဲဆို မောင်ဘစီလို ကောင်မျိုး။ စာရိတ္တက သုညအောက်တွင် ရှိသည်။ လက်ကလည်း ယဉ်သလား မမေးနဲ့။ သူ ဒုက္ခရောက်လို့ ကျုပ် ကယ်ပေးခဲ့တာ နှစ်ကြိမ်တောင်ရှိခဲ့ပြီ။ နှစ်ကြိမ်လုံးလည်း အချုပ်ထဲမှာ။

'ကျွန်တော့်ကို ထမင်းလေး ညမနက်ကျွေးပြီး အိပ်စရာနေရာလေး တစ်နေရာလောက် ပေးပါလားဆရာ။ ဆရာခိုင်းတာ ကျွန်တော် အကုန်လုပ်ပေးပါ့မယ်။ ဆရာ့ကျေးဇူးတွေလည်း ကျွန်တော့်မှာ အများကြီးပါ။ တစ်ကြိမ်ကြိမ်တော့ ပေးဆပ်ခွင့်ကြုံပါရစေလို့ ဆရာ့ကို သတိရတိုင်း ဆုတောင်းမိပါတယ်'

သူ့အပြောကြောင့် ကျုပ် ပြုံးဖြစ်သွားသည်။

လူတစ်ဦးရဲ့ ပြုဖူးသည့် ကျေးဇူးတရားကို သိတတ်မှ ဘဝမှာ အသက်ရှင်ရတာ အဓိပ္ပာယ် ပိုရှိတော့မှာပေါ့။ ကျုပ် သူ့ကို အလုပ်တစ်နေရာ ရှာပေးဖို့ စဉ်းစားကြည့်သည်။ ကျေးဇူးဆိုတာ ပြုခဲ၊ သိခဲ၊ ဆပ်ခဲတဲ့ အရာပဲမဟုတ်လား။

ကျုပ်က ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းပါ တွဲလုပ်တော့ ခွေကူးခွေဖြန့်မှာတော့ လူလိုသား။ စာရိတ္တတစ်ခုကြောင့်သာ စဉ်းစားစရာဖြစ်နေသည်။ သည်ကောင်က အပြောအဆိုလည်း ညက်သည်။ ဖင်ကလည်း ပေါ့သလား မမေးနဲ့၊ ကွက်ကျော်လည်း မြင်ပါဘိ။ အရှက်နဲ့ သိက္ခာဆိုတာ ဘာလဲလို့ မေးရမည့် လူစားမျိုး။ သူ့ကို ရာနှုန်းပြည့် ယုံလို့ကတော့ ခံရပြီသာမှတ်။

သည်ကောင့်ကိစ္စ လုပ်ဖော်ကိုင်ဖက်များနှင့် တိုင်ပင်ကြည့်မှ ဖြစ်မည်။ ကျုပ်ကြောင့် လူ့ဘဝတစ်ခု ဖြောင့်မတ်သွားစေချင်သည်။ လူ့ဘဝဆိုတာ ရခဲတဲ့ အရာ မဟုတ်လား။

'ကဲ. . . ရော့ ဒါက မင်းသုံးဖို့ငွေ။ မနက်ဖြန် ဟောဒီကတ်ပြားထဲက လိပ်စာအတိုင်း ငါ့ဆီကိုလာခဲ့ ကြားလား။ တစ်ခုတော့ ရှိတယ်။ လူသာလာခဲ့ ပြဿနာ ခေါ်မလာခဲ့နဲ့နော်'

ကျုပ် သူ့ကို ငါးထောင်တန်တစ်ရွက် အိတ်ထဲထည့်ပေးလိုက်ပြီး နှုတ်ဆက်လမ်းခွဲလိုက်သည်။ ဘားလမ်းထဲက စုဝေးသောက်နေကျ လက်ဖက်

ရည်ဆိုင်လည်းရောက်ရော လုပ်ဖော်ကိုင်ဖက်တွေကို တိုင်ပင်ကြည့်မိသည်။ အားလုံးက သူ့နာမည်ကြားရုံနှင့် နှာခေါင်းရှုံ့သွားကြသည်။ ဆယ်ယောက်မှာ တစ်ယောက်ပဲ သူ့ဘက်ကပါသည်။

အဆိုးဆုံးက ကိုကျော်ထူး. . .။

သူက ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။

'ဒီမှာ ကိုဝင်းအောင်။ ခင်ဗျားလို အေးအေးလူလူ နေတတ်တဲ့လူနဲ့ ဒီကောင်မျိုး မဖြစ်ပါဘူး။ စရိုက်လက္ခဏာချင်းလည်း မတူဘူး။ ဒီကောင်က ဖြိုဟ်ကောင်ဗျာ။ ဗီဒီယိုလောက၊ စာပေလောက ဆိုတာကလည်း ခပ်ကျဉ်းကျဉ်း ရယ်။ ဒီကောင်နဲ့ပတ်သက်ရင် ဘယ်သူကမှ အလုပ်လည်း ပေးမှာမဟုတ်ဘူး။ ခင်ဗျားမို့ စဉ်းစားရဲတယ်။ နောက်ကြောင်းကို သိသားနဲ့ဗျာ. . .'

'ခင်ဗျားပြောတာ မှန်တယ်။ ဒါပေမဲ့ ဒီကောင်က ခိုးရင်ခိုးတယ်။ လုရင် လုတယ်လို့ ဝန်ခံရဲတယ်။ ဒါဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည် အချင်းလို့ ကျုပ် သတ်မှတ်တယ်'

'မလိမ်တတ်ပေမယ့် ခိုးတတ်တယ်နော်။ ခင်ဗျားတိုက်တစ်တိုက်လုံး မကျန်အောင် ရောင်းသွားဦးမယ်။ စဉ်းစားပါဗျာ။ ဒီကောင်က ခွေးမြီးကောက် ဘအေးလို လူစားမျိုးနော်၊ ကောင်းရင်လည်း ခဏပဲ။ ထမင်းကျွေးတဲ့လက်ကို ပြန်ပြန်ကိုက်တတ်တာ သူ့အကျင့်။ ကျုပ်က ခင်ဗျားအတွက် စိုးရိမ်လို့ ပြောနေ တာ'

'ကျုပ် ပြုပြင်ကြည့်ချင်တယ်။ လူတစ်ယောက်ဟာ သက်ဆုံးတိုင် မဆိုး နိုင်ဘူး။ အချိန်နည်းနည်းပေးပြီး အသိုက်အဝန်းနဲ့ ပြုပြင်လိုက်ကြရင် လူကောင်း တစ်ယောက် ရာနှုန်းပြည့် ဖြစ်မလာတောင် လူဆိုးစာရင်းဝင် ဘဝကနေ လွတ်သွားမယ်လို့ ကျုပ် ထင်နေလို့ပါ။ ရှင်းရှင်းပြောရရင် ပုံပြင်ထဲက ကျေးညီ နောင်လိုပေါ့ဗျာ'

ကျုပ်အပြောကြောင့် သူငယ်ချင်းတွေက ဝိုင်းဟားကြသည်။

'ကဲ. . . ဒီလိုလုပ်။ ခင်ဗျားကို ခြောက်လအချိန်ပေးမယ်။ အဲဒီအချိန် လေး အတွင်းမှာ သူ့ရဲ့ မွေးရာပါ ဗီဇလေးကို ပြုပြင်နိုင်အောင်ကြိုးစား။ ခင်ဗျား ပြုပြင်လို့မရရင် ဒီကောင့်ကို အလုပ်ကထုတ်။ ပြီးတော့ ရှုံးနိမ့်တဲ့ အထိမ်းအမှတ် အနေနဲ့ ဟိုတယ်တစ်ခုခုမှာ ကျုပ်တို့ကို တစ်ဝိုင်းကျွေး။ တကယ်လို့ ခင်ဗျားက ခြောက်လအတွင်း ပြုပြင်နိုင်ရင် အဟဲ. . . ကျုပ် ပြုစုမယ်။ ဘယ့်နှယ်လဲ'

ကိုကျော်ထူးအမေးကို ကျွန်ုပ် ဆိုင်းမဆင့် ဗုံမဆင့် ခေါင်းညိတ်လိုက်မိ သည်။ ကျွန်ုပ် သူ့ကို စာရိတ္တရော၊ အနေအထိုင်ပါ ပြုပြင်ကြည့်ချင် သည်။ ဖြစ်နိုင်ရင် ဘာသာတရား၏ အဆုံး အမဖြင့် သူ့ဘဝ အရောင်ပြောင်းသွားစေ ချင်သည်။ သူ မကြာခင် လူ့ဝန်းကျင်က လက်ခံနိုင်တဲ့ လူတစ်ယောက် ဖြစ်သွား မှာပါ။

■
ကျွန်တော့်အတွက်
အရွယ်ဆိုတာ
အဆန်းမဟုတ်တော့ပါဘူး။
ကျွန်တော့်အတွက်
အချိန်နည်းနည်းလေးက
မပေါ်နိုင်ခဲ့သေးပေ
■

ကျွန်ုပ်ကို ခုနေချိန်ခါ အောင်မြင် သည့် အဆင့်အတန်းရှိတဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အဖြစ် မြင်နေကြတာကိုး။ ကျွန်ုပ်ဆိုတဲ့ လူကလည်း ငယ်ငယ်က သူများအိမ်မှာ မြက်ပေါက်၊ ကြမ်းတိုက်၊ မာလီဘဝတောင် လုပ်ခဲ့ရဖူးသည်။

ဟိုတုန်းကတော့ ကျွန်ုပ်လည်း လမ်းပေါ်က လူတစ်ယောက်ပါပဲ။ နူးညံ့ သိမ်မွေ့ပြီး ဘာသာတရားကို ယုံကြည်မြတ်နိုးသည့် အသိုက်အဝန်းထဲ ရောက် သွားလို့သာ ကျွန်ုပ် လူကောင်းတစ်ယောက် ဖြစ်လာခဲ့တာ။ ခုဆို ကျွန်ုပ်လက်ထဲမှာ လုပ်ငန်းသုံးလေးခုနှင့် ငွေတွေအများကြီး လက်ဝယ်ပိုင်ဆိုင်နေပြီပဲ။ ကျွန်ုပ်က တောသား။ ရန်ကုန်မှာ ဆွေမရှိ မျိုးမရှိနဲ့ ဒုက္ခရောက်လိုက်တာ။ ထမင်းနပ် မှန်အောင် စားခွင့်ရဖို့ အရမ်းလှုပ်ရှားခဲ့ရတာ။ ခုလည်း လူ့သဘာဝ လိုအပ်ချက် တစ်ခုကို ဖြည့်ဆည်းမှု သက်သက်ပါ။

xxx

နောက်တစ်နေ့ သူ ကျွန်ုပ်ဆီ ရောက်လာခဲ့သည်။ ကျွန်ုပ်လုပ်ငန်းမှာ အစတော့ တောက်တိုမယ်ရပေါ့။ တစ်လလည်း ပြည့်ရော မန်နေဂျာရာထူး တိုးပေးလိုက်သည်။ သည်လုပ်ငန်းမှာ သူဟာ ကျွန်ုပ်ပြီးရင် စီမံခန့်ခွဲနိုင်သူပါ။

မျိုးခိုင် မန်နေဂျာ၊ မန်နေဂျာ မျိုးခိုင်။ တစ်ချို့ ထုတ်လုပ်သူတွေက ဇာတ်ကားတစ်ချို့မှာ ရှုတင်မန်နေဂျာတောင် တာဝန်ပေးကြသေးသည်။ ကျွန်ုပ် ကိုယ်တိုင် ထုတ်လုပ်သည့် ဇာတ်ကားအချို့မှာကျတော့ သူက စီစဉ်သူ။ ဘာမဆို မျက်နှာလွှဲလောက်အောင်ကို ကွက်တိလုပ်နိုင်သူ။

မင်းသား၊ မင်းသမီးတွေဆို မျိုးခိုင်မှ မျိုးခိုင်။ အပြောကလည်း ချို၊

လုပ်တာကိုင်တာကလည်း ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ဆိုတော့ အရှင်မွေးတော့ နေ့ချင်းညချင်း ဆိုသလိုပါပဲ။ ဗီဒီယိုကား သုံးလေးကားမှာတောင် သရုပ်ဆောင် ဝင်လုပ်လိုက်သေးသည်။ အိုက်တင်ကလည်း မဆိုးလှ။ အသတ်အပုတ်ကလည်း ကျွမ်းကျင်တော့ ဇာတ်ကြမ်းဆို သူ့ကို ခေါ်ရိုက်ကြသည်။ ဒီအတွက် ကျုပ် ဂုဏ်ယူဖြစ်သည်။

ဗီဒီယိုလောကမှာ နာမည်လေးတစ်လုံးနှင့် သူဟာ လူရိုသေ၊ ရှင်ရိုသေဖြစ်လာခဲ့သည်။ စိန်နားကပ်ရောင်နှင့် ပါးပြောင်တာပဲလို့ တစ်ချို့က မဲ့ကြသည်။ သည်စကား ကျုပ် သိပ်လက်မခံချင်။ နဂိုရှိလို့ နဂိုင်းထွက်တာပဲလို့ တထစ်ချ ကျုပ် ယုံကြည်နေမိသည်။

တစ်လောက သူ ရဟန်းခံချင်တယ်ဆိုလို့ ကျုပ် ရဟန်းဒကာတောင် လုပ်ရသေးသည်။ ဗီဒီယိုကားတစ်ကား ရိုက်ကူးပြီးစီးလို့ ဖြန့်တော့မယ်ဆိုရင် လုပ်ငန်းက အများသား။ ဆင်ဆာကိစ္စ၊ ကာဗာနှင့် ပိုစတာတွေကိစ္စ၊ ပန်းချီဆရာ၊ ဒီဇိုင်းဆရာ၊ ပုံနှိပ်စက်က ပုဂ္ဂိုလ်တွေနှင့် အတွဲညီညီ လုပ်တတ်ကိုင်တတ်ရသည်။ ဒီအပိုင်းက မျိုးခိုင်တာဝန်။ ဇာတ်လမ်းရွေးချယ်တာ၊ မင်းသား မင်းသမီးနဲ့ ဒါရိုက်တာ ရွေးချယ်တာက ကျုပ်တာဝန်။

တစ်တိုင်းပြည်လုံး သိအောင်လည်း ကြော်ငြာရသေးသည်။ မျိုးခိုင်ရှိတော့ ကျုပ်အတွက် အချိန်ပိုထွက်လာသည်။ ဘုရားတက်၊ ကျောင်းသွား ပိုပြီးလုပ်လာနိုင်သည်။ ကျုပ် ရွှေတိဂုံဘုရားတက်တိုင်း သူ လိုက်လာမြဲ။ ကျုပ်နှင့်အတူ ပုတီးစိပ်၊ တရားထိုင်သည့် အလုပ်တောင် သူ လိုက်လုပ်လာသည်။ ကျုပ် ဝမ်းသာပီတိ ဖြစ်လိုက်ရတာ။ သည်လိုနှင့် ငါးလတောင် ကျော်လာပါပကော။

ကျုပ် တပည့်တွေထဲမှာတော့ သည်ကောင်က အတော်ဆုံးနှင့် အသွက်ဆုံး၊ စည်းကမ်းလည်း အရှိဆုံး. . .။

xxx

'ကဲ. . ဦးဝင်းအောင်၊ ခင်ဗျားဆိုင် ဖောက်ထွင်းခံရတာနဲ့ ပတ်သက်လို့ တရားခံလည်း မိထားပြီဆိုတော့။ သူ ခိုးရောင်းထားတဲ့ ပစ္စည်းတွေ လိုက်သိမ်းပြီးရင် အမှုမှန် ပေါ်ပေါက်ပါပြီ။ အမှုကို စစ်ဆေးစဉ်ကာလမှာတော့ ပစ္စည်းတွေအားလုံးကို သက်သေခံပစ္စည်း အဖြစ်နဲ့ စခန်းမှာပဲ သိမ်းထားရဦးမယ်'

'ဟုတ်. . . ဟုတ်ကဲ့။ ဥပဒေအတိုင်းပါပဲ။ ဖြစ်နိုင်ရင် ဒီအမှုကို ပိတ်လိုက်ချင်တယ်'

'မရတော့ဘူး။ ဒါက စာရိတ္တနဲ့ဆိုင်တယ်။ ယုံကြည်စွာ အပ်နှံထားတာ

ကို ဖောက်ဖျက်တဲ့ပုဒ်မ။ ခင်ဗျားက အမှုပိတ်နိုင်ပေမဲ့ နိုင်ငံတော်က တရားလို အဖြစ်နဲ့ ဆက်အရေးယူ သွားမှာပါပဲ'

သူခိုးမှန်း အစကသိခဲ့ရင် ရဲတိုင်ဖြစ်မည်မဟုတ်။ သူ့ကို ဆိုဆုံးမပြီး ခွင့်လွှတ်တန် ခွင့်လွှတ်လိမ့်မည်။ ကျုပ် အ,သကိုးဗျာ။ တက်တက်ကြွကြွနဲ့ ရဲတိုင် မယ့်ကိစ္စ ဆောင်ရွက်၊ လုပ်ငန်းတစ်ခုလုံးကလူတွေ တစ်ယောက်ပြီး တစ်ယောက် လည်းစစ်ရော မန်နေဂျာမျိုးခိုင်လည်း အချုပ်ထဲ တန်းရောက်သွားတော့သည်။

အမှုစစ်အရာရှိက ကျုပ်ကို နှုတ်ဆက်ကာ ထွက်သွား၏။ သူ ဖောက် ထွင်းသွားသည့် တိတ်ခွေများက သိန်း ၅၀၊ အလွဲသုံးစားထားတာက သိန်း၄၀ ခန့်ရှိသည်။ သည်ကောင် ဘယ်လိုဖြစ်သွားပါလိမ့်။ မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် အချုပ်ခန်းထဲအထိ သူ့ကို ဝင်မေးဖြစ်သေးသည်။

သူ တကယ်ယူမိတာပါတဲ့၊ တကယ်သုံးမိတာပါတဲ့။ သူ့အပြစ်ကို သူ ခံပါရစေတဲ့။ ကျေးဇူးတရားအပေါ်မှာ အခွင့်ကောင်းယူမိတဲ့ သူ့အပေါ် ဘယ် တော့မှ ခွင့်မလွှတ်ဖို့လည်း မှာတမ်းခြွေသေးသည်။ မိန်းမဖျက်လို့ ထပ်တစ်ခါ ပျက်ခဲ့ပြန်ပြီတဲ့လေ။

မျှော်လင့်ထားသမျှ လူတစ်ယောက်အပေါ် ကျုပ် စိတ်ကူးယဉ်ခဲ့သမျှ အားလုံး ပျောက်ကွယ်သွားသည်။ သူတို့အားလုံးက လူကောင်းတစ်ယောက်လို လက်ခံနေဆဲမှာပဲ ဖောက်ပြန်သွားလိုက်တာ။ ငွေကြေး ဆုံးရှုံးသွားတာထက် အပြန်လမ်းကို တစ်ကျော့ပြန်သွားသည့် လူတစ်ယောက်အတွက်ကဖြင့် ကျုပ် စိတ်မကောင်း ဖြစ်နေမိသည်။


'ကဲ. . . ကဲ သူငယ်ချင်း။ ပြီးတာတွေလည်း ပြီးသွားပြီ။ ကတိအတိုင်း ငွေလေးဘာလေးသာ လုံလုံလောက်လောက် ထည့်လာခဲ့နော်။ ဟူး. . . တော်ပါ သေးရဲ့ ဒီလ ၃၀ ရက်မှာ လကုန်ရင် ကျုပ်အရှုံးပဲ။ ၃၁ ရက်နေ့မှ လကုန်ရက် ဖြစ်သွားလို့ မောင်မင်းကြီးသားကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ'

ကိုကျော်ထူး၏ ရိတိတိငေါ့တော့တော့ စကားများကြောင့် ကျုပ်မျက်နှာ တစ်ပြင်လုံး ရှက်စိတ်ဖြင့် နီမြန်းနေလိမ့်မည်။ ကျုပ်ပစ္စည်းတွေ ဆုံးရှုံးသွားတာ ထက် လူတစ်ယောက်ကိုတောင် ပြုပြင်နိုင်စွမ်းမရှိတဲ့ ကျုပ်ကိုကျုပ် မကျေမနပ် ဖြစ်နေမိသည်ကတော့ဖြင့် ကေန်အမှန်။ ခြောက်လပြည့်ဖို့ တစ်ရက်ကလေး အလိုမှာ အရှုံးအနိုင် အဖြေမှန်ထွက်သွားသည်။

တကယ်ဆိုတော့လည်း မွေးရာပါဗီဇဆိုသည်မှာ. . . ။

Potential မဂ္ဂဇင်း၊ ၂၀၁၂ ခုနှစ်





# လွမ်းရပြီမိုးရယ်

(၁)

စိန်ပန်းနီ ရွက်ဖတ်လေးတွေ တစ္စင့်စီ ကြွေသက်နေကြသည်။ မိုးက တဖြိုင်ဖြိုင်နဲ့ ရွာသွန်းမစဲ၊ သည်နေရာတစ်ဝိုက် အပျော်ရက်တို့ ပျောက်ကွယ်ရသည်မှာ ကြာခဲ့ပြီ။

အရယ်အပြုံး၊ အပြေးအလွှား၊ အတက်အဆုတ်နဲ့ တဖျတ်ဖျတ် ရိုက်ခတ်ကာ အနိုင်မခံ အရှုံးမပေး ကစားခဲ့ကြသည့် နေရာလေးတွေပေါ် မြက်နုရိုင်းတွေ နေရာယူ မင်းမူနေပြီကော. . .

လေပြည်က မညှာမတာ၊ ဝရုန်းသုန်းကားနဲ့. . .

သစ်ပင်တစ်ချို့ ယိုင်နွဲ့နေသည်။ ဟောင်းနွမ်းရိတွန့်နေသော ပိုက်ကွန်ကို တစ်စစီ ဖဲ့ယူသွားကြသေးသည်။ ပိုက်စကလေးတွေ လွင့်ပါသွားသည်ကို ကြည့်ရင်း နှလုံးသားကို ဆုပ်နယ်လိုက်သလို တနင့်မြမြ ခံစားဖြစ်သည်။

အာတွင်းခြောက်ပြီး တံတွေးများ လည်ချောင်းထဲ တစ်နေ၏။

အေးစိမ့်သော မိုးရေစက်တို့ မျက်နှာကို ရိုက်ခတ်ပြေးဆွ သွားကြသည်။ ကျီစယ်သလို၊ မြူသလိုနှင့်။ တင်းချုပ်ထားသမျှ စိတ်တို့က ပျော့ပျော့ခွေခွေ . . . ။ ပြတင်းတံခါးကို ပိတ်လိုက်မိသည်။ တံခါးဘောင်တွင် ကျောမှီကာ ဆွယ်တာအကျီဇစ်ကို လည်ပင်းအထိ ဆွဲတင်ဖြစ်သည်။ မွန်းကျပ်နေသော ရင်ထဲက သောကငွေ့များကို မှုတ်ထုတ်လိုက်ချိန်. . . မျက်လုံးများက နံရံပေါ် ချိတ်ထားသော ‘မိုး’ဓာတ်ပုံကလေးပေါ် အကြည့်ရောက်သွားသည်။

‘ဟင်း’ခနဲ အသံမြည်အောင် ဟင်းချမိ၏။

ပူနွေးသော မျက်ရည်စတို့ ပါးပြင်သို့ အလုအယက် ပြေးဆင်းလာကြပြီး အသက်ရှူသံပင် နားထဲကြားနေရ၏။ လက်ဝါးအစုံကို မျက်နှာပေါ် အုပ်ဆိုင်းထားမိ၏။ ‘ဖေဖေ’ဟုခေါ်ကာ သမီးလေးက ပုဆိုးစွန်းကို ဆွဲလှုပ်သည်။ ဝိုင်းသောမျက်လုံးဖြင့် အကြည့်ချင်းဆုံသည်။ စိတ်ယောက်ယက် ခတ်သွား၏။ နှလုံးသားထဲတွင် ပဲ့တင်ရိုက်ခတ်သံတစ်ခု မြည်ဟီးဖြစ်ပေါ်သွားသည်။

သမီးလေးကို ကောက်ချီပြီး ရင်ခွင်ထဲ ထွေးပွေ့ပြီးမှ လွမ်းရပြီ မိုးရယ်. . . တဲ့။ စကားတစ်ခွန်း နှုတ်ကထွက်သွားခဲ့သည်။

(၂)

‘မောင်ရယ်၊ မိုးရင်ထဲက မောလိုက်တာကွယ်’

မျက်နှာကို ပဝါဖြင့်သုတ်ပြီး ပြောသည်။ ‘မိုး’ကို ကြည့်ရသည်မှာ ခါတိုင်းနှင့်မတူ။ မျက်ခွံများ ဖူးအစ်နေသည်။ ကစားကွက် မသွက်သလို အဆုတ်အတက်၊ အရိုက်အပုတ်တွေလည်း တစ်ချိန်လုံး လေးလံထိုင်းမှိုင်းနေခဲ့သည်။ ချွေးသီးကလေးများဥကာ အသက်ကို မောဟိုက်စွာ ရှူထုတ်ရှူသွင်း

လုပ်နေသော မိုးကို ငေးကြည့်ပြီး သနားနေမိသည်။ နောက်တစ်ပွဲ ကစားဦး မလားလို့ မေးတော့ 'ဟင့်အင်း'လို့ပြောပြီး မိုးကရယ်နေသည်။

မိုးတို့အိမ်က အင်းလျားလမ်းတွင် ရှိသည်။ ခြံဝင်းက ကျယ်သလောက် ဆောက်ထားသော အိမ်ကလည်း နန်းဆန်သည်။ အိမ်တွင် မိုးရယ်၊ မောင်ရယ်၊ သမီးလေးနှင့် မိုးဖေဖေ ဒေါက်တာအောင်ကောင်းတို့ပဲ ရှိသည်။ အခြွေအရံ တွေကတော့ များသည်။ ရေကူးကန် သီးသန့်ရှိသလို ကြက်တောင်ရိုက် အားကစားကွင်း တစ်ကွင်းလည်းရှိသည်။

မိုးတို့မိသားစုက ကြက်တောင်ရိုက် ဝါသနာအိုးတွေ။

'ဒီအတိုင်းဆိုရင် မိုးရှေ့လျှောက်ကစားလို့ ဖြစ်ပါ့ဦးမလား မသိဘူး နော် မောင်'ဟုပြောပြီး ပိုက်ကလေးဖြင့် သံပရာရည်ကို ငုံ့စုပ်နေသည်။ သမီး လေး မွေးပြီးကတည်းက မိုးတစ်ယောက် အဖျားအနာထူသည်။ သမီးလေးက ကံကောင်းခြင်းလက်ဆောင်မှ ဟုတ်ရဲ့လား။ သမီးလေး ကိုယ်ဝန်ဆောင်ကတည်း က စောင့်ရှောက်ပေးရသည့် ဆရာဝန်တွေက တစ်သီတစ်တန်း။ သမီးလေးက မိုးနှင့်တူသည်။ သမီးအတွက် မောင်လေးတစ်ယောက် လက်ဆောင်ပေးဦးမယ် တဲ့။

'ဖြစ်ရမှာပေါ့။ မိုးက ချန်ပီယံဟောင်းပဲဥစ္စာ။ အခိုက်အတန့် နေမကောင်းတာများ စိုးရိမ်နေသေးတယ်။ ရာသီအပြောင်းအလဲဆိုတာ ဒီလိုပဲ ဖြစ်တတ်တာပဲ'

'အင်း. . . မိုး တကယ်ပဲ စိုးရိမ်နေတယ် မောင်ရယ်။ မိုးကိုယ်မိုးလည်း အားမရဘူး။ စိတ်တွေလည်း စုစည်းလို့မရဘူး။ Medical Check-up ထပ်လုပ် ကြည့်ရင် ကောင်းမလား မသိဘူး'

'ကောင်းတာပေါ့။ အဖေ့ကိုပြောပြီး စင်ကာပူဖြစ်ဖြစ်၊ ယိုးဒယားဖြစ်ဖြစ် ဆေးရုံတစ်ခုခုကို ဆက်သွယ်ပြီး အစစ်ဆေးခံဖို့ သွားရင်ကော'

'ဖေဖေ ဒေါက်တာမှာပေါ့။ ဖေဖေပိုင်ဆေးရုံကလည်း မြန်မာပြည်မှာ ဝန်ဆောင်မှု အကောင်းဆုံးပဲလေ'

'ဒါကတော့ မိုးသဘောပဲလေ'

မိုး ပြုံးယောင်သမ်းသည်။ မိုးလက်ကလေးအစုံကို တယုတယ ဆုပ်နယ်ထားလိုက်၏။ ခေါင်းကလေးမော့ကာ မိုးကကြည့်သည်။ မိုး၏ ရွှန်းလဲ့ သော မျက်လုံးအစုံတွင် အပျော်ရောင် ပန်းချီကားတစ်ချပ်ကို လှမ်းတွေ့ရ၏။ ဒေါ်ထားနှင့်အတူ သမီးလေး ရောက်လာသည်။

'မေမေ'ဟုခေါ်ကာ မိုးရင်ခွင်ထဲ ပြေးဝင်သည်။ တခိခိနှင့် ရယ်ပြ၏။ မိုးက သမီးရဲ့ ပါးဖောင်းဖောင်းလေးကို ကြူကြူမွှေးသည်။ လှပသည့် မြင်ကွင်းလေးရယ်ပါ။

(၃)

'မောင့်အတွက် မိုး သိပ်ဝမ်းသာတာပဲ မောင်ရယ်။ မိုးသာ နေကောင်းနေရင် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲမှာ မောင် ဗိုလ်စွဲရုံမကဘဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲမှာလည်း မိုးနဲ့မောင်ပဲ ဗိုလ်စွဲမှာ သေချာတယ်။ ခုတော့ ဟောဒီမိုးကြောင့်. . .'

မိုးက ပြောရင်းနဲ့ ငိုမဲ့မဲ့လေး ဖြစ်နေပြန်သည်။

ခုတစ်လော မိုး မျက်ရည်လွယ်သည်။ ထိတ်ခနဲဆို ဝမ်းနည်းဝမ်းသာ စိတ်က အထိန်းအကွပ် လွတ်နေသည်ကို သတိပြုမိသည်။ စိတ်ဖိစီးမှု များနေတာလား၊ စိုးရိမ်စိတ် လွန်ကဲနေတာလား သေချာသိဖို့တော့ လိုအပ်ပြီ။

မိုးက မြန်မာစာကထိက၊ ဒေါက်တာဘွဲ့ယူရန် ကြိုးစားနေသူဖြစ်သည်။ စာရေးတော်သည်။ မိုး ဝတ္ထုများ စူပါတန်းဝင်သည်။ ညအိပ်ပျက်လွန်းလို့ ပင်ပန်းလွန်းလို့ စာတွေဖတ်လွန်းလို့ အားနည်းနေပုံရသည်။ စာရေးဆရာတစ်ဦး၏ စိတ်ကို သိဖို့ခက်သည်။ ကျန်းမာရေးက နေ့တစ်မျိုး၊ ညတစ်မျိုး။ ဆရာဝန်နှင့် ပြသရသည်ကလည်း စိပ်လာသည်။

မိုးသဏ္ဌာန်က တက္ကသိုလ်ပေါင်းစုံ ကြက်တောင်ရိုက် ချန်ပီယံဟောင်း တစ်ဦးပါလို့ ပြောလျှင်ပင် ယုံဖွယ်ရာမရှိတော့။ မိုးတစ်ကိုယ်လုံးသည် ထွားကျိုင်းမှု ကင်းမဲ့နေပြီ။ ဖြူအိဝင်းသော မိုးအသားအရေမှာ ဆင်စွယ် လက်မောင်းလေး တစ်သွယ် ပြည့်ပြည့်ဖြိုးဖြိုးနှင့် ချစ်စရာ ပါးချိုင့်ခွက်ကလေး၊ တောက်ပတဲ့ မျက်လုံးအစုံ၊ တင်းတင်းရစ်ရစ် ကြော့ရှင်းဟန်ပို အလှဟူသမျှ. . . မိုးကိုယ်ပေါ်မှ ဘယ်သူခိုးသွားပါလိမ့်. . .။

မစဉ်းစားတတ်တော့။ မစဉ်းစားရဲတော့။ အလုပ်လည်း မသွားနိုင်။ စာတမ်းလည်း မပြုစုနိုင်၊ စာလည်း မရေးနိုင်ဘဲ အိပ်ရာပေါ် လှဲနေရသည်က များလာသည်။ သည်အတိုင်းဆို ဒေါက်တာဘွဲ့ကို စွန့်ရတော့မည် ထင်သည်။

အမှတ်တမဲ့က အမှတ်တရ မဖြစ်သွားစေချင်။

'ဝမ်းနည်းမနေနဲ့ မိုးရယ်။ မောင့်အတွက် မိုး ဝမ်းသာတယ်ဆိုကွာ။ မိုးနေကောင်းလာရင် ပြန်ကစားနိုင်မှာပါ။ မိုးကိုယ်မိုး အပျိုမလေး ထင်နေလို့လား။ သမီးလေးလည်း ရှိတယ်လေ။ ဟောဒီမောင်လည်း ဘေးမှာရှိနေတယ်လေ'

'အင်း၊ ဒါတော့ ဒါပေါ့။ ဒါပေမဲ့ အငြိမ့်မင်းသမီးတွေဆို ဆိုင်းသံကြားရင် မနေနိုင်ဘူးလေ။ တစ်ပွဲတစ်လမ်းတော့ အကဲစမ်းချင်တာပေါ့။ ခုန်ပေါက် ပြေးလွှားကစားရတဲ့ဘဝကို ဘယ်တော့များ ပြန်ရနိုင်ပါ့မလဲ'

■

မိသားစုနှစ်စုလုံး
သောကများစွာနှင့်။
မိုး သတိမေ့နေတာလား
အိပ်ပျော်နေတာလား
ဝေခွဲမရ။

■

မျက်လုံးလေးတွေအပေါ် အငိုရိပ်တွေ သမ်းသယောင် ထင်ရပေမယ့် နှုတ်ခမ်းလေးတွေက ပြုံးနေသည်။ မိုးက လူချစ်လူခင်ပေါသူ ဖြစ်သည်။

'မိုးကို ဝမ်းသာစရာ ပြောစရာရှိတယ်'

'ဘာများလဲ မောင်ရယ်'

'မောင် MRCP ဝင်ခွင့်အောင်တယ်'

'အို. . . ဟုတ်လား။ ဝမ်းသာလိုက်တာ မောင်ရယ်။ မောင်က အရမ်းတော်တာပဲ။ ဒါမှ မိုးရဲ့မောင်ကွာ။ ဒါဆို အင်္ဂလန်ကို ဘယ်တော့သွားရမှာလဲ'

'သုံးလလောက် အချိန်ယူရဦးမှာပါ။ ဒီကြားထဲ ပြင်ဆင်စရာတွေ ပြင်ဆင်ရဦးမှာပေါ့။ မိုးဖေဖေကတောင် ပြောသေးတယ်။ မိုးနဲ့ သမီးလေးကို ခေါ်ချင်ခေါ်သွားတဲ့'

'အို. . . ဖေဖေ့ကို တစ်ယောက်တည်း မထားခဲ့နိုင်ပါဘူး။ ပြီးတော့ အလုပ်ကလည်း မထွက်ချင်သေးဘူး။ ဒေါက်တာ ဘွဲ့လည်း လိုချင်သေးတယ်။ စာတွေလည်း အများအများကြီး ရေးရဦးမယ်'

ထိုနေ့က မိုးမျက်နှာ ကြည်လင်ဝင်းပနေသည်။

ပြင်ပဆေးရုံကြီးတစ်ရုံ ဖွင့်ထားသော မိုးဖေဖေနှင့် အချိန်းအချက်လုပ်ကာ ကစားပွဲလေး နွှဲလိုက်ကြသေးသည်။

သမီးလေးဆို ဟိုပြေးသည်ပြေးနှင့် အဘိုးကို ချွဲသည်။

(၄)

မိုးဆန္ဒအတိုင်း မိုးကို ဆေးရုံမှ ပြန်ခေါ်လာခဲ့ကြသည်။

မေ့ေစင်းအိပ်ပျော်နေရှာ၏။ မိုး၏ခုတင်ဘေးတွင် အိပ်ပျက်ခဲ့ရ ပေါင်း မနည်းတော့။ စိုးရိမ်မှုက ဒီရေအလား တိုးပွားနေကြသည်။

မိသားစုနှစ်စုလုံး သောက များစွာနှင့်။ မိုး သတိမေ့နေတာလား၊ အိပ်ပျော်နေတာလား ဝေခွဲမရ။ ဆရာဝန်၊ ဆရာမ၊ ဆေးဝါးကိရိယာအပြည့်အစုံဖြင့် ခေါ် ထားပေမဲ့ ကိုယ်တိုင် မိုးဘေးတွင် အချိန်ပြည့်နေ ဖြစ်သည်။ သုံးနှစ်အရွယ်သာ ရှိသေးသော သမီးလေး က အဖေ့အနားက မခွာ။ မိုးဖေဖေလည်း ဆေးရုံသို့ မသွားနိုင်။ ခဏတစ်ဖြုတ်အရေးကိစ္စပေါ်၍ သွားသော်လည်း စိတ်မချစွာဖြင့် ရောက်လာတတ်သည်။

ည ၁၂ နာရီထိုးနေပြီ။

တဝါးဝါး သမ်းနေသော်လည်း အိပ်ရာထဲ ဝင်အိပ်ဖို့ စိတ်ကူးမရသေး။ သူ အိပ်နေစဉ် မိုးတစ်ခုခုဖြစ်သွားမှာ စိုးထင့်နေသည်။

နွေးထွေးသော လက်အစုံ ပခုံးပေါ် ရောက်လာ၏။ မော့အကြည့်တွင် ချည့်နဲ့စွာ ပြုံးနေသော မိုးဖေဖေကို တွေ့ရသည်။ မျက်ရိပ်အချက်ပြသည်။ ခြေသံဖွဖွဖြင့် အခန်းထဲက ထွက်လာခဲ့သည်။ သူနာပြုဆရာမလေးက မိုးမျက်နှာပေါ်က ချွေးစက်တွေကို သုတ်ပေးနေသည်။

နံရံချိတ် ဓာတ်ပုံလေးတွေကို လမ်းလျှောက်ရင်း ငေးကြည့်မိသည်။ မိုးက ပြုံးပြနေသည်။ ငွေဖလား၊ ရွှေဖလား၊ ဆုတံဆိပ်တွေက မှန်ဘီရိုထဲတွင် ပြည့်သိပ်နေ၏။ ကျောင်းတွင်းပြိုင်ပွဲ၊ တက္ကသိုလ် ကောလိပ်ပေါင်းစုံပြိုင်ပွဲ၊ ပြီးတော့ ပြည်နယ်နှင့်တိုင်း။

မိုး ကြက်တောင်ရိုက်ချန်ပီယံ ဖြစ်ခဲ့ဖူးသည်။

မျက်နှာချင်းဆိုင် ထိုင်နေသော မိုးဖေဖေ၏ မျက်နှာတွင် ကြေကွဲမှုများ အထင်းသား မြင်နေရသည်။ ပို၍လည်း အိုစာနေသည်။

'တစ်ခွက်လောက် သောက်ကြမလား'

'အဖေ့သဘောပဲလေ'

သားအဖနှစ်ယောက် ဒေါ်ထားပြင်ပေးသော အမြည်းနှင့် ဝီစကီ နှစ်ပက်စီ စသောက်ဖြစ်သည်။ ဆော်ဒါ၊ ရေခဲနှင့်စပ်ထားသော အရက်က ချိုမြမြ. . . ပြင်းရှရှ ချိုမြမြအရက်က ရင်ထဲကအပူကို မဟန့်တားနိုင်။ ခေါင်းထဲတွင် ရီဝေဝေဖြစ်လာသည်။

ရင်အပူကတော့ ပူရှိန်းရှိန်းပါပဲ။

'မိုးက နှလုံးအားနည်းတယ်။ ဒီရောဂါကြောင့်ပဲ ငယ်ငယ်တုန်းက အရမ်းချူချာတာ။ ဘာပဲဖြစ်ဖြစ် သမီးလေးမိုး ဒီအသက်၊ ဒီအရွယ် နေနိုင်ခဲ့တာဟာ အားကစားရဲ့ အကျိုးကျေးဇူးကြောင့်ပဲလို့ ပြောလို့ရတယ်။ သူ့ နဂိုရောဂါနဲ့ဆို သိပ်ကံထူးနေတယ်။ ဒါဟာလည်း မောင်အောင့် အကူအညီ အများကြီးပါပါတယ်။ လောကမှာ ပျော်ရွှင်ကြည်နူးမှုဟာ အသက်ရှည်ဆေးပဲလေ'

'အဖေနဲ့ ကျွန်တော်က ဆရာဝန်တွေပဲလေ။ ခေတ်မီတိုးတက်နေတဲ့ ဆေးပညာတွေ၊ ဆေးဝါးတွေနဲ့ မိုးအသက်ကို ဆွဲဆန့်နိုင်မှာပါ'

'မောင်အောင်ရယ်၊ သားရယ်၊ နောက်ကျသွားပြီ ထင်တယ်ကွာ။ သမီးလေး နှလုံးရောဂါကို အနိုင်တိုက်နိုင်ခဲ့ပေမယ့် ခု သမီးလေးဖြစ်နေတာက ဦးနှောက်ကင်ဆာတဲ့လေ။ ရော့ MRI အဖြေရလာပြီ။ ဦးဘဝမှာ ဒီသမီးလေး တစ်ယောက်တည်းရှိတာ မောင်အောင်အသိ. . .'

မိုးဖေဖေက ဆေးစစ်ချက်စာရွက်ကို သူ့ကိုလှမ်းပေးရင်း ဆို့နင့်ကြေကွဲစွာ အသံမထွက်ဘဲ ငိုနေသည်။ သူ ရင်တုန်သွား၏။ ကင်ဆာဆဲလ်တွေက ဦးနှောက်တစ်ခုလုံး အတော်ပျံ့နေပြီပဲ။ ဒါကြောင့် ခေါင်းထဲမှာ တစ်မျိုးကြီးပဲ မောင်ရယ်လို့ ပြောနေခဲ့တာကိုး။ သူလည်း စိတ်ကိုမထိန်းနိုင်တော့။ ငိုဖြစ်သွားသည်။

'အဖေ့မြေးလေး ရှိသေးတယ်လေ။ ကျွန်တော်တို့ အမှတ်တမဲ့ နေခဲ့မိတဲ့အတွက် မိုးရောဂါ ဒီထက်ဆိုးသွားတယ်။ အိမ်မှာ ဆရာဝန်နှစ်ဦး ရှိလျက်နဲ့ ရောဂါကျွမ်းမှ သိရသတဲ့။ ဘာပဲပြောပြော မိုးအသက်ကို ကယ်တင်နိုင်မယ့် နည်းလမ်းတော့ ရှိဦးမှာပါ။ အဖေ အားမလျှော့လိုက်ပါနဲ့'

'ဘယ်လိုထိန်းထိန်း ဘယ်လိုမှ မရပါဘူး မောင်အောင်ရယ်။ ကင်ဆာဆို သေမိန့်ပဲလေ။ သမီးလေးမိုး စိတ်ထဲမှာ မိုးရယ်၊ မောင်အောင်ရယ်၊ မြေးလေးရယ်၊ ပြီးတော့ အဖေပေါ့။ ပြီး နောက်ပွားလာမယ့် သားသမီးတွေနဲ့ ကမ္ဘာလေး တစ်ခု တည်ဆောက်ချင်တာ။ သမီးလေး မျှော်လင့်ချက်တွေ မဖြစ်နိုင်တော့ပါဘူး။ အင်တာနက်ကတစ်ဆင့် နိုင်ငံတကာနဲ့ ဆက်သွယ်ကြည့်မောင်အောင်။ အကောင်းဆုံး နည်းလမ်းတော့ ရှာတွေ့မှာပါ'

အတိုင်းအဆမရှိကြတော့။ တစ်ခွက်ပြီးတစ်ခွက် သောက်ဖြစ်သွားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း နှစ်ယောက်သား မှုးမှုးနှင့်

ဖက်၍ငိုသည်။ တစ်ဦးတည်းသော သမီးလေး မဟုတ်လား။ ဖခင်တစ်ယောက်၏ မေတ္တာတရားများ မြင်နေရသည်။ ကြေကွဲရှာမှာပေါ့။

ရင်ထဲမှာ ငိုနေရပြီ မိုးရယ် . . .။

(၅)

ဝဲပျံကျလာသော ကြက်တောင်လေးကို တအားရိုက်ချလိုက်သည်။

ကြက်တောင် တစ်ဖက်ထောင့်စွန်းသို့ လျင်မြန်သည့်အဟုန်ဖြင့် စိုက်ကျသွားသည်။ မိုးဖေဖေမှာ မည်သို့မျှ တုံ့ပြန်ကာ ပြန်လည်ခုခံ ရိုက်ပို့နိုင်စွမ်း မရှိတော့။ ပွဲသိမ်းရန် မောမောနှင့် မျက်ရိပ်ပြသည်။ အလိုက်တသိဖြင့် ကွင်းထဲမှ ထွက်ဖြစ်သွား၏။

'ဖျတ် . . . ဖျတ်'

တစ်ဦးတည်းသော ပွဲကြည့်ပရိသတ် မိုးက လက်ခုပ်လေးတီးကာ အအေးတစ်ပုလင်းစီ ကမ်းသေးသည်။ ပြုံးပျော်နေသော်လည်း ခွန်အားက မဲ့သည်။ ပြုံးပျော်ဖို့ ကြိုးစားဟန်တူသည်။

မိုးနှုတ်ခမ်းထောင့်စွန်း နှစ်ဖက်မှ အပြုံးများ မြင်နေရသည်။

သည်ကနေ့ မိုးကို ကြည့်ရသည်မှာ နေကောင်းနေပုံရသည်။

ဦးနှောက်တွင် အကျိတ်ဖြစ်နေသော်လည်း အသိတရားကရှိတုန်း။ ခုတင်ပေါ်တွင် အချိန်ပြည့် မှေးစက်နေရသည်။ မိုးက အပြင်ထွက်ဖို့ ပူဆာသည်။ လေစိမ်းတိုက်မှာစိုး၍ တားသည့်ကြားက အဖေနှင့်သူ့ကို တစ်ပွဲတစ်လမ်း အကဲစမ်းခိုင်းသည်။ မိုးအလိုကျ ကစားပေးလိုက်ရတာ ဖတ်ဖတ်ကိုမောလို့။

သမီးအလိုကျ အဖေဆိုတာ လုပ်ပေးရမြဲပဲလေ။

'ဟူး'

'ဖေဖေကလည်း အခုမှ အသက် ၅၀ ကျော်ပဲ ရှိသေးတာ။ မောတတ်လိုက်တာ။ အများတကာကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေတဲ့ ဆရာဝန်ကြီး။ ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးလေ ဖေဖေ'

'ဖေဖေ့ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပေမဲ့ မမောဘဲ နေပါ့မလား သမီးရယ်။ ချန်ပီယံတစ်ယောက်လုံးနဲ့ ပြိုင်ကစားနေရတာလေ'

မိတဆိုးလေး မိုးအလိုကျ သူဘာမဆိုလုပ်သည်။ ရင်မှာ မချိပေမဲ့ အပြုံးအရယ် မပျက်အောင် သူ ကြိုးစားရှာသည်။ မိုးမေမေက လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကတည်းက ရင်သားကင်ဆာဖြင့် ဆုံးပါးခဲ့သည်။ ဗီဇဆိုတာ



တစ်ခါတစ်ရံ ကြောက်ဖို့အလွန်ကို ကောင်းသည်။ ခုလည်း အချစ်ဆုံးသမီးလေး သူ့ကို ကျောခိုင်းဖို့ ပြင်ဆင်နေပြီ။

'ဟုတ်သားပဲ။ မောင်ကလည်း ကိုယ့်ဖေဖေကို အလျှော့ပေးကစားတာ မဟုတ်ဘူး။ ဖေဖေက မိုးလို ဘတစ်ပြန်၊ ကျားတစ်ပြန် ကစားနိုင်တာမှ မဟုတ်တာ။ နေကောင်းပါစေ။ မောင်နဲ့မိုး တွေ့မယ်'

နှုတ်ခမ်းလေးစူကာ ရန်တွေ့သည်။

မျှော်လင့်ချက်ကင်းမဲ့နေပြီ ဖြစ်သော်လည်း မိုးနေကောင်းဖို့ ဆုတောင်း ဖြစ်သည်။

'မောင်ရယ်၊ ဖေဖေရယ်၊ သမီးရယ်က မိုးရဲ့ ဘဝကလေးပါတဲ့'

ပြောခဲ့ဖူးတဲ့ စကားတွေ မမေ့ပါဘူး မိုးရယ်။

နွဲ့ဆိုးဆိုးနဲ့ ဂျစ်ကျတတ်တဲ့ မိုးရယ်. . . မောင့်ရင်ထဲမှာ ကြေကွဲနေတဲ့ ဝေဒနာတွေကို မိုး သိပါစေကွယ်။

(၆)

သက်ပြင်းငွေ့များကို ရှိုက်ထုတ်ဖြစ်သည်။ မိုး ခုတင်ဘေးတွင် မတ်တပ်ရပ်လျက် မိုး၏ နောက်ဆုံးအချိန်လေးကို စိတ်မကောင်းစွာ စောင့်ဆိုင်းနေကြရသည်။ သမီးလေးက နားမလည်စွာနှင့် ကြည့်နေသည်။ အဘိုးဆီသွားလိုက်၊ အဖေဆီလာလိုက်၊ အမေခုတင်ပေါ် တက်လိုက်နှင့်။

'အမေကြီး ဘာဖြစ်လို့လဲ ဖေဖေ'

သမီးလေးက မေးသည်။ သူဘယ်လို ပြောရမှန်းမသိ။ သမီးလေးကို တိတ်တိတ်နေဖို့ နှုတ်ခမ်းပေါ် လက်ညှိုးလေး ထောင်ပြဖြစ်သည်။

မေ့မြောနေခဲ့သည်မှာ နာရီပေါင်း မည်မျှကြာခဲ့ပြီမသိ။ အောက်ဆီဂျင် ရှူလျက်နဲ့ လက်ချောင်းကလေးများ စတင်လှုပ်ရှားလာသည်။

မျှော်လင့်ရောင်ခြည်လေး. . . မိုးရဲ့ လက်ဝါးလေး နှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီ အဖေနှင့်အတူ ဆုပ်ကိုင်ထားမိသည်။ မျက်ခွံများ လှုပ်လာသည်။ မိုးက ပါးစပ်ကလေးဟကာ ခေါ်သံပြုသည်။ အသံ ထွက်မလာသေး။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိတ် . . .။

'မောင် . . . မောင် . . . ဖေ'

လေသံ တိုးညှင်းညှင်းလေး ဗလုံးဗထွေးနှင့် . . .။ တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်တွင် မိုးအသံက ကျယ်နေသယောင်။ ကျောက်ရုပ်လို ငြိမ်သက်နေသော လူအားလုံး လှုပ်ရှားသက်ဝင်သွားသည်။

'သ. . . မီး . . . လေး . . . ကို. . . စောင့် . . .'

သည်တစ်ခွန်းပြောပြီး မိုး ခေါင်းတစ်ဖက်သို့ စောင်းသွားသည်။

မိုး ကံဆိုးစွာ လူ့လောကကြီးက ထွက်ခွာသွားခဲ့ပြီ။

'မိုး . . .'

အလန့်တကြား အော်လိုက်မိစဉ် မိုးဖေဖေက ကပျာကယာဖြင့် မိုးကို လုဖက်ကာ တစ်ရှိုက်မက်မက်ဖြင့် ငိုသည်။ မိုးကို အနီးကပ် ကုသပေးနေသော ဆရာဝန်က နားကြပ်ထောက်ကာ ခေါင်းခါပြသည်။ နှလုံးသားတို့ မိုးနဲ့အတူ ပါသွားသယောင်။ ရင်ထဲ၌ ဟာလာဟင်းလင်းဖြင့် ကျန်ရစ်ခဲ့သည်။

ဖမ်းချုပ်မရသော မိုးရဲ့လိပ်ပြာလေး ဘယ်မှာခိုနားပါလိမ့်။ ကောင်းသောနားခိုရာ ဖြစ်ပါစေ။

မောင်ငိုနေသည်ကို အချစ်ဆုံးမိုး မြင်နိုင်တော့မည် မထင်တော့ပါ။ ဩော်. . မောင် ငိုနေရပြီ မိုးရယ် . . .။

(၃)

အပြင်ဘက်မှာ မိုးတွေ ရွာနေသည်။

ပါးပြင်ပေါ်မှ စီးကျလာသော မျက်ရည်များက အတားအဆီးမဲ့နေ၏။ သမီးကို ရင်ခွင်ထဲ တင်းတင်းဖက်ထား၏။ မိုးမရှိကတည်းက သမီးလေး သူ့ကို အရမ်းကပ်သည်။ အဖေကို မမြင်ရရင် တအီအီနှင့်။ သမီးက သူ့ပါးပြင်ကို တဖွဖွနှင့် နမ်းသည်။ အတိတ်က ဝေဒနာတို့ စက္ကန့်ပေါင်းများစွာ၊ မိနစ်ပေါင်းများစွာ ကြာညောင်းခဲ့သည့်တိုင် နုပျိုသစ်လွင်နေဆဲ။

ပြတင်းတံခါးကို တစ်ဖန်ဖွင့်ကြည့်မိပြန်သည်။

ဒေါက်တာအောင်ကောင်း. . . မိုးဖေဖေက သူတို့ကို အဝေးကနေ တဆို့နင့်နင့်ဖြင့် လှမ်းကြည့်နေသည်။ ကြေကွဲမှုများ ကူးစက်သွားပြီ ထင်ပါရဲ့။ လပ်နေသော ကွက်လပ်လေးကို မည်သည့်အခါမှ ဖြည့်ဆည်းနိုင်မည်မထင်။

ဟောင်းနွမ်းရိတွန့်နေသော ပိုက်စကလေးတွေ တစ်စစီ၊ တစ်စစီ ပဲ့ထွက်နေပြီ။

မိုးရယ်. . . မောင်လွမ်းရပြီ မိုးရယ်. . .။ ။

*Eternal Light* **မဂ္ဂဇင်း၊ ၂၀၁၀ခုနှစ်၊ ဧပြီလ၊**





# ဆောင်ဟောင်ကွန်းအောင် ကျန်းမာရေး

"တိုက်ပုံက နုံ့သာရောင်လေးပဲ ကောင်းပါတယ်။ ဟိုတစ်လောလေးကမှ ဝယ်လာတဲ့ ရခိုင်ပုဆိုးလေးနဲ့ဆို လိုက်ဖက်တယ်။ အင်္ကျီကတော့ လည်ကတုံးအဖြူပဲပေါ့။ အဖြူဆိုတော့ ဘာနဲ့ဝတ်ဝတ် တင့်တယ်တယ်"

ဘီဒိုကိုဖွင့်ပြီး ညီပြာက စကားတပြောပြောနှင့် ကျုပ်ဝတ်ဖို့ အဝတ်အစားကို ရွေးထုတ်ပေးသည်။ ညီပြာ့ အပြုအမူကိုကြည့်ပြီး အမေ့ကို သတိရသွားသည်။ ကျုပ် အမျိုးသားစာပေဆု ယူမည့်နေ့က အခမ်းအနားတက်ရန် အမေကိုယ်တိုင် အဝတ်အစား ရွေးချယ်ပေးခဲ့သည်။

ရုတ်တရက်စိတ်ထဲ အမေ့ကို သတိရသွား၏။

နံရံပေါ် ချိတ်ထားသော အမေ့ဓာတ်ပုံကိုလည်း လှမ်းကြည့်ဖြစ်သွားသည်။ အမေ့ကို လက်အုပ်ချီ ဖြစ်သွား၏။ ကျုပ်ကို လူမိုက်ဟု အမြဲခေါ်တတ်သော အမေ၊ သည်အချိန် အမေများရှိရင် အသက် ၈၀ ကျော်ရောပေါ့။ ကျုပ်တောင် အသက် ၆၀ နား ကပ်နေပြီ။

သည်မနက် ကျုပ်အိပ်ယာမှ အစောကြီး နိုးနေသည်။ ဘုရားရှိခိုးပြီးမှ မနက်စာ မုန့်ဟင်းခါးနှင့် ဆေးသကြားနှင့် ဖျော်ထားသော ကော်ဖီကို စားသောက်သည်။ နှလုံးနှင့် ဆီးချိုအတွက် ဆေးသောက်သည်။ ရောဂါနှစ်မျိုးအတွက် သောက်ရသည့် ဆေးများကလည်း မနည်းမနော။ အစားအသောက်ကိုလည်း ရှောင်စားနေရသည်။ အချိုဆိုလို့ သရက်သီးတောင် စားခွင့်မရှိတော့။ နည်းနည်းလေး စားမိတာနှင့် ဆီးချိုက စိုးရိမ်မှတ်ထက် ကျော်သွားတတ်သည်။

မဂ္ဂဇင်းထွက်ရက် နောက်ကျနေ၍ ကိုကိုနိုင်ဆီ ဖုန်းဆက်ဖြစ်သည်။ မနက် ၇ နာရီ ကျော်သည်နှင့် ရေချိုးခန်းထဲ ရေဝင်ချိုးသည်။ တစ်ကိုယ်လုံး ပေါ့ပါးသွား၏။ စိတ်လည်း လန်းဆန်းနေသည်။ အသက်ကို ဝဝရှူရှိုက်ဖြစ်သည်။ မနေ့က ဆံပင်ဆေးဆိုးထားသဖြင့် တစ်ခေါင်းလုံး နက်မှောင်နေသည်။ ဆံပင်ကြောင့် လူလည်း အသက်အရွယ်တင်သလို နုပျိုဟန် ဖြစ်သွားသည်။

ပေါင်ဒါရိုက်ပြီး စွပ်ကျယ်သစ်တစ်ထည် စဝတ်သည်။ ဖြူဖွေးနုအိနေ၏။ လည်ကတုံး လက်ရှည်အဖြူကို ထပ်ဝတ်သည်။ ပြီးမှ ကြက်သွေးရောင် ရခိုင်ပုဆိုးကို ဝတ်လိုက်သည်။ ပန်တင်ပါဘိ။

မှန်ရှေ့တွင် ကိုယ်တစ်ပတ် လှည့်ပတ်ကြည့်ပြီးမှ သဘောကျစွာဖြင့် အိပ်ခန်းထဲက ထွက်လာခဲ့သည်။ သမီးငယ်က ဆီး၍ ရေမွှေးဆွတ်ပေးသည်။ လူတစ်ကိုယ်လုံး မွှေးကြိုင်သန့်ပြန်သွား၏။ စိတ်လန်းကိုယ်လန်းမို့ လူလည်းတက်ကြွနေသည်။

"လူမှာအဝတ် တောင်းမှာအကွပ်တဲ့၊ အဝတ်အစားကို ကောင်းကောင်းမွန်မွန် သစ်သစ်လွင်လွင် ဝတ်လိုက်တော့လည်း ကိုဗလကြီးက ခန့်ထယ်ပြီး လူကြီးလူကောင်း ဆန်သွားတာပဲ"

"ဟဲ. . . ဟဲ နဂိုရှိလို့ နကိုင်းထွက်တာပါကွာ"

"အဖေကြီး မင်းသား၊ မင်းသမီးတွေနဲ့ ဓာတ်ပုံတွဲရိုက်ခဲ့ဖို့ မမေ့နဲ့နော်၊ အဖေက အားနာတတ်တာနဲ့တော့ ခက်ဦးမယ်။ ကင်မရာကို အဖေကြီး လွယ်အိတ်ထဲမှာ ထည့်ပေးထားတယ်။ တစ်ယောက်ယောက်ကို ရိုက်ခိုင်းပေါ့ အဖေရယ်။ ပြုံးပြုံးရယ်ရယ်လည်းလုပ်ဦး၊ အဖေ့ဓာတ်ပုံမှန်သမျှ ပြုံးတာ၊ ရယ်တာ မရှိသလောက်ဘဲ"

သမီးက သတိတရ ပြော၏။

"အေးပါ၊ အကောင်းဆုံးဖြစ်အောင် ရိုက်ခဲ့ပါ့မယ်"ဟုပြောပြီး တိုက်ပုံအကျီကို ကောက်ဝတ်လိုက်သည်။ ခွေးကလေး ပျာယာခတ်သွား၏။ ဘုရားစင်၏ရှေ့ရပ်ပြီး ဦးခိုက်ကန်တော့ဖြစ်သည်။ သစ်တံခါးဆရာတော်က ဓာတ်ပုံထဲကနေပြုံးလျက် ကျုပ်ကို ကြည့်နေသည်။

တယ်ရှိုးများလွန်းတဲ့ ဒကာလို့များ ပြောနေမလား။

ကျုပ်ဝတ်ပုံအသွင်က တကယ်ကို စမတ်ကျနေမှာ သေချာပေမယ့် စိတ်ထဲမှာတော့ မွန်းကြပ်နေသည်။ ကျုပ်က လွတ်လပ်ပွင့်လင်းစွာ ဝတ်စားဆင်ယင်တတ်သည်။ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ပြီဆိုလျှင် အနေကျုံ့ပြီး နေရထိုင်ရလည်း ခက်နေတတ်သည်။

မနေ့က နေ့လည်အထိ မုတ်ဆိတ်မွေး ဗလပွနှင့် ဆံပင်ကွက်တိကွက်ကျား ဖြူနေခဲ့သည်။ ရုံးကအပြန် လမ်း ၄၀ ထိပ်က ဆံပင်ညှပ်ဆိုင်တွင် ဆံပင်ညှပ်၊ ဆေးဆိုးခဲ့တော့ သည်ကနေ့ မည်းနက်နေတော့တာပေါ့။ ဇရာကို အံတုပြီး သေမင်းကို လှည့်စားလိုက်တာကော မဖြစ်နိုင်ဘူးလား။ ခေါင်းဖြူကြီးနှင့် တစ်နှစ်ခန့်နေဖူးသည်။

"လူမှာ ကိုယ်ရည်ကိုယ်သွေးဆိုတာ ရှိတယ်၊ ဆေးလေးဘာလေး ဆိုးပါကွာ"ဟု စာရေးဆရာ ထိန်လင်း(မန္တလေး)က တိုက်တွန်း၍ ဆေးပြန်ဆိုးဖြစ်သည်။ ဆံပင်နက်နက်နှင့် ရောက်လာသော ကျုပ်ကို "ဘိုဖြူ"ဟုခေါ်နေကျ ဆရာတော်ကြီးက ဘာခေါ်ရမှန်း မသိတော့။

ကျုပ်အဖြစ် ကျုပ်ပြန်တွေးပြီး ပြုံးဖြစ်သည်။

"ရှင့်ကားသမားက သည်လိုချည်းပဲ၊ အရေးကြီး သွားစရာလာစရာ

ရှိပြီဆိုရင် အချိန်မီ ရောက်မလာတတ်ဘူး။ သမီးက ဝမ်းလျှောလို့၊ မိန်းမက သွေးတိုးလို့ ဆေးခန်းသွား၊ ဆေးရုံသွား၊ တစ်ညလုံး မအိပ်ရသေးဘူး၊ ဘာဘူး၊ ညာဘူးနဲ့ စောဒကစကားတွေ ပြောဦးမယ်၊ ကြည့်လို့ကို မရတော့ဘူး"

ညိုပြာက ဗျစ်တောက်ဗျစ်တောက်နှင့် စကားဆိုသည်။

"ရပါတယ် ညိုပြာရယ်၊ ဒီကောင်က တောင်ဥက္ကလာပကနေ လိုင်းကားစီးလာရမယ်ဆိုတော့ နောက်ကျချင်လည်း နောက်ကျမှာပေါ့။ ကိုယ်မှားသွားတာပါ။ မနေ့ကတည်းက အငှားကားစီးပြီး လာခဲ့ဖို့ မှာလိုက်ရမှာ။ ကားခငွေလည်း ပေးလိုက်ရမှာ၊ ခုလည်း ကိစ္စမရှိဘူး။ လမ်းထိပ်က အငှားယာဉ်တစ်စီး စီးသွားပြီး သွားလိုက်ပါ့မယ်။ အဲဒီကောင်ရောက်ရင်သာ ပုဇွန်တောင်က ရွှေဘုန်းပွင့်ဘုရားကို လွှတ်လိုက်။ အဲဒီမှာ မရှိတော့ရင် ရုံးမှာစောင့်နေခိုင်း၊ ဒါပဲနော်"

ညိုပြာက မျက်စောင်းထိုးကြည့်သည်။ သမီးက ရယ်နေ၏။ ခွေးကလေးက ကျုပ်နောက် တကောက်ကောက်နှင့် လိုက်နေသည်။ သူနှင့်အတူ လမ်းလျှောက်ထွက်ဖို့ ပြင်ဆင်နေသည်ဟု ထင်ဟန်တူနေသည်။ လွယ်နေကျ လွယ်အိတ်ကလေးကို လွယ်ပြီး အိမ်ထဲက ထွက်လိုက်သည်။ ခွေးကလေးက တံခါးဝတွင် ငုတ်တုတ်ကလေးထိုင်လျက် ကျန်ရစ်ခဲ့သည်။ ကျုပ်တစ်ချက် လှည့်ကြည့်ပြီး လက်ပြနှုတ်ဆက်သည်။

လွယ်အိတ်ထဲတွင် ဖတ်စရာစာအုပ်များ ပါသလို၊ ရေးလက်စ စာမူများလည်း ပါသည်။ ရုပ်ရှင်၊ ဗီဒီယို ရိုက်ကွင်းဆိုတာကလည်း သာမန်လူများအဖို့ ပျင်းစရာကြီးပါ။ ပျင်းပျင်းနှင့် စာအုပ်ထုတ်ဖတ်ဖြစ်မှာ သေချာသည်။ ဖတ်စရာစာနှင့် ငြိမ့်နေတော့ စကားစမြည် ပြောစရာ မလိုတော့ဘူးပေါ့။

မိုးကဖွဲဖွဲကလေး ရွာနေ၍ ထီးဖွင့်ဆောင်းရသည်။ လေပြေသုန်နေ၏။ မိုးရနံ့ရသည်။ သည်းသည်းမည်းမည်းကြီး ရွာလျှင်ဖြင့် ဒုက္ခ။ သည်အချိန်ဆို စစ်တွေမှာ မိုးက တအုံးအုံးနှင့် ရွာနေလိမ့်မည်။ ပင်လယ်အသံလည်း တစ်မြို့လုံး ညံနေမည်။ မိုးထဲလျှောက်နေရင်းက စစ်တွေအိမ်ကို သတိရသွားသည်။

သည်အချိန် ဆေးလိပ်တစ်ဖွာ ဖွာလိုက်ရလျှင် ဇိမ်ဘဲ။ ဆေးလိပ်နှင့် လမ်းခွဲခဲ့တာကြာပြီ။

အခမ်းအနားက ၉ နာရီမှ စမည်။ မြန်မာစံတော်ချိန်ဆို ၁၀ နာရီပေါ့။ မြန်မာများက အချိန်ကို လေးစားကြသူများ မဟုတ်ကြပေ။ ခုမှ ၈ နာရီပဲ ရှိသေးသည်။ အိမ်ကနေ မရမ်းမြိုင်လမ်းအတိုင်း အင်းစိန်လမ်းမကြီးသို့ လျှောက်လာခဲ့သည်။ ဟိုတုန်းကဆို သည်လမ်းကလေးက ရွှံ့တွေ၊ ဗွက်တွေနှင့်။ ခုတော့

လည်း ကွန်ကရစ်လမ်းမို့ ဖြောင့်ဖြူးနေသည်။ လမ်းတွင် အသိမိတ်ဆွေနှစ်ဦးနှင့်ဆုံသည်။ သာကြောင်းမာကြောင်း နှုတ်ဆက်စကား ခပ်သွက်သွက် ပြောဖြစ်သည်။ လမ်းထိပ်အရောက် ကွမ်းယာဆိုင်က ထုံးစံအတိုင်း ကွမ်းနှစ်ရာဖိုးဝယ်သည်။

"တို့ဆရာကြီးက မြန်မှကြိုက်တာနော်။ သည်ကနေ့ မိုးရွာလို့နဲ့တူတယ် ခွေးကလေးနဲ့ လမ်းလျှောက်တာ မတွေ့ရဘူး။ သည်ကနေ့ ငါတို့ဆရာ ရှိုးအပြည့်ပဲဟေ့။ အိမ်မှာ ကားရှိရဲ့သားနဲ့ ကိုယ်တိုင်မောင်းရောပေါ့ ဆရာရယ်"

နေ့စဉ်စားနေကျ ကွမ်းယာဆိုင်ကလေးပါ။ ကွမ်းဆိုတာကလည်း စားနေကျမဟုတ်ရင် ထုံးပေါက်တာ၊ အရသာမတွေ့တာ ဖြစ်တတ်သည်။ လမ်းလျှောက်ထွက်တိုင်း၊ ကွမ်းယာဝယ်တိုင်း ခွေးကလေးက ဆိုင်ရှေ့တွင် သောင်းကျန်းတတ်သည်။ သူက ပြေးလွှားခုန်ပေါက် သွားချင်နေသည်။ ကြိုးကို မနည်းဆွဲထားရတတ်သည်။ ကွမ်းကို အမြန်ယာပေးမှ အဆင်ပြေသည်။ ကျုပ်ကွမ်းယာဝယ်တိုင်း ခွေးကလေးကြောင့် သူတို့ခပ်သွက်သွက် ယာပေးမြဲ။

"အခမ်းအနားတစ်ခု သွားစရာရှိလို့ပါကွာ၊ ကားသမားလေးက သေချာမှာထားရက်နဲ့ ခုထိရောက်မလာသေးဘူးလေ။ ကိုယ်တိုင် မောင်းရအောင်ကလည်း ကျုပ်က ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်ဘူးလေ။ ဒီတော့လည်း ထုံးစံအတိုင်း အငှားကားပေါ့ကွာ"

ကွမ်းယာရောင်းသည့် ကောင်လေးက ပြောရင်းဆိုရင်း ကွမ်းတစ်ယာယာပေးသည်။ ပါးစပ်ထဲ ထည့်သွင်းပြီး ငုံထားလိုက်သည်။ ကျန်ကွမ်းထုတ်ကို စောင့်ရင်း လမ်းပေါ်က အငှားကားကို တားသည်။ ကောင်းကင်တစ်ခွင်လုံး တိမ်တွေဖြင့် မှောင်မည်းနေသည်။

မိုးက ခြိမ့်ခြိမ့်သဲသဲ ရွာဦးမည်။ သည်နှစ် မိုးများသည်။ ရေလည်းလျှံသည်။

သည်ကနေ့ ကျုပ်ရေးသည့် ဝတ္ထုတစ်ပုဒ်ကို ဗီဒီယိုစရိုက်မည့်နေ့၊ ကန်တော့ပွဲသို့ တက်ရောက်ပါရန် ဖိတ်ထား၍ စောစောထွက်လာခြင်း ဖြစ်သည်။ ကျုပ်က စကားနည်းသူ၊ မင်းသား မင်းသမီးများနှင့် အဖွဲ့ကျဖို့ ခက်လိမ့်မည်။ ဒါရိုက်တာကြီး ရှိနေသားပဲ။ တေးရေးဆရာ စလေဖြူးကျော်လည်း လာမည်ဟု မနေ့က ပြောခဲ့သည်ပဲ။

သည်ကောင်က ရောရောနှောနှောနေတတ်သည်။ အရှက်အကြောက်လည်း နည်းသည်။ လွန်ခဲ့သော နှစ် ၂၀ ခန့်ကတည်းက ကျုပ်ဝတ္ထုတွေကို

ရှူးသွပ်ခဲ့သူ ဖြစ်သည်။ သူကြောင့် ဒါရိုက်တာ မျိုးအောင်နှင့် ရေစက်ဆုံသည်။ အသက် ၃၀ ကျော်အရွယ်၊ လူငယ်ဒါရိုက်တာလေး။ မီးထိုးမှန်ထိုး ဘဝကနေ ရုန်းကန်တက်လာသည့်လူ။ စိတ်ဘယ်မျှ ဖြူသလဲတော့ မခန့်မှန်းတတ်။ အပြော အဆို မညက်တာက သေချာသည်။

ဘဝင်ဆိုတာကလည်း ငယ်တုန်းမြင့်ရတာကိုး။ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်လွန်းသူဟု သတ်မှတ်၍ရသည်။

ကျုပ်ဝတ္ထုတွေကို ဗီဒီယိုရိုက်တာ သည်တစ်ကြိမ် ပထမဆုံးတော့ မဟုတ်ဘူး။ စီးပွားရေးအရ ဆိုရင်တော့ ပထမပေါ့။ ကျုပ် မြဝတီရုပ်သံအတွက် မင်းဗေဒါ(ပွင့်ဖြူ)တို့နှင့်ပေါင်းပြီး ဝတ္ထုဇာတ်ညွှန်းနှင့် စီစဉ်သူလည်း လုပ်ခဲ့ဖူးသည်။ ကျုပ်ဌာနအတွက်လေ။ ဒါရိုက်တာကြီးလို့တောင် တစ်ချို့က ခေါ်စမှတ်ပြုသည်။

မိုးကလေးရွာပြီဆိုလျှင် ကားငှားရခက်တတ်သည်။ မိုးရွာခြင်းကို အကြောင်းပြု၍ ကားခလည်း ပိုတောင်းတတ်သည်။ ပုဇွန်တောင်သို့ ကားခ သုံးထောင်တောင်းသည်။ ဈေးဆစ်မနေတော့၊ ကွမ်းယာဆိုင်က ကွမ်းထုပ်ကို လှမ်းယူပြီး ကားရှေ့ခန်း ဝင်ထိုင်လိုက်သည်။ တရုတ်ချယ်ရီ ကားသစ်ကလေး၊ ဒါရိုက်ဘာကလည်း နုနုငယ်ငယ်လေး၊ ရည်ရည်မွန်မွန်လေး၊ ဖော်ရွေပုံလည်း ရသည်။

ကျုပ်ကို ကွမ်းရည်ထွေးဖို့ ပလပ်စတစ် အိတ်ကလေးတစ်လုံး ပေးသည်။ ကားသမားလေးက ကျုပ်ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး သဘောကျဟန်တူသည်။ ပြုံးထွေ့ထွေ့ဖြင့် ကြည့်သည်။

ကားက ၅ မိနစ်ခန့်သာ မောင်းရသေးသည်။ သုခမှတ်တိုင်ပဲ ကျော်သေးသည်။ မိုးက တအုံးအုံးနှင့်ရွာသည်။ ကားပေါ်မှာမို့ တော်သေး၏။ လမ်းပေါ်မှာဆို တစ်ကိုယ်လုံး ရွှဲရွှဲစိုလောက်ပြီ။ သည်မိုးကြောင့် စပါးကွင်းတွေ ရေနစ်ကုန်ပြီ။ မန္တလေးတို့၊ ရွှေဘိုဘက်တွေမှာ မိုးခေါင်နေသည်တဲ့။ မိတ်ဆွေကြီးစံလင်းက မန္တလေးကနေ ဖုန်းဆက်ပြောသည်။

"အဘ ဝါးတီးလား"

"မဟုတ်ပါဘူး မောင်ရင်ရယ်၊ သည်ကနေ့ အဘရေးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ဗီဒီယို စရိုက်ကြမယ်လေ။ နာမည်ကြီး မင်းသား၊ မင်းသမီး တွေချည်းပဲ မောင်ရင်၊ အကယ်ဒမီရ မင်းသား၊ မင်းသမီးကြီးတွေတောင် ပါတယ်။ ကန်တော့ပွဲပြီးတာနဲ့ သာကေတဖက်က အိမ်ယာတစ်ခုမှာ Indo

ရိုက်မယ်လို့ ပြောတယ်။ ဒါရိုက်တာကတော့ ဒီကနေ့ နာမည်ကြီးနေတဲ့ ဒါရိုက်တာမျိုးအောင်၊ မောင်ရင်သိလား"

ကျုပ်ကမေးသည်။ ကောင်လေးက ခေါင်းခါယမ်းသည်။

"အဘရယ် တစ်နေ့တစ်နေ့ လမ်းပေါ်မှာပဲ ကားမောင်း စီးပွားရှာနေရသူဆိုတော့ အိမ်ရောက်တာနဲ့ စားသောက်ပြီး မောမောနဲ့ အိပ်တော့တာပဲ။ ခေတ်ပေါ် မင်းသား၊ မင်းသမီး၊ မော်ဒယ်တွေကိုတောင် မသိဘူး။ ဒါရိုက်တာဆိုဝေးပေါ့။ မောင်မျိုးမင်း (ရင်တွင်းဖြစ်)လောက်ပဲ သိတယ်"

ကောင်ကလေး ပခုံးတွန့်ပြီး ပြောသည်။

"အဘတို့လည်း သည်အတိုင်းပါဘဲ။ စာရေးစာဖတ်၊ သတင်းကြည့်နဲ့ မြန်မာဗီဒီယိုဆို ကြည့်ဖြစ်တယ်ကို မရှိပါဘူး။ ကိုရီးယားဇာတ်လမ်းတွဲတော့ တစ်ခါတစ်ရံ ကြည့်ဖြစ်သေးတယ်။ မြန်မာပြည်မှာ မြန်မာဇာတ်ကားကလည်း ရှားပါးပစ္စည်းလေ"

"ဒါဆို အဘက စာရေးဆရာပေါ့"

"ဟုတ်ပါတယ် မောင်ရင်၊ အဘစာရေးသက်က မောင်ရင့်တစ်သက်ထက် ကျော်လိမ့်မယ်။ နှစ် ၃၀ပေါ့။ ဟိုတုန်းကတော့ မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်တွေ အရေးများခဲ့ပေမယ့် ခုနောက်ပိုင်း စားဝတ်နေရေးအတွက် သုတစာပေတွေ အရေးများတယ်။ အထူးသဖြင့် ကျန်းမာရေးစာပေတွေ ရေးတယ်ဆိုပါစို့။ အဘကိုယ်တိုင် ထုတ်ဝေဖြန့်ချိတယ်။ ဒါက အဘတို့မိသားစု စီးပွားရေးပေါ့။ လွန်ခဲ့တဲ့ ၂၅ နှစ်ကျော်က အဘဝန်ထမ်း ဘဝတုန်းက သူနာပြုမဂ္ဂဇင်းမှာ ရေးခဲ့တဲ့ ဆေးပညာပေး မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ်ကို ခုဗီဒီယို ရိုက်ကြမှာလေ။ အောင်မြင်ရင်တော့ အဘ ယခင်ရေးခဲ့တဲ့ ဝတ္ထုဟောင်းတွေ လက်မလည်အောင် ရောင်းရမယ်ဆိုပဲ မောင်ရင်"

"အဘက ဆရာဝန်လူထွက်လား"

"မဟုတ်ရပါဘူး မောင်ရင်၊ အဘက သာမန်စာရေးဆရာပါ"

ကျုပ်ခေါင်းယမ်း၍ ရယ်မောပြီး ပြောသည်။ ကောင်ကလေး ရယ်ကြဲကြဲလုပ်နေသည်။ ဆေးလိပ်လည်း တစ်လိပ်ပြီးတစ်လိပ် ဖွာနေသည်။ ကောင်ကလေး ဆေးလိပ်ကို မက်မက်မောမောနှင့် ကြိုက်ပုံရသည်။ သူရှိုက်ပုံက တကယ့်ဖိုး။

"မောင်ရင့် ဆေးလိပ်နံ့ အဘမခံနိုင်တော့ဘူး။ အဘငယ်ငယ်က ဆေးလိပ်အရမ်းသောက်တယ်။ အဲဒီဒဏ်တွေ အသက်ကြီးမှ ဒုက္ခပေးတော့တာပဲ။

မောင်ရင် ဆေးလိပ်ဖြတ်လိုက်ရင် ကောင်းမယ်"

"ဆောရီးအဘ၊ ဒါဖြင့် အဘဝတ္ထုကို ဗီဒီယိုရိုက်ရင် အဘထောပြီ ပေါ့"

ဆေးလိပ်ကိုထိုးချေ မီးငြိမ်းလိုက်ပြီး မေးပြန်သည်။

"အထင်မကြီးလိုက်ပါနဲ့ မောင်ရင်၊ အနုပညာကြေးနဲ့ ပတ်သက်ရင် စာရေးဆရာဆိုတာ ကြေးအနည်းဆုံးပါပဲ။ ဒါတောင် အဘက အမျိုးသားစာပေဆုရ၊ ဆရာဝန်တင်ရွှေ စာပေဆုရ စာရေးဆရာမို့ ဉာဏ်ပူဇော်ခ တစ်သိန်းတိတိ ချီးမြှင့်တာတဲ့လေ။ သူတို့ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေတယ်။ တစ်ချို့ စာရေးဆရာတွေဆို သုံးသောင်း၊ အများဆုံး ငါးသောင်းပဲ ပေးတာတဲ့။ စားဝတ်နေရေး အတွက်ကြောင့် တချို့လည်း ရောင်းကောင်းရောင်းမှာပေ့ါ။ အဘဆိုလည်း ရောင်းမယ်ထင်ပါရဲ့"

ကျုပ်ပါးစပ်ထဲ ကွမ်းရည်တွေ ပြည့်နေ၏။ ကွမ်းတံတွေးကို အိတ်ထဲ ထွေးထုတ်ပြီး နောက်ထပ်ကွမ်းတစ်ယာ ပါးစပ်ထဲ ထည့်လိုက်သည်။ မိုးက ရွာကောင်းဆဲ။ သည်မိုးနှင့် ဘယ်လိုများ ဗီဒီယို ရိုက်ကြမှာလဲ။ သူတို့အတွက် စိတ်ထဲမှာ ပူပင်စိတ်ဖြစ်နေသည်။ တစ်နေ့တာ ရှုတင်စရိတ် ဆိုတာကြီးကလည်း မနည်းမနောကြီးရယ်။

ကောင်လေးက ကားမောင်းတာတော့ အတော်ကိုကျွမ်းသည်။ ငြိမ်ငြိမ် အိအိကလေး၊ ကားလေးက ဟံသာဝတီအဝိုင်းကိုကျော်ပြီး ဦးဝိစာရလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန်လေး မောင်းနေသည်။

"အဘဝတ္ထုကို အခြေခံပြီး ဇာတ်ညွှန်းခွဲမယ့် ပုဂ္ဂိုလ်က လေးသိန်းတဲ့၊ တစ်ချို့နာမည်ကြီး ဇာတ်ညွှန်းရေး ဆရာတွေဆို ရုပ်ရှင်တစ်ကား ဆယ်သိန်း အထက် ယူကြတယ်လို့ ကြားဖူးတယ်။ အဘဝတ္ထုကို ဗီဒီယိုအသွင်ပြောင်းမယ့် ဒါရိုက်တာက အနုပညာကြေး ဆယ်သိန်းတဲ့။ မင်းသား၊ မင်းသမီးတွေရဲ့ အနုပညာကြေးတွေကတော့ မေးမနေနဲ့တော့ မောင်ရင်၊ မြင့်မှမြင့်ပဲ။ အဘတို့ စာရေးဆရာဆိုတဲ့ လူတန်းစားကတော့ အနုပညာကြေး ဘယ်လောက်ပဲနည်းနည်း သူ့အနုပညာကို အသိအမှတ်ပြုရင် ကျေနပ်စွာ ပျော်နေတတ်တဲ့ လူတန်းစားပါ။ အထူးသဖြင့် မဂ္ဂဇင်းဝတ္ထုရေး ဆရာတွေပေ့ါ။ ရော့. . ဒါကအဘရဲ့ စာပေတိုက် လိပ်စာကဒ်၊ အဘကလောင်နာမည်ကိုလည်း မှတ်ထားအုံး။ မောင်မောင်ထွန်းအောင်(ကျွန်းမာရေး)လို့ ခေါ်တယ်။ လမ်းကြုံရင် စကားစမြည် ပြောချင်ရင် အချိန်မရွေး ဝင်ခဲ့ပေါ့ မောင်ရင်။ အဘက ဘဝင်မမြင့်တတ်ပါဘူး။ ဟဲ. . . ဟဲ။

ဒါပေမဲ့ အဘစာပေတိုက်ရောက်လို့ အဘရေးတဲ့ စာအုပ်ကို မဝယ်ရင်တော့ အဘက စိတ်ဆိုးတတ်တယ်။ ဝယ်စရာ ငွေမရှိလည်း မေတ္တာလက်ဆောင် ပေးတတ်တယ် မောင်ရင်၊ လာသာယူ"

ကျုပ်စကားသံ အဆုံးမှာ ကောင်ကလေးမျက်နှာ လင်းလက်သွားသည်ကို တွေ့ရသည်။ တစ်မျိုးတော့ တစ်မျိုးပဲ။ အံ့အားသင့်သွားပုံက နင်းထားသည့် ကားလီဘာတောင် ခပ်ကြမ်းကြမ်း နင်းလိုက်သလိုပဲ။ ဒီကောင်လေး ဘာများ ဖြစ်သွားပါလိမ့်။ ကျုပ်သွားတွေက ဆိတ်ဝါးသလို တကြိတ်ကြိတ် ကွမ်းသီးဖတ်ကို ဝါးနေတုန်းပဲ။

"တိုက်ဆိုင်လိုက်တာ အဘရယ်၊ ဆရာမောင်မောင်ထွန်းအောင်ဆိုရင် ကျွန်တော် အရမ်းသိတာပေါ့။ မနေ့ကဘဲ အဘရေးတဲ့ "ပန်းနာရင်ကျပ်ရောဂါ အကြောင်း သိကောင်းစရာ"စာအုပ် ပန်းဆိုးတန်း စာအုပ်ဆိုင်က ဝယ်ခဲ့သေးတယ်။ ကျွန်တော့်အဖေက ပန်းနာရင်ကျပ်သမားလေ အဘ၊ အမေက နှလုံးနဲ့ ဆီးချို ယှဉ်တွဲဖြစ်နေသူဆိုတော့ အဘရဲ့ "နှလုံးသွေးကြော ရောဂါအကြောင်း"နဲ့ "ဆီးချိုသွေးချို ရောဂါအကြောင်း" စာအုပ်တွေလည်း အိမ်မှာရှိတယ်။ နေမကောင်းရင် လူနာဆိုတာ ကိုယ့်ရောဂါအကြောင်း ကိုယ်ကသိချင်၊ ဆရာဝန်ဆိုတာကလည်း ရောဂါအကြောင်း ပြောပြဖို့ အချိန်မရှိလေတော့ အဘရေးတဲ့ စာအုပ်က အားလုံးအတွက် အဆင်ပြေတယ်။ အဘလို စာရေးဆရာတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာ ကျွန်တော်တော့ ပျော်သွားပြီး အဘရယ်။ ရော့ အဘ ကျွန်တော့် ဟန်းဖုန်းနံပါတ်၊ အဘအချိန်မရွေး လှမ်းခေါ်လိုက်၊ အဘသွားချင်တဲ့နေရာ ဖြောင့်ဖြူးစေရမယ်"

"အေးကောင်းတယ် မောင်ရင်၊ အပျော်ဆိုတာ သည်လိုဘဲ ကူးစက်လွယ်တယ် မောင်ရင်၊ အဘလို တစ်နေကုန် ပျော်နိုင်ပါစေကွယ်။ မိဘကိုလည်း ဂရုစိုက်နော်၊ သေမှ မငိုမိစေနဲ့ မောင်ရင်"

ကျုပ် ကောင်လေးအား ကားခပေးပြီး ကားပေါ်က တံခါးဖွင့်၍ဆင်းသည်။ လူက အထိုင်အထခက်သည်။ ဒူးခေါင်းက တစစ်စစ်နှင့်နာသည်။ မိုးက တဖွဲဖွဲနှင့် ရွာနေတုန်း။ ထီးကိုဖွင့်ဆောင်းပြီး ကောင်ကလေးကို နှုတ်ဆက်ကာ ဘုရားထဲ လျှောက်ဝင်လာခဲ့၏။ ခြေလှမ်းများ သွက်နေ၏။ မိုးထဲရေထဲ လမ်းလျှောက်ရတာ တစ်ခါတစ်ရံ ပျော်စရာကောင်းသည်။

ကျုပ်က မိုးများသည့် အရပ်ဒေသမှာ မွေးဖွားကြီးပြင်းလာသူဆိုတော့ မိုးကိုချစ်သည်။ ကောင်လေးက ဟွန်းတစ်ချက်တီးပြီး လက်ပြနှုတ်ဆက်သွား

သည်။ မင်္ဂလာရှိလိုက်တာ။

ကျုပ် အောင်သပြေပန်း ဝယ်ခဲ့သည်။ စနေထောင့်ကိုသွားပြီး ဘုရားကို ပန်းကပ်သည်။ ကျုပ်ပတ်ဝန်းကျင်ကို ဝေ့ဝှစ်ကြည့်သည်။ ရွှေဘုန်းပွင့် စေတီတော်ကြီး ရွှေရောင်ဝင်းပစွာဖြင့် ကြည်ညိုဖွယ် ကောင်းနေသည်။ အပျော်များနှင့်အတူ ရင်ထဲချမ်းမြေ့နေသည်။ ရုပ်ရှင်ဗီဒီယို အဖွဲ့ထဲက တစ်ဦးဦး တွေ့နိုးနိုးဖြင့် မျက်လုံးကို တောင်မြောက်ကြည့်သည်။

အရေးထဲ ကွမ်းကသီးသည်။ တဟွတ်ဟွတ်နှင့် ချောင်းဆိုးသည်။ ကောင်ကလေးအတွက် စိုးရိမ်သွား၏။ သည်ကောင်လေး သည်အတိုင်းသာ ဆေးလိပ်သောက်နေရင် အဆုတ်ကို ဒုက္ခပေးပေတော့မည်။ ဘုရားကို ရေသက်စေ့ သပ္ပါယ်ဖြစ်၏။ ရင်ထဲ နွေးနေသည်။

xxx

ရန်ကုန်တွင် နေလာခဲ့သည်မှာ နှစ်ပေါင်း ၄၀ နီးပါးရှိခဲ့ပြီ။ ဘုရားစူး၊ မိုးကြိုးပစ်။ ရွှေဘုန်းပွင့်ဘုရားသို့ သည်တစ်ကြိမ်ပဲ ပထမဆုံး ရောက်ဖူးသည်။ ကြည်ညိုစရာ အလွန်ကောင်း၏။

ဘုရားရိပ်၊ တရားရိပ်က အေးချမ်းပါဘိ။

မိုးက ဖွဲဖွဲကလေးရွာလိုက်၊ လေပြေနှင့်အတူ ခပ်ကြမ်းကြမ်းလေးရွာလိုက်ဖြင့်။ ဘုရားရင်ပြင်တစ်ခုလုံး ကြွေပြားခင်းထားသဖြင့် ချော်လဲမသွားအောင် ခြေချောင်းကလေးများကို မနည်းကြီး ကုပ်၍ ဆင်မယဉ်သာ လျှောက်နေ ဖြစ် သည်။

အသက်ကြီးလေ အရိုးတွေက ပါးလေ။ ဘိုင်းကနဲ လှဲကျသွားရင်တော့ မလွယ်။ အသက်အရွယ်က ကျိုးလွယ်၊ အက်လွယ်သည့် အရွယ်။ ဘုရားနှစ်ပတ်၊ သုံးပတ် ပတ်ဖြစ်သွားသည်။ ရုပ်ရှင်အငွေ့အသက် လုံးဝ မတွေ့ရ။ ဓမ္မာရုံမှာ ရှိလိုရှိငြား ဝင်ရှာကြည့်သည်။ မတွေ့။

စိတ်ထဲ ထင့်လာသည်။ အလိုမကျမှုလည်း ဖြစ် လာသည်။ နေသာသော နေ့ရက်များတွင် လမ်းလျှောက်ရတာ အဆင်ပြေပေမဲ့ မိုးရွာသောနေ့များ တွင် ကျုပ်လမ်းလျှောက်ရ ခက်သည်။ မိုးကအေးပေမဲ့ ကျုပ်ချွေးစို့လာသည်။ အညောင်းထိုင်လွန်းသည့် ကျုပ်၊ ဝလွန်းလို့ ခက်နေသည်။ အဝလွန်ခြင်းနှင့်အတူ ခန္ဓာကိုယ်အစိတ်အပိုင်းများက ပုံမှန်မဟုတ်တော့။ နှလုံး

■

**လူတိုင်းတွင်**
**"စည်း" ဆိုတာ ရှိသည်။**
**ထောက်ထား**
**ညှာတာစရာများလည်း ရှိသည်၊**
**ခွဲခြားဆက်ဆံသွားမှန်း**
**သိလိုက်ပြီ။**

■

သွေးကြောကျဉ်းနေ၏။ သွေးတိုးနှင့်ဆီးချိုက အားပြိုင်နေသည်။ သည်ကြားထဲ အရိုးကျိုးပေါင်းကြောင့် အခံရခက်သည်။ တစ်လောက ဆီးလမ်းကြောင်းပိုးဝင်၍ ဆေးခန်းပြေးရသေးသည်။ ဆီးရောဂါကြောင့် ပိုက်တန်းလန်းနှင့် နေရမှာကို ကျုပ် ကြောက်သည်။ ကျောက်ကပ်ပျက်ရင်တော့ ခက်ပေါ့။ စာပေနယ်က မိတ်ဆွေတစ်ဦး ကျောက်ကပ်ဆေးနေရသည်။ မြန်မာပြည်မှာ ကျောက်ကပ်အစားထိုးနိုင်ပြီ ဆိုသော်ငြားလည်း သူက အသက်ကြီးနေပြီ။

စိတ်ပျက်လက်ပျက်နှင့် ဓမ္မာရုံတစ်ခုအတွင်း ကျုပ်ဝင်၍ ထိုင်သည်။ မြတ်စွာဘုရားအား ရှိခိုးဦးချပြီး ငါးပါးသီလ ခံယူဖြစ်သည်။ သက်ရှိတိုင်းအား မေတ္တာပို့ဖြစ်သည်။ ဘုရားဝင်းအတွင်းရှိ မြင်ရ၊ မမြင်ရ ပုဂ္ဂိုလ်တိုင်းလည်း ပါသည်။ မျက်လုံးကို မှိတ်လိုက်တော့ မျိုးအောင်မျက်နှာ ပေါ်လာသည်။ ကျုပ်ပတ်ဝန်းကျင်တွင် အဓိဋ္ဌာန်ပုတီးစိပ်သူ၊ တရားထိုင်နေသူ အများအပြား တွေ့ရသည်။ သူတော်ကောင်းများ ပျော်သည့်နေရာ။ ကြည်နူးစရာ ကောင်း၏။ သာဓုအကြိမ်ကြိမ်လည်း ခေါ်ဖြစ်သည်။ ကျုပ်မျက်လုံးအစုံကိုမှိတ်၍ အရဟံဂုဏ်တော်ပွားနေမိသည်။ စိတ်ကိုတည်ငြိမ်အောင် ဖမ်းချုပ်ရတာက မလွယ်။

အသိစိတ်များ လွင့်ကြဲနေသည်။

ဒါရိုက်တာမျိုးအောင်နှင့် ဗီဒီယိုအဖွဲ့သားများ မရောက်သေးတာ ဖြစ်နိုင်သည်။ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ၊ လူကြမ်း၊ မီးထိုး၊ မှန်ထိုး၊ ကင်မရာ အဖွဲ့ထဲက တစ်ယောက်ဆိုတစ်ယောက်မှ မတွေ့ရ၊ မမြင်ရ။ အနည်းဆုံးတော့ ရှုတင်မန်နေဂျာ ရောက်သင့်ပြီပေါ့။ ဘေးညာ ဝေ့ကြည့်သည်။ စိတ်များ အိုက်လာ၏။ တိုက်ပုံကို ချွတ်လိုက်ရသည်။

စလေဖြိုးကျော်အား ဖုန်းဆက်ဖြစ်သည်။ လူကြီးမင်းနှင့် တွေ့သည်။ သံလျင်မှာ နေသူဆိုတော့ ခရီးဖင့်တာ ဖြစ်နိုင်သည်။ စိတ်ကို ဖော့တွက်သည်။ မိုးရွာလွန်း၍ အချိန်နောက်ဆုတ်လိုက်ကြတာ ဖြစ်မှာပါ။ မိုးကလည်း ရွာပဲရွာနိုင်လွန်းသည်။ သူတို့ သူတို့တွေနေသည့် နေရာဝန်းကျင်တွင် ရေကြီး၍ ရေများမြုပ်

နေသလား။ မိုးမင်းကြီးကို အပြစ်ဖို့ရမလို ဖြစ်နေသည်။ ဝရုန်းသုန်းကားနှင့် လေပြင်းမတိုက်တာကိုပဲ ကျေးဇူးတင်ရဦးမည်။

ကျုပ် နေ့ရက်အချိန်များ အမှတ်လွဲနေသလား။ တစ်ခုခုတော့ တစ်ခုခုပဲ။ လွဲနေတာ ဖြစ်နိုင်သည်။ ဘုရားအာရုံပြုနေရာမှ လွယ်အိတ်ထဲကို လက်နှိုက်လိုက်သည်။ ဖုန်းနှင့်အတူ ကွမ်းထုတ်ထွက်လာသည်။ ကွမ်းတစ်ယာကို ပါးစပ်ထဲကောက်ထည့်ပြီး ဒါရိုက်တာမျိုးအောင်၏ ဖုန်းနံပါတ်ကို တစ်လုံးချင်း နှိပ်လိုက်သည်။ နှစ်သိန်းတန်ဖုန်းမို့ ဂဏန်းအရေအတွက်က များသည်။ ဖုန်းများ ပိတ်ထားရင်ဖြင့် ခက်ဦးမည်။ သဘောကောင်းစွာဖြင့် တစ်ခါခေါ် တစ်ခါဝင်သွားသည်။

ကြည်နူးစိတ်များ လှိုင်သွား၏။

"ဟဲလို၊ ဒါရိုက်တာကြီးလား၊ အချိန်များ လွဲနေသလားလို့ပါ။ ကျုပ် ဘုရားရင်ပြင်ပေါ် ရောက်နေတာကြာပြီ"

ကျုပ်လေသံချိုချိုဖြင့် စကားဆိုသည်။

"မလွဲဘူး ဆရာရယ်၊ ဒီနေ့ ရှုတင်ပျက်သွားတယ်။ မင်းသားလေး မျက်နှာမှာဝက်ခြံလေးတစ်လုံး ပေါက်လို့ပါ။ မင်းသားက ရှုတင်ကို ဖျက်လိုက်တယ်။ အားလုံးကမောက်ကမ ဖြစ်သွားရတာပေါ့။ တစ်ချို့လည်း တစ်ခြားဇာတ်ကို လက်လွတ်ပြီးမှ ဆရာ့ကားကို လာရိုက်ကြတာမျိုးလည်း ရှိတယ်။ အားလုံးတော့ ဒုက္ခပါပဲ။ မနေ့ညက ဆရာ့ဆီ ဖုန်းဆက်မလို့ပါပဲ။ ဆရာအိပ်နေလောက်ပြီထင်လို့ မဆက်ဖြစ်တာပါ ဆရာ။ ဆောရီးနော် ဆရာ။ အားလုံးကတော့ ဆရာ့ဝတ္ထုနာမည်ကိုက ခိုက်တယ်လို့ ပြောနေကြတယ် ဆရာ"

သူ့စကားကြောင့် ကျုပ်စိတ်တွေ တင်းသွား၏။ မျက်နှာလည်း မဲ့သွားလိမ့်မည်။ သက်ပြင်း ခိုးချမိသည်။

"ကျုပ်ဝတ္ထုနာမည်နဲ့တော့ မဆိုင်ဘူးထင်ပါရဲ့ ဒါရိုက်တာရယ်။ ခိုက်များခိုက်ရင် မင်းသားလေး ဝက်ခြံလေးပေါက်ရုံ ပေါက်ပါ့မလား၊ ကားတိုက်ခံရမှာပေါ့။ ဒါရိုက်တာတောင် အဆစ်ပါသွားဦးမယ်"

ကျုပ် ဘုတောဖြစ်သွားသည်။ အသံလည်း နည်းနည်းကျယ်သွားသည်။ ဘုရားဝတ်ပြုနေသော သူများ၏ မျက်လုံးများ ကျုပ်ဆီရောက်လာသည်။ ကျုပ်က စကားကို ဒဲ့ဒိုးပြောသည်။ သွယ်သွယ်ဝိုက်ဝိုက်၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်သူမဟုတ်။ ဒါကိုပင် တစ်ချို့ကတော့ အရိုင်းကောင်တဲ့။ ရိုင်း. . . ရိုင်းပေါ့။

ဒါရိုက်တာ ဖုန်းပိတ်သွားသည်။

ကျုပ်ဒေါသဖြင့် ငေါင်ကျန်ရစ်ခဲ့သည်။ ရှုတင်ဖျက်ရင် ညကတည်းက ဖုန်းဆက်အကြောင်းကြားဖို့ ကောင်းတာပေါ့။ မနက်ပိုင်း ဆက်လိုက်ရင်တောင် အချိန်က မီသေးသည်။ ဗီဒီယိုအဖွဲ့သားများ ရှုတင်ပျက်သွားမှန်းသိ၍ ဘုရားပေါ် တစ်ဦးတစ်ယောက်မျှ ရောက်မလာကြ။ ကျုပ်သာ မအူမလည်နှင့် ဘုရားပေါ် လာစောင့်နေသည်။

လူတိုင်းတွင် "စည်း"ဆိုတာ ရှိသည်။ ထောက်ထားညှာတာ စရာများလည်းရှိသည်။ ခွဲခြားဆက်ဆံသွားမှန်း သိလိုက်ပြီ။ အနုပညာသမားချင်း သည်လိုလုပ်ဖို့ မကောင်းပါဘူး။ စော်ကားခြင်းခံလိုက်ရလို့ ရင်ထဲမှာ တစစ်စစ်နှင့် နာသည်။ ရင်ထဲက အပျော်များ ဘယ်သို့ ရောက်သွားပါလိမ့်။ ဒေါသစိတ်နှင့် အတူ ရင်ခုန်သံ မြန်နေသည်။

မောချင်သလိုလို ဖြစ်လာ၏။ ကျုပ်က အပျော်လွန်၍ လည်းမရသလို၊ စိတ်ညစ်လွန်း၍လည်း မရသူဖြစ်သည်။ စိတ်ဖိစီးရုံဖြင့် နှလုံးကို လာရိုက်သည်။ အသက်ကို ပုံမှန်ရှူ၍ ဘုရားဝင်းထဲက အားမပါသော ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။ အိမ်က လာကြိုမည့်ကားကို မျက်လုံးဖြင့် ဟိုရှာသည်ရှာလုပ်သည်။

"တောက်"

တောက်တစ်ချက် ခေါက်မိသွား၏။

ခုထိသည်ကောင် မရောက်သေးဘူး။ ညီပြာပြောရင်လည်း ပြောစရာ။ သည်ကားကြောင့် ဒုက္ခရောက်ပေါင်းလည်း များပြီ။ ပိုင်ဆိုင်မှုတစ်ခု တိုးလာတိုင်း ဒုက္ခတစ်မျိုးက အလိုလိုကြုံသည်။

ကျုပ် မိုးရေထဲ လျှောက်ဖြစ်သွား၏။ ကျုပ်မဝတ်စဖူး ဝတ်ဆင်ထားသော အဝတ်အစားကိုပင် မငဲ့နိုင်တော့။ စိုချင်လျှင်လည်းစို၊ ရွဲချင်လည်း ရွဲတော့။ ရေကျော်လမ်းမကြီးရောက်မှ မောင်းလာသော တက္ကစီတစ်စီးကိုတားပြီး ၃၉ လမ်းသို့ ပို့ခိုင်းသည်။ ဒေါသဖြင့် ရင်ထဲပူနေ၏။ ရေငတ်သလိုလည်း ခံစားရသည်။ ကွမ်းစားတာများ၍ ခံတွင်းလည်း ခြောက်နေသည်။

"စာရေးဆရာဆိုတာ သည်လောက်ပဲ နိမ့်ကျတယ်လို့ သတ်မှတ်သလား ဒါရိုက်တာရယ်. . ."

×××

ကျုပ်လည်း မဂ္ဂဇင်းတစ်အုပ်၏ အယ်ဒီတာချုပ်ပါ။

ကျုပ်မဂ္ဂဇင်းမှာ အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ မော်ဒယ်တွေ၊ ဗီဒီယိုနှင့် ရုပ်ရှင်ဇာတ်ကားတွေအကြောင်း လစဉ်လိုလို တန်ဖိုးထား ဖော်ပြပေးနေကျပါ။ ကျုပ်တို့ စာပေမဂ္ဂဇင်းတွေကတော့ အနုပညာသမားတိုင်းကို တန်ဖိုးထားလိုက်ရတာ၊ စာရေးဆရာကိုကျတော့ သူတို့တွေက တန်ဖိုးမထားချင်ကြ။ စာရေးဆရာ အများစုကလည်း ဆင်းရဲကြသည်ကိုး။

၃၅ လမ်းထဲရှိ ဗီဒီယိုကုမ္ပဏီသို့ ကျုပ်ဝတ္ထုနှင့် ပတ်သက်၍ စာချုပ်လက်မှတ်ထိုးပေးဖို့ သွားရသည်။ ချမ်းသာလို့ ကုမ္ပဏီထောင်၊ ရိုက်စား အမျိုးသမီးက မျက်နှာထားတင်းတင်းနှင့် ကျုပ်ကို ဆက်ဆံသည်။ စကားပြောချင်သလို၊ မပြောချင်သလိုနှင့်။ မင်းသား၏ အမေဆိုဘဲ။ မျိုးအောင်ကတော့ နောက်တစ်ကားရိုက်ခွင့်ရဖို့ စကားကို ဖောင်ဖွဲ့စွာ ပြောနေရှာသည်။ စာရေးဆရာဆိုတိုင်း အမွဲအတေတွေမှ မဟုတ်တာ။ စာပေနယ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေနိုင်သည့် စာပေသမားတွေ အများကြီးရယ်။

ကျုပ်က စာကိုချစ်လို့ စာရေးဆရာအဖြစ် ရပ်တည်နေသူ၊ သူမာတော့လည်း ကိုယ်တင်းတာပေါ့။ စကားကို နှစ်ခွန်းလောက်ပြောပြီး ထိုးပေးစရာလက်မှတ် ထိုးပေးဖြစ်သည်။

"ကျုပ် ဇာတ်လမ်းမူရင်း မပျက်ပါစေနဲ့"

ဒါရိုက်တာကို ပြောသလိုလို၊ ကုမ္ပဏီပိုင်ရှင် စီစဉ်သူကို ပြောသလိုလိုနှင့် စကားတစ်ခွန်းပြောပြီး ထပြန်ခဲ့သည်။

ခုကြည့်လေ၊ မျက်နှာပေါ် ဝက်ခြံလေးတစ်လုံး ပေါက်ရုံလောက်နှင့်များ အများ၏ ထမင်းဝိုင်းကို ရိုက်ဖျက်ရဲတာ။ မူရင်းဗီဇကိုက မိုက်ရိုင်းတာပါ။ မင်းသားဆိုတာ နာမည်လေးတစ်လုံး တည်ဆောက်မိလျှင် သည်လိုဘဲလား။ ဆရာတော်ကျောင်းမှာတော့ သည်မင်းသားလေး သဘောကောင်းကြောင်း၊ နူးညံ့သိမ်မွေ့ကြောင်း၊ စာနာတတ်သူ၊ မေတ္တာကြီးသူဖြစ်ကြောင်း အကြိမ်ကြိမ်ကြားဖူးပါသည်။

လက်တွေ့နှင့်တော့ တစ်ခြားစီ ဖြစ်မနေဘူးလား။ သရုပ်ဆောင်ကောင်းကြသလို၊ ဟန်လည်း ဆောင်တတ်ကြသည်ပဲ။ ဝက်ခြံလေးလောက်တော့ မိတ်ကပ်နှင့်ဖုံးလိုက်ရင် မရလို့လား။ ဒါမှမဟုတ်ရင်လည်း မင်းသားမပါတဲ့ ဇာတ်ဝင်ခန်းတစ်ချို့ကို ရိုက်ထားလျှင် ရသားနှင့်။

ကျုပ်အလုပ်ခန်းတွင် တစ်ယောက်တည်း အတွေးများဖြင့် ထိုင်နေမိသည်။ ရှေ့ဆင့်နောက်ဆင့် ဝန်ထမ်းများ ရောက်လာ၏။ ဒါရိုက်ဘာလေးက

နှုတ်ဆက်ပြီး ကားပေါ် သွားနေသည်။ ဖလင်ဆရာ မြင့်သန်းက ကျုပ်စားပွဲရှေ့က ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ဆရာ၊ ဒီနေ့ ကန်တော့ပွဲ မသွားဘူးလား"

"ကန်တော့ပွဲ ပျက်သွားတယ်"

"ဘာကြောင့်လဲ ဆရာ"

"မင်းသားမျက်နှာမှာ ဝက်ခြံပေါက်လို့ ဆိုပဲကွာ"

"ဝက်ခြံဆိုတာ လူတိုင်းပေါက်တတ်တာပဲ၊ ဝက်ခြံလေး တစ်လုံးပေါက်ရုံနဲ့ ရှုတင်တစ်ခုလုံး ပျက်ရောဆိုတာတော့ လွန်လွန်းပါတယ် ဆရာ"

"အေး၊ ငါလည်း နားမလည်တော့ဘူး။ မျိုးအောင်ပြောတာကတော့ ငါ့ဝတ္ထုနာမည်က ခိုက်တယ်ဆိုပဲ။ အရမ်းစီးတယ်လို့လည်း ပြောတယ်။ IT ခေတ်၊ အင်တာနက်ခေတ်မှာ ဒီအယူအဆမျိုးတွေလည်း ရှိသေးတာပဲနော်။ ပျက်တာ၊ မပျက်တာတော့ အရေးမကြီးပါဘူး။ စာရေးဆရာတွေအပေါ် တန်ဖိုးထား အဆက်ဆံ မခံရတာတွေကတော့ စိတ်မကောင်းစရာပဲကွာ။ သူတို့ကိုကျတော့ ငါတို့မဂ္ဂဇင်း သမားတွေက အမွှန်းတင်လိုက်ရတာ"

ကျုပ် မချိတင်ကဲ ဖြစ်နေသည်။ စာရေးဆရာဘဝ သက်တမ်းသုံးဆယ်မှာ သည်တစ်ခါ တန်ဖိုးအနည်းဆုံး။

"ဆရာ့ စာအုပ်ရောင်းရငွေ စာရင်းတွေရပြီ။ အားလုံး ဆယ့်ငါးသိန်းကျော်တယ်။ သည်ကောင် ဆရာ့ဆီလာတော့မှာ မဟုတ်ဘူး။ ဟိုကုမ္ပဏီက လစာနှစ်သိန်းပေးလို့ ဟိုမှာပြောင်းလုပ်တယ်"

"အလုပ်ထွက်တာက အကြောင်းမဟုတ်ဘူး၊ သူမရှိရင်လည်း ငါ့လုပ်ငန်း ပျက်မသွားဘူး။ စာရင်းဇယားတွေကိုတော့ သေချာရှင်းခိုင်း၊ လိုအပ်ရင် အမှုဖွင့်တရားစွဲ၊ ဒါပဲ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆရာ"

မြင့်သန်း တဟုတ်ဟုတ်နှင့် ထသွားသည်။ သည်ကောင် ကျုပ်ဆီ စရောက်တုန်းက စာစီစာရိုက်ပဲ လုပ်တတ်သည်။ ကျုပ် အတတ်ပညာတွေသင်၊ လုပ်ပိုင်ခွင့်တွေပေး၊ လောက်လောက်လားလားဖြစ်တော့ ကျုပ်ကိုကန်ပြီ။ အလုပ်သမားဆိုတာ သည်လိုချည်းပဲ။

ခါးသီးစွာ ကျုပ်ငိုင်တွေးနေမိသည်။ အလုပ်သမားတစ်ဦးထွက်ရင် နောက်တစ်ဦး အစားထိုးရတာ လွယ်ပေမယ့် ကိုယ့်အထာ၊ သူ့အထာ၊ စာရိတ္တ၊ လုပ်ငန်းကျွမ်းကျင်မှု ဆိုတာတွေက ကပ်ပါလာသည်။

ထားတော့၊ ညနေ အိမ်ပြန်ရောက်လျှင်သာ ညိုပြာနှင့် သမီးကို ဘယ်လိုပြောရပ။ အဖေ့ခါတ်ပုံတွေ ရိုက်ခဲ့လားဆိုလျှင် အဖြေရခက်ပြီ။ ကျုပ်ခေါင်းကို ခါရမ်းဖြစ်သွား၏။

အစာအိမ်က အစာတောင်းနေပြီ။

xxx

"ဆရာရယ်၊ ကျွန်တော် အရမ်းစိတ်ညစ်တယ်။ မင်းသမီးတွေကို တောင်းပန်ရ၊ ဇာတ်ရံအကယ်ဒမီ မင်းသားကြီး၊ မင်းသမီးကြီးတွေကို တောင်းပန်ရနဲ့၊ သူတို့ပြောသမျှလည်း တစ်နေကုန် ခံနေရတာပါပဲ။ ကျွန်တော့်ကို ကုမ္ပဏီကလည်း အိမ်မွေးခြံပေါက် ဒါရိုက်တာဆိုပြီး အလေးထားပုံ မရဘူး။ ကုမ္ပဏီပိုင်ရှင်ဆို ဖုန်းကို လုံးဝပိတ်ထားတယ်။ မင်းပဲရှင်းဆိုတဲ့ သဘောနဲ့"

မျိုးအောင်က ညည်းညည်းညူညူဖြင့် ပြောသည်။ သူ့မျက်နှာကြည့်ရတာ အတော်ကိုလည်း စိတ်ပျက်နေပုံရသည်။ ငါးကြီးကြီးတစ်ကောင် ဖမ်းမိပြီးမှ လွတ်ထွက်သွားသည့် မျက်နှာမျိုး၊ နဂိုကလည်း မျက်နှာပေါက်က ခပ်ဆိုးဆိုး။

"ဒါဖြင့် ဒီဇာတ်ကားကို ဘယ်တော့ ပြန်ရိုက်ဖြစ်မှာလဲ"

"အဲဒါ ပြောရခက်နေတာပေါ့ ဆရာ။ ရိုက်ရက်က အကန့်အသတ်မရှိတော့ဘူး။ မင်းသားကလည်း တစ်ခြားကုမ္ပဏီက ကားတွေကို ရိုက်ရဦးမယ်။ မင်းသားအားရက်၊ မင်းသမီးအားရက်၊ ဇာတ်ပို့ ဇာတ်ရံတွေ အားရက်ပြန်ညှိ၊ ပြန်ချိတ်ရဦးမယ်။ အနည်းဆုံးတော့ သုံးလေးလပဲ ဆရာ။ ဒါနဲ့ ဆရာ့ဝတ္ထုကို နာမည်လေး ပြောင်းပေးလိုက်ပါလား ဆရာ"

ကျုပ်စိတ်ထဲ ထောင်းကနဲ ဖြစ်သွားသည်။ စားပွဲကို လက်သီးဖြင့် ထုဖြစ်သွားသည်။ စားနေသော ရေခဲမုန့်ခွက် အောက်သို့လိမ့်ကျသွား၏။ ပေပေတေတေတွေ ဖြစ်ကုန်ပြီ။ ကျုပ်လည်ချောင်းထဲက စကားလုံးပေါင်းများစွာ တန်းစီထွက်လာသည်။ သိသည့်အတိုင်း ကျုပ်ဆိုတဲ့ကောင်ကလည်း မပြောရင်လျှင် ပြုံးပြုံးဘဲ၊ ပြောပြီဆိုလျှင်လည်း ခဲပစ်သည့်နှယ်။ နဘေးကို တုတ်ခနဲ့ပဲ။ ကျောင်းသားဘဝတုန်းကဆို သူငယ်ချင်းတွေက ကျုပ်ကို ပိဿတုန်းဟုခေါ်သည်။

"ဒီမှာဒါရိုက်တာ၊ ဝတ္ထုနာမည်နဲ့ ပတ်သက်လို့ကတော့ မောင်ရင်နဲ့ ကျုပ် စာချုပ်,ချုပ်ပြီးကတည်းက လုံးဝနာမည် မပြောင်းရဘူးလို့ သဘောတူပြီး

သားလေ။ ဒါနဲ့ပတ်သက်လို့တော့ ကျုပ်ကို လုံးဝမပြောနဲ့တော့။ မဂ္ဂဇင်းစာမျက်နှာပေါ်က ကျုပ်ဝတ္ထုတွေကို ဗီဒီယိုရိုက်ချင်လို့ဆိုပြီး ဘယ်သူ့ကိုမှ မပြောမိဘူး။ ဒီဝတ္ထုတွေကို ဗီဒီယိုရိုက်ချင်လို့ဆိုပြီး မောင်ရင်ပဲ ခွင့်တောင်းခဲ့တာ မဟုတ်လား။ အနုပညာကြေးလည်း မောင်ရင်ပဲ သတ်မှတ်ခဲ့တာ။ ကျုပ်တောင်းဆိုခဲ့တာ မဟုတ်ဘူး။ ကျုပ် ငွေလိုချင်လွန်းလို့ ဒီဝတ္ထုလေးကို ရောင်းခဲ့တာ မဟုတ်ရပါဘူး မောင်ရင်။ ဖြစ်နိုင်ရင် ကျုပ် သည်ဝတ္ထုကို ဗီဒီယို မရိုက်စေချင်တော့ဘူး။ ခုကျုပ်ကို မောင်ရင်တို့ ပေးထားတဲ့ငွေ ပြန်ပေးမယ် ဖြစ်မှာလား"

ကျုပ်လွယ်အိတ်ထဲ ထောင်တန်တစ်အုပ်ကို စားပွဲပေါ် ဘုတ်ကနဲ ပစ်တင်ပေးလိုက်သည်။ မျိုးအောင်မျက်နှာကို စေ့စေ့ကြည့်၍လည်း နှုတ်ခမ်းထောင့်ဖြင့် ပြုံးဖြစ်သွားသည်။ ခနဲ့ပြုံးလို့ ခေါ်မှာလား။

မျိုးအောင်မျက်နှာ ကွက်ကနဲ ပျက်သွား၏။

"အို. . . အဲသလိုတော့ လုပ်လို့မရဘူးလေ ဆရာ။ ဆရာ စာချုပ်ပေါ်မှာ အခိုင်အမာ လက်မှတ်ထိုး သဘောတူထားပြီလေ"

မျိုးအောင် လက်ကာပြီးပြောသည်။ သူ့မျက်နှာ ပုပ်သိုးသွား၏။ ကျုပ်ရင်ထဲ မီးတစ်စ တောက်လောင်နေ၏။

"ဒါဖြင့် သုံးဆပြန်လျော်ပေးရင်ကော မရနိုင်ဘူးလား။ မောင်ရင် ဒါရိုက်တာအလုပ်ကို ရှူးသွပ်သလိုဘဲ ကျုပ်လည်း စာရေးခြင်း အတတ်ပညာကို အသက်ထက် မြတ်နိုးတယ်။ စာရေးခြင်းနဲ့ ပတ်သက်ရင် မာနလည်းကြီးတယ်။ ကျုပ်ဝတ္ထုလေးကို ဝတ္ထုအဖြစ်နဲ့ပဲ ထားချင်တော့တယ်။ ဗီဒီယိုဆိုတာကြီးကို မရိုက်ချင်တော့ဘူး။ ဝတ္ထုဟာ ဝတ္ထုအဖြစ်နဲ့ ရပ်တည်နေတာ ထာဝရအကောင်းဆုံးပဲ။ မောင်ရင့်ကိုယ့်လို့ အပ်မိတဲ့ ကျုပ်ဝတ္ထု မူလဇာတ်ပျက်တော့မယ်။ ကျုပ်ဝတ္ထုလေးက ဆေးပညာနောက်ခံဝတ္ထု၊ ဆေးပညာပေးအကြောင်း မလေ့လာ၊ မကျွမ်းကျင်တဲ့ ဇာတ်ညွှန်းဆရာက ဇာတ်ညွှန်းခွဲရင် သွားပြီ"

ကျုပ်လေသံများ သံမဏိလို မာကျောနေလိမ့်မည်။ တကယ်လည်း ကျုပ်ဝတ္ထုလေးကို နှမျောတသ ဖြစ်နေမိ၏။ သည်ဝတ္ထုလေးကို ဗီဒီယိုရိုက်ဖို့ ခွင့်ပြုပေးခဲ့မိသည်ကိုက ကျုပ်ရဲ့ မဟာအမှားကြီးပဲလို့ တွေးထင်နေမိသည်။ ရှက်လိုက်တာ၊ ကျုပ်မြတ်မြတ်နိုးနိုး ရေးခဲ့မိသည့် ဝတ္ထုလေးအပေါ် သစ္စာဖောက်မိခဲ့ပြီ။

မျိုးအောင်မျက်နှာ အကြီးအကျယ် ပျက်နေ၏။ သူလည်း ဒေါသများဖြင့် တဆတ်ဆတ်တုန်နေသည်။ ကျုပ်ကလည်း ကျုပ်ဝတ္ထုနှင့် ပတ်သက်ရင်

အသက်ပင်သေသေ။ လာခဲ့စမ်း လက်သီး၊ တုတ်၊ ဓား၊ လှံ။ စားပွဲပေါ် ထောင်တန်နှစ်အုပ်ကို ဘုတ်ကနဲမြည်အောင် ထပ်တင်ပေးလိုက်သည်။ ငွေသုံးသိန်းကို သူ့အနားရောက်အောင်လည်း တွန်းပို့လိုက်သည်။

"မောင်ရင်နဲ့ မောင်ရင့်အသိုင်းအဝန်းက ကျုပ်တို့ စာရေးဆရာတွေအပေါ် သိပ်ပြီးအထင်သေးသလိုပဲဗျာ။ အားလုံးအားလုံးကို ရှုတင်ပျက်သွားတာ အသိပေးတာတောင် ကျုပ်လို စာရေးဆရာတစ်ယောက်ကို ကွက်ပြီး အကြောင်းမကြားခဲ့ဘူး။ မိုးထဲလေထဲမှာ မကြီးမငယ်နဲ့ မျှော်လင့်ချက်တွေ၊ အပျော်တွေနဲ့။ မောင်ရင့်ရိုက်ချက် ပြင်းလွန်းတယ်။ ကျုပ်တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ မောင်ရင်တို့ အသိုင်းအဝန်းကို မုန်းတီးနာကျည်းခဲ့တယ်။ ကျုပ်တောင်းပန်တယ် မောင်ရင်၊ ကျုပ်ဝတ္ထုလေးကို ဗီဒီယို မရိုက်ပါနဲ့တော့။ ဒီလောက် ပေါ့ပျက်ပျက်ဆန်တဲ့ မင်းသားနဲ့လည်း ကျုပ်ဝတ္ထုဇာတ်လမ်းက မတန်ပါဘူး။ ကျုပ်ဝတ္ထုတွေ၊ ကျုပ်အသည်းနှလုံးနဲ့ မဂ္ဂဇင်း စာမျက်နှာတွေပေါ် မှာပဲ ရှိနေပါစေ။ အစကတည်းက သည်ဝတ္ထုတွေက ဗီဒီယိုရိုက်ဖို့၊ ရုပ်ရှင်ရိုက်ဖို့ ရေးခဲ့တဲ့ဝတ္ထုတွေ မဟုတ်ဘူး။ ကျုပ် ဝတ္ထုတစ်ပုဒ်ရေးလို့ ငါးထောင်ပဲရရ၊ တစ်သောင်းပဲရရ၊ ကျုပ်က ကျေနပ်နေတာဗျ"

ပြောပြောဆိုဆိုနှင့်ပင် ကျုပ်နေရာက ထသည်။ မျိုးအောင်လည်း တစ်ပြိုင်တည်း ထရပ်သည်။ သူက ငွေထုပ်တွေကို ကျုပ်လွယ်အိတ်ထဲ အတင်းထိုးထည့်ပေး၏။ ကျုပ်လည်း ရုန်းသည်။ ခဏနေ ငွေအားလုံး အောက်သို့ပြုတ်ကျသွားသည်။

ဘေးပတ်ဝန်းကျင်က လူတစ်ချို့၏ မျက်လုံးများ ကျုပ်တို့ဆီ ရောက်လာကြသည်။

"ဆရာတစ်ယောက်တည်းကိုပဲ ကွက်ပြီး အကြောင်းမကြားမိတာ ကျွန်တော် တောင်းပန်ပါတယ်။ ဆရာ့ဝတ္ထုကိုတော့ တစ်နေ့နေ့ ရိုက်ခွင့်ပေးပါ"

မျိုးအောင်က ငွေထုပ်များကို ငုံ့ကောက်ရင်းနဲ့ ပြောသည်။

"မတောင်းပန်နဲ့မောင်ရင်၊ မောင်ရင်ဇာတ်တစ်ကားရိုက်လို့ ဆယ့်သိန်းမကလို့ သိန်းတစ်ရာပဲရရ၊ ကျုပ် အထင်မကြီးဘူး။ ကျုပ်ရတဲ့ စာမူခလေး ငါးထောင်၊ တစ်သောင်းလောက် မြတ်နိုးစရာ မကောင်းဘူး။ အနုပညာသမားချင်း တူပေမယ့်၊ မောင်ရင့်မှာ စာနာစိတ်နည်းတယ်။ စာနာခြင်းဒဿနကို ရှာဖွေတွေ့ပြီးမှ ကျုပ်ဆီလာခဲ့၊ ကျုပ်ပြန်မယ်"

ရင်ထဲ ပွင့်ထွက်သွားသည်။ မျိုးအောင်ကို ကျောခိုင်း၍ ကျုပ်တစ်

ယောက်တည်း ဆိုင်ထဲက ထွက်လာခဲ့သည်။ အပြင်မှာ ရာသီဥတု သာယာနေ၏။ အိုဇုန်းလွှာပါသော လေထုကို ခပ်ပြင်းပြင်းလေး ရှူရှိုက်မိသည်။

ကျုပ် တဟားဟားနှင့် ရယ်ဖြစ်သွား၏။ လူအများ ဝိုင်းအကြည့်ခံလိုက်ရသည်။ တစ်ချို့က ကျုပ်ကို ရူးသွပ်နေသူတစ်ဦးဟု ထင်ကောင်းထင်သွားနိုင်သည်။ ထင်ပါစေလေ။ စာရေးခြင်းနှင့် ပတ်သက်လာရင် စာရေးဆရာဆိုတာ အမြဲတမ်း ရူးသွပ်နေတာချည်းပဲ။

ကျုပ် တဟားဟားနှင့် ရယ်လို့မဆုံးတော့။

လောကတွင် စာနာစိတ်ဆိုတာ အရေးအကြီးဆုံးပါပဲ။ စာနာစိတ်သာ ပျက်သုန်းခဲ့လျှင် ကမ္ဘာကြီးပျက်သွားမှာ သေချာနေသည်။

❑

လှိုင်မဂ္ဂဇင်း
၂၀၁၄ ခုနှစ်

ကျွန်တော့်အိမ်တွင် ကြောင်ကလေးသုံးကောင်ရှိသည်။

မနက်တိုင်း သူတို့နှင့်အတူ ကျွန်တော် ကော်ဖီသောက်လေ့ရှိသည်။ ကိတ်မုန့်တစ်ဖဲ့၊ ဘီစကွပ်တစ်ပိုင်းကို စားရင်း ကျွန်တော့်ခြေရင်းတွင် ခေါင်းကလေး အလုအယက်တိုးကာ သူတို့တစ်တွေ တညောင်ညောင်နှင့် ကခုန်ပျော်ပါးတတ်ကြသည်။ သူတို့နှင့် ကော်ဖီသောက်ရသည်ကို ကျွန်တော်ပျော်သည်။

"ဆရာမောင်မောင်ထွန်းအောင်. . . ဆရာ. . . ဆရာ"

ခြံစည်းရိုး တံခါးပေါက်ရှေ့ တစ်စုံတစ်ဦး အော်ခေါ်သံကြောင့် ကော်ဖီလက်ကျန် တစ်ကျိုက်ကို မော့ချရင်း အပြင်သို့ လှမ်းကြည့်မိသည်။

ဘယ်သူများပါလိမ့်။ ရင်းနှီးတဲ့ အသံပါပဲ။

ကျွန်တော့်ဆီ မနက်ပိုင်း ဧည့်သည်လာလေ့လာထ မရှိပါ။ မနက်စောစော အိပ်ရာက မထတတ်မှန်း ရင်းနှီးသော မိတ်ဆွေများကသိသည်။ စာရေးသော ကျွန်တော်သည် ညဘက် အအိပ်အနေ နည်းတတ်သည်။

အိမ်အပြင်ထွက်၍ ခြံစည်းရိုးတံခါးကို ဖွင့်ပေးလိုက်၏။ မျက်မှန်တပ်မလာ၍ ရုပ်တရက် ဘယ်သူမှန်းမသိ။ အနားရောက်မှ ဘယ်သူဘယ်ဝါဆိုတာ မှတ်မိသွားသည်။ မဖိတ်ခေါ်ဘဲ ရောက်လာသူက ကျွန်တော့်အစ်ကို ဆရာဖြစ်နေသည်။

သူနှင့်ကျွန်တော် မတွေ့ဖြစ်တာ ၆ လခန့်ရှိပြီ။

"ဟော ဆရာပါလား။ စောစောစီးစီး ဘယ်လိုကိစ္စများ ရှိလို့လဲ"

"မောင်ထွန်းအောင်ပြောရင်လည်း ပြောစရာ ဖြစ်တော့မယ်။ ကိစ္စရှိမှ အကူအညီလိုမှ လာရသလားလို့။ ကိုထွန်းအောင်ကို ကြည့်ရတာ ကျန်းမာရေးကောင်းပုံရတယ်။ ဝလို့ဖြိုးလို့ပါလား။ ဗိုက်ကလေးနည်းနည်း ထွက်လာတယ်သတိထား. . . "တဲ့။

မောင်မောင်ထွန်းအောင်

(ကျန်းမာရေး)

# လူဆိုသည်မှာ



အိမ်ထဲခေါ်ပြီး ဧည့်ခန်းတွင် ထိုင်စေသည်။ ညိုပြာအား ဆရာလာတယ်ဟေ့၊ ကော်ဖီလေး တစ်ခွက်လောက် ဖျော်အုံးဟု လှမ်းပြောလိုက်သည်။ ကြောင်ကလေးသုံးကောင်က သူ့နေရာနှင့်သူ နေရာယူသွားခဲ့ပြီ။ သူတို့ တစ်ရေးတစ်မော အိပ်ကြဦးမည်။

ဆရာ့ကို ‌ေငွကြည့်ဖြစ်၏။ ဆရာ့အခြေအနေ ဘယ်လိုပါလိမ့်။ ဝတ်ဆင်ထားသည်က တကယ့်ကို နွမ်းနွမ်းဖတ်ဖတ်၊ လည်ကတုံးအင်္ကျီဖြူ လက်တိုလေးက ဖားဥတွေ ဗရပွနှင့် ဆံပင်ကလည်း နီနက်ဖြူ ကွက်တိကွက်ကြား၊ ဝတ်ထားသည့် ပုဆိုးကလည်း ဆေးရောင်ပြယ်နေပြီ။ ပုံမှန်မဟုတ်တာတော့ သေချာသည်။

ညိုးညိုးငယ်ငယ် ရှိလိုက်တာ။ အရင်ဆို ကြော့နေအောင်ဝတ်ဆင်ပြီး အသက်အရွယ်နှင့် မလိုက်အောင် လန်းဆန်းတက်ကြွ နေတတ်သူ။ ထယ်ထယ်ဝါဝါ နေခဲ့ဖူးသူဆိုတော့ အမြဲတစေ သပ်သပ်ယပ်ယပ်နှင့် လူကြီးလူကောင်းဆန်နေတတ်သည်။ အသက်ကြီးပေမယ့် ဆံပင်က အမြဲနက်မှောင်နေသည်။ စကားပြောရင်လည်း သွယ်သွယ်ဝိုက်ဝိုက် ပြောတတ်သူဖြစ်သည်။ သူနှင့် ကျွန်တော် ပေါင်းသင်းဆက်ဆံလာခဲ့ကြတာ နှစ် ၂၀ မက ကြာခဲ့ပြီ။ မဂ္ဂဇင်း နှစ်အုပ်လည်း အတူတကွ လုပ်ကိုင်ဖူးသည်။

တရားသူကြီး အငြိမ်းစား အောင်မြင်ထင်ရှားသော စာရေးဆရာ။ နိုင်ငံတော်မှ ပေးထားသော ရန်ကင်းတိုက်ခန်းတွင် မိသားစုနှင့် တင့်တင့်တယ်တယ် နေထိုင်သူ၊ ခုဘာများ ဖြစ်နေပါလိမ့်။ စိတ်ထဲထင့်လာသည်။

"အလည်ပဲလား၊ ကိစ္စကြီးငယ်များ ရှိသလားဆရာ"

"ပွင့်ပွင့်လင်းလင်းပဲ ပြောခွင့်ပြုပါ ကိုထွန်းအောင်၊ ပြောရရင် ကိုထွန်းအောင်လည်း သိတဲ့အတိုင်းပါပဲ။ ကျွန်တော်ရဲ့ အရာရှိကြီး ပင်စင်ကလေးက တစ်လ ၆၀၀ ပဲရတာ။ အိမ်မှာအတူနေတဲ့ သမီးငယ်က ကျောင်းသာပြီးသွားတာ အလုပ်အကိုင် မရှိသေးဘူး။ သားနှစ်ကောင်ကလည်း တာတူးလန်တွေ။ အဖေ့ ပိုက်ဆံ ဘယ်လိုသုံးဖြုန်းရမယ် ဆိုတာပဲ သိတတ်ကြတာ။ သမီးကြီးကလည်း အရာရှိကတော်သာဆိုတယ် အဖေကို တစ်လတစ်သောင်းတောင် ပုံမှန် မထောက်ပံ့ဘူး။ ဆရာတို့ မဂ္ဂဇင်း ရပ်လိုက်ကတည်းက ကျွန်တော့်မှာ ပုံမှန်ဝင်ငွေဆိုတာ မရှိတော့ဘူး။ တစ်လတစ်လ စာရေးလို့ရတဲ့ စာမူခဆိုတာကလည်း မဖြစ်စလောက် ကလေးရယ်"

ဆရာက စကားကို ရှည်ရှည်လျားလျား ပြောနေသည်။ အသံအနိမ့်

အမြင့်ကလည်း စည်းဝါးညီစွာ၊ ကြေကွဲသံလိုလို၊ နှိမ့်ချညည်းတွားသံလိုလို ပြောပုံဆိုပုံကြောင့် ရင်ထဲမှာမကောင်းလှ။ ဆရာ့မှာ ငွေကြေးအခက်အခဲများ ကြုံတွေ့နေရလို့လား။ ဒါမှမဟုတ် ဘယ်လိုအခက်အခဲများ ရှိနေလို့လဲ။ သူနှင့် ကျွန်တော် ဆက်ဆံရေးမှာ သည်လောက်ထိ သွယ်ဝိုက်ပြောစရာမလို။ ဒဲ့ဒိုးပြော နိုင်သူများသာ ဖြစ်သည်။

ဆရာကော်ဖီကို ငုံ့သောက်နေ၏၊ မုန့်လည်းစားသည်။

တကယ်ဆို ငွေကြေးအကူအညီ တောင်းခံလာရင် ကျွန်တော် ဘယ်လို လုပ်ရပါ့။ ခေါင်းထဲတွင် အတွေးပလုံစီနေသည်။ နောက်ပြောလာမယ့် စကားကို စောင့်မျှော်ဖြစ်၏။ တောင်းလာသည့် အကူအညီ ပေးနိုင်ဖို့ပဲ စဉ်းစားမိသည်။ အိမ်အထိတောင် ရောက်နေပြီပဲ ငွေကြေးကိစ္စဆိုလျှင် ညိုပြာ၏ ပျစ်တောက်ပျစ် တောက် စကားသံကို တစ်ပတ်ဆယ်ရက် ကျွန်တော်ကြားရပါဦးမည်။

မတတ်နိုင်ဘူးလေ။ ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ။ ရှောင်လွှဲလို့မှ မရတာ။

ဖြစ်လည်း ဖြစ်နိုင်သည်။ သားနှစ်ယောက်က ခပ်ဆိုးဆိုးရယ်။ ထစ်က နဲ့ဆို မောင်ဘစီလို ကောင်မျိုးတွေ၊ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ကြ ပေမယ့် အရက်ကိုတော့ အလွန်အကျွံ သောက်ကြသူများဖြစ်သည်။ သမီးငယ်က လည်း ကွန်ပျူတာတက္ကသိုလ်က ကျောင်းပြီးတာ ဘာကြာတာမှတ်လို့။

ဆရာက အစစအရာရာ စေ့စပ်သူရယ်ပါ။ ချွေတာမှုလည်းကြီးသည်။ ထုထုထယ်ထယ် မရှိရင်တောင် ဘဝနောင်ရေး အေးငြိမ်းသည်ဟု ဆိုနိုင်သည်။ စီးပွားရေး လုပ်ငန်းမရှိပေမယ့် ဝန်ထမ်းဘဝတုန်းက စုစုဆောင်းဆောင်း ရှိခဲ့သူမို့ ဘဏ်တိုးလေးနှင့် စားဝတ်နေရေးကို ထိန်းထားနိုင်စွမ်းရှိသည်။ ဇနီးသည် မရှိ တော့သည့်နောက်ပိုင်း သားသမီးတွေအပေါ် ဖလည်းသူ၊ မိလည်းသူ အုပ်အုပ် ဆိုင်းဆိုင်းနှင့် ဆိုးဆိုးကောင်းကောင်း သားသမီးတွေကို ချစ်တတ်သူပါ။

“လာရင်းကိစ္စ ပြောပါဆရာ၊ ကျွန်တော်ကူညီနိုင်တာဆို တတ်အား သမျှ ကူညီပေးမှာပါ။ အားနာစရာ မလိုပါဘူး။ မိတ်ရင်းဆွေရင်းတွေပဲ”

စကားလမ်းကြောင်း ခင်းပေးလိုက်သည်။ တံတွေးကိုမျိုချတာ မြင်ရ၏။

“ဒါကြောင့်လည်း လာခဲ့တာပေါ့။ ကျွန်တော့်မှာ ဘယ်ပြဿနာပဲကြုံ ကြုံ ဆိုးကောင်းတိုင်ပင်ဖို့ ကိုထွန်းအောင်ကိုပဲ သတိရတယ်။ ဒီလိုကိုထွန်းအောင် ရေ ခုတလော မျက်လုံးတွေမှုန်ပြီး စာဖတ်စာရေးလုပ်ရတာ အဆင်မပြေဘူး။ မျက်စိကုသမှုခံယူဖို့ လိုအပ်နေပြီထင်တယ်။ ငွေကြေးကလည်း မပြည့်မစုံဖြစ် နေတော့ ကိုထွန်းအောင်ဆီ အကူအညီတောင်းဖို့ လာခဲ့တာ။ စုထားတဲ့ငွေလည်း

ဘဏ်မှာမရှိသလောက် ဖြစ်နေပြီ"

"ဗုဒ္ဓေါဘုရား"စိတ်ထဲက ရေရွတ်ဖြစ်သွားသည်။ ခုတလော မျက်ခမ်းတွေလှုပ်နေတာ ဒါကြောင့်များလား။ မဆီမဆိုင် တွေးမိသေးသည်။ ငွေကြေးအနည်းငယ် ပြေလည်၍ မိတ်ဆွေအပေါင်းအသင်းတွေ နှိပ်စက်ပေါင်းလည်းများလှပြီ။

ငွေ. . . ငွေဆိုပါလား။ ညှိုပြာ့မျက်နှာ မြင်နေမိသည်။ ရှင်. . . နောက်ငွေနဲ့ပတ်သက်ရင်တော့ နီးပဲတဲ့။ ငွေချေးတိုင်း ပြန်မရသူများ စာရင်းထဲတွင်ကျွန်တော်တို့လင်မယား ပါသည်။

"ကိုထွန်းအောင်က ဆေးပညာအင်တာဗျူးကို ထဲထဲဝင်ဝင် လုပ်တဲ့သူဆိုတော့ ဆရာဝန်ကြီးတွေနဲ့ ရင်းနှီးသူလေ။ ဟိုတလောက ဆရာတက္ကသိုလ်ဇော်မင်းကိုတောင် မျက်စိခွဲပေးတယ်လို့ ကြားတယ်လေ"

ဟုတ်ပေသားပဲ၊ ငွေမကုန်တဲ့နည်းတွေ ရှိတာပဲ။ ရင်ခုန်သံတွေ ပုံမှန်ပြန်ဖြစ်သွားသည်။ အသက်ကိုလည်း ခပ်မှန်မှန် ရှူနိုင်သွားသည်။ မေ့တတ်လိုက်တာ။

"ဒါလေးများ ဆရာရယ်၊ ဖုန်းဆက်ပြောရောပေါ့။ ဒေါက်တာရဲနိုင်မရှိတော့ပေမယ့် ဒေါက်တာမြကြာငုံ ရှိပါသေးတယ်။ မျက်စိနဲ့ ပတ်သက်ရင်သူကူညီနိုင်မှာပါ။ မျက်စိက မှုန်တယ်ဆိုတော့ ဆရာ့အသက်အရွယ်နဲ့ဆိုအတွင်းတိမ်ပဲ ဖြစ်မှာပါ။

"အဲဒီမျက်စိခွဲစိတ်မှု ခံယူဖို့ ဖြစ်နိုင်မယ်ဆိုရင် ကိုထွန်းအောင်အနေနဲ့"

အသံတွေတုန့်ယင်စွာ စကားဆက် ပြတ်သွားသည်။ အားနာတတ်လိုက်တာ ဆရာရယ် လက်ကိုင်ဖုန်းကို ထယူလိုက်သည်။ ငွေချေးတာမှမဟုတ်ဘဲကိုယ်ကပဲ တာဝန်ယူရယူရ အလှူဒါန တစ်ခုပဲလေ။ ဒါဆိုညှိုပြာလည်း ကျေနပ်မှာပါ။ ဇူလိုင်လဆို မွေးနေ့အလှူ လုပ်နေကျ။ သည်အတွက် ကုန်ကျငွေကိုဆရာ့အတွက် သုံးလိုက်ရင် ဘယ်လိုနေမှာလဲ၊ ဖျောင်းဖျောင်းဖျဖျတော့ ပြောရမှာပေါ့။

"ကျွန်တော့် ဒေါက်တာမြကြာငုံဆီ ဖုန်းဆက်ကြည့်မယ်။ သူ့ဘက်ကအဆင်မပြေရင်တောင် အဲဒီမျက်စိခွဲစိတ်မှုအတွက် အတတ်နိုင်ဆုံး ကူညီပေးမယ်၊ အားမငယ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်တို့မှာ အပြန်အလှန် ဆက်ဆံရေးတွေ ရှိကြတာပဲ"

ပြောရင်းနဲ့ ညခြံထဲဆင်းကာ ဖုန်းဆက်ဖြစ်သည်။ ခွဲစိတ်ခန်း မဝင်

သေး၍ ဖုန်းတစ်ကြိမ်ဆက်ရုံဖြင့် ဒေါက်တာမြကြာငုံနှင့် စကားပြောခွင့်ရသည်။ အကျိုးသင့်အကြောင်းသင့် ပြောပြတော့ "ဆရာနဲ့ပတ်သက်ရင် ကျွန်မ ကူညီမှာပါ"တဲ့၊ ပြောပြီး ညနေပိုင်း သူ့ဆေးခန်းသို့ လာခဲ့ဖို့မှာသည်။

မြကြာငုံဆိုတာ ကျွန်တော်နှင့် ပတ်သက်လာတိုင်း မျက်စိအခမဲ့ ကုသပေးသူဖြစ်သည်။ မရှိန္တမ်းပါး၍ အကူအညီ တောင်းသူတိုင်းအား သူမဆီ လွှဲပေးတတ်သည်။ အထူးသဖြင့် စာပေနယ်ကများသည်။ စာရေးဆရာဆိုတာကလည်း သိတဲ့အတိုင်းပါပဲ။

"အိုကေ ဆရာရယ်။ ဆရာ့ကုသိုလ်ကံပဲ ဆိုရမလား၊ အားလုံးအဆင်ပြေတယ်။ စိတ်ပူပင်သောက ဖြစ်မနေနဲ့တော့၊ ညနေပိုင်း ၄ နာရီလောက် ကျွန်တော့်ရုံးခန်း လာခဲ့ပေါ့။ ကျွန်တော် လိုက်ပို့ပေးမယ်"

" ကျေးဇူး. . . ကျေးဇူးတင်လိုက်တာ ကိုထွန်းအောင်ရယ်"

နဂိုအတိုင်း ဆရာ့ဟန်၊ ဆရာ့အသွင် ပေါ်လာသည်။ အပြုံးအရယ်များကိုလည်း မြင်လာရ၏။ ဆရာ့အပြုံးမျက်နှာကို စိုက်ကြည့်ရင်း ရင်ထဲမှာ နွေးနေအောင် ခံစားလိုက်ရသည်။ ပျော်မယ်ဆိုလည်း ပျော်လောက်တာပဲလေ။

ကျွန်တော့်မွေးနေ့ ထုံးစံအတိုင်း စည်ကားစွာ ကျင်းပနိုင်ပြီ။

(၂)

၃၉ လမ်း၊ ချိန်းထားသည့်အချိန် ဆရာစိုက်စိုက်မတ်မတ် ရောက်လာသည်။ ကော်ဖီတစ်ခွက်စီ မှာသောက်ပြီးမှ ဒေါက်တာမြကြာငုံ ဆေးခန်းရှိရာ မြေနီကုန်းသို့ အငှားကားငှား၍ ထွက်လာခဲ့ကြသည်။

ကောင်းကင်တစ်ခွင် မိုးမှောင်နေ၏။ ရုံးဆင်းချိန်မို့ အနော်ရထာလမ်းပေါ် ကားများကြပ်နေသည်။ သည်အချိန် လိုင်းကားစီးရတာ ခက်သည်။

ရုံးခန်းတွင် အလုပ်သမားချည်း ကျန်ခဲ့သည်။

ဆရာဝန်နှင့် ပြရမှာမို့ထင်သည် ဆရာ့တစ်ကိုယ်လုံး မနက်ကထက်ပို၍အရောင်ထွက်နေသည်။ ရေမွှေးနံ့များ သင်းပျံ့နေ၏။ နှာခေါင်းထဲ စူးရှရှခံစားရသည်။

လူကြီးလူကောင်းဆန်စွာ တည်ငြိမ်အေးချမ်းလို့လည်း နေသည်။

ကားပေါ်တွင် သူခံစားနေရသည့် မျက်စိဝေဒနာအကြောင်း တစ်စစီ လှစ်ဟပြသည်။ ကားကြပ်လွန်းသဖြင့် အငှားကားဆရာက ရွှေ့ရုံသာ ရွှေ့နိုင်သည်။

"မျက်စိကြည့်မကောင်းတာနဲ့ မျက်မှန်ခဏခဏ လဲပေမယ့် ခုနောက်ပိုင်း မြင်နိုင်စွမ်းအား ပိုကောင်းမလာတော့ဘူး။ တဖြည်းဖြည်းနဲ့ မှုန်လာတယ်။ ကိုယ့်လက်ချောင်းကိုတောင်မှ ကိုယ်က မကွဲဘူး။ လူလာရင် ယောက်ျား၊မိန်းမ မကွဲချင်ဘူး။ ကိုယ့်အိမ်သားတွေကလွဲရင် ဘယ်သူဘယ်ဝါဆိုတာ မသိဘူးအထိ ဖြစ်လာတယ်။ စာရေးစာဖတ်ဖို့ ဆိုတာကတော့ ဝေးသွားတာပေါ့ ကိုထွန်းအောင်ရေ"တဲ့။

"သမီးနဲ့အမေ ယှဉ်လျှောက်လာရင်တော့ သမီးကို မြင်သေးတယ် မဟုတ်လား"

ကျွန်တော် ရယ်သွမ်းသွေးသည်။ ဆရာက လူကြီးကို မနောက်နဲ့လေ တဲ့။

"တကယ်ပြောတာပါဗျာ၊ တကယ့်ကို မမြင်မကန်း ဖြစ်နေတာပါ"

"တော်သေးတာပေါ့ဆရာ၊ ဒီထက်ပိုဆိုးလာတယ်ဆိုရင်တော့ တစ်ခြားကိုက်တာခဲတာ နီရဲတာ ဖြစ်လာပြီဆိုရင် အတွင်းတိမ်တောင် မကဘူး အခြားဆွယ်ပွားရောဂါတွေ ပါဝင်လာနိုင်တယ်လို့ ဆိုတယ်ဆရာ"

ကျွန်တော်က ဆရာကြီးလုပ်လိုက်သည်။

"အဲဒါကြောင့် ကိုထွန်းအောင်ကို အားကိုးတာပေါ့။ ကိုထွန်းအောင်ကကံကောင်းတယ်။ ဆရာဝန်ကြီးတွေနဲ့ အသိအကျွမ်းများတော့ မကျန်းမမာဖြစ်နေတဲ့လူကို တစ်နည်းနည်းနဲ့ ကူညီနိုင်တယ်။ ကုသိုလ်ရတာပေါ့။ စာဖတ်၍ စာရေး မလုပ်နိုင်တာ အဆိုးဆုံးဘဲ ကိုထွန်းအောင်ရယ်။ ထမင်းဆာသလိုကို ဆာတာဗျာ"

"သိပ်လည်း တွေးမပူပါနဲ့။ အတွင်းတိမ်ဆိုတာ မျက်မမြင် ဖြစ်စေနိုင်တဲ့ အကြောင်းတရားတစ်ခု ဆိုပေမဲ့လည်း ဆရာ့အခြေအနေက မျက်စိကွယ်သွားနိုင်တဲ့အထိ အခြေအနေက မဆိုးသေးပါဘူး။ တကယ်ဆို အတွင်းတိမ်ဆိုတာ ဆရာရဲ့ ခေါင်းပေါ်က ဆံပင်ဖြူသလိုပါပဲ၊ ဇရာလက္ခဏာ တစ်ခုလို့ပြောရင်လည်း ရပါတယ်။ လူတွေရဲ့ သက်တမ်းတွေ ရှည်ဆန့်လာတာနဲ့အမျှ အတွင်းတိမ်ဖြစ်တဲ့ ဦးရေလည်းပဲ များတာပေါ့။ သက်တမ်းတိုတဲ့ လူတွေမှာ အတွင်းတိမ်ဖြစ်တာ နည်းတယ်လို့ စာအုပ်တွေမှာ ဖတ်ရတယ်ဆရာ"

"ကိုထွန်းအောင် ပြောသလိုသာဆိုရင် အသက်ရှည်ပြီး အနာမဲ့ဖို့ဆုတောင်းတာ ဆုတောင်းမှားသလို ဖြစ်နေတာပေါ့"

"ဒီလိုလည်း မဟုတ်ဘူးလေ။ သက်တမ်းရှည်ရှည် နေရလေ အတွင်း

တိမ်ဖြစ်ဖို့ များလေဆိုတဲ့ သဘောရယ်ပါ။ ခုခေတ်က နည်းပညာတွေ အရမ်းတိုးတက်တော့ ခုခွဲခုမြင်ပါပဲ ဆရာရယ်။ သတင်းစာ တီဗွီတွေမှာ မတွေ့ဘူးလား။ လူပေါင်းရာချီကို တစ်ရက်နှစ်ရက်နဲ့ ဆရာဝန်တွေ ခွဲပေးနေကြတာလေ"

■

**တကယ်ဆို အတွင်းတိမ်ဆိုတာ ဆရာရဲ့ ခေါင်းပေါ်က ဆံပင်ဖြူသလိုပါပဲ၊ ဇရာလက္ခဏာ တစ်ခုလို့ ပြောရင်လည်း ရပါတယ်။**

■

"တွေ့တော့ တွေ့တယ်၊ တကယ်တမ်း ဆရာဝန်ဆီ သွားပြရမယ်ဆိုတော့လည်း ရင်ခုန်မိတာ အမှန်ပါပဲ ကိုထွန်းအောင်ရယ်"

ရင်ဘတ်ကိုပုတ်၍ ဆရာက ပြောသည်။

"အဲသလို ရင်ခုန်တာ ပြဿနာပဲဆရာ။ ဆရာဝန်က အတွင်းတိမ်လို့ သတ်မှတ်ပြီး ခွဲစိတ်ဖို့လိုအပ်ခဲ့ရင် ဆရာခွဲစိတ်ခံရဲလား။ လူ ၁၀ ယောက်မှာ ၇ ယောက်လောက်က ခွဲစိတ်ရမှာ ကြောက်နေတတ်တယ်။ တောင်ရွှေ့မြောက်ရွှေ့နဲ့ လစ်ပြေးတော့တာပဲ"

ကျွန်တော်က မေးလိုက်တော့ ဆရာ့အသံ တိတ်သွားသည်။

ရွှေတိဂုံဘုရားလမ်းအတိုင်း မောင်းနေသော ကားကလေးသည် လဟာပြင်ဈေးထောင့် အမျိုးသားသွေးဌာနရှေ့အရောက် မီးနီကြောင့် ရပ်တန့်သွားသည်။ ဗိုလ်ချုပ်လမ်းပေါ်ကကားများ မီးပွိုင့်ကို အလျှင်အမြန် ဖြတ်သွားကြသည်။ မီးစိမ်းသွားပြီမို့ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော အငှားကားလေး ပုံမှန်ပြေးလွှားနေသည်။ မိုးက တဖွဲဖွဲနှင့် ရွာချလိုက်၏။

"ကျွန်တော်မေးတာ ဖြေဦးလေဆရာ"

"ကြောက်ကြောက်နဲ့ပဲ အခွဲခံရတော့မှာပေါ့။ ဟိုအကြောင်းပြ၊ သည်အကြောင်းပြနဲ့ အချိန်တွေ မလိုအပ်ဘဲ ကြာသွားတာ ကိုထွန်းအောင်က မျက်စိရောဂါအကြောင်း လုံးချင်းရေးဖူးတော့ အတွင်းတိမ်ရဲ့ သဘောလက္ခဏာတွေ အကြောင်း ပြောပြပါလား။ ဖတ်တော့ ဖတ်ဖူးတယ်၊ မေ့နေပြီ။ အသက်ကြီးလာတာလည်း မကောင်းပါဘူး။ မှတ်ဉာဏ်တွေလည်း လျော့ရဲရဲဖြစ်လာတယ်"

"အင်ဖိုင်းမားတော့ မဖြစ်နိုင်သေးပါဘူး။ ဆရာရဲ့နိုင် ပြောခဲ့တဲ့စကားတွေ ကျွန်တော့်ခေါင်းထဲမှာ ပါးပါးလေး ကျန်နေသေးတယ်။ ဆရာသိချင်ရင်

ပြောရတာပေါ့။ ဒီလိုဆရာရယ်၊ အတွင်းတိမ်ရောဂါဆိုတာ မျက်စိမနီရဲ၊ ကိုက်ခဲမှု မရှိဘဲနဲ့ မသိမသာ တဖြည်းဖြည်းမှုန်တဲ့ ရောဂါပါ။ တစ်ခါတစ်လေ မျက်စိတစ်ဖက်တည်းမှာ ဖြစ်နေရင် တစ်ချို့တစ်လေ မသိတတ်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချို့က မွေးရာပါ မျက်စိတစ်ဖက်တည်း မှုန်နေတာမျိုးရှိတယ်။ အသက် ၅၀ကျော်တဲ့အထိကို မသိခဲ့ကြဘူး။ အဲဒီအထိ ဖြစ်ခဲ့ကြတယ်။ မျက်စိရဲ့ အမြင်အာရုံကို တစ်ဖက်ချင်းပိတ်ပြီးတော့ စမ်းသပ်ကြည့်ဖို့လိုတယ်။ တစ်ဖက်တည်းမြင်ရုံနဲ့ မရဘူး။ နှစ်ဖက်စလုံး ကွင်းကွင်းကွက်ကွက် မြင်ရသလားဆိုတာ သိနေဖို့ လိုတယ်လို့ ဆရာရဲက ကျွန်တော့်ကိုပြောဖူးတာ မှတ်မိသေးတယ်"ဟု ဆရာ့ပခုံးကိုတွန်း၍ ပြောလိုက်မိသည်။

"ကိုထွန်းအောင် လက်ဆောင်ပေးထားတဲ့ မျက်စိရောဂါအကြောင်း စာအုပ် အိမ်မှာရှိလျက်နဲ့ မျက်စိမှုန်ဝါးဝါး ဖြစ်နေတာနဲ့ မဖတ်ရသေးဘူး"

"မှုန်တယ်ဆိုတာမှာလည်း ဘယ်အတိုင်းအတာအထိ မှုန်လာသလဲ၊ ခါတိုင်း ဆယ်ပေလောက်နဲ့ မြင်ရတဲ့စာလုံးဟာ နှစ်ပေလောက် ရှေ့တိုးပြီး ကြည့်ရပြီဆိုရင် မှုန်လာပြီပေါ့။ အဲသလို တိုင်းတာလို့ ရတယ်လို့ ဆိုပါတယ် ဆရာ။ ဒါက မှုန်လာတဲ့ သဘောတရားပါ"

တစ်လမ်းလုံး ကိုယ်ကချည်း ဒိုင်ခံပြောလာသည်။

ခံတွင်းက ချဉ်လာသည်။ အိပ်ထဲပါလာသည့် ကွမ်းထုပ်ယူပြီး ကွမ်းတစ်ယာ ပါးစပ်ထဲ ငုံထားလိုက်၏။ ကားသမား ကားကို တိတ်ဆိတ်ငြိမ်သက်စွာ မောင်းနေ၏။ အသက်က သူဆီအပ်ထားတာလေ။

မိုးက မရွာချင်ရွာချင်နဲ့ ဖျောက်ဖျောက်ကြဲနေသည်။ မိုးက တစ်နေရာနဲ့ တစ်နေရာမတူ၊ ကွက်တိကွက်ကျား ရွာချင်တိုင်း ရွာနေသည်။

"လူတိုင်းလိုလို အများဆုံးဖြစ်တတ်တာ တစ်ခုရှိသေးတယ်။ ငယ်ငယ်တုန်းက အဝေးရော၊ အနီးရော ကောင်းတယ်။ အသက် ၄၀ ကျတော့ စာကြည့်မျက်မှန် တပ်ရတယ်။ ကျွန်တော့်လိုပေါ့။ တဖြည်းဖြည်း ပါဝါတွေ တိုးလာလိုက်တာ မျက်မှန်မပါရင် စာဖတ်လို့ကို မရတော့ဘူး။ ဆရာရော ကျွန်တော်ပါ အသက်အရွယ်ကြောင့် မျက်မှန်မပါရင် စာဖတ်လို့မရတော့ဘူး။ ဒါပေမဲ့ အတွင်းတိမ်ဖြစ်တဲ့ လူကျတော့ အခုတော့ မျက်စိအခြေအနေ ကောင်းတယ်ကွာ။ မျက်စိခွဲစိတ်ပြီးတော့တောင် စာဖတ်လို့ရတယ်ဆိုတဲ့ သဘောမျိုး တစ်ချို့လူတွေ ပြောတတ်ကြတယ်။ ဆရာလည်း ဟိုတုန်းက ပြောဖူးသားပဲ"

"ဒါကတော့ ဝမ်းသာစရာအနေနဲ့ ပြောမိတာပဲဗျာ"

"အဲဒါ ခက်တာပဲဆရာ၊ ဒါဟာ ဝမ်းသာစရာ မဟုတ်ဘူး။ မျက်စိထဲမှာ အတွင်းတိမ်မဖြစ်ခင် မျက်လုံးတွင်းမှာရှိတဲ့ မှန်ဘီလူးလေးက သိပ်သည်းဆ များလာတဲ့ သဘောပါ။ အဲဒါမျိုးဖြစ်ခဲ့ရင် အရင်တုန်းက အနီးလည်း မမှုန်ဘူး၊ အဝေးလည်း မမှုန်ဘူး၊ နောက်တော့ စာကြည့်မျက်မှန် တပ်ရတယ်။ ခုကျတော့ စာကြည့်မျက်မှန်ကိုချွတ်ပြီး ဒီအတိုင်းဖတ်လို့ ရတယ်ဆိုတဲ့ အရွယ်ရောက်လာပြီ ဆိုရင် အဲဒီအတွက်က အတွင်းတိမ်ကို သံသယဖြစ်စရာ အကြောင်းရှိလာပါ တယ်"

ပြောရင်းနှင့် ကွမ်းတံတွေးကို ကားတံခါးဝမှ ဗျစ်ကနဲ ထွေးထုတ်ပစ် လိုက်သည်။ ဆရာက မျက်ခမ်းများ စင်းကျနေသည်။ ဆရာက စကားပြောရင်း အိပ်တတ်သလိုဖြစ်သည်။

သူချည်းပြောရမည်ဆိုလျှင် ရထားလမ်းပေါ်က မီးရထားတွဲအတိုင်းပဲ။

"ဆရာတို့ပြောနေတာ နားထောင်ရတာ ဗဟုသုတတိုးတယ်။ မြေနီ ကုန်းမီးပွိုင့် ကျော်လာပြီ ဆရာရယ်၊ ဘယ်လမ်းကို ကွေ့ဝင်ရမှာလဲ"

ကားဆရာ၏ အသိပေးစကားကြောင့် ကျွန်တော်တို့ စကားကို ရပ်ပစ် လိုက်သည်။ ကားက ကားသမားပြောသလို အင်းစိန်လမ်းမကြီးပေါ်က မြေနီ ကုန်းမီးပွိုင့်ကို ကျော်ဖြတ်ခဲ့ပြီ။ သည်နေရာမှာ မိုးရွာထားပုံမရ။ တစ်လမ်းလုံး ခြောက်သွေ့နေသည်။

"မဟာမြိုင်ဆေးရုံ ဘေးလမ်းထဲ ကွေ့ဝင်လိုက်ပါ ကားဆရာ။ အဲဒီက နေ ပထမဆုံးတွေ့တဲ့လမ်းထဲ ထပ်ဝင်ရင် ကျန်းမာရေးပြတိုက်ရှေ့ ရောက်တယ်။ အဲဒါဆိုရပြီ။

ခဏနေကျတော့ "ကရုဏာ"ဟု အမည်ပေးထားသော ဆေးခန်းရှေ့သို့ ရောက်သွားသည်။ ဆရာက ထုံထိုင်းထိုင်းနှင့် ကားပေါ်ကဆင်းသည်။ အားမလို အားမရဖြင့် လက်တစ်ဖက်ဆွဲ၍ ဆေးခန်းထဲ ခေါ်ခဲ့ဖြစ်သည်။

(၃)

ဆေးခန်းအတွင်း ထင်ထားတာထက် လူပိုများနေသည်။ တစ်ချို့ခွဲပြီး သား၊ တစ်ချို့က ခုမှလာပြသည့် လူနာသစ်တွေ၊ အားလုံးလိုလို လူကြီးပိုင်းများ သည်။ မြန်မာပြည်မှာ အတွင်းတိမ်ဖြစ်နှုန်း များသည်။

သူနာပြု ဆရာမလေးထံ စာရင်းပေးသွင်းပြီး လူနာများအတွက် သီးသန့်ပြင်ဆင်ထားသော ခုံတန်းရှည်ပေါ် နှစ်ယောက်သား ဝင်ထိုင်ဖြစ်သည်။

ထိုင်နေသော အဘွားအိုက ခန္ဓာကိုယ်ကျုံ့ပေးသည်။

ဆရာနည်းနည်း ကြောက်လာပုံရသည်။ ညှိုးရင့်ရော် မျက်နှာဖြင့် နဖူးတွင် ချွေးသီးကလေးများ ဥနေ၍ လက်ကိုင်ပုဝါဖြင့် သုတ်နေသည်။ ကျွန်တော်တို့နှစ်ယောက် စကားပင်မပြောဖြစ်၊ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ ဆရာက ပါးစပ်တလှုပ်လှုပ်နှင့် ဘုရားစာရွတ်နေသည်။ မျက်စိခွဲရမယ်ဆိုတော့ သူခမျာ ကြောက်ရှာမပေါ့။

လူ့သဘာဝအရ ကြောက်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ တစ်နာရီကျော် စောင့်ပြီးမှ အလှည့်ကျသည်။ တံခါးကို တွန်းဝင်လိုက်သည်နှင့် သူမကိုတွေ့ရ၏။

"ဦးထွန်းအောင်ကြီး နေကောင်းရဲ့လား၊ မတွေ့ဖြစ်တာတောင် နှစ်အတော်ကြာပြီနော်။ စာအုပ်တွေလည်း တစ်မျိုးပြီးတစ်မျိုး ထွက်နေတာတွေ့ရတယ်၊ အားကျလိုက်တာ၊ ဝမ်းလည်းသာတယ်"တဲ့။

ဒေါက်တာမြကြာငုံက ဝမ်းသာအားရဖြင့် ဆီးကြိုပြောသည်။ သူမကို စာအုပ်လေးအုပ် လက်ဆောင်ပေးဖြစ်သွားသည်။ စာအုပ်လက်ဆောင်ရ၍ ပျော်သွားပုံလည်းရသည်။ သူမအပြုံးနောက်တွင် နွမ်းနယ်မှုများကို တွေ့ရ၏။ ဆရာဝန်ဆိုတာလည်း သွေးနဲ့သားနဲ့ပဲလေ။ သည်လောက်များတဲ့ လူနာတွေကို ကြည့်ပေးနေရတာ ပင်ပန်းရှာမှာပေါ့။

ခင်ပွန်း၊ သားနှင့်သမီးကိုပင် ဂရုစိုက်နိုင်ရဲ့လား။

မြကြာငုံကို ဆရာနှင့် မိတ်ဆက်ပေးသည်။ ဆရာ့ကလောင်ကို သူမသိနေ၏။ ဖျတ်လတ်တက်ကြွစွာ လူနာများအား စစ်ဆေးတတ်သည့် မျက်နှာက အမြဲချိုနေ၏။ ဆရာ့ကို သူမရှေ့ လူနာထိုင်ခုံတွင် ထိုင်စေပြီး မျက်စိအတွင်းပိုင်းကို သေချာစစ်ဆေးပေးသည်။ မျက်လုံးအမြင်အာရုံ အနီးအဝေးကိုလည်း အက္ခရာများဖြင့် စစ်သည်။ မေးခွန်းမျိုးစုံလည်း မေး၏။

ကိရိယာမျိုးစုံဖြင့် ဟိုနေရာထိုင်ခိုင်း၊ သည်နေရာရွှေ့ခိုင်းနှင့် စမ်းသပ်စစ်ဆေးပြီးမှ ဆေးစာအုပ်ပေါ် မှတ်ချက်ရေးသည်။ နားတွင်ပန်ထားသော စိန်နားကပ်လေးက ခန္ဓာကိုယ်ရွေ့ရှားတိုင်း တဖျတ်ဖျတ်နဲ့ လင်းလက်သွားတတ်၏။

"ဆရာရယ် . . . ခွဲမှဖြစ်တော့မယ်၊ နှစ်ဖက်လုံးပဲ"

"ဒါကြောင့် စာရေးဆရာကြီး မျက်လုံးမှုန်နေတာကိုး၊ . . . ဟိုး . . . "

ကျွန်တော်ဝင်ပြော၏။ မြကြာငုံက လက်ကာပြသည်။ ပြဿနာမရှိဘူး ဆိုသည့်သဘော၊ ဆီးချို ရှိ,မရှိ သွေးတိုး ရှိ,မရှိမေးသည်။

"ဦးထွန်းအောင်ရယ် မပူပါနဲ့၊ အားလုံး ကျွန်မတာဝန်ယူတယ်၊ ကိုယ့်အဖေအရွယ်ကို အလင်းဒါနပြုရတာ ပိုတောင်မြတ်သေး၊ ဆရာကြီးကသာ ခွဲမယ်၊ မခွဲဘူး ဆုံးဖြတ်ပါ"

"ဒီအတိုင်း နေလို့မရတော့ ကြောက်ပေမယ့် ခွဲရမှာပေါ့"

"ဒါဆို ရပါပြီ၊ ကျွန်မ ရှေ့အပတ် အဖွဲ့နဲ့ ရခိုင်ဘက်ကို ခရီးထွက်စရာရှိတယ်။ အဲဒီမတိုင်မီ ခွဲပေးသွားမယ်။ ဒီနေ့ ကြာသပတေးနော်၊ ဆရာ့ဘက်က အဆင်ပြေရင် လာမယ့်စနေနေ့ ခွဲပေးခဲ့မယ်။ ဘယ်အချိန် ဘာလုပ်ရမယ်ဆိုတာကို အသေးစိတ် ဆရာမလေး ညွှန်းပေးလိမ့်မယ်"

"ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ ဦးထက် အများကြီး အသက်ငယ်ပေမယ့် ပညာကို ဂုဏ်ပြုပါရစေ"

ဆရာက ရွှန်းဝေသောစကားဖြင့် လက်အုပ်ချီသည်။ မြကြာငုံ ကြောင်ငေးငေးဖြစ်သွား၏။ ကျွန်တော်က ဆရာ့လက်မောင်းကို ဖမ်းအုပ်ထားလိုက်သည်။

စကားဆိုတာ ပြောတိုင်းကောင်းတာမှ မဟုတ်တာ။

"အဲသလို မလုပ်ပါနဲ့၊ ကျွန်မ ငရဲကြီးနေပါမယ်"

ဆရာ့ကြည့်ရတာ မတိုင်းမသိ ဝမ်းသာသွားပုံရသည်။ စောစောပိုင်းကလို ညှိုးရော်ရော် ဖြစ်မနေတော့၊ မြကြာငုံက လူနာဆက်မကြည့်ဘဲ ကျွန်တော်နှင့် စကားပြောသည်။ မြကြာငုံကို ဇီဝကမဂ္ဂဇင်းတွင် ကျွန်တော် အင်တာဗျူးဖူးသည်။ သူကား ကျွန်တော့်အပေါ် ကျေးဇူးပြုဖူး၏။ ဒေါက်တာဦးရဲနိုင်ထံ ပို့ပေးမိတ်ဆက်ပေးခဲ့သူမှာ မြကြာငုံပင်ဖြစ်သည်။ သူမကြောင့် မျက်စိစာအုပ်ကို ရေးနိုင်ခဲ့သည်။

မြကြာငုံ ရသဝတ္ထုရေးကောင်းသူ ဖြစ်သော်လည်း ခုနောက်ပိုင်း သတင်းဆောင်းပါးချည်း အရေးများနေတာ တွေ့ရသည်။ နိုင်ငံအနှံ့လည်း ခရီးထွက်လျက် အလင်းအလှူ လုပ်နေသူပါ။

သူရေးပြီးသမျှ ဝတ္ထုကို ကျွန်တော့်ထံ လှမ်းပို့ပြီး လိုအပ်တာတချို့ ပြင်ဆင်တည်းဖြတ်ကာ မဂ္ဂဇင်းတိုက် အသီးသီးသို့ ပို့ပေးဖူးသည်။ ခင်မင်မှုက အခွန့်ရှည်စွာ။ လူချင်းမတွေ့ငြား ဖုန်းဖြင့်ရံဖန်ရံခါ ဆက်သွယ်စကားပြောဖြစ်သည်။

သူနာပြု ဆရာမလေးက ဆရာ့အား စနေနေ့အတွက် လိုအပ်သည်များ လမ်းညွှန်နေ၏။ ဆရာက လိုက်မှတ်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ကော်ဖီပဲဖြစ်ဖြစ်၊ အအေးလေးပဲဖြစ်ဖြစ် တစ်ခုခု သုံးဆောင်သွားပါလား။ ကျွန်မတို့ လူချင်းမတွေ့ရတာ အတော်ကြာပြီနော်။ ဟိုတစ်လောက MRTV - 4 မှာ ဦးထွန်းအောင်ရဲ့ အင်တာဗျူးတာ ကြည့်လိုက်ရတယ်။ ရခိုင်သံဝဲဝဲနဲ့ အပြောကတော့ ရှယ်ပဲ"

"မသောက်တော့ဘူး၊ စကားတွေအများကြီး ပြောချင်ပေမယ့် လူနာတွေကို အားနာတာနဲ့ပဲ မပြောတော့ဘူး၊ အပြင်မှာ လူနာတွေအများကြီး ကျန်နေသေးတယ်။ ဆောင်းပါးတွေချည်း ရေးမနေနဲ့ဦးလေ၊ ဝတ္ထုတွေရေးဦးမှပေါ့၊ ခုလိုကူညီတဲ့အတွက် ကျေးဇူးအများကြီးပါ၊ ဒီနေ့ကုသိုလ်တစ်ကျပ်မှာ ကျွန်တော်ကတစ်ပဲသား ပိုင်ဆိုင်ခွင့်ရသွားပြီ"

မြကြာငုံကို နှုတ်ဆက်ပြီး အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ဆရာက ကုပ်ချောင်းချောင်းနှင့် နောက်ကလိုက်လာသည်။ မွန်းကြပ်နေသမျှ အခန်းပြင်ရောက်မှ လေကိုတစ်ဝကြီး ရှူရှိုက်မိသည်။ ရင်ထဲပေါ့ပါးနေ၏။ စိတ်များလည်းလန်းဆန်းနေသည်။

အပြန်လမ်းတွင် ဆရာ့ခြေလှမ်းများ သွက်နေ၏။ ထိုညက ကျွန်တော်တို့နှစ်ယောက် မြေနီကုန်းတစ်နေရာတွင် ဘီယာသောက်ဖြစ်ကြသည်။ ပြောဖြစ်သည့်စကားများက တစ်ပုံတစ်ပင်။ လမ်းခွဲခါနီး တောင်းဆိုမှုတစ်ခု လုပ်သည်။

"ဆရာ့မျက်စိကိစ္စ အားလုံးပြီးသွားရင် ဂါရဝတရားနဲ့ မြန်မာပီပီ လက်ဆောင်တစ်ခုခု စီစဉ်ပြီး ဆရာဝန်မလေးကို ပေးလိုက်ပါ။ တန်ဖိုးက အရေးမကြီးပါဘူး"

"စိတ်ချ. . . စိတ်ချ၊ အလင်းသခင် ကျေးဇူးရှင်ပဲလေ"တဲ့။

(၄)

စနေနေ့ မနက် (၆)နာရီ

Town Ace ကားတစ်စီးဖြင့် အိမ်ကနေ လာခေါ်သည်။ ကားမောင်းသူက ဆရာ့သမက် ဗိုလ်မှူးကြီးဖြစ်သည်။ သမီးကြီးလည်း ပါလာသည်။ သမီးနှင့်သမက်အား ဆရာက ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။

အိပ်ရာက စောစောမထတတ်သူ ကျွန်တော့်အဖို့ ခေါင်းထဲတွင် မကြည်မလင် ဖြစ်နေ၏။ ညတုန်းက ဆရာမြတ်စိုး(လှိုင်)တို့ နှိပ်စက်ခြင်းလည်း

ပါသည်။ ရွှေအိုရောင် ရခိုင်ပုဆိုးနှင့် ခန့်ညားနေလိုက်တာ၊ လက်ရှည်ရှပ်အင်္ကျီ လည်ကတုံး အဖြူအပေါ် အဝါရောင်တိုက်ပုံအင်္ကျီ ထပ်ဝတ်ထားသည်။

မိုးကလည်း တစ်မနက်လုံး ရွာနေတော့ အေးနေရှာမှာပေါ့။

တစ်ခေါင်းလုံးလည်း နက်မှောင်နေသည်။ မျက်လုံးခွဲပြီးရင် တစ်လ ကိုးသီတင်း ခေါင်းမလျှော်ရ၊ ဆေးမဆိုးရပေ။ မျက်တောင်မွေးတောင် ရိတ်ထား သေး။ ဆရာ့မျက်နှာကြည့်ရတာ ပြောင်ချော်ချော်နှင့် သမက်ရှေ့မို့ထင်သည် ပုတီးလေး တကားကားနှင့် ငြိမ်သက်စွာနေသည်။

မိုးကလည်း သည်မနက်ကျမှ သည်းသည်းမဲမဲ ရွာနေ၏။

"ကိုထွန်းအောင်၊ မျက်လုံးခွဲရင် ထုံဆေးနဲ့ ခွဲတာလား၊ မေ့ဆေးနဲ့ ခွဲတာ လား"တဲ့ ဆရာကမေးသည်။

"အော် . . . ဆရာရယ်၊ ထုံဆေးလေးထိုးပြီး ခွဲတာပါ။ တစ်ချို့ကျတော့ ထုံဆေးမျက်စဉ်းပေါ့။ တစ်စက်ချင်းချပြီး ခွဲတယ်။ ကြာရင် ၁၀ မိနစ်ပေါ့။ ဘာလဲ ကြောက်နေလို့လား" တစ်ညလုံး ပုတီးမစိပ်ခဲ့ဘူးလား။

"ကြောက်ရင်လည်းပဲ၊ ခွဲရမှာပဲ မဟုတ်လား"

"ဒါပေါ့"

အသံတိတ်သွားသည်။ ကားက တာမွေဘက်ရောက်လာသည်။ မိုးကြီး ၍ တစ်လမ်းလုံး ရေလျှံနေသည်။ ကျောက်မြောင်း "သုခစ်" မျက်စိအထူးကု ဆေးခန်းရှေ့ရောက်တော့ သမီးငယ်နှင့် ဆရာ့ညီမနှစ်ယောက်ကို တွေ့ရပြန် သည်။

အုံနှင့်ကျင်းနှင့်ပါလား၊ ဆရာ အသည်းငယ်ပုံများ၊ အိမ်မှာ သားနှစ် ယောက်ဘဲ ကျန်တော့သည်။ မိသားစုသိုက်ဝန်းတော့ ဆရာအားရှိတာပေါ့။ ဖျော့တော့စွာ တွေးမိသေးသည်။ မျက်စိခွဲတာ နာမကျန်းတာလား။

စိတ်ထဲ ကြည်ကြည်လင်လင်မရှိ၊ ခေါင်းက နောက်ကျိပေမယ့် အားယူ တင်းထားရသည်။

ကားပေါ်ကဆင်းပြီး ဆေးခန်းထဲဝင်တော့ ကျွန်တော်အပါအဝင် ဆရာ့ဘေးတွင် လူ ၆ ယောက်က ဝိုင်းရံထားသည်။ လူတစ်ချို့က ကျွန်တော့်တို့ ကို လှမ်းကြည့်သည်။ အကဲပိုသည်ပေါ့။ လမ်းလျှောက်ဝင်ပုံကအစ ဆရာ နန်းဆန်နေသည်။ ဉာဏ်ဆိုးမပျောက်တာလား၊ ရွှေထီးဆောင်ခဲ့သည့် အတိတ်ကို ပြန်လှည့်ချင်လို့လား။

ဆရာ့ကို သွေးပေါင်ချိန်တိုင်းသည်။ ဆေးခန်းတွင် လိုအပ်သမျှကို ကျွန်တော်က လိုက်လုပ်ပေးပြီး ခွဲစိတ်ဖို့ အလှည့်ရောက်အောင် စောင့်ဆိုင်းရသည်။ လူနာတွေက တစ်သီတစ်တန်း၊ အားလုံးသော မျက်ဝန်းတွင် ကြောက်စိတ်ကိုယ်စီနှင့် ဆရာလည်း ကြောက်နေပုံရသည်။ ပါးစပ်တလှုပ်လှုပ်နှင့် ပုတီးကို တွင်တွင် စိပ်နေ၏။

တစ်ဦးကဝင်၊ တစ်ဦးကထွက်နှင့် ခွဲစိပ်ခန်းလေးက စည်ကားနေသည်။

ကျွန်တော် အသက် ၅၀ ကျော်ခဲ့ပါပြီ။ အနီးမှန်၊ အဝေးမှန်လည်းဖြစ်သော ကျွန်တော့်အဖို့ တစ်နေ့နေ့တွင်၊ ရှည်ရှည်လျားလျား မစဉ်းစားဖြစ်။ ၁၀ ယောက်မြောက် ခွဲစိတ်ခံရမည့်သူက ကျွန်တော့်ဆရာအလှည့်။

"ဦးမြင့်စိုး၊ နံပါတ် ၁၀ အသင့်ပြင်မယ်"

ဆေးခန်းအလုပ်သမားလေးက လှမ်းအော်သည်။ ဆရာ့ကို လက်တွဲ၍ ခွဲခန်းအထိ ကျွန်တော်လိုက်ပို့ဖြစ်၏။ ခွဲခန်းထဲ ဆရာရောက်သွားပြီးမှ ကျွန်တော် 'ဟင်း'ချနိုင်သည်။ ထိုနေ့က ကျွန်တော် လန်းဆန်းမနေပါ။ ဆရာ့မိသားစုသည် ခွဲစိပ်မှုအတွက် မည်သို့ခံစားနေရမှန်း မသိသော်လည်း ကျွန်တော့်ရင်ခုန်သံ မြန်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။

စိတ်ထဲမွန်းကြပ်နေ၍ ဟိုနားသည်နား လျှောက်ဖြစ်သည်။ ဆေးခန်းတွင် ပြထားသောတီဗွီကို တစ်ချက်တစ်ချက် လှမ်းကြည့်မိသည်မှအပ မျက်စိများ စင်းကျနေသည်။ ဆရာ့မိသားစုဝင် တစ်ဦးချင်းကို ဟိုအကြောင်း သည်အကြောင်း စကားစမြည်ပြောရင်း မငိုက်မိအောင် ကြိုးစားယူသည်။ ခဏနေ ဆရာ့သမီးငယ် ဘေးခုံပေါ်တွင် ဝင်ထိုင်မိသွားသည်။ ဗိုလ်မှူးကတော်ကလည်း ကျွန်တော့်ကို ခပ်လှမ်းလှမ်းမှ ပြုံးပြနေသည်။ ဗိုလ်မှူးကြီးက လက်ဖက်ရည်သောက်ဖို့ အပြင်ထွက်ရန် အချက်ပြသည်။ မိုးအေးအေးနှင့် အပြင်ထွက် လက်ဖက်ရည်သောက်ရမှာကို ဝန်လေး၍ ခေါင်းခါငြင်းမိသည်။ သူတို့မိသားစု ဆေးခန်းအပြင်သို့ ထွက်သွားသည်ကို မြင်လိုက်ရ၏။ ပျင်းပျင်းနှင့် သမီးငယ်နှင့် စကားပြောသည်။ ဘေးတွင် ဆရာ့ညီမနှစ်ယောက်လည်း ရှိသည်။

"သမီးငယ်နဲ့ မတွေ့တာတောင် အတော်ကြာပြီပဲ၊ သမီးနေကောင်းရဲ့လား၊ ရှေ့လျှောက်ဘာလုပ်ဖို့ ပြင်ဆင်ထားလဲ။ အစ်ကိုတွေကကော ဆိုးတုန်းပဲလား"

အဖေ့ကို ဂရုစိုက်နော်ဟု တိုးတိုးလေးပြောဖြစ်သည်။

"အန်ကယ်ကလည်း၊ သမီးက 'သန်း'ဆောက်လုပ်ရေး ကုမ္ပဏီမှာ

ကွန်ပျူတာစာရင်းကိုင် လုပ်နေတယ်လေ။ အဖေကြီး မပြောဘူးလား။ လစာကောင်းတယ် အနက်ကယ်၊ လုပ်တာ တစ်နှစ်တောင် ကျော်နေပြီ။ အဖေကြီးမျက်လုံးခွဲဖို့ သမီးတောင် အလှူငွေတစ်သိန်း ထည့်ဝင်သေးတယ်။ အဖေကြီးကလက်မခံဘူး။။ ဒီတစ်ဖက် အကြီးမအလှည့်တဲ့ နောက်တစ်ဖက်ကျမှ သမီးငယ်တာဝန်ယူရမယ်တဲ့လေ။ အစ်ကိုကြီးက ဆိုင်ရောင်းနေတယ်၊ အစ်ကိုလတ်ကတော့ စင်ကာပူက ပြန်ရောက်ကတည်းက ကိုယ်ပိုင်တက္ကစီ မောင်းခိုင်းထားတယ်။ အဖေက သုဝဏ္ဏတိုက်ခန်းကိုရောင်းပြီး ဝယ်ပေးလိုက်တာပါ။ အရင်လောက် မဆိုးပေမယ့် သောက်တာကတော့ သောက်တုန်းပါပဲ'

"ဩော်. . . ဟုတ်လား၊ အင်း . . . အင်း"

လူဆိုတာ မာယာများတတ်ကြတာပဲ၊ ဆရာ့အခြေအနေက ထင်ထားတာထက် ပိုအဆင်ပြေသည်။ ခေါင်းထဲဝင်လာသည့် အတွေးတစ်ခုနှင့် ဒေါက်တာမြကြာငုံကို မျက်နှာပြရမှာ ရှက်လာမိသည်။ မရှိဆင်းရဲတဲ့သူ တစ်ယောက်အတွက် နေရာတစ်ခု လပ်သွားသည်။ ပြုံးထေ့ထေ့လည်း ပြုံးဖြစ်သွား၏။ နောင်တရသလို အားမလို အားမရလည်း ခံစားလာရသည်။

ဘာပဲဖြစ်ဖြစ်၊ ကုသိုလ်ဖြူပဲ ဖြစ်ပါစေတော့။

"အပြင်ထွက်ဦးမယ်"ဟု သမီးငယ်ကိုပြောရင်း ဆေးခန်းရှေ့ကလက်ဖက်ရည်ဆိုင်တွင် တစ်ယောက်တည်း သွားထိုင်ဖြစ်သည်။ ဆေးလိပ်ကိုမီးညှိထားသော်လည်း မဖွာမရှိုက်မိ၊ လေးလံနေသော ဦးနှောက်က ပို၍အေးစက်သွားသည်။

ဘာကြောင့်လဲ. . . ဘာကြောင့်လဲ စဉ်းစားမရ ဖြစ်နေသေးသည်။

"ဟိုမှာ . . . ဟိုမှာ" အသံကြောင့် လှမ်းကြည့်တော့ ဆရာ့ကို မျက်စိတစ်ဖက်ကို ပလပ်စတစ်အကာလေးဖြင့် ဖုံးအုပ်ကာ မိသားစုခြွေရံကာ ဆေးခန်းထဲမှ ထွက်လာ၏။ အဝေးက လှမ်းမြင်နေသည်။ ထိုင်နေရာမှ ရုတ်တရက်ထရပ်ပြီး မပြေးရုံတမယ် ဆရာ့ဆီ ပြေးလျှောက်ရင်း ဆရာ့ကို နှုတ်ဆက်ကာလက်ဖဝါးလေးကို ဆုပ်ကိုင်ဖြစ်သည်။

ဆရာ့လက်များ အေးစက်နေ၏။ တုန်တုန်ယင်ယင်လည်း ဖြစ်နေသည်။

"ခွဲစိတ်မှုအားလုံး ကောင်းတယ်။ ဦးထွန်းအောင် မပါဘူးလား။ အပြင်မှာ ရှိတယ်ဆိုလို့၊ ဦးထွန်းအောင်ကြီးကိုတော့ အားနာစရာ ဖြစ်ကုန်ပြီလို့ ဆရာဝန်မလေးကတောင် ပြောသေးတယ်။ ကျေးဇူးပဲ ကိုထွန်းအောင်ရယ် ကျေးဇူးပဲ၊

ကျန်းမာ ချမ်းသာပါစေဗျာ”ဟု ဆရာဆုပေးသွားသည်။

ဆုပေးတိုင်းသာ ပြည့်ခဲ့ရင်. . .။

ဆရာတို့ကားနှင့် ကျွန်တော်ပြန်မလိုက်ဖို့ ဆုံးဖြတ်မိသည်။ ကားပွဲစား တန်းတွင် “ရိုးရာ”ထမင်းဆိုင် ဖွင့်ထားသော ကိုတင်အောင်စိုးဆီ ဝင်လည်ဖို့ စိတ်ကူးသည်။ ဆရာတို့မိသားစု လက်ပြနှုတ်ဆက်သွားကြ၏။ ကျွန်တော်တစ် ယောက်တည်း ကျန်ရစ်ခဲ့သည်။ ထွက်သွားသော ကားကိုကြည့်ရင်း သက်ပြင်း သဲ့သဲ့ကို လေးတွဲစွာ ကျွန်တော်ချဖြစ်သွားသည်။

(၅)

မျက်စိခွဲပြီးစ တစ်ပတ်တစ်ကြိမ် ပြန်စစ်ဆေးသည်။

ဆရာဆေးခန်းသွားပြတိုင်း ကျွန်တော်က လိုက်ပါရမြဲ၊ ဒေါက်တာ မြကြာင့်က ကျွန်တော့်ကို လိုက်ခဲ့ဖို့မှာသည်။ စကားပြောချင်ပုံ ရသည်။ စကား ဆို၍ ပြောသာပြောရသည်။ ရှည်ရှည်လျားလျား ပြောကြခြင်းမဟုတ်။ အချိန် ဆင်းရဲလွန်းသော မြကြာင့်ကို လူနာများသာ ပိုင်ဆိုင်သည်။ စကားစပ်သွား၍ ဆရာရဲ့နိုင်အကြောင်း၊ ပြောမိကြတော့ ‘လွမ်းလိုက်တာ ကိုထွန်းအောင်ရယ်’တဲ့။ သူမ မျက်ရည်ဝဲ့နေသည်။

သုံးကြိမ်လေးကြိမ်လောက်သာ လိုက်ပို့နိုင်၏။ နောက်ပိုင်း ကျွန်တော် မလိုက်ဖြစ်တော့။ အလုပ်ကိစ္စနှင့် နေပြည်တော်နှင့်ရန်ကုန် လွန်းပျံပြေးနေရ၍ ဖြစ်သည်။ သည်လိုနှင့် ဆရာ့ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။

တစ်လခန့်အကြာ ကျွန်တော့်ရုံးခန်းသို့ နေကာမျက်မှန် အနက်ကြီးကို ထယ်ဝါစွာတပ်ဆင်ပြီး ဆရာရောက်လာ၏။ ဝမ်းသာအားရ ကြိုဖြစ်သည်။ နေကောင်းရဲ့လား၊ မျက်စိအခြေအနေက ဘယ်လိုလဲ၊ ငယ်ငယ်တုန်းကလိုပဲ မြင်ရပြီတဲ့။

ကျွန်တော် ပီတိဖြစ်ရသေးသည်။

“ကိုထွန်းအောင်ကို ဝမ်းသာစကား ပြောရဦးမယ်။ စာပေဗဟိုက မျက်စိခွဲစိပ် ခံရတဲ့အတွက် ထောက်ပံ့ကြေးရတယ်။ ဦးအေးမောင်နဲ့ တစ်ခြား မိတ်ဆွေ နှစ်ယောက်သုံးယောက်ကလည်း တစ်ယောက်သုံးသောင်းစီ ကူညီကြ တယ်။ ပါရမီထူးပါတယ်။ တပည့်တွေကလည်း သတင်းမေး လာလိုက်ကြတာ၊ စားစရာတွေဆို သုံးမကုန်လို့ အိမ်နီးနားချင်းတွေကို ဝေရသေးတယ်။ အားလုံးကို

မေတ္တာပို့လိုက်ရတာ ကိုထွန်းအောင်နဲ့ ဆရာဝန်မလေးကျတော့ တစ်နေ့ ၃ကြိမ်ပဲ”

ရွှန်းဝေအောင် ပြောနေသည်။ သူ၏ အပျော်စီးကြောင်းများ ရင်ထဲ တိုးဝှေ့ငြိတွယ်လာသည်။ တကယ် မျက်စိပြန်မြင်သွားပြီဘဲ။

“ဩော်. . . ဝမ်းသာစရာပေါ့။ တစ်ခြားတစ်ဖက်ကိုတော့ ဘယ်တော့ ခွဲပေးမယ်တဲ့လဲ”

“တစ်လ၊ နှစ်လဆိုရင် ခွဲပေးမယ်လို့ပြောတယ်။ ကိုထွန်းအောင်ကို တောင် မေးနေသေးတယ်။ ကိုယ်က ထင်ရှားတဲ့ စာရေးဆရာဆိုတော့ ဆရာဝန် မလေးကလည်း တကယ်ကို ဂရုစိုက်ပါတယ်။ တကယ်ဆို ဆရာဝန်မလေးက ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါ”

ဆရာ့စကားကြောင့် စိတ်ထဲ ခုလုခုလုဖြစ်သွား၏။ ဆရာ့စာဖတ် ပရိသတ်တဲ့လား၊ တအင်းအင်းနှင့် ခေါင်းကို တွင်တွင်ညိတ်နေမိသည်။

“ဒါနဲ့ ဆရာရယ်၊ အစက ကျွန်တော်တို့ နားလည်မှု ယူထားသလို ဆရာဝန်မလေးကို လေးစားသမှုနဲ့ တစ်ခုခု တုံ့ပြန်ဖို့ ကောင်းပြီထင်တယ်”

ပြောမည်ဟု ရည်ရွယ်ချက် မရှိပေမယ့် ရုတ်တရက် ပြောဖြစ်သွား သည်။ ဆရာ့မျက်နှာ တည်သွား၏။ မျက်နှာလည်း ညိုးသွားသည်။ တွေတွေဝေ ဝေလည်း ဖြစ်သွားသည်။ ဆရာ့လိုပုဂ္ဂိုလ်မျိုး ပါးစပ်ထဲက မထင်မှတ်သော စကားတစ်ခွန်း ထွက်လာ၏။

“ကျန်တဲ့မျက်စိတစ်ဖက် ခွဲပြီးမှပဲ တစ်ပေါင်းတစ်စည်းတည်း ကန်တော့ လိုက်တော့မယ် ကိုထွန်းအောင်ရယ်”တဲ့။

“ဗျာ”ဟု စိတ်ထဲကနေ နားမလည်စွာ အကျယ်ကြီး အော်ဖြစ်သွား သည်။

ဇီဝကဆေးပညာမဂ္ဂဇင်း
၂၀၁၀ ခုနှစ်

ဟိန်းထက် စာစု

'အမေ့သားက တကယ့်ကို လူမိုက်ကြီးပါပဲလား'

အချစ်ဆုံးအမေသည် ကျွန်တော့်ကို ရံဖန်ရံခါ လူမိုက်၊ လူမိုက်ကလေး ဟု ခေါ်ပြောတတ်ပါသည်။ အစက သားတစ်ယောက်ကို အမေတစ်ဦးက ချစ်စနိုးဖြင့် ခေါ်နေသည့်အထင်ဖြင့် တဟဲဟဲနှင့် ကျေနပ်နေဖြစ်ခဲ့သည်။

ဘာကြောင့်များ လူမိုက်ကလေးဟု ကျွန်တော့်ကို အမေခဏခဏ ခေါ်နေပါလိမ့်။

အငြိမ်းစား ကျောင်းဆရာမကြီး တစ်ဦးဖြစ်သော အမေက လူမိုက် ကလေးခေါ်တိုင်း အဓိပ္ပာယ်ဖော်ရန်ခက်သော အပြုံးလေး လင်းလက်နေတတ်သည်။

ပဟေဠိဆန်သော အမေးပုစ္ဆာများ ပါဝင်နေမှန်း အမေ့သားဖြစ်သည့် ကျွန်တော်က အလိုလိုနေရင်း စိတ်ကနေ ခံစားသိနေပါသည်။

အဖြေက ဘာရယ်မှန်းတော့ ခွဲခွဲခြားခြား ကျွန်တော်မသိတာ အမှန်ပါ။ အမေ့တွင် သောကစိတ်၊ စိုးရိမ်စိတ်၊ တောင့်တပူပင်စိတ်တွေ ပါးလွှာနေပြီး အချိန်တိုင်း တရားဓမ္မဖြင့်သာ ပျော်မွေ့နေခြင်းကြောင့်လားမသိ။ အမေ့မျက်ဝန်းကိုမြင်တိုင်း ကျွန်တော့်ရင်မှာ ချမ်းမြေ့ရပါသည်။





အမေ့မျက်လုံးများက အရွယ်နှင့်မလိုက်အောင် ဝင်းလဲ့တောက်ပနေတတ်သလို အမေ့မျက်နှာ၊ အမေ့အပြုံးများသည် ပကတိ ချိုချိုအေးအေး ရှိနေတတ်ပါသည်။ အမေ့စကားသံများလည်း ချိုလွင်ကြည်အေး ရသစုံတတ်သည်။

အမေ့ဘဝ အေးချမ်းလိုက်တာ။ အမေ့လိုဘဝမျိုး ကျွန်တော်လည်း ရယူခံစားချင်သည်။ ကျွန်တော့်တွင် လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေ ရောပွမ်းနေသလားမသိ။ သောကစိတ်၊ စိုးရိမ်စိတ်တို့ဖြင့် အမြဲပူလောင်နေတတ်သလို အလုပ်ထဲ အဆင်မပြေသော နေ့ရက်များဆို ကျွန်တော့်မျက်နှာ မှုန်သုန်နေတတ်ပါသည်။ ပင်ကိုစကားနည်းသော ကျွန်တော့်ဗီဇကြောင့် အိမ်ရှေ့ဧည့်ခန်းက ပက်လက်ကုလားထိုင်တွင် တစ်ယောက်တည်း ထွက်ထိုင်ရင်း တောင်စဉ်ရေမရတွေးကာ တအင်းအင်းနှင့် သက်ပြင်းနာနာ ချမိသည်။

အလိုမကျမှုတွေ၊ ရင်ထဲက မွန်းကျပ်မှုတွေကို ရင်ဖွင့်စကားဆိုမည်ကြံတိုင်းလည်း ညီပြုာအနားတွင် အမေက ရှိနေတတ်သည်။ အမေသည် ကလေးများကို အိပ်ရာဝင်ခါနီးတိုင်း ပုံတိုပတ်စများ ပြောမြဲဖြစ်သည်။ မြေး၊ ချွေးမနှင့် အမေက တီးတိုးစကားပြောကာ ပျော်ရွှင်နေလေ ကျွန်တော့်မှာ တစ်ယောက်တည်း အနေခက်လေ ဖြစ်နေတတ်သည်။

'လူမိုက်ကလေး. . . ဒီလောက်တောင် ဘာဖြစ်လို့ တစ်ယောက်တည်း ဒေါသတွေ ထွက်နေရတာလဲ'

'ဟာဗျာ. . . အမေကလည်း'

အမေသည် ပြောပြောဆိုဆိုနှင့် ကျွန်တော့်ကို ပြုံးပြုံးကြည့်ပြီး အိမ်ခန်းထဲသို့ ဝင်သွားတတ်သည်။ ကျွန်တော့်အဖြစ်ကိုကြည့်၍ ညီပြုာက ပြုံးသည်။ သားနှင့်သမီးက ဝါးဟားဟားလုပ်သည်။ ကျွန်တော့်မှာ ငိုရခက်၊ ရယ်ရခက်နှင့်။

အမေက အသက် ၇၀ ကျော်လာခဲ့ပြီ။

ဇရာကြောင့်ပြောင်းလဲသွားသော ရုပ်လက္ခဏာ သွင်ပြင်တစ်ချို့မှလွဲ၍ ကျွန်တော့်အမေ ခါးမကိုင်းသေး၊ နားမလေးသေး၊ မျက်လုံးအမြင်လည်း ကြည်လင်နေဆဲ ရှိပါသေးသည်။ ဘာသာရေး၊ လူမှုရေး၊ သာသနာရေး လုပ်ငန်းများတွင် သွက်လက်စွာ သွားလာလှုပ်ရှားနေဆဲပင် ရှိသေးသည်။

အမေသည် ဥပုသ်နေ့တိုင်း ရွာလယ်က ဓမ္မာရုံတွင် ဝတ်ရွတ်နိုင်သေးသည်။

အမေ့အရွယ် မိန်းမကြီးအချို့ ဒူးနာ၊ ခါးကိုက်၊ သွေးတိုး၊ လေငန်း၊ ဆီးချို ဝေဒနာတစ်ခုခုကြောင့် ဆေးရုံ ဆေးခန်း ဆရာဝန်များနှင့် ကူးလူးဆက်ဆံ

နေရသည်။ အမေက ပုတီးတစ်ကုံးဖြင့် ငြိမ်းချမ်းနေသည်။ ဝေဒနာရှိလေသည် ပင် မထင်ရ။

ဘုရားကို ဖက်၍များ အမေအသက်ရှည်ပြီး အနာမဲ့နေတာလား။

အသားအရေတွေ စိုပြည်ပြီး အမြဲတမ်း လန်းဆန်းနေတတ်သော အမေ က သနပ်ခါးကို အထူးနှစ်သက်စွဲလမ်းသည်။ သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်း ၍ မွှေးမွှေးကြိုင်ကြိုင်လည်း နေတတ်ပါသည်။ အမေ့နားရောက်တိုင်း သနပ်ခါး ရနံ့က ဆီးကြိုနေတတ်သည်။

သနပ်ခါးလိမ်းသည်မှာ လှချင်ပချင်၍တော့ ဟုတ်ဟန်မတူ။ ကိုယ်နံ့ ပျောက်ရုံ၊ ကျန်းမာရုံသက်သက်ဖြစ်ကြောင်း ကျွန်တော် နားလည်ပါသည်။

ကျောင်းဆရာမ ဘဝတစ်လျှောက် အသင်အပြကောင်းခဲ့သော အမေ၊ ဘဝတူ ဆရာ၊ ဆရာမများ၏ လေးစားချစ်ခင်ခြင်း အားကိုးမှုကို ခံခဲ့ရသော ကျွန်တော်တို့အမေ၊ များစွာသော တပည့်တပန်းများကို လူကောင်းလူမွန် ဘဝသို့ ရောက်အောင် သွန်သင်ဆုံးမနိုင်ခဲ့သော အမေသည် သားတစ်ယောက်ဖြစ်သော ကျွန်တော့်ကိုကျတော့ ဘာကြောင့်များ လူမိုက်ဟု ခေါ်နေပါလိမ့်။

အမေ့လေသံကိုမှီးပြီး သမီးနှင့်သားကပင် 'ဖေဖေလူမိုက်ကြီး ပြန်လာ ပြီ'ဟု မတိုးမကျယ် ပြောဆိုသံပင် ကြားနေရပါပြီ။ ဘယ်လောက်ထိများ လိပ်ပြာ မလုံစရာ ကောင်းသလဲ အမေရယ်။ သားကို လူမိုက်လို့ မခေါ်ပါနဲ့။

အချိန်တွေ ကြာလာသည်နှင့်အမျှ အမေဝှက်ထားသော ပုစ္ဆာအပေါ် တွေးမရ၊ အဖြေညှိမရနှင့် အမေ့အပေါ် အားမလို အားမရစိတ်များ ကျွန်တော့် ရင်ထဲတွင် အစိုင်အခဲသဖွယ် တစတစ နေရာယူလာတော့သည်။ သည်အတွက် ဝန်ထုပ်ဝန်ပိုးကြီး ထမ်းပိုးထားရသလို မချင့်မရဲဖြစ်နေ၏။

တကယ်ဆို ကျွန်တော်သည် ခြောက်ပြစ်ကင်း သဲလဲစင် လူလိမ္မာကြီး တစ်ဦး မဟုတ်သည့်တိုင် လူမိုက်ဟု ခေါ်တွင်လောက်အောင်ထိ ဆိုးသွမ်းရမ်း ကားမှု မရှိသေးပါ။

အမေ့ကို လျှောက်လှဲချက် ပေးချင်နေပါသည်။

စီးပွားရေးလောကတွင် ကျက်စားနေသူမို့ လုပ်ဖော်ကိုင်ဖက် အချို့ဖြင့် မလွဲမရှောင်သာ တစ်ခါတစ်ရံ ဘီယာချို့ တစ်ခွက်တစ်ဖလား သောက်စားမိ သည်ကလွဲ၍ အရက်ကို ခင်မင်တွယ်တာ စွဲစွဲလန်းလန်း မသောက်ခဲ့ဖူးပါ။ လောင်းကစားနှင့် မိန်းမဆို ဝေးလာဝေး။ ကိုယ်ကျင့်သိက္ခာ ပျက်ပြားစေမည့် အပြုအမူမျိုး အမေ့ကွယ်ရာရော၊ အမေ့ရှေ့တွင်ပါ တစ်ကြိမ်တစ်ခါမျှ မလုပ်ခဲ့ဖူး

ပါ။

သို့ပါလျက် အမေသည် ဘာကြောင့်များ ကျွန်တော့်ကို လူမိုက်ဟု ခေါ်နေပါလိမ့်။ တွေးမိတိုင်း၊ စဉ်းစားမိတိုင်း ကျွန်တော့်ရင်ထဲ ပူလောင်နေပါသည်။

အမေ့သားကြီး ကျွန်တော့်အစ်ကိုသည် လမ်းတံတား မီးရထားအင်ဂျင်နီယာ တစ်ဦးဖြစ်ပြီး ဇနီးသည်ကလည်း လက်ဖျားငွေသီးသည့် ခွဲစိပ်အထူးကုဆရာဝန်ကြီး တစ်ဦးဖြစ်သည်။ သားနှစ်ယောက်လုံး အရွယ်ရောက်ပြီး တစ်ဦးက စင်ကာပူတွင် ပညာသွားသင်နေသည်။

အငယ်ကောင်က မကြာခင် ဆရာဝန်ဖြစ်တော့မည်။ အစစပြည့်စုံသော အစ်ကိုတို့ရဲ့ မိသားစုဘဝလေးက ပျော်ရွှင်မှုအတိပင် ဖြစ်သည်။ ထင်လည်း ထင်ပေါ်၊ ကျော်လည်း ကျော်ကြားသည်။

အစ်ကိုက နဂိုကတည်းက လူပျော်တစ်ဦးဖြစ်ပြီး အပေါင်းအသင်းစုံမက်ခင်တွယ်သည်။ အခုနောက်ပိုင်း ညနေတိုင်းလိုလို အရက်သောက်လာသည်။ အရက်ကို စွဲမှန်းမသိ အစ်ကို စွဲသွားသည်။

မျက်စိအောက်တွင်ပင် အရက်၏ ကျေးကျွန်ဖြစ်သွားသော အစ်ကိုသည် အလုပ်ခွင်တွင်လည်း ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ရတော့သည်။ စိတ်ညစ်လေ အရက်သောက်လေ၊ အရက်သောက်လေ အမှားတွေက တစ်ခုပြီးတစ်ခု ထပ်တွေ့လေနှင့် သံသရာလည်နေတော့သည်။

အရက်မူးလျှင် နဂိုအေးသလောက် သွေးကဆိုးချင်သည်။ အရက်အလွန်အကျွံမူးပြီး အိမ်ရှိလူတိုင်းကို သောင်းကျန်းတိုင်း သားငယ်က အမေ့ကိုလာခေါ်သည်။ အမေနှင့်အတူ ကျွန်တော်လည်း ကသောကမျောနှင့် အစ်ကို့အိမ်သို့ ရောက်သွားသည်။

အိမ်ထဲဝင်သည်နှင့် အရက်နံ့က ထောင်းခနဲထလျက် ဆဲဆိုသံကလည်း သောသောညံနေတတ်သည်။

အမေသည် အစ်ကို့ကို ချော့တစ်ခါ ခြောက်တစ်လှည့် ဆိုဆုံးမသည်။ အမေ့ရှေ့တွင် အစ်ကိုသည် ကလေးတစ်ယောက်လို မထုံတက်သေး လုပ်နေသည်။ အစ်ကို့ရုပ်သွင်က တစ်နေ့တစ်ခြား လူလုံးမလှတော့။ မျက်နှာက ပါးဖောင်းဖောင်းဖြင့် ဖောသွပ်နေသည်။

အစ်ကို့ကိုကြည့်၍ ကျွန်တော့်ရင်ထဲမှ နာလာသည်။

အရက်ကို ဘုရားလှူခဲ့ပေါင်းလည်း မနည်းတော့။

'အမေ့ချွေးမ အရင်နဲ့ လုံးဝမတူတော့ဘူး အမေ။ သူ့လုပ်စာ ထိုင်ဖြုန်း

နေတယ်ဆိုပြီး သားကို ဂရုမစိုက်တော့ဘူး။ အမေ့မြေးကိုလည်း သားနဲ့ဝေးအောင် နိုင်ငံခြားပို့ထားတယ်'

သူ့အချစ်ဆုံးသားကို နိုင်ငံခြားပို့ထားသည့်အတွက် အစ်ကို ခံစားရပုံပေါက်သည်။

'သားရယ် သူလည်း မိသားစုနောင်ရေးအတွက် တစ်ပိုင်တစ်နိုင် စီးပွားရှာနေတာပဲဥစ္စာ။ ဒါကို အပြစ်မြင်လို့ ဘယ်ဖြစ်မလဲ။ မြေးကို နိုင်ငံခြားပို့ခဲ့တာလည်း သားပဲ စီမံခဲ့တာလေ'

'မဟုတ်ဘူး အမေ. . . အမေ မသိဘူးနော်'

ပြောရင်းနှင့် အစ်ကို ချုံးပွဲချငိုသည်။ အမေက ကျောသပ်ရင်သပ်ချော့မော့သည်။ အစ်ကို မူးမူးနှင့် အိပ်ပျော်ချိန်မှ အမေနှင့် ကျွန်တော် အိမ်ပြန်ရတတ်သည်။ မရီးက အစ်ကို၏ ဆိုးကွက်၊ ဟာကွက်များကို ရင်ဖွင့်ပြသည်။ အစ်ကိုတစ်ယောက် မရီးပြောသလို စိတ်တွေပုံမှန်မှ ဟုတ်ရဲ့လားလို့။

အမေများသိလျှင် ဘယ်လောက်များ ရင်နာလိုက်ပါ့မလဲ။

အပြန်လမ်းတွင် အမေသည် သက်ပြင်းတဟင်းဟင်းချရင်း. . .

'သားကြီးတစ်ယောက်တော့ အမေ့မျက်နှာကို အိုးမည်းသုတ်နေပြီ။ သူဘယ်အသက်အရွယ်အထိ မိုက်တွင်းနက်ဦးမလဲ မသိဘူး။ သားဖေတွေကြောင့် သံယောဇဉ်မီးတွေ အမေ့ရင်ထဲမှာ တောက်လောင်နေဆဲပါလား သားရယ်။ ဒီမီးခဲတွေ အမေကိုယ်တိုင် ငြိမ်းမှဖြစ်တော့မယ်ဟု ကျွန်တော့်ကို တိုက်ရိုက်ပြောသလိုနှင့် အမေ ညည်းတွားစကားဆိုသည်။ အမေ့မျက်နှာ မရွှင်မလန်းနှင့် ညှိုးရော်နေသည်။

အေးချမ်းတဲ့ အမေ့ရင်ထဲ အပူမီးတွေ တောက်လောင်နေဆဲပါလား။

အမေ ညည်းတွားသံကြားတိုင်း ကျွန်တော်က အသံထွက်အောင် ရယ်ဖြစ်သည်။

'အမေ့သားက လူမိုက်ဆိုပေမယ့် သားကြီးလိုတော့ မိုက်တွင်းမနက်သေးလို့ တော်သေးတာပေါ့။ လူဆိုတာ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာ၊ ကိုယ့်မိသားစုဆွေမျိုး မိတ်သဟာတွေရဲ့ မျက်နှာကိုတော့ ငဲ့တတ်ရဦးမှာပေါ့။ အမေ့သားကြီးကို ပညာတတ်ဖြစ်အောင်၊ အရာရှိကြီး တစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်လာခဲ့တာတွေက ဒီလိုမိုက်တွင်းနက်ဖို့မှ မဟုတ်တာ။ သားအဖေသာ ရှိသေးရင် မြင်ယောင်သေးတယ်။ ထားဝယ်ကြိမ်နဲ့ တရွှမ်းရွှမ်း ရိုက်ဦးမှာ. . .'

'အင်း. . . အဖေကြီးရယ်။ ရှင့်သားနှစ်ယောက်လုံး လူမိုက်တွေချည်းပဲ'

အမေသည် အဖေ့ကို တမ်းတရင်း ဝမ်းနည်းစကားဆိုသည်။ အဖေလည်း အမေ့လို ပညာရေးဝန်ထမ်း တစ်ဦးပင်ဖြစ်သည်။ ကိုယ်ကျင့်သိက္ခာနှင့် စည်းကမ်းကို ဘုရားထက် ကိုးကွယ်သည်။ ကျွန်တော်လည်း အဖေ့ကို သတိရသွားသည်။ အဖေသည် သားသမီးသုံးယောက်ကို ပညာတတ်တွေဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သည်။

'အမေ့သားကြီးကျတော့ မိုက်တွင်းနက်သလဲ၊ ဘာလဲနဲ့ သားကိုကျတော့ လူမိုက်လို့ ဘာကြောင့်ခေါ်နေရတာလဲ အမေရယ်။ သားက ကိုကို့လို မိုက်တွင်းမနက်ပါဘူး။ အမေက သားကို လူမိုက်လို့ တစ်ခွန်းခေါ်တိုင်း သားရင်ထဲမှာ ခံစားရလွန်းလို့ပါ'

ထိုသို့ အမေ့ကို ကျွန်တော် မေးပြောပြောတိုင်း အမေသည် ကျွန်တော့်ဆီကို ဆိုနေကျ စကားတစ်ခွန်းဖြင့်သာ အမြဲလိုလို တုံ့ပြန်တတ်သည်။ ခုလုခုလုဖြစ်စရာစကား။

'အဖြေက သားတစ်နေ့ သိလာမှာပါတဲ့'လေ။

xxx

ညိုပြာနှင့် ကျွန်တော် အိမ်ထောင်သက်တစ်လျှောက် သည်တစ်ကြိမ်သာ ခွန်းကြီးခွန်းငယ် ပြောဆိုကာ စကားများရန်ဖြစ်သည်။ သမီးကြီး ခုနစ်တန်းရောက်တော့ အတန်းထဲတွင် ပထမရသည်။ သမီးကြီး ဆုယူအခမ်းအနားသို့ ကျွန်တော်တို့ နှစ်ယောက်စလုံးတက်ဖို့ ကြိုးစားပြင်ဆင်ထားသည်။

ဘာကိစ္စပဲ ပေါ်လာပေါ်လာ မဖြစ်မနေ လိုက်ခဲ့မည်ဟု ညိုပြာ့ကို ကတိစကား ဆိုထားမိသည်။ ကံဆိုးချင်တာလား၊ ပြဿနာဖြစ်ချင်တာလားတော့ မသိ။ တိုက်တိုက်ဆိုင်ဆိုင် ဆုယူမယ့်မနက်ကျတော့ အလုပ်တွင် ပြဿနာပေါ်၍ တပည့်တစ်ယောက် လာခေါ်သည်။ သေးသေးမွှားမွှားကိစ္စ မဟုတ်တော့ ကျွန်တော်ကိုယ်တိုင် သွားခဲ့ရသည်။

'ညိုပြာရယ် အခြေအနေကတော့ မကောင်းဘူး။ အချိန်ကျလို့မှ ရောက်မလာခဲ့ရင်တော့ အမေ့ကို အဖော်လုပ်ပြီး သွားလိုက်တော့။ တတ်နိုင်သမျှတော့ အရောက်ပြန်ခဲ့မယ်'

ညိုပြာ့မျက်နှာ မည်းနေသည်။ သမီးမျက်နှာ ပျက်သွားသည်။ အမေ သက်ပြင်းသဲ့သဲ့ ရှိုက်သည်။

အလုပ်ထဲရောက်သွားတော့ ပြဿနာက မီးခိုးကြွက်လျှောက် တစ်နေ

ကုန်ဖြေရှင်းရင်း မိုးချုပ်မှ အိမ်ပြန်ရောက်လာသည်။

လူတစ်ကိုယ်လုံးလည်း နွမ်းခွေနေသည်။ တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသလို နာကျင်နေတော့ ရမ်နှစ်ပက်ကို သည်အတိုင်း မျိုချဖြစ်သွားသည်။ ညီပြာက တဗျစ်တောက်တောက်နှင့် မကျေမချမ်း စကားဆိုသည်။ အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြသော်လည်း စကားကရပ်မသွား။ နားကပူ၊ စိတ်ကရှုပ်သည်။ မခံနိုင်သည့်အဆုံး စိတ်လွတ်ကိုယ်လွတ်ဖြင့် စားပွဲကို ပိတ်ကန်ဖြစ်သွားသည်။

ရုတ်ခြည်း ရန်ပွဲက ပွက်ပွက်ညံသွားသည်။ သားနှင့်သမီးကငို၊ ညီပြာကအော်နှင့် အိမ်ရှေ့ဘုရားစင်တွင် ဘုရားရှိခိုးနေသော အမေ့ထံ အိမ်တွင်းမီးက ရုတ်ခြည်း ကူးစက်လောင်ကျွမ်းသွားသည်။

'မင်းတို့တွေ မရှက်ပေမယ့် အမေတော့ရှက်တယ်။ အမေ့အိမ်မှာ ဆူသံ၊ အော်သံ မကြားချင်ဘူး။ အေးချမ်းပြီး မေတ္တာဓာတ်ပဲ လိုချင်တယ်။ သားရယ် မိုက်လုံးကြီးလိုက်တာ။ နူးညံ့သိမ်မွေ့တဲ့ အမူအရာတွေ အမေ့သားဆီက ဘယ်တော့မြင်ရမလဲကွယ်'

အမေ့စကားကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံး အသံတိတ်သွားသည်။ ထိုနေ့မှစ၍ အမေသည် ကျွန်တော့်ကို လူမိုက်ကြီး၊ လူမိုက်လေးဟု ခေါ်ပြောတော့သည်။

လူမိုက်၊ လူမိုက်ကလေးဟူသော စကားလုံး သုံးလေးလုံးက ကျွန်တော့်အကြားအာရုံထဲ အမြဲတစေ ရိုက်ခတ်နေတတ်သည်။ လူမိုက်ဟု တစ်ခွန်းအခေါ်ခံရတိုင်းလည်း ကျွန်တော့်မှာ နေမထိ၊ ထိုင်မထိ တစ်ကိုယ်လုံး အေးစက်သွားသလိုလည်း ခံစားရသည်။

ကျွန်တော်ကား လူပျိုပေါက်အရွယ် မနူးမနပ် လူငယ်လေးတစ်ယောက် မဟုတ်ဘဲ အသက်ပင် လေးဆယ်ကျော်ခဲ့ပါပြီ။ အရပ်ထဲ၊ အလုပ်ခွင်ထဲ လူကြီးတစ်ယောက်လို ဆက်ဆံခံနေရသော်လည်း အမေ့ရှေ့ရောက်လျှင် ကျွန်တော်သည် ပိစိကွေးလေး ပြန်ပြန်ဖြစ်သွားရသည်။ အမေသည် ကျွန်တော့်ကို ကလေးဆိုးကြီး တစ်ယောက်လို သဘောထား နေလေရော့လားမသိ။

လင်နဲ့မယား၊ လျှာနဲ့သွားလို အခိုက်အတန့် တစ်ကြိမ်တစ်ခါ စကားများ ရန်ဖြစ်ရုံဖြင့် ကျွန်တော့်ကို လူမိုက်ဟု အမေမခေါ်သင့်ပါ။ သည်အကြောင်းရင်း တစ်ခုတည်းဖြင့် အမေ ကျွန်တော့်ကို လူမိုက်ဟု ခေါ်နေခြင်း မဟုတ်မှန်းတော့ ကျွန်တော့်စိတ်ထဲက အလိုလိုသိနေပါသည်။

အဖေထားရစ်ခဲ့သော အိမ်ဝိုင်းလေးတွင် အမေနှင့်အတူ ကျွန်တော်တို့ မိသားစုနေသည်။ သည်အိမ်လေးမှာပဲ ကျွန်တော့်ကို မွေးဖွားခဲ့သလို ကျွန်တော့် သမီးနှင့် သားကိုပါ မွေးဖွားစေသည်။ အစ်မနှင့်အစ်ကို အိမ်ထောင်ပြုပြီး ကိုယ့်အိုးကိုယ့်အိမ် ထူထောင်သွားကြသည်။ အငယ်ဆုံးသားဖြစ်သော ကျွန်တော် က အမေနှင့်အတူ နေထိုင်ခြင်းဖြစ်သည်။

'အတောင်အလက်စုံတော့ မိဘရင်ခွင်ထဲက ပျံထွက်သွားကြတာ ဓမ္မ တာပဲလေ။ တစ်နေ့ကျရင် သားလည်းပဲ အမေ့ကို တစ်ယောက်တည်း ထားခဲ့ဦး မှာပါ'

အမေ့ဆန္ဒအတိုင်း အဖေခေါင်းချသွားသည့် ခြံဝိုင်းလေးတွင် အမေက ရိုးမြေကျ နေသွားမည်ဟုပြောသည်။ အမေ ပင်စင်ယူပြီးနောက်ပိုင်း ကိုယ်ပိုင် လုပ်ငန်းတစ်ခုကို ကျွန်တော် ထူထောင်ဖြစ်သည်။ စက်မှုလုပ်ငန်းကို ကျွန်တော် ဝါသနာပါသည်။ အမေက အစဉ်အလာအတိုင်း တစ်ခြားသော သားသမီးနည်း တူ နိုင်ငံ့ဝန်ထမ်း လုပ်စေချင်သည်။

အမေ့ဆန္ဒကို ဆန့်ကျင်၍ ကိုယ်ပိုင်လုပ်ငန်းကိုပဲ ကျွန်တော်လုပ်ဖြစ် သည်။ အမေ သဘောမတူသော်လည်း မဟန့်တားခဲ့ပါ။ ဝါသနာကို အခြေခံ သော လုပ်ငန်းကြောင့်လား မသိပါ။ လေးငါးနှစ်အတွင်း ကျွန်တော့်လုပ်ငန်း ကလေးသည် အရှိန်အဟုန်ဖြင့် အောင်မြင်မှုရလာသည်။ ကျွန်တော်၏ ဝင်ငွေ ကလေးဖြင့် အမေ့ကို အရိုးသားဆုံး လုပ်ကျွေးသမှု ပြုခဲ့ပါသည်။

ကျွန်တော်တို့ပိုင် တိုက်ခန်းလေးကို လူငှားတင်ထားနိုင်သည်။ ဆီဦး ထောပတ် မကျွေးနိုင်သည့်တိုင် ထမင်းနှစ်နပ်ကို မကြောင့်မကြ မတောင့်မတဘဲ စားစေနိုင်ခဲ့သည်။ အမေသည် အလှူအတန်း လက်နှင့်မကွာ နေတတ်သူဖြစ် သည်။ အမေ့ ပင်စင်လစာကလေးသည် အမေ့ဒါန ကုသိုလ်ပွားစရာ ကုသိုလ် ထုပ်ကြီး ဖြစ်စေခဲ့သည်။

အမေ့ကို အစ်ကိုနှင့် အစ်မက သူတို့ထံ တစ်လှည့်လာနေဖို့ မကြာခဏ ခေါ်တတ်သည်။ အမေက ခြံဝိုင်းလေးပေါ် သံယောဇဉ်ကြီးမားသလို ခြံထဲရှိ သစ်ပင်ပန်းပင်တွေအပေါ်လည်း တွယ်တာသည်။ ခြံထဲရှိ အပင်တိုင်းနီးပါးသည် အဖေနှင့် အမေကိုယ်တိုင် စိုက်ပျိုးခဲ့သော အပင်များဖြစ်သည်။ အမေ့အတွက် အမှတ်ရစရာ မမေ့နိုင်သော အကြောင်းခြင်းရာများလည်း ရှိဟန်တူသည်။

မတတ်သာ၍ တစ်ပတ်ဆယ်ရက် သွားနေတော့လည်း အမေပျော်ဟန် မတူ။

'တိုက်ပေါ်နေရတာထက်စာရင် မြေကြီးပေါ် လမ်းလျှောက်နေရတာက ပိုပြီးကျန်းမာရေးနဲ့ညီတယ် သားရယ်။ ပတ်ဝန်းကျင်က လူတွေကလည်း တစ်ထီးတစ်နန်းနေကြတော့ အမေဖြင့် ပျင်းလိုက်တာ။ ဘာပဲပြောပြော ကိုယ့်ခြံကိုယ့်ဝန်းနဲ့ ကိုယ့်ပတ်ဝန်းကျင်သာ အကောင်းဆုံးပဲ'

အမေက ညည်းညူစကားဆိုသည်။ အမေသည် အရပ်ထဲတွင် ဟိုအိမ်သည်အိမ် ဝင်ထွက်သွားလာတတ်သလို အမေ့ဆီကိုလည်း ပတ်ဝန်းကျင်က လူတွေ စကားစမြည် လာပြောတတ်သည်။ ရုံးပိတ်ရက်ရောက်တိုင်း ကျွန်တော်တို့ခြံဝိုင်းလေးထဲတွင် အမြဲလိုလို စည်ကားနေတတ်သည်။ သားတွေ၊ မြေးတွေဖြင့် အမေသည် ပျော်မြူးနေတတ်သည်။ မြေးတွေကို တစ်ခုခု ချက်ပြုတ်ကျွေးမွေးရင်း အဖေ့အကြောင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြနေတတ်သည်။

အမေ၏ နေ့စဉ်အလုပ်တွင် ခြံဝင်းအတွင်းရှိ သစ်ပင်အားလုံးကို ရေလောင်းခြင်းလည်း ပါသည်။ သစ်ပင်လေးတွေ လန်းဆန်းနေတာ၊ ပန်းလေးတွေ ပွင့်ဖူးနေတာတွေ့လျှင် အမေက ပျော်သည်။ အမေသည် ခြံဝင်းအတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တရားမှတ်နေတတ်သည်။

သည်အေးချမ်းသော အမေ့ဘဝထဲတွင် လွန်ခဲ့သော တစ်နှစ်ကျော်မှစ၍ အပူမီး စတင်လောင်ကျွမ်းတော့သည်။ အစ်ကို့ကြောင့် အမေ စိတ်ဆင်းရဲရသည်မှာ ကြာပြီ။ အမေက ဘယ်လိုတားတား၊ အစ်ကိုက ပေကပ်ကပ်နှင့်။ ကြာတော့ အရက်သမားကြီးလုံးလုံး ဖြစ်သွားသည်။

သည်အစ်ကိုတစ်ယောက် အသက်မှ ပိုရှည်နိုင်ပါ့မလား။

အမေသည် အစ်ကိုနှင့်ပတ်သက်၍ စိတ်စနိုးစနောင့် ဖြစ်ရတိုင်း အဖေ့ဓာတ်ပုံရှေ့တွင် ငူငူကြီး ရပ်နေတတ်သည်။ မျက်လုံးတွင် မျက်ရည်များသည် စို့နေတတ်သည်။ တကယ်တမ်းလည်း အစ်ကို့အဖြစ်က ယူကျုံးမရ ဝမ်းနည်းကြေကွဲစရာ ကောင်းသည်။

အမေသည် အစ်ကိုတစ်ယောက် သည်မျှဆိုးတေ ပေတူးလိမ့်မည်ဟု မည်သည့်အခါမျှ မျှော်လင့်ခဲ့ဟန် မတူပေ။

ကံကြမ္မာကို ရိုးမယ်ဖွဲ့ရမလို ဖြစ်နေသည်။

ကျွန်တော်နှင့်နေသမျှ အမေ့တွင် သောကကင်းသည်ဟု ဆိုနိုင်သည်။ သိုက်သိုက်ဝန်းဝန်းနေတတ်သော ကျွန်တော့်အပေါ် အမေက လူမိုက်ဟုခေါ် နိုင်းသုံးစွဲနေသည်မှာ အဘယ်ကြောင့်ပါနည်း။ သည်ကိစ္စ ရှင်းရှင်းလင်းလင်း အမေ ပြောပြစေချင်သည်။

ကျွန်တော်သည် စကားကို ချိုအေးစွာ မပြောတတ်သူဖြစ်သည်။ ပြဿနာကို ဒေါသဖြင့်လည်း ဖြေရှင်းတတ်သည်။ လူကိုပေါင်းလျှင် ပါးစပ်နှင့်မပေါင်းဖော်ဘဲ ရင်နှင့်သာ ပေါင်းတတ်ခြင်းကြောင့်လား။ သည်းခံခွင့်လွှတ် အနစ်နာခံပေါင်းဖော်သော်လည်း မကြိုက်တာကို မကြိုက်ဟု ပြောဆိုတတ်သော စရိုက်ကြောင့်လား။

လောကတွင် သစ္စာရှိ၍ ရိုးသားခြင်းသည်သာ အမွန်မြတ်ဆုံးဟု အမေပြောဖူးသည်။ စီးပွားရေးလောကသားတွေ ဆိုကတည်းက အပြင်ပန်း ဟုတ်မလိုလိုနှင့် လက်သီးပုန်း ခုတ်တတ်သူများသည်။ မပြိုင်ချင်ဘဲ ပြိုင်ရသည်။ မိမိကရိုးရိုးစင်းစင်းသမား။ ကိုယ်မှန်ရင် ဘယ်သူ့ကိုမဆို မျက်နှာချိုမသွေးတတ်တော့ တစ်ခါတလေ ကိုးရိုးကားယားနိုင်သည့် အဖြစ်မျိုးလည်း ကြုံဖူးပါသည်။

တကယ်တမ်း လူတစ်ယောက်၏ ဗီဇဆိုတာ ပြင်ရခက်သည်။ ဒါကြောင့် အမေက ကျွန်တော့်ကို လူမိုက်ဟု တင်စားခေါ်ရခြင်းလား လူမှုဘဝ၊ လူ့အသိုင်းအဝိုင်းတွင် မိသားစု စားဝတ်နေရေးအတွက် ဘာမဆို ကောင်းကောင်းဆိုးဆိုး ရင်ဆိုင်ရဲသမျှ လူမိုက်ဟုခေါ်သော အမေ့စကားကိုဖြင့် ကျွန်တော် မကြားလိုသည်မှာ ကြာခဲ့ပါပြီ။

သို့တိုင် အမေသည် ယနေ့တိုင် ကျွန်တော့်ကို လူမိုက်ဟု ခေါ်နေဆဲသာ ရှိသေးသည်။

×××

လောကကြီးတွင် ပညာဘယ်လောက်တတ်တတ်၊ ရာထူးမည်မျှပဲကြီးကြီး၊ ပစ္စည်းဥစ္စာတွေ ကျိကျိတက် ချမ်းသာချင် ချမ်းသာနေပါစေ။ လူလူချင်းထောက်ထားညှာတာမှု မေတ္တာတရား မထားဘဲ လစ်ရင်လစ်သလို လူညွန့်ခူးစားချင်ပြီး လူစိတ်ကင်းမဲ့နေရင်တော့ ဒီလူဟာ အလကားလူပဲ။

အမေက တစ်ခါတလေ စိတ်လိုလက်ရ ပြောပြတတ်သည်။

အမေ့ဘဝအတွေ့အကြုံ ရင့်ကျက်လွန်းသော အမေ့ပြောစကားများသည် ကျွန်တော့်အဖို့ အဘိဓာန်သဖွယ် ယူချင်လို့ကတော့ ဒဿနတွေချည်းဖြစ်သည်။ အမေပြောသလို လူဖြစ်ပြီး လူ၏အဓိပ္ပာယ်ကို နားမလည်တဲ့ လူတွေသည် သည်ခေတ် သည်ကာလတွင် အတော်များသည်။

ကတိနှင့်သစ္စာ၊ ရိုးသားခြင်းကို မြတ်နိုးသော ကျွန်တော်။ ကတိမတည်၊ သစ္စာမဲ့သော လူတစ်ဦးနှင့် လမ်းခွဲတော့မည်ဆိုလျှင် အဲဒီလူကြောင့် ငွေကြေး

သိန်းသန်းကုဋေ ရဦးမည်ဆိုလျှင်တောင် နောက်လှည့်မကြည့်ဘဲ ကျောခိုင်းတတ်သည့် ဗိုဇ ဆိုးကိုမူ ကျွန်တော်ပိုင်ဆိုင်ကြောင်း ဝန်ခံရပေမည်။

စကားကို တိုတုတ်စွာ ပြောတတ်သော အမူအကျင့်သည်ပင် ပြောစရာ ဖြစ်နေသည်။ ကျွန်တော့်မျက်နှာနှင့် အမူအရာများကလည်း ခပ်တည်တည်ကြီးရယ်။ တင်းသလိုလိုနှင့် ပြုံးရယ်မှုနည်းတော့ အကြောင်းမသိသူများက တစ်မျိုး ထင်သွားတတ်သည်။ အမေမွေးထားပေးသော သည်မျက်နှာကလည်း ပြင်ရခက်သည်။ အပြုအမူနှင့် ကိုယ်ပိုင် စရိုက်လက္ခဏာကို ပြုပြင်ဖို့လည်း ကျွန်တော် မကြိုးစားဖြစ်ပါ။ မိမွေးတိုင်း၊ ဖမွေးတိုင်း ရှိစေချင်ပါသည်။

■
အမေမွေးထားပေးသော
သည်မျက်နှာကလည်း
ပြင်ရခက်သည်။
အပြုအမူနှင့် ကိုယ်ပိုင်
စရိုက်လက္ခဏာကို ပြုပြင်ဖို့လည်း
ကျွန်တော် မကြိုးစားဖြစ်ပါ။
■

ဟန်ဆောင်မှုနည်းတော့ ကျွန်တော့်ရင် လွတ်လပ်နေတတ်သည်။

လုပ်ငန်းလေးတည်ထောင်ခါစ အပြောကောင်း၊ အဆိုကောင်းသူတချို့ကြောင့် ယုံမှား၍ ဆုံးရှုံးမှုများလည်း ကြုံခဲ့ဖူးသည်။ ပထမတော့ ပြဿနာရပ်တိုင်းကို ဟောဟောဒိုင်းဒိုင်း ဖြေရှင်းမိသော်လည်း ခုနောက်ပိုင်း အနည်းငယ်ပျော့ပျောင်းလာသည်။

ကိုယ့်ဘက်က မခံရအောင်လည်း ကာကွယ်နေတတ်ပါပြီ။

အရာရာကို ဆုံးရှုံးနစ်နာမှုများစွာဖြင့် ရင်းတည်ကာ ခိုင်မာမှုအတွက် အလေးထားပြီး လုပ်နေရတော့ ကျွန်တော်နှင့် ညီပြာက မျက်နှာချင်း ဆုံမိသည်နှင့် တကျက်ကျက်။ ညီပြာက ကျွန်တော့်ကို မိသားစုနှင့် အချိန်ပေးနေစေချင်သည်။

ကျွန်တော်က အလုပ်ထဲတွင် ဘဝတစ်ခုလုံး နှစ်ထားမိသည်။ မနက်စောစောသွား၊ ညကျတော့ ရှစ်နာရီလောက်မှပြန်လာ။ တဖြည်းဖြည်းနှင့် မိသားစုနှင့် မသိမသာ ကင်းဝေးလာသည်။ သည်အတွက်လည်း မပူပင်မိ။ နောက်ဆံက အေးနေသည်။

အမေ အိမ်တွင်ရှိနေသမျှ ကျွန်တော်တို့မိသားစု ဘဝလုံခြုံမှု ရှိသည်။

'လင်ကိုယ်မယားဖြစ်ကတည်းက ဘုရားတက်၊ ကျောင်းသွား၊ အလှူ

မင်္ဂလာ အတူတူသွားရတယ်လို့ တစ်ခါမှ မရှိပါဘူးတော်။ လောကမှာ ငွေရှိတိုင်း အရာရာပြည့်စုံနေပြီလို့ ရှင်ထင်နေသလား။ လောဘကြီးလိုက်တာတော်။ ကလေးတွေကိုလည်း ဖခင်မေတ္တာဆိုတာလေးလည်း နည်းနည်းပါးပါး ဝေမျှပါဦး'

ညိုပြာက အလိုမကျတိုင်း မိသားစုအတွက် အချိန်မပေးနိုင်ရကောင်းလားဆိုပြီး ပွစိပွစိလုပ်သည်။

'အမေရှိနေသမျှ ကိုယ်ကတော့ မပူဘူး။ ကိုယ်အပင်ပန်းခံနေတာ ကိုယ်တစ်ယောက်တည်း ကောင်းစားဖို့မှ မဟုတ်တာ။ အားလုံးအတွက် နောင်ရေးအေးဖို့ချည်းပဲ။ ခုခေတ်က ငွေခေတ်၊ ငွေမရှိလို့ကတော့ ဘာမှသုံးမရဘူး။ ညိုပဲတစ်ချိန်လုံး ညည်းနေတာ မဟုတ်လား။ ဟိုဈေးက တက်သွားပြီ၊ ဒီဈေးက တက်သွားပြီနဲ့။ တက်နေတဲ့ ကုန်ဈေးနှုန်းနဲ့အမှီ လိုက်နေနိုင်၊ စားနေနိုင်ဖို့ ကြိုးစားတာ ကိုယ့်အပြစ်လား'

'ညိုတို့ကတော့ ချမ်းသာတဲ့ သူဌေးတစ်ဦးရဲ့ ဇနီးမယား မဖြစ်ချင်ပါဘူး။ ချစ်ခင်ကြင်နာတတ်တဲ့၊ သားမှန်း သမီးမှန်းသိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဇနီးမယားပဲ ဖြစ်ချင်တယ်'

မိန်းမက မိန်းမလိုပဲ မဲ့ကာရွဲ့ကာဖြင့် ပြန်ပြောတတ်သည်။

'ငွေကြေးရှာတာ ကိုယ်တစ်ယောက်တည်းအတွက်ပဲ မဟုတ်ဘူးနော်။ သားရှာတဲ့ငွေကို သားနဲ့ပတ်သက်တဲ့လူတိုင်း အားလုံးဝိုင်းစားကြမှာပဲ။ ဒါပေမဲ့ ခံစရာရှိရင်တော့ သားတစ်ယောက်တည်းပဲနော်။ သတိထားပါသားရယ်'တဲ့။

အမေ အမြဲလိုလို သတိပေးသည်။ ဘယ်သူက ဘာပြောပြော ကျွန်တော်ကတော့ ပုံမှန်ပါပဲ။ အလုပ်ကိုလည်း ပင်ပင်ပန်းပန်း လုပ်နေဆဲ။ အိမ်ပြန်ချိန်လည်း နောက်ကျနေဆဲပင်။ ကျွန်တော်အာရုံစိုက် အလေးထားနေသည်မှာ အမေခေါ်နေသည့် လူမိုက်ဆိုသည့် စကားလုံးပင်။

လူမိုက်ဆိုသောစကားစုကို အဖြေရှာရင်း အိပ်မပျော်သည့်ညတွေလည်း ကြုံဖူးပါသည်။ အိပ်ရင်းတန်းလန်း လန့်နိုးမိသည့် ညမျိုးလည်း ကြုံဖူးသည်။

'ရှင့်ကို ချစ်လွန်းလို့ ချစ်စနိုးနဲ့ အမေက ခေါ်နေတာပါ။ အမေ့မေတ္တာတွေကို ညို ဘာတစ်ခုမှ စောဒကတက်စရာ အကြောင်းမရှိပါဘူး။ အဲဒီကြားထဲ ညိုတို့နဲ့ပဲ တစ်သက်တာ အတူနေတာကြည့်။ ရှင့်ကိုလည်း ဒီဘဝရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ပြီ။ သားနဲ့သမီးဆိုလည်း အဘွားမှအဘွား။ အမေကိုတောင် တောင်တွေး၊ မြောက်တွေးနဲ့ စိတ်နဲ့တောင် မပြစ်မှားပါနဲ့ ကိုရယ်'

'ဟုတ်ပါတယ်။ အမေ့စေတနာ၊ အမေ့မေတ္တာတွေကို ညို့လိုပဲ ကိုယ်လည်း ဘာတစ်ခုမှ စောဒကတက်စရာ အကြောင်းမရှိပါဘူး။ အကြွင်းမဲ့ ယုံကြည်မြတ်နိုးလေးစားပါတယ်။ **အမေဟာ ကိုယ့်ဘဝပါပဲ။** တစ်ခုပဲ ရင်ထဲမှာ မကောင်းဖြစ်နေတာ။ အမေက ဘာဖြစ်လို့ **ကိုယ့်ကို လူမိုက်လို့ ခေါ်နေတာလဲ။** ဒါလေးပဲ သိချင်တယ်။ အကြောင်းမဲ့တော့ **အမေက မခေါ်မပြောဘူး။ ညို့ကိုရော** အမေက ပြောပြသေးလား'

'မပြောပါဘူးတော်၊ ရှင်ကလည်း ရှင်ပဲလေ။ လူမိုက်ဆိုတဲ့ဘွဲ့နဲ့ ထိုက်လို့ခေါ်နေတာပေါ့ရှင့်။ ဒါကိုများ စကားထဲ ထည့်ပြောနေရသေးတယ်'

ညိုပြာ့စကားကြောင့် အောင့်သက်သက်နှင့် ပိုတောင်အခံရ ဆိုးသွားသည်။

ညိုပြာက အမေ့အပေါ် သံယောဇဉ်ကြီးသူ ဖြစ်သည်။ ညိုက တစ်ကောင်ကြွက်၊ တစ်မျက်နှာ။ မိဘနှစ်ပါးစလုံး စောစောစီးစီး လူ့လောကထဲက ထွက်သွားကြပြီ။ အမေ့ကိုသာ မိဘအမှတ်နှင့် ပြုစုစောင့်ရှောက်သည်။ အမေကလည်း ညိုပြာ့အပေါ် ပိုမေတ္တာထားသည်။

'ဒါနဲ့ ရှင့်ကိုပြောရဦးမယ်။ ရှင့်အစ်ကိုကြီးအိမ်လည်း သွားလိုက်ပါဦး။ အစ်ကိုကြီးမှာ အသည်းတစ်ခြမ်းပဲ ကျန်တယ်ဆိုလား မသိဘူး။ ခုတစ်လော အမေ့မျက်နှာ သိပ်မကောင်းဘူး'

'ကိုယ်သိပါတယ်ညို။ အစ်ကို လောကကြီးမှာ အကြာကြီး မနေရတော့ဘူး။ မနေ့ကပဲ ဆေးရုံကို ရောက်သွားလို့ ဟိုကပြောလိုက်တယ်'

သမီးကြီး ဆယ်တန်းအောင်သည့်နေ့ ကျွန်တော်တို့ မျှော်လင့်ထားသလို အစ်ကိုတစ်ယောက် အသည်းကင်ဆာဖြင့် ဆေးရုံတွင် ဆုံးသွားသည်။

အစ်ကိုဆုံးတော့ အစ်ကို့အသက်က ၅၃ နှစ်ပဲ ရှိသေးသည်။

ဆေးရုံပေါ် အစ်ကိုကြီးဆုံးကြောင်း အမေ့ကို အသိပေးတော့ အမေက

'အေးလေ ဒီလောက်သောက်နေမှတော့ အမေ့သားကို သေမင်းက မျက်စိကျတော့မှာပေါ့'တဲ့။

အမေက သည်စကားတစ်ခွန်းတည်းသာ ပြောသည်။

မျက်နှာလေး ညှိုးညှိုးငယ်ငယ် ဖြစ်သွားသည်မှအပ အမေငိုလည်းမငို။ ရှိုက်လည်း မရှိုက်ခဲ့ပါ။ မိသားစုအားလုံး ဝမ်းနည်းကြေကွဲစွာ ငိုနေချိန်တွင် အမေသည် ရီဝေသောမျက်လုံးဖြင့် တစ်နေရာရာကို စိုက်ကြည့်နေတတ်ပါသည်။

အမေ့အသည်းနှလုံး ဤမျှမာကျောလိမ့်မည်၊ အေးစက်လိမ့်မည်ဟု

ကျွန်တော့်တစ်သက်နှင့်တစ်ကိုယ် မမျှော်လင့်ခဲ့ဖူးပါ။ အစ်ကိုဆုံးပြီး အမေ့အရယ်အပြုံးများ နည်းသွားသည်။

အမေတစ်ယောက် ကျိတ်များ ကြေကွဲနေသလား။

အမေ့သက်ပြင်းရှိုက်သံက ပို၍ အကြိမ်ရေများမှန်းတော့ သတိထားမိသည်။ အစ်ကိုဆုံး၍ တစ်လပြည့် ရက်လည်ဆွမ်းကျွေးအပြီး အမေသည် ကျွန်တော်တို့ ဘဝထဲက အပြီးအပိုင် ထွက်သွားခဲ့သည်။

မည်သူမှ တားချိန်မရလိုက်။

သည်မျှအထိ စောစောစီးစီး အမေတစ်ယောက် ကျွန်တော်တို့အား ခွဲခွာသွားမည်ဟု မျှော်လင့်မထားတော့ တစ်အိမ်လုံး တိတ်ဆိတ်သွားတော့သည်။

အမေ့အသံ၊ အမေ့ခြေရာ၊ အမေ့ရဲ့ သနပ်ခါးရနံ့၊ အမေခေါ်နေကျ လူမိုက်ဟူသော စကားအားလုံး ဆိတ်သုဉ်းသွားခဲ့ပြီ။

သည်တော့ ရင်ထဲဆို့နင့်စွာ အမေ့အကြောင်းတွေး၍ ရင်ထဲက နာကျင်ခံခက် ဖြစ်နေပါတော့သည်။ ယူကျုံးမရ ဝမ်းနည်းကြေကွဲမှုလည်း ဖြစ်ရပါသည်။

×××

အစ်ကို ဆုံးပါးချိန်တွင် အမေ၏ ဂရုစိုက်မှု ပိုရလာသည်။

သို့သော်. . . လူမိုက်လေးဟု ခေါ်လေ့ရှိသော အမေ့အသုံးနှုန်းက ပိုစိပ်လာသည်။ ကျွန်တော် စိတ်မကောင်းမိ။

ကျွန်တော့် အစ်ကိုနှင့်စာလျှင် ကျွန်တော်က ပညာနည်း၏။ သည်အတွက် လူမိုက်ဟု ခေါ်လေသလား။ အတန်းပညာဖြင့် သတ်မှတ်ပိုင်းဖြတ်လျှင် ကျွန်တော် မိုက်သည်ဆိုခြင်းကို လက်ခံပါသည်။

ကျွန်တော်က အစ်ကို့လို ဘွဲ့ရပညာတွေ တစ်သီကြီးရ၊ အရာရှိကြီးမှ မဟုတ်ပဲကိုး။

ဓနငွေကြေးချမ်းသာမှုတွင်လည်း ကျွန်တော် အစ်ကို့ကိုမမှီပါ။ မိသားစုဘဝတိုးတက်အောင် ကြံဆောင်နိုင်မှုတွင်လည်း ကျွန်တော်မမှီပါ။ သို့ဖြစ်၍ လူမိုက်ဟု အမေ သတ်မှတ်သည်ဆိုလျှင် ကျွန်တော်လက်ခံပါသည်။ ကျွန်တော်နှင့် ကျွန်တော့်မိသားစုဘဝ ခိုင်မာရေးအတွက် ခွန်အား၊ ဉာဏ်အားတွေ တပင်တပန်း စိုက်ထုတ်ရှာဖွေရသည် မဟုတ်လား. . . ။

သို့သော်. . . ကျွန်တော်သည် အမေ သဘောမကျသော သေရည်သေ

ရက်ကို မသောက်ပါ။ ညှော်ခံပွဲနှင့်ကြုံလျှင် အပေါင်းအသင်းစုံလျှင် ဘီယာ အပျော့စား သောက်ရုံသာရှိသော ကျွန်တော့်ကို ဘယ်သူကမှ အရက်သမားဟု မသတ်မှတ်။ သတ်မှတ်နိုင်သည့် အနေအထားရောက်အောင်လည်း ကျွန်တော် မပြုမူ။

အရက်သောက်စားမှုနှင့် ပတ်သက်၍ အစ်ကိုကြီးအတွက် အမေစိတ် ဆင်းရဲသည်။ မိသားစုကြား မကြာခဏ ဝင်ရှင်းရသည်။ အရက်မသောက်ဖို့ အတန်တန် ဆုံးမပြား အစ်ကိုကြီးက မနာခံ။ အမေပြောလျှင် လင်းတကြီး မှိုင်းမိသလို ငိုင်ငိုင်တွေတွေ နားထောင်သည်ကလွဲ၍ မနာယူတတ်။ အရက် ကြောင့် အစ်ကို့ဘဝ ပျက်စီးခဲ့ရသည်။ အသက်ပင် ဆုံးရှုံးခဲ့ရသည်။

သေသောက်ကျူးသည့် အစ်ကိုကြီးကို လူမိုက်ဟု တစ်ခါဖူးမှ မခေါ် သော်လည်း ကျွန်တော့်ကို အမေက လူမိုက်ဘွဲ့ပေးထားသည်။

မလိမ္မာသည့် သားသမီးကို ချစ်အားပိုတတ်သည့် မိခင်တို့၏ သဘာဝ အတိုင်း အမေက ကျွန်တော့်ကို ချစ်မြတ်နိုးပုံတော့ရသည်။ ကျွန်တော်နှင့် တစ်သက်လုံး အတူနေသည်။ မရှိအတူ၊ ရှိအတူ အေးအတူ ပူအမျှနေသည်။ အမေ့မေတ္တာကို ကျွန်တော် နားလည်ပါသည်။ သို့ဖြစ်၍လည်း အမေ့အပေါ် ပြုစုမှု မလစ်ဟင်းရအောင် ကျွန်တော် အစဉ်ကြိုးစားသည်။

ကျွန်တော့်ဘဝတွင် ဦးထိပ်ထားအပ်သော ပုဂ္ဂိုလ်မှာ အမေသာလျှင် ဖြစ်သည်ဟု ကျွန်တော် ခံယူထားသည်။ သို့ဖြစ်၍လည်း အမေ့ကို အိမ်ဦးခန်းမှာ ကျကျနနထားသည်။ တရိုတသေ ဆက်ဆံသည်။ စားဦးစားဖျား ကျွေးသည်။ အမေကျန်းမာအောင်၊ အမေအသက်ရှည်အောင်၊ အမေစိတ်ကြည်လင်အောင် အမြဲဂရုစိုက်သည်။ သို့ပါလျက် အမေဘာကို အလိုမကျသည်မသိ။ လူမိုက်လေး ဟုသာ ခေါ်ဝေါ်တတ်သည်။

လူမိုက်ဟု အမေသုံးနှုန်းသည့်အတွက် ကျွန်တော်စိတ်မဆိုးပါ။ မငြို ငြင်ပါ။ သို့သော် ရင်ထဲကတော့ မကောင်း။ ငါ့သားက လိမ္မာတယ်၊ သိတတ် တယ်ဟု ချီးကျူးခြင်းကို အဖိုးအနဂ္ဃထိုက်သော ရတနာထုပ် ရသည့်အလား တင်စားသည်။ အမေ့ထံက သည်ဆုကို အမြဲတောင့်တနေပြား ကျွန်တော်မရ။ မထိုက်တန်သည့်နှယ်များ ထင်လေသလား အမေရယ်. . . ။

လောကတွင် လူတစ်လုံး၊ သူတစ်လုံး နေနိုင်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းနေရ၍ ပင်ပန်းလှသည်၊ ကိုယ်ပန်းတော့ စိတ်မလန်း။ သည်တော့ အမြဲသုန်မှုန်နေတတ်ပြီး ရုံဖန်ရံခါ ဒေါသဖြစ် ပေါက်ကွဲတတ်သော

အကျင့်လည်း ရှိလာသည်။ သည်အမူအရာနှင့် သည်အကျင့်တွေကြောင့် ကျွန်တော့်ကို လူမိုက်လေးဟု အမေခေါ်လေသလားမသိ။

ခုတော့ လူမိုက်လေးဟု ခေါ်တတ်သော အမေက ကျွန်တော့်ကို ပစ်ထားခဲ့ပြီး ကျွန်တော့်အပါးက ရှောင်ထွက်သွားခဲ့ပြီ။ လူမိုက်လေးဟုပင် ခေါ်မည့်သူ မရှိ တော့။ သည်အခါ အမေ့ထံက လူမိုက်လေးဟူသော အသံကို ကြားချင်နေသေးသည်။

အမေရယ်. . . သားကို လူမိုက်လေးလို့ ခေါ်စမ်းပါဦး။ သည်အသံလေး တစ်ရံမပြတ် ကြားခွင့်ပြုပါဦး။ သည်အရသာကို ချိုမြိန်တဲ့ ရသတစ်ခုအဖြစ် ခံစားပါရစေဦး။

ကျွန်တော် တောင့်တောင့်တတ ဆိုမိပေမယ့် စကားဆိုမည့် အမေက ကျွန်တော့်နားမှာ မရှိတော့ပါပေ။

×××

နေခြည်နုနုတွင် ရွှေရောင်ဝင်းပနေသော မိုးကောင်းစေတီကြီးဘေး တောရဓမ္မစခန်းတွင် တရားဓမ္မသံ၊ ကြေးစည်သံ လွင့်ပျံ့နေရုံကလွဲ၍ ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည်သာ ကုသိုလ်ယူ၍ အပြစ်ကင်းသော ပျော်ရွှင်မှုကို ခံစားဖြစ်ပေါ်လာစေသည်။ ခေါ်တော့ ကေသာရာညာဏ်တဲ့ ဆရာ တော်ကိုယ်တိုင်ပေးတဲ့ ဘွဲ့နာမည်။

နဂိုက တည်ငြိမ်ပြီး အေးချမ်းစွာနေတတ်သော အမေသည် သင်္ကန်း ရောင်ဖြင့် ရွှေရောင်ရွှန်းမြ ဝင်းပလျက် ကြည်ညိုဖွယ်အသရေ ဆောင်နေသည်။

အမေ့ရုပ်သွင် တည်ငြိမ်အေးချမ်းလိုက်တာ။

ကျွန်တော့်ရင်ထဲတွင် ဆို့တစ်ဆဲ။ အမေသည် ကျွန်တော်တို့မိသားစု ဘဝထဲက သည်မျှစောစီးစွာ ထွက်ခွာသွားလိမ့်မည်ဟု မျှော်လင့်မထားတော့ အားလုံးသော ရင်ထဲတွင် ဝမ်းသာဝမ်းနည်း ဖြစ်နေသည်ကဖြင့် အမှန်ရယ်ပါ။

အမေသည် မျက်လွှာချထား၏။ အမေသည် သီလရှင်ဝတ်ပြီး ပထမ ဆုံး ပြောသည့်စကားက ကျွန်တော်နှင့် ကာလအတန်ကြာ ရင်ထဲတင်းကျပ်စွာ ခံစားခဲ့ရသော လူမိုက်ဟူသော ပြဿနာပင်ဖြစ်သည်။ အမေ့ရှေ့တွင် ကျွန်တော် တို့မိသားစု ဝပ်တွားခစားကြသည်။

'ကဲ. . . ဒကာလေး. . . ဒကာလူမိုက်ကြီးကို တစ်နေ့သိန်းသိန်းနဲ့ ဆရာ

ကြီး စောင့်ကြည့်နေတာ ကြာပြီကော။ လူဝတ်ကြောင်ဘဝက သာသနာ့နွယ်ဝင် သီလရှင်ဘဝတောင် ရောက်လာပြီ။ ခုဒကာလေး အသက်အရွယ်နဲ့ဆို အများကြီး လိမ္မာသင့်ပြီ။ တစ်ယောက်က မိုက်တွင်းနက်ပြီး ဘဝပြောင်းသွားပြီ။ ကျန်တဲ့ တစ်ယောက်က မိုက်လုံးကြီးတုန်းပဲကိုး'

အမေ့အံသံက ရှင်လန်းကြည်လင်နေသည်။ ကျွန်တော် ခေါင်းငုံ့ပြုံးမိသည်။ ညိုပြာနှင့် မရီးက တည်ငြိမ်စွာ နားထောင်နေသည်။ ကလေးတွေက အဘွားနားတွင် တွယ်ကပ်နေသည်။

'အမေရယ် သားက ဘာတွေမိုက်နေလဲ။ သားကြောင့် ပတ်ဝန်းကျင်မှာ အမေ မျက်နှာငယ်ခဲ့ရလို့လား။ အမေမကြိုက်တာ သားဘာဆိုဘာမှ မလုပ်ခဲ့ရ ပါ ဘူး အမေရယ်။ သားကြောင့် ဘယ်သူမှ ဘဝမပျက်ခဲ့ရဘူး။ သားစေတနာ၊ သားမေတ္တာနဲ့ ဗီဇစရိုက်ကို နားမလည်တဲ့ လူတစ်ချို့ကတော့ သားကို မိုက်ရိုင်း တယ်လို့တော့ ကွယ်ရာမှာ ပြောကြတာပဲ'

ကျွန်တော်က အမေ့စကားကို မဆိုင်းမတွ ဖြေရှင်းမိသည်။

'မှန်သားပဲ၊ လူမှုဆက်ဆံရေးအပိုင်းမှာ ဒကာလေး အံဝင်ခွင်ကျဖြစ်ဖို့ သိပ်ကိုလိုအပ်နေပါသေးတယ်။ ထိလွယ်ရှလွယ် ခံစားလွယ်တော့ မကျေနပ်တာ တစ်ခုခုဖြစ်လာရင် ဒကာလေးက အရင်ပေါက်ကွဲလွယ်ပြန်ရော။ ဘာမဟုတ်တာ နဲ့ မိတ်ဆွေတစ်ယောက် ဆုံးရှုံးလိုက်ရပြန်တယ်။ ဒါတစ်ခုတည်းနဲ့ ဒကာလေးကို ဆရာလေးက လူမိုက်လို့ ခေါ်နေခဲ့တာ မဟုတ်ဘူး။ ဒါဟာ လူတစ်ဦးရဲ့ ပင်ကို ဗီဇစရိုက်ပဲ။ ဘယ်လိုမှ ပြုပြင်မရတဲ့ မွေးရာပါ ဗီဇဆိုးပဲလေ။ ဒကာလေးဘဝမှာ ဒီထက်မက အောင်မြင်သင့်ပါလျက် မအောင်မြင်ခဲ့တာတွေက အဲဒီဗီဇဆိုး ကြောင့်ပဲ'

'အဲဒီအတွက်တော့ သားဝမ်းနည်းမှာ မဟုတ်တော့ဘူး အမေ'

'ဆရာလေး သိတာပေါ့။ စီးပွားရှာပေမယ့် လောဘမကြီးမှန်း သိပါ တယ်။ ဒကာလေးက နိစ္စဓူဝအများအတွက်၊ မိသားစုအတွက်၊ ညီအစ်ကိုမောင်နှ မ၊ မိတ်ဆွေသဟာယ အတွက်နဲ့ပဲ အချိန်တွေ ကုန်နေလိုက်တာ။ ဒကာလေး အရွယ်၊ ဒကာလေးကိုယ်တိုင် ဘာတွေများ လုပ်ပြီးပြီလဲ။ ခု ဒကာလေးအသက် ၄၅ နှစ် ကျော်လာပြီနော်'

'အမေနဲ့ ဟောဒီက မိသားစုတွေ တင့်တင့်တယ်တယ် နေထိုင်နိုင်ဖို့ သား အမြဲတမ်း ကြိုးစားနေတာပါ အမေ။ ခုဆို သားတို့မှာ ရှိသင့်သလောက် ရှိနေပါပြီ။ ဘာတွေလုပ်ပေးဖို့ ကျန်နေသေးလို့လဲ အမေ။ သား ဒီအခြေအနေ

ရောက်ဖို့ ဘယ်လောက်ထိ ကြိုးစားခဲ့ရတယ်ဆိုတာ အမေ အသိဆုံးပါ'

'ဆရာလေး လက်ခံပါတယ် ဒကာလေး။ နေ့မအား ညမနား လုပ်နေတာ ဆရာလေး တွေ့သားပဲ။ ဒကာလေးကို တစ်ခုမေးမယ်။ ဒကာလေးဟာ ဗုဒ္ဓဘာသာဝင် တစ်ဦးနော်။ ဘာသာတရားကို ဘယ်လိုလက်ခံထားသလဲ။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဖြစ်နေသလားလို့ပါ။ ဒကာလေး ဉပုသ်သီလ ဆောက်တည်တာလည်း ဆရာလေး မတွေ့ခဲ့ရဘူး။ ကျောင်းကန်ဘုရား သွားတာလည်း မရှိဘူး။ တရားဘာဝနာ ပွားများတာလည်း မမြင်ရဘူး။ လှူဒါန်းနေတာတောင် ဝတ်ကျေတန်းကျေ လှူဒါန်းနေသလိုပဲ။ ခုလုပ်နေတာတွေ ခုနေရတဲ့ စည်းစိမ်တွေဟာ ဒကာလေးပိုင်ဆိုင်မှု အစစ်အမှန်တွေမှ ဟုတ်ရဲ့လား။ အဲဒါကြောင့် ဒကာလေးကို သတိရစေလိုတဲ့ နှိုးဆော်စိတ်နဲ့ သားတစ်ယောက်အပေါ် ချစ်လွန်းလို့ မိခင်စိတ်နဲ့ ဆရာလေးက လူမိုက်လို့ ခဏခဏ ခေါ်နေခဲ့တာပါ။ ဒကာလေး မကြိုက်မှန်း ဆရာလေး သိပါတယ်'

အမေ့စကားကြောင့် ကျွန်တော် ရင်ခုန်သွားသည်။

ဘာသာတရားနှင့် ကင်းကွာနေခဲ့သည်မှာ တကယ် ဟုတ်,မဟုတ် သံသယစိတ်ဖြင့် မိမိကိုယ်ကိုယ်မိမိ ဆန်းစစ်နေမိသည်။ နေ့စဉ် သာမန်ဘုရားဝတ်ပြုခြင်းအမှုပင် မလုပ်ခဲ့ကြောင်း ဝန်ခံရပါလိမ့်မည်။

'ဗုဒ္ဓရှင်မြတ်ရဲ့ အနတ္တသဘောကို ဒကာလေးကို လက်ခံစေချင်တယ်။ ဒကာလေးက သေခြင်းတရားကို မေ့ထားတယ်။ မသေခင် ဗုဒ္ဓက ဘာတွေရှာဖွေသင့်သလဲ ဆိုတာကိုလည်း နားလည်အောင် မကြိုးစားဘူး။ မြေးလေးတွေတောင် ဆရာလေးနဲ့ ဉပုသ်နေ့တိုင်း သီလယူတယ်။ သားသတ်လွတ်စားတယ်။ သီလတစ်ပါးမှ မကျိုးအောင် တစ်နေ့လုံး စောင့်ထိန်းကာကွယ်တယ်။ ကိုယ့်အတွက် ဘာမှမလုပ်သေးတဲ့ လူမိုက်ကြီးဟာ ဒကာလေးပဲပေါ့။ ဆရာလေးပြောတာ ရှင်းတယ်နော် ဒကာလေး။ နေ့ရွှေ့ ညရွှေ့ လုပ်မနေနဲ့တော့'

'ဒူ. . .'

အမေ့စကားမဆုံးမီ တရားစခန်းမှ မောင်းထုသံ ကြားလိုက်ရသည်။

'ကဲ. . . ဒကာလေးတို့ ပြန်ကြတော့။ ဆရာလေးဆီကို ခဏခဏမလာကြနဲ့။ ဆရာလေး မမှာမချင်း မလာစေချင်ဘူး။ ကဲ. . . ဆရာလေး တရားချိန်ရောက်ပြီ'

အမေက ပြောပြောဆိုဆိုနှင့် စက္ကူအာရုံကိုချ၍ နေရာမှထသည်။

မြေးနှစ်ယောက်က အမေ့ခြေဖက်၍ ငိုသည်။ ကျွန်တော်က လက်အုပ်ချီလျက် ငူငိုင်ကြည့်နေသည်။ ဣန္ဒြေသမ္ပတ္တိဖြင့် အမှတ်သတိ မလွတ်အောင် လှမ်းကြွသွားပုံက လက်အုပ်ချီ ဦးမတင်ဘဲ မနေနိုင်အောင် အထူးကြည်ညိုစရာ။

အမေက တစ်လှမ်းချင်းလှမ်းလျက် တရားစခန်းထဲ ဝင်သွားသည်။

ငဲ့စောင်းပင် မကြည့်ခဲ့။ ချစ်သောမြေးများကို တဏှာပင် သံယောဇဉ် ပြတ်သွားပြီလား။

ကျွန်တော် မတုန်မလှုပ် ရပ်ကျန်ခဲ့သည်။

အမေ့စကားများက ကျွန်တော့် အသည်းနှလုံးထဲသို့ စူးနစ်ဝင်သွားသည်။ နှလုံးသားကို ဖျစ်ညှစ်လိုက်သလိုလည်း ခံစားနေရသည်။ အားလုံးရှေ့တွင်ပင် ခေါင်းငိုက်စိုက်ကျသွားသည်။ ဆွံ့အနေသော လူတစ်ယောက်ကဲ့သို့ပင် နှုတ်ဖျားမှ စကားသံများလည်း ပျောက်ကွယ်သွားသည်။

လေတစ်ချက် ဝှေ့သွားသည်။ သစ်ရွက်ခြောက်များ လေထဲ ရှပ်ပြေးသွားသည်။ မိုးကောင်းစေတီ၏ ထီးတော်မှ ခေါင်းလောင်းသံများ တရွှန်းရွှန်း မြည်အောင် ကြားလိုက်ရသည်။ ငြိမ်ချောင်းသာယာပါဘိ။ ကျေးငှက်တစ်ချို့ အာသည်။ လေညင်းနုကလေးက ဝေဆဲ။

ဗုဒ္ဓံ . . . သရဏံ . . . ဂစ္ဆာမိ

ဓမ္မံ . . . သရဏံ . . . ဂစ္ဆာမိ

သံဃံ . . . သရဏံ . . . ဂစ္ဆာမိ

စုပေါင်းဘုရားပူဇော်သံကို အတိုင်းသား ကြားနေရသည်။

မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။ ပါးပြင်သို့ မျက်ရည်ပူ တစ်စက် စီးဆင်းကျလာသည်။ ချုံးပွဲချ မငိုမိအောင် စိတ်ကို မနည်းထိန်းနေရသည်။

လူမိုက်ဘဝက ရုန်းထွက်နိုင်ဖို့ မိမိမှာ အချိန်လေးရော ရှိသေးရဲ့လား။

ကျွန်တော့်တွင် ရုတ်တရက် သေဆုံးနိုင်သည့် ရောဂါဝေဒနာတစ်ခုကား နှလုံးသားထဲမှာ အမြစ်တွယ်နေပြီကော။

❑

နော်မံရတနာ မဂ္ဂဇင်း
၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ

# မောင်မောင်ထွန်းအောင်

ကျန်းမာရေး



ထရပလိန်း။

လို၊ အန်ချင်သလို ဖြစ်နေသည်။ တံတွေးကို ခဏခဏ မျိုချ
။ ကျုပ်ခန္ဓာကိုယ် တစ်ခုလုံး တစ်ခုခုကို တောင့်တမျှော်လင့်နေသည်။
ပုန်းခုန်းနှင့် ရင်ခုန်သံလည်း မြန်နေ၏။

မျက်နှာတစ်ပြင်လုံးလည်း ဟိုနေရာက ယား၊ သည်နေရာက ယားနှင့် ပုရွက်ဆိတ်ကလေးတွေ လမ်းလျှောက်နေသလို။



တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ တိတ်ဆိတ်ခြင်းကလည်း ကျုပ်ကို ခြောက်လှန့်နေသည်။

အိမ်ရှိ လူအားလုံး အိပ်မောကျနေကြပြီ။ မနက်က သစ်တံခါးဆရာတော် အပါအဝင် ရဟန်းငါးပါးကို ဆွမ်းကပ်လှူဒါန်းပြီး အန္တရာယ်ကင်း ပရိတ်နာသည်။ ညှော်ပရိသတ် ငါးဆယ်ကိုလည်း တရားနာအပြီး မနက်စာကျွေးသည်။ ချက်ရ ပြုတ်ရ ညှော်ခံရနှင့် ပင်ပန်းမှုများဖြင့် ညီပြာတို့သားအမိ၊ ညီအစ်မတစ်တွေ တခေါခေါဖြင့် အိပ်ပျော်သွားကြပြီ။

ကျုပ် ညှော်ခန်းရှေ့တွင် ဝေါင်စင်းစင်းကြီးနှင့် တစ်ယောက်တည်း ထိုင်နေ၏။ ကျုပ်ခြေရင်းတွင် ခွေးကလေးက မျက်လုံးဖွင့်ပြီး အိပ်နေသည်။ ကျုပ် ဆုံးဖြတ်ရခက်သော ပုစ္ဆာတစ်ပုဒ်ကို အဖြေမှန်ထွက်အောင် ကြိုးစားကြည့်နေသည်။ ခေါင်းထဲ ချာချာလည်နေ၏။ ရင်ထဲ မောသလို၊ တင်းသလို၊ ကျပ်သလိုလည်း ခံစားနေရသည်။ အဖြေက ထွက်မလာသေးပါ။

မနေ့က ကျုပ်၏ အုပ် ၂၀ မြောက် ကျန်းမာရေး ပညာပေးစာအုပ် ထုတ်ဝေဖြန့်ချိသည်။ ဆေးပညာ အင်တာဗျူးစာအုပ်။ ကျုပ် ဆေးပညာ အင်တာဗျူးများ ရေးသားလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်ခဲ့ပြီ။

ကျုပ်စာအုပ်ကို 'အရက်ကြောင့်ဖြစ်သော စိတ်ဝေဒနာ'ဟု အမည်ပေးထားသည်။ ပရိသတ်အကြိုက် စာအုပ်ကောင်းတစ်အုပ်။ မြန်မာပြည်တွင် အရက်သောက်သူ တစ်နေ့တစ်ခြား များလာနေသည်။ အရက်ဆိုင်၊ အရက်စက်ရုံတွေလည်း နေရာအနှံ့၊ အရက်ကြောင့် ဘဝပျက်သွားသူများလည်း ဒုနှင့်ဒေး။

အရက်ကြောင့်ဖြစ်သော အသည်းနှင့် အခြားရောဂါများအကြောင်း အထူးကုဆရာဝန်များ ဟောပြောပို့ချ ရေးသားနေကြသည်။ အရက်ကြောင့် မိသားစုဘဝတွေ ပျက်ခဲ့ကြတာ နည်းသလား။ အရက်ကြောင့် အချိန်မတိုင်မီ အသေစောကြသည်။ စာအုပ်နာမည်ကြောင့် အရက်သမားတစ်ချို့ တုန်လှုပ်ချောက်ချားမှုနှင့်အတူ ဝယ်ယူဖတ်ရှုကြ၏။ ကျုပ်စာအုပ် အရောင်းသွက်နေသည်။

စာရေးသည့် ကျုပ်ကိုလည်း အရက်သောက်တတ်သလား၊ မသောက်တတ်ဘူးလား စုံစမ်းသည်အထိ မေးမြန်းလာကြသည်။ တစ်ချို့လည်း စာပေတိုက်ကို ဖုန်းဖြင့်ဆက်သွယ်၍ မေးမြန်းသည်။ တစ်ချို့ကလည်း လူကိုယ်တိုင်လာမေးသည်။ တစ်ချို့ အရက်အကြောင်း၊ အရက်စာအုပ်ရေးသော စာရေးဆရာ

တစ်ချို့ အရက်မသောက်တတ်ကြပါ။ အရက်မသောက်သူရေးသော စာအုပ်များက ကျုပ်ထင်ပါ သည်။ ပေါ့ပျက်ပျက် နိုင်လွန်းသည်။

စာရေးဆရာ အရက်သောက်တတ်ပါသလားတဲ့။ ကျုပ် မလိမ်ချင်ဘူး။ အားလုံးကို ဝန်ခံဖြစ်သည်။ စာရေးဆရာ အရက်သောက်တတ်ပါသည်။ အလုပ်ကအပြန် ကျုပ်တပည့်တစ်ဦးဦး၊ ဒါမှမဟုတ် မိတ်ဆွေတစ်ဦးဦးနှင့် ဘီယာဆိုင်တစ်ဆိုင်ဆိုင်တွင် သောက်ရင်းစားရင်း စကားပြောရင်း အေးအေးလူလူ အပန်းဖြေတတ်ပါသည်။ တစ်ခါတစ်ရံလည်း ရုံးခန်းတွင် တစ်ယောက်တည်း ထိုင်သောက်ဖြစ်သည်။ ကျုပ်က စာရေးဆရာ။ တွေ့သမျှ မြင်သမျှကို နှလုံးသားနှင့် ခံစားကာ စာရေးဖို့ပဲ ကြိုးစားတတ်သည်။ အတွေးများဖြင့် ခေါင်းက အမြဲပူလောင်နေတတ်၏။

ဦးနှောက်အေးဖို့ အရက်ကို သောက်ဖြစ်ပါသည်။

ကျုပ်တို့လမ်းထဲ စာရေးဆရာတစ်ချို့ဆို အတီး၊ အမှုတ်၊ အဆိုနှင့် အရက်ကို ငြိမ့်ငြိမ့်ညောင်းညောင်း သောက်တတ်ကြသည်။ ဆရာရွှေမင်းသားတို့၊ ဆရာမော်ဝန်းကြည်မြတ်တို့၊ ဆရာထွန်းအောင်ကျော်(မြင်းခြံ)တို့ဆို အဆိုကောင်း၊ အတီးကောင်း၊ အသောက်လည်း ကောင်းကြသူများ ဖြစ်သည်။

ကျုပ်ရင်ထဲ အရက်နှင့် ပတ်သက်၍ ဝေါဟာရများစွာ ရှိသည်။ နာကြည်းစရာများ ရှိသလို ပျော်ရွှင်ချမ်းမြေ့မှုများလည်း ရှိသည်။

ကျုပ်ကို မိတ်ဆွေအသိုင်းအဝန်း အားလုံးကလည်း အရက်သမားဟု သတ်မှတ်ကြသည်။ ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်ရတိုင်း သည်အရက်သောက်ခြင်းတစ်မျိုးတည်းဖြင့် ကျုပ် နောက်ကောက်ချ အလဲအထိုးခံရတတ်သည်။ 'အရက်ဆိုင်တိုင်း လူအပြည့်အလျှံ သောက်စားနေကြတာ အရေးမကြီးပေမယ့် ကျုပ်သောက်ပုံ သောက်ဟန်နှင့် အပြုအမူက ပြောစရာဖြစ်နေပုံရသည်။ အောင်မြင်သည့် ဂျာနယ်တစ်စောင်က ကဗျာဆရာတစ်ဦးဆို ကျုပ်တိုက်သည့် ဘီယာကို သုံးလေးနှစ် ကပ်သောက်ဖူးသည်။ ကျုပ်ပြောပြသည့် အညာသား ပုံပြင်တစ်ပုဒ်ကြောင့် ကျုပ်နှင့် မျက်နှာချင်းမဆိုင်တော့။ မလွှဲမရှောင်သာ တွေ့ကြဆုံကြရင်လည်း ခပ်ထေ့ထေ့နှင့်ပင်။

'အရက်ကြောင့်ဖြစ်သော စိတ်ဝေဒနာများ' စာအုပ် ရေးသားထုတ်ဝေပြီးလျှင် အရက်ကို လုံးဝဖြတ်လိုက်ဖို့ ကျုပ်စိတ်ကူးထားသည်။ အကောင်အထည်ပေါ်ဖို့မပေါ်ဖို့က အချိန်တစ်ခုတော့ ယူရမည်။ သည်ကြားထဲ ကျုပ် အရက်စွဲနေသူတစ်ဦး ဟုတ်၊ မဟုတ် ဆန်းစစ်ကြည့်ဖို့ လိုမည်။ သာမန်ရိုးရိုး ဖြတ်လို့မရရင်

စိတ်ကျန်းမာရေး ဆေးရုံသို့သွား၍ ဖြတ်ပစ်မည်ဟု ရည်ရွယ်ထားသည်။

အရက်စွဲခြင်းသည် ရောဂါတစ်မျိုးပါ။ စိတ်ကျန်းမာရေး ပြဿနာ တစ်ရပ်၊ သည်အတွက် ရှက်စရာ၊ ကြောက်စရာမလို။ ကိုယ့်မှာ အားကိုးစရာ ဆရာဝန်များလည်း ရှိသည်။

အရက်က ကျုပ်ဘဝအတွက် ဂုဏ်ငယ်စရာ၊ လက်ညှိုးထိုးစရာပဲ မဟုတ်လား။ ကျုပ်မိတ်ဆွေအချို့ အရက်ကို ခွက်ပုန်းသောက်ပြီး မဟုတ်တာမှန် သမျှ အကုန်လုပ်သည်။ သူတို့ကိုကျတော့ တကယ့်လူကြီးလူကောင်းတွေအဖြစ် သတ်မှတ်ကြသည်။ ကျုပ် ရယ်ချင်လိုက်တာ။

ကျုပ်က ခွက်ပုန်း သို့မဟုတ် အိမ်တွင်အရက်သောက်ရမှာကို ဝန်လေး တတ်သည်။ ကျုပ်တွင် သမီးနှစ်ယောက်ရှိသည်။ ညီပြာနှင့် သမီးနှစ်ယောက်ရှေ့ တွင် အရက်သောက်ရမှာကို လိပ်ပြာမလုံတတ်။ အပြင်မှာသောက်ပြီး အိမ်သို့ အရောက် အမူးပြေသွားသည်မျိုးကို ကျုပ်နှစ်သက်သည်။ အရက်နံ့အတွက်တော့ ကွမ်းယာလေးဝါးပြီး ထိန်းထားရုံပါပဲ။ အိမ်နီးနားချင်းတွေဆို ကျုပ်ကို အရက် သောက်တတ်သူဟုပင် မထင်မှတ်ကြ။ ကျုပ်က အရက်သောက်ပြီး အော်ကြီး ဟစ်ကျယ် မလုပ်တတ်။ အမူးပြေရင် စာဖတ်စာရေးလုပ်သည်။ အပေါင်းအသင်း ကောင်းရင် သောက်သည့်လောက်ပဲ သတ်မှတ်သည်။ လူလိမ္မာကြီးပေါ့။

အနုပညာလောကတွင် အရက်ကြောင့် အကြွေစောသူများလည်း မနည်းလှ။ ပန်းချီဆရာ မြတ်မင်းဟန်ဆိုတာ ကျုပ်နှင့် ကျောင်းနေဘက် သူငယ် ချင်း။ နေ့ရောညရော ချသဖြင့် အသည်းခြောက်ပြီး ဒုက္ခရောက်နေသည်။ တစ်နေ့ သူ ကျုပ်ဆီရောက်လာသည်။

အရင်က ထောင်ထောင်မောင်းမောင်း။ အခု သူ့သဏ္ဌာန်လက္ခဏာ ကြည့်ပြီး ကျုပ် တုန်လှုပ်ချောက်ချားသွားသည်။

'သူငယ်ချင်းရယ်။ ငါတော့ အရက်ရဲ့ကျေးကျွန် ဖြစ်သွားပြီကွာ။ ဒီက နေ့လား၊ မနက်ဖြန်လား သေမင်းခေါ်တာ စောင့်နေတယ်။ မင်းလည်း လျှော့ သောက်ဦး'

သူ မှာတမ်းချွေသည်။ အရက်နှင့်ပတ်သက်ပြီး မိတ်ဆွေဆရာဝန်ကြီး တစ်ချို့နှင့် တိုင်ပင်ကြည့်သည်။ တစ်ချို့က ပုံမှန်လေးသောက်ဖို့ အားပေးပြီး တစ်ချို့က လုံးဝဖြတ်ပစ်ဖို့ တွန်းအားပေးသည်။ ကျုပ်အနေနှင့်ဆို လျှော့သောက် ဖို့ခက်သည်။ ကျုပ်က ဘာပဲလုပ်လုပ် အစွန်းရောက်တတ်သူပါ။

'ခင်ဗျားသောက်ပုံသောက်နည်းက အရက်စွဲတဲ့အဆင့် မဟုတ်သေးပါ

ဘူး။ နေ့တိုင်းလည်း သောက်တယ်။ တစ်မူးလည်း သောက်တယ်။ ဒါပေမဲ့ သောက်ဖြစ်တဲ့ယူနစ်က နည်းတယ်။ ကြာရင်တော့ စွဲမှာပေါ့။ အခုအနေအထားက ခင်ဗျား အရက်မစွဲသေးဘူး။ စိတ်ထဲမသန့်ရင်တော့ ခုသောက်နေကျ ယူနစ်ထက် လျှော့သောက်ပေါ့။ ဒါမှမဟုတ် ရက်ခြားသောက်ပေါ့။ တုံးခနဲ တိခနဲတော့ မဖြတ်လိုက်ပါနဲ့။ အရက်ကို ဖြတ်ရင်လည်း စနစ်တကျတော့ ဖြတ်ဖို့လိုမယ်။ အရက်ဖြတ်တာ မဖြတ်တတ်ရင် အန္တရာယ်များတယ်'

ဦးနှောက်နှင့် စိတ်ရောဂါကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဉာဏ်ဝင်းကျော်က ကျွန်ုပ်ကို ရှင်းပြခဲ့သည်။ ဆေးညွှန်းတစ်ချို့လည်း ရေးပေး၏။ သူနှင့် ကျွန်ုပ် မဂ္ဂဇင်းစာမျက်နှာတွင် စကားပြောလာတာ ငါးနှစ်ခန့် ရှိခဲ့ပြီ။

'စိတ်. . . စိတ်ပေါ့ဗျာ အတွဲ (၁)၊ (၂)'စာအုပ်နှစ်အုပ်တောင် ထွက်ပြီးပြီ။ ခုထုတ်မည့်စာအုပ်က 'အရက်ကြောင့်ဖြစ်သော စိတ်ဝေဒနာများ' ဖြစ်သည်။ ထိုနေ့က လမ်း ၃၀ ဆေးခန်းကအပြန် ကျွန်ုပ်ကိုလိုက်ပို့ရင်း သူနှင့်ကျွန်ုပ် လမ်းတွင် ဘီယာဝင်သောက်ဖြစ်သည်။

သူက တစ်ခွက်၊ ကျွန်ုပ်က နှစ်ခွက်ဖြစ်သည်။ ကျွန်ုပ်ကို အိမ်အရောက် လိုက်ပို့သွားသည်။ ညီပြာနှင့်လည်း အရက်ဖြတ်ဖို့ကိစ္စ တိုင်ပင်ဖြစ်သည်။ ကျွန်ုပ် ဘာလုပ်လုပ် ညီပြာက တားတတ်သူမဟုတ်။ အရက်သောက်နေခြင်းအတွက် အပြစ်လည်းမဖို့။ ညီပြာကမူ သောက်ချင်သလောက်သောက် ကိုယ်ဖြစ်ကိုယ်ခံ တဲ့။

'ရှင်နော် လမ်းထဲမှာအရက်ဖြတ်လို့ အရက်သမားနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေသွားပြီ။ ရှင်အရက်ဖြတ်ရင်လည်း ကိုယ့်သဘောနဲ့ကိုယ်တော့ မဖြတ်လိုက်နဲ့၊ ဗိုလ်ဉာဏ်တို့နဲ့ တိုင်ပင်ပြီးမှဖြတ်။ တော်ကြာ ကျွန်ုပ် မကြီးမငယ်နဲ့ မုဆိုးမဖြစ်နေဦးမယ်'

ညီပြာက သတိပေးသည်။ အစကတည်းက ညီပြာက အရက်သောက်ခြင်းနှင့် ပတ်သက်၍ ဟန့်တားပြောဆိုသူမဟုတ်။ အနုပညာသမားပဲ၊ စာရေးတဲ့ စာရေးဆရာပဲ၊ စီးပွားရေးလုပ်နေတာပဲ၊ အဝိုင်းအဝန်းနှင့် ဒီလောက်တော့ သောက်မှာပေါ့ဆိုပြီး ခွင့်လွှတ်ထားသူ။ ကျွန်ုပ်မှာလည်း ကျွန်ုပ်အကြောင်းနှင့် ကျွန်ုပ်။ မနေ့မနက်ကပဲ ကျွန်ုပ်နှင့်ခင်မင်သည့် အရက်သမားလေး လမ်းတွေ့ရင် ကျွန်ုပ်ဆီ အရက်ဖိုးတောင်းနေကျ ကောင်ကလေး၊ အရက်ကျိတ်ဖြတ်ရင်း နှစ်ရက်အကြာ ဦးနှောက်သွေးကြောပြတ်၍ သေသည်။ အလောင်းတောင် မြေမချရသေး။ အေးအေးစိမ့်စိမ့်နှင့် ရေခဲတိုက်ထဲ တုံးလုံးပက်လက်ကလေး အိပ်နေတုန်းပဲ

ရှိသေးသည်။

ကျုပ်အိမ်နှင့် တစ်အိမ်ပဲခြားသည်။ အသုဘအိမ်က အသံဗလံများ ကြားနေရ၏။ ဖဲဝိုင်းက ဆူညံဆူညံနှင့်။

ကျုပ် လေဖြတ်သွားမှာ၊ Heart Attack ရသွားမှာကို ကြောက်သည်။ တကယ်ဆို ကျုပ်က သွေးအလွန်ပျစ်သူဖြစ်သည်။ အချိန်မရွေး၊ နေရာမရွေး လေဖြတ်နိုင်သည်။ တစ်ချို့သော ဆရာဝန်ကြီးများက ကျုပ်ခန္ဓာကိုယ်ထဲက သွေးကို အခါအားလျော်စွာ ဖောက်ထုတ်ပေးချင်ကြသည်။ တစ်ချို့က သွေးကျဲ ဆေးသောက်ခိုင်းပြီး အရက်နည်းနည်း သောက်ခိုင်းသည်။ ကျုပ် အရက်နှင့် ဆေးကုထုံးကို ရွေးချယ်ခဲ့သည်။ ပုံမှန်ဖောက်ထုတ်ရမည့် သွေးကုထုံးကို ကျော ခိုင်းခဲ့သည်။ ဆယ်စုနှစ် တစ်ခုနီးပါး ကြာခဲ့ပြီ။ ယနေ့အထိ ဆိုးဆိုးဝါးဝါး ဝေဒနာ မခံစားရသေး။ သောက်နေကျ အရက်ယူနစ်က နည်းနည်းလေး မြင့်လာသည်။ အရက်ကို တိခနဲဖြတ်လိုက်လျှင် ပုံမှန်ကျဲနေတဲ့သွေး ပိုပျစ်သွားပြီး နှလုံးသွေး ကြောပိတ်သွားရင် ဘယ်လိုလုပ်မှာတုန်း။ ဒါမှမဟုတ် ကိုယ်တစ်ခြမ်း လေဖြတ် သွားရင်ရော။ ကျုပ် စိုးရိမ်စိတ် ဝင်နေသည်က အမှန်။

'ဆရာက ပတ်ဝန်းကျင်က စကားတွေကို သိပ်အလေးအနက်ထားတာ ကိုး။ အလွန်အကျွံ အရှုးအမူးဖြစ်နေတာမှ မဟုတ်တာပဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ် သောက်တာ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ ဆရာရယ်။ ကိုယ့်ကျန်းမာရေးအတွက် ကိုယ်သောက်တာ သောက်သာသောက် ဆရာ'

ကျုပ်တပည့်လေးက ကျုပ်ကို အားမလိုအားမရနှင့် ပြောသည်။

'ငါက သာမန်လူ မဟုတ်ဘူးလေကွာ။ အားလုံးကို ငါက ဂရုစိုက်ဖို့လို တယ်။ စာရေးတာတောင် ကျန်းမာရေးပညာပေး စာပေမှရေးတဲ့ စာရေးဆရာ'ဟု ပြောဖြစ်သည်။ ထိုနေ့က ကျုပ်အတော်ကို မူးသည်။ သောက်နေကျထက် ဘီယာ တစ်ခွက် ပိုသောက်မိတာကိုး

သည်ကနေ့ အရက်ကိုရပ်ဖို့ ဆုံးဖြတ်ရင်းနှင့် အရက်သောက်ချိန် အတော်ကို ကျော်လွန်ခဲ့ပြီ။ ကျုပ်စိတ်ထဲ အရက်ကို အလွန်အမင်းသောက်ချင် နေသည်။ သောက်ချင်သည့်စိတ်ကို မနည်းထိန်းထားရသည်။ မသောက်ဘူး၊ သောက်မယ်၊ ဆန္ဒနှစ်ခု အားပြိုင်နေသည်။ တစ်ခါတစ်ရံ သောက်မည့်ဘက်က အလေးသာသွားသည်။ ထိုင်နေရာမှထပြီး နောက်ဖေး ထမင်းစားခန်းထဲသို့သွား သည်။ ရေခဲသေတ္တာကို ဖွင့်လိုက်၏။ ဝီစကီပုလင်းကြီးက ပြုံးဖြဲဖြဲနှင့် ကျုပ်ကို မျက်တောင်မခတ် ကြည့်နေသည်။ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲ

ခအောင်မြင့်ပေးထားသော လက်ဆောင်ပုလင်း ဖြစ်သည်။

ကျုပ် တံတွေးကို မျိုချမိ၏။ လျှာကို သိမ်းလိုက်မိသည်။ ကျုပ် အရက်ပုလင်းကို လှမ်းယူမည်အပြု လျှပ်လက်သလို လက်များ တုံ့ဆိုင်း သွားသည်။

'ကိုဗလဆီ ကျုပ် ညနေပိုင်း မလာဖြစ်တာ အရက်သမားဖြစ်မှာစိုးလို့ ဗျို့။ ကိုဗလဆီရောက်တိုင်း အရက်အမြဲ သောက်ရတယ်လေ'တဲ့။

■
**လူဆိုတာ ကျေးဇူးတရားကို**
**ထုတ်ဖော်ပြောဆိုရမှာကို**
**ဝန်လေးတတ်သည့်သတ္တဝါ။**
**ကိုယ့်အရည်အသွေးကြောင့်**
**တိုးတက်အောင်မြင်လာသည်ဟု**
**ထင်စေချင်သည်။**
■

မိတ်ဆွေစာရေးဆရာကြီးက သူ့မိသားစုနှင့် ဆေးရုံပေါ် ကျုပ်ကို မိတ်ဆက်ပေးရင်း ကျုပ်ကို နှိပ်ကွပ်လိုက်သည်။

သူ့စကားကြောင့် ကျုပ် မချိပြုံး ပြုံးဖြစ်သွား၏။ နေရထိုင်ရလည်း ခက်သွားသည်။

အမှန်က ညနေရောက်ရင် သူတို့တစ်တွေ အရက်သောက်ချင်လွန်းလို့ ကျုပ်ဆီလာကြတာပါ။ ကျုပ် သူ့ကို ကူညီခဲ့ပေါင်းလည်း များလှပြီ။ သူဆေးရုံ ရောက်နေသည်ဆို၍ စားစရာ လက်ဆောင်လေးဝယ်ပြီး ကျုပ် အပြေးအလွှား လာခဲ့တာ။ သည်ရောက်တော့ သူက ကျုပ်ကို ကန်ထည့်လိုက်သည်။

ကျုပ် သာကြောင်း၊ မာကြောင်းမေးပြီး စားစရာ လက်ဆောင်ပေးပြီး သူ့ခုတင်နားက အမြန်ဆုံးထွက်လာခဲ့သည်။ ရင်ထဲ ပေ့ါပါးသွားသော်လည်း ဒေါသက ထွက်နေသည်။

'မသောက်ဘူးကွာ'ဟု စိတ်ထဲ ကျယ်လောင်စွာ အော်ပြီး ရေခဲသေတ္တာ ကို ဂျိုင်းခနဲမြည်အောင် ပိတ်ပစ်လိုက်သည်။ ကျုပ် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေ၏။ လူ၏အဓိပ္ပာယ်ဆိုတာ ဘာလဲ။

'တောက်'တစ်ချက်လည်း ခေါက်ဖြစ်သွားသည်။ ကျုပ် ဆက်တီခုံပေါ် ဒုံးခနဲမြည်အောင် ထိုင်ချလိုက်၏။ ခွေးကလေး လန့်သွားပုံရသည်။ အိပ်နေရာ ကနေ ကျုပ်မျက်နှာကို မော့ကြည့်သည်။ ကျုပ် စိတ်ဘဝင်ထဲ မကျေမနပ်။ ကျုပ် သူနေမကောင်း၍ သတင်းမေး အားပေးစကားပြောဖို့ သွားခဲ့တာတောင် အရက် ကို အကြောင်းပြု၍ သူ့ထံ ကျုပ်မလာအောင် လုပ်လိုက်သေးသည်။

အမှန်က စာရေးဆရာကြီး ကျေးဇူးတရားတွေကို တုံ့ပြန်စကားပြောဖို့ ဝန်လေးနေခြင်းဖြစ်သည်။ မကြာခင်ကပဲ သူ၏မျက်စိတစ်ဖက်ကို အခမဲ့ ခွဲခွင့်ရအောင် စီစဉ်ပေးခဲ့သည်။ သူ့မြေးကားတိုက်၍ အချုပ်ခန်းထဲ ရောက်စဉ်ကလည်း ကျုပ်ပဲ အာမခံလုပ်ပေးခဲ့ရသေးသည်။ သူ့တွင် ပုံမှန်ဝင်ငွေလေးရအောင် စာပေတိုက်တစ်တိုက်နှင့် ဘာသာပြန်ဖို့ ချိတ်ဆက်ပေးခဲ့သည်။ အသေးအမွှား ကူညီခဲ့တာတွေက ရှေ့မှာအများကြီး။

လူဆိုတာ ကျေးဇူးတရားကို ထုတ်ဖော်ပြောဆိုရမှာကို ဝန်လေးတတ်သည့် သတ္တဝါ။ ကိုယ့်အရည်အသွေးကြောင့် တိုးတက်အောင်မြင်လာသည်ဟု ထင်စေချင်သည်။ ဘာသာပြန်လုံးချင်းများ စထွက်ကတည်းက ကျုပ်ဆီမလာခြင်း ဖြစ်သည်။ ကျုပ်စိတ်ထဲ ခံပြင်းစိတ်နှင့် ခံတွင်းထဲ ပျို့ချင်သလို အန်ချင်သလို ဖြစ်လာသည်။ တံတွေးကို ဂွီခနဲမြည်အောင် မျိုချဖြစ်သည်။

ကွမ်းလေးတစ်ယာ ဝါးလိုက်ရင် ကောင်းလေမလား။ သည်ကနေ့ ဖြတ်မည့်စာရင်းတွင် ကွမ်းလည်းပါသည်။

ကျုပ်ကလည်း တကယ်ကျုပ်ပါ။ အကျင့်ကောင်းသူ မဟုတ်။ ကွမ်းစားမိပြီဆိုလျှင်လည်း တစ်ယာပြီးတစ်ယာ တဗျစ်ဗျစ်နှင့် ဆိတ်စားသလို စားသည်။ ဆေးလိပ်ဆိုလည်း တစ်လိပ်ပြီးတစ်လိပ် အဆက်မပြတ် သောက်ခဲ့ဖူးသည်။ ဆေးလိပ်၊ ကွမ်းယာနှင့် အရက်တွင် အသောက်အနည်းဆုံးက အရက်ပဲဖြစ်သည်။

နှစ်ပေါင်းနှစ်ဆယ်ကျော် သောက်ခဲ့သည့် ဆေးလိပ်ကို တစ်ရက်တည်းဖြင့် အပြီးဖြတ်နိုင်ခဲ့ပြီ။ သည်ကနေ့ အရက်နှင့် ကွမ်းယာကို တိခနဲ မဖြတ်နိုင်လို့ကတော့ နောက်ဖြတ်ဖို့ ခက်သွားလိမ့်မည်။

ဝိုင်ထည့်သောက်သော ခွက်ကလေးတစ်ခွက် ကျုပ်ရှေ့တွင် ရှိသည်။ သောက်ရမည့် အရက်ကလည်း ရေခဲသေတ္တာထဲတွင် အဆင်သင့်ရှိနေသည်။ ကျုပ်သွေးကလည်း အရက်ကို လိုလိုလားလား တောင့်တနေသည်။ အရက်မသောက်ခဲ့လျှင် ကျုပ်သည်ည ဘယ်လိုအိပ်မှာလဲ။ အိပ်ကော အိပ်ပျော်မှာလား။ သောက်နေကျအရက်ကို သောက်လိုက်ရင်ဖြင့် တစ်ခြားညတွေလို နှစ်မြိုက်စွာ အိပ်ပျော်သွားမှာ သေချာသည်။ ဝီစကီနှစ်ပက်လောက် ခုချိန်မှာသောက်လိုက်တာ ဘယ်သူမှ မသိနိုင်ပါဘူး။ အခုအချိန် သောက်လိုက်ရရင် ပူနေသည့်ရင် အေးချမ်းသွားမှာ သေချာသည်။ ကျုပ် မဖြတ်တော့ဘူး။ အရက်လျှော့သောက်မည်။ တဖြည်းဖြည်း အချိန်ယူပြီး ဖြတ်တာပေါ့။ သည်နေ့တော့ကျုပ် အရက်ကို သောက်လိုက်တော့မည်။

ကျုပ် အရက်ကို သစ္စာဖောက်လို့ မဖြစ်ပါဘူး။

×××

'ကိုဗလကို ကြည့်ရတာ မျက်နှာက ဖောသွပ်နေသလိုပဲ၊ ဗိုလ်ညာဏ် ကြည့်ပါဦး။ ထိန်းသင့်တာထိန်းပြီး တားသင့်တာလည်း တားဦးလေဗျာ။ သူက ရခိုင်ဆိုတော့ အရက်ကတော့ အနည်းနဲ့အများ သောက်မှာပဲ။ ဒါပေမဲ့ လူသောက်ပဲသောက်၊ ခွေးသောက်မသောက်နဲ့ ကိုဗလ။ ခင်ဗျားလို အရည် အချင်းရှိတဲ့ လူငယ်တစ်ယောက်ကို ကျုပ်တို့ အဆုံးရှုံးမခံနိုင်ဘူး'

ကျုပ် ပါရမီဆေးရုံ ဝင်လိုက်မိသည်ကိုက ကျုပ်အမှား။ ဗိုလ်ညာဏ်နှင့် ဦးတင်ညွှန့်ကို မိတ်ဆက်ပေးချင်လို့ တက်လာခြင်းဖြစ်သည်။

ဆရာကြီးက ဒဲ့ဒဲ့ဒိုးဒိုးသမား။ ကျုပ်မျက်နှာကို သေချာကြည့်ပြီး အားမ နာတမ်းပြောသည်။ စေတနာမှန်းသိ၍ ပြုံးပဲ ပြုံးနေမိသည်။ သူက ကျုပ်ဆရာ ဖြစ်ခဲ့ဖူးသည်ကိုး။ ဆရာဆိုတာ တပည့်တစ်ယောက်အတွက် ထာဝရဆရာပါပဲ။ ဆေးရုံပေါ်က ဆင်းလာခဲ့ကြသည်။ ဆရာက အသက်အရွယ်နှင့် မမျှအောင် နုပျို ဆဲ၊ နုပျိုခြင်း၏ လျှို့ဝှက်ချက်ကို ကျုပ်သိသည်။ ဆေးလိပ်၊ အရက်၊ ကွမ်းယာဆို ဝေလာဝေးသူ။ လမ်းဘေးအစားအစာတောင် စားသူမဟုတ်ပါ။

'ဗိုလ်ညာဏ် ကျုပ်မျက်နှာ တကယ်ကို ဖောသွပ်နေပြီလား'

'မဖောပါဘူး။ ဝပြီး တင်းနေတာပါ။ မမြင်ရ၊ မတွေ့ရတာကြာလို့ သူ့အမြင်မှာ ဖောသလို ထင်သွားတာပါ။ ကိုဗလက ဘီယာအသောက်များတာ လေ။ ဘီယာက လူကို ဝစေတယ်'

ကားမောင်းရင်းက ဗိုလ်ညာဏ်ဖြေသည်။ ကျုပ် ဟင်းခနဲ သက်ပြင်းငွေ့ ငွေ့ ချဖြစ်သွား၏။

'ဗိုလ်ညာဏ်နဲ့ဗျူးထားတဲ့ 'အရက်'စာအုပ်ကို သကြၤန်မတိုင်ခင်ထွက် အောင် ကြိုးစားမယ်။ ကျုပ် အမြန်ထွက်ချင်နေပြီ။ အဲဒီစာအုပ် ထွက်သွားရင် တော့ ကျုပ်ဘဝ အပြောင်းအလဲဖြစ်ချင် ဖြစ်သွားမှာပေါ့။ မနေ့တစ်နေ့က ကိုနိုင် ကြီး ဖုန်းဆက်တယ် ဗိုလ်ညာဏ်၊ အစ်ကို့ကို တွေ့လိုက်တိုင်း အရက်ဆိုင်မှာတဲ့။ အစ်ကိုရယ် ကြည့်လုပ်ဦးတဲ့။ ကျုပ်ကို ဖုန်းဆက်ပြောတယ်။ သူတို့က ညနေတိုင်း ရွှေတိဂုံဘုရားမှာ ထိုင်တယ်ဆိုပဲ။ အစ်မလိုခင်တဲ့ စာရေးဆရာမ မြမြလှိုင်ဆို တွေ့တိုင်း 'အရက်သမားကြီး အရက်ဖြတ်ဦး'လို့ ပြောတတ်တယ်။ ကျုပ်ဘာသာ ကျုပ် မရရအောင် ဖြတ်ကြည့်မယ်။ နောက်ဆုံးတိုင်မရမှ ဗိုလ်ညာဏ် ကူဖြတ်ပေး

ပါ'

'ကိုဗလရယ်၊ စိတ်ထဲသိပ်မထားနဲ့။ လူဆိုတာ ကိုယ်ကလွဲရင် သူတကာကို အပြစ်ချည်း မြင်တတ်တဲ့ အမျိုးဗျာ။ စိတ်ဆန္ဒရှိလို့ အရက်ကို ဖြတ်ချင်ရင်လည်း ကျုပ်ကူညီမှာပါ'

ဗိုလ်ဉာဏ်က ကားမောင်းရင်း ကျုပ်ကို နှစ်သိမ့်စကား ပြောသည်။ ယခုတလော အရက်နှင့်ပတ်သက်၍ ကျုပ် အပြောအဆိုခံနေရသည်။ အရက်ကလေး နည်းနည်းသောက်တာကိုပဲ အပြစ်တစ်ခုလို ဖြစ်နေသည်။ ငါးပါးသီလထဲမှာ အရက်သောက်တာ တစ်ခုပဲ ပြစ်မှုကျူးလွန်တာမှ မဟုတ်ဘဲ။ လိမ်တာ၊ ခိုးတာ၊ လူသားစားတာတွေလည်း အပြစ်တွေပါပဲ။

ကျုပ်ဘဝမှာ အရက်သောက်ပြီး မူးလဲနေတာ၊ အရက်သောက်ပြီး မိသားစုကို ရန်လုပ်သောင်းကျန်းတာ၊ အရက်သောက်ပြီး ဆဲဆိုရမ်းကားခဲ့တာ တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါ။ ကျုပ်က အရက်မူးပြီး ရန်ဖြစ်ရမှာ ရှက်သည်။ စကားကို ကျယ်ကျယ်တောင် မပြောချင်။ အေးပြီးငြိမ့်နေချင်သူ ဖြစ်သည်။

အရက်သောက်ပြီး မူးမူးနှင့် သီချင်းဆိုချင် ဆိုတတ်ပါသည်။ သူငယ်ချင်း မိတ်ဆွေတစ်ဦးဦးနှင့်ပေါ့။ ကျုပ်ရေးသည့် ဝတ္ထုတစ်ပုဒ်ကို ဗီဒီယိုရိုက်ရန် လာဝယ်ရင်းနှင့် ဒါရိုက်တာ ဇော်မျိုးနှင့် ခင်မင်ရင်းနှီးသည်။ သူ့ကို အကြောင်းပြု၍ လှိုင်သာယာရှိ သစ်တံခါးဆရာတော်နှင့် ဆုံဆည်းခွင့်ရခဲ့သည်။

ဆရာတော်ဘုရားက ကြည်ညိုစရာ ကောင်းသည်။ သက်တော်က ၄၀ ခန့်သာ ရှိသေးသည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ကျင့်ကြံအားကို ကျုပ်ရိုသေလေးစားသည်။ ဆရာတော်ကလည်း ကျုပ်ကို စာရေးဆရာတစ်ဦးမို့ ခင်မင်ဟန်တူသည်။ ဒါရိုက်တာ ဇော်မျိုးနှင့်အတူ ဆရာတော့်ကျောင်းသို့ ရံဖန်ရံခါရောက်သည်။ ကျောင်းကပြန်တိုင်းလည်း ဘီယာဆိုင် တစ်ဆိုင်ဆိုင်တွင် ဝင်ထိုင်ဖြစ်သည်။ ဒါရိုက်တာဇော်မျိုးက အရက်ကို ရာသက်ပန် လျှော့ထားသည်တဲ့။ သာဓုခေါ်စရာပါ။ ဘုန်းကြီးကျောင်းကအပြန် အရက်ဆိုင် ထိုင်မိခြင်းသည်ပင် ကျုပ်အတွက် အများအလယ်တွင် လက်ညှိုးထိုးစရာ ဖြစ်နေပေသည်။

'ကျုပ်ဒကာကြီးက အရက်နည်းနည်း သောက်တာကလွဲလို့ မဟုတ်တာဘာမှမလုပ်ဘူး'

ဆရာတော့်စကားကြောင့် ထိုးနေသော လက်ညှိုးတစ်ချို့ ကွေးသွားသည်။ ပြောခဲ့သလိုပဲ ကျုပ် အခုတလော အရက်နှင့်ပတ်သက်၍ အပြောအဆိုခံနေရသည်။ သို့အတွက် အရက်ဆိုင်ထိုင်ရမှာ၊ အရက်သောက်ရမှာကို လိပ်ပြာ

မလုံသလို ဖြစ်လာသည်။ အလုပ်တိုက်တွင် တစ်ယောက်တည်း ထိုင်သောက်တာများသည်။ အဲဒါတောင် ကျုပ်က ကပ်မူးလည်း မဟုတ်သေး။ အရက်သောက်တိုင်း ကုန်ကျငွေကို ကျုပ်ကပဲ ရှင်းနေကျ။ စာအုပ်က မတ်လကုန်ခါနီး သုံးလေးရက်တွင် ထွက်သွားသည်။

ကျုပ် ပျော်ရွှင်ချမ်းမြေ့နေ၏။

သစ်တံခါးဆရာတော် ကျုပ်အိမ်သို့ ဆွမ်းစားကြွသည်။ ဝမ်းသာလိုက်တာ။

မိတ်ဆွေအချို့ကတော့ အရက်အရမ်းမဖြတ်ဖို့ ကျုပ်ကိုတားသည်။ ကျုပ်ကလည်းကျုပ်။ ဖြတ်ကို ဖြတ်ပစ်တော့မည်။ အရက်၏ ဆိုးကျိုးကောင်းကျိုးကို သာမန်လူတစ်ယောက်ထက် ကျုပ်က ပိုသိသည်။

အရက်ကို ဘယ်သူ့ဆီမှာမှ ဝန်ခံကတိဖြင့် မဖြတ်လို။ ဘုရားကိုလည်း မလျှိုနိုင်၊ ကျုပ်စိတ် ကျုပ်ကိုယ်ဖြင့်သာ ဖြတ်မည်။ ကျုပ် ဆေးလိပ်ကို ဖြတ်ခဲ့တာ တစ်နှစ်ပြည့်တော့မည်။ ဆေးလိပ်၏ ဆိုးကျိုးမှန်သမျှကို သိသောကျုပ်သည် ဆေးလိပ်ဖြတ်ဖို့ အကြိမ်ပေါင်းများစွာ ကြိုးစားဖူးသည်။ ဖြတ်လိုက်၊ ပြန်သောက်လိုက်ဖြင့် သံသရာလည်နေခဲ့၏။ နည်းသည့်နှစ်မဟုတ်ခဲ့။ အခုတော့လည်း ကျုပ် ဆေးလိပ်ကို လုံးဝဖြတ်နိုင်ခဲ့ပါပြီ။

ချောင်းမဆိုးတော့၊ ရင်မကျပ်တော့၊ အသက်ရှူရတာ ကောင်းသွားသည်။ ခရီးထွက်လျှင်လည်း အမောလုံလာသည်။ ကျုပ်တွင် မိတ်ဆွေအရာရှိတစ်ဦးရှိသည်။ သူက အရက်ကို ခွေးသောက်သောက်သည်။ တစ်လတွင် နှစ်ပတ်သောက်ပြီး နှစ်ပတ်နားသည်။ အရက်ကို နားသည့်အပတ်တိုင်း မိန်းမကို ဘေးတွင် သက်သေထားလျက် ဘုရားရှေ့တွင် ငါးပါးသီလခံယူပြီး အရက်ကို နားတတ်သည်။

ကျုပ် အရက်ကို သွေးပျစ်၍ စသောက်ခဲ့သည်။ ကုသပေးသည့် ဆရာဝန်ကလည်း နေ့စဉ်ပုံမှန် အရက်နှစ်ပက် သောက်ခွင့်ပြုခဲ့သည်။ စသောက်တုန်းကတော့ ဝီစကီနှစ်ပက်ပါပဲ။ နောက် ဘီယာနှစ်ခွက် တိုးလာသည်။ သည်နောက်ပိုင်း အရက်သောက်တိုင်း ဘီယာနှစ်ခွက်၊ ဝီစကီနှစ်ပက် သောက်ဖြစ်သည်။ တစ်ခါတစ်ရံ ဘီယာတစ်ခွက်နှင့် နောက်တိုး ဝီစကီတစ်ပက် တိုးသောက်ဖြစ်သည်။

ထိုနေ့လိုမျိုး ကျုပ် ချာချာလည်မူးသည်။ အိမ်ကို ဘယ်လိုရောက်မှန်းမသိ။ ထမင်းမစား၊ ဘာမစားဘဲ အိပ်ရာထဲ တန်းဝင်သွားသည့် အခါမျိုးရှိသည်။

ယခင်ကဆို ကျုပ် အရက်ဆိုင်ထဲသို့ တစ်ယောက်တည်း မဝင်ရဲ၊ မသောက်ရဲ။ အခုတော့လည်း ကြိုက်သည့်နေရာ၊ ကြိုက်သည့်ဆိုင်၊ ကြိုက်သည့်လူနှင့် တွဲသောက်ရဲလာသည်။

သည်ကနေ့ အရက်ကြောင့်ဖြစ်သော စိတ်ဝေဒနာများစာအုပ် တစ်နိုင်ငံလုံးသို့ စဖြန့်သည်။ မမွန်နှင့် မောင်မျိုးတို့နှစ်ယောက် အငှားကားတစ်စီးဖြင့် ရန်ကုန်တစ်မြို့လုံးရှိ စာအုပ်ဆိုင်များသို့ တင်သည်။ တစ်ချို့ဆိုင်များကို အကြွေးပေးရ၏။ တစ်ချို့ဆိုင်များကျတော့ ကော်မရှင်ရာခိုင်နှုန်း များများတောင်းပြီး လက်ငင်းရှင်းသည်။ အဲသည်နေ့က ရန်ကုန်ရောင်းရငွေ နှစ်သိန်းနီးပါးရသည်။ ကားစရိတ်၊ ထမင်းစားရိတ်၊ မုန့်ဖိုးတွေပေးနှင့် တစ်သိန်းနီးပါးကျန်သည်။

ကျုပ် စာအိတ်လေးတစ်အိတ်ထဲ ကျန်ငွေအားလုံးကိုထည့်၍ လွယ်နေကျ လွယ်အိတ်ထဲ ထည့်ထားလိုက်သည်။ မနက်ဖြန် ဆရာတော်အား ဆက်ကပ်လှူဒါန်းမည်။ အိမ်သို့ ဆရာတော် ဆွမ်းအလှူခံကြွဖို့ ကျုပ် သုံးလတိတိ စောင့်ခဲ့ရသည်။ သည်ကြားထဲ တိုးမြင့်ပင်စင်လစာရသည်။ သင်္ကန်းငါးစုံ ဝယ်ထားလိုက်သည်။ တစ်ခြားတစ်ခြားသော လှူဖွယ်များလည်း အများအပြား၊ ဆွမ်းဟင်းအားလုံးကိုလည်း အိမ်တွင် စိတ်တိုင်းကျချက်သည်။ ကုန်ချင်သလောက် ကုန်၊ လိုသလောက်ငွေကို ထုတ်သုံးခွင့်ပြုထားသည်။

ကျုပ်ဘဝမှာ တကယ်မြင့်မြတ်တဲ့ အလှူဒါနတစ်ခု ဖြစ်ချင်သည်။ ကျုပ်ရခဲ့သမျှ ကျုပ်စုဆောင်းမိသမျှ ငွေအားလုံးက ကျုပ်စာရေး၍ စာအုပ်ထုတ်၍ ရသည့်ငွေများ ဖြစ်သည်။

တကယ်မြင့်မြတ်သည့် ငွေပါ။

×××

'ဆရာတော်ဘုရား. . . ဒီဝတ္ထုငွေက တပည့်တော် အရက်ရောင်းလို့ရတဲ့ ငွေပါဘုရား။ ဆရာတော်ဘုရားအား လှူဒါန်းခွင့်ပြုပါဘုရား'

'ဘယ့်နှယ်ဒကာ၊ အရက်ရောင်းလို့ရတဲ့ ငွေကိုမှ ဘုန်းကြီးကို လှူရသလား၊ တကယ်ဆိုးတဲ့ ဒကာပဲ'

'တင်ပါ၊ တပည့်တော်ရေးတဲ့ စာအုပ်ပါဘုရား၊ မနေ့ကမှ စဖြန့်ပါတယ်ဘုရား၊ မနေ့က တစ်နေ့တာ ရောင်းရငွေ အားလုံးပါဘုရား။ ဆရာတော် သုံးလိုရာသုံးဖို့ လှူဒါန်းပါတယ်ဘုရား။ သကြ်န်တွင်း ဆရာတော်ဘုရား ကျောင်းမှာကျင်းပမယ့် ဒုလ္လဘ ရဟန်းခံပွဲမှာလည်း ရဟန်းအားလုံးအတွက် တစ်ပါးစာ

တစ်အုပ်နှုန်းဖြင့် လှူဒါန်းခွင့်ပြုပါဘုရား'

'ကျုပ်ဒကာကြီး အမြော်အမြင်ကြီးပါဘိ။ ဒုလ္လဘရဟန်းခံမယ့် ပုဂ္ဂိုလ် ၉၀ ရာခိုင်နှုန်းက အရက်သမားတွေချည်းပဲ ဒကာ။ တရားတစ်ကြိမ်ထိုင်ပြီးတိုင်း ဒီစာအုပ်တစ်ကြိမ် ဖတ်ခိုင်းရင် အကြောက်တရားနဲ့ အကျိုးတရားတစ်ခု ရရှိနိုင်တယ်။ ဒကာကြီး ကုသိုလ်အများကြီး ရသွားပါပြီ၊ ဒီထက်ကောင်းမြတ်တဲ့ စာအုပ်တွေ အများအပြား ရေးနိုင်ပါစေ'

ဆရာတော်က စာအုပ်ကို ဟိုလှန်သည်လှန်ဖြင့် ဖတ်၏။ ကျုပ်အမှာကို ဖတ်မိဟန်တူသည်။

'ဒကာကြီး အမှာရေးတာ ကောင်းတယ်။ အမှန်ကို အမှန်အတိုင်း ရဲဝံ့စွာဝန်ခံပြီး စာဖတ်ပရိသတ်ကို အဆုံးအဖြတ်ခိုင်းတယ်။ ဘုန်းကြီးကတော့ ဒကာကြီး အရက်ဖြတ်သင့်ပြီလို့ ပြောချင်တယ်။ ဒါပေမဲ့ ဒကာကြီး စိတ်ခိုင်မှဖြတ်ပါ။ အနုပညာသမား၊ စာပေသမားတွေဆိုတာ တကယ့်ကို ပြောရဆိုရခက်တဲ့ ပုဂ္ဂိုလ်တွေမှန်း ဘုန်းကြီးသိတယ်'

ကျုပ်မျက်နှာကို စိုက်ကြည့်ပြီး ဆရာတော် ပြုံးနေ၏။

ထိုနေ့ကရသည့် ကုသိုလ်က ရှာမှရှားသည်။ စာရေးလို့ ရသည့်ငွေ၊ ပင်စင်လစာငွေများ စုပေါင်း၍ အလှူလုပ်ခြင်းဖြစ်သည်။ ကျုပ်ရင်ထဲမှာ တသိမ့်သိမ့်ဖြင့် ပီတိဖြစ်ရပါသည်။ ဆရာတော်က တရားရေအေး ချိုးမြှင့်၏။ တရားနာမိတ်ဆွေ တစ်ချို့က ကျုပ်ထံမှ ဆရာတော်အား အရက်အလှူခံအောင် တွန်းအားပေးကြသည်။

'ဘုန်းကြီး အလှူမခံနိုင်ဘူး။ ဒကာကြီး စိတ်ခိုင်မှ ဖြတ်ပါစေ။ ကျုပ်ဒကာကြီးက သန်းခြောက်ဆယ်ကျော် လူဦးရေကို ကျန်းမာရေး ဗဟုသုတ ဝေငှနေတဲ့ ပုဂ္ဂိုလ်ပါ။ တစ်ကိုယ်ရေ ကျန်းမာရေးကျတော့ ဂရုမစိုက်၊ အလေးမထားရင် သူ့ထိုက်နဲ့ သူ့ကံပဲပေါ့ ဒကာတို့ရယ်'

'အရှင်မြတ်ဘုရား၊ တပည့်တော် ခန္ဓာကိုယ်က တောင့်တနေသမျှ ကာလပတ်လုံး မကောင်းမှန်းသိသိနှင့် ဒီအရက်ကို သောက်နေဦးမှာပဲ ဘုရား။ တပည့်တော် ဘယ်သူ့တိုက်တွန်းချက်နဲ့မှ ဘာတစ်ခုမှ မလုပ်တတ်ပါဘူး ဘုရား။ တပည့်တော်စိတ်ကို တပည့်တော် နိုင်အောင်ထိန်းပြီးမှ ဘဝကို ထိန်းကျောင်းလာတာပါ ဘုရား။ ဒီညတော့ တပည့်တော် အရက်နဲ့ကွမ်း သံယောဇဉ်ကို ဖြတ်နိုင်၊ မဖြတ်နိုင် အဆုံးအဖြတ် ခံယူမယ့်ညပါ ဘုရား'

'သာဓု . . သာဓု . . သာဓုပါ ဒကာ။ ဒီည ဘုန်းကြီး ဒကာကြီးတစ်ဦး

တည်းကိုကွက်ပြီး မေတ္တာပို့ပေးမယ်'

မနက်က ဆရာတော်ဘုရားနှင့် အပြန်အလှန် ပြောစကားများ နားထဲတွင် ကြားယောင်နေ၏။ ကျုပ် မျက်စိကိုမှိတ်၍ ဝင်လေ၊ ထွက်လေ ရှုရှိုက်မိသေးသည်။ ဝင်လေ အရဟံ၊ ထွက်လေ ဗုဒ္ဓေါ အကြိမ်ပေါင်းများစွာ ရွတ်သည်။

ကောင်းမှုနှင့် မကောင်းမှု။ ခံတွင်းထဲ ခြောက်သွေ့နေ၏။ ကျုပ်ရေငတ်နေသည်။ ထူအမ်းအမ်းဖြစ်နေသော လျှာက ကွမ်းမစားရ၍ ခြောက်ကပ်ကပ်နှင့် ကြမ်းနေသည်။ ရင်တွေ ပူလောင်နေ၏။ စိတ်ထဲတွင် ခုန်ပေါက် အော်ဟစ်ပစ်ချင်နေသည်။

စိတ်တို့ ကစဥ့်ကလျား ဖြစ်နေသည်။ ထိုင်နေရာကထပြီး ခြံထဲဆင်း၍ လမ်းလျှောက်ဖြစ်သည်။ အရက်ကို သောက်ချင်နေသည်။ စိတ်ဆန္ဒက ပို၍ပြင်းပြလာသည်။ သောက်ချင်စိတ်ကို ချိုးနှိမ်၍မရ။ နေ့တိုင်း သောက်ခဲ့မိသည်ကိုး။ သည်တစ်ရက်လေးတောင် နားလို့မရဘူးလား။ ကျုပ် လမ်းလျှောက်နေရာမှ အိမ်ထဲသို့ပြန်ဝင်သည်။ စားပွဲပေါ် တင်ထားသောခွက်ကို ကောက်ကိုင်ပြီး နောက်ဖေးခန်းသို့ တန်းဝင်သွားသည်။

တဒိုင်းဒိုင်းနှင့် ရင်ခုန်သံမြန်နေသည်။ ခြေလှမ်းတိုင်း မာန်ပါနေသည်။ ခွေးကလေးက အမြီးကလေး တနန့်နန့်နှင့် ကျုပ်နောက်သို့ လိုက်လာသည်။ ရေခဲသေတ္တာကိုဖွင့်၍ ဝီစကီပုလင်းကို ထုတ်ယူလိုက်သည်။ အဖုံးကိုဖွင့်ပြီး ခွက်ထဲသို့ ဝီစကီသုံးလေးပက် လောင်းထည့်လိုက်သည်။

စားစရာအမြည်းက အစုံရှိသည်။ ကြက်သားချက်၊ ငါးကြင်းငါးပေါင်း၊ နည်းနည်းစီ ခွက်တစ်ခွက် ဖြည့်ယူသည်။ အိမ်ရှေ့ခန်းသို့ ထွက်လာ၏။ ခွေးကလေးက နောက်မှလိုက်လာပြီး ကျုပ်ခြေရင်းတွင် ခွေပြီးဝင်အိပ်၏။

ကျုပ်ထိုင်ချလိုက်သော နေရာက ဘုရားစင်က ဘုရားနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။ မြတ်စွာဘုရားက ပြုံးနေ၏။ ကျုပ် မျက်လုံးများကို အလျင်အမြန် လွှဲလိုက်သည်။ ဘုရားရှင်အား ရင်ဆိုင်ဖို့ ကျုပ် ခွန်အားတွေနည်းနေပြီ။

နှာခေါင်းထဲ တိုးဝင်လာသော အရက်နံ့ကလေးက သင်းပျံ့နေ၏။ ခွက်ကို ကောက်ကိုင်လိုက်သည်။ လက် တဆတ်ဆတ်တုန်နေ၏။ တုန်ယင်သော လက်ဖြင့် ခွက်ကို နှုတ်ခမ်းနားသို့ပို့သည်။ နားထဲ စကားသံများ ပဲ့တင်ရိုက်ခတ်လာ၏။ ကျုပ် အရက်ကို ငုံ့ချလိုက်ဖို့ တွေဝေသွားပြန်သည်။

'အလကားကောင်ပါကွာ၊ ကျန်းမာရေး ပညာပေး စာအုပ်တွေသာရေး

နေတာပါ။ လူကတော့ ငမူးပဲ။ ကဲ. . . ကြည့်နေ ဆင်းလာပြီ။ မူးမူးနဲ့ တွေ့သမျှ လူကို ရစ်တော့မယ်'

၃၉ လမ်း၊ စာပေတိုက်က တပည့်လေးတစ်ယောက်နှင့် တိုက်ပိတ်ပြီး ဆင်းလာခဲ့သည်။ လမ်းထဲတွင် ဘီဘီစီ၊ ဘီအိုအေ အုပ်စုတစ်စုရှိသည်။ ဝေဖန်ရေး၊ လေကန်ရေးသမားတွေ။ သူတော်ကောင်းလိုလို၊ သူတော်စင်လိုလို၊ ဘုရားဒကာလိုလို၊ ကျောင်းဒကာလိုလိုနှင့် လူတကာကို လက်ညှိုးထိုး အပြစ်ရှာပြီး အပြစ်ပြောတတ်သည့် အုပ်စု။ သူတို့ထဲကတစ်ယောက် အတင်းပြောတာလား။ တမင်ရန်ဖြစ်ချင်လို့ ပြောတာလား၊ ပြောသံကို လေ့ကားရင်း ရောက်ခါစတွင် ကျုပ် ကြားလိုက်ရသည်။

ကြားကြားချင်းတော့ စိတ်ထဲထောင်းခနဲ ဖြစ်သွားတာပေါ့။ မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားအောင် ဖြတ်ရိုက်ပစ်ချင်သည်။ ဖြတ်ရိုက်ဖို့လည်း ကြိုးစားဖြစ်သည်။ သို့သော် လမ်းတစ်ဖက်ကူး၍ သူတို့နားအရောက် ကျုပ် စိတ်ကို လျှော့ချလိုက်သည်။

ကျုပ် ရန်ဖြစ်ဖို့ အရက်သောက်တာမှ မဟုတ်တာ။

မှတ်ထား၊ အရက်ဆိုတာ ဇိမ်ခံဖို့သောက်တာ။ သူတို့က ကျုပ်ကို အုပ်စုနှင့် အနိုင်ကျင့်ချင်နေမှန်း သိသည်။ ကျုပ်က သူတို့ကို အနိုင်ကျင့်ခွင့် ပေးမယ်တဲ့လား။ တွေ့ချင်ရင်တော့ မနက်လေ။ ဓားဓားချင်း၊ လှံလှံချင်းပေါ့။

နှုတ်ခမ်းနှစ်လွှာကို ဟလိုက်ရုံဖြင့် လျှောခနဲဝင်သွားမည့် အရက်၊ နားထဲကြားလာသည့် စကားများကြောင့် အရက်ခွက်ကို ဒေါက်ခနဲမြည်အောင် စားပွဲပေါ် ပြန်ချထားလိုက်မိသည်။ ခွေးကလေး ခေါင်းမော့ကြည့်၏။ ခွေးကလေး မျက်လုံးများ အရောင်တောက်ပနေသည်။ ဒီကနေ့ ငါ့သခင် ထူးများထူးနေသလား။ တွေးကောင်း တွေးနေလိမ့်မည်။

'ဆရာ. . . အားတော့နာတယ်။ ဆိုင်အတွက် ဆရာကူညီထားတာတွေလည်း အများကြီးပဲ။ ဒါပေမဲ့ ကျွန်တော့်ဆိုင်ကို ညနေပိုင်းမလာပါနဲ့။ ကျွန်တော့်မိန်းမက မကြိုက်ဘူး'တဲ့။

'ဗျာ'

တစ်ခွန်းပဲ အော်နိုင်ခဲ့သည်။ မိတ်ဆွေတစ်ဦး၏ ပြောစကား။ သူက အရက်ကို အလွန်အကျွံသောက်သည်။ အရက်သောက်ပြီး ရန်စကား ပြောတတ်သူဖြစ်သည်။ ဆိုင်က စားသောက်ဆိုင်ပါ။ သောက်ရင်းစားရင်း ညနေပိုင်းဆို တစ်ခါတစ်ရံ ရောက်သွားတတ်ပါသည်။

ကျုပ် အိမ်တံခါးကို ဖွင့်လိုက်၏။

ကျုပ် အရက်နှင့်ခွက်ကို အပြင်ဘက်သို့ အားကုန်လွှင့်ပစ်လိုက်သည်။ လူတစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေ၏။ စိတ်ကိုစုစည်းဖို့ အတော်လေး ခက်သွားသည်။

နာရီက ၁၂ နာရီကျော်နေပြီ။ နေ့သစ်ကူးခဲ့ပြီကိုး။

ဘုရားစင်ရှေ့တွင် ကျုပ်သွားထိုင်ပြီး စိတ်ကိုတည်ငြိမ်အောင် အတော်ကို ကြိုးစားယူပြီးမှ ဦးသုံးကြိမ် ချဖြစ်သွားသည်။ ငါးပါးသီလ တည်ဆောက်ရန် ကြိုးစားဖြစ်သည်။ တဖြည်းဖြည်း အပူမီးများ ငြိမ်းလာ၏။ အရက်ကို တောင့်တ စိတ်များလည်း လျော့နည်းလာသည်။ ရင်ထဲမှာ လန်းဆန်းပေါ့ပါးသွားသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

×××

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

အာဒိန္နာဒါန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

သုရာမေရယာ မဇ္ဇပမာဒဋ္ဌာန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

(အာမဘန္တေဘုရား)

ကျုပ် ငါးပါးသီလ ခံယူဖြစ်သွားသည်။ အားလုံးကိုလည်း မေတ္တာပို့ ဖြစ်သည်။ ကျုပ်ဆိုတဲ့လူက ဘုရားရှိခိုးတိုင်း လေးပါးသောသီလပဲ ခံယူခဲ့တာ နှစ်ပေါင်း ၁၀ နှစ်ကျော်ခဲ့ပြီ။ သည်တစ်ညတော့ ငါးပါးသောသီလကို ပြည့်ပြည့်ဝဝ ဆိုနိုင်ခဲ့ပါပြီ။

ကျုပ် မပျော်ဘဲ နေပါ့မလား။ ဘုရားကို ဦးအကြိမ်ကြိမ် ချ၏။ အိမ်ရှေ့မီးများအားလုံးကို မှိတ်ပစ်လိုက်သည်။ ကျုပ် အိပ်ရန် ခုတင်ပေါ် တက်လိုက်သည်။ ခွေးကလေးက ခုတင်အောက်တွင် အိပ်ကျန်ရစ်ခဲ့သည်။

လူနေရာ လူ၊ ခွေးနေရာ ခွေးပေါ့။


'အရဟံ၊ သိဒ္ဓိ ဘဂဝါအောင်'ဟု ကျုပ် မျက်လုံးစုံမှိတ်၍ ရွတ်နေမိသည်။ အကြိမ်ပေါင်း မည်မျှရွတ်၍မည်သည့်အချိန်တွင် အိပ်ပျော်သွားမှန်း ကျုပ်မသိတော့။

မိုးလင်းတော့ လန်းဆန်းစွာ နိုးလာခဲ့သည်။ စိတ်များလည်း လန်းဆန်းတက်ကြွနေသည်။

ကျုပ် အရက်ကို ဖြတ်နိုင်ခဲ့ပါပြီ။ ထာဝရလား၊ တစ်ခဏလား ဝေးသွားမှာတော့ ကြောက်နေသည်။

❑

Potential မဂ္ဂဇင်း
၂၀၁၂ ခုနှစ်






MRIV-4 တေးဂီတ အစီအစဉ်တွင် မြတ်သက်မွန် သီချင်းဆိုနေသည်။ မြရိပ်ညိုဟိုတယ်တွင် ကျင်းပခဲ့သော တစ်ကိုယ်တော် Live Show ပွဲတုန်းက သီချင်းများချည်း ဖြစ်သည်။

တစ်ပုဒ်ပြီးတစ်ပုဒ်၊ ဖက်ရှင်ကလည်း တစ်မျိုးပြီးတစ်မျိုး။ သူ့ရဲ့အောင်မြင်မှုလည်း အံ့မခန်း။ တစ်ပုဒ်ဆိုပြီးတိုင်း ပရိသတ်အားပေးမှုက ဟိန်းထနေသည်။ တိုက်ဆိုင်သည်လား၊ တမင်တကာ ဖန်တီးလိုက်ကြသည်လား။

မြတ်သက်မွန် သီချင်းဆိုနေပုံကိုကြည့်ရင်း သူ ရီဝေစွာ တွေးနေမိသည်။ မြင်ကွင်းကို သူကြာကြာမကြည့်ရဲ။ ရင်ထဲမှာ အလိုလိုနေရင်း မချင့်မရဲဖြစ်လာတော့သည်။ သူ့ရင်သည် နိမ့်တုံမြင့်တုံဖြစ်နေ၏။

ရုပ်မြင်သံကြားစက်ကို အဝေးထိန်းခလုတ်ဖြင့် လှမ်းပိတ်လိုက်သည်။

သူ့စိတ်ကို မနည်းကြီး ထိန်းချုပ်နေရသည်။ လူကတော့ မဟန်ချင်တော့။ အရက်ကို ထပ်သောက်ရန် နှုတ်ခမ်းနားသို့ ဖန်ခွက်ကို တေ့လိုက်ချိန်တွင် အေးမာ၏ ချိုလွင်သော စကားသံများ နားထဲ ပဲ့တင်ရိုက်ခတ်သွားသည်။ နားကို ဖန်ခွက်ဖြင့် ပိတ်လိုက်မိ၏။ မျက်လုံးများ လည်နေသည်။

အမှန်ဆို သူသည် မူးဝေယစ်မူးသော အာရုံကို ထိတွေ့ခံစားလိုသေးသည်။ အရက်၏ ပူရှိန်းရှိန်းအရသာကိုလည်း တမ်းတမ်းတတ ဖြစ်နေသေးသည်။ ရင်ထဲမှာ ပူလောင်ခံခက်လည်း ဖြစ်နေ၏။ အရက်နှင့် ပေါင်းစည်းမိတိုင်း သံယောဇဉ်က ဖြတ်ရခက်သည်။ အရက်ခွက်ကို တစ်ချက်နမ်းပြီး လက်ကိုဝှေ့ရမ်းလိုက်သည်။

ဦးနှောက်တွေ ပုံမှန်မှဟုတ်သေးရဲ့လား။ နားအစုံကို လက်ဖြင့် အတင်းပိတ်ထားလိုက်မိသည်။ မြောက်တက်သွားသော အရက်ခွက်နှင့် ပုလင်းတို့သည် အခန်းနံရံနှင့် ထိတွေ့ကာ 'ချလွင်၊ ချလွင်'ဖြင့် အစိတ်စိတ်အမြွာမြွာ ကွဲထွက်သွားသည်။

ဖန်ကွဲစများ အခန်းဝန်းကျင်အနှံ့ ပြန့်ကျဲနေ၏။ အရက်နံ့များလည်း တစ်ခန်းလုံး ထောင်းထနေသည်။ တပည့်ကျော်က အပြေးအလွှားရောက်လာပြီး

'ဆရာရယ်. . . စိတ်ကို နည်းနည်းထိန်းပါဦး။ ဆရာသောက်တာလည်း များနေပါပြီ'ဟု လာတားသည်။

'မင်းက ဆရာလား၊ ငါက ဆရာလား။ သွား. . . သွား . . . မချစ်ဖူးတဲ့ အရူးတွေ'

ဟုပြောပြီး မောင်းထုတ်ပစ်လိုက်သည်။ ပြုပြင်ဖန်တီးထားသော လေအေးစက်မှ အအေးလှိုင်းများ သူ့ရင်ကို မအေးနိုင်တော့ပါ။ သူ့ရင်များ ပေါက်ကွဲလုမတတ် ပူလောင်နေသည်။

ဒေါက်တာသက်ဝေသည် ကွဲသွားသော အရက်ခွက်နှင့် ပုလင်းတို့ကို

စူးစူးစိုက်စိုက်ဖြင့် အကြာကြီး စိုက်ကြည့်နေပြီးမှ ထိုင်ရာမှထကာ ပြန့်ကျဲနေသော စိတ်အာရုံကို စုစည်းရန် စန္ဒရားခုံပေါ် ထိုင်၍ သီချင်းတစ်ပုဒ်ကို ဆိုတီးဖို့ ကြိုးစားကြည့်သည်။

'အလွမ်းနွေကို စမ်းရေထဲမှာ မျှောလိုက်ပြီ × × × ချစ်ကြမ္မာ အကျိုးပေးက ××× ဆိုးလှပါပြီ'

သည်သီချင်းလေးကို စိမ်ပြေနပြေ ဆွဲဆွဲငင်ငင် ဆိုလိုက်ချင်ပေမယ့် သီချင်းစာသားများက သူ့လည်ချောင်းထဲ တစ်နေသည်။ သည်သီချင်းက သူ အလွန်တရာ နှစ်သက်သဘောကျသော သီချင်း။ အားလပ်ရက်တိုင်း သည် သီချင်းပဲ ဆိုတီးဖြစ်သည်။ ခုတော့ ဆိုမရ၊ တီးမရ။ သည်စာသားလေး တစ်ကြောင်းကိုသာ ကြိမ်ဖန်များစွာ ဆိုနေရင်းက စန္ဒရားခုံပေါ် ခေါင်းငိုက်ကျသွားသည်။ သံစဉ်မမှန်သော စန္ဒရားသံများ တစ်ခန်းလုံး ဆူညံသွားပြန်သည်။

သက်ပြင်းသဲ့သဲ့ကို ဆွဲဆွဲငင်ငင်ချနေစဉ် မဟာန်တော့ဘဲ အသိဉာဏ် အားလုံး အမှောင်ကျသွားသည်။

×××

ရန်ကုန်ဆေးရုံကြီး၏ တစ်ခုသော လူနာဆောင်ပေါ်တွင် အေးမာကို ကိုသက်ဝေ စတင်သိကျွမ်း ရင်းနှီးခွင့်ရခဲ့သည်။ တွေ့လျှင်တွေ့ချင်း ရှေးဘဝ ရေစက်ကြောင့်လားမသိ။ ကိုသက်ဝေ စွဲစွဲလမ်းလမ်းဖြင့် ဝေဒနာလေးတစ်ခုကို တိတ်တခိုး ခံစားခဲ့ရသည်။

ချစ်တတ်သော အသည်းနှလုံး၏ လှုံ့ဆော်မှု ဂယက်ကလေးများကြောင့် ပဲလား။ ထိုစဉ်က တကယ်ပင် ကိုသက်ဝေ မသိရှိခဲ့ပါ။

အေးမာက သူနာပြုသင်တန်းသူ။ ကိုသက်ဝေက အလုပ်သင်ဆရာဝန် ဖြစ်စအရွယ်။ ပျိုမျစ်ဆဲကာလ ရင်ထဲက ဝေဒနာကို ကြေညာရန် ကြိုးစားခဲ့သူက ကိုသက်ဝေ။

သို့သော် သင်တန်းကာလ ပြီးဆုံးချိန်ဝယ် တစ်ယောက်တစ်နယ်စီ ဝေးကွာခဲ့ကြသည်။ ဆက်ကူးပေါင်းနွှယ်မှုလည်း လုံးဝပြတ်တောက်ခဲ့ကြသည်။

ကြာတော့လည်း ကြာခဲ့ပါပြီ၊ သို့သော် ကုန်ဆုံးသွားသော နေ့ရက်များကို ပြန်လည်ရေတွက်မိတိုင်း တမြည့်မြည့် ခံစားရသူက ကိုသက်ဝေ။

×××

အေးမာနှင့် ကိုသက်ဝေ ပြန်လည်ဆုံတွေ့ကြချိန်တွင် အေးမာက ထဘီနီနီလေးနှင့် သူနာပြုဆရာမလေး မဟုတ်တော့။ အဆင့်မြင့် သူနာပြုပညာရပ်များကို သင်ကြားတတ်မြောက်ပြီး ရန်ကုန်သူနာပြုတက္ကသိုလ်တွင် ကထိကပင်ဖြစ်နေပြီ။

ကိုသက်ဝေသည်လည်း လူပျိုမဟုတ်တော့။ အိမ်ထောင်ကျခဲ့ဖူးသော ကလေးတစ်ယောက်အဖေ FRCP ဘွဲ့ရ ခွဲစိတ်သမားတော်ကြီး ဖြစ်နေပြီ။

သို့သော် ကိုသက်ဝေ၏ ချစ်ခြင်းဗလာ၊ ဂုဏ်နေ အယောင်ဆောင်များနှင့် တည်ဆောက်ခဲ့သော အိမ်ထောင်ရေးက မတည်မြဲခဲ့။ တစ်ဦးနှင့်တစ်ဦး စရိုက်လက္ခဏာချင်း မတူညီ၍ ကလေးတစ်ယောက်ရပြီးမှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ လမ်းခွဲခဲ့ကြသည်။

အေးမာက အပျိုကြီးတစ်ကိုယ်တည်း။

သူမနှင့် ပြန်လည်တွေ့ဆုံရတော့ ကိုသက်ဝေ၏ ချစ်ခြင်းမေတ္တာတို့ ပြန်လည်နိုးကြွ နုပျိုလာပြန်သည်။ ချစ်တတ်သည့် နှလုံးသားသည် မွေးကတည်းက လူတိုင်းလူတိုင်း ပိုင်ဆိုင်လာသော ပစ္စည်းတစ်ခုပဲ မဟုတ်လား။

'အေးမာ'

မဝံ့မရဲထွက်လာသော ကိုသက်ဝေ၏ စကားကလေးကြောင့် အေးမာ၏ ခြေလှမ်းများ တုံ့ဆိုင်းနှေးကွေးသွားခဲ့သည်။ ရင့်ရော်စပြုနေပြီဖြစ်သော သနပ်ခါးမပါ၊ မိတ်ကပ်မခြယ်၊ နဂိုရည်မျက်ဝန်းကလေးသည် ပန်းနုရောင် ရှက်သွေးကလေးများဖြင့် သူမအား ရှိရင်းစွဲအသက်ထက် ပို၍ပို၍ နုပျိုသွားစေသည်။

'အေးကို ကိုယ် လက်ထပ်ချင်တယ်။ အေးရဲ့သဘောဆန္ဒကို သိပါရစေ'

ကိုသက်ဝေသည် ပြောပြောဆိုဆိုနှင့် အေးမာအနားသို့ တိုးကပ်လိုက်သည်။ ပခုံးချင်း ထိလုမတတ် ဖြစ်သွား၍ အေးမာက အနည်းငယ် ဘေးသို့ ခွာလျှောက်လိုက်ရသည်။ ကိုသက်ဝေ၏ ချစ်ခွင့်ပန်သော စကားသံ တုန်တုန်ရီရီကို နားထောင်ရင်း အေးမာသည် ဝမ်းသာစိတ်၊ ရှက်စိတ်တို့ဖြင့် မျက်ရည်များပင် ဝေ့လာသည်။

ချစ်ပါသည်ဟုပင် ခေါင်းမညိတ်သေး။ တစ်ဆင့်ကျော် လက်ထပ်ချင်ပါသည်ဟု ပြောလာသော ကိုသက်ဝေ၏ စကားကြောင့် အေးမာကျိတ်၍ ပြုံးလိုက်သေးသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သည်လိုစကားမျိုး ပြောလိမ့်မည်ဟု တွေးထင်ထားခဲ့မိ၍ အေးမာအဖို့ အံ့ဩမှုများ မဖြစ်ပေါ်ခဲ့သော်လည်း ရွှေရင်

အစုံ၏ ရွေးထွေးသော ခံစားမှုလေးတစ်ခုကိုမူ တသိမ့်သိမ့်ခံစားလိုက်ရသည်ကတော့ အမှန်ပင်ဖြစ်သည်။

'ဘယ်လိုလဲ ကိုယ်ပြောနေတာ ကြားတယ်မဟုတ်လား'

'ကြားပါတယ်၊ ဒါပေမဲ့ ဆရာရယ်'

အေးမာစကားများ တိမ်ဝင်သွားသည်။ မျက်လုံးကိုစွေ၍ ကိုသက်ဝေအား ငဲ့စောင်းကြည့်လိုက်သေးသည်။ ကိုသက်ဝေ မျက်လုံးများသည် မျှော်လင့်မှု များစွာဖြင့် ရွှန်းလဲ့တောက်ပနေသည်။ ကြိုက်မရှက်၊ ငိုက်မရှက်ဆိုတာ ဒါမျိုးပဲလား။ မေတ္တာစစ် မေတ္တာမှန်ဖြင့် ရှေ့ဆောင်ကာ ဘဝအတွက် လက်ကမ်းခြင်း ဖြစ်မှန်းသိသည်။ သည်အချိန် အလှပ်ရှားဆုံးသော အရာသည် နှလုံးသားပင် ဖြစ်နေတော့သည်။

■

**အသည်းနှလုံးတွေ၊ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ နေ့စဉ် ခွဲစိတ်နေရတဲ့ ဆရာဝန်မှာလည်း အသည်းနှလုံးနဲ့ပါလေ။**

■

'ဒါပေမဲ့ ဘာဖြစ်လို့လဲ အေးမာ'

'အေးမာတို့ အရွယ်တွေက စိတ်ကူးနဲ့ဘဝကို တည်ဆောက်လို့ မရတော့တဲ့ အရွယ်လေဆရာ။ နှလုံးသားခံစားမှု တစ်ခုတည်းကို ရှေ့တန်းတင်လို့ ဘယ်ဖြစ်ပါ့မလဲ'

'မှန်တာပေါ့။ အေးပြောတာ ကိုယ်လက်ခံပါတယ်။ ဒါကြောင့်လည်း အေးကို စိတ်ကူးမယဉ်စေချင်ဘူးလေ။ အေးအပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာကို ယုံရင် လေးလေးနက်နက် စဉ်းစားဖို့ ပြောရတာပါ။ ကိုယ့်ဘဝအတွက် အေးဟာ အလိုအပ်ဆုံးသူတစ်ယောက် ဖြစ်နေလို့ပါ'

'ဓားကိုင်တဲ့ ဆရာဝန်ကြီးကလည်း ရည်းစားစကား ပြောတတ်သားပဲနော်'

'အသည်းနှလုံးတွေ၊ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ နေ့စဉ်ခွဲစိတ်နေရတဲ့ ဆရာဝန်မှာလည်း အသည်းနှလုံးနဲ့ပါလေ။ ဆရာဝန်ဆိုတာလည်း လူသားအသည်းနှလုံးကို ပိုင်ဆိုင်သူပါ'

မင်းသားဟန်ဖြင့် ပြောသည်။

သူတို့နှစ်ဦး အသီးသီး ပြုံးဖြစ်သွား၏။

*ဟိန်းထက် တလေ*

ကိုသက်ဝေရင်မှာ မရေရာသေးသော ရှေ့ရေးကို တွေးဆကာ အတိုင်းမသိ ကျေနပ်နေမိသည်။ အေးမာက ချစ်သည့်သဘော ဖွင့်မပြောသော်လည်း ယုံကြည်သည့် အမူအရာ ပြလိုက်သည်။ သူတို့နှစ်ဦး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဗိုလ်ချုပ်လမ်းအတိုင်း သူနာပြုတက္ကသိုလ်ရှိရာသို့ ရှေးရှုလျှောက်နေကြခြင်း ဖြစ်သည်။

'ဟောဟိုမှာ ဆရာမလေးတွေ ကြည့်နေကြတယ်။ ပြန်တော့လေ ရှက်စရာကြီး'

သူနာပြုတက္ကသိုလ် ခြံဝင်းစပ်အရောက်တွင် အေးမာက ဟိုဟိုသည်သည် လှမ်းကြည့်ရင်း ပြောလိုက်သည်။

'အေးရဲ့ဆန္ဒကို ကိုယ်သိချင်ပါတယ်။ တိကျခိုင်လုံတဲ့အဖြေကို ပေးရင်ပေး၊ မပေးရင်တော့ ကျောင်းဝင်းထဲအထိလိုက်ပြီး အဖြေတောင်းရလိမ့်မယ်'

ကိုသက်ဝေစကားကြောင့် အေးမာ၏ ဖိုနေသောရင်တို့ အခုန်မြန်သွားသည်။ ကိုသက်ဝေ ရုပ်သွင်ကလည်း တကယ်ပြော၊ တကယ်လုပ်မည့် ဟန်ပန်မျိုး။ သူ့ကိုကြည့်၍ အေးမာ ကျောချမ်းမိသည်။

အမှန်ဆို သူ့ဂုဏ်သိက္ခာကို ငဲ့ကွက်သင့်သည်။ နိုင်ငံကျော် ဆရာဝန်ကြီးတစ်ဦး မဟုတ်လား။

'အေး စဉ်းစားပါရစေဦး ဆရာ။ တစ်နေ့နေ့ အေး အဖြေပေးပါ့မယ်။ အခု တော့ တပည့်တွေ တစ်မျိုးတစ်မည် ထင် မြင်သွားရင် ဆရာရော အေးမာပါ ဂုဏ် သိက္ခာတွေ ကျရချည်ရဲ့။ အေးမြတ်နိုးချစ်ခြင်းမေတ္တာကို အေးမာတို့ ရှာကြရအောင်ဆရာ'

အေးမာစကားကြောင့် ကိုသက်ဝေ ကျောင်းဝင်းထဲသို့ လှမ်းကြည့်လိုက်သည်။ သူတို့နှစ်ဦး စကား တပြော ပြောနှင့် လျှောက်လာနေသည်ကို သင်တန်းသူ အချို့ အဝေးမှ လှမ်းကြည့်နေကြသည်။ စိတ်ဆန္ဒစောလွန်းမှုကြောင့် သူ့အနေဖြင့် ရှိရင်းစွဲဂုဏ်ပုဒ်ကို မငဲ့နိုင်ခဲ့သော်လည်း အေးမာ၏ ဂုဏ်သိက္ခာကိုမူ တတ်အားသမျှ စောင့်ထိန်းဖို့ လိုအပ်မည်ဆိုသည့် အသိတရားများ ရုတ်ချည်း ကိုသက်ဝေ ခေါင်းထဲဝင်လာသည်။

မည်သို့ဆိုစေ ကိုသက်ဝေ ကျေနပ်သည်သာ။

'ကောင်းပြီလေ။ ကိုယ် ဗဟိုစည်ဆေးရုံကို ဆက်လျှောက်သွားမယ်'

အေးမာက သူ့ကို နှုတ်ဆက်ကာ တက္ကသိုလ်ဝင်းထဲ ဝင်ရောက်သွားသည်။ ကိုသက်ဝေ ရင်ထဲဝယ် ကြည်နူးမှုများ ချမ်းမြေ့မှုများက ပူလောင်ခြောက်

သွေ့နေသော အသည်းနှလုံးဝယ် နေရာယူ မင်းမူကျန်ရစ်ခဲ့သည်။ အေးမာ၏ မချိုမပြုံးနှင့် အမူတုံးလုပ်တတ်သည့် မျက်နှာကိုတော့ ဘယ်တော့မှ ဖျောက်ရမယ်မထင်။ မျက်နှာတည်သလောက် ဖော်ရွေ၍ ကြွေနွဲ့ရှိသည်။ ရယ်စရာရှိလျှင် သွားလေးများ အစီအရီပေါ်အောင် ရယ်တတ်သလို တစ်ခါတစ်ခါ ခပ်မဆိတ် တိတ်တိတ်နေတတ်သော အကျင့်ကလေးများကလည်း ချစ်စရာကောင်းသည်။

အချစ်အတွက်ကြောင့် စိတ်သောက ရောက်ရသော အချိန်ကာလ အပိုင်းအခြားလေးက မူလအချစ်ဟောင်း ဆုံးရှုံးရသည့်နေ့မှ နောက်ထပ်အချစ်သစ် ရရှိသည့်နေ့အထိ ကြားကာလလေးအတွင်း တည်နေတတ်သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ကိုသက်ဝေအနေဖြင့် ရှေ့လျှောက်ရမည့်ခရီးကို တစိမ့်စိမ့်တွေးရင်း အကျေနပ်ကြီးကျေနပ်ကာ ခြေလှမ်းများ သွက်နေတော့သည်။ ဆေးရုံဝင်းထဲ ကျန်ခဲ့သည့် တပည့်ကျော်နှင့် ကားကို ဗဟိုစည်သို့ လာခဲ့ဖို့ ဖုန်းဖြင့် လှမ်းမှာလိုက်သည်။

ထိုညက သူ စန္ဒရားလေးတီးကာ သီချင်းဆိုဖြစ်သွားသည်။

×××

မိဘများအလိုကျ ကိုသက်ဝေသည် မြတ်သက်မွန်အား လက်ထပ်ယူခဲ့ရသည်။ ချစ်ခြင်းမေတ္တာမပါဘဲ စာချုပ်ပေါ်၌ လက်မှတ်ထိုးပြီး အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဆိုလျှင် ပို၍ အဓိပ္ပာယ် လေးနက်ပေလိမ့်မည်။

မြတ်သက်မွန်။

ချမ်းသာသော မိဘနှစ်ပါး၏ တစ်ဦးတည်းသောသမီး၊ ချောသည်။ လှသည်၊ ခေတ်မီသည်၊ ခေတ်ဆန်သည်။ ယနေ့ စတီရီယိုလောကတွင် စူပါစာရင်းဝင် အဆိုကျော်တစ်ဦး ဖြစ်နေတော့ နေရာတကာ၌ ပေါ်ပြူလာ ဖြစ်လွန်းသည်။ ဂျာနယ်၊ မဂ္ဂဇင်း ရုပ်မြင်သံကြား လောကတွင် သူ့အကြောင်း မဖတ်ချင်အဆုံး၊ မကြည့်ချင်အဆုံး။ တိုင်းသိပြည်သိ နာမည်ကျော်သည်။

တစ်နေ့တစ်နေ့ ဂီတပွဲတော်များကိစ္စ၊ တစ်ကိုယ်တော် တေးစီးရီးကိစ္စ၊ VCD ကာရာအိုကေကိစ္စနှင့် ဧည့်ခံပွဲများတွင် သီချင်းဆိုလိုက်နှင့် အချိန်ကုန်နေတတ်သည်။

ကိုသက်ဝေက လူနာများအတွက် ဘဝကို မြှုပ်နှံထားသူ။

မြတ်သက်မွန်က အနုပညာကိစ္စများဖြင့် နိစ္စဓူဝ အလုပ်များနေသူ။ ပြဒါးတစ်လမ်း၊ သံတစ်လမ်း။

ကြာတော့ ကိုသက်ဝေ မြတ်သက်မွန်ကို စိတ်ကုန်လာမိသည်။

ကိုသက်ဝေဆန္ဒကား မြတ်သက်မွန်ကို သီချင်းမဆိုစေချင်။ တစ်ဦးတည်းသော သားကလေးကို ဂရုစိုက်စေချင်သည်။ ဆေးရုံမှ မောပန်းတကြီး ပြန်လာသောသူ့ကို အိမ်ရှေ့တံခါးမှ ကြိုသည်မရှိခဲ့။ ကိုသက်ဝေ ပြန်လာချိန်တိုင်း မြတ်သက်မွန် အိမ်၌မရှိသည်က များသည်။ မွေးစကလေးငယ်ပင် အိမ်ဖော်နှင့်။

အဆိုးဆုံးက ကိုသက်ဝေ နယ်ပြောင်းရတိုင်း မြတ်သက်မွန် လိုက်ပါခြင်း မပြုခြင်းပင် ဖြစ်သည်။ လင့်ဝတ္တရား၊ မယားဝတ္တရားဆိုတာ ဘာလဲ၊ အိမ်ထောင်သည် ဘဝ၏ ချမ်းမြေ့မှုဆိုသည်ကကော ဘာများလဲ။ မေးခွန်းမျိုးစုံ မေးဖြစ်လာသည်။

မကြာခဏ အိမ်တွင်း ကျိတ်ကျိတ်ပုန်း ရန်ပွဲများ ဆင်နွှဲလာရသည်။ မိဘနှစ်ပါးကလည်း သမီးဘက်က ခပ်ပါပါ။ နောက်ဆုံး အိမ်ထောင်သက် ၂ နှစ် မပြည့်မီပင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲရသည်အထိ အခြေဆိုက်ခဲ့သည်။

ထိုနှစ်က ကိုသက်ဝေ အင်္ဂလန်သွား၍ FRCP သွားဖြေသည်။

ကိုသက်ဝေတွင် သိန်းရာပေါင်းများစွာတန်သော တိုက်နှင့်ခြံရှိသည်။ ကိုယ်ပိုင်ကား သုံးလေးစီး၊ အထူးကုဆေးရုံကြီးတစ်ခုပင် ဖက်စပ်တည်ထားသည်။ ရုပ်ဝတ္ထုအနေဖြင့် အစစအရာရာ လိုလေသေးမရှိ အားလုံးပြည့်စုံသည်။

သို့သော် အိမ်ထောင်သည်ဘဝ၏ ချိုမြိန်သော အရသာကိုမူ သူခံစားပိုင်ဆိုင်ခွင့် မရရှိခဲ့ပါ။ အချစ်ဆိုသော အရာကိုလည်း မတွေ့ထိဖူးပါ။ တစ်ကိုယ်တည်း အထီးကျန်ဘဝတွင် လူနာများသည် သခင်၊ လူနာများသည် သူ့ဘဝ ဖြစ်နေခဲ့သည်။ သူ၏ ကိုယ်ပိုင်အချိန်မှန်သမျှ ဆေးကုသမှု နယ်ပယ်ထဲတွင် မြှုပ်နှံထားပြီး အားလပ်သည့် အချိန်ပိုင်းတွင် အရက်ကို အဖော်ပြုနေခဲ့သည်။

မိမိ၏ဆန္ဒအရ အိမ်ထောင်ဖက်ကို ရွေးချယ်ခွင့်မရခဲ့သော ကိုသက်ဝေ အဖို့ လူပျိုဘဝမှ တစ်ခုလပ်ဘဝသို့ ရောက်ခဲ့ရသည်သာ အဖတ်တင်ခဲ့သည်။ သားကို ရွှေပေါ်မြတင် ထားလိုသော မိဘနှစ်ပါးသည်လည်း တမလွန်သို့ ကူးပြောင်းသွားခဲ့ပြီ။ သူသည် ငွေကြေးနေ ပညာမာနဖြင့် ထင်တိုင်းကဲခဲ့၏။

အိမ်ထောင်တစ်ခုကို ကွဲကွာဖူးသဖြင့် အကွပ်မရှိသောကြမ်းလို ဗရမ်းဗတာ ဖြစ်နေသော ကိုသက်ဝေသည် အေးမာကို အကြောင်းပြု၍ တည်ငြိမ်စပြုလာသည်။

အေးမာက ကိုသက်ဝေအတွက် အိပ်မက်ထဲက ချစ်သူ။

သူ့အဝန်း သူ့ပတ်ဝန်းကျင်တွင် သူ့ကို အမိဖမ်းလိုသော မိန်းမတွေက ဝိုင်းဝိုင်းလည်နေသည်။ အားလုံးက သူ၏အောင်မြင်မှု၊ သူ၏ငွေကြေးခနကို မက်မောသူချည်း။ သည်ကြားထဲ ငယ်ငယ်က သူမြတ်မြတ်နိုးနိုး တိတ်တခိုး ချစ်ခဲ့ရသူ အေးမာနှင့် ပြန်ဆုံတွေ့ခဲ့သည်။ ငယ်ငယ်က အချစ်။

အေးမာ၏ဆန္ဒအရ ကိုသက်ဝေ အလွန်အကျွံ နှစ်ခြိုက်နေပြီဖြစ်သော မသောက်ရရင် မနေနိုင်တော့သော အရက်ကိုပင် ဆေးရုံတက်ဖြတ်ပစ်ခဲ့သေးသည်။ အေးမာသည် သူ့ဘဝကို တကယ်ပင် ကြီးစိုးနေခဲ့ပြီ။ မျှော်လင့်ချက်နေခြည်က ရှေ့တွင် ရောင်စုံဖြူးနေသည်။

နောက်ပိုင်းရက်များတွင် အေးမာနှင့် ကိုသက်ဝေတို့ မျက်နှာချင်းဆိုင်ထိုင်၍ စကားများလည်း ပြောဖြစ်ကြသည်။ အစားအသောက်လည်း ဟိုတယ်ပေါင်းစုံတွင် စားဖြစ်ကြသည်။ ကားတစ်စီးဖြင့် ဟိုဟိုသည်သည်လည်း လျှောက်လည်ခဲ့ကြသည်။ တစ်ဦးမျက်နှာတစ်ဦး မဝံ့မရဲဖြင့် ခိုးကြည့်ရသည်မှာ ကြည်နူးစရာ။

သည်ကြားထဲ အေးမာတစ်ယောက် Ph.D ဒေါက်တာဘွဲ့ ဖြေခွင့်ရသွားသည်။

အေးမာတာဝန်ကျရာ သူနာပြုတက္ကသိုလ်နှင့် ကိုသက်ဝေတာဝန်ယူရသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ခွဲစိတ်ကုသဆောင်က ရွှေလမ်း၊ ငွေလမ်းပေါက်ခဲ့ကြသည်။ နှစ်ဦးစလုံး အလုပ်များသူများပီပီ လေလှိုင်းမှတစ်ဆင့် ဖုန်းဖြင့် တစ်နေ့သုံးလေးကြိမ်မက စကားပြောဖြစ်သည်။ ပြောတိုင်း ကိုသက်ဝေ ချစ်ခွင့်တောင်းသည်ချည်း။ အေးမာက ခေါင်းမညိတ်၊ ခေါင်းမခါ။

တစ်ချိန်တစ်ခါက အမြဲတမ်း မျက်မှောင်ကုတ်၍ စကားကို ရှည်ရှည်ဝေးဝေး မပြောဖူးသော ကိုသက်ဝေတစ်ယောက် ဆေးရုံရော အိမ်မှာပါ ရွှင်လန်းလာသည်။ လူနာတွေအပေါ်၊ အိမ်ရှိ အလုပ်သမားတွေအပေါ် စိတ်ရှည်သည်းခံလာသည်။ ထူအမ်းအမ်း နီရဲရဲ မျက်နှာသည်ပင် ထူးခြားစွာ ကြည်လင်တောက်ပလာသည်။ အေးမာ ခေါင်းညိတ်သည်နှင့် အကောင်းဆုံးဟိုတယ်၌ မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲလိုက်မည်။ နိုင်ငံရပ်ခြားသွားပြီး ဟန်းနီးမွန်းပင် ထွက်လိုက်ဦးမည်။

ကိုသက်ဝေ၏ စိတ်ကူးပင်လယ်က လှိုင်းလေ ငြိမ်သက်လွန်းလှသည်။

အမှန်က ဘဝတစ်သက်တာ တစ်လျှောက်ဝယ် အချစ်နှင့်တူသော စိတ်ရွှင်လန်းချမ်းမြေ့မှုကို ပေးနိုင်သောအရာသည် လောက၌ မရှိဟုပင် သူယူဆ လက်ခံထားသည်။ ငွေမနကြွယ်ဝသော သူ့အဖို့ အချစ်တတ်ဆုံး မိန်းမတစ်ဦးသာ ရှိဖို့လိုအပ်နေသည်။

ဘာပဲပြောပြော အေးမာထံမှ တိကျသောအဖြေကို မရရှိသေးသည့်တိုင် ကိုသက်ဝေ ကျေနပ်မိသည်ပဲ။ ကြည်နူးနေမိသည်ပဲ။ ရွှင်လန်းတက်ကြွနေမိသည်ပဲ။ ဤသို့ဖြင့် ရက်တွေ၊ လတွေ ကြာညောင်းလာခဲ့သည်။

xxx

နေယွန်းစပြုနေပြီ။

ပါဂျဲရိုးကားဖြူလေးကို သူနာပြုတက္ကသိုလ် ဆင်ဝင်အောက်ရှေ့ ရပ်လိုက်သည်။ သူကားပေါ်မှဆင်းပြီး ညှို့ကြို့ဌာနသို့ ဝင်မည်အပြု သူနာပြုဆရာမလေးတစ်ယောက် သူ့ဆီသို့ အံပြေးအလွှားရောက်လာသည်။

ကိုသက်ဝေသည် မျက်လုံးကို ဟိုဟိုသည်သည် ကစားကြည့်မိသည်။ အေးမာကို တွေ့လိုတွေ့ငြား မျက်လုံးကို ဝှေ့ရမ်း၍ ရှာဖွေနေမိသည်။

'ဆရာ. . . ဆရာမကြီး မနေ့ညက နေပြည်တော်ဆေးသိပ္ပံကို သွားပါတယ်။ ဩစတြေးလျကို သွားမယ့်ကိစ္စ ညွှန်ချုပ်နဲ့ သွားတွေ့တာပါ။ ဆရာလာရင် ဒီစာလေးကိုသာ ပေးလိုက်ပါလို့ မှာထားခဲ့ပါတယ်'

'ဩော်. . . ကျေးဇူး၊ ကျေးဇူးပါပဲ'

ဆရာမလေး ကမ်းပေးသောစာကို လှမ်းယူပြီး သူမအား နှုတ်ဆက်ကာ ကားပေါ်သို့ ပြန်တက်လိုက်သည်။ နေပြည်တော်သွားတာတောင် သူ့ကို ဘာကြောင့် ဖုန်းမဆက်သွားတာလဲ။ တွေးတွေးဆဆ စဉ်းစားဖြစ်သည်။

နိုင်ငံခြား ပညာတော်သင် မထွက်ခွာမီ သူ့ကို အဖြေပေးပါမည်ဟု ကတိပြုထားသည် မဟုတ်ပါလား။ ကိုသက်ဝေ အတိုင်းမသိ ဝမ်းသာသွားသည်။ ကားပေါ်ကနေ၍ ဖုန်းဖြင့် ဆေးခန်းကို ဖျက်လိုက်သည်။ လူနာတွေ သူနှင့်မတွေ့ရ၍ စိတ်ပျက်အားငယ်ကောင်း ငယ်သွားနိုင်သည်။ နောက်ရက်များတွင် အတိုးချ၍ ကြည့်ပေးလိုက်မည်။ ဆေးရုံပေါ် ရောက်နေသည့် ခွဲစိတ်ပြီး လူနာတွေအတွက် ညပိုင်းတစ်ခေါက်ကြည့်ရင် ရသေးတာပဲ။

လေးဆယ်နားနီး အရွယ်ပိုင်းဆိုတော့ သူလည်း ရှက်ရှာမှာပေါ့။

သူတောင် ရင်ခုန်နေသေးတာပဲ။

အေးမာကို မတွေ့ခဲ့ရသော်လည်း သူမကိုယ်ပွား စာလေးတစ်စောင် ပါလာသည်မို့ သူဖြေသိမ့်နိုင်ခဲ့သည်။ ကားမောင်းရင်း လေလေးချွန်၍ စာအိတ်လေးကို ရွှတ်ခနဲ နမ်းမိသွားသေးသည်။ ဘယ်သူများ မြင်သွားပါလိမ့်။ မလုံမလဲနှင့် ဟိုဟိုသည်သည် ကြည့်ဖြစ်သေးသည်။

'ဆရာဦးသက်ဝေသို့'ဟု ဝိုင်းစက်သော အေးမာ၏ လက်ရေးများက ကိုသက်ဝေ၏ အသည်းနှလုံးကို တုန်ခါသွားစေသည်။ ကိုသက်ဝေ ရင်တွေ တသိမ့်သိမ့်တုန်ခါ၍ ခုန်နေသည်။

ခြံဝင်းထဲ ကားကို ထိုးရပ်လိုက်သည်နှင့် အိမ်ပေါ် ပြေးတက်ကာ အထူးဧည့်ခန်းရှိ ဆက်တီပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ တပည့်ကလေးက သူ့ထံ အပြေးအလွှား ရောက်လာသည်။

'ဆရာ ဘာများ လုပ်ပေးရမလဲ'

'မင်းအလုပ် မင်းသွားလုပ်။ ငါ မခေါ်မချင်း မလာနဲ့၊ ငါ အေးအေးဆေးဆေး နားချင်တယ်'ဟု ပြောလွှတ်လိုက်သည်။

ယနေ့သည် သူ့ဘဝအတွက် အပျော်ဆုံးနေ့ သို့မဟုတ် သာယာသော အချစ်ကမ္ဘာလေးတစ်ခုကို တည်ဆောက်ရန် နိဒါန်းပြုရမည့်နေ့။ စာဖတ်ပြီးသည်နှင့် အေးမာဆီ ဖုန်းဆက်လိုက်ဦးမည်။

ကိုသက်ဝေ စာကို ဖောက်ဖတ်လိုက်သည်။ ပထမဖြူဖွေးသော စာရွက်ပေါ်တွင် အေးမာ၏ ဝိုင်းစက်သော လက်ရေးများကို မြင်လိုက်ရသည်။

ဝမ်းသာလွန်း၍လားမသိ။ လက်များ အနည်းငယ်တုန်နေသည်။ ကိုသက်ဝေ စာကို စတင်ဖတ်လိုက်ပါပြီ။

***ချစ်သောဆရာ***

***အေး စာရေးခဲ့ပါတယ် ဆရာ။***

***အေးအပေါ် ထားရှိတဲ့ ဆရာ့ရဲ့မေတ္တာ၊ စေတနာ၊ အကြင်နာတွေကို အေး တန်ဖိုးထား မြတ်နိုးပါတယ်။ ဒါကြောင့်လည်း ဆရာ့ကို အေးရဲ့ ဘဝအဖော်အဖြစ် လက်တွဲဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။***

အေးမာ၏ နိဒါန်းစကားကြောင့် ကိုသက်ဝေ ထခုန်မတတ် ဖြစ်သွားသည်။ သည်စာက သူ့ဘဝကို အပြောင်းအလဲဖြစ်စေမည့်စာ၊ အကောင်းဆုံး အခြေအနေကို တွန်းပို့ပေးမည့်စာ။

အဆိုးဆုံး အခြေအနေကိုလည်း ဖန်တီးပေးနိုင်သည့်စာ။ သည်စာသည် သည်အချိန်၊ သည်ကာလတွင် သူ့ဘဝအတွက် အလွန်ပင် အရေးပါလွန်းသည်။

*ခုတော့ မဖြစ်နိုင်တော့ပါဘူး ဆရာရယ်။ ဆရာ့ကို ပိုင်ဆိုင်သူရဲ့ ရင်ခွင်ဆီ ပို့ပေးရမယ့် တာဝန်က မမျှော်လင့်ဘဲ အေးအပေါ် ပုံကျလာခဲ့တယ်လေ။ ဘဝတစ်သက်တာမှာ အေးအချစ်ဆုံးသူက ဆရာပါပဲ။ ဟိုးကျောင်းသူ ဘဝကတည်းက ဆရာ့ကို ချစ်ခဲ့ရတာပါ။ ဒါ မှန်သောသစ္စာပါပဲ ဆရာ။ အေးကို ခွင့်လွှတ်ပါ။ အေးကို နားလည်ပေးပါ ဆရာ။*

*ပြီးခဲ့တဲ့အပတ်က ဆရာ့ဇနီးနဲ့သား အေးဆီ ရောက်လာကြတယ်လေ။ ဆရာ့ဇနီးဟာ အခုဆို ဆရာ့အပေါ် တာဝန်မဲ့ခဲ့တာတွေ အတွက် နောင်တတွေရပြီး ဆရာ့အပေါ် တာဝန်ကျေတဲ့ ဇနီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေရှာပါတယ်။ ဆရာပြန်အလာကိုလည်း မျှော်လင့်တကြီးနဲ့ စောင့်စားနေရှာပါတယ်။*

*ပြီးတော့ အရွယ်ရလာတဲ့ ဆရာ့သားလေးပေါ့။*

*'ဒယ်ဒီကို သားသားတို့ဆီ ခေါ်လာခဲ့နော် အန်တီ'နဲ့ တတွတ်တွတ် ပြောခဲ့ရှာတယ်။ သူလည်းပဲ ဆရာ့ကို တမ်းတမ်းတတ ဖြစ်နေရှာတယ်။ အေးမာဟာ အဖေ့မေတ္တာငတ်ခဲ့တဲ့ မိန်းမသား တစ်ယောက်ပါ ဆရာ။ ဆရာ့အနေနဲ့ ဆရာ့ဇနီးကို ဥပေက္ခာပြုနိုင်ရင်တောင် ဖခင်မေတ္တာငတ်နေရှာတဲ့ သားလေးကိုတော့ မရက်စက်၊ မပစ်ပယ်သင့်ဘူးလို့ အေး ယူဆမိတယ်ဆရာ။ သူလေးကိုကြည့်ပြီး အေး မျက်ရည်တောင် စို့မိတယ်။ နောက်ပြီး ဆရာရယ် မြတ်သက်မွန်ဟာ ပြည်သူချစ်တဲ့ အနုပညာရှင် တစ်ယောက်ပါ။ ဆရာ့လိုပဲပေါ့။ ဆရာဝန်ဖြစ်တဲ့ ဆရာ့ကို လူနာတွေ ပိုင်ဆိုင်ကြသလို အနုပညာသည် တစ်ဦးကိုလည်း ပြည်သူက ပိုင်ပါတယ်။ ပြည်သူက လက်ခံနေသရွေ့ အနုပညာသည် တစ်ယောက်ဟာ သူ့အနုပညာကို ရှင်သန်အောင် ကြိုးစားရမှာပါပဲ။ ဒါကိုတော့ ဆရာ့အနေနဲ့ လက်ခံခွင့်လွှတ် သဘောပေါက်ဖို့ လိုပါတယ်ဆရာ။*

*အေး ဆရာ့ကို ချစ်ပါတယ်။*

*ဆရာရယ်. . . ဆရာ အေးကို တကယ်ချစ်၊ တကယ် မြတ်နိုးရင် အေး ပြောစကားတွေကို နားထောင်ပေးပါနော် ဆရာ။ သူတို့ဆီ ဆရာပြန်သွားပါ။ ဆရာ့ဇနီးနဲ့အတူတူ ပြန်လည် ပေါင်း သင်းနေထိုင်ပါ။ ပြီးတော့ ဆရာ ဖြတ်လက်စနဲ့ အရက်တွေကိုလည်း ပြန်မသောက်ပါနဲ့တော့။ အရက်ရဲ့ ဆိုးကျိုး ကောင်းမွေတွေကို ဆရာဝန်တစ်ဦးဖြစ်တဲ့ ဆရာက အသိဆုံးပါနော်။*

*အေး အသည်းနှလုံးကို အကွဲခံပြီး တောင်းပန်နေတာပါ ဆရာ။ ဆရာ သူတို့ဆီ ပြန်သွားမယ်လို့လည်း အေး ယုံကြည်ပါ တယ်။ မျှော်လင့်ပါ တယ်။*

*ဒါပါပဲ ဆရာရယ်. . . ဆရာ့ကို ဆရာ့ဇနီးနဲ့သားက ကြိုဆို နေပါတယ်။ သွားလိုက်ပါနော် ဆရာ။ အေးအနေနဲ့ ဆရာတို့ရဲ့ သာယာဖြောင့်ဖြူးတဲ့ အိမ်ထောင်ရေးကို အဝေးကနေကြည့်ပြီး ကြည်နူးနေပါရစေ။*

*အေး နိုင်ငံခြားက ပြန်လာလို့ အေးဆီ ဆရာတို့လာတဲ့ အခါ ဆရာရယ်၊ ဆရာ့ဇနီးရယ်၊ ဆရာ့သားလေးရယ် သုံးပွင့်ဆိုင် ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုတစ်ခုအနေနဲ့ လာခဲ့ပါနော် ဆရာ။*

*ဆရာ့ညီမလေး အေး၊ ဆရာတို့ မိသားစုကို ဆီးကြိုပါ့မယ်။*

*ညီမလေးအေးမာ*

မျှော်လင့်ချက် မိုးကောင်းကင် ပြိုကျသွားခဲ့ပါပြီ။

အေးမာ၏စာကို ကိုသက်ဝေ ဆုပ်နယ်ပစ်လိုက်မိသည်။ ရွှင်လန်းတက် ကြွခဲ့သမျှသော မျက်နှာပြင်သည် ချက်ချင်းညှိုးမှိုင်းသွားခဲ့သည်။ သူ့ရင်ထဲတွင် နေကမ္ဘာ၊ နွေကမ္ဘာ ဖြစ်နေပါပြီ။

မျက်ဝန်းမှ မျက်ရည်တစ်စက် စီးကျသွားခဲ့သေးသည်။

ကိုသက်ဝေတစ်ယောက် ထိုင်ရာမှထကာ ဗီရိုထဲမှာ လပေါင်းများစွာ သိမ်းဆည်းထားခဲ့သော အကောင်းစား အရက်ပုလင်းကို ဆွဲထုတ်ပြီး စားပွဲပေါ် တွင် ဒုန်းခနဲမြည်အောင် ဆောင့်တင်ထားလိုက်သည်။ အလိုမကျမှုတွေ၊ ကြေကွဲ မှုတွေနှင့် သူ့ရင်ထဲတွင် ဆောက်တည်ရာ မဲ့နေပါပြီ။ မျက်လုံးများလည်း ပြာဝေ

လာသည်။ တစ်ကိုယ်လုံးလည်း ထူပူတုန်လှုပ်နေသည်။ ဒေါသလား၊ မာနလား၊ ချစ်ခြင်း၊ မုန်းခြင်း တရားတွေလား။

နှစ်နှစ်ကာကာ ချစ်ရသူ၏ အဆုံးအဖြတ် စကားတွေကြောင့် သူ့ရင်၊ သူ့နှလုံးသားတို့ နာကျင်ခံခက်ဖြစ်လာသည်။ မျှော်လင့်ချက် မိုးကောင်းကင်ပြိုမှ တော့ သူဘာတွေ စောင့်စည်းရဦးမှာလဲ။

ကိုသက်ဝေ အရက်ကို တစ်ခွက်ပြီးတစ်ခွက် တစ်ပုလင်းပြီး တစ်ပု လင်း ဆက်တိုက်သောက်ပြီး ရီဝေစွာ စဉ်းစားဖြစ်သည်။ လေးလေးနက်နက်လည်း စဉ်းစားမိသည်။ အဖြေက မရ။ သူဘာလုပ်ရမည်နည်း။ သူ့ဘဝမှာ ဘာတွေဖြစ် သင့်သလဲ။ ဝေခွဲမရ၊ စဉ်းစားမရနှင့် တီဗီကို ဖွင့်ကြည့်လိုက်တော့လည်း မြတ်သက်မွန် သီချင်းဆိုနေသည့် မြင်ကွင်းနှင့်တိုးသည်။ ရင်တွင်းခံစားချက်ကို ဖွင့်ချဖို့ သီချင်းဆိုတော့လည်း လည်ချောင်းထဲ တစ်နေပြန်သည်။

အချိန်တွေ ကုန်မှန်းမသိ ကုန်သွားသည်။

မိုးစင်စင်လင်းလုချိန်တွင် အမှောင်ဖုံးနေသော သူ့ဦးနှောက်ထဲသို့ ထိုးဖောက်ဝင်လာသော အလင်းတန်းတစ်ခုကြောင့် သူ့မျက်နှာသည် အလိုလို ပြုံးလာတော့သည်။

မချိတဲ့အပြုံး၊ ခနဲ့တဲ့အပြုံး။

'ရှိပါစေတော့ အချစ်ရယ် ရှိပါစေတော့။ ဒီလိုပဲ ဖြစ်သင့်တယ်ဟုတ်။ ဟား. . ဟား၊ အေးရယ် မင်းနဲ့ လမ်းခွဲဖြစ်ရင်အောင် လွမ်းဖြစ်မယ် မထင်တော့ ဘူးကွာ'

ကိုသက်ဝေ တဟားဟားနှင့် ရယ်ပစ်လိုက်သည်။ ပတ်ဝန်းကျင်ကို စိန်ခေါ်သည်လား၊ အေးမာကို လှောင်သည်လား။ သူ့ဇနီးဟောင်း မြတ်သက်မွန် ကို မဲ့ရွဲ့လိုက်သည်လားတော့ ခွဲခြားမရပါ။ အမှန်က ဘဝဟူသည် မျက်ရည်နှင့် ရယ်မောခြင်းဖြင့်သာ တည်ဆောက်ခဲ့ကြသည်ချည်း မဟုတ်ပါလား။

xxx

ကြမ်းပေါ်တွင် ပြန့်ကျဲနေသော ဖန်ကွဲစလေးများကို သူ၏ဖိနပ်ဖြင့် ကြေမွအောင် နင်းချေပစ်လိုက်သည်။ သူသည် ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက် ပြန် လမ်းလျှောက်နေ၏။ ရုတ်တရက် အိမ်ပေါ်မှ ပြေးဆင်းလာခဲ့မိသည်။ ကားတံခါးကိုဖွင့်၍ ကားပေါ်သို့ တက်လိုက်ပြီး ကားစက်ကို နှိုးလိုက်သည်။ ပြီး ကားကို အရှိန်ဖြင့်မောင်း၍ ခြံထဲက ထွက်လာခဲ့သည်။

'အေးမာရဲ့ မေတ္တာ၊ အေးမာရဲ့ စေတနာတွေကို ကိုယ်တန်ဖိုးထားလေးစားပါတယ်ကွယ်။ မင်းလေးဖြစ်စေချင်သလို ကိုယ်ဆောင်ရွက်ပေးပါ့မယ်။ ကျေနပ်တော့ အချစ်ရယ်။ အေးမာအတွက်၊ အချစ်ဆုံး သားလေးအတွက်လေ'

နံနက်ခင်းသည် စိုပြည်လန်းဆန်းနေပါ၏။ မိုးသားတိမ်လိပ်များ ကင်းစင်နေသောကြောင့်လည်း နေခြည်နုဝါလေးက ဖြာဝေကျဆင်းနေသည်။ လင်းစမို့ မြူကလေးတွေဆိုင်း၊ တစ်ချို့မှိုင်းနှင့် ပတ်ဝန်းကျင်လေးသည် လွမ်းမောဖွယ် ကောင်းနေပေသည်။

ကိုသက်ဝေသည် နံနက်ဦး လေပြည်အေးကို အငမ်းမရ ရှုရှိုက်လိုက်မိ၏။ မျက်နှာသည် ကြည်လင်ချမ်းမြနေသည်။ သူ့နှုတ်ခမ်းများသည်လည်း ပြုံးနေပါတော့သည်။ အင်းလျားလမ်းပေါ်တွင် ပါဂျဲရိုးကားဖြူလေးသည် နံနက်ခင်းနေခြည်ကို ထိုးဖောက်၍ အိအိညက်ညက် ဦးတည်ရာတစ်ခုဆီသို့ သခင်စေတိုင်း ပြေးလွှားနေသည်။

❑

Potential မဂ္ဂဇင်း
၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ





အထီးကျန်ခြင်း ဝေဒနာကို ပျင်းရိစွာခံစားရင်း ကမ်းမမြင်သော ဘင်္ဂလားပင်လယ်အော်ကြီးကို ငေးကြည့်နေမိသည်။ ဆည်းဆာချိန်မို့ ပင်လယ်ပြင်ကြီးက ပုစွန်ဆီရောင် သမ်းနေ၏။ သဲသောင်ကမ်းစပ်ဘေး ကျောက်ဆောင်ကျောက်တန်းများဆီသို့ တဝုန်းဝုန်းနှင့် ရိုက်ခတ်သွားသော ပင်လယ်လှိုင်းသံများကို အတိုင်းသား ကြားနေရသည်။

ပင်လယ်ပြင်ကို လျှပ်ပြေးတိုက်ခတ်လာသော လေကို တဝကြီး ရှူရှိုက်ရသည်မှာ ရင်ထဲမှာ နွေးအေးစေ၏။ သဲသောင်ပြင်တွင် တစ်ချို့ ပြေး၊ တစ်ချို့ကား ပင်လယ်ကမ်းစပ်သို့ လှိုင်းစီး၍ ရေကူးနေကြသည်။

ကင်မရာတစ်လုံးဖြင့် ပင်လယ်ကမ်းခြေ၏ သဘာဝအလှတရားကို ကျွန်တော်ရှာဖွေနေမိသည်။ ပို့ကမ်းခြေသည် စစ်တွေမြို့၏ ကျက်သရေဆောင်နေရာတစ်ခုဖြစ်သည်။ ပို့ကနေ လှမ်းကြည့်လိုက်လျှင် မီးပြတိုက်ကို တွေ့ရသည်။

တစ်ဖက်ကို စောင်းငဲ့ကြည့်လိုက်တော့ တသွင်သွင် စီးဆင်းနေသော မြစ်မင်း ကစ္ဆပနဒီက ဣန္ဒြေတစ်ခွဲသားနှင့် စီးမျောနေသည်။ ဘယ်ကိုကြည့်ကြည့် မှိုင်းပျပျ တောင်တန်းများနှင့် လှချင်တိုင်း လှနေပါတော့သည်။

ဆံတော်ရှင် စေတီတော်အား စိတ်ထဲကနေ မှန်းဖူးဖြစ်သည်။

ကျွန်တော်သည် ပို့ကမ်းခြေကို ကျောခိုင်းကာ ရှုခင်းသာလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်လာသည်။ နေညိုချိန်မို့ ရှုခင်းသာလမ်း ဝဲယာတစ်လျှောက် ဟိုတစ်စု သည်တစ်စု လေညှင်းခံကာ စကားပြောနေကြသည်။ ချစ်သူစုံတွဲများ လက်ချင်းချိတ်ကာ အပြုံးကိုယ်စီနှင့် လမ်းလျှောက်နေကြသည်ကိုလည်း တွေ့ရသည်။

သည်လမ်းကလေးက ကျွန်တော်ငယ်စဉ်က မရှိခဲ့ပါ။

အတွေးကလေးတစ်ခု လမ်းလျှောက်ရင်း ခေါင်းထဲဝင်လာသည်။

ဘာကြောင့်မှန်းမသိ တွေးမိတိုင်း ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရသည် ဖြစ်၍ ကျွန်တော့်ဘဝတာတွင် ခံစားရသော အကြိမ်ပေါင်း ထောင်သောင်းမကတော့။ ရင်ထဲတွင် မီးထတောက်လုမတတ်ပင် ဖြစ်နေသည်။

ကျွန်တော့်အနေဖြင့် မွေးရပ်ဌာနေ စစ်တွေမြို့သို့ ရောက်ရှိနေသည်မှာ နှစ်ပတ်ပင် ကျော်နေခဲ့ပါပြီ။

အတွေ့ချင်ဆုံး လူတွေကို မတွေ့ရသေးပါ။

သို့ဆို. . . ကျွန်တော် ရန်ကုန်ပြန်သွားတာ ကောင်းမှာလား။

xxx

ငယ်သူငယ်ချင်း တစ်ချို့နှင့် မတွေ့ရသေးသော်လည်း စစ်တွေသို့ ရောက်နေစဉ်ကာလအတွင်း ကျွန်တော့်အတွက် စိတ်ချမ်းမြေ့ဖွယ်ရာ တစ်ခုက ဒေသခံ စာပေမိတ်ဆွေများနှင့် တွေ့ဆုံစကား ပြောရခြင်းပင် ဖြစ်သည်။

ညနေဆို လောကနန္ဒာဘုရား ရင်ပြင်ပေါ် ဆုံဖြစ်ကြသည်။

ရင်ထဲတွင် ကျိတ်မှိတ်ခံစားနေရသော ဝေဒနာတစ်ချို့ရှိသည်။ ခံစားမှုသောကများသည် စာပေစကားဝိုင်းရောက်တိုင်း ပျောက်ပျောက်ကုန်သည်။ ဘုရားရင်ပြင်တော်ဘေးက တစ်ချို့တစ်ချို့သော လူအချို့ကိုကြည့်၍ ကျွန်တော် သက်ပြင်းခိုးခိုး ရှိုက်မိပါသေးသည်။

အပူရှပ်နှင့် ဟန်လုပ်ပြုံးနေသော ကျွန်တော့်မျက်နှာကို သူတို့တစ်တွေ ရိပ်မိဟန် မတူချေ။

သည်ကနေ့တော့ ဘုရားရင်ပြင်တော်ပေါ်သို့ ခြောက်နာရီ မထိုးခင်ကတည်းက ရောက်နှင့်နေသည်။ စကားဝိုင်းက ရှစ်နာရီမှ စတတ်သည်။ စေတီတော်က ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ် ကောင်းပါဘိ။ ဘုရားဖူးများဖြင့် စည်ကားစပြုလာသည်။ လေပြည်က တသုန်သုန်နှင့်။

ရင်ခုန်သံ နည်းနည်းမြန်နေသည်။ ချမ်းမြေ့ကြည်နူးမှုများကိုလည်း ခံစားနေရသေးသည်။ ကျွန်တော့်ဆန္ဒကလေးများ မကြာမီပြည့်တော့မည်။

ကျော့မေနှင့် ဘသာသည် ကျွန်တော်၏ ငယ်သူငယ်ချင်းများဖြစ်သည်။

ဘဝ၏ အလှည့်အပြောင်း တစ်ခုကြောင့် ကျွန်တော်သည် ငယ်သူငယ်ချင်းများနှင့် လမ်းခွဲကာ ရန်ကုန်မြို့သို့ ထွက်လာခဲ့ရသည်။

ငယ်ငယ်ကဆို လရောင်အောက်တွင် မြို့ကိုလွမ်း၍ ငိုငိုနေတတ်သော ကျွန်တော့်ကို အမေသည် မကြာခဏ ချော့မော့နှစ်သိမ့်တတ်သည်။ ပျော်ရာမှာ မနေခဲ့ရသော ကျွန်တော့်ငယ်ဘဝ။ ကိုယ့်မြို့ကိုယ့်ရွာရောက်တော့ အမေ့ကို

ပိုသတိရသည်။ ငယ်ငယ်က နေခဲ့သော ခြံဝိုင်းကလေးတွင် အမေ့အသွင်၊ အမေ့မျက်နှာကို ဘယ်ကြည့်ကြည့် မြင်နေမိတော့ ရင်ထဲမှာ ဆို့နင့်ကြေကွဲမှုများဖြင့် လှိုင်းထနေမိသည်။

အထီးကျန်ခြင်း ဝေဒနာကို ဘယ်နေရာမှာနေနေ ခံစားရမြဲရယ်ပါ။

ငယ်ငယ်က ပေါင်းဖော်ခဲ့သော သူငယ်ချင်းအချို့ပင် သူတို့ဘဝနှင့်သူတို့ ရှုန်းကန်လှုပ်ရှားနေကြရတော့ မေးထူးခေါ် ပြောလောက်ပဲ စကားပြောဖြစ်ကြသည်။ နေ့လယ်ဆို ကျွန်တော်တစ်ယောက်တည်း ငေါင်စင်းစင်းကြီး။ ဘသာနှင့် ကျော့မေတို့သာ စစ်တွေတွင် ရှိနေလျှင်ဖြင့် ကျွန်တော်ပျော်မှာ သေချာသည်။ ကျွန်တော် ရောက်ချိန်ခိုက်တွင် သူတို့နှစ်ဦးစလုံး စစ်တွေနှင့် ကင်းကွာနေကြသည်။

ကျော့မေက ကျောက်ဖြူတွင် မွမ်းမံသင်တန်း တက်နေရသည်။ ဘသာက စီးပွားရေးသမားပီပီ ရခိုင်ပြည်အနှံ့ ခရီးဆန့်နေသည်။

ကျွန်တော်နှင့်ကျော့မေ သည်ကနေ့ ဖုန်းဖြင့်အဆက်အသွယ်ရသည်။ ကျောက်ဖြူကနေ သည်နေ့လေယာဉ်ဖြင့် စစ်တွေကို ရောက်မည်တဲ့။ ကျွန်တော် အပျော်ကြီး ပျော်သွားသည်။

ကျော့မေက ကျွန်တော်တို့တစ်တွေ ပညာသင်ကြားခဲ့သော အထက်တန်းကျောင်း အမှတ်(၂)တွင် အထက်တန်းပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေရသည်။ ဖုန်းထဲကနေ လေဆိပ်ကို လာကြိုရမှာလားမေးတော့ ကျော့မေက လောကနန္ဒာဘုရား ရင်ပြင်မှာဆုံဖို့ ပြောသည်။ ကျော့မေအား မွေးနေ့လက်ဆောင်ပေးရန် အထုပ်လေးကို ရင်ခွင်ပိုက်ရင်း ကျွန်တော် ဘုရားရင်ပြင်တွင် ထိုင်နေမိသည်။

ငယ်စဉ်ကတည်းက မုန့်ဖိုးရသော ငွေကလေးဖြင့် အမှတ်တရပစ္စည်းတစ်ခုဝယ်ကာ ရောက်သည့်အရပ်က ကျော့မေကို မွေးနေ့လက်ဆောင် ပို့နေကျ။ မှတ်မှတ်ရရ နှစ်ပေါင်း ၃၀ ပင် ကြာညောင်းခဲ့ပါပြီ။

ကျော့မေက ပညာရေးတက္ကသိုလ်၊ ဘသာက စီးပွားရေးတက္ကသိုလ်၊ သူတို့နှစ်ယောက် တက္ကသိုလ်တွင် ငါးနှစ်တာ တက်ရောက်စဉ်ကာလက ကျော့မေနေခဲ့သည့် နဝဒေးဆောင်သို့ ကျွန်တော် ခဏခဏ ရောက်ခဲ့ရသည်။ ဘသာက ကျော့မေထက် တစ်နှစ်စော၍ ကျောင်းပြီးသွားသည်။

ဘသာဘွဲ့ရပြီး စစ်တွေသို့ပြန်သွားချိန် ပညာရေးတက္ကသိုလ်၏ နောက်ဆုံးနှစ်ကျောင်းသူ ကျော့မေအတွက် ကျွန်တော်သည် ကိုယ်ရံတော်တပ်မှူးလေး

အဖြစ် အမှုထမ်းရွက်ခဲ့ရသည်။ ကွေကွင်းသွားခဲ့သည်မှာ ၁၅ နှစ်ပင် ကျော်ခဲ့ပြီ။

၁၅ နှစ်ဟူသော အချိန်ကာလသည် လူ့ဘဝတစ်ခုကို အများကြီး ပြောင်းလဲသွားစေနိုင်သည်။ သူတို့သုံးယောက်စလုံး ရွယ်တူသက်တူတွေဆိုတော့ အသက် ၄၀ ပင် ကျော်ခဲ့ကြပြီ။ သူ ကျော့မေကို မှတ်မိနိုင်ပါဦးမလား။

အလှတရားတို့သည် ငယ်ငယ်ကလို ဖြူဝင်းကြော့ရှင်း နေပါဦးမည်လား။

ကျွန်တော်ပင် ဆံပင်တွေ ဟိုတစ်ကွက် ဒီတစ်ကွက် ဖြူနေပြီ။

ငယ်ငယ်က ပိန်ပိန်သွယ်သွယ်နှင့် ရှည်မျော့မျော့ ကျွန်တော့်သွင်ပြင်က ဝဝဖိုင့်ဖိုင့် ဖြစ်နေပါပြီ။ ဘဝ၏ အထုအထောင်းဒဏ်က သူ့ရုပ်သွင်ကို ပို၍ ရင့်ရော်သွားစေသည်။ ကျော့မေတို့ကား အရာရာပြည့်စုံသော ဘဝနှင့် ကြီးပြင်းလာသူ၊ လုပ်သည့်အလုပ်ကလည်း ကျောင်းဆရာမဆိုတော့ တည်ကြည်ခံ့ညားနေမှာ သေချာသည်။

ကျော့မေ၏ရုပ်သွင်ကို စိတ်ကူးဖြင့် ပုံဖော်နေမိသည်။

ငယ်ငယ်က အဖြူရောင်သံယောဇဉ်များ ပြောင်းများသွားလေမလား။ စိုးတထိတ်ထိတ်နှင့် ဂနာမငြိမ် ဖြစ်နေမိသည်။ နာရီဝက်အတွင်း ဘုရားကို သုံးလေးပတ်လောက် ကျွန်တော် ပတ်ဖြစ်သွားသည်။

ဘုရားလာရင် ပန်းနုရောင်ဝတ်စုံလေး ဝတ်လာခဲ့မည်တဲ့။

ကျွန်တော့်ကို မျက်နှာမူ၍ အပြာရောင်ဝတ်စုံဖြင့် အမျိုးသမီးတစ်ယောက် လျှောက်လာနေသည်။ သည်မျက်နှာလေး မြင်ဖူးလိုက်တာ။

အပြာရောင်ဝတ်စုံနှင့် အမျိုးသမီး ကျွန်တော့်ကိုကျော်၍ လျှောက်သွားသည်။ နာရီကို ငုံ့ကြည့်တော့ ၆ နာရီပင် ခွဲလုပြီ။

သူသည် အရှေ့ဘက်မုခ် တစ်နေရာတွင် ထိုင်လိုက်မိသည်။

မိနစ်အနည်းငယ်သာ ကြာသည်။ အပြာရောင်ဝတ်စုံနှင့် အမျိုးသမီး သူ့ရှေ့ ရောက်လာပြန်သည်။ မျက်နှာကို မရဲတရဲနှင့် စူးစူးစိုက်စိုက်ကြည့်မိသည်။ အမျိုးသမီး မျက်လွှာချ ခေါင်းငုံ့ကာ လျှောက်မြဲလျှောက်သွားသည်။ သူ့နောက်ကပ်လျက် ကျွန်တော် လိုက်နေမိသည်။

'ဝဲထူမဖြစ်နေရင် သိပ်ကောင်းမှာပဲ'

ကျွန်တော့်စကားတစ်ခွန်းကြောင့် လျှောက်နေသော သူ့ခြေလှမ်းများ တုံ့ခနဲရပ်သွားကာ ကျွန်တော့်ကို လှည့်ကြည့်သည်။

သေချာသွားပြီ။ ကျော့မေမှ ကျော့မေအစစ်။

မျက်မှန်ကိုဆွဲတင်၍ ပြုံးပြုံးလေး သူ့ရှေ့တွင် ကျွန်တော် ရပ်နေမိသည်။

'ရှင်. . . ထွန်းအောင်ကြီးနော်'

'ဟုတ်ကဲ့ပါ ခင်ဗျား။ ကျွန်တော် ဝဲထူမသူငယ်ချင်း လောရှည်ပါ'

'ကောင်စုတ် . . . မှတ်မိရဲ့သားနဲ့ တမင်မခေါ်ဘူး'

'ပန်းနုရောင်ဆိုပြီး အပြာရောင် ဝတ်လာတာကိုး'

'အထွန်းကို တမင်စချင်လို့ ပြောင်းဝတ်လာတာ။ ကြည့်စမ်း ကျော့သူငယ်ချင်းက ခန့်ခန့်ဝဝနဲ့ တကယ့်လူကြီးတစ်ယောက် ဖြစ်နေပြီပဲ'

'အောင်မယ် ကျော့ကိုလည်း ဖက်တီးပုပ်မကြီးဖြစ်နေပြီ ထင်ထားတာ။ ခုတော့ လှယဉ်ကျေးမယ်တောင် ဝင်ရွေးလို့ရသေး'

သူနှင့်ကျွန်တော် ရင်ပြင်တော်ပေါ်တွင် ထိုင်ဖြစ်သွားသည်။

ကျော့မေနှင့်တွေ့မှ ကျွန်တော့်စိတ်ထဲ ငယ်သွားသလို ထင်မိသည်။ စစ်တွေကို လာလည်တာ သည်ကနေ့ အပျော်ဆုံးပါပဲ။ ကျော့မေမျက်ဝန်းများ ရွှန်းလဲ့တောက်ပနေသည်။ ခင်မင်ကြင်နာမှုများက နဂိုအတိုင်း. . . ။

ကျွန်တော် ကျော့မေကို မွေးနေ့လက်ဆောင်လေး ပေးဖြစ်သည်။ ကျော့မေက အထုပ်ကလေးကို ဖွင့်ကြည့်သည်။ 'သမီးလေးဖတ်ဖို့ မိုးသောက်ပန်းပုံပြင်များ'နှင့် 'နာမည်လေးက မနှင်းဆီနှင့် မဂ္ဂဇင်းဝတ္ထုတိုများ' စာအုပ်နှစ်အုပ် ထွက်လာသည်။

'အထွန်းရေးတဲ့ စာအုပ်တွေနော်။ ကျော့ ဂုဏ်ယူတယ်သိလား။ မြတ်မြတ်နိုးနိုးနဲ့ သိမ်းထားမယ်။ အထွန်းပို့တဲ့ မွေးနေ့လက်ဆောင်တွေဆို သေတ္တာနဲ့ တစ်လုံးပဲ။ ဒါနဲ့ ဘသာနဲ့ရော တွေ့ပြီးပြီလား'

'မတွေ့ရသေးဘူး။ သူ စစ်တွေမှာ မရှိဘူးတဲ့။ ခရီးထွက်သွားတာ တစ်လနီးပါးတောင် ရှိနေပြီဆိုပဲ။ ကျော့တို့နဲ့ မတွေ့ရရင် ပြန်တော့မလို့ လေယာဉ်လက်မှတ်တောင် ဝယ်ဖို့လုပ်ပြီးပြီ'

'အေးဟာ တိုက်တိုက်ဆိုင်ဆိုင် အထွန်းလာတဲ့အချိန်နဲ့ သင်တန်းတက်နေချိန် ဆုံသွားတော့ ကျော့ စိတ်မကောင်းပါဘူး။ ဒါနဲ့ သကြီးမှာ ပျော်ရဲ့လား'

'မပျော်ဘူး ရခိုင်သကြီးအနံ့ ပျောက်နေတယ်'

'လေးငါးခြောက်နှစ် ရှိနေပြီလေ။ စစ်တွေမှာ အရင်လို ရေမကစားကြတော့ဘူး။ ရန်ကုန်စတိုင်လ် ဖြစ်နေပြီ။ ဟိုတုန်းကပြောတော့ အထွန်း ပင်စင်ယူပြီးရင် စစ်တွေမှာ အခြေချမယ်ဆို'

'ကျော့စဉ်းစားကြည့်လေ။ အထွန်းက စာရေးဆရာ၊ စာအုပ်ထုတ်ဝေတဲ့သူ။ ဒီလိုလူက ရန်ကုန်ကလွဲလို့ တစ်ခြားမှာ နေလို့ဖြစ်ပါ့မလား'

'ကံဇာတ်ဆရာရဲ့ ကြိုးဆွဲရာအတိုင်း လူတွေက လောကလူ့ဘောင်မှာ နေကြရတာပါပဲ'

'နေဦး၊ ဘသာနဲ့ကျော့မေ ဘယ်တော့ လက်ထပ်ဖြစ်မှာလဲ'

'ဒါကလည်း ကံဇာတ်ဆရာရဲ့ စီမံမှုအတိုင်းပဲလေ။ အထွန်းရော ဘာလို့ လူပျိုကြီး လုပ်နေတာလဲ'

'လွတ်လပ်တဲ့ အရသာနဲ့ စာရေးနေရတာကို ပျော်လို့'

'အထွန်းအမေနဲ့ အစ်မဆုံးသွားတာကြားတော့ စိတ်မကောင်းလိုက်တာ မပြောနဲ့။ အဆောင်မှာ ထမင်းစားမကောင်းရင် အထွန်းတို့အိမ်လာပြီး အမေချက်တဲ့ ထမင်းဟင်းစားရတာ ခုထိကျော့ဗိုက်ထဲမှာ ရှိနေသလိုပဲ။ ကျော့မိဘတွေကို အထွန်းတစ်ယောက် ဘယ်လိုများ နေပါလိမ့်လို့ ခဏခဏ မေးပြောပြောတတ်တာ။ ရန်ကုန်မှာ တစ်ယောက်တည်းနေမယ့် အတူတူ စစ်တွေကို ပြောင်းနေခိုင်းပါလားလို့ ကျော့ကိုတောင် ခဏခဏပြောတယ်'

'ကျော့မေအသံက ဝမ်းနည်းသံပါနေသည်။ အထီးကျန်တဲ့ ရသကို ခံစားရတာ ကျင့်သားရနေပါပြီ။ ကျော့တို့တွေမရှိတော့ စစ်တွေကို ရောက်စရက်တွေတုန်းက ငြီ့သည်လိုပဲ။ ဘယ်သွားသွား၊ နှုတ်ဆက်မယ့်သူတောင် မရှိဘူး။ ရင်းနှီးတဲ့ စာရေးဆရာတွေ ရှိနေလို့ တော်သေးတယ်'

'ဗဂျီးကျော်တို့၊ ကိုကြီးမန်းတို့လား'

'စုံနေတာပါပဲ။ စစ်တွေသိန်းနောင်၊ ဆရာမကြီးပွင့်လွှာ၊ ဆရာညိုသန့်၊ ယဉ်ကျေးမှုပြတိုက်က ကိုတင်အောင်စိုးတောင် ပါသေးတယ်။ ပြီးတော့ ရန်ကုန်က အထွန်းသူငယ်ချင်းတစ်ယောက် စစ်တွေမှာ ရောက်နေတယ်။ ကဗျာဆရာ ရွှေဒါးမောင်လေးရည်လေ၊ ကျော့နဲ့ မိတ်ဆက်ပေးရဦးမယ်'

'ရွှေဒါးမောင်လေးရည်က နာမည်ကြီး ကဗျာဆရာပဲ။ သူ့ကဗျာတွေ အများကြီး ကျော့ဖတ်ဖူးတယ်။ အထွန်း မြောက်ဦး၊ ကျောက်တော် ရောက်ပြီးပြီလား'

'ဘယ်ရောက်ပါဦးမလဲ။ ကျော့တို့ကို စောင့်နေတာ။ တို့သူငယ်ချင်းသုံးယောက် ဘုရားစုံလိုက်ဖူးရင် ပျော်စရာကောင်းမယ် အထင်နဲ့ စောင့်နေတာ။ ကားလမ်းတွေ၊ တံတားတွေလည်း လိုက်ကြည့်ချင်တာ။ ဘသာရှိရင် သိပ်ကောင်းမှာပဲ ကျော့မေရယ်'

'ဘသာ ဘယ်ရောက်နေတယ် အထွန်း ထင်သလဲ။ တစ်လောက ပြည်ကို ရောက်နေတာတဲ့။ သူက မြောက်ဦးမှာ တည်းခိုခန်းဖွင့်ဖို့ လုပ်နေတာလေ'

'ဟုတ်လား။ ဒါဆို တို့တွေ မြောက်ဦးသွားရအောင်'

'ဒါဆို မနက်ဖြန်သွားကြမယ်လေ။ သင်္ဘောနဲ့သွားမှာလား၊ ကားနဲ့သွားမှာလား။ တို့ဆီမှာ ဂျက်ထက်မြန်တဲ့ မလိခသင်္ဘောလည်း ရှိသေးတယ်'

'သင်္ဘောမစီးရတာကြာပြီ။ သင်္ဘောနဲ့သွားမယ်'

'ဒါဆို မနက်ဖြန် အဆင်သင့်လုပ်ထား။ ကျော့ ကားငှားပြီး လာခေါ်မယ်။ ဘယ်မှ သဝေထိုးမနေနဲ့ဦး၊ ကဲ. . . တို့တတွေ ပြန်ကြရအောင်'

'ကျော့ကို အထွန်း အိမ်အထိ လိုက်ပို့ပေးမယ်။ ဒီမှာ ကိုကြီးမန်းတို့နဲ့ ချိန်းထားသေးတယ်'

လောကနန္ဒာဘုရားကို အကြိမ်ကြိမ် ဦးချဖြစ်သွားသည်။

သူတို့နှစ်ယောက် ဘုရားပေါ်မှ ဆင်းလာခဲ့ကြသည်။ ကျော့မေက မြို့တော်ခန်းမ အနီးမှာနေတော့ ဘုရားနှင့်နီးသည်။

တည်ကြည်ရင့်ကျက်လွန်းတဲ့ ကျော့မေ။ ငယ်ငယ်ကဆို သူ့အပေါ် အနိုင်ယူ နွဲ့ဆိုးဆိုးတတ်သူ။ ကျော့မေနှင့် ပတ်သက်၍ အများကြီး စိတ်ကူးတွေယဉ်၊ ရူးခဲ့ဖူးသည်။ ကျွန်တော့်ဘဝ တစ်သက်တာမှာ ရင်ထဲ တသက်သက်နှင့် စွဲမက်ချစ်ခဲ့ရတာ ကျော့မေတစ်ဦးတည်းသာ ရှိသည်။ အခုလည်း ချစ်ဆဲ၊ နောင်လည်း ချစ်နေဦးမှာ သေချာသည်။ ဘသာကိုငဲ့၍သာ ချစ်လျက်နှင့် မသိကျိုးကျွံနေဖြစ်ခဲ့သည်။

ဘသာကလည်း ကျော့မေမှ ကျော့မေ။

တကယ်ဆိုတော့လည်း သူတို့နှစ်ဦးက ရွှေနဲ့မြပါပဲ။ ချမ်းသာကြွယ်ဝသူတွေပီပီ သူတို့နှစ်ဦး လက်ထပ်ဖြစ်ရင် ဝမ်းနည်းဝမ်းသာ ဖြစ်ရသူက ကျွန်တော်သာ။ ကျော့မေတို့ခြံထဲ ရောက်လာတော့ ကျော့မေအဖေက သူ့ကို အိမ်ပေါ်တက်ဖို့ ခေါ်သေးသည်။

'အဖေရယ် သူဘုရားပေါ်မှာ ဗဂျီးကျော်တို့နဲ့ ချိန်းထားလို့တဲ့။ မိုးသိပ်ချုပ်အောင်လည်း လျှောက်သွားမနေနဲ့နော်။ စစ်တွေက ကျော့တို့ငယ်ငယ်ကလို မဟုတ်တော့ဘူး။ အမူးသမားတွေ များပါဘိနဲ့'

ကျော့မေက စိုးရိမ်စကားပြောသည်။ သူ ကျော့မေကို ရွှန်းရွှန်းစားစား ကြည့်မိသည်။ ကျော့မေက မျက်ဝန်းလဲ့လဲ့နှင့် ပြန်ကြည့်သည်။ ရင်ထဲ ဖိုသွား

သည်။ ကျော့မေ၏ ရင်ထဲက ခံစားချက်ကို သူ လျှပ်တစ်ပြက် တွေ့လိုက်ရသည်။

ချစ်ရည်ရွှန်းသော မျက်လုံးများ။

ခေါင်းငိုက်စိုက်နှင့် လာရာလမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။ အတွေးထဲဝယ် မေးခွန်းတွေ တစ်သီကြီး ဝင်ရောက်လာခဲ့ သည်။

ကျော့မေနှင့် ဘသာ ဘာကြောင့် လက်မထပ်ကြတာပါလိမ့်။

သူတို့နှစ်ဦးကြားတွင် အဖြေထုတ်မရသော ပုစ္ဆာတစ်ပုဒ် ရှိနေတာ သေချာပြီ။

×××

ဘုရားရင်ပြင်တော်ပေါ် ဒုတိယအကြိမ်ရောက်တော့ 'စာပေစကားဝိုင်း'က လူစုံနေပြီ။ ကဗျာဆရာမ ယုဝတီနန်းယဉ်လှဲ၊ ကဗျာဆရာ ရွှေဒါးမောင်လေးရည်၊ ကျွန်းသားငမန်းနှင့် ဗဂျီးကျော်တို့ လေးယောက်ကို တွေ့ရသည်။

စကားဝိုင်းထဲ ကျွန်တော် ဝင်ထိုင်လိုက်သည်နှင့် သူတို့အားလုံး၏ မျက်နှာတွင် ခါတိုင်းနှင့်မတူ တစ်မူထူးခြားစွာ အပြုံးကိုယ်စီ တွေ့ရသည်။

'ကိုထွန်းအောင် . . . ဒီကနေ့ နောက်ကျနေပါလား။ တစ်ယောက်ယောက်နဲ့များ ချိန်းပြီးတွေ့နေသလား'ဟု ကိုရွှေဒါးက မေးသည်။

'ဟာ လုပ်ချလိုက်ပြန်ပြီ ကိုရွှေဒါးကတော့။ ချိန်းတွေ့တာတော့ မဟုတ်ဘူး၊ တမင်တွေ့တာ။ ကျွန်တော် ခြောက်နာရီလောက်ကတည်းက ဘုရားပေါ်မှာ သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေတာ။ ခု သူ့အိမ်ကို လိုက်ပို့နေလို့ နည်းနည်းနောက်ကျသွားတာပါ။ ဆရာတို့အားလုံး သိကြမှာပါ။ အမှတ် (၂)က ဆရာမကျော့မေပါ'

ကျွန်တော် အလိုက်သင့် ရှင်းပြသည်။

'ဒေါ်ကျော့မေက ဆရာ့သူငယ်ချင်းလား'

'ဟုတ်ပါတယ် ဆရာဗဂျီးကျော်၊ ဒီကနေ့ပဲ ကျောက်ဖြူက ပြန်ရောက်လာတာ။ ဘသာနဲ့တော့ မတွေ့ရသေးဘူး။ သူ မြောက်ဦးကို ရောက်နေတယ်လို့တော့ သိရတယ်။ ဘသာဆီ ကျွန်တော်တို့နှစ်ယောက် မနက်ဖြန် သွားကြမယ်လို့ စီစဉ်ထားတယ်'

'ဆရာမကြီးက ချောတယ်နော် ဆရာ။ စိတ်ကူးတွေ ယဉ်မနေနဲ့။ ဘသာဆိုတာ ကျွန်တော်တို့မြို့မှာတော့ ကျားပဲ။ စီးပွားရေး အတော်များများကို

ဒီလူ ချုပ်ကိုင်ထားတာ ဒီလူနဲ့ယှဉ်ရင် ကိုထွန်းအောင် လွယ်ပါ့မလား'

'မယှဉ်ဘူး ကိုကြီးမန်း၊ ကျွန်တော် အားလုံးကို အရှုံးပေးပြီးသားပါ။ သူတို့နှစ်ယောက် ပျော်ရွှင်တဲ့ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်နိုင်ကြဖို့ပဲ ကျွန်တော်မျှော်လင့်တယ်။ စဉ်းစားမရတာက သူတို့နှစ်ယောက် ဘာကြောင့် လက်မထပ်ကြသေးတာလဲ ဆိုတာပဲ'

'အဖြေကတော့ ရှင်းနေတာပဲလေ။ ဆရာ့အပေါ် ကျော့မေရဲ့ သံယောဇဉ်က ကြီးမားနေသလားမှ မသိတာ။ ဒါကြောင့် ဆရာ့ကို စိတ်ကူးမယဉ်ပါနဲ့လို့ ပြောလိုက်တာ'

'ကဲ. . . တော်ကြပါတော့ရှင်။ ကျွန်မမောင်လေး ရှက်နေပါပြီ။ ကိုထွန်းအောင်ကို ဆရာတို့ လျှော့မတွက်နဲ့နော်။ သူက ဆရာဝန်တွေ၊ သူနာပြုတွေကြားမှာဆို ပေါ်ပြူလာပဲ။ ကိုထွန်းအောင်နဲ့ ကျွန်မစတွေ့တုန်းက ပြုံးပြုံးလေးနဲ့ တစ်ဖက်သားကို အမြဲကူညီတတ်တာ'

ဆရာမကြီးနှင့် ကျွန်တော် သိကျွမ်းခဲ့တာ နှစ် ၂၀ ပင် ကျော်ပြီ။ ကျွန်တော် သူနာပြုဌာနချုပ်တွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။ ဆရာမကြီးက စစ္စတာဖြစ်ခါစ ချောတုန်းလှတုန်းအရွယ်။

'ဒါနဲ့ ကိုထွန်းအောင် စစ်တွေကနေ ဘယ်အရွယ်က ထွက်သွားတာလဲ'

'ကျွန်တော် ၁၄ နှစ်သား၊ စစ်တွေမှာ မီးတွေအကြီးအကျယ် လောင်တဲ့နှစ်ပေါ့။ မငြိမ်းသေးတဲ့ မီးလောင်ပြင်ကြီးကိုကြည့်ပြီး ကျွန်တော် ပြည်တော်ညွှန့်သင်္ဘောပေါ် တက်သွားတယ်'

'နှစ်တွေ မနည်းတော့ဘူးပေါ့'

အချိန်အတော်ကြာ စကားပြောဆိုကြပြီးတော့ ကျွန်တော်တို့ ပြန်ဖို့ပြင်ကြသည်။

ဘုရားကို ဦးချကာ ထွက်လာခဲ့ကြသည်။ မေယုလမ်းအတိုင်း စကားတပြောပြောနှင့်လျှောက်ရင်း မြို့လယ်က နာရီစင်ရှေ့က အအေးဆိုင်မှာ အအေးသောက်ပြီးမှ ကျွန်တော်တို့ လူစုခွဲတတ်ကြသည်။

'ကျွန်တော် မနက်ဖြန် မြောက်ဦးကို သွားရဦးမယ်'

×××

> ■
> **စာရေးဆရာတစ်ယောက်**
> **ဖြစ်ဖို့ဆိုတာ ဇီဇနဲ့ပါရမီ**
> **သိပ်အရေးကြီးတယ်။**
> **တော်ရုံခွဲလုံ့လနဲ့ နာမည်ရ**
> **စာရေးဆရာ တစ်ယောက်**
> ■

မှိုင်းမှိုင်းညို့ညို့
တောင်တန်းတို့လည်း
မိုးသို့မြင့်ကာ
လွမ်းဖွယ်သာတည့်။
တောင်တန်းတွေဆီ
စီရရီတည့်၊ စေတီပုထိုး
အမျိုးမျိုးလည်း
ဦးကျိုးစရာ လက်စုံဖြာမိ။

ဩော်. . . မြို့ဟောင်းမြောက်ဦး
ပုံရိပ်ထူးကို ကြည်နူးရသ
ခံစားရတိုင်း ရင်လှိုင်းရိုက်ခတ်
လွမ်းမောဆွတ်သည်
လွမ်းတတ်သူမို့ မျက်ရည်စို့ . . . ။ ။

ကဗျာဆရာ စစ်တွေခိုင်သာမိုး၏ ရခိုင်မဂ္ဂဇင်းထဲက 'မြောက်ဦး အလွမ်းရသ' ကဗျာလေးကို ကျွန်တော် အခေါက်ခေါက်အခါခါ ရွတ်နေမိသည်။

ကဗျာထဲက စာသားတွေထက် တကယ်မြင်တွေ့ရသည့် မြောက်ဦးမြင်ကွင်းက သာလွန်းလှသည်။

တစ်နေ့လုံး မြောက်ဦးမြို့အနှံ့ ဘုရားလိုက်ဖူးဖြစ်သည်။

နေပူဒဏ်ကြောင့် ကျွန်တော့်တစ်ကိုယ်လုံး နွမ်းနေသည်။

ရှစ်သောင်းပုထိုးတော်ကြီး၏ အပြင်ဘက် ထုက္ကန်သိမ်ဘုရားနှင့် မျက်နှာချင်းဆိုင် နေရိပ်အောက်တွင် ကျွန်တော်တစ်ယောက်တည်း မောမောနှင့် ထိုင်ဖြစ်သွားသည်။ မြောက်ဦးကား ရှေးအကျဆုံး မင်းနေပြည်တော်တစ်ခုပင်။

ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများက နေရာတိုင်းတွင် ရှိသည်။ ဘုရားပုထိုးတိုင်းတွင် နိုင်ငံခြားသားတစ်ချို့ကို တွေ့ရသည်။

ရန်ကုန်စစ်တွေကားလမ်း ဖောက်လုပ်ပြီးစီးမှုကြောင့် ကားကြီးကားငယ် အသွယ်သွယ်နှင့် ပြည်ပက ဘုရားဖူးများ ဝင်လာမစဲ တသဲသဲ တွေ့ရသည်။

ကျွန်တော်တို့ မြောက်ဦးမြို့သို့ ရောက်ရှိချိန် ဘသာက မြောက်ဦးတွင် ရှိမနေဘဲ ကျောက်တော်သို့ ရောက်နေပြန်သည်။ ကျွန်တော့်စိတ်နှင့်ဆို ကျောက်တော်သို့ ချက်ချင်းလိုက်သွားချင်သည်။ ကျော့မေက မြောက်ဦးရောက်ပြီးမှ

ဘုရားစုံဖူးပြီး တစ်ညတာ အိပ်ဖို့တားသည်။ ကျွန်တော် မငြင်းသာဘဲ ခေါင်းညိတ်မိသည်။

မကြာခင် ကျော့မေရောက်လာသည်။ ကျွန်တော့်ဘေးတွင် ကျော့မေ ဝင်ထိုင်သည်။

'တည်းခိုခန်း အဆင်ပြေရဲ့လား'

'ပြေပါတယ်'

'မောနေသလား၊ အထွန်းကြည့်ရတာ မရွှင်မပျနဲ့ သိပ်မောနေသလိုပဲ'

'မမောပါဘူး။ နေရိပ်အောက်မှာ အနေများတော့ နေပူဒဏ် မခံနိုင်ဘူးလေ။ ဘသာဆိုတဲ့အကောင်က ခြေမှာ ဖွေများပါသလား မသိဘူး။ ဖုန်းဆက်ထားလျက်နဲ့ ရှောင်ထွက်သွားတယ်။ စစ်တွေရောက်တုန်း သူ့ကို တွေ့မသွားပြန်ရင်လည်း ကိုယ်တော်ချောက အပြစ်ရှာပြီး ရန်ထောင်ဦးမယ်။ ကဲ. . . ကျော့မေ ကိုယ်တို့နားရအောင်'

မြောက်ဦးဟိုတယ်သို့ သူတို့နှစ်ယောက် ရှစ်သောင်းဘုရားကနေ လမ်းလျှောက်လာကြသည်။ ဟိုတယ်ထဲရောက်သည်နှင့် အဝတ်အစားလဲကာ ရေကို တဝကြီး ချိုးပစ်လိုက်သည်။ မြောက်ဦးဟိုတယ်တွင် နိုင်ငံခြားသားများနှင့် ပြည့်နေသည်။

တစ်နေကုန် နုံးခွေနေသမျှ လန်းဆန်းသွားသည်။

ရင်ထဲက နည်းနည်းတင်းကျပ်နေသလို ခံစားလိုက်ရ၍ သူ အိပ်ရာပေါ် လှဲကာ မျက်လုံးကို စုံမှိတ်ထားလိုက်မိသည်။ လှဲရင်းနှင့် ကျွန်တော် အိပ်ပျော်သွားသည်။

ညခုနစ်နာရီထိုးတော့ ကျော့မေက ထမင်းစားဖို့ လာခေါ်သည်။

အိပ်ရာက ကမန်းကတန်းထပြီး အခန်းတံခါးကို ရုတ်တရက် ဖွင့်လိုက်တော့ သနပ်ခါးပါးကွက်ကြားနှင့် ကြော့ရှင်းလှပနေသော ကျော့မေကို တံခါးဝတွင် တွေ့လိုက်ရသည်။

စွင့်စွင့်ကားကား ဖူးပွင့်နေသော ကျော့မေအပြုံး။

အလှတရားတို့ကား တည်ငြိမ်ရင့်ကျက်လွန်းပါဘိ။ တည်ငြိမ်သည်ထင်မိသော်လည်း ကျော့မေကို သေသေချာချာ ကြည့်မိတော့မှ ညှိုးလျတဲ့မျက်ဝန်းမှိုင်မှိုင်ထဲက အထီးကျန် အရိပ်အယောင်များ ဝေ့နေသည်ကို တွေ့လိုက်ရသည်။

ကျွန်တော့်ရင်ထဲ စိမ့်ခနဲ အေးသွား၏။

ဆာနေလို့လား မသိ။ ထမင်းက စားလို့ကောင်းသည်။ ကျွန်တော်တို့ နှစ်ယောက် မျက်နှာချင်းဆိုင် ထမင်းမစားရသည်မှာ ကြာချေပြီ။ ဟိုတယ်ငြိမ့် ခန်းတွင် နှစ်ယောက်သားထိုင်၍ စကားပြောဖြစ်သည်။ အကြောင်းအရာ အားလုံးက ငယ်ငယ်က အဖြစ်သနစ်များပင်ဖြစ်သည်။ ကျောင်းဆရာမတစ်ဦး၏ တည်ငြိမ်သောဘဝ၊ စာရေးဆရာတစ်ယောက်၏ ရုန်းကန်လှုပ်ရှားနေရသော အားမာန်။ ရုန်းကန်ခဲ့ရသော၊ ကျော်ဖြတ်ခဲ့ရသော အခက်အခဲများစွာကို ပြောပြ တော့ ကျော့မေက ကရုဏာသက်စွာ ကျွန်တော့်ကိုကြည့်သည်။

'စာရေးဆရာတစ်ယောက်ဖြစ်ဖို့ မလွယ်ပါလား'

'တကယ်တော့ ကျော့မေရယ်။ စာရေးဆရာတစ်ယောက် ဖြစ်ဖို့ဆိုတာ ဗီဇနဲ့ပါရမီ သိပ်အရေးကြီးတယ်။ တော်ရုံဖွဲလုံ့လနဲ့ နာမည်ရ စာရေးဆရာ တစ်ယောက် ဖြစ်မလာနိုင်ဘူး'

'ဒီလောက်ခက်ခဲတဲ့ အလုပ်ကိုမှ အထွန်းက ရွေးချယ်လုပ်နေတာကိုး။ အထွန်းစာရေးလို့ အမျိုးသားစာပေဆုလို ဆုတစ်မျိုးမျိုး ရရင်တော့ ကျော့မေတို့ အတွက် ဂုဏ်ယူစရာဖြစ်မှာ သေချာတယ်'

'ဆုရဖို့အတွက် စာမရေးဘူး။ စာမရေးရင် မနေနိုင်လို့ စာရေးနေတာပါ ဟာ။ ဒါနဲ့ စိတ်မဆိုးရင် ကျော့မေကို မေးစရာတစ်ခု ရှိနေတယ်'

'ဘာများပါလိမ့်'

'ဘသာနဲ့ ကျော့မေတို့ ဘာဖြစ်လို့ အခုချိန်ထိ လက်မထပ်ကြသေးတာ လဲ'

'သူနဲ့ကျော့မေက ချစ်သူရည်းစားတွေမှ မဟုတ်တာပဲ။ ဒီကနေ့အထိ သူငယ်ချင်း ချစ်ထက် မပိုဘူး။ လူဆိုတာကလည်း အခက်သားပဲ အထွန်း။ လိုတာ မရ၊ ရတာမလိုနဲ့။ ကျော့မေဇာတာက အပျိုကြီးဖြစ်ဖို့ ဇာတာပါတယ်ထင်တယ်'

'ဘသာက ဆံဖြူသွားကျိုးတဲ့ အထိ ကျော့ကို စောင့်နေမှာ သေချာ တယ်။ သူက ငယ်ငယ်ကတည်းက ကျော့ ကို သိပ်ချစ်ရှာတာ'

'သူချစ်နေတာကို ကျော့ တားပိုင်ခွင့် မရှိဘူးလေ။ လူဆိုတာ ကိုယ့်သဘော ကိုယ်ဆောင် တာပဲ။ သူ့ကို တစ်သက်လုံး လက်မထပ်မှာတော့ သေချာတယ်။ ကျော့မေ ရင်ထဲမှာ ချစ်နေတာ၊ မြတ်မြတ်နိုးနိုး စွဲလမ်းနေတာက တစ်ယောက်လေ'

'ဘယ်သူများပါလိမ့်'

'ဒါကိုလည်း အထွန်း သိစရာမလိုဘူး'

ကျော့မေစကားကြောင့် နှစ်ယောက်သား ငြိမ်သက်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပါးစပ်က စကားမပြောဖြစ်တော့ဘဲ အသည်း နှလုံးချင်း စကားပြောဖြစ်သွားသည်။ ကျော့မေ ထိုင်ရာ က ထရပ်ကာ သူ့အခန်းသို့ ထွက်သွားသည်။

ပင့်သက်ကို ကျွန်တော် အကြိမ်ကြိမ်ရှိုက်မိသည်။

ရင်ထဲမှာလည်း ကတုန်ကယင်ဖြစ် ကျန်ခဲ့သည်။ အသိမဲ့ ခန္ဓာကိုယ်၏ ဝေဝါးမှုကို ဆုပ်ကိုင်၍လည်း မရတော့။ လောင်မြိုက်မှုတို့က ခန္ဓာကိုယ် တစ်ခုလုံးကို ဝါးမျိုသွားပြီထင်။

'နင့်ရင်ထဲ ဘာတွေဖြစ်နေမှန်း ငါမသိဘူးမဟုတ်၊ သိပါတယ် ကျော့မေရယ်။ ဒါပေမဲ့ နင်လက်ထပ်သင့်တာ၊ ရွေးချယ်သင့်တာက ဘသာပါပဲ'

အသံမထွက်ဘဲ ကျွန်တော် စိတ်ထဲကနေ ရေရွတ်နေမိသည်။

ထိုညက မြောက်ဦးမြို့တွင် လသာနေသည်။

×××

ရန်ကုန်-စစ်တွေ လမ်းဖောက်လုပ်ပြီးစီးမှုကြောင့် ရခိုင်ပြည်နယ်အနှံ့ သွားရလာရတာ လွယ်ကူသွားသည်။ ရခိုင်ရိုးမ တောင်တန်းကြီးကို ဖြတ်ကျော်၍ ရန်ကုန်-စစ်တွေ လမ်းမကြီးကို တံတားကြီး ၁၀ စင်း၊ တံတားငယ် ၊ တံတားလတ် ၈၀၀ ကျော်တို့နှင့်အတူ ဖွင့်လှစ်ခဲ့သည်။

မြောက်ဦး-ကျောက်တော် ကားလမ်းတစ်လျှောက် မြင်တွေ့သမျှ အရာအားလုံး ကျွန်တော့်အတွက် ဆန်းနေသည်။ တောင်တန်းတွေက စိမ်းစိုနေ၏။ ကားလမ်းနှင့် လူနေအိမ်ခြေက အတော့်ကိုလှမ်းသည်။

'ဒီနေရာတွေမှာ စက်ရုံ၊ အလုပ်ရုံတွေနဲ့ မြို့ပြအဆောက်အအုံတွေ တည်နိုင်ရင် သိပ်ကောင်းမှာပဲနော် ကျော့မေ။ စက်မှုလုပ်ငန်းက ရခိုင်မှာ အတော်ကို နည်းတယ်'

'တစ်ချိန်တော့ ဖြစ်ကောင်းမယ် ထင်ပါရဲ့'

တောတွေ၊ တောင်တွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ မြစ်တွေ ဖြတ်သန်း စီးဆင်းနေသော ရခိုင်ဒေသ။ ခုတော့လည်း ကားတွေ ဥဒဟို ပြေးလွှားနေလေပြီ၊

■
လူသားတစ်ဦးသည် စက္ကန့်ဖြေ
ဆယ်ပုံတစ်ပုံမျှပင် အသက်ရှင်နေ
ထိုအချိန်ပိုင်းလေးအတွင်း
သူ့အတ္တနောမဟိအတွက်
မျှော်လင့်ပိုင်ခွင့်နှင့်
တောင်းဆိုပိုင်ခွင့်တော့ ရှိသည်
■

မြောက်ဦး-ကျောက်တော်လမ်းဝဲယာ ရွာကြီးလေးငါးရွာကို တွေ့ရသည်။ သရက် တစ်ပင်ကျေးရွာသည် အကြီးဆုံး။ လူဦးရေအထူထပ်ဆုံး ဖြစ်ဟန်တူသည်။

မဟာမုနိဘုရား ကိန်းဝပ်စံပယ်တော်မူသော ဝန်းကျင်သို့ အရောက်ကားက ထိုးရပ်သွားသည်။ သူတို့နှစ်ဦး အထုပ်ကိုယ်စီနှင့် ကားပေါ်က ဆင်းကျန်ရစ်ခဲ့သည်။

ဘာသာ၊ သာသနာနှင့် ပတ်သက်လျှင် ထင်ရှားသော အရပ်ဒေသ။

မဟာသက္ကရာဇ် ၁၂၃ ခု၊ ဘီစီ ၅၄၄ ခုတွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်ပြီး ရတနာကိုးပါး အတိဖြင့်ပြီးသော ရုပ်ရှင်တော်ကို သွန်းလုပ်ခဲ့သည့်နေရာ။

မဟာမြတ်မုနိ ဘုရားကုန်းတော်သည် ဓညဝတီရှေးဟောင်း မြို့တော်၏ မြို့ရိုးတံတိုင်းအတွင်းဘက် နန်းရာကုန်း၏ အရှေ့မြောက်ထောင့် အနီးတွင် တည်ရှိသည်။

'ထွန်း၊ ထမင်းအရင်စားမှာလား။ ဘုရားကို အရင်ဖူးမှာလား'

'ဓာတ်ပုံတွေပဲ အရင်ရိုက်ချင်တယ်။ ရန်ကုန်ရောက်ရင် ခရီးသွားဆောင်းပါး ရေးချင်လို့လေ'

'ဒါဖြင့်လည်း ကိုယ်တော့်သဘော၊ ရိုက်သာ ရိုက်'

မဟာမုနိဘုရား ကုန်းတော်ကို ဘက်စုံထောင့်စုံက ရိုက်ဖြစ်သွားသည်။ ဓာတ်ပုံရိုက်နေစဉ်အတွင်း ကျော့မေ ဘုရားပေါ်သို့ တစ်လှမ်းချင်း လှမ်းတက်သွားသည်ကို မြင်လိုက်ရသည်။ မဟာမြတ်မုနိ မြင်ကွင်းများက သူ့ရင်ကို စွဲငြိစေပြီ။

မဟာမုနိဘုရားကြီး၏ ကြီးမြတ်သော ဂုဏ်သတင်းသည် ရှေးကဆိုရခိုင်ပြည်တွင်သာမက သရေခေတ္တရာ၊ ကမ္ဘောဇ၊ ပုဂံ၊ ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယစသည့် အိမ်နီးနားချင်း ပဒေသရာဇ် နိုင်ငံများအထိ ပျံ့နှံ့ကျော်စောခဲ့သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးပင် ကိုယ်တိုင်ကြွရောက်လာပြီး ရွှေငွေကြေး ရတနာတို့ဖြင့် တန်ဆောင်းပြသာဒ်များ ဆောက်လုပ်လှူဒါန်းဖူးသည်။ မင်းစောမွန်သည် မြောက်ဦးမှ မဟာမုနိဘုရားအရောက် လမ်းဖောက်

ဖူးသည်။

ကျော့မေအား ဘုရားကုန်းတော်ပေါ်တွင် ဓာတ်ပုံရိုက်ပေးဖြစ်သည်။ နှစ်ယောက်သား ငွေတချို့စုပေါင်းကာ ဘုရားဂေါပကထံ ရွှေသင်္ကန်းကပ်လှူရန် အလှူငွေထည့်ဝင်ဖြစ်သည်။

ကျော့မေသူ့အပေါ် တိမ်းညွတ်နေတာ သူ မသိမဟုတ် သိပါသည်။ ချစ်စကားတစ်ခွန်း ပြောရုံဖြင့် ကျော့မေသည် သူ့ရင်ခွင်ထဲ တိုးဝင်လာမှာ သေချာသည်။ သို့ဆိုလျှင် သူငယ်ချင်းဘသာသည် သူ့ကို စကားလုံးဗုံးများဖြင့် ဖောက်ခွဲပစ်မှာလည်း သေချာသည်။

ပင့်သက်ကို လေးပင်စွာ ရှိုက်လိုက်မိ၏။

ဘသာကို သူ ကတိတစ်ခု ပြုခဲ့ဖူးသည်။ သည်တစ်သက် ကျော့မေကို ချစ်ခွင့်မပန်ပါဘူးဟူ၍. . .။ သည်အတွက် သူ့မှာ စောင့်ထိန်းရဖို့ တာဝန်ရှိသည်။ သူ့ဘဝမှန်ကို လှစ်ဟပြ၍ မဖြစ်သေး။

×××

'ဆရာမကြီးတို့ပါလား၊ မဟာမုနိလာဖူးတာလား'

'ဘုရားလည်းဖူး၊ လူပျောက်လည်း လာရှာတာလေ။ နင်တို့ဆရာ ဘသာရော'

'ဆရာ ညက တစ်ညလုံး လူမှန်းမသိအောင် သောက်ပြီးတော့ မနက်ကပဲ သူ့ကားနဲ့ စစ်တွေကို တက်သွားတယ်။ တစ်ယောက်တည်း ကားမောင်း တက်သွားတာ။ မူးမူးနဲ့ တစ်ခုခုဖြစ်နေရင်တော့ ဒုက္ခ။ ခုတစ်လော ဆရာ ဘာဖြစ်နေမှန်းမသိဘူး။ နေ့ရော၊ ညရော အရက်တွေ လှိမ့်သောက်နေတယ်'

'ကြားလား အထွန်း၊ ဘသာအကြောင်း။ ရခိုင်သားတွေ အရက်ကြိုက်တာ ရခိုင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးမှုအတွက် အဟန့်အတားတစ်ခုပဲ။ အရက်ကြောင့် ဘဝပျက်သွားတဲ့ လူတွေလည်း မနည်းဘူး'

'ဘသာ အရက်သောက်တာက ကျော့မေက သူ့ကို ငြင်းထားလို့နေမှာပေါ့'

'လာပြန်ပြီ ဒီအကြောင်း။ မပြောပါနဲ့တော့လို့ ပြောထားတယ်မို့လား။

ကဲ. . . အောင်သာကျော် ဆရာမတို့ ထမင်းသွားစားဦးမယ်။ စစ်တွေကို ဖုန်းဆက်ပေးဦး။ စစ်တွေကနေ ဘယ်မှထွက်မသွားစေနဲ့။ သူ့သူငယ်ချင်း

တစ်ယောက် တွေ့ချင်လွန်းလို့ လိုက်ရှာနေတယ်လို့ ပြောပေး'

'ဟုတ်ကဲ့ပါ ဆရာမကြီး'

အေးအေးလူလူ ထမင်းစားလို့ရမည့် ထမင်းဆိုင်တစ်ဆိုင်ရောက်မှ သူတို့နှစ်ယောက် ထမင်းစားဖြစ်သည်။ ထမင်းစားနေရင်းနှင့် ရင်ညွန့်ထဲမှာ အောင့်တောင့်တောင့် ဖြစ်နေသလို ခံစားလိုက်ရသည်။ လက်ကိုဆေး၍ ထမင်းစားခြင်းကို ရပ်ပစ်လိုက်သည်။ အသက်ရှူမဝသလို၊ မောသလိုလည်း ခံစားလာရသည်။

သွေးကြောများကို အထူးချဲ့ပေးသည့် အေမီလ်နိုင်ထရိတ်ဆေးကို အိတ်ကပ်ထဲက ဆွဲထုတ်လိုက်သည်။ သည်ဆေးကို အရေးပေါ်သုံးဖို့ ကိုယ်နှင့်မကွာ အမြဲဆောင်ထားရသည်။

ချက်ချင်း နှလုံးရောဂါဖြစ်လာလျှင် ကျွန်တော့်အသက်ကို ကယ်မည့် ဆေးဖြစ်သည်။

'ဘာဆေးလဲ'

'နှလုံးဆေးတွေပါ'

'အထွန်းမှာ နှလုံးရောဂါရှိနေလို့လား'

'ရှိတယ်။ အထွန်း စစ်တွေလာတာ အနားယူရင်း အားမွေးဖို့ ဆရာဝန်ခွင့်ပြုချက်နဲ့ လာခဲ့တာ။ ဒီကပြန်ရင် ကျဉ်းနေတဲ့ နှလုံးသွေးကြောတွေကို ချဲ့မယ်။ လိုအပ်ရင် နှလုံးသွေးကြောတွေကို ဖြတ်တောက်ပြီးတော့ ပြန်ဆက်မယ်'

ကျွန်တော့်စကားကြောင့် ကျော့မေမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'ဘုရား ဘုရား အထွန်းက ဟိုမှာ တစ်ယောက်တည်းရယ်။ ပြုစုမယ့်လူ မရှိ၊ ဘာမရှိနဲ့ မထိတ်သာမလန့်သာ ရှိလိုက် တာ အထွန်းရယ်'

'အထွန်းတပည့်တွေနဲ့ ရေး ဖော် ရေးဖက် စာရေးဆရာတွေ ရှိပါ တယ်'

ပြောရင်း အေမီနိုက်ထရိတ် ဆေးသကြား နှစ်လုံးသုံးလုံးယူပြီး လျှာအောက်တွင် ငါးမိနစ်လောက် ငုံထားလိုက် သည်။ သွေးလွှတ်ကြောတွေ ကျယ်သွားအောင် အမြင့်နေကျဆေးဖြစ်သည်။

ကျွန်တော့်မှာ နှလုံးရောဂါ စစ်ဆင်လာလျှင် ရင်ဘတ်ထဲမှာ ပူလာသည်။ ခြောက်သွေ့လာသည်။ ရင်ဘတ်ကို ပြုတ်တူဖြင့် ညှပ်ထားသလို ခံစားရသည်။ ကိုယ်ခန္ဓာတစ်ခုလုံးကို တွင်းနက်ကြီးတစ်ခုထဲ အားဖြင့် ဆွဲသွင်းလိုက်သလို ရင်ဘတ်ထဲတွင် ပေါက်ကွဲလုမတတ် အောင့်လာတတ်သည်။ အသက်ရှူရတာလည်း မဝပေ။ ချွေးတွေပြန်လာပြီး လူကို အထိတ်တလန့် ဖြစ်သွားစေ

သည်။

ဆေးအာနိသင်က ပြလာသည်။ ငါးမိနစ်အတွင်း အောင့်နေသည့် ရင်ဘတ်က ဝေဒနာများ ပျောက်သွားသည်။ မကြာမီ သူ ခေါင်းများကိုက်လာတော့မည်။

'ကျော့မေကို လေးလေးနက်နက် စကားတစ်ခွန်းလောက် ပြောပါရစေ။ ကျော့မေက ကျောင်းဆရာမ၊ ဘသာ က အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်။ ငါက အညတြ စာရေးဆရာတစ်ယောက်။ ကျော့မေတို့တစ်တွေက ရခိုင်ပြည်နယ်အတွက် အများကြီး အကျိုးပြုနိုင်မယ်။ အထွန်းက သေလူ။ ဘသာကို ကျော့မေ ဘာကြောင့်လက်မထပ်ဘဲ နေတာလဲဆိုတာလည်း အထွန်း သိနေပါတယ် ကျော့မေရယ်'

'အထွန်း သိနေတယ်၊ ဒါနဲ့များ အထွန်းရယ်။ နင်ဟာလေ ဘသာအတွက်ဆို အမြဲအနစ်နာခံ စွန့်လွှတ်ဖို့ ကြိုးစားတယ်။ ကျော့ဟာ အရုပ်တစ်ရုပ်မဟုတ်ဘူးဆိုတာတော့ အထွန်းသိဖို့ ကောင်းတယ်'

'အထွန်း ကျန်းမာရေး၌ာနက ပင်စင်ယူလိုက်တာလည်း ဒီရောဂါကြောင့်ပဲ။ မျိုးရိုးဗီဇအရကို နှလုံးရောဂါ ဖြစ်လာခဲ့တာ။ အမေရော၊ အစ်မရော နှလုံးရောဂါကြောင့် အချိန်မတန်ခင် လောကကြီးထဲက ထွက်သွားရတာ။ ဒီတစ်ခါ အထွန်းအလှည့်။ အထွန်း မသေချင်သေးပါဘူး။ ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေ ဘာတစ်ခုမှ အကောင်အထည် မဖော်နိုင်သေးဘူး။ အထွန်းအဖြစ်ချင်ဆုံး အရာတစ်ခုကလည်း ရှိနေတယ်'

'ဘာများလဲအထွန်း'

'နင်နဲ့ ဘသာ'

ကျော့မေ၏ မျက်ဝန်းပေါ်တွင် မျက်ရည်များ ရစ်ဝဲနေသော်လည်း မျက်ရည်များကြားမှ ကျော့မေ ကျေကျေနပ်နပ်ကြီး ပြုံးနေသည်။

'အထွန်းရင်ထဲက စကားကို သိလိုက်ရလို့ ကျော့ ဝမ်းသာတယ်။ အထွန်းပြန်ရင် ကျော့ ရန်ကုန်ကို လိုက်ခဲ့မယ်။ အထွန်း ဆေးဝါးကုသခံယူပြီးမှ စစ်တွေပြန်မယ်'

'မဖြစ်ပါဘူး၊ ဂျပန်က ရောက်လာမယ့် အထူးကု ဆရာဝန်ကြီးတွေနဲ့ ခွဲစိတ်မှာပါ။ အောင်မြင်မယ်လို့ ယုံကြည်တယ်။ ကျော့မေ နားလည်ထားသင့်တာက ချစ်တာနဲ့ လက်ထပ်တာ တစ်ခြားစီပဲနော်။ အထွန်းလိုလူမျိုးကို ပိုလက်မထပ်သင့်ဘူး။ အထွန်းက သေလူဖြစ်နေပြီ။ ဘယ်နေ့သေမယ်ဆိုတာ မပြောနိုင်

ပေမယ့် မဝေးတော့ဘူး။ အိမ်ထောင်ပြုဖို့ ဆိုတာကိုလည်း ဆရာဝန်က လုံးဝခွင့်မပြုဘူး'

'အထွန်းရယ်. . . 'တဲ့

ဘဝတစ်ဆစ်ချိုးအကွေ့ကို လှပစွာ မြင်လိုက်ရပါပြီ။

×××

'ဘသာတစ်ယောက် ကားမှောက်လို့ ဆေးရုံပေါ်မှာ'

ကြားကြားစ သူနားကို သူမယုံ။ ကျော့မေ၏ စကားကြောင့် ကျွန်တော့် တစ်ကိုယ်လုံး ယိုင်လဲသွားမတတ် ဖြစ်သွားသည်။ စိတ်ဖိစီးမှုဒဏ်ကို ကျွန်တော် မခံနိုင်တာတော့ အမှန်။ နှလုံးသွေးကြောကျဉ်းရောဂါ ခံစားနေရပြီလို့ သိလိုက်ကတည်းက ကျွန်တော် အမြဲတစေ ပျော်ပျော်နေခဲ့သည်။

စိတ်ကြောင့် ကြေခဲ့ပေါင်းလည်း များလှပါပြီ။

ကျော့မေတစ်ယောက် ကျွန်တော်တို့ နှစ်ယောက်ကြား ဗျာများနေမှာကတော့ အမှန်။

မျက်စိမျက်နှာတွေလည်း ပျက်ပြီး ညှိုးငယ်နေသည်။ မျက်ဝန်းတွင် မျက်ရည်များပင် ရစ်ဝဲနေသည်။ ကားဂိတ်ကနေ နှစ်ယောက်သား ဆိုက်ကားစီးရင်း စစ်တွေဆေးရုံသို့ ထွက်လာခဲ့သည်။

ဘသာအခန်းထဲရောက်တော့ တာဝန်ကျဆရာက ခေါင်းကို မသိမသာခါပြပြီး အပြင်ထွက်သွားသည်။

သူ ဆရာဝန်နောက်လိုက်ပြီး ဘသာအခြေအနေကို မေးဖြစ်သည်။

'အဆိုးထဲက အကောင်းလို့ ဆိုရမလားပဲ။ ဦးနှောက်တွေ ဘာတစ်ခုမှ ထိခိုက်သွားတာ မတွေ့ရဘူး။ ခြေထောက် နှစ်ချောင်းစလုံးကတော့ အရိုးတွေ သုံးလေးပိုင်း ကျိုးနေတယ်။ ဒီအတွက် တစ်သက်လုံး ဒုက္ခိတဖြစ်သွားနိုင်တဲ့ အခြေအနေရှိတယ်။ ဒီထက် အခြေအနေ ဆိုးလာရင်တော့ ခြေထောက်နှစ်ချောင်းစလုံး ဖြတ်ပစ်ရဖို့များတယ်'

ဆရာဝန်စကားကြောင့် ကျွန်တော့်ရင်ထဲ အောင့်သွားသည်။

ကျွန်တော့်ကိုမြင်တော့ ဘသာအမေက ဖက်၍ငိုသည်။

'အထွန်းရယ်၊ ကျော့မေရယ် နင်တို့သူငယ်ချင်းကို ကြည့်ကြပါဦး'

ဘသာအမေ စကားသံကြောင့် ဘသာသည် မျက်လုံးကို စုံမှိတ်ထားရာမှ အသံတွေ ကြားလိုက်ရ၍ထင်၊ မျက်လုံးဖွင့်ကြည့်သည်။

ထိခိုက်ဒဏ်ရာတွေကို ကျိတ်မှိတ်ခံစားရင်း သူ့မျက်ဝန်းတွင် မျှော်လင့်ချက်တစ်ခုကို မြင်တွေ့လိုက်ရသည်။

ကျော့မေ ဘသာကုတင်ဘေးတွင် ထိုင်လျက် မျက်ရည်စီးကြောင်းများဖြင့် ငိုရှိုက်နေသည်။ ဘသာ၏ လက်ချောင်းကလေးများ လှုပ်ရှားနေသဖြင့် သူ့လက်ကလေးတွေကို ကျွန်တော် ဆုပ်ကိုင်ထားလိုက်သည်။

ကျော့မေကို စူးစိုက်ကြည့်နေ၏။ ဘသာ၏ မိဘများက အခိုက်အတန့် အခန်းအပြင်သို့ ထွက်သွားသည်။

'ငါ ကျော့မေကို စကားတစ်ခွန်းလောက် မေးချင်တယ်'

'မေးပါ ငါတို့တွေက သူငယ်ချင်းတွေပဲ'

'ငါ့အပေါ် ကျော့မေသဘောထား မပြောင်းနိုင်ဘူးလားဟင်။ ဖြေပါနော်။ အထွန်းရှေ့ဖြေရင် ပိုကောင်းတယ်'

အတော်ကို ကြိုးစားပြောလိုက်ရသော စကားလုံးများ။

ကျော့မေတစ်ယောက် ဘယ်လိုဖြေရမှန်းမသိ။

ဘသာအခြေအနေက စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ပြောင်းလဲသွားနိုင်သည်။ တစ်မိနစ်၊ တစ်စက္ကန့်ဟူသော အချိန်ကာလသည်ပင် ဘသာအတွက် အင်မတန်မှ အရေးပါလွန်းသည်။ သူ့ကို စိတ်ချမ်းသာမှု ပေးသည်ဖြစ်စေ၊ ကြေကွဲမှုတွေကို အပ်နှင်းသည်ဖြစ်စေ ဘသာကား မလွဲမသွေ လူကောင်းတစ်ယောက် ဖြစ်လာနိုင်စရာအကြောင်း မရှိတော့ပေ။ မတော်ရင် တွန်းလှည်းဖြင့် တစ်သက်လုံး နပန်းလုံးရတော့မည်။ သူ့ရဲ့ ဒုက္ခိတဖြစ်မယ့် ဘဝထဲ ကျော့မေကို ဆွဲခေါ်ရက်သလား။

လူသားတစ်ဦးသည် စက္ကန့်၏ ဆယ်ပုံတစ်ပုံမျှပင် အသက်ရှင်နေပါစေ၊ ထိုအချိန်ပိုင်းလေးအတွင်း သူ့အတ္တနောမဟိအတွက် မျှော်လင့်ပိုင်ခွင့်နှင့် တောင်းဆိုပိုင်ခွင့်တော့ ရှိသည်။

'ငါ ကျော့မေအချစ်ကို ရဖို့အတွက် စောင့်နေခဲ့ရတဲ့နှစ်တွေ နည်းသလား'

ဘသာစကားကြောင့် ကျော့မေ ကျွန်တော့်မျက်နှာကို လှမ်းကြည့်သည်။ ကျွန်တော် ထိုင်ရာက ထရပ်လိုက်ကာ ကစ္ဆပနဒီမြစ်ရေစီးကို ငေးကြည့်နေမိ

သည်။ ကျော့မေသည် ထိုင်ရာမှထကာ ဘသာ့မျက်နှာနှင့် နီးကပ်သွားသည်။ နောက် စကားတိုးတိုးလေးတစ်ခွန်း ပြောလိုက်ဟန်တူသည်။

ကျော့မေ ဘသာကို ဘာပြောလိုက်မှန်း ကျွန်တော်မသိ။

ဘသာ့မျက်လုံးသည် ကြယ်ကလေးတစ်ပွင့်လို လင်းလက်သွားပြီး တဖြည်းဖြည်း မျက်လုံးမှိတ်သွားသည်။

ကျွန်တော် လှမ်းကြည့်လိုက်တော့ ဘသာ၏ နှစ်လွှာထောင့်စွန်းတွင် အပြုံးပန်းလေးတစ်ပွင့် ခိုနားနေတာ တွေ့လိုက်ရသည်။

×××

ဆေးရုံအပြင်ဘက်သို့ ကျွန်တော် ထွက်လာခဲ့သည်။

မင်းကြီးကျောက်တန်းတစ်နေရာတွင် ထိုင်ပြီး ကစ္ဆပနဒီမြစ် ရေယာဉ်ကြောကို ငေးကြည့်နေမိသည်။


ဖျိုင်းငှက်တစ်သိုက် မြစ်ကိုဖြတ်၍ အိပ်တန်းတက်ရန် ပျံသန်းသွားကြသည်။ ဘသာအား ကျော့မေ ဘယ်လိုအဖြေပေးလိုက်မှန်း ကျွန်တော် မသိလိုပါ။

ကျွန်တော့်ရင်ထဲတွင် ကြည်နူးမှုများစွာဖြင့် ပျော်ရွှင်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။ မနက်ဖြန် လေယာဉ်လက်မှတ်ဝယ်ဖို့ ဆုံးဖြတ်လိုက်မိ၏။

ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေပါပြီ။

❑

ကစ္ဆပမဂ္ဂဇင်း
၁၉၉၉ ခုနှစ်



မိုးပြည
ကျန်းမာရေး



မိုးက ဖြိမ့်ဖြိမ့်သဲ ရွာနေသည်။

လင်းကနဲ လက်ကနဲဖြင့် လျှပ်က လင်းလက်သေးသည်။ တဂျိန်းဂျိန်းနှင့် ကြိုးလိုက်သည့် မိုးကြိုး၊ အမြောက်ကြီးပစ်သလို ဟိန်းထနေသည်။ လေပြင်းက ဝူးကနဲ ရှဲကနဲ၊ အမှောင်ထုကလည်း ပိန်းပိန်းမှောင်နေရှာသည်။ လေပြင်းသံက ကြောက်စရာလန့်စရာ၊ အသည်းငယ်သူတို့ တုန်လှုပ်ချောက်ချား သွားနိုင်သည်။

ပင်လယ်အူသံ၊ ကစ္စပနဒီမြစ်မင်း၏ လှိုင်းပုတ်ခတ်သံများ။

အမှန်က အခါလွန်မိုးရယ်ပါ။ မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်မိုးရွာသွန်းနေခြင်းပင် ဖြစ်သည်။ အမှန်ဆို မိုးဦးနှင့် မိုးနှောင်းတွင် မုန်တိုင်းဝင်မွှေခြင်းပင် ဖြစ်သည်။

ကျွန်မတစ်ကိုယ်လုံး အေးစက်နေသဖြင့် အနွေးထည်ခပ်ထူထူ နှစ်ထပ်,ထပ်၍ ဝတ်ထားရသည်။ အဝတ်မကပ်သော ခြေဖျား၊ လက်ဖျားများက အေးစက်နေဆဲ။ ကော်ဖီပူပူလေးတစ်ခွက်ကို မှုတ်သောက်ရင်း ဝတ္ထုတစ်အုပ်ဖြင့် ငြိမ့်နေမိသည်။ မြင်ကွင်းထဲတွင် တာဝန်ကျ သူနာပြုတစ်ချို့ ပျာယာခတ်နေ၏။ လျှပ်စစ်မီးသီးက မှိန်မှိန်တုတ်တုတ်သာ လင်းသည်။ လူနာများ၏ ညည်းညူသံများက ဒေဝါမင်းကို အံမတုနိုင်ခဲ့ကြ။ တအိအိဖြင့် ရွာချနေသော မိုးရေများက ရခိုင်စည်တီးသံအလား။

ဗြုန်းကနဲ၊ ဗြုန်းကနဲ. . .

ရခိုင်ဒေသက မိုးရေချိန်များသည်။ ရွာပြီဆိုလျှင်လည်း မာရသွန်အပြေးသမားနှယ် တစ်ပတ်ဆယ်ရက် မတိတ်တမ်း ရွာတတ်သည်။ မုန်တိုင်းကြီးငယ်ကလည်း ဟောတစ်လုံး ဟောတစ်လုံးနှင့်။ မထိတ်သာ မလန့်သာ ဖြတ်သန်းနေကျ။ ခုလည်း မုန်တိုင်းကြောင့် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းပင် ဖြစ်သည်။

သားဖွားဆောင်အတွင်း မီးယပ်သားဖွား အထူးကုဆရာဝန်နှင့် သူနာပြု သားဖွားဆရာမတို့ တိုးတိုးတိတ်တိတ်ဖြင့် အလုပ်ရှုပ်နေကြသည်။

ကျွန်မက ကလေးအထူးကု ဆရာဝန်ဖြစ်သည်။ သားဖွားဆောင်တွင် တာဝန်မရှိသော်လည်း သူငယ်ချင်း မသက်မွန်ကို ကူညီရန် ရောက်နေခြင်းပင် ဖြစ်သည်။ မတည်မငြိမ်ကာလမို့ အိမ်တွင်တစ်ယောက်တည်း မနေရဲခြင်းကြောင့်လည်းပါသည်။ သည်မြို့ကို စွန့်ခွာထွက်သွားရန် အချိန်ရခဲ့သော်လည်း ကျွန်မတို့ တစ်တွေ ဆေးရုံသံယောဇဉ်ကြောင့် ပေကပ်နေခဲ့ကြသည်။

မိုးအေးညများတွင် ကွေးနေအောင် အိပ်တတ်သော ကျွန်မအဖို့ သည် တစ်ညတော့ဖြင့် မိုးစင်စင်လင်းပေတော့မည်။ ရေနွေးပူပူလေးဖြင့် လက်ဖက် သုပ်လေး စားလိုက်ရရင်ဖြင့် သန်းဝေနေသောမျက်လုံး ကြည်သွားနိုင်သည်။

မွေးကုတင်ပေါ်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်တစ်ဦး အော်ရင်း ဟစ်ရင်း ရှုန်းရင်း၊ ကန်ရင်း အံ့ကြိတ်ညှစ်နေရှာသည်။ နာကျင်မှုက ပြင်းထန် လွန်းသည်မှန်းတော့ သိသည်။ ကုတင် ဘေးတစ်ဖက်တစ်ချက်ကနေ ဆရာဝန် နှင့် သူနာပြုများ ဝိုင်းရံအားပေးသံများ အတိုင်းသား ကြားနေရသည်။

မွေးဖွားခြင်းသည် အိမ်ထောင်ရှင် အမျိုးသမီးတို့ ကြုံတွေ့ရနိုင်သော ဓမ္မတာတရားတစ်ခုပင် ဖြစ်သော်လည်း သေမင်းကို အံတုဖက်ပြိုင် ရတတ်ပါ သည်။ အကြောင်းအရာများစွာနှင့် အသက်ရှုမှားတတ်သည်။ ကျွန်မအသက် ၃၂ နှစ်ပြည့်ခဲ့ပြီး ဖြစ်သော်လည်း အိမ်ထောင်ပြုရန် စိတ်ကူးထဲထည့်သွင်း၍ မရသေး။ ကျွန်မ သည်တစ်သက် အပျိုကြီးပဲ ဖြစ်မည်ထင်သည်။ ကျွန်မဂုဏ်၊ ကျွန်မအလှတရားနှင့်ဆိုလျှင် ယောကျ်ားတစ်ဦးကို ခေါင်းခေါက်ယူနိုင်သော် လည်း ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရမည်ထင်သည်။

ခွဲစိပ်မွေးဖွားပေးလိုက်လျှင် ကောင်းလေမလား။ မွေးလူနာ အမျိုးသမီး ၏ အခြေအနေက စိုးရိမ်စရာ ဖြစ်နေပြီ။ အင်းအားက ကုန်ခမ်းလုနီးနီး၊ ဆေးရုံ တွင် ဆေးဝါးများ ပြတ်လတ်နေ၏။ ဆေးရုံဝန်ထမ်း များစွာတို့ လုပ်ငန်းခွင် ဝင်ရောက်ရန် ပျက်ကွက်နေဆဲ၊ ညွှန်ကြားချက်များလည်း တစ်ခုပြီးတစ်ခု၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ညတိုင်းကြားနေရသည်။

စနစ်ဟောင်းတစ်ခု တစ်စစီ ပြိုကွဲသွားခဲ့ပြီ။

"ညှစ်. . . အားတင်းထား၊ အားထည့်ညှစ်. . . ဟုတ်ပြီ"

လူနာက အားတင်းညှစ်သည်။ သည်တစ်ကြိမ် သဘာဝအတိုင်းသာ ကြိုးစား၍ မရခဲ့လျှင် ခွဲစိတ်ခန်းသွင်းပြီး ခွဲစိတ်မွေးဖွားဖို့ ဒေါက်တာမသက်မွန် ဆုံးဖြတ်ထားသည်။ "အား"ကနဲ သံကုန်အော်ဟစ်သံနှင့်အတူ "အူဝဲ. . အူဝဲ"နှင့် ကလေးငိုသံက လောကကြီးကို နှုတ်ခွန်းဆက်လိုက်သည်။ "ဟာ. . . မွေးပြီ"၊ အားလုံးသော မျက်ဝန်းများ လင်းလက်သွား၏။ ကြည်နူးစိတ်၊ ပီတိစိတ်တို့ ဝေသွားကြသည်။ တဂျိန်းဂျိန်းနှင့် သတ္တလောကကြီးအား မထီမဲ့မြင် လက် ဖြောက်တီးနေသော မိုးမင်းကြီး၏ မိုးကြိုးသံများ၊ ကလေးငိုသံကြောင့် ကြောက် လန့်တကြား ရပ်တန့်သွား၏။ ဒေါက်တာမသက်မွန် ထခုန်မတတ် အပျော်ကြီး ပျော်သွားသည်။

မွေးလာသောကလေးကို သန့်စင်မှုမပြီးမီ ၅ မိနစ်ခန့်သာ ကြာမည် ထင်သည်။ "အူဝဲ. . . အူဝဲ"နှင့် နောက်တစ်ယောက်၊ နောက် ၅ မိနစ်အကြာ "အူဝဲ"သံဖြင့် ဟောတစ်ယောက်၊ ဒေါက်တာမသက်မွန် ပါးစပ်အဟောင်းသား နှင့် မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်သွား၏။ မေခလာ၏" ဂိုးသွင်းကောင်းတဲ့ကိုကို" သီချင်းကိုပင် ညည်းဆိုလိုက်သေးသည်။

သုံးမွှာပူးလေး၊ ခုမှ ဒေါက်တာမသက်မွန် "ဟင်း"ချနိုင်ပြီ။ ထင်ထား သလောက် အခက်မတွေ့။ မွေးဖွားခြင်းက လွယ်ကူသည်ဟု ဆိုနိုင်သည်။ အင်အားအလွန်အမင်း စိုက်ထုတ်ရ၍ အားပြတ်လုလုဖြစ်နေသော ကလေးတို့၏ အမေက ခြေကုန်လက်ပန်းဖြင့် နွမ်းဖတ်နေသည်။ မျက်လုံးကို မှိတ်ထားသည်။ အသက်ကို ဖြည်းဖြည်းမှန်မှန် ရှူရှိုက်ရင်း အမောဖြေနေဟန်တူသည်။ မျက်လုံး မှိတ်ထားသော်ငြား နှုတ်ခမ်းလေးများတွင် အပြုံးများဝေနေသည်။ အေးမြသော မိခင်မေတ္တာ။

သည်ကလေးမ ဆေးရုံပေါ် ရောက်၍ ဗိုက်ပေါ် လက်တင် စမ်းမိ ကတည်းက အမွှာပူးမှန်း သိခဲ့ရသည်။ လူနာက အာဟာရချို့တဲ့ကာ သွေးအား နည်းနေ၏။ ဒေသအစွဲအလမ်းဖြင့် အစာရှောင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ မတော်တဆ အခက်အခဲကြုံလျှင် ဗိုက်ဖွင့် မွေးဖွားပေးလိုက်မည်ဟု ဆုံးဖြတ်ထား ခဲ့သည်။ သည်အတွက်လည်း ကလေးအထူးကုနှင့် ခွဲစိတ်ဆရာဝန်တို့အား ဒေါက်တာမသက်မွန်မှ အကူအညီခေါ် ထားသည်။

စစ်တွေပြည်သူ့ဆေးရုံကြီးသည် ပြည်နယ်ဆေးရုံကြီးဟု ဆိုပင်ဆိုသော် ငြားလည်း လူနာများအတွက် လိုအပ်ချက်များစွာ ရှိနေသည်။ အောက်ဆီဂျင် ရှားသည်။ သွေးလိုအပ်လျှင် သွေးသန့်စင်မှု အားနည်းသည်။ ရောဂါရှာဖွေရေး ပစ္စည်းများက မပြည့်မစုံ။

တိုင်းပြည်က မငြိမ်မသက်။ စနစ်အပြောင်းအလဲတွင် အထောက်အပံ့ အားလုံးရပ်တန့်နေသည်။ ညမထွက်ရအမိန့်ကြောင့် ပင်လယ်ဆိပ်ကမ်း စစ်တွေ မြို့သည် တိတ်ဆိတ်ငြိမ်သက်နေ၏။ စိုးရိမ်စိတ်၊ ပူပန်စိတ် ဖြစ်ခဲ့သော်လည်း အခုတော့လည်း အဆင်ပြေစွာ မွေးဖွားနိုင်ခဲ့ပါပြီ။ အစက နှစ်မွှာပူးဟု ထင်ထား သမျှ တကယ်မွေးဖွားချိန် သုံးမွှာပူးကြီး ဖြစ်နေသည်။ မင်္ဂလာရှိလိုက်တာ။ အတိတ်နမိတ် ကောင်းလိုက်တာ။ သူနာပြု ဆရာမများက ချဲထီကို ၃ အပါ ထိုးမည်ဟုပင် တိုးတိုးလေး ပြောနေကြသည်။

နှလုံးခုန်နှုန်း၊ သွေးတိုးနှုန်း သွင်ပြင်လက္ခဏာများကို စစ်ဆေးပြီး

ဒေါက်တာမသက်မွန် နှာခေါင်းစည်းနှင့် လက်အိတ်ကိုချွတ်၍ မွေးခန်းထဲက ထွက်လာခဲ့သည်။ သူနာပြုနှင့် သွားဖွားဆရာမများက ကလေးငယ်များအား နွေးနွေးထွေးထွေးဖြစ်အောင် ပြုစုသန့်စင်ရင်း ကျန်ရစ်ခဲ့ကြသည်။ မွေးလူနာ အား လူနာဆောင်သို့ ပြောင်းရွှေ့ပေးရဦးမည်။

အမွှာပူးလေးများအတွက် မိခင်နို့ ပြည့်ပြည့်ဝဝများ ရပါ့မလား။ မသက်မွန် အနည်းငယ် စိတ်ပူနေသည်။ ကလေးဆောင်တွင် နို့မှုန့်ဗူးလေး တစ်ဗူးလောက်တော့ ရကောင်းပါရဲ့။

"နွေးရယ်. . . ကိုယ်ဂိုးဖမ်းတာ သုံးဂိုးတောင်ဟ။ ကိုယ်တာဝန်ကျေ ပြီ သူငယ်ချင်း၊ ကလေးတွေ ပြုစုစောင့်ရှောက်ဖို့က နွေးတာဝန်ပဲ။ တစ်သွေးတစ် မွေးပဲဟ၊ သုံးမွှာပူးဟေ့။ ငါ့အိုဂျီ သက်တမ်းတစ်လျှောက် ဒါပထဆုံး အတွေ့ အကြုံပဲ။ လွယ်လိုက်တာ။ ပြုံးကနဲ ပြုံးကနဲပဲ၊ သူ့လိုဆိုတော့ ငါတောင်မွေးချင် လာပြီ။ ဟီး. . . ဟီး"

"လင်လိုချင်ပြီလို့ ပြောပါသက်မွန်ရယ်။ ကိုအောင်ဝင်းကို တောင်ကြီး ကနေ စစ်တွေကို ပြောင်းခိုင်းလိုက်လေ။ ပြီးရင် မွေးကြပေ့ါဟာ"

"မွေးမယ်. . . မွေးဖြစ်အောင်မွေးမယ်။ သူ့ထက်သာအောင် လေးမွှာ ပူး၊ ငါးမွှာပူး မွေးပစ်မယ်"

ကျွန်မက သက်မွန်ကို စ,နောက်လိုက်ခြင်း ဖြစ်သည်။ စပ်ဖြဲဖြဲ လျှာ ထုတ်ပြပြီး အသံပြကြီးဖြင့် အော်ပြောသွားသေးသည်။ ငါမအောင့်နိုင်တော့ဘူး။ ရှူရှူးပေါက်ချင်သည်ဆိုပဲ။ ရေအိမ်သို့ အတင်းပြေးသည်။ ကျွန်မထိုင်နေရာမှ ထကာ မွေးလူနာဆောင်သို့ လျှောက်လာခဲ့သည်။ ဆေးရုံရနံ့လေး မွှေးကြိုင်နေ ၏။ အသစ်ချွတ်ချွတ်လူသား အငယ်စားလေးများက ကျွန်မ၏ ပြုစုကုသမှုကို ခံယူရန် အသင့်စောင့်ကြိုနေကြသည်။ သူတို့ကို ကျွန်မ စမ်းသပ်စစ်ဆေးမိ သည်။ ကလေးများ ကျန်းမာသန်စွမ်းကြ၏။ မိုးပြိုညကို အန်တုမွေးဖွားခဲ့ကြ သူများ။ တစ်ဦးချင်းကို အသေးစိတ် စစ်ဆေးကြည့်သည်။ အဓိကပြဿနာက မိခင်နို့ရည်ပင် ဖြစ်သည်။ လောလောလတ်လတ် ဝေငှစို့နေကြရသည်။ ကလေး သုံးယောက်ကို မိခင်တစ်ဦးတည်းက အပြည့်အဝ တိုက်ကျွေးဖို့ခက်သည်။ မိခင် ၏ ကျန်းမာရေးကို ငဲ့ရအုံးမည်။ ကလေးဆိုတာ ဗိုက်ဆာလျှင် အသံပြဖြင့် ငိုမည်သာ။ ကလေးဆောင်တွင်း အာဟာရချို့တဲ့ ကလေးများအတွက် အရံထား ရှိသည့် နို့မှုန့်ဗူး သုံးလေးဗူးအား သူနာပြုဆရာမ တစ်ဦးအား ကျွန်မသွားယူ ခိုင်းလိုက်သည်။

လူနာအမျိုးသမီးက အသက် ၂၀ ကျော်ရုံသာ ရှိသေးသည်။ မူလတန်းကျောင်းဆရာမဖြစ်သည်။ မြို့သူတော့ ဖြစ်ဟန်မတူ။ အပြင်အဆင် အမူအရာကြည့်ခြင်းအားဖြင့် ကျေးလက်သူတစ်ဦးမှန်း ခန့်မှန်းမိသည်။ ဆင်းရဲနွမ်းပါးပုံလည်း ရသည်။

ရုပ်လက္ခဏာ သန့်သည်၊ ကိုယ်ဟန်အနေအထားက တောင့်တင်းပြီး ကြံ့ခိုင်သည်။ ကျွန်မ သက်ပြင်းသဲ့သဲ့ကို ခိုးရှိုက်ချမိသွားသည်။ သတ္တဝါတစ်ခု၊ ကံတစ်ခုပါပဲလေ။ ခွဲစိတ်ဆရာဝန်ကြီးက ခွဲစိတ်ဖို့ မလိုအပ်၍ အိမ်ပြန်ရန် ကျွန်မအား လာရောက်နှုတ်ဆက်သည်။ ကလေးငယ်များကို စောင့်ငဲ့ကြည့်ရင်း စေတနာ ရေစီးကမ်းပြို သွားဟန်တူသည်။ သူ့အိပ်ကပ်အတွင်း ပါလာသော ငွေစက္ကူအားလုံးကို ပေးကမ်းလှူဒါန်းသွားသည်။ သူ့ကလေးနှင့် မိန်းမကို လွမ်းသည်ထင်ပ့ါ။ သူ့ကလေးနှင့် ဇနီးက ရန်ကုန်တွင်နေသည်။ စစ်တွေဆေးရုံကြီးတွင် ပြည်မက လာရောက်အမှုထမ်းဆောင်သော ဆရာဝန်က အများစုဖြစ်သည်။ မိုးလင်းလျှင် မိခင်အတွက် အဝတ်အစားတချို့နှင့် ကလေးငယ်များအတွက် အသုံးအဆောင်အချို့ ဝယ်ပေးရန် စိတ်ကူးထားမိသည်။

ကလေးများအတွက် အရေးကြီးဆုံးက အနွေးထည်နှင့် နို့မှုန့်ဘူးဖြစ်သည်။ နို့စို့လိုက် ရှူရှူးပေါက်လိုက်နှင့် လုပ်ကြဦးမည်။ ခုတောင်ပါလာသော အနွေးထည်များ ကုန်လုနီးပြီ။

"တို့အရေး. . ."၊ "အာဏာရှင်စနစ် ပြိုကွဲပါစေ"၊ "တစ်ပါတီစနစ် ကျဆုံးပါစေ"ဟု အားကုန်အော်ဟစ် ပဲ့တင်ရိုက်ခတ်သံများ၊ သမဂ္ဂပေါင်းစုံနှင့် လှည့်လည်စီတန်း အော်ဟစ်သံများ နေရာတိုင်း မင်းမူခဲ့သမျှ ပင်လယ်ဆိပ်ကမ်း ကျွန်းမြို့လေးသည် ယခုတော့လည်း ဘာမျှမဖြစ်ခဲ့သည့်နှယ်။ တိတ်ဆိတ်ငြိမ်ချက်သား ကောင်းနေပေသည်။ ကျောင်းသားများ၊ ပြည်သူများ၊ ဝန်ထမ်းများ၏ အရေးက တွေးပူစရာ။ တောင်တွေးမြောက်တွေး ကျွန်မတွေးဖြစ်သွားသည်။

မိုးပြိုညကို အံတုခဲ့ကြသူများ၊ နှလုံးခုန်သံ စည်းချက်မှန်သည်။ ကလေးများက ချစ်စရာကောင်းလွန်းသည်။ ကျွန်မ ကလေးများ၏ ပါးနုနုကလေးများကို ပွတ်သပ်ကြည့်မိ၏။ ရုပ်လက္ခဏာက ဆင်တူရိုးမှားတွေ။ ယောကျ်ားကလေး တစ်ဦးများ ပါလိုက်ရင် ကောင်းမည်ဟု ကျွန်မစိတ်ကူးမိသေးသည်။ သူတို့တွေက အပူအပင်မဲ့စွာ အိပ်စက်နေရှာသည်။ မိခင်အား အားဆေးပါသော ဒရစ်ချိတ်ထားပေးသည်။ သူ့ခမျာ မောပန်းနေရှာရောပေ့ါ။ အရွယ်က စစ်ကိုင်းက ကျွန်မ ညီမငယ်အရွယ်။ သနားစိတ်ဖြင့် ငဲ့ကြည့်မိသည်။

ကော်ဖီခါးခါးလေးတစ်ခွက် ကိုယ်တိုင်ဖျော်၍ ပေါင်မုန့်တချို့နှင့် ကလေးတို့အမေအား ကျွေးဖြစ်သည်။ မိခင်သည် သမီးငယ်များအား အပြုံးများ ဝေလျက် ငဲ့စောင်းကြည့်နေရှာသည်။ ရွှန်းလဲ့တောက်ပလိုက်တာ။ ကင်မရာများ ရှိခဲ့လျှင် သည်မြင်ကွင်းကို ကျွန်မ ဓာတ်ပုံရိုက်ထားချင်လိုက်တာ။ အေးမြသော မိခင်တစ်ဦး၏ နွမ်းလျလျ အပြုံးကိုပါ။ သည်မြင်ကွင်းမျိုး မြင်ရခဲသည်။ တကယ်ဆို အလွန်လှပတဲ့ ပန်းချီကားတစ်ချပ်ရယ်ပါ။ အဘယ်ပန်းချီကျော် ရေးနိုင်ပါအံ့. . .။

■
**ဖခင်တစ်ယောက်၏ အားမာန်သတ္တိကို ငါပြရတော့မှ ငါ့သမီးလေးတွေ လူမွေးပြောင်းစေရမယ်။ ငါနွားလိုရုန်းပြီး ရှာဖွေကျွေးမွေးမယ်။**
■

ကလေးတို့အဖေက အပြင်ဘက်တွင် မချိုမချဉ် စူတေးတေး မျက်နှာပေးဖြင့် ဆေးရုံ ဝရန်တာအတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရှာသည်။ ကလေးများ မွေးဖွားသွားပြီဖြစ်ကြောင်း၊ ကလေးများ နှင့် မိခင်ကျန်းမာကြောင်း ဆရာမ တစ်ဦး လာပြောသွားကတည်းက သူရင်ခုန်သံ မြန်နေသည်။ ခြေတုန်လက်တုန်ဖြင့် မီးမကူးသေးသော ဆေးပေါ့လိပ်ကို အံခဲ၍ ရှိုက်ဖွာနေသေးသည်။ ရင်ထဲတွင် အပျော်များဖြင့် နွေးနေ၏။ သူ့အမျိုးသမီး၊ သူ့ကလေးတွေ၏ အနာဂတ်ကို တွေးလိုက်မိတိုင်း တစ်ကိုယ်လုံး ကုလားဘုရားလှည့်ဖြစ်သွားသလို ခံစားနေရသည်။ ဝမ်းသာသလိုလို၊ ဝမ်းနည်းနေသလိုလို တစ်ကိုယ်လုံး မြောက်ကြွကြွနှင့် ဂနာမငြိမ် ဖြစ်နေမိသည်။

တစ်ကြိမ်မွေး ကလေးသုံးယောက်၏ဖခင် ဖြစ်ခဲ့ရပြီ။ သူလိုလူ ဒီလောက တစ်ခွင် ရှိပါရဲ့လား၊ ရှိတော့ရှိသည် ရှားသည်။ သည်အတိုင်း သုံးကြိမ်သုံးခါများ မွေးမိရင်ဖြင့် ကိစ္စပြတ်ပြီ။ "ဘုရား၊ ဘုရား" ရှားပါးသည့် ခေတ်ပျက်ကြီးထဲမှာ လူမွေးတောင် ပြောင်ပဲ့မလား။ သည်ကလေးသုံးယောက်ကို ဗိုက်ဝအောင် ဘယ်လိုကျွေးရပ။ နို့မှုန့်ချည်း ဝယ်တိုက်ရရင်ဖြင့် မလွယ်ဘူး၊ မောပြီ။ ဆိတ်၊ နွားလေး တစ်ကောင်လောက်တော့ မွေးရတော့မှာပေါ့။ သီးနှံစိုက်၊ သီးနှံရှုံး၊ စပါးစိုက် စပါးရှုံး၊ အကြွေးပင်လယ် ဝိုင်းနေချိန်၊ အိပ်ပေါင်ယာပေါင် ဒုက္ခရောက်နေချိန် တွေးမိရင် မောဟိုက်လာခဲ့သည်။

စိတ်ဓာတ်ကျစရာလား၊ ဖခင်တစ်ယောက်၏ အားမာန်သတ္တိကို ငါပြရတော့မှာပေါ့။ ငါ့သမီးလေးတွေ လူမွေးပြောင်စေရမယ်။ ငါနွားလိုရုန်းပြီး ရှာဖွေကျွေးမွေးမယ်။ ကိုဘသာ စိတ်ထဲကနေ ကျုံးဝါးဖြစ်သည်။

သမီးလေးသုံးယောက်က ကိုဘသာ ဇနီးမောင်နှံအတွက် ကံကောင်းခြင်းလက်ဆောင် ဖြစ်မှာပါ။ သူတို့လင်မယား စစ်တွေမြို့ တစ်ဖက်ကမ်းက မြေငူကျွန်းတွင် နေသည်။ ဘွဲ့လေးတစ်ခုစီ ရထားကြသည်။ မုန်တိုင်းမဝင်လေပြင်းမတိုက်ခတ်မီ မြစ်ကိုဖြတ်၍ ဆေးရုံသို့ ခက်ခက်ခဲခဲ လာခဲ့ရသည်။

အရပ်ထဲက အရံသားဖွား ဆရာမလေးကို ကျေးဇူးတင်မိ၏။ သူသာ ဆေးရုံသို့ အတင်းမလွှတ်ခဲ့လျှင် ရွာတွင် သည်လိုမွေးဖွားခြင်းမျိုးနှင့်ဆို ဒုက္ခရောက်နိုင်သည်။ မယ်မင်းကြီးမ ကျန်းမာချမ်းသာပါစေ၊ ချမ်းသာပါစေ။ ကိုဘသာ အကြိမ်ကြိမ် ဆုတောင်းမေတ္တာပို့ဖြစ်သည်။

"ကဲ. . . ကိုဘသာ၊ ရှင့်ကလေးတွေနဲ့ အမျိုးသမီးကို တွေ့လို့ရပြီ"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမကြီး"

ကိုဘသာ ခြေလှမ်းသွက်သွက်ဖြင့် အခန်းထဲ တိုးဝင်ခဲ့သည်။ သီးခြားကုတင်တစ်လုံးပေါ် စီတန်းအိပ်နေကြသော သမီးလေးများ၊ ဝင်းဝင်းပပ မျက်နှာကလေးတွေ မြင်လိုက်ရ၍ သူ့ရင်ထဲ ပျော်ရွှင်မှုများ စီးမျောသွားသည်။ ကလေးတစ်ဦးချင်းကို တစ်ပွေ့တစ်ပိုက် ချီထွေးထားလိုက်ချင်သည်။ အိပ်နေရာ နိုးသွားကြမှာ စိုးရိမ်၍ သူ့ဆန္ဒကို ရင်ထဲတွင် သိမ်းဆည်းထားလိုက်ရသည်။ အသည်းယားစွာ ကလေးပါးကလေးတွေကို လိမ်ဆွဲဟန်ပြုသည်။

ကလေးတို့ ကုတင်အကြားနှင့် အေးနုကုတင်နှစ်ခုကြား ခုံအလွတ်ကလေးပေါ် ထိုင်လျက် ကိုဘသာတစ်ယောက် အေးနု၏ လက်ကလေးကို ဆုပ်ကိုင်လိုက်၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော အေးနုမျက်ဝန်းကို ချစ်ရည်ရွှမ်းသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေရှာသည်။

အေးနု၏ နဖူးပြင်တွင် ချွေးကလေးများ သီးနေ၏။

သဘာဝပတ်ဝန်းကျင်က မိုးဒဏ်၊ လေဒဏ်ကြောင့် အေးစိမ့်နေပြားအေးနုတစ်ကိုယ်လုံး ချွေးကလေးတစ်စို့စို့ ဖြစ်နေခြင်းမှာ မွေးဖွားစဉ် မည်မျှပင်ပင်ပန်းခဲ့ကြောင်း သက်သေခံနေသည်။ အေးနုမျက်ဝန်းလေးက ကိုဘသာအတွက် အလှဆုံးဖြစ်နေလိမ့်မည်။

သမီးလေးတွေ လှည့်ကြည့်လိုက်၊ အေးနုမျက်ဝန်းကို တစ်လှည့်ကြည့်လိုက်နှင့် ကြီးမြတ်သော ဖခင်မေတ္တာကို ခပ်ဝေးဝေးကနေ ကျွန်မလှမ်းမြင်နေ

ရသည်။ ကလေးများ၏ မျက်နှာလေးတွေက ကျွန်မစိတ်ကို ညှို့ငင်ဖမ်းစားထားသည်။ ကျွန်မအိပ်ချင်စိတ် လုံးဝပျောက်ဆုံးနေ၏။

မိုးစင်စင် လင်းလုပြီ။ အသံဗလံများ ကြားရ၏။ ငှက်ကလေးများ အော်ဟစ်တေးဆိုသံများ ဖြစ်သည်။ နံရံပေါ် ကနာရီက ငါးနာရီထိုးလုပြီ။ စိတ်ထဲတွင် စစ်ကိုင်းက အဖေနှင့်အမေတို့ကို သတိရမိသည်။ သည်အချိန်ဆို ဆွမ်းထချက်ပြီး ဆွမ်းလောင်းရန် ပြင်ဆင်နေလောက်ပြီ။ မိဘနှစ်ပါး၏ မေတ္တာတရားကို ကျွန်မနားလည်သွားသည်။ အမေသည် အငြိမ်းစား အရာထမ်းတစ်ဦး ဖြစ်၏။ ကျွန်မတို့ မောင်နှမသုံးယောက် ခေတ်ပညာ သင်ကြားခွင့်ရအောင် အတော်ကို ကြိုးစားရုန်းကန်ခဲ့ရသည်။

မွေးလူနာ လင်မယားက တောင်သူတွေဖြစ်ပေမယ့် ဘွဲ့ရပညာတတ်တွေ။ သူတို့လေးတွေ ဒီကလေးသုံးဦးဖြင့် အဘယ်သို့ စခန်းသွားကြမှာပါလိမ့်။ စိုးရိမ်စိတ်၊ စာနာစိတ်များဖြင့် ကျွန်မပူပင်နေမိသည်။ ၆ နာရီထိုးချိန်ကျမှ တခေါခေါနှင့် အိပ်ပျော်နေသော မသက်မွန်အား အတင်းနိုးကာ ဆိုင်ကယ်ကိုယ်စီဖြင့် အိမ်ပြန်ခဲ့ကြသည်။

မုန်တိုင်းက ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ ဝင်သွားသည်တဲ့။ မုန်တိုင်းကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းအေးတော့မည်။ မိုးလင်းလင်းချင်းပင် "သုံးမွှာပူး"တဲ့ပော့။ ဆေးရုံဝင်းအတွင်းရှိ လူနာဆောင်အသီးသီးသို့ ပျံ့နှံ့စကား လှိုင်သွားသည်။ ယင်းမှတစ်ဆင့် စစ်တွေတစ်မြို့လုံး ဟိုးလေးတစ်ကျော် ဖြစ်သွားခဲ့သည်။ မြန်မာတစ်ပြည်လုံး စစ်တပ်မှ အာဏာသိမ်းပြီးစကာလ ဟိုလူကတော့ပြေးပြီ၊ သည်လူကိုတော့ ဖမ်းလိုက်ပြီ။ သပိတ်စခန်းများ ပြိုကွဲသွားမှု၊ ဒဏ်ရာရမှုနှင့် အသေအပျောက်၊ ကျောင်းသားများ အစုလိုက်၊ အသုတ်လိုက် တစ်ဖက်နိုင်ငံများသို့ တိမ်းရှောင်သွားကြသည်တဲ့။ ပစ်ခတ်ရှင်းလင်းမှုကြောင့် ဒဏ်ရာရသူ၊ သေဆုံးသူတို့လည်း ရှိသည်။

နေ့စဉ်လိုလို ကြားနေကျ မတည်မငြိမ် စကားသံများ။ ယင်း. . . ယင်းတို့ကိုကျော်၍ "သုံးမွှာပူး"မွေးသတဲ့ မင်္ဂလာ၊ ထိုစကားက စစ်တွေမြို့သူ၊ မြို့သားများအတွက် လူတိုင်းပါးစပ်ဖျားသို့ မပို့ဆောင်ဘဲ ရောက်ရှိသွားသည်။

ဂုဏ်သရေရှိစကား၊ ကျက်သရေရှိစကား. . .

ဒေါက်တာမသက်မွန်နှင့် ဆေးပညာရှင် အဖွဲ့သည်လည်း မထင်မှတ်ပဲ နာမည်ကြီးသွားခဲ့သည်။ လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ လာရောက်

ကြည့်ရှုအားပေးပြီး စားစရာ၊ ဝတ်စရာ၊ နို့မှုန့်နှင့် ငွေကြေးများစွာ လှူဒါန်းကြသည်။

သည်အဖြစ်အပျက်ကလေးက ကျွန်မအတွက် ဘဝတွင် မေ့မရနိုင်သော အကြောင်းရင်းတစ်ခုပါ။ မှတ်မှတ်ထင်ထင် ရှိခဲ့သလို၊ သည်သုံးမွှာပူးကလေးများနှင့် အတွင်းကျကျ ရင်းနှီးပတ်သက်လာမည်ဟု ကျွန်မ မမျှော်လင့်ခဲ့မိတာက အမှန်ပင်ဖြစ်သည်။ လူ့ဘဝဟူသည် မျှော်လင့်မထားဘဲ ဖြစ်လာတတ်ကြသည်ပဲ မဟုတ်လား။

သံယောဇဉ် ငြိတွယ်မှုကို ကျွန်မလက်မခံချင်ဘဲ လက်ခံခဲ့ရသည်။

×××

"လက်ငင်းအခြေအနေမှာ ကျွန်တော်တို့ ကလေးသုံးယောက်ကို ဘယ်လိုမှ ပြည့်ပြည့်ဝဝ ကျွေးမွေးစောင့်ရှောက်မှု လုပ်နိုင်မှာ မဟုတ်ပါဘူး။ တိုင်းပြည်ကြီးက ပျက်နေတယ်။ ကျွန်တော်တို့ ရင်ခွင်ထဲမှာနေရင် သူတို့ကလေးတွေ သေချာပေါက် ဆင်းရဲတွင်း နက်ကြမယ်။ စားရမဲ့၊ သောက်ရမဲ့ အဖြစ်မျိုးနဲ့ ကြုံချင်လည်း ကြုံရမယ်။ ပညာတတ်တွေ ဖြစ်ချင်မှလည်းဖြစ်မယ်။ ဒေါက်တာကြီးတို့နှစ်ဦးက ကလေးတစ်ဦးစီကို သားရင်း၊ သမီးရင်းလို တာဝန်ယူ မွေးစားပေးကြမယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့ ငြင်းချင်ပေမယ့် ကလေးတွေ ရှေ့ရေးကို တွေးမိရင် အတိုင်းမသိ ဝမ်းသာမိတာ အမှန်ပါပဲ။ ကံကောင်းကြတယ်လို့ပဲ သတ်မှတ်ရမလား။ သူတို့နှစ်ယောက် ကောင်းကောင်းမွန်မွန် ရှင်သန်ကြီးပြင်းကြမယ်။ ဒီအတွက် ကြည်နူးဝမ်းသာရတာ အမှန်ပါပဲ။ ဒါပေမဲ့ ဆရာမကြီးတို့ရယ် ကိုယ့်သွေး၊ ကိုယ့်သား၊ ကိုယ့်ရဲ့ရင်သွေးလေးတွေကို ပေးလိုက်ရမှာဆိုတော့လေ၊ ဟီး. . . ဟီး"

ကိုဘသာတစ်ယောက် ဝမ်းနည်းသံဖြင့် ပလုံးပထွေး ဖြစ်နေရှာသည်။ ယောကျ်ားတန်မဲ့ အံကြိတ်ပြီး ရှိုက်ငိုသည်ကို တွေ့ရမြင်ရသူတိုင်း မျက်ရည်ဝိုင်းကြသည်။ သူနာပြုတစ်ချို့ မျက်ရည်စမ်းစမ်း ဖြစ်နေ၏။ မသက်မွန်၏ စေ့ဆော်မှုကြောင့် ကလေးတစ်ယောက် မွေးစားရန် ဆုံးဖြတ်မိခြင်းသည်ပင် ကျွန်မအမှားပဲလား။ သည်မိသားစုသိုက်မြုံ ပြိုကွဲကြပေတော့မည်။ ကျွန်မရင်ထဲ ဆို့နင့်နေသည်။ ကိုဘသာသဏ္ဌာန်က အပြင်ပန်း ခက်ထန်သော်လည်း အသည်းနှလုံးတို့က ခံစားမှုဖြင့် ရောပြွန်းနေသည်။ ထိလွယ်ရှလွယ် ခံစားလွယ်လွန်းသည်။

မအေးနုမျက်နှာက ကြေကွဲမှုကို ဟန်ဆောင်ဖုံးထားဟန် တင်းမာနေသည်။

"နားလည်ပါတယ် ကိုဘသာ၊ ကိုယ်ချင်းလည်း စာပါတယ်။ ကျွန်မ ဒီကလေး ၃ ယောက်ကို အန္တရာယ်ကင်းစွာ မွေးဖွားပေးခဲ့တဲ့သူ။ ဒီကဆရာမကြီးကျတော့ ဒီကလေးတွေ ကျန်းမာသန်စွမ်းအောင် ပြုစုစောင့်ရှောက်ခဲ့တဲ့သူ။ ရှင်တို့မိဘနှစ်ပါးပြီးရင် သံယောဇဉ် အရှိဆုံးသူတွေက ကျွန်မတို့ နှစ်ယောက်ပါပဲ။ ကျွန်မတို့လည်း ဘယ်ဘဝက ရေစက်မှန်း မသိပါဘူး။ မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိတယ်။ ကျွန်မတို့ကိုယ်တိုင် အိမ်ထောင်သားမွေး မလုပ်ဖူးပေမယ့် ကျွန်မတို့နှစ်ယောက်လုံး ဒီကလေးတွေကို သားသမီးအရင်းအချာလို ပြုစုပျိုးထောင်ပေးသွားမှာပါ။ အမွေစားအမွေခံ စာချုပ်စာတန်း အပြည့်အစုံနဲ့ မွေးစားပေးကြမှာပါ။ ရှင်တို့ဆီကျန်ခဲ့တဲ့ သမီးလေးအတွက်လည်း ဘာဆိုဘာမှ မပူနဲ့။ အရာအားလုံး ကျွန်မတို့ ကူညီထောက်ပံ့ပေးသွားမှာပါ။ ဒါဆို ကိုဘသာတို့ ကျေနပ်ကြမယ် ထင်ပါတယ်။ မအေးနုကတော့ ဘာတွေများ ပြောချင်သေးလဲ။

သားမြတ်နှစ်ဖက်၊ ကလေးတစ်ဦးစီကို နို့တိုက်ကျွေးနေသော မအေးနုအား မသက်မွန်က လှမ်းကြည့်ပြီးမေးသည်။ ကျန်ကလေးတစ်ယောက်ကို ကိုဘသာ ချီလွယ်ထား၏။ အေးနုက စိတ်ဓာတ်ကြံ့ခိုင်ပုံရသည်။ အသံသြဇာကောင်းပြီး ဆုံးဖြတ်မှုလည်း ပြတ်သားသည်။

သေချာကြည့်တော့ မဟာနဖူးဖြင့် ယဉ်စစဖြင့်ချောသည်။

"ကျွန်မမှာ ပြောနိုင်တဲ့အင်အား၊ ပြောဆိုနိုင်တဲ့ စကားလုံး မရှိတော့ပါဘူး။ ဒေါင်ကျကျ၊ ပြားကျကျ မွေးမယ်ဆို မွေးရဲတဲ့ သတ္တိရှိပေမယ့် ကလေးတွေရဲ့ ရှေ့ရေးကို ထည့်မတွက်လို့ မရဘူး။ဒါကြောင့် စွန့်လွှတ်ဖို့ ကျွန်မဆုံးဖြတ်ထားတယ်။ ကျွန်မဖြစ်ချင်တာ တစ်ခုကိုတော့ မဖြစ်မနေ တောင်းဆိုပါရစေ။ ကလေးနှစ်ယောက်လုံး ရခိုင်လူမျိုးဆိုတာကို ပျောက်မသွားစေချင်ဘူး။ သူတို့လေးတွေ ကြီးပြင်းလာတဲ့ အချိန်မှာလည်း သွေးရင်းသားရင်း ညီအစ်မတွေဆိုတာ မသိကြတာမျိုး မလိုချင်ဘူး။။ အသက် ၂၅ နှစ်ပြည့် မွေးနေ့လေးမှာ သူတို့လေးတွေ ပြန်ဆုံကြတာ ကျွန်မဖြစ်ချင်တယ်။ အမည်လေးတွေကိုလည်း ဆင်တူလေးတွေပဲ ပေးချင်တယ်။ ကျွန်မတောင်းဆိုချင်တာ ဒါပါပဲ။ ဒေါက်တာကြီးတို့ ခွင့်ပြုပေးစေချင်တယ်"

မအေးနုတောင်းဆိုမှုကို လိုက်လျောရန် မသက်မွန် အင်တင်တင်ဖြစ်နေ၏။ ကျွန်မကို တိုးတိုးစကားပြောသည်။ နင်နဲ့ငါ ကျွေးမွေးပြုစုပြီးမှ

အရွယ်ရောက်တော့ သူကအမေရင်းပါဆိုပြီး ပြန်ယူမယ့် ပုံစံပဲဟေ့။ အဲသလိုမျိုး ဖြစ်လာရင်လည်း ငါတို့ရဲ့ ကံအကြောင်းတရားပဲဟေ့။ သူ့ခင်ဗျာ သွေးနုသားနုနဲ့ ငါတို့လိုက်လျောသင့်ပါတယ်။ ကျွန်မတွန်းအားကြောင့် မသက်မွန် သဘောမတူချင်ဘဲ ခေါင်းညိတ်သည်။

" စိတ်ချ မအေးနု၊ ဆုံကို ဆုံစေရမယ်။ ကျွန်မတို့က ကတိပြုပါတယ်။ စာချုပ်မှာလည်း အဲဒီကိစ္စ ထည့်ချုပ်ပေးမယ်။ ဒါဖြင့် သမီးလေးတွေရဲ့ အမည်လေးတွေကို ဘယ်လိုပေးဖို့ စိတ်ကူးထားလဲ။ "

"စောသန္တာ၊ မြသန္တာ၊ လှသန္တာ ကြီးစဉ်ငယ်လိုက်ပေါ့ ဒေါက်တာတို့ရယ်"

"လှလိုက်တာ"

စာချုပ်လက်မှတ် ရေးထိုးအပြီး သမီးလေးသုံးယောက်အနက် အကြီးမကလွဲ၍ ကျန်နှစ်ယောက်ကို ကျွန်မနှင့် မသက်မွန်ဆီသို့ တစ်ဦးစီကမ်းပေးသည်။ အနမ်းပန်းလေး တစ်ပွင့်စီနှင့်။ အေးနုမျက်ဝန်းတွင် မျက်ရည်ကြည်တို့ ဝေနေသည်။

ကိုဘသာက ခေါင်းကိုငုံလျက် အသံတိတ်နေ၏။ လက်သီးကို တင်းနေအောင်ဆုပ်ထားသည်။ ကျွန်မကလေးကို မချီတတ် ချီတတ်ဖြင့် ချီသည်။ ကျွန်မရင်ထဲ နွေးနေ၏။ အငယ်ဆုံး လှသန္တာလေးက ကျွန်မရင်ခွင်ထဲကနေ မျက်လုံးလေး ကလယ်ကလယ်ဖြင့် မော့ကြည့်နေရှာသည်။ ချစ်စရာကောင်းလိုက်တာ. . .။

ကျွန်မရင် ချမ်းမြေ့ပါဘိ။ သမီးလေးဆိုသော သံယောဇဉ်က ကျွန်မရင်ကို စူးနစ်နစ်ခံစားစေသည်။ မွေးစားမိခင် ကျွန်မ၏နှလုံးသားသည်ပင် တဒုတ်ဒုတ်နှင့် အခုန်မြန်နေလျှင် ကိုဘသာနှင့် မအေးနုတို့ ရင်ထဲတွင် ကြေကွဲမှုများဖြင့် အဘယ်မျှထိ ဘလောင်ဆူနေမှာပါလိမ့်။

ကျွန်မစာနာမိသွားသည်။

ကျွန်မတို့ စုပေါင်းဓာတ်ပုံလေး တစ်ပုံကို ရိုက်ဖြစ်သည်။အမှတ်တရပေါ့။ ကျွန်မတို့နှစ်ယောက် ကိုဘသာတို့ လင်မယားကို သင့်တင့်မျှတသောငွေကြေးများ ထောက်ပံ့ပေးအပ်သည်။ ကိုဘသာတို့လင်မယား တစ်ဦးတည်းသော သမီးငယ်ကို ရင်ခွင်ပိုက်လျက် အထုပ်အပိုးတွေပိုက်ကာ စစ်တွေဆေးရုံကြီးမှ ဖောင်တော်ကြီးဆိပ်ကမ်းသို့ ဆိုက်ကားတစ်စီးဖြင့် ထွက်ခွာသွားကြသည်။ အမေက လကုန်သည်နှင့် မွေးစားမြေးလေးကို ပြုစုစောင့်ရှောက်ဖို့ စစ်တွေသို့

လာမည်ဟုဆိုသည်။

ကျွန်မအပျော်များ တစ်ကိုယ်လုံးသို့ စီးဆင်းနေသလို ခံစားနေရသည်။

ကလေးနှစ်ယောက်ကို တစ်ပြိုင်တည်း မွေးစားခွင့်ရသော ကျွန်မတို့သူငယ်ချင်းနှစ်ဦးက အပျိုဟိုင်းကြီးတွေ။ မသက်မွန်က မန္တလေးသူ၊ ကျွန်မက စစ်ကိုင်းဇာတိ။ အစပထမတွင် ကလေးကို ပြုစုစောင့်ရှောက်ဖို့ အကူငှားရသည်။ ဆေးရုံကအပြန် ကလေးမျက်နှာလေး မြင်ချင်လွန်း၍ အပြေးအလွှား ပြန်ခဲ့ရသည်များကလည်း အများသားရယ်။ တအီအီနှင့် ကလေးနို့ဆာ၍ ငိုပြီဆိုလျှင် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် ကျွန်မဗျာများတတ်သေးသည်။

ကလေးများစွာ၏ ကျန်းမာရေးကို တာဝန်ယူရသောကျွန်မ။ ချစ်သောသမီးလေး နေမကောင်းဖြစ်ရင် ဘာကိုင်၍ ဘာလုပ်ရမှန်း မသိသောကျွန်မ။ သည်လိုဖြင့် လှသန္တာလေး ကျွန်မမျက်စိအောက်တွင်ပင် တဖြည်းဖြည်းချင်းကြီးရင့်လာခဲ့သည်။ ကျွန်မက နိုင်ငံ့ဝန်ထမ်းမို့ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ အမေက လှသန္တာလေးအား စစ်ကိုင်းမြို့၌ပင် ရင်အုပ်မကွာ စောင့်ရှောက်ပေးခဲ့သည်။

ကျွန်မနှင့် သမီးလေး လှသန္တာလေး၊ ချည်နှောင်ရစ်ပတ်သော အနှောင်အဖွဲ့ သံယောဇဉ်လေးက ခိုင်မြဲသည်ထက် ခိုင်မြဲကာ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့သည်။

xxx

"ငါဗိုက်နဲ့လွယ်ပြီး မမွေးခဲ့ရပေမယ့် ရွှေလိုဥပြီး ချစ်ခဲ့ရတဲ့ သမီးပါဟာ။ နင်မို့လို့ မဦးမချွတ် သည်စကားမျိုး ပြောထွက်တယ်. . ."

မသက်မွန်က တူးတူးခါးခါးငြင်းသည်။ သူ့မျက်လုံးများ စူးရှရှတောက်ပနေ၏။ မျက်စိသူငယ်အိမ် လည်နေသလို လှမ်းတွေ့ရသည်။ ဒေါသငွေ့များလည်း လျှံနေသည်။ ငယ်ငယ်ကတည်းက စိတ်ကြီးသည်၊ ဒေါသကြီးသည်၊ အတ္တလည်း အလွန်ကြီးသူ ဖြစ်သည်။

သူ့ဒေါသစိတ်ကို မေတ္တာဓာတ်ဖြင့် ချိုးနှိမ်ဖို့ ကျွန်မကြိုးစားကြည့်သည်။ ချော့ချော့မော့မော့ ပြောကြည့်သည်။

"သူတို့နှစ်ဦးက ညီအစ်မအရင်းတွေလေ၊ အချင်းချင်း ရိုင်းပင်းတဲ့စိတ် ကလေးကိုယ်စီ ရှိသင့်တာပေါ့။ ခုလည်း ငါဘယ်လိုမှ မတတ်သာလို့ နင့်ကို ပြောရတာပါဟယ်။ ငါ့သမီးလေး အသက်ရှင်သန်ခွင့်ရဖို့ ဒီနည်းပဲ ရှိနေလို့ပါ။

စာနာစိတ်ကလေး နည်းနည်းလေးမွေးစမ်းပါ သက်မွန်ရယ်"

ကျွန်မ ခခယယဖြင့် တိုးလျှိုးစကား ဆိုကြည့်သည်။

"နင်လည်းဆရာဝန်၊ ငါလည်းဆရာဝန်၊ ခန္ဓာကိုယ်ထဲက ကိုယ်အင်္ဂါအစိတ်အပိုင်းလေး တစ်ခုကိုဖြုတ်ပြီး ပေးလှူဒါန်းတယ်ဆိုတာ ဘယ်လောက်ထိအန္တရာယ်များနိုင်မလဲ။ လှပတဲ့ ငါ့သမီးလေးရဲ့ အနာဂတ်ကို နင်ဖျက်ဆီးဖို့မကြိုးစားပါနဲ့။ နင့်သမီး နေမကောင်းတာ သူ့ကံနဲ့ နင့်ကံပဲ။ ငါ့သမီးလေးကိုတော့ဒုက္ခန္တံထဲ ဆွဲမထည့်ပါနဲ့ဟယ်။ နင့်ကို ငါတောင်းပန်ပါတယ်။ နင်ငါ့ကို ဒီကိစ္စနဲ့ပတ်သက်ရင် လုံးဝအဆက်အသွယ် မလုပ်နဲ့တော့။ ဖုန်းလည်း ဆက်စရာမလိုဘူး။ အီးမေးလ်ပို့တာတွေလည်း မလုပ်နဲ့။ ငါနင့်ကို ဘယ်လိုမှ စာနာပေးလို့ရမှာမဟုတ်ဘူး"

မသက်မွန်၏ စကားကြောင့် ကျွန်မမျှော်လင့်ချက်များ ပြိုယိုင်သွားသည်။ မသက်မွန်တစ်ယောက် ဒေါက်တာအောင်ဝင်းနှင့် လက်ထပ်ခဲ့သည့်တိုင်သားသမီးမရ၍ သည်ကလေးကိုသာ လင်မယားနှစ်ဦးလုံး စုပုံချစ်ခဲ့ကြသည်။ မျက်စိအောက်က အပျောက်မခံသည်အထိ အဖြစ်သည်းခဲ့ကြသည်။

သမီးအတွက်ဆိုရင် ဘာမဆို လုပ်ရဲကိုင်ရဲရှိသည့် မိန်းမ။

"မသက်မွန်ရယ် ငါတို့တွေက ငယ်သူငယ်ချင်းတွေပါ၊ ထောက်ထားညှာတာပါဦး မသက်မွန်ရယ်။ လူ့အသက်တစ်ချောင်းဆိုတာ အမှန်ဆို ကယ်ကောင်းပါတယ်။ နင်လူစိတ်နည်းနည်း မွေးကြည့်စမ်းပါ။ ပြီးရင် သူတို့နှစ်ဦးကတစ်အူတည်းဆင်း ညီအစ်မအရင်းတွေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နောင်တရတာမျိုး မဖြစ်စေချင်ဘူး။ ပြီးရင် သူတို့တွေ ၂၅ နှစ်ပြည့်ရင် ညီအစ်မတွေဖြစ်ကြောင်း သမီးတွေကို တို့တတွေ အသိပေးကြရဦးမှာလေ။ အဲဒီ ကတိကဝတ်ကိုနင်မေ့နေပြီလား"

မသက်မွန် ကျွန်မကို စိမ်းစိမ်းကြီးကြည့်သည်။

"အဲဒီအကြောင်းတွေ ငါ့ကိုလာမပြောနဲ့။ ခုချိန်ခါ ငါမကြားချင်ဆုံးစကားလုံးတွေပဲ။ မြသန္တာလေးက ဒေါက်တာအောင်ဝင်းနှင့် မသက်မွန်ရဲ့ တစ်ဦးတည်းသော သမီးလေး။ အင်္ဂလန်သွားပြီး ပါရဂူဘွဲ့ ယူတော့မယ့်သူ။ ပါမောက္ခတွေ၊ သမားတော်ကြီးတွေ ဖြစ်လာဦးမယ်။ ဒီဂုဏ်ပုဒ်တွေကလွဲရင် ငါ့သမီးလေးဘဝမှာ ဘာအစွန်းအထင်းမှ မရှိစေရဘူး။ နင်က ဆရာဝန်တစ်ယောက် ဖြစ်ပါလျက်သားနဲ့ ကလေးတစ်ယောက်ကိုတောင် ကျန်းမာသန်စွမ်းအောင် မပြုစုနိုင်၊ မစောင့်ရှောက်နိုင်ဘူး။ ဒါတောင် ကလေးအထူးကုဘွဲ့ကို ယူထားသေးတယ်။

နှင့်လို ဆရာဝန်မျိုးက ရှားပါတယ်။ ကဲ. . ကဲ သွား. . သွားပါတော့ မယ်မင်းကြီး မရယ်။ ငါဆေးခန်း ထိုင်ရဦးမယ်"

မသက်မွန်က ကျွန်မကို အတင်းမောင်းထုတ်နေသည်။

ကျွန်မပေကပ်စွာ ထိုင်နေဖို့ စဉ်းစားဖြစ်သေးသည်။ ကျွန်မရင်ထဲက ဒေါသစိတ်၊ မာနစိတ်က တငွေ့ငွေ့ဖြင့် ထိုးထွက်လာ၏။ သက်မွန်ပြောဆိုသည့် စကားများက ကျွန်မရင်ထဲ အသည်းနှလုံးကို ဓားချွန်ချွန်ဖြင့် ထိုးလိုက်ဟန် တစစ်စစ် နာကျင်နေသည်။ ရက်စက်ကြမ်းကြုတ်လိုက်တာ၊ ပြောရက်ဆိုရက် ပြောထွက်လိုက်တာ။ သက်မွန်နှင့်ကျွန်မ မန္တလေး ဆေးတက္ကသိုလ်ကျောင်း ဆင်းတွေ။ အတူပညာသင်ကြားခဲ့သည့် သူငယ်ချင်းတွေ။ သက်မွန်က မန္တလေး ဇာတိ၊ ကျွန်မက စစ်ကိုင်းသူ။ မန္တလေးနှင့် စစ်ကိုင်းဆိုသည်မှာ အိမ်ဦးနှင့် ကြမ်းပြင်ပမာဖြစ်သည်။ ဘွဲ့လွန်တက်တော့လည်း တစ်နှစ်တည်း အတူတူရယ်။

ငယ်ငယ်ကဆို လူရည်ချွန်တောင် အတူတူဖြစ်ခဲ့ဖူးသည်။

မသက်မွန်က မီးယပ်သားဖွား၊ ကျွန်မက ကလေးအထူးကု၊ ဘွဲ့လွန် ပြီး၍ နယ်ဆင်းတာဝန် ထမ်းဆောင်ရတော့လည်း ပြည်နယ်တစ်ခုတည်းတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူတွေ။ သွားအတူ၊ လာအတူ ဆိုးတူ ကောင်းဘက် ညီအစ်မအရင်းတမျှ ချစ်ခင်ရင်းနှီးကြသည်။ တစ်ခုတော့ရှိသည် မသက်မွန်က အတ္တနည်းနည်းကြီးသည်။ ဆရာဝန်တိုင်း အတ္တကြီးသည်ချည်း။ ပညာအတ္တ၊ ပညာလောဘ အတ္တကြီး၍လည်း ဆရာဝန်များ ဖြစ်လာခြင်းဖြစ် သည်။ အားလုံးထက် အသာရစေလိုကြသည်မှာ ဆရာဝန်များ၏ မာနပင်ဖြစ် သည်။

ခုတော့လည်း မသက်မွန်တစ်ယောက် အတ္တ၊ မာနကို ရှေ့တန်းတင်ပြီး ဆင်ခြင်တုံတရား ကင်းမဲ့စွာ ရက်စက်ပြနေလိုက်တာ။ လူစိတ် ကင်းမဲ့နေလိုက် တာဟု စိတ်ထဲတွင်ထင်မှတ်ပြီး ကိုယ့်အတွက် ရှေ့တန်းတင်လွန်းသူအဖြစ် သတ်မှတ်ချင်စရာ ကောင်းနေပါတော့သည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်. . .

ထိုနေ့က မှတ်မှတ်ရရပင်ဖြစ်သည်။ သမီးလေးများ ၂၅ နှစ်ပြည့် မွေးရက်။ သူကတိ တည်နိုင်ပါ့မလား။ တိမ်းရှောင် ထွက်များပြေးလေမလား။ သူတို့မိသားစု နိုင်ငံရပ်ခြားတွင် အခြေချရန် စီစဉ်ထားရှိသည်။ ဒေါက်တာ အောင်ဝင်းက စင်ကာပူကတစ်ဆင့် အမေရိကန်သို့ ကြိုရောက်နှင့်နေပြီ။ မွေးနေ့

တွေ့ဆုံပွဲလေး ကျင်းပရန် ရက်ပေါင်း ၁၀၀ သာ ကျန်တော့သည်။ အဲသည်အချိန် သူတို့ညီအစ်မတတွေ ဆုံကြ၊ တွေ့ကြ၊ ပျော်ကြ၊ ပါးကြနှင့် စကားတွေဖောင်ဖွဲ့ပြီး ဇရက်ငှက်ကလေးများပမာ ဖြစ်နေလေမလား။ ခပ်စိမ်းစိမ်း ခပ်တန်းတန်းဖြင့် မသိလိုက် မသိဖာသာများ တွေ့နေကြမလား။ ကျွန်မစိတ်ကူးဖြင့်ပုံဖော်ကြည့်မိသည်။ အဲသည်နေ့၊ အဲသည်အချိန် ငါ့သမီးလေး အသက်မှရှင်သန်နေပါဦးမလား။ အကယ်၍ ကျွန်မကိုသာ လှသန္တာက မွေးစားမိခင်တစ်ဦးမှန်းသိသွားခဲ့ရင် အချစ်တွေများ လျော့ပါးသွားလေမှာလား။ မိုးမပြို ပြိုခဲ့သော်စိုးရိမ်စိတ်ဖြင့် တွေးကြည့်သည်။ မသက်မွှန်လည်း သည်အတိုင်း ခံစားရနိုင်သည်။ သည်အတွက်များ တူးတူးခါးခါး ဖြစ်ရောနေသလား။

မသက်မွှန် အိမ်အတွင်း ဧည့်ခန်းကအထွက် တိုက်တံခါးဝတွင်မြသန္တာလေးနှင့် ဆုံသည်။ မပြီမပြင် နှုတ်ဆက်၏။

အလို ဘုရား. . . ဘုရား၊ ကျွန်မ ဘုရားတဖြစ်သွားသည်။

ပဲခူးမြို့က အထွက်၊ ကားကိုဂရုစိုက် မောင်းနေရင်းက ခံစားမှုကြောင့်ကျွန်မအတွေးများ ယောက်ယက်ခတ်နေခဲ့သည်။ လှည်းကူး၊ ထောက်ကြန့်၊ မင်္ဂလာဒုံ၊ ကျိုက်ကလို ဘုရားနားရောက်တော့ ကားကိုခေတ္တ အနားပေးလိုက်သည်။ ရေသန့်ပုလင်းမှ ရေတစ်ငုံကိုသောက်ပြီး ကားပေါ်က ထွက်လိုက်သည်။ ရုတ်ချည်း ခန္ဓာကိုယ်အား အပူငွေ့အနည်းငယ် ဟပ်သွား၏။

ဘုရားကို အဝေးမှ ဦးချဖြစ်သည်။ ပူလောင်နေမှု တဒင်္ဂ လျော့သွား၏။ ဝမ်းထဲ၌ ဟာနေသည်။ မျက်လုံးကို ဝေ့ကြည့်တော့ ဖရဲသီးဆိုင်တစ်ဆိုင်တွေ့ရသည်။ နီနီရဲရဲ အဆာပြေတစ်ခြမ်း ဝယ်စားဖြစ်သည်။

အထီးကျန်ဆန်သလို ခြောက်သွေ့မှုကို ခံစားနေရ၏။

ဘုရားမှတစ်ပါး ကျွန်မတွင် ခိုကိုးရာမဲ့နေပြီ။ ဝမ်းနည်းစိတ်ကလည်းအလိုလိုဖြစ်ပေါ်လာသည်။ မျက်ဝန်းတွင် မျက်ရည်ကြောင့် ဝါးတားတားဖြစ်လာ၏။ သက်ပြင်းသဲ့သဲ့ကို ရှိုက်၍ အသက်ကို ပြင်းပြင်းရှူရှိုက် ရှူထုတ်ကာစိတ်ကိုတင်းကြည့်သည်။ ခပ်လျော့လျော့လေးရယ်။ သမီးလေး နာတာရှည်ကျောက်ကပ်ရောဂါကြောင့် ကျောက်ကပ်ဆေးနေရသည်မှာ တစ်နှစ်ကျော်ခဲ့ပြီ။ အခြေအနေ တိုးတက်ကောင်းမွန်မှု မရခဲ့။ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးဝါးရှုပ်ထွေးလာသည်ကို စိတ်ထဲက လက်ခံသိနေသည်။ ငွေကုန်ကြေးကျကလည်းသောက်သောက်လဲရယ်။ အသက် တစ်ရက်၊ တစ်ပတ်၊ တစ်လ ရှင်သန်ခွင့်အတွက် ငွေဖြင့်ဆက်စပ်နေရသလို ဖြစ်နေသည်။ ငွေများ မတတ်နိုင်ရင်ဖြင့်

သွားပြီ။ ကျောက်ကပ်ဆေးခြင်းသည် အသက်ကို ဆွဲဆန့်နေခြင်းသာ ဖြစ်သည်။

ခံစားနေရသောဝေဒနာ ပျောက်ကင်းအောင် ကုသခြင်းကား မဟုတ်ပေ။ ကျောက်ကပ်ဆေးနေရင်းက နောက်တိုးရောဂါများလည်း ဝင်လာနိုင်သည်။

ကျောက်ကပ်ဝေဒနာ ခံစားနေရသူတွေ လူလည်းပင်ပန်း၊ ငွေကြေးကုန်ကျမှုများပြားသော ရောဂါတစ်မျိုးဖြစ်သည်။ တကယ်ဆို သိန်းထောင်ချီချမ်းသာသောသူပင် ဒေဝါလီခံရသော ရောဂါပင်ဖြစ်သည်။ ကျောက်ကပ်ဆေးနေရသူများမှာ လူလည်းနာ၊ ငွေလည်းကုန်ပါသည်။ အချိန်အခိုက်အတန့် တစ်ခုသာ ထိန်းထားနိုင်ပြီး မရဏာမင်းထံ သွားရသည်သာများသည်။ ကျောက်ကပ်ကို လဲလှယ်နိုင်မှသာ အသက်ရှင်နိုင်ပါသည်။ လဲဖို့စရိတ်ကလည်း သိန်းပေါင်းများစွာကုန်ကျသည်။

ကျွန်မ သက်ပြင်းငွေ့ငွေ့ကို ရှိုက်ရင်း ကားပေါ်ပြန်တက်ထိုင်လိုက်သည်။ ကားကိုစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။ မောင်းရင်းနှင့် တစ်ကိုယ်လုံးချမ်းစိမ့်စိမ့်ဖြစ်လာ၍ အဲယားကွန်းကို ပိတ်လိုက်ပြီး ကားရှေ့တံခါးနှစ်ချပ်ကို ဖွင့်ထားလိုက်သည်။

"ကျောက်ကပ် အစားထိုးကုသမှ အသက်ရှင်ခွင့် ရတော့မယ်။ ငါလည်း နင့်သမီး ကျောက်ကပ်ကို ဆက်မထိန်းနိုင်တော့ဘူး၊ ကျောက်ကပ်အလှူရှင် ရှာပေတော့"

သူငယ်ချင်း ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး၏ ပြောစကားများ နားထဲပဲ့တင်ရိုက်ခတ်လာ၏။ ပြေးနှုန်းမြှင့်လိုက်၏။ စေခိုင်းသည့်အတိုင်း လေဟုန်စီးပြေးသည်။ ကားကို ကီလိုအမြင့်ဆုံး မောင်းနှင်ပစ်လိုက်ချင်သည်။ အသည်းတုန်၊ ရင်တုန် ဖြစ်ချင်တာဖြစ် မောင်းပစ်လိုက်ချင်သည်။ ကျွန်မစိတ်များ တွယ်ရာမဲ့ ရွေ့လျားနေ၏။ မချိတင်လဲ ခံစားနေရသော ဝေဒနာများ ပေါက်ကွဲရန် တာစူနေကြသည်။

ကျွန်မသမီးလေးကျမှ အဘယ်ကံကြမ္မာဆိုးကများ ရိုးမယ်ဖွဲ့ပြီး ကုမရသည့် ရောဂါဝေဒနာ စွဲကပ်တာတုန်း၊ မိုးနတ်မင်း မတရားဘူး။ ကားမောင်းနေရင်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ ရှေ့တွင် အန္တရာယ်က ကြိုနေ၏။ ကားကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်ထားလိုက်၏။ အသက်ကို ဝဝရှူ၍ ဖုန်းတစ်ချို့ လှမ်းဆက်ဖြစ်သည်။ ခရီးဝေးကို တစ်ဦးတည်း မမောင်းသင့်မှန်းသိသိကြီးနှင့် သမီးဇောဖြင့် ရန်ကုန်မှပဲခူးသို့ မောင်းနှင်လာခဲ့မိပါသည်။ စစ်ကိုင်း

အိမ်သို့ လှမ်းဆက်ပြီး အမေ့ကိုနှုတ်ဆက်သည်။ အမေ့အသံကို ကြားလိုက်ရ၍ တင်းမာကြွပ်ဆပ်နေသောစိတ်များ လျော့ပါးသွားသည်။ အမေက အသက်ရှစ်ဆယ်ကျော်သော်လည်း ကျန်းမာသန်စွမ်းဆဲ။ တစ်ခေါင်းလုံး ဖွေးနေသောဖြူနေသော ဆံပင်များဖြင့် ကျက်သရေရှိနေတုန်း။ အမေက မြေးအတွက် စိုးရိမ်စကားဆိုသည်။ သမီးလေးအတွက် ကျွန်မကို တည်ငြိမ်ရင့်ကျက်စိတ်မွေးဖို့ တိုက်တွန်းသည်။ ငါးပါးသောသီလကို လုံအောင်ထိန်းခိုင်းသည်။ မြေးလေးအတွက် အဘွားဆုတောင်းပေးနေကြောင်း သတိပေးရန် တဖွဖွမှာသည်။

အမေ၏ မေတ္တာရေလျှဉ်ကြောင့် ကျွန်မစိတ်များ တည်ငြိမ်အေးချမ်းလာ၏။ အမေရင်ခွင်ထဲ တိုးဝင်ကာ တရှိုက်မက်မက် ငိုကြွေးပစ်လိုက်ချင်သည်။ ကားကိုစက်နိုးပြီး ဆက်မောင်းဖြစ်သည်။ လန်းဆန်းတက်ကြွလာ၏။

သမီးငယ် လှသန္တာ နည်းပညာတက္ကသိုလ်တွင် တွဲဖက်ပါမောက္ခဖြစ်ပြီးခါမှ စာသင်နေရင်းက အရုပ်ကြိုးပြတ် ရုတ်တရက် ဘုန်းကနဲ ပြိုလဲကျသွားခဲ့သည်။ ဆေးစစ်ဆေးမှုများအရ သမီးငယ် လှသန္တာ ကျောက်ကပ်ပျက်စီးနေမှန်း သိခွင့်ရခဲ့သည်။ ကိုယ့်နားပင် ကိုယ်မယုံကြည်ခဲ့။ ခေါင်းနပန်းကြီးကာ တုန်လှုပ်လှုပ် ဖြစ်နေခဲ့ရသည်။

ဆေးရုံကုတင်ပေါ်တွင် သမီးလေးက တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနှင့် အနည်းငယ် ညှိုးသည်မှလွဲ၍ အပြုံးမပျက်ခဲ့ပေ။

"ကဲ. . . ကဲရဲ့ အကျိုးပေးပေါ့ မာမီရယ်။ သမီးနောက်ဆုံးထွက်သက်အထိ ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားရင်ဆိုင်သွားပါမယ်။ ဘဝကူးမှာ သည်ဘဝထက်တော့ မရှုံးစေရပါဘူး အမေရယ်. . . "

ရယ်ရယ်မောမောနှင့် သမီးက ကျွန်မကို ပြောနေသေးသည်။

သမီးသတ္တိသွေးက ရဲသည်။ ဘာသာတရားအပေါ် သက်ဝင်မှုကြောင့်လားမသိ။ သေခြင်းတရားနှင့် ပတ်သက်လျှင် သမီးလေးက အကြောက်အလန့်ကိုနည်းသည်။ ငယ်ငယ်ကတည်းက သီလရှင်လေးဝတ်၊ တရားစခန်း အကြိမ်ကြိမ်ဝင်ခဲ့သူ ဖြစ်သည်။ သမီးရင်ထဲမှာ တရားရှိနေသည်ကအမှန်။ သမီးပြောစကားကြောင့် ကျွန်မနှလုံးသွေးဆူပြီး ဘောင်ဘင်ခတ်ရပြီပေါ့။

ကျွန်မက ဆရာဝန်တစ်ယောက်မို့ ကျောက်ကပ်ရောဂါအကြောင်း ပိုသိသည်။ သမီးက နေရဲသည်၊ စွန့်ရဲသည်၊ ထွက်ခွာရဲသည်။ ကျွန်မသာလျှင် မချိတင်ကဲ တစိမ့်စိမ့်တွေးကာ ညညကြိတ်ငိုခဲ့ရသည့် ရက်ကများသည်။ လှသန္တာ ပထမတော့ ဆေးခွင့်ယူရသည်။ အလုပ်ကိုလည်း သွားလိုက်၊ အခြေ

အနေဆိုးရင် နားလိုက်နှင့် နောက်ဆုံးဆေးခွင့်ရက်ရှည် ယူထားလိုက်ရသည်။ အမြဲလိုလို သူငယ်ချင်း၊ မိတ်ဆွေ အပေါင်းအသင်းများ၊ တပည့်တပန်းများနှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော သမီးလေးက ယခုဆို မည်သူနှင့်မျှ အတွေ့မခံတော့။ အိပ်ခန်းအတွင်း တရားခွေများ တစ်ခွေပြီးတစ်ခွေ ဖွင့်နာရင်းက ဝေဒနာကို ကြိတ်မှိတ်ခံစားနေရှာသည်။

နေ့တိုင်း ဥပုပ်စောင့်သည်၊ ဘာဝနာပွားသည်။

တရားဓမ္မဘက်ကို ပိုမိုအားသန်လာတော့ သမီးလေးကြည့်ရတာ ပိုပြီး အေးချမ်းနေသယောင်တော့ရှိသည်။ ဝင်လေ၊ ထွက်လေကို တစ်နေ့တာ ရှုမှတ်ရင်း ကျရောက်လာမည့် သေခြင်းကို စောင့်မျှော်နေဟန်လည်း ရှိသည်။ ညည်းညူသံ မကြားရ၊ စိတ်ပျက်အားငယ်သံ မကြားရ။ ကျွန်မကိုတွေ့တိုင်း စွင့်စွင့်ကားကား အပြုံးများဖြင့် ဟန်ဆောင်ပြုံး ပြုံးနေရှာသည်။

အမေပဲလေ၊ အရိပ်တကြည့်ကြည့်နှင့် ပြုစုစောင့်ရှောက်လာသူပဲ။ သမီးလေး၏ ရင်တွင်းဝေဒနာကို မကြည့်ပဲ မြင်နေရသည်။ ကျွန်မလည်း တကယ်ပါပဲ၊ မောပါဘီ။

ကျွန်မ ရန်ကင်းကလေး ဆေးရုံသစ်တွင် ပါမောက္ခဌာနမှူး။ ပင်စင်ယူရန် နှစ်,နှစ်သာလိုတော့သည်။ ဆေးခန်းတစ်ဖက်၊ ဆေးရုံတစ်ဖက်ဖြင့် သမီးလေးကို ကျပ်ပြည့်တင်းပြည့် အချိန်ပြည့် မစောင့်ရှောက်နိုင်။ အိမ်ဖော်များနှင့်သာ ပစ်ထားခဲ့ရသည်။

အရိပ်တကြည့်ကြည့်နှင့် ကြည့်နေသည့်ကြားက သမီးလေး ဖောက်ဖောက်လာသည်။ ဝေဒနာက တစ်မျိုးပြီးတစ်မျိုး။

သည်နောက်ပိုင်း သမီးလေး ဆီးထွက်နည်းလာသည်။ မျက်နှာကလေးများဖောင်း၍ ခြေကလေးများ အမ်းလာသည်။ တစ်ပတ်တွင် နှစ်ကြိမ်ခန့် ကျောက်ကပ်ဆေးနေရ၍။ သည်နေ့ဆေးလျှင် မနက်ဖြန် အိပ်ရာပေါ် နားသည်။ နောက်တစ်နေ့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နှင့်။ အဲဒီရက် ကျော်လွန်သည်နှင့် ပို၍ချင်အန်ချင်သလို ဖြစ်လာပြန်သည်။

ကျန်းမာသောနေ့များတွင် သမီးလေးက အိမ်ခန်းအတွင်းထဲကနေ Facebook ကတစ်ဆင့် မက်ဆေ့စ်တွေ အနယ်နယ်အရပ်ရပ်သို့ ပို့သည်။ ဖုန်းဖြင့်လည်း စကားပြောသည်။ သည်သို့ဖြင့် သံသရာလည်နေ၍။ ရေကလည်း အတိုင်းအတာ တစ်ခုတည်းသာ သောက်ခွင့်ရသည်။ ရေသောက်သော်ငြားလည်း ဆီးမဖြစ်တော့ ခြေလက်များအမ်းသည်။

အသီးအနှံဆိုလည်း လျှော့စားနေရသည်။ လူကလည်း ချုံးချုံးကျသွားသည်။ ကြည့်ရက်စရာ၊ မြင်ရက်စရာမရှိ။ ဝင်းပပ အသားရောင်သည်ပင် ခြောက်ခြောက်သွေ့သွေ့ဖြင့် မည်းလာသည်။

သည်အခြေအနေမျိုးကို အဘယ်မိခင်က စိတ်မပူဘဲ နေနိုင်မှာပါလဲ။

သမီးချစ်သူက ဂျပန်တွင် ပညာတော်သင်အဖြစ်နှင့် ရောက်နေသည်။ သမီးအခြေအနေကို ညတိုင်းဖုန်းဖြင့် လှမ်းမေးတတ်သည်။ သမီးလေးက ဖုန်းမကိုင်တော့။ အမေရယ်တဲ့. . . နေကောင်းလားလို့မေးရင် နေမကောင်းဘူးဆိုတာကြီးကို သမီးပြောရမှာ ရှက်တယ်တဲ့။ ထို့အတွက် ကျွန်မကပဲ လာသမျှဖုန်းကို ဒိုင်ခံဖြေပေးနေရသည်။

"လူဆိုတာ သေမျိုးပါပဲအမေ။ သေဖို့အတွက် လူ့လောကထဲ ရောက်လာခဲ့ကြတာလေ။ ဒီနေ့မသေ မနက်ဖြန်သေ၊ မနက်ဖြန်မသေရင် နောက်တစ်ရက်ရက်ပေါ့။ သေကြရမှာပဲလေ။ တကယ်ဆို သေခြင်း၊ ရှင်ခြင်းဟာ သမီးအတွက် ဘာအဓိပ္ပာယ်မှ မရှိတော့ပါဘူး။ ရုပ်ခန္ဓာ မပြုတ်စဲသေးသမျှ ဒုက္ခဆင်းရဲနဲ့ သမီးရင်ဆိုင်နေရဦးမှာပဲ။ သမီးစိုးရိမ်တာတစ်ခုက သမီးသေသွားရင် အမေတစ်ယောက်တည်း ခြေမဲ့လက်မဲ့ ဘယ်လိုနေကျန်ခဲ့မှာလဲ ဆိုတာပဲအမေ၊ ဒါလေးတစ်ခုပါပဲ သမီးခေါင်းထဲမှာ ရှိတယ်။ အဲဒါကြောင့် သမီးက တိုက်တွန်းဖူးတာပေါ့။ သမီးကို မငဲ့ပါနဲ့လို့။ အိမ်ထောင်ပြုချင် ပြုပါလို့။ ဟော. . . အခုတော့ ခက်နေပြီ"

သေခြင်းတရားအပေါ် အကြောက်အလန့် နည်းပါဘိ။ အမေ အပျိုကြီးကို နောက်အိမ်ထောင် ပြုခိုင်းနေသေးသည်။ သမီးလေးက အဖြစ်မှန်ကို မသိသေးဘဲကိုး။ ကျွန်မကို အမေရင်းဟု ထင်မှတ်နေသည်။ သမီးသိနေသည်မှာ သမီးအဖေသည် သမီးငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့သည် ဆိုတာပဲဖြစ်သည်။ ကျွန်မမိသားစု၊ အသိုင်းအဝန်း၊ သူငယ်ချင်း၊ မိတ်ဆွေအားလုံး ဤသို့စကားခင်းထားခဲ့ရာ သမီးလေးက သည်အတိုင်းပင် ယုံကြည်လက်ခံထားသည်။

ကျွန်မပီတိ ဖြစ်ရတာတစ်ခုက သမီးလေး ကျွန်မကို စိတ်မချခြင်းပင်ဖြစ်သည်။ သမီးပြောသလို ကံ. . . ကံ၏ အကျိုးပေး တစ်ခုတည်းကိုပဲ လက်ခံလို့ ဘယ်ဖြစ်မလဲ။ ကျွန်မသမီးလေးကို အဆုံးရှုံး မခံနိုင်ပါဘူး။ တကယ်ဆို ကံဆိုတာ ကြိုးစားအားထုတ်မှုပါ။ သေမင်းကို ဘယ့်နှယ်လက်မြှောက် အရှုံးပေးလို့ ဘယ်ဖြစ်မှာလဲ။ တွန်းလှန်ဖယ်ရှား ပစ်ရမှာပေါ့။

ကျွန်မသမီးလေးအား ကျောက်ကပ်ကို အောင်နိုင်သူ ဖြစ်စေချင်

သည်။ ကျွန်မသမီးလေး အသက်ရှင်သန်ခွင့်ရဖို့ ကျွန်မတာဝန်ပဲ မဟုတ်လား၊ ကျွန်မရှာဖွေစုဆောင်းထားသည့် ငွေကြေးများက ဘယ်သူ့အတွက်ပါလဲ။ မြန်မာပြည်မှာ တစ်သျှူးတူမှ၊ ဆွေမျိုးရင်းချာဖြစ်မှ၊ အင်္ဂလန်တို့၊ အိန္ဒိယတို့တွင် သွေးအုပ်စုအမျိုးအစား တူလျှင်ပင် အစားထိုးကုသလို့ ရနေပြီ။

အဓိကလိုအပ်သည်မှာ သန့်စွမ်းသည့် ကျောက်ကပ်ပင်။

ကားကို ရွှေဂုံတိုင်လမ်းအတိုင်း ကမ္ဘာအေးဘုရားလမ်းမှ ချိုးကွေ့မောင်းပြီးမှ SSC ဆေးရုံဝင်းသို့ မောင်းဝင်လိုက်သည်။ လမ်းပိတ်ဆို့မှု မကြာခဏကြုံ၍ သမီးလေးဆီ အချိန်မီများ ရောက်ပါ့မလား။ စိုးရိမ်ပူပန်ခဲ့သမျှ ခုတော့လည်း အချိန်ကိုက်ပင် အရောက်လာနိုင်ခဲ့သည်။ သမီးမှာ မွေးချင်းက မသက်မွန် သမီးတစ်ယောက်တည်းပဲ ရှိနေသည်မှ မဟုတ်တာ။ နောက်တစ်ယောက်၊ နောက်တစ်ယောက် ရှိနေသေးတာပဲ။

ငါမေ့နေလိုက်တာ။ စစ်တွေကို ငါလိုက်သွားရင် ကောင်းမလား။

ဗုဒ္ဓဘာသာနိုင်ငံပဲ။ မန္တလေး၊ စစ်ကိုင်းဒေသက ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များ ကျောက်ကပ်ပေးလှူလေ့ရှိကြောင်း သူကြားဖူးသည်။ အမေကိုးကွယ်ဆည်းကပ်သည့် ဆရာတော်တွေလည်း အများအပြားရှိသား။ ဒါမှမဟုတ် အင်တာနက်ကတစ်ဆင့် ကျောက်ကပ်အလှူရှင်တစ်ဦး အလိုရှိသည်ဟု မေတ္တာရပ်ခံစာတစ်စောင် ရေးတင်လိုက်ရင် ဘယ့်နှယ်နေပါမလဲ။ ငါဘာဖြစ်လို့ ခက်ရာခက်ဆစ်တွေ စဉ်းစားနေရပါလိမ့်။ မသက်မွန် သမီးဆီက ကျောက်ကပ်လှူဒါန်းပါမှ ငါ့သမီး အသက်ရှင်ခွင့် ရမှာတဲ့လား။ မယူဘူးဟေ့ . . . မယူဘူး။ ခေတ်မီတိုးတက်သည့် ဆေးပညာနဲ့ လူမှုကွန်ယက်ကို အသုံးပြုလိုက်ရုံဖြင့် ငါ့သမီးလေး ကျန်းမာချမ်းသာစွာ အသက်ရှင်ခွင့် ရသွားနိုင်သည်။

တွေ့ကြသေးတာပေါ့ မသက်မွန်ရယ်။ မင်းရဲ့အတ္တတွေကို ငါတစ်နေ့ ရိုက်ချိုးပြမှာပါ။ ကြုံးသာကြုံးဝါးလိုက်ပေမယ့် ငယ်သူငယ်ချင်းမို့ မသက်မွန်ကို ကျွန်မချစ်သည်။

ဆေးရုံဝင်ပေါက် ရှေ့တည့်တည့်တွင် ကားကို ထိုးရပ်ထားခဲ့မိသည်။

ကားသော့ကို လှမ်းအပေး၊ ဆေးရုံဝန်ထမ်းလေးက ကျွန်မ၏ကားကို ဆရာဝန်များ ကားရပ်နားနေရာသို့ မောင်းယူသွားသည်။ နာရီကို ငုံ့ကြည့်လိုက်တော့ ၈ နာရီ ထိုးလုပြီ။ အတော်ကလေး ညည့်နက်သွားခဲ့ပြီပဲ။ တစ်နေကုန် ကားလျှောက်မောင်းလာခဲ့မိ၍ ကျွန်မတစ်ကိုယ်လုံး နွမ်းနယ်ကိုက်ခဲနေသည်။ ရေနွေးပူပူလေးဖြင့် တစ်ကိုယ်လုံး ရေစိမ်လိုက်လျှင်ဖြင့် ပြန်လည်လန်းဆန်း

သွားမှာ သေချာသည်။

သည်အချိန်ဆို "သမီးလေး ကျောက်ကပ်ဆေးပြီးလုပြီ။ တစ်ကြိမ်ဆေး ၄ နာရီခန့်ကြာသည်။ ကျွန်မကို မျှော်နေရောပေါ့"

ဗိုက်လည်း အနည်းငယ်ဆာသည်။ ကော်ဖီပူပူလေးတစ်ခွက် အခန်းထဲမဝင်ခင် သောက်ရန် တေးထားလိုက်မိသည်။ ကြော့ကြော့မော့မော့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့မိသည်။ ပြင်ပလူနာဌာနတွင် လူနာများ အုံနှင့် ကျင်းနှင့် မျက်နှာလေးတွေက ညှိုးညှိုးငယ်ငယ် မစည်ကားအပ်သောရပ်ဝန်း။

အထူးကု ဆရာဝန်ကြီးများနှင့် တစ်ကြိမ်တွေ့၊ တစ်ကြိမ်ပြသခွင့်ရဖို့ သည်ဘက်ခေတ်တွင် အချိန်များစွာ ပေးရတတ်သည်။ ကျော်ကြားသူများဆို ပို၍အချိန်ပေးရတတ်သည်။ စမ်းသပ်ကုသခြင်းက ၅ မိနစ်၊ ၁၀ မိနစ်ခန့်သာ ကြာသည်။ စောင်းဆိုင်းနေရသည်က နာရီပေါင်းများစွာ ကြာတတ်သည်။

ဆရာဝန်အများစုက ချို့ချို့မွန်မွန် မျက်နှာပေးက နည်းသည်။

ကျွန်မနှင့် ရှေ့တည့်တည့်တွင် အပြုံးဝေစီဖြင့် ခပ်သွက်သွက် လျှောက်လာနေသော အသက် ၄၀ ကျော်ခန့်အရွယ် အမျိုးသမီးတစ်ဦးကို သတိထားမိ၏။ ကျွန်မကိုလည်း လက်ပြနှုတ်ဆက်နေဟန် အသွင်ဆောင်နေသည်။ အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့် ရွှေတွေညွတ်နေအောင် ဝတ်ဆင်ထားသည်။ သည်မျက်နှာ သည်အသွင်ဖြင့် အနည်းငယ် ရင်းနှီးနေသလို ကျွန်မစိတ်က ထင်နေမိသည်။ ကျွန်မခြေလှမ်းများ အနည်းငယ် တုန့်ဆိုင်းသွား၏။ ရှေ့တိုးလျှောက်ရန် ခြေလှမ်းက ဇဝေဇဝါဖြစ်နေသည်။ ကျွန်မထံ လာပြဖူးသည့် နာမကျန်းသည့် ကလေးတစ်ဦး၏ မိခင်လား၊ အဒေါ်လား. . .။

သည်မျက်နှာလေး ငါမြင်ဖူးလိုက်တာ။

စိတ်ကူးထဲ ပုံဖတ်၍ကား မရသလို။ ကျွန်မကို ရင်းရင်းနှီးနှီး ပြုံးပြုံးရွှင်ရွှင်နဲ့ ပြုံးပြနေပါကောလား။ ကျွန်မကို အပြေးအလွှား လာနှုတ်ဆက်သည် ထင်ပါရဲ့။ ဝင်တော့ မတိုးလောက်ပါဘူး။ အကယ်၍ ကျွန်မကို ဝင်တိုက်ခဲ့သော် လဲပြိုမကျအောင် ကိုယ်နေဟန် အနေအထားကို ကျွန်မအဆင်သင့် ပြင်ဆင်ထားလိုက်သည်။ လှမ်းလျှောက်နေသော ခြေလှမ်းအရှိန်ကို သိသိသာသာ လျှော့ချထားလိုက်သည်။

အရိုးတွေ မခိုင်တော့သည့်အရွယ်။ ထိလွယ်ရှလွယ် ကျိုးအက်လွယ်သောအရွယ်မို့ သတိကား ပိုသည်မရှိပေ။

"ဟယ်. . . မမ"

"ဟင်. . . ကလေးတို့အမေ"

အမှတ်မထင် ဆုံတွေ့မှုက ကျွန်မကို အံ့အားသင့်စေသည်။ အတွေး တစ်ခုဖြင့်လည်း ရင်ထဲချမ်းမြေ့သွားသည်။ ကံကောင်းခြင်း သံစဉ်တစ်ခုပဲလား။ ကျွန်မဝမ်းသာခြင်းနှင့် မလုံမလဲ ဖြစ်နေမိသည်။

"ဝမ်းသာလိုက်တာ မမရယ်။ မမက လှတုန်းပတုန်းပဲနော်။ အမှတ် မထင်ဆုံတွေ့ရတာ ဝမ်းသာလိုက်တာ။ ကျွန်မတို့ ရန်ကုန်မှာ ပြောင်းနေတာ မကြာသေးဘူး။ဆေးရုံတံခါးဝက မမလျှောက်ဝင်လာကတည်းက ကျွန်မမှတ်မိ နေတာ။ မမနဲ့ လွဲသွားမှာစိုးလို့ ပြေးတွေ့တာ။ တစ်နေကုန် အပေါ်နှုတ်ခမ်း လှုပ်နေတာ ဒါကြောင့်ကိုး"

"ကလေးတို့အမေ ပြေးလျှောက်လာတာကို လှမ်းတော့မြင်တယ်။ ကျွန်မဆီပြေးလာမှန်း မထင်ဘူး။ အဝေးကဆိုတော့ ဘယ်သူဘယ်ဝါ ရုတ်တ ရက်မို့ မမှတ်မိဘူး။ အသက်တွေလည်း ရလာပြီကိုး။ ကလေးတို့အမေလည်း ဝိတ်နည်းနည်း များနေတယ်နော် လျှော့ဦး"

ကလေးတို့အမေက ကျွန်မလက်ကို ပိုင်ပိုင်စိုးစိုးနှင့် ဆုပ်ကိုင်ထား သည်။ ကျွန်မက သူ့ကို လက်ခံစကားမပြောဘဲ ထွက်သွားမှာကို စိုးရိမ်နေဟန်တူ သည်။ သူ့ခမျာ ဝမ်းသာလွန်းသည်နှင့် တူပါရဲ့။ မျက်ရည်များပင် ဝေ့နေသေး သည်။

"ကျွန်မလေ မမ၊ ဆေးရုံဆေးခန်းကြီးတွေ ရောက်တိုင်း မမတို့တာတွေနဲ့ တွေ့နိုးဆုံနိုး ရှာဖွေမိတာ အမောပဲ။ ကြော်ငြာဆိုင်းဘုတ်တွေမှာလည်း မမနာ မည် ရေးထားနိုး ရှာဖွေမိသေးတယ်။ ၂၅ နှစ်ဆိုတဲ့အချိန်က မနေ့တစ်နေ့ကလို တိုတိုလေးနော် မမ"

"အင်းပေါ့။ ဒါနဲ့ ကလေးတို့အမေ အခြေအနေကကော"

"အင်း. . . ကြွားတယ်ဖြစ်မှာလည်း စိုးတယ်။ ကျွန်မတို့ အရင်လို မဆင်းရဲတော့ဘူး မမ။ လုပ်ငန်းပေါင်းစုံကို အပင်ပန်းခံလုပ်ရင်းနဲ့ ခေတ် အပြောင်းမှာ အဆင့်မြင့်မြင့် နေထိုင်နိုင်ခဲ့ပြီ မမ။ ငါးပုဇွန်လုပ်ငန်းက ရခိုင်မှာ အရမ်းစီးပွားဖြစ်တယ်။ ခုရန်ကုန်-စစ်တွေ အဝေးပြေးကားလိုင်း ထောင်ထား တယ် မမ။ ဒီကနေ့တော့ စစ်တွေက ဦးရီးတော်တစ်ယောက် ဆေးရုံကို လာပြ ရင်း အဖော်အဖြစ် လိုက်လာခဲ့တာလေ။ ကံကောင်းချင်တော့ မမနဲ့ ဆုံတွေ့ရ တာပဲ။ ကျွန်မ အရမ်းဝမ်းသာတယ်။ ကိုဘသာသိရင် ထများခုန်လေမှာလား မသိဘူး"

တိုင်းရင်းသံဝဲဝဲဖြင့် ရေပက်မဝင်အောင် စကားဆိုသည်။ ကျွန်မ စာနာမိပါသည်။ သူမ ကျွန်မနှင့် ဆုံတွေ့ရခြင်းအတွက် အတိုင်းအဆမဲ့ ကြည်နူး ဝမ်းသာနေမည်မှန်း ကျွန်မတွက်ချက်နိုင်သည်။ သူတို့က စွန့်လွှတ်ခဲ့ကြရသူ များ မဟုတ်လား။ အောင့်အီးခဲ့ကြရသူများ မဟုတ်ပါလား။

အမှန်ဆို ကျွန်မက ရှောင်ပြေးချင်သူပါ။

သာကြောင်း၊ မာကြောင်းထက် ကျော်လွန်ပြီး သမီးလေးလှသန္တာ အကြောင်း မေးမြန်းလာခဲ့ပါလျှင် ကျွန်မဘယ်သို့ ဖြေရပါ့။ နှလုံးခုန်နှုန်းမြန်ပြီး ဒူးတွေ တဆက်ဆက်တုန်နေသလို ခံစားလာရသည်။ ကလေးတို့အမေအား မျက်နှာချင်းဆိုင် စူးစူးရှရှ ကြည့်နိုင်သည့်ခွန်အား မရှိတော့။ အကြည့်ချင်း မဆုံမိအောင် မျက်လုံးကို ကျွန်မတမင် ရှောင်ဖယ်နေဖြစ်သည်။

တစ်နေကုန် ကားမောင်းခဲ့ရ၍ ပင်ပန်းနွမ်းနယ်ခြင်းလား။ ရင်တွေ တုန်ပြီး အမြင်များ ဝိုးဝါးလာခဲ့သည်။ မိုက်ခနဲ ပြိုလဲမကျအောင် ဆေးရုံဧည့် ခန်းတွင်း ခုံလွတ်တစ်ခုတွင် နှစ်ယောက်သား ဝင်ထိုင်ဖြစ်၏။ ကလေးတို့အမေ မသိအောင် သက်ပြင်းငွေ့ငွေ့လေးကို မသိမသာ ခိုးခိုးရှိုက်နေဖြစ်သည်။

ရှောင်လွှဲရှောင်ဖယ် မရနိုင်သည့် အကြောင်းကရား။ ကြွကြွခိုင်ခိုင်နှင့် ရင်ဆိုင်နိုင်အောင် မသိမ်သာဖြင့် ကျွန်မအားမွေးဖြစ်သည်။ မေးလာခဲ့လျှင် လည်း အကောင်းဆုံး ဖြေဆိုနိုင်အောင်လည်း ပြင်ဆင်ထားမိသည်။

"ဒါနဲ့မမ သမီးငယ် အခြေအနေကော ဘယ်လိုလဲ။ ကျွန်မသမီးတွေ ကို တွေ့ချင်မြင်ချင်တာ အရမ်းပဲ။ ကတိသစ္စာ တစ်ခုကြောင့်သာ ကျွန်မတို့ လင်မယား အောင့်အီးနေခဲ့ကြရတာ။ မမတို့ကို အနှောက်အယှက်မဖြစ်အောင် ကြိုးစားနေခဲ့ရတယ်။ မမတို့က သူငယ်ချင်းတွေဆိုတော့ သမီးလတ်အကြောင်း လည်း သိနေမှာပေါ့။ သူတို့တွေကော ဘယ်လိုနေလဲ မမ"

ဟော. . . မေးပြီ။ မျှော်လင့်ထားသော မေးခွန်းများ ဖြေဆိုဖို့လည်း ခေါင်းကို အတော်ရှင်းယူလိုက်ရသည်။ တကယ်ဆိုကျွန်မ သူတို့ကို မတွေ့ရဲစရာ၊ စကားခွန်းဆို မပြောရဲစရာ မရှိပါဘူး။ သမီးလေး နေမကောင်းလို့သာ ကိုယ့် ဘက်က တာဝန်မကျေသလို၊ လိပ်ပြာမလုံသလို ခံစားနေရခြင်း ဖြစ်သည်။

"သမီးငယ်က အရမ်းဉာဏ်ကောင်းတာ။ ခုဆို တက္ကသိုလ်ကြီးတစ်ခုမှာ ပါမောက္ခကြီးတောင် ဖြစ်နေပြီသိလား။ ကလေးတို့အမေနဲ့ တူလို့လားမသိဘူး၊ ချောလည်း အင်မတန်ကိုချောတယ်။ စိတ်နေသဘောထားလည်း ကောင်းတယ်။ လိမ္မာလိုက်တာလည်းပဲ အရမ်းပဲ။ ဘာသာတရားနဲ့ ပတ်သက်ရင်လည်း

အသက်ကိုပဲ ပေးရပေးရ ဆိုတာမျိုး။ အိမ်ထောင်ပြုပါတော့လို့ တိုက်တွန်းပေမယ့် အမေနဲ့ မခွဲနိုင်ပါဘူးဆိုပြီး နွဲ့ဆိုးဆိုး အချိန်ဆွဲနေတာ။ သမီးချစ်သူက ဂျပန်မှာ ပညာတော်သင်နဲ့ ရောက်နေတာလေ။ မိကောင်းဖခင် သားသမီးပါ။ သမီးလတ်လည်း တော်တာပါပဲ။ အထူးကုဆရာဝန်တောင် ဖြစ်နေပြီ။ ပဲခူး ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေလေရဲ့။ ရှေ့လထဲ အင်္ဂလန်ကိုသွားပြီး ပါရဂူဘွဲ့အတွက် စာသင်သွားရမယ်"

ကျွန်မရွှန်းရွှန်းဝေအောင် ပြောလိုက်မိသည်။ ကလေးတို့အမေ ခုန်ပေါက်မတတ် ပျော်ရွှင်နေ၏။ သူ့ကိုကြည့်ပြီး ကျွန်မစိတ်ထဲ ချမ်းမြေ့နေသည်။

"ဟယ်. . . ဟုတ်လား၊ ကျွန်မသမီးတွေက အကုန်လုံး ထူးချွန်ကြတာပဲ။ သမီးကြီးဆိုလည်း ဆယ်တန်းအောင်တော့ ဂုဏ်ထူးတွေ တစ်သီကြီးနဲ့။ ဆေးကျောင်းဝင်ခွင့်ရဖို့ နှစ်မှတ်အလိုနဲ့ ကပ်လွဲသွားခဲ့တာ။ အဲဒါနဲ့ သူနာပြုတက္ကသိုလ်ကို တက်တယ်။ ပြီးမှ ဩစတေးလျမှာ အလုပ်သွားလုပ်နေတယ်။ ဒီသမီးလေးတစ်ယောက်ပဲ ရှိနေတာ မသွားပါနဲ့လို့ တားလို့မရဘူး။ အတွေ့အကြုံရအောင် သွားပါရစေဆိုပြီး တားနေတဲ့ကြားက သွားတာပဲ။ ခုခေတ်ကလေးတွေများ ပြောရဆိုရ ခက်လိုက်တာလေ။ ဒါနဲ့ မမကကော ခုချိန်ထိ အပျိုကြီး ပဲလား"

"သမီးတောင် ၂၅ နှစ် ပြည့်တော့မယ်။ နောက်တစ်နှစ် နှစ်နှစ်ဆို ကျွန်မလည်း ပင်စင်ယူရတော့မယ်။ အပျိုကြီးဘဝနဲ့ပဲ ဒီတစ်သက် အရိုးထုတ်ရတော့မှာပေါ့။ သမီးလတ် အမေကတော့ သူငယ်ချင်း ဆရာဝန်နဲ့ပဲ အိမ်ထောင်ကျသွားတယ်။ သားသမီးတော့ မထွန်းကားဘူးပေါ့။ သမီးလတ် တစ်ယောက်တည်းကိုပဲ ရူးရူးမူးမူး ချစ်ကြရှာတာ။ သူပင်စင်ယူပြီးရင် အမေရိကမှာ သွားနေဖို့ စီစဉ်ထားပုံရတယ်။ ကြည့်. . . ကလေးတို့အမေ ကလေးတွေရဲ့ အတိတ်ဘဝကံ ဘယ်လောက်ကောင်းကြသလဲ။ တစ်ခုပဲရှိတယ် ကလေးအမေရယ်။ သမီးငယ်နဲ့ ပတ်သက်လို့ မပြောမဖြစ်ပြောရမယ့် အကြောင်းအရာလေးတွေ ရှိနေတယ်။ ဘဝပေးကောင်းသော်လည်း သမီးငယ် ကံဆိုးရှာတယ်။ ကျန်းမာရေး မကောင်းရှာဘူး"

ကြာရှည်အောင့်ထားနိုင်စွမ်း မရှိတော့၍ စကားလုံးများ ကျွန်မနှုတ်ဖျားမှ ဟန့်တားချိန်မရဘဲ ထွက်သွားသည်။ တစ်ဖက်လူ မျက်နှာအသွင်အပြင် အမျိုးမျိုး ပြောင်းလဲသွား၏။ ပြောပြီးမှ နောင်တရမိသလို ခံစားရသည်။

"ဘယ်လိုမကျန်းမာတာလဲ မမ၊ ကျွန်မရင်ထိတ်လိုက်တာ အရမ်း

အရမ်းကို ဆိုးနေတာလား။ ကုရင်မပျောက်နိုင်ဘူးတဲ့လား။ သူ့အဖေ ကိုဘသာ သိရင် ယူကျုံးမရ ဖြစ်နေဦးမယ်။ သူ့ခင်မျာ ဒီသမီးသုံးယောက်အတွက် နွားလို ရုန်းခဲ့ရှာတာ၊ ရင်ကွဲနာလို့ပဲ အမည်တပ်ရမလား မသိဘူး။ ကျွန်မတို့ ကလေး တွေပေးခဲ့ရပြီး တစ်နှစ်လောက်က ကိုဘသာ အရူးတစ်ယောက်လိုပဲ။ 'အဇိမ်း စိပ်ကေ' သီချင်းဆိုပြီး ကလေးရူး,ရူးတော့တာပဲ။ မနည်းကို ဆေးကုယူလိုက် ရတယ်။ သူက ယောကျ်ားပေမယ့်လည်း အသည်းက သိပ်နုတယ်။ နောက်ပိုင်း သမီးတွေနဲ့ ခွဲနေရတဲ့ ဝေဒနာမှန်သမျှ အလုပ်ထဲ နစ်ထားနိုင်ခဲ့တယ်။ ဆင်းရဲလို့ သူအသုံးမကျလို့ ဘုရားပေးတဲ့ သမီးနှစ်ယောက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရတာ ပါဆိုပြီး မူးမူးနဲ့ ငိုတဲ့အခါ ငိုသေးတယ် မမ။ ကံတရားက မျက်နှာသာပေးလို့ လားမသိဘူး။ လုပ်သမျှ အောင်မြင်တယ်၊ ထင်သမျှ ပေါက်ရောက်တယ်။ သမီး တွေကို လက်ဆောင်ပေးမယ်ဆိုပြီး ရန်ကုန်မှာ ပုံစံတူ တိုက်သုံးလုံး ဆောက်နေ လေရဲ့။ ခုဆို သမီးတွေအတွက် ချမ်းသာတဲ့ မိဘနှစ်ပါးကို ပိုင်ဆိုင်ပြီလို့တောင် ဆိုနိုင်တယ် မမ။ ကျွန်မမွေးခဲ့တဲ့ သမီးသုံးယောက်ထဲက တစ်ယောက်ယောက် ဘာမှဖြစ်လို့ မဖြစ်ဘူးနော် မမ။ ကိုဘသာ သေသွားလိမ့်မယ် မမ။ မမပြောလေ၊ သမီးငယ်အခြေအနေ သိပ်ဆိုးနေသလား"

ငိုငိုပြောပြောနှင့် ကလေးတို့အမေက မေးပြော,ပြောတော့သည်။

ကလေးတို့အမေ ကျွန်မပေါင်ကို တွန်း၍မေးသည်။

"ကျွန်မကို အပြစ်တင်ရင်တင်ပေါ့ ကလေးတို့အမေရေ။ ကျွန်မသမီး ကို သေချာစောင့်ရှောက်ပြီး တယုတယနဲ့ မွေးဖွားခဲ့တာပါ။ သတ္တဝါတစ်ခု၊ ကံတစ်ခုလို့ ပြောကြတယ် မဟုတ်လား။ သမီးလေးက ငယ်ငယ်ကတည်းကပင် ချူချာတယ်၊ အဖျားအနာလည်းများတယ်။ အရွယ်လေးရလာတော့ လေးဖက်နာ ဖြစ်တယ်။ အဆစ်အမြစ်တွေ ရောင်ရမ်းတာပေါ့။ အဲဒီရောဂါတွေ သက်သာဖို့ အကိုက်အခဲပျောက်ဆေးတွေ အချိန်မှန်သောက်ခဲ့ရာကနေ ကျောက်ကပ်ကို ထိသွားတယ်။ တစ်နှစ်ကျော် နှစ်နှစ်အတွင်း ကုရင်းကုရင်းကနေ ကျောက်ကပ် ဆေးရတဲ့ အဆင့်ထိ ရောက်လာတယ်။ အဲဒီကနေ အခုဆို ကျောက်ကပ်အစား ထိုးကုသမှု ခံယူရမှ အသက်ရှင်ခွင့်ရမယ့် အနေအထားပဲ ကလေးတို့အမေ"

ကျွန်မကရှင်းသည်၊ ရှင်းပြော,ပြောရင်းနှင့် အသံတွေ တိမ်ဝင်သွား သည့် အခါများလည်းရှိသည်။ ကြေကွဲမှုက ရင်ထဲမှာ အပြည့်အသိပ်နှင့်။

"အလို ဘုရား. . . ဘုရား မထိတ်သာ မလန့်သာဘဲ မမရယ်၊ ကျောက် ကပ်အစားထိုး ကုသတယ်ဆိုတာ ဘယ်လိုဟာမျိုးတုန်း။ ကျောက်ကပ်ကိုဝယ်ပြီး

အစားထိုးလို့ မရဘူးလား။ ကျွန်မတို့မှာ ပြောခဲ့သလိုပဲ ငွေတွေအများကြီး ရှိနေပါပြီ မမ။ ငွေဘယ်လောက်ကုန်ကုန် ကျွန်မတို့ ကျောက်ကပ်ဝယ်ပြီး အစားထိုးရင် မရဘူးလား"

"အဲသလိုတော့ ဘယ်ရပါမလဲ၊ ဆွေမျိုးရင်းချာ၊ သားသမီး၊ ညီအစ်ကိုမောင်နှမ တစ်ယောက်ယောက်ကနေ နှစ်လုံးရှိတဲ့ ကျောက်ကပ်ထဲက ကျောက်ကပ်တစ်လုံးကို ဖြုတ်လှူရင်ရတယ်။ ဆွေမတော်၊ မျိုးမတော်ပေမယ့် သွေးအုပ်စုတူရင် နိုင်ငံခြားမှာ အစားထိုးကုသလို့ရတယ်။ တစ်ခုရှိတာက ရောဂါဘယကင်းပြီး ကျန်းမာဖို့တော့ လိုတာပေါ့"

"နားလည်ပြီ မမ၊ ဒီလိုလုပ်ပါလား၊ ကျွန်မဒီကနေပြန်ရင် ကိုဘသာနဲ့ တိုင်ပင်မယ်၊ ကျွန်မတို့ သမီးလေးအတွက် ကျွန်မတို့ နှစ်ယောက်ထဲက တစ်ယောက်ယောက် ပေးလှူမှာပေါ့။ ကတိပြုထားတဲ့ရက်တော့ မရောက်သေးဘူး။ ဒါပေမဲ့ ကျွန်မတို့ သမီးငယ်ကို တွေ့ဖူး၊ မြင်ဖူး နှစ်သိမ့်မှုတွေ ပေးချင်တယ် မမ၊ အဲဒါလေး မမခွင့်ပြုရင် တွေ့ချင်ပါတယ်"

"တွေ့ရမှာပေါ့. . . တွေ့ရမှာပေါ့"

ကလေးတို့အမေအား ကျွန်မလွယ်လွယ်နဲ့ ကတိပေးဖြစ်သွားသည်။ လက်ငင်းချက်ချင်း ပေးတွေ့၍ကား မဖြစ်သေး။ သမီးလေး ကျောက်ကပ်ဆေးထားခြင်းကြောင့် နွမ်းနယ်နေပေလိမ့်မည်။ သွေးရင်းသားရင်းပေမယ့် စိမ်းနေ၍ ဧည့်အဖြစ် လက်ခံတွေ့ဆုံရမည်ကိုလည်း ဝန်လေးနေပေလိမ့်မည်။ မနက်ဖြန် တစ်ရက်နားခိုင်းပြီး နောက်တစ်နေ့ ရွှင်ရွှင်လန်းလန်းနှင့် နေထိုင်ကောင်းချိန် တွေ့ပေးလျှင် ပို၍သင့်တော်ပေလိမ့်မည်။ လိပ်စာကဒ်လေးကို လက်ထဲထိုးထည့်ပေးရင်း ရက်နှင့်အချိန် သတ်မှတ်ပေးလိုက်သည်။ သမီးလေး ဤဆေးရုံတွင် ကျောက်ကပ်ဆေးနေခြင်းကိုမူ မပြောပြမိပါ။

ကျွန်မတို့ လမ်းခွဲလိုက်ကြသည်။

သမီးလေး နားခိုရာအဆောင်သို့ ကျွန်မထွက်လာခဲ့သည်။ နွမ်းနယ်သမျှ လန်းဆန်းနေ၏။ ရင်ထဲ၌လည်း ပေါ့ပါးရွှင်လန်းနေသည်။ ကျွန်မ ခြေလှမ်းကြွကြွလေးဖြင့် လှမ်းလျှောက်ဖြစ်သည်။ သမီးလေးအား နတ်သိကြားမပြီ ထင်ပါရဲ့။

ဝဋ်ကြွေးကုန်ပြီ ထင်သည်။

လူဟူသည် ဝဋ်ကြွေးရှိသမျှ ပေးဆပ်ရစမြဲပါ။

×××

"အန်တီတို့ ဦးကြီးတို့ စဉ်းစားပေးကြပါဦးနော်။ သမီးကြောင့် အန်တီတို့အနာဂတ် ဘဝလမ်းကြောင်း မှေးမှိန်မသွားစေချင်ပါဘူး။ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို ဖြတ်ထုတ်လှူဒါန်းတယ်ဆိုတာ အန္တရာယ်က မသေးဘူးနော်။ သာမန်သွေးလှူဒါန်းတာမျိုးနဲ့ မတူဘူး။ သေချာစဉ်းစားကြပါဦး၊ အလွယ်အလွယ်နဲ့ ဆုံးဖြတ်ချက် မချလိုက်ပါနဲ့"

သမီးလေးက ညှိုးညှိုးငယ်ငယ်နှင့် ပြောသည်။ သမီးငယ်သည် ငယ်ငယ်ကပင် သူ့အတွက် တစ်ပါးလူ ဝန်ထုပ်ဝန်ပိုး ဖြစ်မည်ကို လိုလားသူကား မဟုတ်ပေ။ သူသာ အနစ်နာခံချင်သည်။

"အို. . . သမီးက ဘာမှ တွေးပူမနေပါနဲ့၊ နောက်ဖြစ်လာမည့် အကြောင်းအရာတွေက နောက်အကြောင်းတရားတစ်ခု၊ လောလောဆယ် သမီးက အန်တီတို့လှူဒါန်းတဲ့ ကျောက်ကပ်ကို လက်ခံရယူ ပိုင်ဆိုင်ဖို့ပဲ။ သမီးအမေက အန်တီတို့ရဲ့ ကျေးဇူးရှင်။ ဒီကျေးဇူးတရားကို အန်တီတို့လင်မယား ကျောက်ကပ်လှူဒါန်းခြင်းနဲ့ ပေးဆပ်ချင်တယ်။ ပေးဆပ်ခွင့်ပြုပါ သမီးရယ်"

ကလေးတို့အမေက နားဝင်အောင် ပြောတတ်ဆိုတတ်သည်။ ကိုဘသာက အသံတိတ်။ သူ့မျက်နှာ သွေးရောင်သမ်းနေသည့် သမီးလေးဖြစ်အင်ကိုကြည့်ပြီး သူတို့ရင်ထဲ မည်သို့သော စိတ်ဝေဒနာ ခံစားနေရမည်ကို ကျွန်မ တွက်ချက်ကြည့်နေမိသည်။ ပူလောင်ပြင်းပြနေမည်မှာ သေချာသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရသော သမီးလေး၊ တွေ့မည့်တွေ့တော့လည်း သေမင်းနှင့် စစ်ခင်းနေရှာသည်။ အနိုင်မတိုက်နိုင်လျှင် အသက်ပေးသွားနိုင်သည်။

အများအတွက်သာ အမြဲတစေ စဉ်းစားလေ့ရှိသော သမီးလေး၏ စေတနာစကားကို ကျွန်မနားလည်သည်။ လက်ခံ,မခံအကြာကြီး ဆွေးနွေးကြ၏။ အစက အင်တင်တင်၊ နောက်ဆုံးသမီးလေး ခေါင်းညိတ်လိုက်သည်။ သမီးလေး အဆုံးအဖြတ်ကြောင့် ကျွန်မတို့အားလုံး ပျော်ရွှင်ခွင့်ရသည်။ ကိုဘသာ ရေးရေးကလေး ပြုံးနေ၏။ ကလေးတို့အမေက စွင့်စွင့်ကားကား ပြုံးသည်။ ထိုနေ့က သူတို့ထမင်းလက်ဆုံ စားဖြစ်ကြသည်။ ကျွန်မက ထမင်းဟင်းကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်တတ်သူ မဟုတ်ပေ။ ကလေးတို့အမေက ဈေးဝယ်ချက်ပြုတ်ခြင်းဖြစ်သည်။ ရခိုင်ချက် မစားရသည်မှာ ကြာပြီဖြစ်သော ကျွန်မအဖို့ ခံတွင်းမြိန်လိုက်တာ။ လွန်ခဲ့သော ၂၅ နှစ်တာက တာဝန်ထမ်းဆောင်ခဲ့ဖူးသော စစ်တွေကို လွမ်းဖြစ်ပါသေးသည်။

သမီးလေးက ကျောက်ကပ် ဆေးပြီးစ ရွှင်လန်းနေသည်။ သူနေကောင်းလျှင် ကျောက်တော် မဟာမုနိဘုရားကို ဖူးမျှော်ချင်ကြောင်း၊ မြောက်ဦးမြို့တစ်ခွင် ဘုရားစုံဖူးလိုကြောင်း၊ အန်တီတို့ လိုက်ပို့ပေးရမည်ဟု ပြောသည်။

■
နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရ
သမီးလေး၊
တွေ့မည့်တွေ့တော့လည်း
သေမင်းနှင့် စစ်ခင်းနေရသည်
အနိုင်မတိုက်နိုင်လျှင်
အသက်ပေးသွားနိုင်သည်။
■

ကလေးတို့အမေက ဝမ်းသာအားရနှင့် ကတိကဝတ် ပြုသည်။ အမှတ်ရစရာ နေ့ရက်ကလေး တစ်ရက်ဖြစ်ခဲ့သည်။ ကျွန်မမိတ်ဆွေ ဆရာဝန်များ အကူအညီဖြင့် အင်္ဂလန်ရှိ ဟန်းမားစမစ် ကျောက်ကပ်ဆေးရုံသို့ အီးမေးလ်မှတစ်ဆင့် အဆက်အသွယ်လုပ်သည်။ ကိုဘာသာတို့ ဇနီးမောင်နှံအား မြန်မာပြည်မှ ကျောက်ကပ်အထူးကု ဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးပေး၏။ ထွက်လာသော အဖြေများကို အင်္ဂလန်သို့ ပို့ပေးရသည်။ ဩဂုတ်လ တစ်ရက်နေ့တွင် ကုသမှုပြုလုပ်ပေးမည်ဟု အကြောင်းပြန်စာ လက်ခံရရှိ၏။

ကလေးတို့အမေနှင့် ကိုဘာသာ၊ ပြီးတော့ ကျွန်မနှင့် သမီးလေး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရသည်နှင့် နိုင်ငံကူး လက်မှတ် လျှောက်ထားကာ အင်္ဂလန်သို့ ထွက်လာခဲ့ကြသည်။ မျှော်လင့်ချက်ကိုယ်စီနှင့်. . .

အင်္ဂလန် နိုင်ငံတကာလေဆိပ်သို့ ရောက်သည်နှင့် ဟန်းမားစမစ်ဆေးရုံမှ လူနာတင်ကားက လာကြိုသည်။ အင်္ဂလန်တွင် တည်းခိုနေထိုင်ရန် မိတ်ဆွေဆရာဝန်ကြီးက တိုက်ခန်းတစ်ခန်း ငှားရမ်းပေးထားသည်။ ဆေးရုံနှင့် မနီးမဝေးတွင် ဖြစ်သည်။

ဟန်းမားစမစ်က ဆရာဝန်များ သမီးလေးကို စမ်းသပ်စစ်ဆေးမှုများ သိပ်မလုပ်တော့။ ကျောက်ကပ်လက်ခံနိုင်မည့် အခြေအနေ တစ်ချို့ကိုသာ စစ်ဆေးသည်။ အင်္ဂလန်တွင် နေထိုင်စဉ်လည်း ကျောက်ကပ်ဆေးရ၏။ ဆေးဝါးများလည်း နေ့စဉ်သုံးစွဲရသည်။ သမီးလေး အခြေအနေက အင်္ဂလန်ရောက်မှ တိုးတက်ကောင်းမွန်လာသည်ကို မြင်ခွင့်ရသည်။

ကျောက်ကပ်ဆေးနိုင်လေ ကျောက်ကပ်အစားထိုး ကုသမှုရလဒ် ပိုကောင်းမွန်မည်ဟု သူတို့ကဆိုသည်။ ကျောက်ကပ်လှူဒါန်းမည့် ကိုဘာသာ

အပယ်ခံထိသွားသည်။ သွေးတိုးရောဂါ အနည်းငယ် ဖြစ်ချင်နေသည်တဲ့လေ။ ထိုနေ့ကစပြီး ကိုဘသာ ခေါင်းမမော့နိုင်တော့။ ခေါင်းငိုက်ကျပြီး အပြောအဆို နည်းသွားသည်။ အရက်ကိုလည်း လိုတာထက် ပိုသောက်လာခဲ့သည်။

ဒုတိယအလှူရှင် ကလေးတို့အမေအား စစ်ဆေးပြန်သည်။ ဆရာဝန်အဖွဲ့ ခွင့်ပြုသော်လည်း နိုင်ငံလုံးဆိုင်ရာ ဘုတ်အဖွဲ့မှ ပယ်ချလိုက်သည်။

သွားပြီ၊ ကမ္ဘာပျက်ပြီး အားလုံးငိုမဲ့မဲ့ ဖြစ်ကုန်သည်။ သမီးလေးကုသိုလ်ကံက သည်မျှထိပင် ဆိုးသလား။ အင်အားများ ကုန်ခမ်းကာ အိပ်ရာပေါ် ဘုံးဘုံးလဲမတတ် ကျွန်မခံစားလိုက်ရသည်။ ဟန်းမားစမစ်က ဆရာဝန်များကလည်း ဆရာဝန်ဖြစ်သော ကျွန်မကို စိတ်မကောင်းဖြစ်ကြောင်း လာပြောသည်။

သည်အတိုင်းဆို ကျွန်မတို့အားလုံး ရန်ကုန်ပြန်ရုံပဲ ရှိသည်။

×××

လေလွင့်ဌက်ပမာ ကျွန်မစိတ်ပျက်ပျက်နှင့် အင်္ဂလန်တစ်ခွင် ဟိုသွားသည်သွား လုပ်နေမိသည်။ ဆေးပညာသင် မိတ်ဆွေများထံ သွားရောက်၍လည်ပတ်လိုက်သည်။ ရင်ဖွင့်စကားဆို၏။ ငိုသည့်အခါငို၍ ရယ်သည့်အခါရယ်ဖြစ်သည်။ ရန်ကုန်ပြန်မလား၊ ကျောက်ကပ်အလှူရှင်ရှာ၍ နောက်တစ်ကြိမ်ပြန်လာခဲ့ရင် ကောင်းမလား။ မည်သူမျှ အကြံမပေးနိုင်ကြ။

ကျွန်မတည်းခိုရာသို့ ပြန်နားခိုဖြစ်သည်။

ကိုဘသာသည် အမြဲလိုလို ငုတ်တုတ်ကလေး ထိုင်နေ၏။ အင်္ဂလန်ရာသီဥတုက အလွန်ဆိုးသည်။ ဆေးရုံသွား၍ သမီးလေးကို နှစ်သိမ့်ဖြစ်သည်။ သမီးလေးက ယခင်ထက်ပို၍ ကျန်းမာလာသည်။ ကိုဘသာတို့ ဇနီးမောင်နှံကျောက်ကပ်လှူဒါန်းသူ စာရင်းမှ အပယ်ခံရသည်ကို ကျွန်မ,မပြောဖြစ်သေး။

သမီးလေးက မျှော်လင့်ချက်များစွာဖြင့် ပျော်ရွှင်နေသည်။ သမီးလေးပျော်ရွှင်မှုက ကျွန်မရင်ကို လာ၍မှန်သည်။ သမီးလေး၏ မျှော်လင့်ချက်ဖြင့်ပျော်ရွှင်မှုကို မဖြည့်စွမ်းနိုင်ခဲ့လျှင်ကား ကျွန်မအဖို့သွားပြီ။

အကြောင်းအမျိုးမျိုးကြောင့် ကျွန်မတို့အားလုံး မြန်မာပြည်သို့ ပြန်သွားရလျှင် သမီးလေး၏ ရင်ထဲကဆူးကို နှုတ်ရခက်သွားပေဦးမည်။

ကျွန်မစိတ်သောက များစွာဖြင့် အခန်းတံခါးဝမှ အပြင်သို့ လှမ်းလျှောက်ကြည့်နေမိ၏။ ကလေးတို့အမေက ညနေစာ ချက်ပြုတ်ရင်းက ကျွန်မ

နားသို့ ရောက်လာခဲ့သည်။

"မမ စိတ်ဓာတ်တွေ အရမ်းကျနေသလား။ ကျွန်မတို့မှာ အခွင့်အလမ်းတွေ အများကြီး ရှိပါသေးတယ်။ ကျွန်မကို သမီးကြီးနဲ့ ဆက်သွယ်ပေးပါ။ အဖြစ်မှန်တွေကို ဖွင့်ပြောပြီး အလှူခံမယ် မမ။ သူညီမဆိုတော့ သွေးကစကားပြောလိမ့်မယ် ထင်တယ်"

အေးစက်နေသောသွေးများ ဆူပွက်ရွှေ့လျား သွားဟန်တူသည်။ ကွန်ပျူတာကိုဖွင့်၍ Facebook အကောင့်ကို ဖွင့်လိုက်မိသည်။ ဩစတေးလျနိုင်ငံတွင်ရှိသော သမီးကြီးထံ ဆက်သွယ်ဖြစ်သည်။ အလုပ်မအားတာလား၊ အင်တာနက် ဖွင့်မကြည့်လို့လားမသိ၊ ဆက်သွယ်၍မရ ဖြစ်နေသည်။ ထိုစဉ်တွင် ကျွန်မထံသို့ အီးမေးလ်ကတစ်ဆင့် စာတစ်စောင်ဝင်လာသည်။ အင်္ဂလန်တွင်နေထိုင်ပြီး MRCP ဘွဲ့ တက်ရောက်သင်ကြားနေသော သမီးလတ် စောသန္တာထံမှဖြစ်သည်။ သူသည် ဒေါက်တာအောင်ဝင်းနှင့် ဒေါက်တာမသက်မွန်တို့၏ သမီးရင်းမဟုတ်ဘဲ မွေးစားသမီး ဖြစ်နေကြောင်းကို အမေနှင့်အန်တီတို့ အပြန်အလှန် ပြောဆိုနေမှုအရ ကြားသိရပါကြောင်း၊ အင်္ဂလန်သို့ မထွက်ခွာမီ အမေ့အား ပွင့်ပွင့်လင်းလင်း မေးခဲ့ပါကြောင်း၊ အမေကလည်း မိဘရင်းများမှာ ကိုဘသာနှင့် မအေးနုသာဖြစ်ကြောင်း၊ သူတို့တွင် အမွှာညီအစ်မ သုံးယောက်ရှိပြီး အငယ်ဆုံးညီမမှာ ဒေါက်တာ၏သမီး နာတာရှည်ရောဂါကြောင့် ကျောက်ကပ် အစားထိုးရမည်ဖြစ်ကြောင်း အန်တီရဲ့ gmail နံပါတ်တွေပေးကြောင်း၊ ကျောက်ကပ်လှူဒါန်းလိုလျှင်လည်း လှူဒါန်းဖို့ခွင့်ပြုကြောင်း အကျယ်တဝင့်ရေးသားထားပြီး၊ အကယ်၍ ကျောက်ကပ်လှူခွင့်ရှိလျှင် လှူဒါန်းခွင့်ပြုပါရန် ပန်ကြားထားခြင်းပင် ဖြစ်သည်။

ကျွန်မ ထခုန်မတတ် ဖြစ်သွား၏။ ကလေးတို့အမေအား တင်းကြပ်စွာ ဖက်ရင်း ဝမ်းသာအားရ ပြောဖြစ်သည်။ ကျွန်မပြန်စာ ပို့ဖြစ်သွားသည်။ စောသန္တာသည် ဟန်းမားစမစ်ဆေးရုံသို့ ရောက်ရှိလာ၏။ သမီးငယ်အား အကျိုးအကြောင်း ပြောပြပြီးသည်နှင့် ယင်းဆေးရုံမှ ဆရာဝန်ကြီးအား အကြောင်းကြားသတင်းပို့သည်။ စစ်ဆေးမှု အမျိုးမျိုးပြုလုပ်၏။ အားလုံးကောင်းမွန်သဖြင့် လှူဒါန်းခွင့် ပြုလိုက်သည်။

ဩစတေးလျမှ သမီးကြီးကလည်း စာရပြီး တစ်ပတ်အကြာ ဟန်းမားစမစ်သို့ ရောက်ရှိလာသည်။ ကျောက်ကပ်လှူခွင့်မရ၍ အမေနှင့်အဖေကို တပျော်တောက်တောက်ဖြင့် ရန်စကားဆိုသည်။ အမြဲတမ်းလိုလို တွေတွေဝေဝေ

ကြီးဖြင့် ခပ်တည်တည်နေတတ်သော ကိုဘသာ၏ မျက်ဝန်းတွင် အပြုံးများ ဝေလာသည်။

ညီအစ်မ သုံးယောက်၏ ဆက်ဆံရေးက နွေးထွေးလွန်းလှ၏။ တိုက်တိုက်ဆိုင်ဆိုင် အောက်တိုဘာ ၂၅ ရက်နေ့တွင် ကျောက်ကပ်အစားထိုး ကုသမှုလုပ်သည်။ သူတို့သုံးယောက်၏ မွေးနေ့လက်ဆောင်အဖြစ် ကျောက်ကပ်အစားထိုးခြင်း အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

သမီးငယ် ရှူရှူးထွက်သွားသည့်နေ့က အပျော်ဆုံးနေ့ပင် ဖြစ်သည်။ ကျွန်မတို့ မိသားစုဝင်အားလုံး အခန်းတံခါးဝမှ၊ အပေါက်ကလေးထဲက သမီးငယ်ကို ချောင်းချောင်းကြည့်ခွင့်ရသည်။ သမီးကြီးက သူ့ညီမအတွက် နေ့ညသူနာပြု တာဝန်ယူသည်။ သမီးငယ်အခြေအနေက တစ်နေ့ထက်တစ်နေ့ ကျန်းမာလာ၏။ ပထမဆုံး အစား,စားခွင့် ရသည့်နေ့၊ ပဲပြုတ်နှင့် ထမင်းကြော် စားချင်လို့ရယ်၊ ခံတွင်းတောင်းသည်။ အင်္ဂလန်တွင် ပဲပြုတ်နှင့် ထမင်းကြော် စားခွင့်ရခဲ့သည်။ ငါးရံ့ခြောက်မွမွလေးကို ဆီဆမ်းသည်ပင် ပါ,ပါရဲ့လေ။

အင်္ဂလန်တွင် ခြစ်ခြစ်တုန်အောင်အေးသည်။

ကိုဘသာနှင့် ကလေးတို့အမေအား အင်္ဂလန်အနှံ့ လိုက်ပို့ဖြစ်သည်။ ကျွန်မတို့တစ်တွေ ကျောက်ကပ်၏ စိန်ခေါ်မှုကို တွန်းလှန်နိုင်ခဲ့ကြပါပြီ။

xxx

"ညီမလေး. . . နေသာတယ်နော်"

"နေသာပါတယ် အစ်မတို့ရယ်၊ နေ့နေ့ညည တစ်မှေးမှ မအိပ်ဘဲ ပြုစုစောင့်ရှောက်ပေးတဲ့ အစ်မကြီးကို ကျေးဇူးတင်ပါတယ်။ ကျောက်ကပ်လှူပေးတဲ့ အစ်မလတ်ကိုလည်း ကျေးဇူးအရမ်း,ရမ်းပါပဲ။ ဒီသမီးသုံးယောက်ကို မွေးဖွားပေးခဲ့တဲ့ အဖေနဲ့အမေရယ်၊ ကျွေးမွေးစောင့်ရှောက် ကြီးပြင်းအောင်မွေးတဲ့ အမေရယ်၊ ကျေးဇူးကမ္ဘာပါပဲ။ ကျွန်မတို့ ညီအစ်မသုံးယောက်ရဲ့ ဘဝပေးကုသိုလ်ကံတွေ ကံဆိုးသလိုလိုနဲ့ တကယ်ကို ကောင်းမွန်တာပါ။ ရင်ခွင်တစ်ခုစီမှာ တကွဲတပြားစီ နားခိုခွင့် ရခဲ့ကြပေမယ့် အားလုံးရဲ့ အခြေအနေက ကျေနပ်စရာချည်းပါပဲ။ တို့တစ်တွေအတွက် ကျွေးမေမေ၊ မွေးမေမေလို့သာ အဓိပ္ပာယ်သတ်မှတ်ချက် ကွာခြားပေမယ့် အမေအားလုံးကတော့ အမေပါပဲ"

"ဟုတ်တယ်လေ၊ သမီးတို့အားလုံးကလည်းပဲ မေမေတို့ရဲ့သမီးတွေချည်းပါပဲ"

ကျွန်မနှင့် ကလေးတို့အမေက အလုအယက် ပြောဖြစ်ကြသည်။

"ဒါပေမဲ့ တို့အဖေကြီးကတော့ တစ်ယောက်တည်းနော်"

"ဟုတ်တယ်. . . ဟုတ်တယ်. . . ဟီး. . . ဟီး"

"ဒီလိုပြောလို့ မရဘူးလေ သမီးတို့ရယ်၊ အမေရိက,က ဒေါက်တာအောင်ဝင်းကလည်း သမီးတို့အဖေပဲ။ ဒါနဲ့ ရန်ကုန်ပြန်လို့ သန်းခေါင်စာရင်းကောက်လို့ ဘာလူမျိုးလို့မေးရင် ဘယ်လိုဖြေကြမှာတုန်း"

"အဖေက ရခိုင်၊ အမေက ရခိုင်၊ ကျွန်မတို့တစ်တွေကလည်း ရခိုင်ပါပဲလို့ ဖြေရုံရှိတော့တာပေါ့ အမေရယ်"


ကျွန်မ "ဗုဒ္ဓေါ" ဘုရားတဖြစ်သွားသည်။

ရင်ထဲတွင် စူးလေးတစ်စူး စိုက်ဝင်သွားသည်။ သို့သော် ကျွန်မတရားနှင့် ဖြေဖြစ်ပါသည်။

သမီးသုံးယောက်နှင့် အမေနှစ်ယောက်၏ ပျော်ရွှင်နေမှုနှင့် မျိုးစောင့်တရားကို ဒေါက်တာအောင်ဝင်းနှင့် မသက်မွန်တို့ မြင်ခွင့်၊ တွေ့ခွင့်၊ ကြားသိခွင့်ရခဲ့ပါလျှင်. . . ။

မြတ်ပန်းသဇင်မဂ္ဂဇင်း
ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်)၊ ၂၀၁၅ ခုနှစ်။

❑



# မသေကောင်း၊ မပျောက်ကောင်း

(ကျန်းမာရေး)

(၁)

ဇက်က တောင့်ပြီး နာသည်။

ခေါင်းတစ်ခြမ်းလုံးလည်း အုံနေ၏။ မေးရိုးနှစ်ဖက်လုံး နာကျင်ပြီး ကျုပ် ရုတ်တရက် အိပ်နေရာမှ ထိုင်လျက်သား နိုးလာသည်။ ပခုံးတွေလည်း နာလိုက်တာ။ ဘာများ ဖြစ်နေပါလိမ့်။ တစ်ကိုယ်လုံးလည်း ချွေးများဖြင့် နစ်နေသည်။

ခုတင်ပေါ်မှဆင်း၍ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။ မီးခလုတ် အားလုံးကို ဖွင့်လိုက်၏။ လင်းထိန်သွားသည်။ ပရုတ်ဆီ၊ ဦးစိုင်းလိမ်းဆေးများဖြင့် ပူနွေးအောင်လိမ်းသည်။ ပူရှိန်းသွား၏။ ကျုပ် စိုးရိမ်စိတ်များ ဝင်နေသည်။


2012

ခံတွင်းလည်း ခြောက်နေ၏။ ရေခဲရေတစ်ခွက်ကို မက်မက်မောမော သောက်ဖြစ်သွားသည်။ ဆေးအပူရှိန်ကြောင့် သွေးကြောများကျယ်ပြီး နာကျင်မှုများ သက်သာသလိုတော့ ရှိသည်။ နာကျင်ကိုက်ခဲတင်းမာမှုကို ခွဲခြားမရ။ တစ်သက်နှင့်တစ်ကိုယ် မခံစားဖူးသော ဝေဒနာမျိုး။ ကျုပ် ဘာဆေးသောက်လိုက်ရင် ကောင်းမှာလဲ။ အကိုက်အခဲပျောက်ဆေး တစ်မျိုးမျိုးပေါ့။ ကျုပ်က ရောဂါဘယထူတော့ အိမ်တွင် ဆေးမျိုးစုံရှိသည်။

ကျုပ်မှာ ကျီးပေါင်းရောဂါရှိသည်။ လည်ဂုတ်တွင် အရိုးကျီးပေါင်းဖြစ်နေတာပါ။ အရိုးဆရာဝန်ကြီးက လေ့ကျင့်ခန်းလုပ်ခိုင်းသည်။ ဘယ်တော့မှ မပျောက်တဲ့ ရောဂါတဲ့။ နည်းနည်းအခြေအနေဆိုးရင် ဒီဆေးကို သောက်ပါလို့ ညွှန်းထားသည်။ တိုင်းရင်းဆေးတစ်ချို့လည်း လိမ်းဖူးပါသည်။ စကြာမင်းတို့ ရွှေသမင်တို့ပါပဲ။ ကြပ်ထုပ်လည်း တိုင်းရင်းဆေးရုံမှာ သွားသွားထိုးသည်။ ရုံဖန်ရုံခါပေါ့။

အိပ်ဆေးတစ်လုံးနှင့် ကျီးပေါင်းဆေးတစ်တွဲ တွဲပြီးသောက်ချလိုက်သည်။ ကျုပ်စိတ်ထဲ ပေါ့ပါးသွား၏။ မကြာမီ သက်သာသွားမှာပါ။ အစာအိမ်ကာကွယ်သည့် အနေဖြင့်လည်း ဖီးကြမ်းငှက်ပျောသီးတစ်လုံး စားဖြစ်သည်။

နံနက်ခင်း ဖူးတွေ့ရသော မြတ်စွာဘုရားက အလွန်ကြည်ညိုဖွယ်ကောင်းသည်။ ဘုရားစင်ရှေ့ ကျုပ် ငုတ်တုတ်ကလေး ထိုင်ချပြီး ငါးပါးသီလခံယူကာ ဦးသုံးကြိမ်ချသည်။ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆီမီး၊ သောက်တော်ရေ ဆက်ကပ်ပူဇော်သည်။ နံရံပေါ် ချိတ်ထားသောနာရီကို လှမ်းကြည့်တော့ လေးနာရီခွဲပဲ ရှိသေးသည်။ ကျုပ် အိပ်ရာပေါ် ပြန်တက်သည်။ ဝေဒနာကို အမှတ်ဖြင့် လိုက်မှတ်ကြည့်သည်။ ဆေးအရှိန်ကြောင့် မှိန်းသွားမှာလား။ အိပ်ဆေးတစ်လုံး သောက်ထားသည်ပဲ။

ကျုပ် နာကျင်မှုတွေပျောက်ပြီး အိပ်ပျော်ချင်နေသည်။

အိပ်မပျော်မခြင်း ဝေဒနာသည် အလွန်ဆိုးဝါး၏။

ကျုပ် ပက်လက်အနေအထားနှင့် မျက်လုံးကို တင်းနေအောင် မှိတ်ထားမိသည်။ မျက်လုံးထဲ မှောင်မည်းနေသော်လည်း ဦးနှောက်က အိပ်မပျော်။ နာကျင်မှုကလည်း လက်မည်းကြီးကျနေတာပဲ။ ဟိုကနာ၊ သည်ကနာနှင့်။ ပက်လက်အနေအထား၌ ပိုနာသည်ထင်၍ ဟိုဘက်ကိုစောင်း၊ သည်ဘက်ကို စောင်း အိပ်ကြည့်သည်။ အဆင်မပြေ။ ဆေးအာနိသင်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ အနာနှင့်ဆေး တစ်ခြားစီ ဖြစ်နေတာတော့ သေချာသည်။

ခြင်ထောင်ထဲ ငုတ်တုတ်ကလေး ထထိုင်မိသည်။ ရုတ်တရက်မို့ နာကျင်မှု လျော့သွားသည်။ တင်ပလ္လင်ခွေထိုင်လျက် အသက်ရှူသွင်းရင်း အရဟံ၊ အသက်ရှူထုတ်ရင်း ဗုဒ္ဓေါဟု ရွတ်ပွားနေမိသည်။ နာကျင်မှုက ပျောက်မသွား။ မခံနိုင်ဆုံး ပြန်အိပ်ရပြန်ပြီ။ ထလိုက်၊ ထိုင်လိုက်၊ လှဲလိုက်၊ အိပ်လိုက်နှင့် လူတစ်ကိုယ်လုံးလည်း ချွေးများဖြင့် နစ်နေပါပြီ။

ကျုပ်ကြောင့် ညိုပြာလည်း နိုးသွားသည်။

'ဘာဖြစ်နေတာလဲ၊ နေမကောင်းလို့လား'

'ငါ ဘာဖြစ်နေမှန်း မသိဘူးကွာ။ ပခုံးတွေနာ၊ ဇက်ကြောတွေနာပြီး မေးရိုးတွေတင်းပြီး ကျင်နေတယ်'

အင်္ကျီကို ချွတ်သည်။ ချွေးတွေကို သုတ်သည်။ အင်္ကျီအသစ်တစ်ထည် ဝတ်ဆင်စေသည်။ ဇက်ကြောဆွဲသည်။ တံတောင်ကွေးနှင့်လည်းထုသည်။ ကြွက်သားတွေ တင်းနေတာပဲဟုလည်း ပြောသည်။ မိုးလင်းသည်နှင့် ဒေါက်တာကိုနေအောင် ဆေးခန်းသို့ မဖြစ်မနေ သွားပြမှရမည်။

'အရက်ကို လူမှန်းမသိအောင် သောက်တာကိုး။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်းမဟုတ်။ နေ့တိုင်းနီးပါး ဒီအရက်ကြောင့်ပဲ ရှင်တစ်နေ့နေ့ ဒုက္ခရောက်မယ်။ သားသမီးတွေမျက်နှာ ကြည့်ဦးမှပေါ့'

ညိုပြာ ပါးစပ်သေနတ်ပစ်နေပြီ။

အမှန်တော့ စိတ်ထောင်းတော့ ကိုယ်ကြေသည့် သဘောပါ။ ကျုပ်မှာ စိတ်ပျက်စရာ၊ စိတ်ညစ်စရာတွေက အများသား။ သည်ကြားထဲ မီးလောင်မှုနှင့် သေဆုံးမှု သတင်းများက ဂျာနယ်တိုင်းမှာ ပလူပျံ့နေသည်။ ထိုသတင်းများက ကျုပ်ကို တကယ်ပင် နှိပ်စက်နေသည်။ သည်ကြားထဲ မလိမ္မာသော တပည့်တွေက ဒုက္ခပေးကြသေးသည်။ စိတ်ရှိတိုင်း လုပ်လိုက်ရင်လည်း ကိုယ်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်နေဦးမည်။

ခုခေတ်လူငယ်တွေက ငွေနှင့်ပတ်သက်ရင် သစ္စာမဲ့တတ်ကြသည်။ ခံစားနေရသော နာကျင်မှုဝေဒနာ၊ သောက်လိုက်သည့်ဆေး၊ ကျီးပေါင်းနှင့် အဘယ်မျှ ဆက်စပ်၍မရတော့။ မေ့နေလိုက်တာ၊ နှလုံးအထူးကု ဆရာဝန်ကြီး ဒေါက်တာချိုလေးမာနှင့် အင်တာဗျူးတုန်းက သိခဲ့ရတဲ့ Heart Attack ရမယ့် လက္ခဏာ။ ရင်ဘတ်အောင့်မှ၊ မောမှ မဟုတ်တာ။

ကျုပ် အတော်ကလေးကို တုန်လှုပ်ချောက်ချားသွား၏။ ဒါဆို ရုတ်တရက် သေနိုင်တာပဲ။ သွေးကြောတွေ မပိတ်ခင်၊ မပုပ်ခင် ဆေးရုံအမြန်ရောက်ဖို့

လိုနေပြီ။ အချိန်က အင်မတန် အရေးကြီးသည်။

'ညိုပြာရယ်၊ ကိုယ်တို့ ဆေးရုံသွားမှ ဖြစ်တော့မယ်။ နီးလေကောင်းလေပဲ။ ကိုယ့်အခြေအနေ သိပ်မကောင်းတော့ဘူး'

'ဒီအနီးတစ်ဝိုက်မှာ သုခကမ္ဘာ ဆေးရုံရှိတယ်လေ။ အဲဒီကို သွားကြမှာလား၊ အာရှဟော်ဝင်ဆို နည်းနည်းဝေးမှာလားလို့'

'ကောင်းတယ်၊ သူလည်း နာမည်ကြီးတာပဲ။ မြန်လေကောင်းလေပဲ စီစဉ်တော့'

ညိုပြာ လှုပ်ရှားသည်။ အိမ်နီးနားချင်းတွေကလည်း ဆွေမျိုးနီးစပ်တွေ၊ အရေးပေါ် အခြေအနေဆိုတော့ တစ်ခြံလုံးနိုးပြီ။ ခြံရှေ့မှ ကားဟွန်းသံကြားရ၏။ လမ်းထဲက အငှားကားဒရိုင်ဘာလေးက အဆင်သင့်စောင့်နေပြီ၊ ညိုပြာ ဆလင်းဘတ်ထဲ ငါးထောင်တန် နှစ်အုပ်ထည့်ပြီ။ သမီးငယ်က ကျုပ်ကို အိမ်ခန်းထဲက ခြံပြင်သို့ ဆွဲခေါ်လာသည်။ ကျုပ် ဒယိမ်းဒယိုင်နှင့် လျှောက်လာခဲ့၏။ ကားတံခါးဖွင့်၍ ကားရှေ့ခန်းတွင် ဝင်ထိုင်ချလိုက်သည်။ ကားပေါ် လူစုံသည်နှင့် ကားက တစ်ဟုန်ထိုး ခုန်ထွက်ပြေးသည်။ အင်းစိန်လမ်းမကြီးကိုဖြတ်ပြီး ယောဂီကျောင်းလမ်းကတစ်ဆင့် ပြည်လမ်းကို ဖောက်ထွက်သည်။ မိုးလင်းခါစမို့လား၊ အသွားအလာနည်းသည်။

မိုးသင်းရနံ့လေး နှာခေါင်းနား တိုးဝင်လာသည်။ လေနုအေးကို ရှူရှိုက်မိသည်။ ရင်သည် ပေါ့ပါးလန်းဆန်းသွား၏။ ကားလမ်းတစ်လျှောက် ကျန်းမာရေးအတွက် လမ်းလျှောက်နေသူ တစ်ချို့ကို တွေ့ရသည်။ မနက်မနက်ဆို ကျုပ်လည်း သည်လမ်းပေါ်တွင် ခွေးကလေးတစ်ကောင်နှင့် လမ်းလျှောက်နေကျ။ ကားက အင်းယားကန်ပေါင်ကို ဖြတ်ကျော်ခဲ့သည်။ ကန်ပေါင်ပေါ်တွင် အားကစားလှုပ်ရှားသူတွေ အုံနှင့် ကျင်းနှင့်။ ပြေးသူက ပြေး၊ လျှောက်သူက လျှောက်။ အေရိုးဗစ် ကစားသူက ကစား၊ တရုတ်သိုင်း နွဲ့သူကနွဲ့၊ ခေတ်ပျက်သူဌေးတွေ၊ သူတို့က ချမ်းသာကြသည်ကိုး။ ကျန်းမာမှ ဖြစ်မည်။ လူတွေက ကျန်းမာတုန်း ထင်တစ်လုံးနှင့် နေတတ်ကြသည်။

ပြည်လမ်းကနေ သုခကမ္ဘာဆေးရုံ ဆိုင်းဘုတ်တင်ထားသည့် လမ်းထဲကားကို ကွေ့ဝင်လိုက်သည်။ ခြံဝင်းတစ်ခုအတွင်း ဆေးရုံဆောက်ထားသည်။ ပြင်ပလူနာဌာနရှေ့ ကားကို ထိုးဆိုက်လိုက်၏။ ဆေးရုံဝန်ထမ်းများက ကားပေါ်ကနေ တွန်းလှည်းပေါ် ကျုပ်ကို ပြောင်းတင်သည်။ တစ်ဖန် တွန်းလှည်းကနေ လူနာကုတင်ပေါ် ထပ်ပြောင်းတင်ပြန်သည်။

ကျုပ်ကို ဆရာဝန်မလေးတစ်ဦးက နှလုံးခုန်နှုန်းတိုင်းသည်။ သွေးပေါင်ချိန်သည်။ ဘာဖြစ်တာလဲ၊ ရောဂါလက္ခဏာတွေကို မေးသည်။ ဘာဖြစ်ဖူးလဲ ရောဂါနောက်ကြောင်းကို မေးပြီး ဒါ နှလုံးရောဂါလက္ခဏာပဲဟု ကောက်ချက်ချသည်။ ကျုပ် ထင်ထားသလို ဖြစ်လာပြီ။ နှလုံးရုတ်တရက် အတိုက်ခံနေရပေမယ့် ဆေးရုံပေါ် ရောက်နေပြီလေ။ ဆေးကုသမှု အလျင်အမြန်ရဖို့ပဲ လိုနေသည်။

> ■
> ကျုပ် အတော့်ကို
> စိတ်ပျက်သွားသည်။
> ဆေးရုံကိုရောက်ပြီးမှ
> ဆရာဝန်မရှိလို့
> သေမင်းခေါ်ရာ လိုက်သွားရမည့်
> အပေါက်မျိုး။
> ■

စိတ်ပူပင်မှုကို လျှော့ချလိုက်၏။ ဆေးရုံပေါ် ရောက်ပြီပဲ။ ကျုပ် အသက်ကို သူတို့တွေ ကယ်နိုင်မှာပါ။ ကျန်တာက ကျုပ်ကံအကြောင်းတရားပေါ့။ ဆရာဝန်မလေးက လျှာအောက်ထဲ နိုက်ထရောလေးတစ်လုံး ငုံခိုင်းသည်။ ကျုပ်အိမ်က မထွက်ခင် တစ်လုံးငုံခဲ့သေးသည်။

'ရှင့်ရောဂါကို ကုသဖို့ လတ်တလော နှလုံးအထူးကုဆရာဝန် မရှိဘူး' ဟု ဆရာဝန်မလေးက အားတုံ့အားနာဖြင့် ပြောသည်။ ကျုပ်နားထဲမှာ အနားကပ်ပြီး ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရသည်။

'ဟာဗျာ၊ ဆရာဝန်မရှိဘူး ဟုတ်လား၊ ဒါ ဆေးရုံလေ'

ကျုပ် အတော့်ကို စိတ်ပျက်သွားသည်။ ဆေးရုံကိုရောက်ပြီးမှ ဆရာဝန်မရှိလို့ သေမင်းခေါ်ရာ လိုက်သွားရမည့် အပေါက်မျိုး။

'နှလုံးကုဆရာဝန် မရှိပေမဲ့ On Call ခေါ်ရင်တော့ ရတယ်အန်ကယ်။ ဆရာကြီး ဦးရဲမြင့်ဆိုရင် တစ်ခါလာကြည့်ရင် ငါးသောင်းယူတယ်။ ဆရာကြီး ဦးရဲသွေးကျတော့ သုံးသောင်း။ ဆရာဦးရဲသွေးက ညနေပိုင်းမှ ခေါ်လို့ရမယ်။ ဒီမှာ ဆရာဝန်အများစုက အချိန်ပိုင်းပဲ ထိုင်တာများတယ်'

ကျုပ် ဆရာကြီး ဦးရဲမြင့်အား ခေါ်ပေးဖို့ အဆုံးအဖြတ်ပေးလိုက်သည်။ အသက်ထက် ငွေကြေးက အရေးမကြီးဘူး။ ရှိတာရောင်းပေးရုံပဲ။ ညီပြာကလည်း သဘောတူသည်။ ဆေးရုံဝန်ထမ်းများကလည်း သွက်လက်မြန်ဆန်သွားသည်။ ကျုပ်ကိုစပြီး ဓာတ်မှန်ရိုက်သည်။ ECG ရိုက်သည်။ ပြီးမှ အထူးကြပ်မတ်ဆောင်သို့ ပို့သည်။

အဆောင်ထဲတွင် ယူနီဖောင်းမျိုးစုံနှင့် ဝန်ထမ်းအမျိုးမျိုး တွေ့ရသည်။ ဘယ်သူက ဆရာဝန်၊ ဘယ်သူက သူနာပြု၊ ဘယ်သူကဖြင့်အကူ ခွဲ၍မရ။ ကုတင်ပေါ်တွင် ဆေးရုံယူနီဖောင်း ဝတ်ခိုင်းသည်။ ခန္ဓာကိုယ်ပေါ် ECG ကြိုး ဆင်သည်။ သွေးဖောက်သည်။ ဆီးချိုတိုင်းသည်။ သွေးထဲ သကြားဓာတ်များနေသည်တဲ့။

ဆွမ်းခံရင်း ငှက်သင့်တော့မည် ထင်သည်။

ကျုပ် ခုတလော ထိုင်ရာကထတိုင်း မိုက်ခနဲ မိုက်ခနဲ ဖြစ်နေတာကိုး။

တစ်ကိုယ်လုံးလည်း ကြိုးများနှင့် ရှုပ်နေပြီ။ အောက်ဆီဂျင်တော့ ဝအောင်ရှူနေရသည်။ နာကျင်မှုအတွက် စအိုက အကိုက်အခဲပျောက်ဆေး တစ်လုံး သွင်းသည်။ လက်ဖမိုးတွင် ဆေးသွင်းရန် သွေးကြောကို ဖောက်၍ ပိုက်ကလေးတစ်ခု တပ်ဆင်ထားသည်။ သွင်းစရာဆေးတွေ အဲဒီကနေသွင်းသည်။

ကျုပ် မျက်စိကိုမှိတ်လျက် ဆရာဝန်ကြီးအား စောင့်သည်။ စောင့်နေရင်းနှင့် ခေါင်းထဲ အတွေးများ ဝင်လာသည်။ ၈၈ နောက်ပိုင်း ပြင်ပဆေးရုံ၊ ဆေးခန်းတွေ မှိုလိုပေါက်လာသည်။ ဆေးရုံဖွင့်သည်ဆိုသည်မှာ အဆောက်အအုံ၊ ဆေးဝါးကိရိယာပစ္စည်းနှင့် တတ်သိပညာရှင်များ လိုသည်။ ဆေးကုသမှုအားလုံးတွင်လည်း အရေးကြီးဆုံးက အရေးပေါ် လိုအပ်တဲ့ ကုသမှုလေ။ အထူးသဖြင့် နှလုံးပေါ့။ အသက်နှင့် နီးနီးကလေးရယ်၊ သည်အတွက် တတ်သိပညာရှင် မရှိဘူးဆိုတော့ ဘယ့်နှယ်လုပ်ရပါ့။ ဆရာဝန်ကို ကုတင်ပေါ် ထိုင်စောင့်ရင်း သေသည့်လူနာလည်း ရှိမှာသေချာသည်။ ကျုပ် တံတွေးကို မျိုချဖြစ်၏။

ဆရာဝန် လာပါရဲ့၊ လမ်းမှာ ကားပိတ်နေလို့၊ ကားကျပ်နေလို့ နောက်ကျနေရင် ဘယ်လိုလုပ်မလဲ။

ဖုန်းညွှန်ကြားမှုနဲ့ပဲ ကုမှာလား။

နေရာရှိလို့၊ ငွေရှိကြလို့ စီးပွားရေးတစ်ရပ် အနေဖြင့် အထပ်ပေါင်းများစွာ၊ ကြီးပေ့ဆိုသော ဆေးရုံအဆောက်အအုံများဖြင့် ဆေးရုံဖွင့်လျက် ရှိပါ၏။ နိုင်ငံတကာအဆင့်မီ ဆေးဝါးပစ္စည်းကိရိယာလည်း အပြည့်အစုံရှိသည်။ ဆေးရုံ၏ လက်ကမ်းစာစောင်တွင် ပါမောက္ခပေါင်း လေးငါးဆယ်ခန့် အမြဲပါသည်။ သို့သော် အရေးကြုံလျှင် တတ်သိပညာရှင် ရှာမတွေ့သည်က ဝမ်းနည်းစရာကောင်းသည်။ ကိုယ် အမြဲတမ်းပြနေကျ ဆရာဝန်ပင် အရေးကြုံလျှင် ချက်ချင်းရောက်နိုင်ဖို့ ခက်သည်။

ကျုပ်စိတ်ကူးထဲ အတွေးများ ပြန့်ကျဲနေသည်။ 'ဆရာကြီးလာပြီ'ဟု ဆရာမလေးတစ်ဦး၏ ဝမ်းသာအားရ ပြောစကားကို ကြားလိုက်ရသည်။ ကျုပ်လှစ်ခနဲ ဝမ်းသာသွားသည်။ on call ခေါ်၍ရလို့ တော်ပါသေးရဲ့။ ပြင်ပလူနာဌာနမှ မေးမြန်းချက်အချို့ ကုတင်ခြေရင်းတွင် ထိုင်လျက်ကြည့်ပြီး ဆရာကြီးက ECG မော်နီတာကို ကြည့်နေသည်။

သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်း၊ အီးစီဂျီဖြင့် နှလုံး၏ လျှပ်စစ်နှိုးဆွမှုများကို ဂရမ်မျဉ်းနှင့် မှတ်တမ်းတင်ချက်ကို ကြည့်ရင်းက ဟိုမှာ ဟိုမှာ သူ့တပည့် ဆရာဝန်မလေးတွေကို လက်ညှိုးထိုးရင်း ဆေးပညာသင်သည်။

နှလုံးခုန်နှုန်း အရမ်းမြန်သည်။ နှလုံးခုန်နှုန်း တစ်ချက်တစ်ချက်ပျောက်သွားသည်ဟုလည်း ဆိုသည်။ နှလုံးသားတစ်ခုလုံး၏ အပြစ်ကိုလည်း ဆရာရှာတွေ့သွားပြီ။ ဆေးတွေ တစ်မျိုးပြီး တစ်မျိုးသွင်းဖို့ ညွှန်ကြားသည်။ ဆရာကြီးမျက်နှာ ပြုံးရွှင်နေ၏။

ဆရာကြီးဦးရဲမြင့်ဆိုတာ အထင်ကရ နှလုံးအထူးကု ပါမောက္ခတစ်ဦးပါ။ တစ်ခေတ်တစ်ခါက ရန်ကုန်နှလုံးကုဌာနတွင် လူနာပေါင်းများစွာ၏ အသက်ကို ကယ်ခဲ့သူပါ။ ဆရာကြီးဦးရွှေတင်၊ ဆရာကြီးဦးအောင်၊ ဆရာမကြီးဒေါ်ချိုလေးမာ၊ ဆရာကြီးဦးတင်လတ် စသောနှလုံးပါရဂူကြီးတွေ၊ ဆရာ,ဆရာမကြီးများ၏ ခေါင်းညိတ်၊ ခေါင်းခါမှုသည် လူနာအဖို့ မြေအောက် ၆ လက်မနှင့် အတော့်ကို နီးစပ်ပါသည်။

ခေတ်မီတိုးတက်သည့် စက်ကိရိယာတွေ အင်မတန်ရှားပါးချိန်ကိုး။ ခုလည်း နှလုံးကုသမှုနှင့် ပတ်သက်လျှင် နိုင်ငံတကာ အဆင့်မီလာပြီလားလို့မေးရင် အဝေးကြီးလိုသေးသည်ဟု ပြောနိုင်ပါသည်။

ဆေးရုံတွေ အဆင့်မြှင့်တင်ဖို့ လိုနေပြီ။ အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လက်ရှိထက် ဆယ်ဆမက တိုးမြှင့်သင့်သည်။ MRTV-4 တွင် ကျုပ်ကို အင်တာဗျူးတုန်းက မြန်မာတွေ ဘာကြောင့်နိုင်ငံခြားကို ဆေးဝါးကုသမှုထွက်ကြသလဲတဲ့။ မြန်မာပါရဂူတွေ အရည်အချင်းညံ့လို့လား။ ဆေးရုံတွေ အရည်အသွေး ညံ့လို့လားတဲ့။

ဘေးကျပ်နံကျပ် မေးခွန်း။

'နိုင်ငံခြားမှာ ဆေးကုမှ ဂုဏ်ရှိတယ်လို့ထင်တဲ့ ခေတ်ပျက်သူဌေးတွေရဲ့ ဖက်ရှင်ပါ'လို့ ကျုပ်ပြောဖြစ်သွားသည်။ အမှန်က ကျုပ်ပြောချင်တာ သည်လို မဟုတ်။

ကျုပ် ဆရာကြီးဦးရဲမြင့်ကို သဘောကျသည်။ အသက်အရွယ်နှင့်မမျှ ရွှင်လန်းတက်ကြွနေသည်။ အသက် ၇၇ နှစ်ရှိသော်လည်း နုပျိုဆဲ၊ တက်ကြွဆဲ။ သူနေ့စဉ် အားကစားလှုပ်ရှားမှု ၄၅ မိနစ်ခန့်လုပ်ကြောင်း ပြောပြသည်။ ကျုပ်ကို လုပ်ဖို့လည်း တိုက်တွန်းသည်။ ကျုပ်က အညောင်းထိုင်သမားတစ်ဦး။ စာရေးဆရာ၊ အယ်ဒီတာတစ်ဦး၊ ဆေးပညာအမျိုးပေါင်း အုပ် ၂၀ ရေးပြီးပြီဆိုတော့ ဆရာကြီး ကျုပ်ကို မျက်လုံးပင့်ကြည့်သည်။

ဟုတ်မှ ဟုတ်ရဲ့လားပေါ့။ မယုံရင် ရှာဖတ်လေ။

ECP Therapy အီးစီပီ ကုထုံးနည်းပညာ။ MRTV-4 နှင့် ဆရာကြီးဦးရဲမြင့် အမေးအဖြေကို သဘောကျ၍ သုခဆေးခန်းတွင် ၃၅ ရက်တိုင်တိုင် ကုသမှုခံယူခဲ့ကြောင်း ပြောပြတော့ ကျုပ်နှင့် ဆရာကြီး စိတ်ချင်းပိုနီးသွားသည်။

ECP ကုထုံးကို မြန်မာနိုင်ငံတွင် ဆရာကြီးဦးရဲမြင့် တစ်ယောက်ပဲ ထောက်ခံဟန်တူသည်။

သူ ဆီးချိုဝေဒနာ ခံစားနေရသည်တဲ့။ ကျုပ်သွေးထဲမှာလည်း သွေးအချိုဓာတ် များနေပြီ။ သူဆို ကျုပ်ကို ဆီးချိုသွေးချိုရောဂါ ဖြစ်နေပြီဟု ဆုံးဖြတ်မှာပဲတဲ့။ အနေအထိုင်၊ အစားအသောက်၊ အပြုအမူ အရင်ထက် ကျစ်လျစ်ဖို့ လိုမည်တဲ့။ နှလုံးအပြင် ဆီးချိုကိုလည်း ကုရမည်တဲ့။

ကျုပ်ကို စောင့်ကြည့်ရင်း ဆရာကြီး ပြောပြနေခြင်း ဖြစ်သည်။

ကျုပ် လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ပါမောက္ခတစ်ဦးနှင့် တွဲဖက်၍ 'ဆီးချိုသွေးချိုရောဂါအကြောင်း'ပညာပေး ရေးသားထုတ်ဝေခဲ့သည်။ သုံးနှစ်တိုင် အပင်ပန်းခံ ရေးခဲ့တာပါ။ အောင်မြင်တာ ဝက်ဝက်ကွဲပါပဲ။ စာအုပ်ထွက်သွားတာနှင့် ပါမောက္ခတစ်ဦးက ကျုပ်ကို မခေါ်မပြောတော့ဘူး။ အခမ်းအနားတွေမှာ မျက်နှာချင်းဆိုင် တွေ့တာတောင် ခပ်စိမ်းစိမ်း ဆက်ဆံသည်။

တစ်ချို့သော ဆရာဝန်ကြီးများက လူသားဆန်လွန်းသည်။ ဦးရာလူ ပြောစကား အယုံလွယ်သည်။ ထုတ်ဝေသူက ပေါက်ဖော်ကြီးဆိုတော့ ပေါက်ဖော်စိတ်နှင့် စာရေးဆရာနှင့် ဆရာဝန်ကြီးကို မျက်နှာချင်း ဆိုင်မရအောင် လုပ်ပစ်လိုက်သည်။ စာရေးဆရာကို ချနင်းပြီး ဆရာဝန်ကြီးကို ခေါင်းပေါ်တင်ထားလိုက်သည်။ ဘာကြောင့် မခေါ်မပြောမှန်း ကျုပ်မသိဘူး။ ဘာကြောင့်ဆိုတာ အနည်းဆုံးတော့ ဆရာကြီးက ကျုပ်ကို မေးသင့်တာပေါ့။

ဆရာဝန်ဆိုတာလည်း လူသားဆိုတော့ စိတ်ကောက်တတ်တာပေါ့။ စိတ်လည်း ဆိုးတတ်တာပေါ့။

ကျုပ်က စာရေးဆရာ။ မာနကြီးသည်။ ငွေအတွက် ကျန်းမာရေးပညာပေး လုပ်ငန်းကို လုပ်နေတာ မဟုတ်တော့ ကျုပ်ရေးတဲ့စာအုပ်ကို ဆရာဝန်ကြီး စိတ်တိုင်းကျ လုပ်ခွင့်ပြုလိုက်သည်။ ဖြေရှင်းချက်၊ ရှင်းလင်းချက် ဘာမှမလုပ်တော့။ တွေ့လည်း မတွေ့တော့၊ ကျုပ်ရေးသည့် စာအုပ်ကိုလည်း ဖွင့်ဖတ်မကြည့်တော့ ထုတ်ဝေသူက အကြိမ်ပေါင်းများစွာ ခိုးရိုက်သွားသည်။ သည်ကွင်းမြင်၍ သည်လမ်းထွင်ထားတာကိုး။

ဘာမှလည်း မသိချင်၊ မကြားချင်တော့။ ဆရာဝန်ကြီး နစ်နာအောင် ကျုပ် ဘာမှမလုပ်ဖူး၊ မပြောဖူးဘူး။

လူများအပြောနှင့် ထင်ချင်သလို ထင်ပေါ့။ သုံးနှစ်အတွင်း ကျော်ကြားတာ၊ အောင်မြင်တာ၊ ချမ်းသာသွားတာ ဘယ်သူလဲ၊ ဆရာဝန်ကြီးပါ။ ကျုပ်လို စာရေးဆရာကတော့ ဒုံရင်းဒုံရင်းပါပဲ။ ဝါသနာပါလို့ စာရေးနေတာ၊ ချမ်းသာချင်လို့မှ မဟုတ်တာ။ ဆရာဝန်နှင့် စာရေးဆရာ မာနချင်း ပြိုင်ကြပြီ။

ထုတ်ဝေသူ အကြိုက်ပေါ့။ စာအုပ်က အရောင်းသွက်စာအုပ်။ စည်းမဲ့ကမ်းမဲ့ ထုတ်တော့သည်။ အဲသည်စာအုပ်ရောင်းရငွေနှင့် တိုက်ခန်းဝယ်သည်။ ကားဝယ်စီးသည်။ မဂ္ဂဇင်းတိုက်ကို ကြုံလို့ဝင်တာတောင် အတွေ့မခံတော့။ သူ့ကိုယ်သူ ပါမောက္ခစိတ် ဝင်သွားဟန်တူသည်။ သူ့ကိုယ်သူလည်း ဆရာဝန်ကြီးများ၏ ဦးနှောက်ကို ဖောက်စားပြီး ချမ်းသာလာသည်ဟု ဂုဏ်ယူစွာ ပြောဆိုတတ်သည်။ အရင်တုန်းကတော့ အကူအညီတောင်းဖို့ အိမ်ကိုလာနေကျပါ။

ဆီးချိုဆိုသည့် စကားလုံးကြောင့် ကျုပ်အတွေးများ ယောက်ယက်ခတ်သွားသည်။ နှလုံးခုန်နှုန်းလည်း အရမ်းမြန်သွားသည်။ စောင့်ကြည့်နေသူ ဆရာမလေးက ကျုပ်၏ နှလုံးလှုပ်ရှားမှု အခြေအနေကို သတင်းပို့ဟန်တူသည်။ ဆရာကြီး ချက်ချင်းရောက်လာသည်။

ကျုပ် မျက်လုံးဖွင့်ကြည့်မိ၏။ မော်နီတာအား ဆရာကြီး စူးစူးစိုက်စိုက် ကြည့်နေသည်။ မျက်နှာလည်း တည်သွားသည်။

'ဟာ. . . ဟိုမှာတွေ့လား၊ နှလုံးသွေးကြော လှုပ်ရှားမှုတွေ ပုံမှန်မဟုတ်တော့ဘူး။ အချိန်နည်းနည်းကြာရင် ဒုက္ခရောက်မယ်။ ဒီအခြေအနေထက်ဆိုးရင် ဒီမှာ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ ရန်ကုန်ဆေးရုံကြီးကို အမြန်လွှဲပါ။ မြန်နိုင်သမျှ မြန်အောင်ပို့ပေး'

ဆရာကြီးစကားကြောင့် ကျုပ် တုန်လှုပ်သွားသည်။ ညိုပြာမျက်နှာကွက်ခနဲ ပျက်သွား၏။ သမီးငယ် မျက်ရည်ဝဲနေပြီ။

'ကျွန်တော် ဘယ်လိုမှ မမျှော်လင့်ထားဘူး ဆရာကြီး'

'ခင်ဗျားအတွက်ပါ။ အသက်အန္တရာယ် စိုးရိမ်မိလို့ပါ။ ဆေးဝါးပစ္စည်း ကိရိယာတွေက ဟိုမှာ ဒီထက်အများကြီး ပြည့်စုံတယ်။ မှတ်ထား။ နှလုံးနဲ့ ပတ်သက်လာရင် တစ်နိုင်ငံလုံးမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဌာနက အကောင်းဆုံးပဲ'

ကျုပ် ခေါင်းညိတ်ဖြစ်သည်။ ဆရာကြီး ကျုပ်ကို လက်ဆွဲနှုတ်ဆက်သွားသည်။ တပ်ထားသော ကိရိယာအားလုံး ဖြုတ်လိုက်ကြသည်။ အင်္ကျီအဝတ်အစား လဲဝတ်သည်။ သူငယ်ချင်း ဖော်စိန်ထံ ဖုန်းဆက်ခိုင်းသည်။ အရေးပေါ်ဌာနတွင် လိုအပ်သည်ကို ကြိုတင်၍ စီစဉ်ထားရန်ဖြစ်သည်။ ဆေးရုံပြောင်းစာရွက် ရေးပေးသည်။ ကျန်းမာရေးဝန်ထမ်း အငြိမ်းစားဖြစ်ကြောင်း ထည့်ရေးပေးဖို့ တောင်းဆိုဖြစ်သည်။ အခွင့်အရေးလေးများ ရမှာမို့လားလို့။ အငြိမ်းစားကျန်းမာရေး ဝန်ထမ်းများ၏ ကျန်းမာရေး ပြဿနာတွေကို စဉ်းစားသင့်ကြပါပြီ။ ကျုပ် ဝန်ထမ်းဘဝ တစ်လျှောက်လုံး ပါရာစီတမောတစ်လုံးတောင် အလကားသောက်ခွင့် မရခဲ့ပါ။

ကျုပ် ဆရာကြီး၏ ရိုးသားမှုကို လေးစားသွား၏။

ကျုပ် ခန္ဓာကိုယ်အား ကုတင်တစ်ခုကနေ နောက်ခုတင်တစ်ခုပေါ် ပြောင်းသည်။ ယင်းကုတင်နှင့်ပင် ကျုပ်ကို Ambulance ကားပေါ် တင်လိုက်သည်။ အောက်ဆီဂျင်ပိုက် နှာခေါင်းတွင် ချိတ်ပေးသည်။ ဆရာမတစ်ယောက်နှင့် ညီပြာတို့ ကားပေါ်တက်ထိုင်သည်။ သမီးငယ်က အိမ်သို့ ကားငှားပြန်သွားသည်။ ကားက ထွက်၍မရသေး။ ငွေစာရင်းရှင်းတာ စောင့်နေရသည်။ ကျုပ် မအီမလည် ဖြစ်နေ၏။

Ambulance ကားပေါ်မှာ ဒေါက်တာနေဝင်းမောင်အကြောင်း စဉ်းစားဖြစ်သွားသည်။ ဒေါက်တာနေဝင်းမောင်ဆိုတာ The Voice ၏ အယ်ဒီတာချုပ်၊ ထူးချွန်ထက်မြက်သည့် ပြုပြင်ရေးသမား စာရေးဆရာတစ်ဦး။ အသက် ၅၀ အရွယ်ပဲ ရှိသေးသည်။ Heart Attack ရရင်းနှင့် ပြင်ပဆေးရုံကြီးတစ်ခုကို ရောက်လာခဲ့သည်။ စစ်ရင်း၊ ဆေးရင်း၊ ကုသရင်းနှင့် ကျုပ်လိုပဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဌာနသို့ အလွှဲခံလိုက်ရသည်။ Heart Attack ရနေသည့် လူနာကိုယ်တိုင် ကားမောင်းပြီး ရန်ကုန်ဆေးရုံကြီးသို့အလာ ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

သူ့အကြောင်းတွေးမိတော့ ကျုပ်ကျောထဲ စိမ့်သလို ခံစားလိုက်ရသည်။ နှလုံးလည်း တဒိန်းဒိန်း ခုန်သွား၏။

ကျုပ်မျက်လုံးကို ဝေ့ကြည့်မိသည်။ ရုပ်ရှင်ထဲမှာမြင်ဖူးတဲ့ နိုင်ငံခြားက Ambulance ကားတွေလို အထောက်အကူပြု ပစ္စည်းတွေများ ပါမှာလားလို့။ အောက်ဆီဂျင်ဘူးကလွဲလို့ ကားက အခွံသက်သက်။

ကားပေါ်မှာ အရေးကြုံရင်ဖြင့် ဒုက္ခများပြီ။

ကိုလှမြင့် ကားပေါ်ရောက်သည်နှင့် ကားစထွက်သည်။ ငွေနှစ်သိန်းခွဲ ရှင်းခဲ့ရသည်တဲ့။ ဆေးရုံကုတင်ပေါ် တစ်နာရီပဲ နေခဲ့ရသည်။ တစ်နေကုန်များ နေခဲ့ရင်တော့ မတွေးဝံ့စရာကြီး။ ဆရာကြီးအား ကျေးဇူးတင်လိုက်တာ။

တကယ်ဆို မကျန်းမာသောသူကို ပြုစုစောင့်ရှောက်တာထက် ဆေးရုံဖွင့် စီးပွားရှာနေကြတာပါ။ စေတနာတွေ၊ မေတ္တာတွေကြောင့် မဟုတ်ပါဘူး။ ဆေးကုသစရိတ်နှင့် ဆေးဝါးဈေးနှုန်းဆိုတာ ဈေးဆစ်လို့မရတဲ့ အရာတွေပါ။ စိန်၊ ရွှေ ပတ္တမြားဝယ်ရင် ဈေးဆစ်လို့ ရကောင်းရမယ်၊ ဆေးရုံဖွင့် စီးပွားရှာခြင်းမှာတော့ နိုးပါပဲ။ တစ်ချို့ဆေးရုံကြီးတွေဆို ကြိုတင်ငွေတောင် တင်ရသေးသည်။

ဘာပဲဖြစ်ဖြစ် ဆေးရုံကြီးသို့ လွှဲပေးတာကိုပဲ ကျေးဇူးတင်ရဦးမည်။ ကျေးဇူးပါ ဆရာကြီး။

အဓိက,က ကျုပ် ဆေးရုံကြီးကို မြန်မြန်ရောက်ချင်နေသည်။

အနည်းငယ် ကားမောင်းကြမ်းသည်။ ကျုပ် မောတာ၊ ရင်ဘတ်ထဲက အောင့်တာ၊ တင်းနေတာမျိုး မရှိလို့ တော်ပါသေးရဲ့။ နို့မဟုတ်ရင်တော့ ဒီကားမျိုးနှင့် မလွယ်လှဘူး။ အသက် ဘယ်ကထွက်သွားမှန်းတောင် သိမှာမဟုတ်ဘူး။

(၂)

လှည်းတန်းမီးပွိုင့်ကို ဖြတ်ကျော်ဖို့ ကြိုးစားနေသည်။ မီးနီ တဝီဝီနှင့်။ ရှေ့တိုး၊ နောက်ဆုတ်၊ ဘေးထုတ် ဗျူဟာအမျိုးမျိုးနှင့်ပေါ့။ သည်မီးပွိုင့်က သိကြတဲ့အတိုင်း။ နာမည်ဆိုးနှင့် ကျော်ကြားသည့်မီးပွိုင့်။ ခုတော့လည်း ခုံးကျော်တံတားကြီးဆောက်ဖို့ တည်ဆောက်ရေးလုပ်ငန်းတွေ စနေပြီ။

ရေငတ်လိုက်တာ။ အာလည်း အရမ်းခြောက်နေသည်။ ညီပြာ့အား ရေသောက်လိုကြောင်း ပြောသည်။ ရေအငမ်းမရ သောက်ဖြစ်သည်။ ချွေးတွေက

ထွက်မဆုံး။ ကားထဲတွင် စိတ်ကအိုက်နေသည်။ ကားတွင်းကကြည့်လျှင် အပြင်ကို ထုတ်ချင်းပေါက် မြင်နေရသည်။

ကျုပ် နှလုံးသွေးကြော ကျဉ်းနေခဲ့တာကြာပြီ။

မှတ်မှတ်ရရ အနှစ် ၂၀ ခန့် ရှိပြီ။ နှလုံးအထူးကုနှင့်ပြ၊ ဆေးဝါးတွေ ပုံမှန်သောက်နေခဲ့သည်။ သည်ကြားထဲ ဆိုးဆိုးဝါးဝါး ဝေဒနာခံစားရသည်ဟု တစ်ကြိမ်မျှမရှိခဲ့။ တကယ့်အကောင်းပကတိ။ တစ်ခုတော့ရှိသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းသည်။

နှလုံးသွေးကြောများအကြောင်း သိချင်လွန်းလို့ ပါမောက္ခချိုလေးမာနှင့် သုံးနှစ်တိုင်တိုင် အင်တာဗျူး လုပ်ခဲ့သေးသည်။ နှလုံးသွေးကြော ရောဂါများအကြောင်း ခေါင်းစဉ်ဖြင့် စာအုပ်လည်း ထုတ်နိုင်ခဲ့သည်။ ကျုပ်က ကျုပ်ရောဂါနှင့် ပတ်သက်လျှင် မျက်ခြေပြတ်သူမဟုတ်။

ဟိုတစ်လောက ECP=External Counter Pulsation Therapy ခေါ် နောက်ဆုံးပေါ် ခေတ်မီကုထုံးနည်းပညာ အသုံးပြု၍ ခန္ဓာကိုယ်ပြင်ပမှ ကုသပေးခြင်း ကုထုံးဖြင့်လည်း ၃၅ ကြိမ် ကုသမှု ခံယူခဲ့သေးသည်။ နေလို့ကောင်းသည်မှာ ဒေါင်ဒေါင်မြည်။ လမ်းလျှောက်ရတာလည်း အဆင်ပြေသည်။ တောင်လည်း တက်နိုင်ခဲ့သည်။

ကျုပ် သွေးအရမ်းပျစ်သည်။ အချိန်မရွေး လေဖြတ်နိုင်သည်တဲ့။ သောက်လိုက်ရသည့် သွေးကျဲဆေးကလည်း နှစ်မျိုး၊ သုံးမျိုး။ ယင်းအထဲတွင် နေ့စဉ်ပုံမှန် အရက်သောက်ခြင်းလည်း ပါသည်။

'ခရီးသွားတစ်ဦး၏ဒိုင်ယာရီ'စာအုပ်အတွက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်များသို့ ခရီးခဏခဏ ထွက်သည်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သုံးမျိုးလုံးနှင့်သွားသည်။ နည်းနည်းလေး မောတာတောင် မရှိခဲ့။ နှလုံးအတွက် စိတ်ချရချိန် မထင်မှတ်ဘဲ ဆီးချိုက မွေနှောက်သွားခြင်း ခံရသည်။ ဆီးချိုဖြစ်လို့ဖြစ်မှန်းမသိ။ ဆီးချိုရောဂါဝေဒနာ တစ်စုံတစ်ရာလည်း မခံစားခဲ့ရ။ ဆေးရုံပေါ် ရောက်လို့ သွေးဖောက်စစ်တော့မှ သကြားဓာတ် နှစ်ရာကျော်နေမှန်း သိသည်။ မိမိရေးခဲ့သော စာအုပ်ကို ဖွင့်မကြည့်သောအပြစ်။

ခုတော့ ခံရပြီ။

အကောင်းပကတိနီးပါး စည်းဝါးညီစွာ လှုပ်ရှားနေသော နှလုံးသည် သစ္စာမဲ့သော ဆီးချိုကြောင့် ဟန်ချက်ပျက်ခဲ့ရသည်။ ကျုပ်စိတ်ထဲမှာ တဟားဟားနှင့် ရယ်ပစ်လိုက်ချင်သည်။

ကျုပ်က ဆီးချိုနှင့်နှလုံး ပညာပေးရေးတဲ့ ထင်ရှားတဲ့ စာရေးဆရာလေ။ သည်ရောဂါနှစ်မျိုး ဖြစ်ကိုမဖြစ်ထိုက်ဖူးလေ။

ဆီးချိုနှင့်ပတ်သက်ရင် ဆရာကျော်ဘီလူး တင်မောင်ဆွေမျက်နှာကို ပြေးမြင်မိသည်။ ဆီးချိုကြောင့် ဆရာ့ခြေတစ်ဖက် အဖြတ်ခံခဲ့ရသည်။ စလေဖြိုးကျော်၊ တေးရေးစာဆို။ သူလည်း ဆီးချိုကြောင့် အမြင်အာရုံ ချို့တဲ့သွားပြီ။ အိမ်ကခယ်မ ဆီးချိုကြောင့် ကျောက်ကပ်ပျက်နေပြီ။

တစ်ခြားတစ်ခြားသော ဆီးချိုမိတ်ဆွေတွေ အများကြီး ကုသ၍မပျောက်သည့် နာတာရှည်ရောဂါဆိုး။ ကံဆိုးလိုက်တာ။ သည်ရောဂါမှ ကျုပ်မှာလာဖြစ်ရတယ်လို့။ ဆီးချိုနှင့်ပတ်သက်ရင် ဘာမှမရေး ၊ ဘာမှမဖတ်တော့သောကျုပ်၊ ကျုပ်ရေးသည့် ဆီးချိုစာအုပ်ကလွဲလျှင် ဆီးချိုအကြောင်း စာမှန်သမျှဖတ်ရတော့မည်။

ကားပြေးနှုန်းက နှေးကွေးသွားသည်။ ဘီးကိုတစ်ဘီးချင်း လှိမ့်နေ၏။ မှိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်မိသည်။ မြေနီကုန်းမီးပွိုင့်ကို ဖြတ်ရန်ကားများ တန်းစီနေခြင်းဖြစ်သည်။ အနည်းဆုံး ငါးမိနစ်၊ ဆယ်မိနစ်ခန့် ကြာမည်။ ခုတစ်လော ကားသွင်းခွင့် အလွန်အကျွံရတော့ လမ်းပေါ်မှာ ကားတွေကအရမ်းများသည်။

'ချွေး. . . ချွေးတွေ အရမ်းထွက်နေတာပဲ။ ရင်ထဲမှာ ဘယ်လိုနေသေးလဲ။ ခေါင်းတွေ ကြည်လင်ရဲ့လား။ ကို့မှာ ကောင်းမှုကုသိုလ်တွေ အများကြီးရှိတယ်။ ဘာမှမဖြစ်နိုင်ဘူး။ သစ်တံခါးဆရာတော်ကြီးရဲ့ မေတ္တာကိုခံယူ၊ စိတ်ကိုလျှော့မချလိုက်နဲ့၊ တောင့်ထားနော်။ ခဏနေ ရောက်တော့မှာပါ'

ညိုပြာ့အသံက အက်သံထွက်နေသည်။ ချွေးတွေ သုတ်ရင်းနှင့်တတွတ်တွတ်ပြောသည်။ ချွေးကလည်း သုတ်မနိုင်အောင် ထွက်နေသည်။ ဇောချွေးများ ဖြစ်လေသလား။ ချွေးထွက်လွန်နေတာ ကောင်းသည်မဟုတ်။

ကျုပ် မအောင့်နိုင်တော့ဘူး။ ရှူးရှူးပေါက်ချင်နေသည်။ ကားကလည်းတစ်ဟုန်ထိုး မောင်းနေပြီ။ ရှက်တော့ ရှက်စရာကြီး။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ရှူးပေါက်ချင်ကြောင်း ညိုပြာ့အား ပြောလိုက်သည်။ အဲဒါမှ ခက်သည်။ အရေးပေါ်ဆိုတော့ ဆီးအိုးတွေ၊ ဘာတွေ မဝယ်ရသေး။ ဆရာမလေးက ကြွပ်ကြွပ်အိတ်နှင့် ဖြေရှင်းဖို့ အိတ်တစ်လုံး ထုတ်ပေးသည်။ လှမြင့်က ရှူးပေါက်ဖို့ စီစဉ်ပေးသည်။ အန္တရာယ်ကင်းသွားတော့ စိတ်လက်ပေါ့ပါးသွားသည်။

ကားက တစ်ဟုန်ထိုး ဆက်မောင်းနေရာကနေ တုံ့ခနဲ ရပ်တန့်သွားပြန်သည်။ ဟယ်လပင်မှတ်တိုင်၊ ရှေ့မှာ ပဲခူးကလပ်မှတ်တိုင်၊ ရန်ကုန်ဆေးရုံကြီးနှင့် သိပ်တော့မဝေးတော့ပေ။ အရေးပေါ်ကားမောင်းရင် အကွေ့အပတ်၊ အလိမ်အကောက်၊ အတိုးအထွက်က ရှေ့တန်းတိုက်စစ်မှူး ဘောလုံးသမားတစ်ဦးလို ပါးနပ်ဖို့လိုသည်။ သည်လိုမှမဟုတ်ရင် ကားတွေကများ၊ လမ်းတွေကျပ်သည့် ကာလတွင် လူနာတွေ ဒုက္ခရောက်နိုင်သည်။ ကိုယ်ဝန်သည်ဆိုကားပေါ်မှာ ကိစ္စပြီးသွားနိုင်သည်။ အေးလေ၊ သည်ကားပေါ်မှာ လူနာဘယ်နှစ်ယောက် သေဆုံးခဲ့ပြီဆိုတာမှ မသိတာ။

'သွေးပေါင်အရမ်းကျနေတယ်။ ၈၀/၆၀ ပဲရှိတယ်'

သုခကမ္ဘာတုန်းက ၁၂၀/၈၀ ပုံမှန်ပဲ။ သွေးပေါင်တိုင်းရင်း ဆရာမလေးက ပြောသည်။ ဆရာမလေးမျက်နှာ ထူးခြားစွာ ပျက်နေသည်။ ဝေဒနာကလည်း ထူးခြားစွာ ပျောက်မသွား။ ဆေးအာနိသင် ဘယ်ရောက်နေမှန်း မသိ။ လူက နည်းနည်းတော့ မောချင်လာသည်။ ကျောကလည်း ပူလာသည်။ အောက်ပိုင်းတစ်ခုလုံး အေးစက်နေသည်တဲ့။

ကံကြမ္မာ အဆုံးအဖြတ်ကို ကျုပ် လည်စင်းခံရတော့မှာလား။

ဘဝဆိုတာ ဘာလဲ။

မွေးဖွားခြင်းနှင့် သေဆုံးခြင်း၏ ကြားကာလပါ။ ဘဝဟောင်း၏နိဂုံး၊ သို့မဟုတ် ဘဝသစ်တစ်ခု၏နိဒါန်း။

အသက်ကို အောက်ဆီဂျင်နှင့်အတူ မျှင်းမျှင်းကလေး ရှူဖြစ်သည်။

'အသက်ဆိုတာ အောင့်ထားလို့မှ မရတာပဲ။ အသက်ထွက်ပြီဆိုရင် ဘယ်အပေါက်က ထွက်သွားမှန်းကို မသိလိုက်ဘူး။ ရုပ်နှင့်နာမ်မှာ နာမ်ကသစ္စာဖောက်လို့ လမ်းခွဲထွက်သွားလို့ကတော့ ရုပ်ဆိုတာ တုံးလုံးပက်လက်ကလေးပါပဲ'

မျက်လုံးကိုမှိတ်ပြီး လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် တင်ထားလိုက်သည်။ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ သံယောဇဉ်နှင့် သောကအားလုံးကို အတွေးထဲကမောင်းထုတ်ပြီး ထွက်ချင်သည့် အပေါက်ကထွက်ဖို့ အသက်ကို ခွင့်ပြုထားလိုက်သည်။

သေမှာကြောက်လေ သေမင်းက ပိုပြုံးပြပြလေပဲ။

တကယ်ဆို ခန္ဓာဝန်က လေးလံနေပြီ။ ခန္ဓာတစ်ခုလုံးလည်း လတ်လတ်ဆတ်ဆတ် ပကတိအတိုင်း ကောင်းသည့် ခန္ဓာအစိတ်အပိုင်းရယ်လို့ မရှိတော့ပေ။ သောက်နေရတဲ့ဆေးတွေ၊ ဆေးကြောင့်ဖြစ်သည့် ဘေးဥပါဒ်တွေ၊

သည်ခန္ဓာကိုယ်ကြီး အဘယ်မျှ တွယ်တာစရာ မကောင်းတော့ဘူး။ သည်တစ်ခေါက် သည်ရောဂါနှင့် မသေရင် နောက်တစ်ခေါက် နောက်ရောဂါနှင့် သေမှာပဲ။ ဇာတ်စကားနဲ့ ပြောရရင် မြန်မြန်သေတဲ့ သရုပ်ဆောင် စောစောအိပ်ရတာပေါ့။

■

**ဘဝဆိုတာ ဘာလဲ။**
**မွေးဖွားခြင်းနှင့်သေဆုံးခြင်း၏**
**ကြားကာလပါ။**
**ဘဝဟောင်း၏နိဂုံး၊ သို့မဟုတ်**
**ဘဝသစ်တစ်ခု၏နိဒါန်း။**

■

သေစမ်း. . . သေစမ်း. . . သေစမ်း. . .

သေစမ်းကွာ အော်ရင်း စိတ်ကို ဒုံးခနဲ လျှော့ချလိုက်သည်။ ကျုပ်အသက် ၅၅ နှစ်၊ ရှေ့အပတ်ဆို ပြည့်တော့မည်။ လူတကာ ကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာ စာအုပ်အမျိုး ၂၀ နှင့် ဆေးဆောင်းပါး ၂၀၀၀ ကျော်ခန့် ရေးခဲ့ပြီးပြီ။

နိုင်ငံ၏ အမြင့်ဆုံး အမျိုးသားစာပေဆုကိုလည်း ရခဲ့ပြီးပြီ။

အမျိုးသားစာကြည့်တိုက်မှာတော့ ကျုပ်စာအုပ်တွေနှင့် ကျုပ်နာမည် မြန်မာတည်သရွေ့ ရှိနေမှာ သေချာသည်။ ဘုရားဒကာ၊ ကျောင်းဒကာလည်း အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးပြီ။ သမီးနှစ်ယောက်လုံးလည်း ပညာတတ်တွေ ဖြစ်ကုန်ပြီ။ ငွေကြေးအသင့်အတင့်လည်း ပြည့်စုံပြီ၊ ဘာလိုသေးလဲ။ ကျုပ် မပူပါဘူး။

မိသားစု နောင်ရေးဆိုတာကလည်း တစ်ဦးစီ၏ ကံအကြောင်းတရားပါ။ ကျုပ်ပူပန်နေလို့ကော ဘာဖြစ်လာမှာတုန်း။ ဖျတ်ခနဲ ကျုပ် သေသွားပြီတဲ့၊ သူတို့ ကျုပ်နဲ့အတူ လိုက်သေကြမှာလား။

အသက်ရှည်သည်ဆိုတာ ရှည်တိုင်းလည်း ကောင်းတာမဟုတ်ပါဘူး။ အသက်ရှည်ပြီး မကျန်းမာ၊ မချမ်းသာရင်လည်း ဒုက္ခပဲ။

'သေမင်းရယ်. . . ခေါ်တော့မှာလား။ ခေါ်တော့လေဗျာ။ အားမနာပါနဲ့ ခင်ဗျားအဆင်သင့်ဖြစ်ရင် ကျုပ်ကို ရဲရဲသာခေါ်၊ ခင်ဗျားလက်ထဲရောက်မှ ခင်ဗျားစိတ်ကြိုက် ကြိုက်တာလုပ်၊ အပေါ်ပို့ပို့၊ အောက်ချချဗျာ။ ကျုပ်ကို အူတူတူ ကြောင်တောင်တောင်တော့ လုပ်မထားနဲ့၊ လူ့ပြည်မှာ ဆေးဝါးကုသစရိတ် အရမ်းဈေးကြီးတယ်'

'ဈေးကြီးတယ်၊ ခင်ဗျားလုပ်နေတာ ကျုပ် မကြိုက်ဘူး'

အိပ်ပျော်သွားတာလား၊ မေ့မြောနေတာလား၊ ကျုပ်မသိဘူး။ ခေါင်းခါလည်ခါနှင့် စကားပြောပြီး မျက်လုံးပွင့်သွားသည်။ ကားလုံးဝ ရပ်သွားပြီ၊ အရေးပေါ်ဌာနရှေ့ ရောက်နေပြီကိုး။ ကားတံခါးကြီး ပွင့်သွား၏။ မျက်လုံးထဲ အလင်းတန်းများ စူးစူးရှရှ ဝင်လာသည်။ လက်ဖြင့် မနည်းကာယူရသည်။ ကားပေါ်က ကုတင်ကို ဆွဲချရင်းက သူငယ်ချင်းဖော်စိန် မျက်နှာကို မြင်လိုက်ရသည်။ သူက သည်ဆေးရုံက ဆေးဝါးကျွမ်းကျင်သူ။ သူ့တပည့်များက ကျုပ်ကို အရေးပေါ်ဌာနသို့ အပြေးအလွှား ခေါ်သွားကြသည်။ ဟော လူတွေ များလိုက်တာ။

'ကျုပ် သေဦးမှာလား၊ သေချင်သေးတယ်ဆိုရင်လည်း သေပေါ့'

(၃)

အရေးပေါ်ဌာနတွင် လူနာများက ပျားပန်းခတ်တမျှ စည်ကားနေသည်။ ဝေဒနာမျိုးစုံဖြင့် အလွှာအမျိုးမျိုး၊ လူမျိုးအသီးသီး၊ ထိခိုက်ဒဏ်ရာသမားတွေဆို သွေးသံရဲရဲနှင့်။

သုခကမ္ဘာမှ လွှဲပေးလိုက်သော စာရွက်စာတမ်းနှင့်အတူ ဟောက်ဆာဂျင်တစ်ဦးက မေးခွန်းမျိုးစုံမေးသည်။ အနီဝတ် သူနာပြုဆရာမက ကျုပ်ကို အီးစီဂျီရိုက်သည်။ နောက်တစ်ဦးက သွေးသကြားဓာတ်တိုင်းသည်။ ဆရာ၊ ဆရာမတွေ လက်မလည်အောင် အလုပ်များနေတာပါ။

တွန်းဝင်လာသော ရိပ်ခနဲသဏ္ဌာန်တစ်ခု၊ မျက်နှာညိုးညိုးငယ်ငယ်နှင့် စာရေးဆရာမ မြမြလှိုင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ဘယ်သူဘာဖြစ်ပါလိမ့်။ မျက်လုံးကို ဝေ့ကြည့်လိုက်သည်။ ကိုဝင်းဇော်ကြီး ပက်လက်အနေအထားဖြင့် အမောဖောက်နေသည်။ တိုက်ဆိုင်လိုက်တာ။

အရေးပေါ်ကတစ်ဆင့် နှလုံးဌာနသို့ ကျုပ်ကို တက်ရောက်ကုသခွင့်ပြုလိုက်ပြီ။ ကုလားလေးက တွန်းသည်။ ဆရာဝန်မလေးတစ်ယောက် ဘေးက ကပ်လိုက်လာသည်။ ဓာတ်လှေကားမှတစ်ဆင့် နှလုံးဌာနသို့ ရောက်လာသည်။ အထူးကြပ်မတ်ဆောင် CCU ရှိ ကုတင်ပေါ်သို့ ပြောင်းတင်သည်။

အောက်ဆီဂျင်ရှူစက်ဖြင့် အောက်ဆီဂျင် ရှူခိုင်းသည်။ ရင်ဘတ်တွင် အီးစီဂျီကြိုးများ ချိတ်သည်။ လက်တစ်ဖက်တွင် သွေးပေါင်ချိန်စက် တပ်ထားသည်။ လက်ဖမိုးတွင် သွေးကြောကိုဖောက်၍ ဆေးသွင်းနိုင်ရန် ကိရိယာတစ်ခု

တပ်ထားသည်။ နည်းနည်းတော့ နာသည်။

သွေးပေါင်က ၆၀/ ၄၀ ပဲ ရှိတော့သည်။ ဆရာဝန်တွေ အုပ်စုလိုက် ကျုပ်ရဲ့ နှလုံးခုန်နှုန်း၊ သွေးကြောများ၏ အခြေအနေကို အီးစီဂျီမော်နီတာတွင် သေချာကြည့်ပြီး သွေးကြောတစ်ချောင်း ပိတ်တော့မည်ဟု ကောက်ချက်ချသည်။ သွေးပေါင်တက်ရန် ဆေးအမျိုးမျိုးသွင်းသည်။ ပိတ်တော့မည့် သွေးကြောထဲ သွေးခဲကို ဖြိုခွဲမည်။ လူတစ်ယောက်ဟာ နှလုံးကြွက်သား သွေးငတ်ရောဂါ စဖြစ်ပြီး ၆ နာရီအတွင်းမှာ ဆေးရုံရောက်လာရင် အထူးထိုးဆေးတစ်ခုဖြစ်တဲ့ Thrombolytic Agent ဆေးတစ်မျိုးမျိုးကို ထိုးပေးနိုင်သည်ဟု ဆိုသည်။

သည်ဆေးထိုးခြင်းသည် သွေးခဲကိုဖြိုခွဲပြီး ပိတ်ဆို့နေသည်ကို ရှင်းလင်းပေးနိုင်ပါသည်။ ထို့ပြင်နှလုံးကြွက်သားကို သွေးထောက်ပံ့မှု ပြန်ပေးနိုင်သည်တဲ့။

ကျုပ်သည်ကုထုံးဖြင့် ကုသမှုခံယူဖို့ အချိန်မီသေးသည်။ ဆေး၏ ဆိုးကျိုးကောင်းကျိုးက ၅၀=၅၀။

ကိုယ်အင်္ဂါ ချို့တဲ့သွားနိုင်သလို ရုတ်တရက် အသက်ဆုံးရှုံးသွားနိုင်သည်ဟုလည်း ဆရာဝန်က ညီပြာ့ကို ရှင်းပြနေသည်။ ကျုပ် မကြားတစ်ချက်၊ ကြားတစ်ချက်ပါပဲ။ ညီပြာနှင့် သမီးလေး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး မျက်စိသူငယ်၊ နားသူငယ် ဖြစ်နေမှာပါ။ ဖော်စိန်နှင့်လှမြင့် ဘာလုပ်နေ တာလဲ။

မင်းတို့ ဝင်ဆုံးဖြတ်လိုက်ပါလား။

ညီပြာတစ်ယောက် ဆေးသွင်းဖို့ သဘောတူလက်မှတ်ထိုးဖို့ မဝံ့မရဲ ဖြစ်နေဟန်တူသည်။ 'စာရေးဆရာ ကိုဗလဆိုတာ သူတော်ကောင်းကြီးပါ။ သူ့ဘဝမှာ အရက်ကလေး နည်းနည်းသောက်သည်ကလွဲလို့ မည်သည့်တစ်ဦး တစ်ယောက်ကိုမျှ ဒုက္ခမပေးဖူးဘူး။ အလှူအတန်း၊ အပေးအကမ်း၊ ရက်ရော တဲ့သူ။ အရက်တောင်မှ သွေးပျစ်လွန်း၍ ဆရာဝန်က သောက်ခိုင်း၍ သောက် တာပါ။

အရက်ဆိုတာ ကြာတော့လည်း စွဲတာပေါ့။ အရက်မူးပြီး ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးသေးဘူး။ ဒီစေတနာတွေကြောင့် သူအသက်ရှင်မှာပါ။

ညီပြာနှုတ်က တတွတ်တွတ်ပြောရင်း မျက်လုံးစုံမှိတ်၍ လက်မှတ်ထိုး ပေးလိုက်သည်။ ကျုပ်အသက်ကို ဆရာဝန်များလက်သို့ ဝကွက်ရောက်သွားပြီး လိုသမျှဆေး မရမရှိစေရ။ ကျုပ်အခြေအနေကို ၁၅ မိနစ်တစ်ကြိမ် မှတ်တမ်း ပြုနေရသည်။

သွေးပေါင်ချိန်တက်အောင် မနည်းကြိုးစားနေရသည်။ ၇၀/၅၀ ဖြစ်သည်နှင့် သွေးကျဲဆေးကို စလွှတ်လိုက်သည်။ အန္တရာယ်ဇုန်မြေထဲ စဖြတ်ပြီ။ ကျုပ် အိပ်ပျော်သွားသည့် အခါလည်းရှိသည်။ အရေးကြီးသော ဖုန်းတစ်ချို့ကို ဆက်သွယ်အကြောင်းကြားခိုင်းသည်။ မိတ်ဆွေတွေ တစ်ဦးပြီးတစ်ဦး ရောက်လာ၏။ ဆရာဝန်ကြီးများလည်း ပါသည်။ ဗိုလ်မှူးကြီးများလည်း ပါသည်။ အရာရှိကြီးများလည်း လာသည်။ စာရေးဆရာ၊ သတင်းထောက်တွေက အုံနှင့်ကျင်းနှင့်။ ထူးခြားသည်က ဆရာထီလာစိုးမြင့်ထယ် ရောက်လာခြင်းပင်။ ဧည့်သည်များလွန်းလို့ သူနာပြုဆရာမလေးများက တားယူရသည့် အဆင့်ထိ ရောက်နေသည်။ ကျုပ်က လက်ဆွဲနှုတ်ဆက်ရုံပဲ တတ်နိုင်သည်။ စကားပြောလို့ မရသေး။ အခြေအနေ အရပ်ရပ်ကြောင့် ကျုပ်ကို သွားပြီလို့ အားလုံးက ထင်မှတ်ထားကြသည်။ တစ်ချို့က အိမ်ကိုပြန်ယူဖို့ တိုက်တွန်းသည်။ ဖော်စိန်ဆို မတော်တဆ သေဆုံးခဲ့လျှင် အလောင်းကို ဘယ်လိုသယ်မယ်၊ ဘယ်လိုသဂြိုဟ်မယ် အထိ စဉ်းစားပြီး စိတ်ပူနေသည်။ သေမင်းနှင့် စစ်ခင်းနေသည်ကိုး။ အနည်းဆုံး သုံးရက်ခန့် အပြင်းအထန် တိုက်ပွဲဝင်ရဦးမည်။

'နှလုံးနဲ့ပတ်သက်ပြီး အကြီးအကျယ် ဝေဒနာခံစားရမယ်။ ဆေးရုံတက်ရကိန်း ရှိတယ်။ ဒါပေမဲ့ မစိုးရိမ်နဲ့။ မသေဘူး'

လွန်ခဲ့သော ခြောက်လခန့်က ကြည့်မြင်တိုင်၊ အေလမ်းက ဆရာဦးမြင့်ဟန် ဟောသည့်စကား နားထဲကြားလာသည်။ ကျုပ်မျက်နှာ အနည်းငယ် ပြုံးသွား၏။ ညိုပြာက ခေါင်းရင်းလာပြီး 'ရှင်သေလို့ မဖြစ်ဘူးနော်။ ရှင်ပြန်နေကောင်းမှာပါနော်'ဟု တတွတ်တွတ်နှင့် ပြောသည်။ 'ရေးစရာစာတွေ အများကြီးကျန်သေးတယ်။ ဆေးပညာရှင်တွေ ကျုပ်ကို အသိအမှတ်ပြုပြု၊ မပြုပြု ကျုပ်ကျန်းမာရေးစာပေတွေ ရေးနေဦးမှာပဲ။ စိတ်ချပါ။ ငါမသေဘူး။ ငါ ကမ္ဘာကျော်တစ်ဦး ဖြစ်ပြီးမှသေမယ်'

ပြောရင်းနှင့် သေးပေါက်ချင်လာသည်။ ဆီးအိုးထိုးပေးသည်။ ၄၅၀ ယူနစ်။ 'ရေ. . . ရေသောက်ချင်တယ်'ဟု တိုးညင်းသော လေသံဖြင့် ထပ်ပြောသည်။ ပိုက်ကတစ်ဆင့် ရေကိုစုပ်ယူသော်လည်း ခန္ဓာကိုယ်ထဲသို့ ရေအဝင်အထွက် စာရင်းပြုစုထားသည်။ ရေကိုတောင် အတိုင်းအတာနှင့်ပဲ သောက်ခွင့်ပြုသည်။

ဆရာတော်ကြီး ဦးဥတ္တရ ကြွချီရောက်လာ၏။ လက်အုပ်ချီထားရုံမှလွဲ၍ စကားပြော၍မရ။ ဆရာတော် ကျုပ်ခေါင်းရင်းဘေးတွင် ရပ်လျက် ပရိတ်

ရွတ်သည်။ မမွန်က ဘေးတွင် မေတ္တာသုတ်ရွတ်သည်။ ကိုမြတ်စိုးက ကြိုးတွေနှင့် ရှုပ်နေသော ကျုပ်ကို ဆရာဝန်များအလစ်တွင် ဓာတ်ပုံခိုးရိုက်သွားသည်။ ဂျာနယ်မှာပါလာရင် ဒုက္ခ. . .။ သည်လူနှယ်. . .။

'အန်ကယ် . . . သွေးဖောက်ရအောင်'

အရက်ပြန်လေး ဆွတ်ရုံဆွတ်သောအပ်က လက်ဖျားထိပ်ဝင်သွားပြီ၊ စစ်ခနဲ နာသွား၏။ ကျုပ်သွေးကြောလေးများက သေးသည်။ သူနာပြုတစ်တွေ သွေးစစ်၊ သွေးဖောက်တော့မည်ဆိုလျှင် သွေးကြောမိအောင် မနည်းရှာထိုးရသည့် အခါလည်းရှိသည်။ သွေးကြောနှင့် လွဲနေသည့်အခါလည်း ရှိသည်။ အံကြိတ်ခံရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့။ လက်မောင်းကို အင်ဆူလင် ခဏခဏ ထိုးသည်။ စစ်ခနဲ နာရုံကလွဲလို့ ဆိုးဆိုးဝါးဝါးမနာ။

သည်လိုသာ နေ့တိုင်းထိုး၊ နေ့တိုင်းဖောက်နေရရင်ဖြင့် ဒုက္ခ။

နံရံပေါ်က နာရီက ည ၁၀ နာရီထိုးတော့မည်။ အနိုင်အရှုံးက အဝေးကြီးလိုသေးသည်။ ညီပြာတို့သားအမိကို အိမ်သို့ ကားငှားပြန်ခိုင်းသည်။ လှမြင့်နှင့် စိုးသူက ညပိုင်းတာဝန်ယူသည်။ ဧည့်သည်များ စဲသွားသည်။ မျက်စိမှိတ်ပြီး ဘုရားအာရုံ ပြုနေတော့သည်။

ည ၁၂ နာရီလောက်တွင် ကိုတင်အောင်စိုး ရောက်လာသေးသည်။ မျက်လုံးဖြင့် စကားပြောဖြစ်သည်။ သူလည်း စိတ်ကောင်းဟန်မတူ။

ကျုပ်က ဆရာဝန်၊ ဆရာမများနှင့် စိမ်းသူမဟုတ်။ သူတို့မျက်နှာကို ကြည့်ပြီး စိုးရိမ်စိတ်ဖြင့် အနီးကပ် ကုသပေးနေမှန်း သိသည်။ သူတို့မျက်နှာကို ကြည့်ပြီး ကျုပ်အခြေအနေကို ကျုပ်သိနေသည်။

'အန်ကယ်ကြီး နေကောင်းလာမှာပါ။ ငြိမ်နိုင်သမျှ ငြိမ်ငြိမ်လေးနေနော်။ ၂၄ နာရီကျော်ရင်တော့ အန်ကယ်ကြီး နိုင်မှာပါ။ စိတ်ကိုတင်းထား။ လိုအပ်တာရှိရင် သမီးတို့ကိုပြော'

အီးစီဂျီရိုက်၊ သွေးပေါင်ချိန်ရင်း ဆရာမလေးက တိုးတိုးလေးပြောသည်။ သွေးကြောကတစ်ဆင့် ဆေးတစ်လုံးသွင်းသည်။ ကျုပ် လုံးဝအိပ်ပျော်သွားသည်။ ဘာမှမသိတော့။

မနက်ငါးနာရီထိုးတော့ ကျုပ်ကို အီးစီဂျီရိုက်ဖို့ နှိုးသည်။ ဆီးချိုအတွက်လည်း သွေးဖောက်ပြန်သည်။ မျက်နှာသစ်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ပြီး ဆန်ပြုတ်နည်းနည်းသောက်သည်။

သောက်ဆေးတွေ သောက်ရတော့မည်။ အစာမရှိရင် အစာအိမ် ဒုက္ခရောက်မည်။

ညိုပြာနှင့် သမီးငယ်တို့ သုံးနာရီလောက်တွင် ရောက်လာသည်။ လှမြင့်နှင့် စိုးသူတို့နှစ်ယောက် အိမ်ပြန်ပေါ့။ ကျုပ်က မျက်လုံးကို ဖွင့်လို့မရ။ အိပ်ပြီးရင်း အိပ်ချင်နေသည်။ ကျုပ် အိပ်ရာကနိုးတော့ ဆရာဝန်ကြီးနှင့်အဖွဲ့ ကျုပ်ကိုဝိုင်းထားသည်။ နှလုံးကို နားကြပ်ဖြင့် ထောက်၍ထောက်၍ တိုင်းသည်။ ထထိုင်ခိုင်းသည်။ ကျောကုန်းဘက် တိုင်းပြန်သည်။ ထပ်တိုးသောက်ဆေးတွေ ထပ်ညွှန်းသည်။

'အန်ကယ်ကြီး အခြေအနေတော့ ကောင်းသွားပြီ။ ဒါပေမဲ့ အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေးတော့ နေရမယ်။ အချိန်မရွေး ပြန်ဖောက်လာနိုင်တယ်'

ညိုပြာတို့ သားအမိ ပြုံးနေသည်။ အိမ်ကပြုတ်လာသော ဆန်ပြုတ်သုံးလေးဇွန်းစားပြီး ဆေးတွေသောက်သည်။ ဖော်စိန်ရောက်လာသည်။ သူ ကျုပ်ကိုပြုံး၍ ကြည့်လေသည်။

'မင်းရဲ့အလှူအတန်း ဒါနကုသိုလ်တွေက မင်းကို ကံကောင်းစေတယ်လို့ ထင်တယ်ကွာ။ ငါမင်းအတွက် အားလုံးပြင်ဆင်ထားခဲ့တာ သူငယ်ချင်း။ တကယ့်ကောင်ကွာ။ လူတွေကို အလန့်တကြားလုပ်တယ်'

ဖော်စိန်က ကျုပ်လက်မောင်းကို ဖျစ်ညှစ်ပြီး ဝမ်းသာဝမ်းနည်း စကားပြောသည်။

ကျုပ်ဘဝအတွက် သေမင်းတံခါးဝမှ လှည့်ပြန်နိုင်ခဲ့ပြန်ပြီ။ သည် ၂၄ နာရီအတွင်း ကျုပ်အတွေးအခေါ် အယူအဆများ ပြောင်းလဲသွားခဲ့သည်၊ ရွေးချယ်ရမည့် လမ်းကြောင်းတစ်ခုကိုလည်း ကျုပ် ကွက်ကွက်ကွင်းကွင်း မြင်နေရပါပြီ။

တကယ်လုပ်နိုင် မလုပ်နိုင်ပဲ အရေးကြီးသည်။

'လူဆိုတာ သေချင်တိုင်း သေလို့မှမရတာ'

(၄)

'စာရေးဆရာကြီး ရှေ့လျှောက် စာတွေအများကြီး ရေးနိုင်တော့မှာပါ။ တကယ်ဆိုးရွားတဲ့ အခြေအနေတွေကြားက အသက်ကို ကယ်နိုင်တာရယ်၊ ကိုယ်ခန္ဓာအစိတ်အပိုင်း ချို့ယွင်းမသွားတာဟာ အင်မတန် ကံကောင်းပါတယ်။

အိမ်ရောက်ရင် ဆေးလိပ်နဲ့အရက်ကို လုံးဝမသောက်ပါနဲ့။ ချိန်းတဲ့ရက်၊ သောက်ခိုင်းတဲ့ဆေးကို ပုံမှန်သောက်ပါ။ အားကစားလှုပ်ရှားမှု တစ်ခုခုတော့ လုပ်ရလိမ့်မယ်။ ဆီးချိုကိုတော့ သေချာထိန်းဖို့လိုမယ်။ ဆေးရုံမှာ ၂ ပတ်ကြီးတောင်နေရတော့ ပျင်းရောပေ့ါ။ ဒီနေ့ ဆေးရုံက ဆင်းခွင့်ပြုလိုက်ပြီ။ မဆင်းချင်ရင်လည်း ကြိုက်သလောက်နေလို့ရတယ်'

စကားနည်းပြီး တည်ကြည်ခန့်ငြားသည့် ပါမောက္ခပါ။ သည်ကနေ့ပြုံးပြုံးပျော်ပျော်ဖြင့် ကျုပ်ကို အမှာတွေ ချွေနေသည်။ ကျုပ်ပြီးတော့ တစ်ဖက်ကုတင်က လူနာဆီကူးသည်။ ညိုပြာနှင့် သမီးတို့ ပျော်နေ၏။ ကျုပ်လည်းပျော်ပါသည်။ ကျုပ်ဆေးရုံပေါ် မှာ ၁၅ ရက်ခန့် နေရသည့် နေရက်တွေမှာအိမ်ကလူတွေ ဒုက္ခမသေးလှ။ ငွေကြေးအခက်အခဲမရှိ၍ တော်သေးသည်။ အိမ်ပြန်ရောက်လျှင် ကျုပ်စာတွေ ရေးရဦးမည်။

ညိုပြာက ကျုပ်ကို မနက်စာ ထမင်းကျွေးသည်။ ကျုပ် ထမင်းစားနေစဉ် ညိုပြာတို့သားအမိ ပစ္စည်းတွေကိုသိမ်းပြီး ဖော်စိန်ထံ ဖုန်းဆက်ဖြစ်သည်။ သူတို့ အပြေးအလွှား ရောက်လာသည်။

Pay Room မို့ ငွေကြေးကိစ္စ ဦးစွာရှင်းရမည်။ ဆေးရုံဆင်းလက်မှတ်နှင့် ဆေးအညွှန်းတွေ ယူရဦးမည်။ ဆေးရုံဆင်းသည့် ကိစ္စမှန်သမျှ ဖော်စိန်တို့ဆရာတပည့်သုံးဦးက တာဝန်ယူသည်။ အထုပ်အပိုးတွေကလည်း နည်းနည်းနောနောမဟုတ်။ ကျုပ်ကို လမ်းမလျှောက်စေဘဲ တွန်းလှည်းဖြင့် ဆင်းခိုင်းသည်။ တွန်းလှည်းကို ဖော်စိန်ကိုယ်တိုင်တွန်းသည်။

'သူငယ်ချင်းရယ် ဒီအခြေအနေမျိုးနဲ့ မင်းပြန်ဆင်းနိုင်မယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ မင်း အင်မတန်ကံကောင်းတဲ့လူတစ်ယောက်ပါကွာ'

ဖော်စိန် တွန်းလှည်းကိုတွန်းရင် *ကျုပ်ကို ပြောနေသည်။*

'မင်းသူငယ်ချင်းက လူတွေအများကြီး ကျန်းမာဖို့အတွက် ဆေးပညာပေး စာပေတွေ ရေးနေသူလေကွယ်။ စာဖတ်ပရိသတ်ရဲ့မေတ္တာ ငါအမြဲရတယ်။ *ဒါကြောင့်ထင်ပါရဲ့ သူငယ်ချင်းရယ်'*

ဖော်စိန်ခေါင်းညိတ်ပြီး ကျုပ်ပခုံးကို ပုတ်သည်။

'အဲဒါတော့ ငါယုံတယ်။ နှလုံးလူနာတွေရဲ့ ခေါင်းအုံးအောက်မှာမင်းရေးတဲ့ နှလုံးသွေးကြော ရောဂါအကြောင်းစာအုပ် ဖွက်ဖွက်ဖတ်နေတာတွေ့ရတယ်'

'လူတွေက ထင်ကြမှာပဲ သူငယ်ချင်း။ ဟောတစ်အုပ် ဟောတစ်အုပ် ထွက်နေတာ စီးပွားရေးအရ အောင်မြင်လို့ ထုတ်နေတယ်ထင်ကြတယ်။ မဟုတ်ဘူး။ တစ်ခြားစီးပွားရေး လုပ်ငန်းကရတဲ့ ဝင်ငွေတစ်ချို့ကို စာအုပ်ထုတ်ပစ်နေတာကွ။ ဆေးပညာစာပေရေးခြင်း ထုတ်ခြင်းဆိုတာ ကြီးကြယ်တဲ့အလှူဒါနတစ်ခုလို့ ငါယုံကြည်တယ်။ ရောင်းမရရင် ငါအလကားပေးတယ်'

ဖော်စိန် တဟက်ဟက်နှင့် ရယ်နေသည်။ ခါတ်လှေကားမှတစ်ဆင့် နှလုံးဆောင် အပေါက်ဝသို့ ကျုပ်တို့ ရောက်လာသည်။

တက္ကစီတစ်စီးနှင့် သမီးငယ်ရောက်လာသည်။ အိမ်စီးကားတွေ ရောင်းမိသွားတော့ အခုလိုအချိန်မှာ အခက်အခဲ ဖြစ်တာပေါ့။ ဖော်စိန်တို့ ဆရာတပည့်ကို နှုတ်ဆက်ပြီး ကားရှေ့ခန်းသို့ ဝင်ထိုင်လိုက်သည်။ ညိုပြာနှင့် မချိုဝင်းတို့ နောက်ခန်းတွင် ဝင်ထိုင်သည်။ သမီးငယ်က ဆေးရုံဆင်းလက်မှတ်များယူရန် ဆေးရုံတွင် ကျန်ရစ်ခဲ့သည်။ မျက်လုံးတစ်ချက်ဝေ့ကြည့်။

အားလုံးကို လက်ဝှေ့ရမ်းပြ နှုတ်ဆက်ဖြစ်သွားသည်။ လွမ်းစရာလေးတော့ ဖြစ်သွားပြီ။ နှလုံးသွေးကြော ရောဂါများအကြောင်းနှင့် ဆီးချိုသွေးချိုရောဂါများအကြောင်း စာအုပ်နှစ်အုပ်ကို အောင်မြင်စွာ ရေးသားထုတ်ဝေနိုင်ခဲ့သော ကျုပ်။ သေလုမျောပါးနှင့် အဲဒီဆီးချိုနှလုံးရောဂါဖြင့်ပင် အရေးပေါ်ဆေးဝါးကုသမှု ခံယူခဲ့ရပြီ။ လူတကာကို ကျန်းမာရေးပညာ ပေးနေသူက ဘယ်နှယ်ဖြစ်စတဲ့။ အချို့ လှောင်ပြော,ပြောသူလည်း ရှိသည်။

'မသေကောင်း. . . မပျောက်ကောင်း'ရယ်။ အိမ်လည်း ပြန်နိုင်ခဲ့ပါသည်။ ကျုပ်လေးလေးနက်နက် ယုံကြည်တာက ကျုပ်စာဖတ်ပရိသတ်များ၏ မေတ္တာတွေကြောင့် အသက်ပြန်ရှင်လာတာပါ။

Potential မဂ္ဂဇင်း
၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။

မောင်မောင်ထွန်းအောင် (ကျန်းမာရေး)

# အချစ်ဟု ခေါ်သည်



ဇာတ်လမ်းက လက်က မချချင်အောင် သူ့စိတ်ကို ဆွဲခေါ်သွားသည်။ ဇာတ်အပြီးတွင် သူသည် မောဟိုက်ကျန်ရစ်ခဲ့၏။ စာရေးကောင်းသူမို့ အရေးအသားက ညက်သည်။ စာကြောင်းတိုပြီး စကားပြေ အရေးအဖွဲ့သွက်သည်။ ဖခင်တစ်ဦး၏ ကြီးမားသော မေတ္တာတရားကို ပေါ်လွင်အောင် ရေးသားတင်ပြထားခြင်းကြောင့် ရင်ကိုဆို့နစ်စေသည်။ သည်ဝတ္ထုဇာတ်လမ်းလေးကို ဖတ်ရင်းသူ မျက်ရည်ဝေ့မိသွား၏။ ကွယ်လွန်သွားပြီဖြစ်သော မိဘနှစ်ပါးကိုလည်း သတိတရ ဖြစ်သွားမိသည်။

စာရေးဆရာ၏ ဝတ္ထုအတော်များများကို သူ ဖတ်ဖူးသလို သရုပ်ဖော်ပန်းချီလည်း ရေးဆွဲပေးဖူးသည်။ သူ့ဝတ္ထုတိုင်းသည် မေတ္တာတရားဖြင့်သာ ထုံမွှမ်းနေတတ်သည်။ ယခုဝတ္ထုသည်လည်း ဖခင်မေတ္တာဖွဲ့ ဝတ္ထုတစ်ပုဒ်ပင်တည်း။ ဝတ္ထုနာမည်က “အဖေတစ်ယောက်အကြောင်း”တဲ့။ နာမည်ကရိုးသည်။ အနာကြီးရောဂါ စွဲကပ်ခံရသည့် ဖခင်တစ်ဦးက လူမှုဝန်းကျင်အလယ် မျက်နှာငယ်ငယ် ဖြစ်နေရှာသည့် သားတစ်ယောက်အပေါ် ထားရှိသည့် အကြင်နာတရား။ အသည်းနာနာ ရင်တထုထုဖြင့် ရက်စက်ပြခဲ့သည့် ဖခင်အပေါ် အမိပ္ပာယ်ကောက်လွဲ၊ နာကျည်းမှုပြင်းထန်စွာ အဖေကို ကျောခိုင်းခဲ့သော သား။ အဖေနှင့်သား အဖြစ်သနစ်က ကြေကွဲစရာ။ မိခင်မေတ္တာကိုသာ ဖော်ကျူးအရေးများသော သည်ခေတ်တွင် ဖခင်မေတ္တာကို မော်ကွန်းတင်ရေးသားသော စာရေးဆရာက အလွန်ရှားသည်။ အမှန်က အဖေဆိုတာ မိသားစုတစ်စု၏ မဟာတံတိုင်း၊ သူရဲကောင်းမည်သည်။

ရှားရှားပါးပါး ဇာတ်လမ်းကောင်းလေးတစ်ပုဒ်။ ရင်ကို အမှန်တကယ်ထိမှန်ခဲ့သည်။ သည်ဝတ္ထုလေးကိုပင် သူက သရုပ်ဖော်ပန်းချီ ရေးဆွဲပေးရမည်။ ဝတ္ထုကို သုံးကြိမ်မက အကြိမ်ကြိမ်ဖတ်သည်။ သရုပ်ဖော် ပန်းချီဆရာဆိုတာ စာရေးဆရာ၏ ခံစားတင်ပြမှုကို အမိအရ ဖမ်းနိုင်ပါမှ ပုံကောင်းထွက်သည်။

---

*ဟိန်းထက် စာပေ*

အရောင်အသွေး၊ ဇာတ်ကောင်စရိုက်ကို စိတ်ကူးဖြင့် ပုံဖော်ကြည့်မိသည်။ မိသားစု အပျော်ခရီး နွားလှည်းဖြင့် ခရီးနှင်ပုံ ပါရမည်။ ခြသေ့်မျက်နှာနှင့် လူတစ်ယောက် ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ပြေးပိုင်းခုတ်ပုံ အသည်းတယားယားဖြစ်အောင် ရေးမည်။ တက္ကသိုလ်နောက်ခံ ချစ်သူနှစ်ဦး ပျော်မြူးဟန် အပျော်ပုံ တစ်ပုံလည်း ထည့်လိုက်မည်။

ဆုံချက်ကို မိပြီမို့ သူ့ရင်ထဲ ပျော်သွားသည်။ မကြာခင် ရသမြောက်သော၊ အမြင်ဆန်းသစ်သော မဂ္ဂဇင်းဝတ္ထုရှည် သရုပ်ဖော်ပုံကို သူဖန်တီးနိုင်တော့မည်။ သူ ကျေနပ်ပီတိ ဖြစ်နေ၏။

"ပန်းချီဆရာ၊ အရောင်ရဲရဲတောက်တောက် ကုလားရောင် မသုံးစေချင်ဘူး။ ကြည့်လိုက်ရင် မေတ္တာဓာတ်၊ အကြည်ဓာတ်လေး လွှမ်းနေစေချင်တယ်"

စာရေးဆရာ၊ အယ်ဒီတာကြီး၏ အမှာစကား၊ စာရေးဆရာနှင့် သူကား ငယ်သူငယ်ချင်းတွေ၊ ဆိုးဖော်ဆိုးဖက်၊ ဘဝအမောများ ရင်ဖွင့်ဖော် ရင်ဖွင့်ဖက်၊ ပန်းချီ၊ပန်းပု ကျောင်းတက်ဖော် တက်ဖက်တွေ၊ ပန်းချီမရေးတော့ဘဲ စာရေး ရင်း၊ စာအုပ်ထုတ်ရင်း ဘဝကို တည်ဆောက်ခဲ့သူ။ သူ့ဘဝ ကြွမ်းသလောက် သူ့စာများ အောင်မြင်သည်။ ပုံပန်းသဏ္ဌာန်ကိုကြည့်ရင် ခပ်မာမာ ခပ်တင်းတင်း ခပ်ကြမ်းကြမ်းနှင့် အသည်းက နုသည်။ သူရေးတဲ့ ဝတ္ထုတိုင်းအား သူ့ကိုသာ သရုပ်ဖော်ခွင့် ပြုသည်။ သူ သဘောကျနှစ်ခြိုက်ရင် ဟန်မဆောင်တမ်း ပြုံးတတ် ရယ်မောတတ် ကျွေးမွေးဧည့်ခံတတ်သူ။ သူ ဘဝင်မကျ သဘောမခွေ့ရင်လည်း ဗျစ်တောက် ဗျစ်တောက်ဖြင့် ပေါက်ပေါက်ဖောက်တတ်သည်။ ခံစားမှုကို ဖမ်းချုပ်မိနေစဉ် ပုံဆွဲစာရွက်ပေါ် ခဲဖြင့် ကောက်ကြောင်းများ အလျင်အမြန် ရေးဆွဲဖြစ်သွားသည်။ အာရုံစူးစိုက်မှု ကောင်းနေ၍ ခဏတွင်း ပြီးသွားသည်။

နှုတ်ခမ်းထောင့်တွင် ကိုက်ခဲထားသော ဆေးပေါ့လိပ်တိုကို ပြာခွက်ထဲ ထိုးချေကာ ပန်းချီကားအား အရောင်သွင်းရန် ဟန်ပြင်လိုက်သည်။ သူ့မျက်လုံးထဲ ခုန်ပေါက်ပြေးနေသော နွားနှစ်ကောင်ကို မြင်နေရ၏။ နားထဲတွင် ချြသံလွင်လွင်ကို ကြားနေရသည်။ လူမမာ အဘိုးကြီး၏ တဒုန်းဒုန်းနှင့် နှလုံးခုန်သံများ "အဖေရယ် မသတ်ပါနဲ့. . . ကြောက်ပါပြီ အဖေရယ်"ဟု တောင်းပန်ရင်း အားခဲ ပြေးလွှားနေပုံများ၊ အိပ်မက်အလား မြင်ယောင် ကြားယောင်နေသည်။ သူ စုတ်ဘံကို အငမ်းမရ ကောက်ကိုင်လိုက်၏။

"အလို. . . ပန်းချီဆရာ. . . ဆရာ. . . ဆရာကိုရေချမ်း"

အော်သံကြောင့် ကိုင်ထားသောစုတ်တံ လွတ်ကျသွား၏။ အလိုလိုနေရင်း တောက်တစ်ချက် ခေါက်မိသွားသည်။ စိတ်တိုမိ၏။ စည်းချက်မညီသော ခြေဖနောင့်သံဖြင့် အိပ်ရှေ့ခန်း ထွက်ကြည့်ဖြစ်၏။ ဇနီးသည် ဈေးဝယ်ထွက်သွား၍ တစ်ဦးတည်း ရှိနေချိန်ဖြစ်သည်။

"ပန်းချီဆရာ ဘာလုပ်နေတာလဲ၊ ပန်းချီရေးနေတာလား၊ ဆောရီးပါ ပန်းချီဆရာ၊ မအော်မဖြစ်လို့ အော်ခေါ်မိတာပါ"

တင်းနေသောစိတ်ကို ဖြေလျှော့ချလိုက်၏။ ဟန်ဆောင် ပြုံးဖြစ်သွားသည်။ လမ်းထဲက ခင်မင်သောမိတ်ဆွေ ရင်းနှီးသူတစ်ဦး၊ သူနှင့်အတူ အသက်အရွယ်အားဖြင့် ခုနစ်ဆယ်ခန့်ရှိသော အမျိုးသမီးကြီးတစ်ဦး ပါလာသည်။

"ကိုသန့်ဇင်ရယ် ကျုပ် ပန်းချီဆွဲဖို့ ဟန်ပြင်နေတာဗျို့။ ဩော်. . . ဧည့်သည်လည်း ပါလာတာကိုး။ တက်ပါ၊ ဝင်ခဲ့ပါ"

သူ ဖိတ်ခေါ်လိုက်၏။ ဂျပိုးကြိုက်တတ်သော ကုလားထိုင်ပေါ် ဝင်ထိုင်ကြသည်မို့ အားတုံ့အားနာ ဖြစ်နေမိသည်။ ဘယ်သူလာလာ ကိုက်တတ်သော ဂျပိုးများကတော့ ပျော်နေကြလိမ့်မည်။ သွေးစုပ်ကောင်များ ဘယ်လိုရှင်းရပ။ ဓာတ်ဗူးထဲက ရေနွေးကို အိုးထဲငှဲ့ထည့်ပြီး ရေနွေးအိုးကို ချပေးမိသည်။ စီးကရက်နှင့် မီးခြစ်ကိုလည်း ယှဉ်လျက်ချထား ပေးသည်။

"ကိစ္စထူးများ ရှိသလား ကိုသန့်ဇင်၊ ဒီအစ်မကြီးကော. . . "

"ကိစ္စက အထူးကြီးပဲ ပန်းချီဆရာ၊ အလုပ်အပ်မလို့ဗျာ၊ ဒီအမေကြီးက ပန်းချီဆရာကို ပုံတစ်ပုံ ရေးခိုင်းချင်လို့တဲ့။ အဲဒါကြောင့် ပန်းချီဆရာဆီ ခေါ်လာတာ။ ပြောထားတာတော့ ကြာပေါ့။ ခုမှ ကျွန်တော်အားနေတာနဲ့ လိုက်ပို့ပေးတာ"

ပထမ ငြင်းလိုစိတ်နဲ့ အမေကြီး မျက်နှာကို လှမ်းကြည့်ဖြစ်သည်။ အသားဖြူဖြူ မျက်လုံးကောင်းကောင်း၊ ပါးဖောင်းဖောင်းနှင့် အသက်အရွယ်နှင့်မမျှ ခန့်ညားလှပ ကြက်သရေရှိနေသည်။ သို့သော် မျက်နှာတပြင်လုံး ညှိုးနွမ်းနေ၏။ ငြင်းရန်ဆန္ဒကို စိတ်ထဲက အလျင်အမြန် မောင်းထုတ်ဖြစ်သွား၏။

"ရေးပေးရမှာပေါ့။ ကဲ. . . အမေကြီးရယ် ကျွန်တော် ဘာပုံရေးပေးရမှာလဲ"

"ကျေးဇူးပါပဲ သားရယ်၊ သားသတင်း အမေကြားဖူးပါတယ်။ လက်ရာလည်း အလွန်ကောင်းဆိုပဲ။ နာမည်လည်း ကြီးသကိုး။ အမေက ဟောဒီပုံလေးကို

ပုံတူရေးပေးစေချင်တာ။ ဓာတ်ပုံနဲ့ ပုံကြီးချဲ့ရင် ရပေမယ့် အမေ ဂန္တဝင်မြောက်ချင်တယ်"

အမေအိုသည် ပြောရင်းဆိုရင်းနှင့် ပိုက်ဆံအိတ်ထဲက ပလတ်စတစ်အိတ် အထပ်ထပ်ဖြင့် သိမ်းထားသော ဓာတ်ပုံခပ်နွမ်းနွမ်း တစ်ပုံကို ထုတ်ပြသည်။ ဓာတ်ပုံက အရောင်လွင့်စ ပြုနေပြီ။ အဖြူအမဲ၊ ဆယ်စုနှစ် နှစ်စု၊ သုံးစုခန့် ကြာခဲ့ပြီထင်သည်။

"အတော်ကြာပြီပဲ။ ရေးတာတော့ ရေးပေးလို့ ရပါတယ်။ ဝါတာကာလာနဲ့ ရေးမှာလား။ ဆီဆေးနဲ့ ရေးပေးရမှာလား။ အမေ့အတွက် ဒီဓာတ်ပုံက အရေးပါပုံရတယ်"

"ဘာနဲ့ပဲရေးရေး၊ အကောင်းဆုံးနဲ့ တူအောင်သာ ရေးပေးစေချင်တယ်၊ ကျန်တာ အမေနားမလည်ဘူး"

"အဲဒါဆို ဆီဆေးနဲ့ ရေးတာပေါ့။ ဈေးတော့ ပေးရမယ်။ အချိန်လည်း နည်းနည်းယူရမယ်။ ခေတ်က အရာရာ ဈေးကြီးတဲ့ခေတ်လေ အမေ"

"အမေ နားလည်ပါတယ်။ ဈေးက အရေးမကြီးပါဘူး သားရယ်။ ပုံတူရေးခိုင်းတာဆိုတော့ ပုံတူဖို့က အရေးကြီးတယ်။ ဒီပုံက အမေ့ရဲ့ ခင်ပွန်းပုံပါ။ ဓာတ်ပုံဆိုလို့လည်း အမေ့မှာ ဒီတစ်ပုံပဲ ရှိတော့တယ်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်တဲ့ ပန်းချီကား ဖြစ်စေချင်တယ်။ အိမ်ဦးခန်းမှာ ကျကျနန ချိတ်ဆွဲထားချင်တာ၊ အမှတ်တရ အလွမ်းပြေပေါ့"

သူ ခေါင်းနပန်း ကြီးသွား၏။ အလုပ်က ပေါ့သေးသေးအလုပ် မဟုတ်။ ဂန္တဝင် ပန်းချီကားတဲ့။ မိသားစု တစ်စုလုံး ကိုးကွယ်ရာ ပန်းချီကား။ ပန်းချီကားတစ်ကားဆိုတာ တန်ဖိုးထားလေ တန်ဖိုးမြင့်လေပဲ မဟုတ်လား။ သူ အသက်ကို ခိုးရှူဖြစ်၏။

"မတူ့တူအောင်ကို ရေးပေးပါ့မယ်။ မတူမှာကို မပူပါနဲ့။ ဒါနဲ့အမေ အမေ့ခင်ပွန်း အသားအရောင်က ဖြူသလား၊ မည်းသလား၊ ညိုသလား။ ပုံရေးတဲ့အခါ အသားအရောင်က အရေးကြီးတယ်"

"အသားက ဖြူပါတယ်၊ ကျက်သရေ လည်း အရမ်းရှိတယ်။ ယောကျ်ား ပီပီသသ ခန့်ခန့်ချောချော၊ မျက်နှာက အမြဲပြုံးရွှင် နေတတ်တယ်။ အမေတို့ အိမ်ထောင် သက်တမ်းတစ်လျှောက် သူ မျက်နှာ မဲ့တာ၊ ညှိုးတာ၊ စိတ်ကောက်တာ စိတ်ဆိုးတာ မရှိသလောက်ပါပဲ။ အနေ လည်း အင်မတန်အေးတယ်။ သီချင်း ဆိုလည်း ဝါသနာပါတယ်"

"အမေ ပြောသလိုဆို အမေ့ ခင်ပွန်းက တကယ့်လူကြီးလူကောင်းပဲ"

"ဒါနဲ့သားရယ်၊ အမေ သားကို ဉာဏ်ပူဇော်ခ ဘယ်လို ချီးမြှင့်ရမှာလဲ"

"လေးသိန်းဆို လက်ခံရေးပေးပါ့မယ်။ အားတော့နာတယ် အမေ၊ ငွေကြေးပြောရတာ။ အနုပညာဆိုတာ တန်ဖိုးဖြတ်ရ ခက်ပါတယ် အမေ"

"ဈေးကကြီးသားနော်၊ အမေ ဈေးမဆစ်ပါဘူး။ အမေ့ကို အကောင်းဆုံးနဲ့ အတူဆုံးဖြစ်အောင် ရေးပေး။ အချိန်အနေနဲ့တော့ အမေ့ကို တစ်လအတွင်း အပြီးရေးပေးစေချင်တယ်။ အမေ ခရီးဝေးသွားစရာ ရှိလို့ပါ သားရယ်"

"ဖြစ်အောင် ရေးပေးပါ့မယ် အမေရယ်၊ စိတ်ချပါ"

အမေအိုသည် သူ့ကို ပန်းချီကားပုံတူ ရေးရန်အတွက် စရံငွေအနေဖြင့် တစ်ထောင်တန်နှစ်အုပ် ပေးသွားသည်။ အမေအိုသည် သူ့အိမ်မှ အပြုံးပန်းဝေလျက် ပြန်သွား၏။

ကိုသန့်ဇင်က သူ့ကို နှုတ်ဆက်စကားဆိုသည်။ သူက ကျေးဇူးစကားပြောပြီး ညနေ လမ်းထိပ်တွင်ဆုံရန် ပြောလိုက်သည်။ "ပန်းချီဆရာ၊ ကျွန်တော်အရက်မသောက်တော့ဘူး"ဟု ပြန်ပြောတော့ သူ အားတုံ့အားနာ ဖြစ်သွားရသည်။

ဧည့်သည်များ ပြန်သွားသည်နှင့် သူသည် စိတ်လက်ပေါ့ပါးသွား၏။

အိပ်ရှေ့ဧည့်ခန်းတွင် တစ်ဦးတည်းထိုင်လျက် ရေနွေးတစ်ခွက်ပြီး တစ်ခွက် သောက်ဖြစ်နေသည်။ ဗိုက်ထဲတွင် သံစုံတီးဝိုင်း တီးနေပြီ။ တံခါးပေါက်မှနေ၍ ဈေးမှပြန်လာမည့် သင်းမြကို မျှော်နေမိသည်။ မကြာပါဘူး၊ သင်းမြ ဆိုက်ကားစီး၍ ဈေးက ပြန်ရောက်လာသည်။ ဝယ်လာသော မုန့်ဟင်းခါးကို ပြင်ဆင်ပေး၏။ သူ ဗိုက်ဆာဆာဖြင့် အငမ်းမရ စားမိသည်။

"တစ်နေ့တစ်နေ့ သားဈေး ငါးဈေးက အတက်ချည်းပဲ။ ဘာဝယ်လို့ ဘာချက်ကျွေးရမှန်း မသိတော့ဘူး။ တော့်ကို ပြောရဦးမယ်၊ မုန့်ဟင်းခါးဆို မုန့်ဟင်းခါးချည်း စားမနေနဲ့၊ ရှင် မုန့်ဟင်းခါးစားတာ ရပ်သင့်ပြီ။ မုန့်ဟင်းခါးကို တာရှည်ခံအောင်၊ လူသေတွေ မပုပ်မသိုးအောင်သုံးတဲ့ ဖော်မလင်ဆေးတွေ သုံးတယ်တဲ့ တော်ရေ။ အစကတည်းက ရှင့်အသည်းက ကောင်းတာမဟုတ်ဘူး။ ပြေးကြည့် မှ ဒီလင်မယား နှစ်ယောက်တည်းရှိတာ၊ ကျွန်မတစ်ယောက်တည်း မနေရဲဘူး. . တော်. . ."

"အေး. . . အေး. . . ငါလည်း ကြားတယ်"

ဝိသမ လောဘသားတွေ လူတွေကို အဆိပ်တွေချည်း ကျွေးနေကြပါ

လား။ ငွေမျက်နှာချည်း ကြည့်ရင်တော့ ခင်ဗျားတို့ ဘဝကူးကောင်းမှာ မဟုတ်ဘူး။ ဟင်းချရင်းက သင်းမြ ပြောစကားကြောင့် ခိုးပြုံးမိ၏။ သည်မိန်းမ သူ့ကို အတော်ချစ်ရှာသည်။ သင်းမြအား ပုံတူပန်းချီကားနှင့် ပတ်သက်၍ အကြောင်းစုံ ပြောပြပြီး စာရံငွေနှစ်သိန်းအား အပ်လိုက်သည်။ သင်းမြမျက်နှာ ဝင်းပသွား၏။ သူ့ပါးကို တစ်ချက်နမ်းပြီး "ကိုကြီးကျော် မ,ပြီပေါ့"ဟု တစ်ခွန်းပြောကာ နောက်ဖေးမီးဖိုချောင်ထဲ ဝင်သွားသည်။ သင်းမြက ဘိုးတော်တို့၊ နတ်တို့ဆို ယုံမှယုံ။

"သင်းမြကိုလည်း သတိပေးရဦးမယ်။ အီကြာကွေးတို့၊ လွှက်စုံ ပဲခြမ်းသုတ်တို့ ခဏခဏ မစားနဲ့ဦး၊ ကြွရွနေအောင် ရေသန့်ဗူးခွံတွေ ထည့်ကြော်တာ တဲ့။ ကြာရင် ကင်ဆာဖြစ်တယ်ဆိုပဲ သင်းမြရယ်။ သင်းမြလိုပဲ မင်းမရှိရင် ကိုယ်လည်း နေတတ်မှာ မဟုတ်ဘူး"ဟု သူက အသံကျယ်ကျယ်နှင့် လှမ်းအော်ပြောမိသွားသည်။

ခေါင်းထဲ "အဖေတစ်ယောက်အကြောင်း" ဝင်လာသည်။ သူသည် နှားလှည်းကလေးကို အပီအပြင် ဆေးရောင်ချယ်ဖြစ်၏။ မေတ္တာတရား ကြီးမားပြီး အနာကြီးရောဂါဝေဒနာ စွဲကပ်နေသော ရုပ်ပျက်ဆင်းပျက် မျက်နှာကို အသက်ဝင်အောင် ဆွဲရတာပိုခက်သည်။ ပန်းချီကားတစ်ကားလုံး အစိမ်း၊ အဝါ၊ အပြာရောင်စုံဖြင့် အားပြုရေးသဖြင့် အေးမြနေသည်။ အဖေတစ်ယောက် မျက်နှာသည် အဖုအထစ်များဖြင့် ပီပြင်လှသည်။ သူသည် ပန်းချီကားကို အပြီးသတ်ရေးဆွဲ ပြီး လက်မှတ်ထိုးပစ်လိုက်တော့သည်။

သူသည် ရေနွေးပူပူလေး တစ်ခွက်ကို မှုတ်သောက်ရင်းက ဆေးလိပ်တိုကို မီးညှိလိုက်ပြန်သည်။ တစ်စိုက်မတ်မတ်ဖြင့် တစ်ဖွာနှစ်ဖွာလည်း ရှိုက်ချမိသည်။

ဆေးလိပ်ကြောင့် ချောင်းတဟွပ်ဟွပ် ဆိုးနေသော်လည်း သူသည် ဆေးလိပ်ကို စွဲစွဲလန်းလန်း သောက်နေဆဲ ရှိသေးသည်။ နံရံတွင် ချိတ်ထားသော အင်္ကျီကို ကောက်ဝတ်လိုက်၏။ ပုဆိုးကိုလည်း အသစ်ထုတ်ဝတ်လိုက်သည်။

"သင်းမြရေ. . . ကိုယ်လမ်းထိပ်ထွက်ပြီး ဖုန်းငွေဖြည့်ကဒ် ဝယ်ထည့်လိုက်ဦးမယ်ဟေ့။ မျက်နှာဖုံးပန်းချီ ပြီးစီးကြောင်းလည်း ကိုထွန်းအောင်ဆီ ဖုန်းဆက်လိုက်ဦးမယ်။ ဒါမှ နေ့လည်ကျရင် သူက တိုက်မှာစောင့်နေမှာ"

"အေး. . . အေး. . . သွား လွှက်ရည်ဆိုင်မှာလည်း အကြာကြီး ထိုင်မနေနဲ့ဦး။ စားသောက်ပြီးရင် မြို့ထဲ သွားရမှာလေ။ ကိုထွန်းအောင်ကိုလည်း ပြောဦး၊ အိမ်လေးဘာလေး လာလည်ပါဦးလို့. . ."

"အေးပါဟ၊ ပြောလိုက်မယ်။ နင့် သရက်သီး ကုန်သည်ဇာတ်လမ်းလေးကိုလည်း မဖြစ်မနေရေးဖို့ တိုက်တွန်းလိုက်ဦးမယ်"

သင်းမြကို ကျီစယ်လိုက်၏။ သူသည် ပြောရင်းဆိုရင်း ထီးတစ်လက်ကို ကောက်ကိုင်ပြီး အိမ်ပေါ်က ဆင်းလာခဲ့သည်။ မရမ်းမြိုင်လမ်းက ထွက်လျှောက်ကာ သံလမ်းထိပ်က အောင်စည်းစိမ် လှက်ရည်ဆိုင်သို့ ထွက်လာခြင်းဖြစ်သည်။ သူနေသည့်မြို့နယ်က စကားလုံး တစ်လုံးတည်းသာရှိသော လှိုင်မြို့။

လှိုင်သည် သူ၏ ဇာတိချက်မြေ ဖြစ်သည်။

×××

သူသည် ပုံတူပန်းချီကားကို အချိန်ပေး ရေးဆွဲခဲ့ရ၏။ စိတ်ကိုလည်း အတော်ကလေး စုစည်းထားရသည်။ သူသည် ပုံတူပန်းချီကား ရေးဆွဲဖို့အတွက် နိဗ္ဗာန်ရောက်ကြောင်းထက် စိတ်ငြိမ်းအေးချမ်းအောင် တရားထိုင်ဖြစ်သေးသည်။ နှုတ်ခမ်းအပြုံးနှင့် မျက်လုံးအကြည်ဓာတ်ကို အသက်ဝင်အောင် ရေးဆွဲရသည်မှာ ထင်သလောက် မလွယ်လှ။

ဝါ၊ နီ၊ ပြာ၊ နက်၊ ဖြူ ဆေးစပ် ရေးဆွဲရသည်ကလည်း ခက်သည်။ ဖြူသော အသားအရောင်ကို ကြွအောင်ရေးရသည်က ပို၍မလွယ်။ သူသည် ပုံတူပန်းချီကားကို သုံးပတ်ခန့် နေ့မအား ညမနား ရေးဆွဲခဲ့သည်။ အင်အားများကုန်ခမ်းလာ၏။ ညအိပ်ပျက်သည့် ဒဏ်ကို မသိမသာ သူခံစားနေရသည်။ အားမရှိသလို နုံးခွေလာ၏။ အသက်ရှူလျှင် ရင်ဘတ်က နာနေသည်။

စိတ်ကိုတင်းပြီး ရေးသည်။ စိတ်ထဲ ကျေနပ်အားရသည်ဟု မရှိ။ မဂ္ဂဇင်း အသီးသီးက ဝတ္ထုသရုပ်ဖော် ပုံများကိုလည်း သည်ကြားထဲ ရေးဆွဲပေးရသေးသည်။ သူသည် ညနေတိုင်း မရမ်းမြိုင်လမ်းထဲကထွက်၊ ရန်ကုန် အင်းစိန်လမ်းမကြီးကို ကျော်ဖြတ်ပြီး ယောဂီကျောင်းလမ်းကတစ်ဆင့် တက္ကသိုလ်ကျောင်းဝင်းအတွင်း ဖြတ်သန်းကာ အင်းယားကန်ဘောင်ရိုးတွင် စိတ်များ လန်းဆန်းအောင် လမ်းလျှောက်လေ့ရှိသည်။

မိုးရွာရွာ၊ နေပူပူ နိစ္စဓူဝ။

ရင်ထဲတွင် ဖတ်ဖြစ်ခဲ့သော ဝတ္ထုပေါင်းများစွာ ရှိ၏။ ကြိုက်နှစ်သက်သော ဝတ္ထုတစ်ပုဒ်ကို ဖတ်ရ သရုပ်ဖော်ရလျှင် ဟင်းကောင်းတစ်ခွက်ကို စားရသလို ခံတွင်းတွေ့တတ်သည်။ စိတ်တွေကြည်လင်ပြီး ပျော်ရွှင်မှုများကိုလည်း ခံစားရလေ့ရှိသည်။ သူက စိတ်ခံစားမှုကို ဦးစားပေးသူ။

သူသည် အင်းယားကန်ဘောင်ရိုးက အပြန် ဇနီးသည်အတွက် စားစရာတစ်ခုခု ဝယ်ယူသွားတတ်သည်။ သင်းမြက သူ့အတွက် အမြည်းတစ်ခုခု စိတ်ကြိုက် ဆောင်ရွက်ပေးထားတတ်၏။ လမ်းလျှောက်ကအပြန် ရေမိုးချိုးပြီး သည်နှင့် ဝတ္ထုရားမပျက် သူသည် အရက်ကို လေးပက်ခန့်သောက်ပြီးမှ ထမင်း စားလေ့ရှိသည်။ ထမင်းစားပြီး ဆေးလိပ်တစ်လိပ် ရှိုက်ဖွာရင်း သင်းမြနှင့် စကား စမြည်ပြောသည်။ သင်းမြအား သူဖတ်ဖြစ်သော ဝတ္ထုဇာတ်လမ်း တစ်ပုဒ်ကို လည်း အသံထွက်ဝတ္ထုအဖြစ် ပြောပြနေတတ်သည်။ စကားပြောဖော်ကလည်း လင်ကိုယ်မယား နှစ်ယောက်တည်း ရှိသည်ကိုး။

သူသည် ပန်းချီမဆွဲခင် တယောလေးထိုးပြီး သီချင်းညည်းတတ်ပြန် သည်။ သူ သီချင်းဆိုလည်း ဝါသနာပါသည်။

သူတို့နှစ်ဦး အိမ်ထောင်ကျခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ယနေ့တိုင် ရတနာထုပ်ကို မဆုပ်ကိုင်မိသေး။ သူ မည်သို့ပင် ကြိုးစားကြိုးစား ရတနာထုပ်က ဝေးနေဆဲ။ သင်းမြက ရောဝတီတိုင်းသူ၊ တစ်လောက ဇာတိမြေ ပြန်ရင်း အလကားရခဲ့သော သရက်သီးတွေကို ဈေးထဲချရောင်းရင်း အရင်းရှုံး သည်တဲ့။ စီးပွားရေး အမြော်အမြင်က ဤမျှထိကြီးသည်။ စာရေးဆရာကို ပြော ပြတော့ "အဲဒါ ဝတ္ထုရေးလို့ ကောင်းတယ်ဗျာ"ဟုပြောပြီး တဟားဟားနှင့် ရယ်ဖူး သည်။

သင်းမြသည် ည ၁၀ နာရီထိုးသည်နှင့် အိပ်ရာဝင်တတ်၏။ မနက် အစောကြီးထပြီး ရေနွေးအိုးတည်၊ ဘုရားရှိခိုး၊ ထမင်းကျန်ရင် ထမင်းကြော်၊ ဈေးသွားရသည်။ ပြန်လာတော့လည်း ထမင်းဟင်းချက်ရ၊ လျှော်ရဖွပ်ရသည်။ တစ်အိမ်လုံးမှာ လင်မယားနှစ်ယောက်တည်း ရှိသော်လည်း သင်းမြတစ်ယောက် တည်း လှုပ်ရှားသည်။ သူက ပန်းချီဆွဲရုံပဲ။ တစ်ပတ်နှစ်ရက် မြို့ထဲထွက် မဂ္ဂဇင်း တိုက်၊ စာပေတိုက် အသီးသီးသို့သွားသည်။ ပန်းချီဆွဲခ ရသမျှ သင်းမြလက် အပ်ရုံပဲရှိသည်။ အရာရာကို သင်းမြစီစဉ်သည်။ ရပ်ကိစ္စ၊ ရွာကိစ္စ၊ ဘုရား ကျောင်းကန် ကိစ္စအားလုံး သင်းမြချည်း။

သင်းမြက ညရှစ်နာရီ ထိုးသည်နှင့် ဘုရားရှိခိုးတတ်သည်။ တောင်း လိုက်တဲ့ဆုကလည်း တစ်သီတစ်တန်းကြီး။ ပြီးလျှင် သူ့အတွက် ဓာတ်ဗူးထဲ ရေနွေးအပြည့် ဖြည့်ထည့်ပေးပြီး လှက်သုပ်လေးဖြစ်ဖြစ်၊ ပဲခြမ်းသုပ်လေးပဲဖြစ် ဖြစ် အသုပ်တစ်မျိုးမျိုး စီစဉ်ပေးထားတတ်သည်။ လှက်ရည်က ချိုပေါ့ကျ တစ်ခွက်။

သူသည် တစ်ယောက်တည်း ရေနွေးသောက်လိုက်၊ အသုပ်လေးဝါးလိုက်၊ ဆေးလိပ်ဖွာလိုက်ဖြင့် ပန်းချီကားများကို ရေးဆွဲရင်း ညတွေကို ဖြတ်သန်းတတ်၏။ တစ်ချို့ညတွေဆို ညလုံးပေါက်တတ်သည်။ သူနေထိုင်သော ခြံဝိုင်းနှင့် တစ်ထပ်အိမ်ကလေးသည် မိဘထံမှ ဆက်ခံသော အမွေအနှစ်ဖြစ်၏။ ခြံကလေးက ၆၀×၈၀ ကျယ်သည်။ ကန်ထရိုက်များ သူ့ခြံထဲတွင် ၆ လွှာသုံးခန်းတွဲဆောက်ဖို့ ကမ်းလှမ်း၏။ သင်းမြက တိုက်ခန်းတစ်ဝက်ရမှာမို့ တိုက်ဆောက်လို၏။ ငွေပိုငွေလျှံဖြင့် စီးပွားရေး လုပ်ချင်သည်။ သူက မိဘအမွေမို့ သည်အတိုင်းသာ ထားချင်နေသည်။ ပန်းချီဆရာဟူသည် အရောင်များနှင့်သာ ကခုန်တတ်၏။ စုပ်ချက်များ တဖျတ်ဖျတ် ရိုက်ခတ်ကာ ပန်းချီဆွဲရသည်ကို ပျော်သည်။ ချမ်းသာမှုနှင့် ငွေကြေးကို စိတ်ဝင်စားမှု နည်းသည်။

လမ်းတစ်လျှောက် ကန်ထရိုက်တိုက် အလျှိုလျှိုပေါ်လာ၏။ လမ်းထဲတွင် လူဦးရေ ပိုများလာသည်။ မြန်မာပိုင်မြေမှ အကျိုးအမြတ်ကို လူမျိုးခြားများ ရယူနေကြသည်။ အရောင်အသွေး စုံလှသည့် လူမျိုးခြားများ ဝင်ရောက်လာ၏။ ဖြတ်သန်းမောင်းနှင်သော ကားအရေအတွက်လည်း ပိုများလာသည်။

ယခင်လို ဆိတ်ငြိမ်မနေတော့။ စည်းရုံးမှု မရှိတော့။ ကြေးစည်သံများ တဖြည်းဖြည်း ဆိတ်သုဉ်းလာသည်။ သစ်ပင်ဝါးပင်များလည်း ရှားပါးလာ၏။ လမ်းက ကွန်ကရစ်လမ်း၊ ကျဉ်းသည်။ ကားနှစ်စီး မျက်နှာချင်းဆိုင် အဝင်၊ အထွက် ပြုမရ။ ငှက်ကလေးများ သစ်ပင်ရှားပါးမှုကြောင့် နေရာမဲ့သွားသည်။ မနက်က အိပ်ယာထတော့ ဥဩမြည်သံ ကြားလိုက်ရသည်။ နားဝင်ချိုလှ၏။ နွေရောက်ပြီကိုး။ ခိုကလေးနှင့် စာကလေးများ သူတို့ခြံထဲတွင် ဆန်ကွဲလာစားတတ်သည်။

သူသည် ဆန်ကွဲများ အလုအယက် စားသောက်နေပုံကိုကြည့်ပြီး အလွန်ပျော်ရွှင်နေတတ်၏။ သူသည် မနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ် သူတို့လေးတွေကို ဆန်ကွဲကျွေးနေကျ။ လူလာလျှင် တဖျတ်ဖျတ်နှင့် ပျံတက်တတ်သော ငှက်တောင်ပံခတ်သံများ ပန်းချီဆရာ မျက်လုံးထဲတွင် အလွန်လှပနေတတ်သည်။ သည်မြင်ကွင်းမျိုး ပျောက်ကွယ်သွားမှာကိုလည်း သူ ကြောက်လန့်နေမိသည်။ သူသည် ညနေစာ စားပြီးသည်နှင့် အိမ်ခန်းထဲ ဝင်လိုက်၏။ ပန်းချီဆွဲခုံရှေ့တွင် ဝင်ထိုင်လိုက်သည်။ ပန်းချီကားထဲကလူသည် သူ့ကို ပြုံးလျက်ကြည့်နေ၏။ တစ်ခုခု ပြောလိုက်သလို၊ ကြားရသလိုလို နားထဲ ပဲ့တင်သွားသည်။

"ပန်းချီဆရာရယ်၊ လူတစ်ယောက်မှာ အရေးကြီးဆုံးက မျက်နှာသွင်

ပြင်ပဲ"

သူ စုတ်တံကို ကောက်ကိုင်လိုက်၏။ ညှစ်ထည့်ထားသော အဖြူရောင်ဆေးများကို စုတ်တံထိပ်ဖြင့် ခပ်ဖွဖွလေး မွှေလိုက်သည်။ အနီနှင့်အဝါ ရောစပ်ထားသော ဆေးပေါ် အဖြူရောင်ဆေး ကပ်ညှိနေသော စုတ်တံလေးကို အပြားလိုက် ပုတ်ချပြီးမှ အာရုံအားလုံး ပန်းချီကားပေါ် ရောက်သွားသည်။ ခပ်သွက်သွက်လေး စုတ်ကို ရဲရဲဝင်းဝင်း ရေးချလိုက်၏။ သူအလိုချင်ဆုံး အကြည်ဓာတ်ကို မျက်လုံးထဲ ပေါ်လွင်အောင် ရေးဆွဲနိုင်ခဲ့သည်။ ပြီးမှ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်၊ မေး များကို အနုစိပ် တို့ထိကစားသည်။ အောင့်ထားခဲ့သော လေကို ရှူထုတ်လိုက်၏။ သူက ပန်းချီကားကို အပြီးသတ် ရေးဆွဲပြီးပြီဟု ထင်သည်။

သူ့ရင်ထဲ မောဟိုက်နေ၏။ နှလုံးခုန်သံကို ကြားနေရသည်။

စုတ်တံထိပ်ဖျားက ဆေးမှင်စက်များက ထပ်ရေးဖို့ တွန့်တိုနေရှာသည်။ သူသည် စုတ်တံကို ပစ်ချလိုက်၏။ ထိုင်နေရာမှ ထကာ ခပ်လှမ်းလှမ်းမှ ပန်းချီကားကို လှမ်းကြည့်ဖြစ်သည်။ ရှေ့ကို တစ်လှမ်းချင်းတိုးကာ ခြေထောက်ကို ခပ်ဖွဖွနင်းပြီး အနီးကပ်လည်း ကြည့်ဖြစ်ပြန်သည်။

သူသည် မူရင်းဓာတ်ပုံကို လှမ်းယူပြီး သူဆွဲထားသော ပန်းချီကားဖြင့် နှိုင်းယှဉ်တိုက်ကြည့်သည်။ ပုံထဲက ဓာတ်ပုံရှင်က ကျေနပ်အားရစွာဖြင့် သူ့အားကြည့်နေသလို စိတ်ထဲက ထင်နေမိသည်။

နာရီကို လှမ်းကြည့်တော့ ည ၂ နာရီ ထိုးနေပြီ။

"ဟာ. . . ပြီးသွားပြီ"

ဇနီးသည် သင်းမြအား လက်တို့နိုးပြီး ပန်းချီကားကို ပြသဖို့ စိတ်ကူးဝင်လာသည်။ အိပ်နေရှာတာကိုး။ မနိုးတော့ပါဘူး။

သူသည် ကျေနပ်စွာ မီးခလုတ်ကို ပိတ်လိုက်ပြီး၊ တခေါခေါနှင့် အိပ်မောကျနေသော သင်းမြနဘေး တိုးခွေပြီး ဝင်အိပ်လိုက်သည်။

ရတနာထုပ်အတွက် ကြိုးပမ်းရင် ကောင်းမလား. . .။

×××

"ကဲ. . . အမေ ကျေနပ်ရဲ့လား၊ မတူတဲ့နေရာ ပြောနော်"

အဘွားကြီး မျက်လုံးများက ပန်းချီကားပေါ် မှ မခွာတော့။ သူ့မျက်လုံးများ ပြုံးနေသည်။ ငယ်ငယ်ကဆို အရမ်းချောမော့လှပမည့် အမျိုးသမီး မျက်နှာဟန်က အေးချမ်းပြီး ရိုးစင်းသည်။ ဥပမိရုပ်က အလွန်ခန့်ညား၏။

ပန်းချီကားကို ပွေ့ဖက်ထား၏။ လက်ချောင်းကလေးများဖြင့်လည်း တို့ထိကြည့်သည်။ မျက်ဝန်းတွင် မျက်ရည်များ ဝေ့သီလာသည်။ နှုတ်ခမ်းထောင့်စွန်းလေးကတော့ ပြုံးနေရှာသည်။ နှုတ်ခမ်းအိုနှစ်လွှာ လှုပ်လာ၏။

"ကိုရင်မောင်ရယ်၊ ရှင် ဘယ်သွားနေလို့ ကျွန်မဆီ ပြန်မလာတာလဲ၊ ရှင့်ကို ကျွန်မ လွမ်းလှပြီ"

အဘွားအိုသည် ပန်းချီဆွဲခ ကျန်ငွေနှစ်သိန်းအပြင် ဘောက်ဆုတစ်သိန်း ပေးသွားသေးသည်။ သင်းမြက ခြံဝအထိ လိုက်ပို့သည်။ အသင့်စောင့်နေသော ကားဒရိုင်ဘာက အဘွားကြီးအား တင်ခေါ်ပြီး အိမ်ရှေ့မှ မောင်းနှင်ထွက်သွားသည်။

သူသည် ဝန်ထုပ်ဝန်ပိုးတစ်ခု သူ့ခေါင်းပေါ်က ဝုန်းခနဲ ပြုတ်ကျသွားသလို ပေါ့ပါးလန်းဆန်းနေ၏။ သူ ရက်ပေါင်း ၃၀ တိုင် ရေးဆွဲခဲ့ရသော ပန်းချီကားအပေါ် သံယောဇဉ်မပြတ်ဘဲ စိတ်ထဲ စွဲလန်းကျန်ရစ်ခဲ့သည်။

ညညဆို ပန်းချီကားကို ချိတ်ထားသောခုံပေါ်တွင် ရှိန်းနိုး လိုက်ရှာဖြစ်သည်။ သူသည် ဒုံရင်းအတိုင်း သရုပ်ဖော် ပန်းချီပုံများ တစ်ပုံပြီးတစ်ပုံ ရေးဆွဲဖြစ်၏။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေ ယခင်ထက် ပိုပေါလာသော်လည်း ရသဝတ္ထုများ ရှားပါးလာ၍ သရုပ်ဖော်ပန်းချီ ရေးဆွဲရင်း ဘဝတည်ဆောက်ဖို့ ခက်ခဲလာ၏။

ပန်းချီကားတစ်ချို့ ရေးဆွဲဖြစ်သည်။ ကျောင်းဆင်း သူငယ်ချင်းနှစ်ဦးနှင့်အတူ သူ ပန်းချီပြပွဲလေး လုပ်လိုက်သေးသည်။ သူ ပန်းချီကားနှစ်ကားရောင်းလိုက်ရ၏။ တစ်ကားကို ဆယ်သိန်းခန့် ရလိုက်သည်။

သင်းမြ စိန်နားကပ် တဖျပ်ဖျပ် ဖြစ်သွား၏။

သူ့ကို သင်းမြက ယခင်ကထက် ပိုပိုနမ်းသည်။ အနမ်းများက ချိုမြိန်၏။ သူလည်း အရက်ကို ယခင်လေးပက်ကနေ ရှစ်ပက်အထိ နေ့စဉ်သောက်ဖြစ်သည်။ သူလည်း ပန်းချီကားများ ပို၍ရေးဖြစ်သည်။

မဂ္ဂဇင်း သရုပ်ဖော်ပုံနှင့် ဝတ္ထုမျက်နှာဖုံးများလည်း အသင့်အတင့်ရေးဖြစ်သည်။ တစ်ချို့သော သရုပ်ဖော် ပန်းချီဆရာများနည်းတူ သူသည်လည်း ကွန်ပျူတာ ပြုလုပ်ချက်များ သုံးတတ်လာသည်။

တစ်နေ့ ၃၉ လမ်းရှိ သူငယ်ချင်း စာပေတိုက်မှ ဖုန်းဆက်ခေါ်၍ မြို့ထဲသွားရန် သံလမ်းကားဂိတ်သို့ ထွက်လာခဲ့သည်။ လမ်းတွင် တစ်လောက ပန်းချီကား ရေးဖြစ်အောင် ပံ့ပိုးခဲ့သော ကိုသန့်ဇင်နှင့် ဆုံသည်။ အောင်စည်းစိမ်

လွှက်ရည်ဆိုင်တွင် ဝင်ထိုင်ဖြစ်သွားသည်။ ဟိုအကြောင်း၊ သည်အကြောင်း ပြောရင်းက ပန်းချီကား ပုံတူအပ်သော အဘွားကြီးအကြောင်း စကားဆက်သွားသည်။

"ဘယ်နှယ့်လဲ ကိုသန့်ဇင်၊ အဘွားကြီး သဘောကျရဲ့လား။ ပုံတူ မတူဘာမှ မှတ်ချက်မပေးဘူးလား"

"သူ အရမ်းကျေနပ်သွားတယ်ဗျာ။ သူက အဘိုးကြီးကို အရမ်းချစ်ရှာတာ။ သူ့သားသမီးတွေကလည်း ဘော့စ်တွေပဲ၊ ပညာတတ်တွေဗျာ။ သားတွေသမီးတွေက အမေကို စိတ်မချလို့ အတူနေဖို့ခေါ်လည်း မလိုက်ဘူး။ သူ့အဘိုးကြီး တစ်နေ့ပြန်လာနိုးနဲ့ စောင့်ရင်း တစ်ယောက်တည်း နေသွားရှာတာ"

"ဟာ. . . ဟုတ်လား၊ သူ့အဘိုးကြီး ဘယ်သွားလို့လဲ"

"အဘိုးကြီးက ပထမ လေဖြတ်တယ်ဗျာ။ လေဖြတ်ရာကနေ သူငယ်ပြန်တာပေါ့။ တစ်နေ့ အပြင်သွားရင်း ပျောက်သွားတယ်။ အဘွားကြီးခင်ဗျာရင်ထုမတတ် မျက်ရည်လေး စမ်းစမ်း,စမ်းစမ်းနဲ့ ရှာရဖွေရ မျှော်ရရှာတာ။ သူ့ယောက်ျား သေဆုံးသွားတယ်ဆိုတာကို ဘယ်လိုမှ လက်မခံဘူး။ ဟုတ်လည်းဟုတ်တယ်လေ၊ သေတာ သူမှ မမြင်ရတာကိုး။ သားတွေ၊ သမီးတွေ အားလုံးကတော့ သူတို့အဖေ ဒီလောကထဲ မရှိတော့ဘူးဆိုပြီး လက်ခံထားကြတယ်"

"ခုနောက်ပိုင်း အဘွားကြီး တစ်ယောက်တည်း နေလို့မဖြစ်တဲ့ အခြေအနေ ဖြစ်လာတယ်။ ဟိုတုန်းက ဆီးချို အကြီးအကျယ် တက်ဖူးထားတော့မျက်လုံးအမြင်က ဝါးသွားတယ်။ ခုနောက်ပိုင်း ပိုဆိုးလာတော့မှ သားတွေနဲ့နေဖို့သဘောတူတာ။ အိမ်ကိုတော့ အိမ်ငှား တင်ထားခဲ့တာပေါ့။ သူ၊ သူ့သားတွေနဲ့လိုက်မသွားခင် သူ့ယောက်ျား ပန်းချီကားကို ခင်ဗျားကို အပ်သွားတာ။ အဲဒီပန်းချီကားထဲက သူ့ယောက်ျားပုံ တူ,မတူ သိပ်မခွဲနိုင်ဘူး။ မျက်လုံးက ခပ်ဝါးဝါးပေမယ့် ချစ်တဲ့စိတ်နဲ့ ဖြည့်ကြည့်သွားပုံပဲ ပန်းချီဆရာ"

**"ဟာဗျာ. . . ဒါကို အချစ်လို့ ခေါ်ရမှာပေါ့။**

**မောင်မောင်ထွန်းအောင်(ကျန်းမာရေး)**



# တံခါးအဖွင့်၊ အပိတ်

မောင်မောင်ထွန်းအောင်
(ကျန်းမာရေး)

"ကိုဖြိုး. . . ကျွန်တော် မလိုက်ဘူးနော်"

"ဟာကွာ၊ မင်းကလည်း ဘယ့်နှယ်ပြောပါလိမ့်။ ဆရာနဲ့ မင်းတို့ငါတို့က အင်မတန် ရင်းနှီးတာလေကွာ၊ မိတ်ဆွေဆိုလည်း မမှားပါဘူးကွာ၊ ငါတို့ကို အမြဲလိုလို ပြောဆိုဆုံးမ လမ်းညွှန်ပြနေတဲ့သူ၊ ငါတို့ကို အစစအရာရာ ကူညီရိုင်းပင်း စောင့်ရှောက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်၊ ငါတို့ မင်းတို့ရဲ့ အစ်ကိုကြီးဆိုရင်လည်း ဟုတ်တယ်။ အဲသလိုပုဂ္ဂိုလ် နာမကျန်းဖြစ်လို့ ဆေးရုံတက်နေရတာ သိသိကြီးနဲ့ သတင်းမမေး၊ နှစ်သိမ့်အားပေးစကားလေးတောင် မပြော၊ မလုပ်ဖြစ်ရင် ငါတို့ တတွေ ဘာဖြစ်သွားမလဲ၊ လူပီသစမ်းပါ၊ အောင်မိုးရယ်"



အောင်မိုးက မုန့်ပဲသရေစာတစ်ထုပ် ဝယ်ထား၏။ ဆရာ့အတွက် လူကြုံပါးရန် ဖြစ်သည်။

"ဆရာ့သတင်းကြားကြားချင်း ကျွန်တော့်စိတ်ထဲ မကောင်းဘူး။ ဆရာ့ကို ကိုဖြိုးလိုပဲ ကျွန်တော်အရမ်းခင်မင် လေးစားတာပေါ့။ ဒါပေမဲ့ ကိုဖြိုးရယ်၊ ကျွန်တော် မလိုက်ပါရစေနဲ့ဗျာ"

အောင်မိုးက အတည်ပေါက်ဖြင့်ပြောသည်။ သူ့စကားကြောင့် သောက်နေသော ရေနွေးပူပူလေးပင် လည်ချောင်းထဲ တစ်ဆို့သွား၏။

"မလိုက်လို့မရဘူး ဟော့ကောင်၊ မင်းငါနဲ့ လိုက်ကိုလိုက်ခဲ့ရမယ်။ မနက်ဖြန် သန်ဘက်ခါဆို မင်းကားရိုက် ထွက်တော့မယ်။ တစ်ပတ်၊ ဆယ်ရက်လုံးဝအားမှာ မဟုတ်ဘူး။ ဆရာ့မိသားစု ဘယ်လောက်တောင် သောကတွေများနေကြမှန်း မသိဘူး။ ဆရာ့မှာ ငွေကြေးအထောက်အပံ့၊ လက်ဆောင်ပစ္စည်းတွေ မလိုပေမယ့်၊ မိတ်ဆွေ အပေါင်းအသင်းတွေရဲ့ အားပေးမှုကိုတော့ လိုအပ်နေမှာပါပဲ။ သတင်းမေးရင်း ဆေးရုံစောင့်လေးပဲဖြစ်ဖြစ် ငါတို့လုပ်ပေးသင့်တယ်။ လူနဲ့လူ ပေါင်းသင်းဆက်ဆံခြင်းရဲ့ ရလဒ်က ဒါပဲကွာ"

ကျွန်တော်က ရှည်ရှည်ဝေးဝေး ပြောဖြစ်သွားသည်။ အောင်မိုးက ပန်းကန်ပြားထဲ ကျန်နေသည့် လက်ဖက်သုပ်တစ်ဇွန်းကို ပါးစပ်ထဲ ကောက်ထည့်ရင်းက ပြန်ပြောသည်။

"လုပ်ပေးချင်ပါတယ်၊ လုပ်လည်း လုပ်ချင်ပါတယ်၊ ကျွန်တော် ဆရာ့ကို ကျန်းမာစေချင်ပါတယ်။ ဒါပေမဲ့ ကိုဖြိုးရယ်"

"လာပြန်ပြီလား ဒါပေမဲ့၊ ဒါပေမဲ့ဆိုတဲ့ စကားလုံးကို နောက်ထပ်မပြောကြေးကွာ၊ ထ,ထသွားကြစို့ကွာ၊ ဟော့ကောင်လေးတွေ ငွေရှင်းမယ်"

လမ်းဘေးလက်ဖက်သုပ်ဆိုင်တွင် လက်ဖက်သုပ်ထိုင်စားရင်း ကျသင့်ငွေကို ရှင်းပေးပြီး၊ အောင်မိုးကို ကျွန်တော် အဟင်းဆွဲထူ ထ,လိုက်သည်။ လေးလိုက်သည့် ခန္ဓာကိုယ်၊ အားနာသည်ထင်ရဲ့၊ အောင်မိုးထရပ်သည်။ သူ့မျက်နှာက မကြည်မလင်နှင့်။ ကျွန်တော်က မောင်းဝင်လာသော တက္ကစီတစ်စီးကို လက်တားရပ်ခိုင်းလိုက်၏။ ရန်ကုန်ဆေးရုံကြီးသို့ လိုက်ပို့ခိုင်းသည်။ ကားဒရိုင်ဘာက လက်ညှိုးနှစ်ချောင်း ထောင်ပြသည်။ ကျွန်တော် ဈေးမဆစ်မိ၊ ကားတံခါးဖွင့်၍ လှမ်းတက်လိုက်သည်။

"ဟော့ကောင် တက်လေ"

အောင်မိုးက ကားပေါ်သို့ မတက်ချင်တက်ချင်ဖြင့် တက်သည်။

ကျွန်တော် သက်ပြင်းပူလေး မှုတ်ထုတ်ဖြစ်သည်။ ကားက ဖြည်းညှင်းစွာ စ,ထွက်သည်။

ညနေပိုင်း ရုံးဆင်းချိန်မို့ ကားလမ်းကပိတ်သည်။ မီးပွိုင့်လည်း တစ်ပွိုင့်ပြီးတစ်ပွိုင့်နှင့် မိသည်။ ၁၀ မိနစ်ခန့် အရှိန်နှင့်မောင်းလျှင် ရောက်နိုင်သည့်နေရာ၊ ကားက လိပ်ပြေးသလို ပြေးနေရ၏။ ကားဈေးကွက် ပျက်သုန်းမှုနှင့်အတူ ရန်ကုန်မြို့တွင် တစ်နေ့တစ်ခြား ကားတွေက ပိုများလာသည်။ အနော်ရထာလမ်းပေါ်တွင် ကားကြီး၊ ကားငယ် အသွယ်သွယ်က တရွေ့ရွေ့ တအိအိဖြင့် တစ်နေရာမှ တစ်နေရာသို့ရောက်ရန် အချိန်အတော်လေးကို မောင်းနေရသည်။

စိတ်ထဲ အလျှင်လိုနေ၏။ ကားပေါ်ကဆင်းပြေး လျှောက်ပစ်လိုက်ချင်သည်။ အောင်မိုးကို ဝေ့ကြည့်လိုက်တော့ မျက်စိအစုံမှိတ်၍ နောက်ခန်းတွင် ငြိမ်နေသည်။ သည်ကောင့်အတွေးအခေါ်က တစ်မျိုး၊ နှုတ်ကြမ်း လျှာကြမ်းသည်။ သို့သော် စိတ်ကောင်းတော့ရှိသည်။ ခင်စရာကောင်းသည်။

ကားသမားက ကားတံခါးများကို အလုံပိတ်လိုက်ပြီး အဲယားကွန်းဖွင့်ပေးသည်။ အိုက်စပ်စပ် အနေအထားကနေ တစ်ကိုယ်လုံး အေးမြသွားသည်။ ဆူးလေဘုရားလမ်းမီးပွိုင့်၊ မဂိုလမ်းမီးပွိုင့်၊ သိမ်ကြီးဈေးမီးပွိုင့်ကို ဖြတ်အပြီး မြို့မကျောင်းလမ်းအတိုင်း ကားကို ချိုးကွေးလိုက်သည်။ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနရှေ့ အပေါက်မရောက်ခင် ကားကို ထိုးရပ်လိုက်၏။ ကားခရှင်းပေးပြီး အောင်မိုးနှင့်ကျွန်တော် ကားပေါ်က အတူဆင်းလိုက်ကြသည်။ ဆေးရုံဝန်းကျင်အနှံ့ ဈေးဆိုင်စုံသည်။ ထမင်းဆိုင်၊ လ္ဘက်ရည်ဆိုင်၊ ကွမ်းယာဆိုင် အစုံရှိသည်။ ကားသမားတစ်ချို့ ဝေစုလုနေကြ၏။

“ဒီလိုလုပ်ပါလား ကိုဖြိုး၊ သစ်သီးလေးဘာလေး ဝယ်ချင်ဝယ်ဦးလေ၊ ပြီးရင် ဆရာ့ဆီ ကိုဖြိုးတက်သွား၊ ကိုဖြိုး ဆင်းမလာမချင်း ကျွန်တော်ဆေးရုံအောက်က ထိုင်စောင့်နေပေးမယ်၊ အရေးအကြောင်းဆို ဖုန်းဆက်ပေါ့”

အောင်မိုးစကားကြောင့် ကျွန်တော်အတော့်ကို အချဉ်ပေါက်သွားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ဖြစ်သွား၏။ စိမ်းစိမ်းကားကားကြီးကြည့်ပြီး၊ ခပ်ငေါက်ငေါက်စကား ပြောဖြစ်သွားသည်။

“ဟာ. . . ဖောက်ပြန်ပြီ။ ဆေးရုံဝင်းထဲ ရောက်မှတော့ ဆေးရုံပေါ်မတက်လို့ဖြစ်မလား ငနွားရယ်၊ ဒီအချိန် ငါတို့ကို ဆရာနဲ့ပတ်သက်တဲ့ လူတစ်ဦးတွေ့သွားရင် ဘယ်နှယ်လုပ်ကြမလဲ၊ ရာဇဝင်ရိုင်းအောင်တော့ မလုပ်စမ်းပါနဲ့ကွာ၊ ဟော. . . ပြောရင်းဆိုရင်းနဲ့ ကိုကျော်ဌေးတို့ သားအဖနဲ့တွေ့ပြီ။ တောင်

ပြောမြောက်ပြောတွေ ပြောမနေစမ်းနဲ့ အောင်မိုး၊ လိုက်ခဲ့စမ်းပါကွာ"

ကိုကျော်ဌေးကို လက်ပြနှုတ်ဆက်ဖြစ်သည်။ သူတို့သားအဖ ဆေးရုံပေါ် တက်သွား၏။ အောင်မိုး မလွဲသာမရှောင်သာ နောက်ကလိုက်လာသည်။ ဘေးချင်းယှဉ်လျှောက်ရင်းနှင့် အောင်မိုး စကားစ,ပြန်သည်။

"ကိုဖြိုးမသိဘူးနော်၊ ကျွန်တော် ဆရာ့ကို အားနာလို့၊ ဆရာ့မိသားစုကို သနားလို့၊ ကျွန်တော် ဆရာ့ကို သံယောဇဉ်ကြီးလို့၊ ဆရာ့ကို ဆက်လက်ရှင်သန်စေချင်လို့ ကျွန်တော်ဆရာ့ကို တက်မကြည့်တာ၊ ကျွန်တော့်ကြောင့် တစ်ခုခုဖြစ်သွားမှာကို ကျွန်တော် စိုးတထိတ်ထိတ်နဲ့ ဖြစ်နေမိတာပါ"

"ငါ ဒါတွေကို နားမလည်ဘူးကွာ၊ မင်း ဆရာ့ကို လေးစားတယ်ဆိုရင် ခဏတစ်ဖြုတ်ပဲဖြစ်ဖြစ်၊ မျက်နှာပြရုံပဲဖြစ်ဖြစ် လိုက်ကြည့်ကွာ၊ မင်းကို ငါဘယ်လိုမှ နားမလည်တော့ဘူး။ လူမှုရေးနဲ့ ပတ်သက်ရင် မင်းဒီလောက်ထိ ညံ့ဖျင်းမယ်လို့ ငါဘယ်တုန်းကမှ မျှော်လင့်မထားမိခဲ့ဘူး။ မင်းဒီက လှည့်ပြန်ချင်လည်း ပြန်တော့ကွာ၊ ငါ့မှာ မင်းကိုပြောစရာ စကားမရှိတော့ဘူး"

ကြာလျှင် စိတ်က ပေါက်ထွက်သွားလိမ့်မည်။ စိတ်လွတ်ကိုယ်လွတ်ဖြစ်မသွားအောင် ကျွန်တော့်စိတ်ကိုကျွန်တော် ချုပ်တည်းနေရသည်။ အောင်မိုးတံ့ကနဲ ရပ်ကျန်ခဲ့သည်။ ကျွန်တော် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့၏။ နှလုံးဆောင်ရှေ့ တံခါးဝရောက်တော့ လှေကားအတိုင်း ဆေးရုံပေါ် ကျွန်တော်တက်သည်။ ဧည့်ချိန်မို့ အဆင်းအတက်က များသည်။ အောင်မိုး နောက်ကပြေးလိုက်လာ၏။ ကျွန်တော် တစ်ချက်ပြုံးမိသည်။ ဆေးရုံရနံ့လေးက နှာခေါင်းကို လာကျီစယ်သွားသည်။

"နေပါဦး ကိုဖြိုးရယ်၊ ခြေလှမ်းကလည်း သွက်လိုက်တာဗျာ၊ မမြင်မကန်းနဲ့ ရှေ့ကလူ ဝင်တိုးပြီး မှောက်လဲနေပါဦးမယ်။ ကိုဖြိုးနေအုံး၊ ကျွန်တော့်မှာ ပြောစရာစကား ကျန်နေသေးတယ်၊ ခဏလေးပဲဖြစ်ဖြစ် နားထောင်ပေးပါဦး"

"ပြောကွာပြော၊ လမ်းလျှောက်ရင်းသာပြော၊ ငါမင်းကို စိတ်မရှည်တော့ဘူးနော်၊ ဒီလောက် လက်ပေါက်ကပ်တဲ့အကောင် တွေ့ကိုမတွေ့ဖူးဘူး။ ဒီလိုစိတ်ထားမျိုးနဲ့ဆို မင်းနဲ့ငါ သံယောဇဉ်ကြိုးတွေ ပြတ်တောက်သွားလိမ့်မယ်"

"ကိုဖြိုးကလည်းဗျာ၊ စိတ်တိုတတ်လိုက်တာ၊ ဒီလိုပါ၊ ကိုဖြိုးက ကျွန်တော့်ကို ရှူးနေတယ်လို့ပဲပြောပြော၊ ပေါကြောင်ကြောင် သတ္တဝါတစ်ကောင်လို့ပဲမြင်မြင်၊ ကျွန်တော့်စိတ်ထဲမှာ ဆရာနဲ့ပတ်သက်လို့ စိတ်ထဲထင့်နေတာတော့ အမှန်ပဲ။ ကျွန်တော့်ဘဝ တစ်လျှောက်လုံး မိဘ၊ ဆွေမျိုး၊ ဆရာ၊ မိတ်ဆွေ

အသိုင်းအဝိုင်းထဲက တစ်ဦးဦး နေမကောင်းလို့ မလွှဲမရှောင်သာ ကျွန်တော်က သတင်းမေးမိရင် အဲဒီလူ သေသွားတာချည်းပဲ။ ကျွန်တော်တို့ဆရာကို ကျွန်တော့်ကြောင့် မသေစေချင်ဘူး။ အဲဒါကြောင့်မို့လို့ပါ ကိုဖြိုးရယ်"

လေသံအက်အက်၊ အောင်မိုးက လက်အုပ်ချီပြီး ပြောသည်။ ရုတ်တရက် သူ့စကားကြောင့် ခြေလှမ်းတုံ့ကနဲ ဖြစ်သွားသည့်တိုင် ကျွန်တော် ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်ဖြစ်သည်။

"သေ. . . သေကွာ၊ ဆရာက သေမှာကြောက်တဲ့ လူစားမျိုး မဟုတ်ဘူး။ မင်းဘာမှ ဆက်မပြောနဲ့တော့၊ အထွန့်လည်း မတက်နဲ့၊ တိတ်တိတ်လေးသာ ငါ့နောက်ကိုလိုက်ခဲ့၊ ဘယ့်နှယ် စွဲစွဲလန်းလန်းကွာ၊ ဆရာ့ထိုက်နဲ့ ဆရာကံ သေချင်သေကွာ၊ တပည့်ဝတ်ကိုတော့ ငါတို့က ကြေမှဖြစ်မယ်"

ကျွန်တော် အသံမာမာဖြင့် ဘုဆတ်ဆတ် ပြောလိုက်မိ၏။ စိတ်ထဲတော့ ထင့်သွားသည်။ ကျွန်တော့် စကားသံကြောင့် ရှေ့ကလျှောက်နေသော လူတစ်ချို့ပင် နောက်သို့လှည့်၍ လှမ်းကြည့်ခံရသည်။ အို. . . ဆေးရုံပေါ်မှာ လူတွေက စည်ကားနေလိုက်တာ။ လူနာများစွာတို့က ခုတင်ပေါ်တွင် ထိုင်လျက်၊ အိပ်လျက်၊ တစ်ချို့မောပန်းတကြီး အသက်ရှူနေကြသည်။ အောက်စီဂျင်ဗူးနှင့် ရှူသူကရှူ စက္ကန့်ပိုင်းလေးအတွင်း နှလုံးခုန်ခြင်း ရပ်တန့်သွားလျှင် မတွေးဝံ့စရာကြီး။ နှလုံးရောဂါက မာယာများသည်။ အောင်မိုးက ဖင်ကုတ်ခေါင်း ကုတ်ဖြင့် ကျွန်တော်နောက်မှာ မဝံ့မရဲ လိုက်လာခဲ့သည်။

ကျွန်တော် ပြုံးဖြစ်သွား၏။ တဟားဟားနှင့် ရယ်လည်းရယ်ချင်နေသည်။ စိတ်ကလည်း အလွန်အမင်း ကပိုကရိုဖြစ်နေသည်။ မတည့်အတူနေကြသူများ၊ ယုံကြည်ချက်ချင်း၊ စိတ်သဘောချင်း၊ အပုံကြီးကွာသည်။ အစွဲအလန်းကြောင့် အကြောက်လွန်နေခြင်း ဖြစ်သည်။ ဆရာနှင့်နီးလေ သူ့ရင်ခုန်သံလေးများ မြန်နေလေ ဖြစ်နေမလား။

×××

"လူနာအခြေအနေက မကောင်းဘူး၊ နှလုံးသွေးကြောတွေ ပိတ်ချင်နေတယ်။ သွေးပေါင်ကလည်း အရမ်းကျနေတယ်။ အရေးပေါ်ကုသမှု ခံယူဖို့လိုတယ်။ Thrombolysis လို့ခေါ်တာပေါ့။ သွေးခဲပျော်ဆေး ကုထုံးပေါ့။ နှလုံးသွေးကြောပိတ်နေတဲ့ သွေးခဲတွေကို ဆေးထိုးပြီး ပျော်ကျသွားအောင်လုပ်တဲ့ ကုထုံးပဲ။ ကျွန်မတို့ အစွမ်းကုန် ကြိုးစားကုပေးမယ်။ သဘောတူကြောင်း

လက်မှတ်ထိုးပေး။ လိုအပ်တဲ့ ဆေးဝါးတွေကို ဝယ်ပေး။ ရလဒ်ကတော့ ၅၀/၅၀ ပါပဲ။ လောလောဆယ် သွေးပေါင်တက်အောင် ကြိုးစားရမယ်"

တာဝန်ကျ ဆရာဝန်က ဆရာ့မိသားစုအား ရှင်းပြသံကို အခန်းထဲ ဝင်ဝင်ချင်း စတင်ကြားလိုက်ရသည်။ ဆရာကတော် လက်မှတ်ထိုးပေးလိုက်သည်။ လိုအပ်သော ဆေးဝါးများအတွက် ကုန်ကျမည့် ငွေတစ်ချို့ကို ဆရာ့သူငယ်ချင်း ဖော်စိန်အား လှမ်းပေးသည်။ အွန်လိုင်းသတင်း တစ်ချို့ကြောင့် ဆရာ့မိတ်ဆွေတစ်ချို့ ရောက်လာ၏။ တစ်ချို့က မသိမသာ ဓာတ်ပုံခိုးရိုက်သွားသည်။ ဆရာက မိတ်ဆွေအလွန်ပေါသူ ဖြစ်သည်။

ဆရာသည် ကုတင်ပေါ်တွင် သတိလက်လွတ် မဖြစ်သော်ငြားလည်း အမျိုးမျိုး အထွေထွေသော ပိုက်များဖြင့် အသက်ကို အားတင်းရှူနေရှာသည်။ ဆရာမလေးများက အစက်ချရုံဖြင့် အားမရ။ လက်ဖြင့်နှိပ်၍ ဒရစ်ကိုသွင်းသည်။ အသက်တစ်ခါ ရှူသွင်း၊ ရှူထုတ်လုပ်တိုင်း ဖောင်းဖောင်းကားကား ဆရာ့ဗိုက်က လှုပ်ရမ်းသွားသည်ကို မြင်နေရသည်။ ကျွန်တော် ဆရာ့ကုတင်နားတိုးကပ်၍ ဆရာ့ကို နှုတ်ဆက်ဖြစ်သည်။

သွေးပေါင်ချိန် အနည်းငယ် တက်လာချိန်၊ ဆရာ့ကို သွေးခဲပျော်ဆေးစက်ဖြင့် စတင်သွင်းသည်။

ဆရာကား အားလုံးကို မျက်လုံးဖြင့် စကားပြောနေသည်။ နှုတ်ဆက်ခြင်းပဲလား။ နှုတ်တော့ မဆက်ပါနဲ့ဆရာ။ ဆရာ့မျက်နှာတွင် ဝေဒနာကြောင့် အခံရခက်နေသော်လည်း စိုးရိမ်ပူပန်မှု၊ ထိန့်လန့်မှု ကင်းနေသည်ကို တွေ့ရသည်။ စကားနည်းသလောက် ပျော်ပျော်နေတတ်သော ကျွန်တော်တို့ဆရာ။ ခုတော့လည်း သေမင်းနှင့် စစ်ခင်းနေရပါပြီ။

စက္ကန့်၊ မိနစ်၊ နာရီဖြင့် ပိုင်းခြားထားသော အချိန်က ဆရာ့အတွက် အရေးပါလွန်းသည်။ သတ်မှတ်သည့်အချိန်တွင် သွေးခဲ ပျော်မကျသွားခဲ့ရင် လက်ဝှေ့ကြိုးစင်ပေါ် ဝိုက်လက်သီးပြင်းပြင်း အထိုးခံရသည်နှယ် လက်မြောက်အရှုံးပေးရတော့မည်။ သွေးခဲများ တစ်နေရာရာ၌ ပိတ်ခဲ့လျှင်လည်း ဒုက္ခိတဘဝကို ရင်ဆိုင်ရပေဦးမည်။ ဆရာ့ဘက်တွင် ကံအကျိုးပေးသာ ရှိတော့သည်။

ဆရာကတော်သည် အားလုံးကို ဝေ့ရမ်းကြည့်နေသော ဆရာ့လက်ကလေးကို ဆုပ်ကိုင်ထားရင်း မျက်ရည်ဝဲနေရှာသည်။ ဆရာ့သမီးငယ်က ဆရာ့မျက်နှာကိုကြည့်ပြီး တရှုတ်ရှုတ်ဖြင့် ငိုနေ၏။ ဆရာချစ်သော သမီးကြီးက ရပ်ဝေးရောက်နေ၍ ဘေးတွင်ရှိမနေ။ ဆရာ့တွင် မိဘမရှိ၊ ညီအကို မောင်နှမ

မရှိ၊ တစ်ကောင်ကြွက် တစ်မျက်နှာ။ ယင်းကြောင့် လူတိုင်းကို မေတ္တာပေး၍ အောက်ကျခံ ပေါင်းသင်းတတ်သည်။

"ဒင်းတို့ဆရာက အရမ်းပေတေတာ၊ နေ့နေ့ညည မနားတမ်း စာရေးတယ်။ အများကို ကျန်းမာစေချင်လို့ ဆေးစာတွေ အင်နဲ့အားနဲ့ ရေးနေတဲ့ ရှင်တို့ဆရာက ကိုယ့်ကျန်းမာရေးကျတော့ ဂရုမစိုက်ဘူး။ ခုဖြစ်ပြီ၊ ဘယ်သူ တစ်ယောက် အစာထိုး ခံလို့ရလို့လဲ၊ ကိုယ်ဖြစ် ကိုယ်ခံရုံပဲလေ"

ဆရာကတော်က ညည်းညည်းညူညူဖြင့် ပြောသည်။ ကြေကွဲစရာ ပါပဲ။ ပြဇာတ်တစ်ပုဒ်ကို ကပြနေသလို။ မည်သို့ဇာတ်သိမ်းမှန်းမသိ။ ပျော်ရွှင်ဖွယ် ဇာတ်သိမ်းခန်းလေး ဖြစ်ပါစေ။ ဆုတောင်းရုံကလွဲ၍ ကျွန်တော်တို့ ဘာမှ မတတ်နိုင်ခဲ့ပါ။ ဆုတောင်းတွေ ပြည့်စေချင်ပါသည်။

ကျွန်တော်သည် ဆရာ့ခြေရင်းတွင် ရပ်နေရာမှ ခုံလွတ်လေးတစ်လုံးပေါ် ဝင်ထိုင်ပြီး ဆရာ့ခြေထောက်များကို အသာအယာ နှိပ်နယ်ပေးလျက် စောင့်ကြည့်နေသည်။ အောင်မိုးက ခပ်ရှောင်ရှောင် လုပ်နေသည်။ ဟောတစ်ယောက်၊ ဟောတစ်ယောက်ဖြင့် သတင်းမေး ရောက်လာကြသည်။ ရောဂါသည်းလေ လူနာနည်းလေ ဖြစ်ရမည့်အစား၊ အထူးကြပ်မတ်ဆောင်ထဲတွင် ဆရာ့အား သတင်းမေးသူ အများဆုံးဖြစ်နေသဖြင့် တာဝန်ရှိသူများက ဟန့်တားယူရသည် အထိ ဖြစ်လာသည်။

ဆရာ့အား သွေးခဲဆေးကို သွေးပြန်ကြောမှတစ်ဆင့် တဖြည်းဖြည်း သွင်းပေးနေသည်။ နေ့းကွေးလိုက်တာ၊ အချိန်ကလည်း ကုန်ခဲလိုက်တာ၊ ယခုမှ ည ၈ နာရီ ထိုးသေးသည်။ နောက်တစ်နေ့မနက် ၁၂ နာရီကျော်မှ ကံကောင်းသော လက္ခဏာက ဆရာ့ဆီရောက်မည်ဟု ဆိုသည်။

ည ၉ နာရီခန့်တွင် ဆရာ့ဆီ၊ ဆရာနှင့် အင်တာဗျူးဖူးသော ဆရာဝန်ကြီးနှစ်ဦး ဆေးခန်းမှအပြန် ရောက်ရှိလာ၏။ သူတို့က နိုင်ငံကျော် ဆရာဝန်ကြီးများဖြစ်၍ တာဝန်ကျ ဆရာဝန်နှင့် စကားပြောကြသည်။ ဆေးမှတ်တမ်းများကိုလည်း ယူကြည့်သည်။ ခေါင်းတခါခါ ရင်တသပ်သပ်ဖြင့် မချိမပြုံးမျက်နှာ ဖြစ်သွားသည်။ စုပ်လည်း သုတ်သည်။

သူတို့နှစ်ဦး ခေါင်းချင်းဆိုင်ကြ၏။ ခဏနေ ဆရာကတော်အား အကြံပြုသည်။

"တို့ဆရာကြီး၊ ဒီတောင်ကို မကျော်နိုင်တော့ဘူးနဲ့ တူတယ်။ စေတနာနဲ့ အကြံပြုတာပါ။ သေချင်သေရင်တောင် ဆရာကြီးကို အိမ်မှာဘဲ အေးအေး

လူလူသေတာ မကောင်းဘူးလား"တဲ့။

သူတို့စကားကြောင့် ဆရာကတော် မျက်နှာပျက်သွားသည်။ အောင်မိုးက ကျွန်တော့်ကို လက်ကုပ်အချက်ပြသည်။ မျှော်မှန်းချက်များ ကုန်ဆုံးသွားပြီထင်သည်။ ဆရာကတော်တစ်ယောက် အသံမထွက်ဘဲ ငိုရှိုက်နေသည်။

"သေတာတော့ မဆန်းပါဘူး ဆရာတို့ရယ်။ သည်မှာက နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေရှိတယ်။ ဆေးဝါး ပစ္စည်းကိရိယာတွေ ပြည့်စုံတယ်။ သည်ကြားထဲ ကံကုန်လို့ သေရင်လည်းသေပေါ့။ အိမ်မှာ ကျွန်မတို့ ဘာမှမလုပ်တတ်ဘူးဆရာ"

"ဒါတော့လည်း ဒါပေါ့၊ အကြံပြုတာပါ။ အခြေအနေက အဆိုးဖက်အရမ်းရောက်နေတယ်"

"တစ်ခုတော့ရှိတယ်၊ ဆရာအရင့်အရင်က သူပြောဖူးတဲ့စကားပါ။ သူသေရင် မီးမရှို့လိုက်ပါနဲ့တဲ့။ သူသေဆုံးပြီးတာနဲ့ သူနဲ့ပတ်သက်တာတွေ လုံးဝပျောက်ကွယ်သွားတာမျိုး သူမလိုချင်ဘူးတဲ့။ မြေနေရာလေး တစ်ကွက်ဝယ်၊ အုတ်ဂူလေးတစ်လုံးနဲ့ ကျန်နေတဲ့ ခန္ဓာကိုယ်ကြီးကို ထားပေးပါတဲ့ဆရာ။ တကယ်လို့ ဆရာတို့လူ သေဆုံးသွားခဲ့ရင် ဆရာတို့ ဒါလေးကိုသာ မဖြစ်မနေစီစဉ်ပေးကြပါ"

ပြောရင်းနှင့် ဆရာကတော် အသံတိုးညှင်းသွားသည်။ အထူးကုနှစ်ဦးက ဆရာကတော်အား အားတုံ့အားနာ နှုတ်ဆက်ကာ ပြန်သွားကြ၏။ ကျွန်တော် သက်ပြင်းရှိုက်ဖြစ်သည်။ ဆရာ့မျက်နှာထက် ဆရာ့နှလုံးသားနှင့် ချိတ်ဆက်ထားသော နှလုံးခုန်နှုန်းပြ စက်ကလေးကိုသာ စူးစိုက်ကြည့်နေမိသည်။ ဆရာ့အား အိပ်ဆေးတစ်လုံး လာထိုးပေးသည်။ ဆရာသည် အပူပင်မဲ့ နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ ဆရာ့သူငယ်ချင်း ဖော်စိန်က ဆရာ့မိတ်ဆွေ၊ ဆရာ့ဆွေမျိုးများထံ ဆရာ့အကြောင်း ဖုန်းဆက်အကြောင်းကြားပေးသည်။ ဆရာ့ဗိုက်က ပိန်လိုက်ဖောင်းလိုက်နှင့် ရုပ်နာမ်သဘော ဆောင်နေသည်။

ကျွန်တော်သည် အထူးကြပ်မတ်ဆောင်မှ အပြင်သို့ ထွက်လာခဲ့၏။ ခုံတန်းရှည်လေး တစ်လုံးပေါ် အောင်မိုးနှင့် ကိုဖော်စိန်တို့ ထိုင်နေသည်ကို တွေ့ရသည်။ ဖော်စိန် မျက်နှာပျက်နေသည်။

"ကိုဖြိုးကို ကျွန်တော် မပြောဘူးလား၊ အဲဒါကြောင့် ကျွန်တော်လိုက်မလာချင်တာ၊ ခုတော့လည်း ကျွန်တော့်ကြောင့် ဆရာဒုက္ခရောက်တော့မယ်"ဟု အောင်မိုးက ကျွန်တော့်နားကပ်၍ တိုးတိုးကလေးပြောသည်။

အစွဲအလမ်း၊ အကြောက်အလန့်ကြီးသော အောင်မိုး။

သည်တစ်ကြိမ်တော့ သူ့ပြောစကားကို ကျွန်တော်ပြန်မပြောဘဲ သူ့မျက်နှာကိုသာ စူးစိုက်ကြည့်ဖြစ်သွားသည်။ အကြည့်ချင်းဆုံတော့ နှလုံးခုန်သံ တူသွားသည်။ ခုနကပြန်သွားသော ဆရာ့မိတ်ဆွေ ဆရာဝန်ကြီးနှစ်ဦး ဆုံးဖြတ်သလို ဖြစ်နေခဲ့လျှင်. . .။

■
ဗုဒ္ဓဘာသာ အယူအရ၊
လူနဲ့သက်ရှိသတ္တဝါဆိုတာ
သေတာမရှိဘူးကွာ၊
လူတွေအားလုံးက
သေမှာ ကြောက်နေကြတယ်။
■

ကျွန်တော့်ရင်ထဲ စူးနစ်သွား၏။ မိတ်ဆွေ၊ ဆရာတစ်ဦးနှင့် ခွဲခွာရမည်ဆိုသော အသိ။ ဝမ်းနည်းသလို ကြေကွဲသလို လှိုက်တက်လာခဲ့သည်။ ဆရာနှင့် ကျွန်တော် ခင်မင်မှုက နှစ်ပေါင်း ၃၀ တိုင်ခဲ့ပြီ။

ညက တိတ်တိတ်ဆိတ်ဆိတ်။ လူနာဆောင်တစ်ခုလုံး ညည့်နက်လာသည်နှင့်အတူ အသံဗလံများ တိတ်ဆိတ်လာ၏။ ညည်းသံတချို့ကိုလည်း ခပ်သဲ့သဲ့ ကြားရသည်။ အသံလုံလုံဖြင့် သွားလာလှုပ်ရှားနေသော ခြေသံတချို့ကိုလည်း ကြားနေရသည်။ ညနေစာကို ဆေးရုံအောက် ထမင်းဆိုင်တွင် ဖြစ်သလို ဖြေရှင်းကြသည်။

ဆရာ့အခြေအနေက အောင်မိုးတွေးထားသလို ဖြစ်သွားလေမလား။

ကံအကြောင်းတရား တစ်ခုသာလျှင် ဆရာ့နောက်တွင် ရှိတော့သည်။

×××

"ဗုဒ္ဓဘာသာ အယူအရ၊ လူနဲ့ သက်ရှိသတ္တဝါဆိုတာ သေတာမရှိဘူးကွာ၊ လူတွေအားလုံးက သေမှာကြောက်နေကြတယ်။ တကယ်တမ်းကျတော့ သေမျိုးဆိုပေမယ့် မင်းတို့ငါတို့က မသေကြဘူး။ ဘဝကူးကြတာ။ နိဗ္ဗာန်မရောက်မချင်း၊ ရုပ်နာမ် မချုပ်ငြိမ်းမချင်း ဘဝတွေက အကြိမ်ပေါင်းများစွာ ပြောင်းနေကြဦးမှာပဲ၊ နောက်ဘဝရောက်တဲ့အခါ ဒီဘဝထက် မရှုံးသွားဖို့ဘဲ အရေးကြီးတယ်ကွာ၊ ငါဆိုပါစို့၊ ဒီဘဝမှာ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာ။ ဖျတ်ကနဲ ကူးသွားတဲ့ နောက်ဘဝကျတော့ တဝုတ်ဝုတ်ဟောင်တဲ့ လမ်းဘေးက ခွေးလေခွေးလွင့်တစ်ကောင် ဖြစ်သွားခဲ့ရင် ကိုယ်ကျိုးမနည်းဘူးလား။

အဲဒါကြောင့် စိတ်ကောင်းမွေး၊ မရှုံးရအောင် ကျင့်ကြံအားထုတ်လိုက်နာဖို့ပဲ လိုတယ်"

ဆရာပြောခဲ့သည့်စကား၊ နားထဲ အလိုလို ပဲ့တင်ရိုက်ခတ်လာသည်။ သေခြင်းတရားကိုလည်း အဖန်ဖန်တွေးကြည့်၏။ ကြောက်စိတ်က ငယ်ထိပ်ရောက်လာသည်။ စိတ်ထဲ၌ ဝမ်းနည်းသလို ခံစားလာရသည်။

ထိုညက ဆရာ့ခုတင်ခြေရင်းတွင် ခွေ၍ နိုးတစ်ဝက်စိတ်ဖြင့် အိပ်စက်ရင်း ဆရာတစ်ခုခု ဖြစ်လေမလား၊ စိုးရိမ်တစ်ကြီးဖြင့် တစ်ညတာကို ကျော်ဖြတ်ခဲ့သည်။ မျက်လုံးဖွင့်သည်နှင့် နှလုံးခုန်နှုန်းပြ မော်နီတာကို လှမ်းကြည့်ဖြစ်သည်။ ဆရာ့နှလုံးခုန်နေဆဲ။ ကိုယ်လက်သန့်စင်ပြီး အပေါ့အပါးသွားသည်။

နံနက် ၁၀ နာရီကျော်ခဲ့ပြီ။

ပါမောက္ခကြီးနှင့်အတူ ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ နှလုံးအထူးကု လူနာဆောင်အတွင်း လူနာများအား တစ်ဦးပြီးတစ်ဦး၊ ကြည့်ရှုစစ်ဆေး ကုသမှု၊ လမ်းညွှန်မှုများ လုပ်ပေးနေသည်။

အထူးကြပ်မတ်ဆောင်တွင် ဆရာနှင့် အမျိုးသမီး လူနာနှစ်ဦးသာရှိသည်။ ကန့်လန့်ကာ ဆီးထားသော ဟိုဖက်ကုတင်ပေါ်မှာ လူနာအမျိုးသမီးက ကျောင်းဆရာမဟု သိရသည်။ မနက် ၆ နာရီခန့်တွင် ဘဝကူးသွားခဲ့သည်။

ငိုသူငို၍ ရှိုက်သူကရှိုက်သည်။ ဤဆေးရုံပေါ်က နှလုံးလူနာဆောင်တွင် တစ်ညတစ်ည ဘဝကူးသူ နှစ်ယောက်သုံးယောက်ခန့် ရှိသည်ဟုဆိုသည်။ သည်အတွက် ဆရာ့ကို ပို၍စိုးရိမ်ဖြစ်သည်။ ဆရာနှင့် ပတ်သက်သမျှ အားလုံးသော မျက်နှာများတွင် စိုးရိမ်သောကစိတ်များ ရှိနေဆဲဖြစ်သည်။ ဆရာသည် အိပ်ဆေးပြယ်၍ သတိကောင်းစွာ ရနေ၏။ မျက်လုံးကို ဝေ့ကြည့်နေသည်။ ခေါင်းညိတ်ခေါင်းခါကလွဲ၍ စကားတစ်လုံးမှ မပြောနိုင်သေး။ ဆရာကိုးကွယ်ယုံကြည်သော ဆရာတော်ဘုရားကြီး ကြွလာ၏။ ခုတင်ခေါင်းရင်းတွင်ရပ်၍ ဆရာ့နဖူးအား လက်ဝါးတင်ကာ ပရိတ်တရားတော်အား ရွတ်ပွား၍ ဆုတောင်းမေတ္တာပို့သည်။

ဆရာဦးချဖို့ ကြိုးစားသည်။ လက်နှစ်ဖက်လုံး ပိုက်ကြိုးများ သွယ်တန်းထားသဖြင့် အခက်တွေ့နေသည်။

"ငါ့ဒကာကြီး အဖြစ်ဆိုး မတွေ့နိုင်ဘူး။ အလှူရက်ရောတဲ့ ဒကာကြီး ကုသိုလ်တွေက ကယ်မမှာပါ"

ဆရာတော်က ဤသို့မိန့်သည်။

ကျွန်တော်က ဆရာတော်အား မတ်တပ်ရပ်လျက်ပင် ဦးသုံးကြိမ်ချ ဖြစ်သွားသည်။ ဆရာတော် ဆွမ်းစားအမီ ကျောင်းသို့ ပြန်ကြွသွားသည်။ သူနာပြုဆရာမလေးများသည် ဆရာ့ကို အချိန်ပြည့် အနီးကပ် စောင့်ကြည့်နေ၏။ လက်ထောက်ဆရာဝန်လည်း တစ်နာရီခြား လာလာကြည့်သည်။ ဆေးရုံနံရံပေါ်က နာရီကို လှမ်းမော့ကြည့်တော့ ၁၂ နာရီထိုးရန် ၅ မိနစ်သာ လိုတော့သည်။ ၁၂ နာရီကျော်လွန်လျှင် ဆရာ့အခြေအနေက စိုးရိမ်ရေမှတ် ကျော်လွန်သွားပြီဟု ဆိုသည်။

"အရဟံ၊ သိဒ္ဓိ၊ ဘဂဝါ၊ အောင်"

ကျွန်တော် အကြိမ်ပေါင်းများစွာရွတ်၍ ဆရာ့အား မေတ္တာပို့နေသည်။ တစ်မိနစ်၊ တစ်စက္ကန့်က ဆရာ့အတွက် အရေးပါဆဲ။ ဆရာသည် ပင်ကိုယ်စကားနည်းသူ ဖြစ်သည်။ တော်ရုံခင်မင်ရုံဖြင့် စကားဖောင်ဖွဲ့ ပြောတတ်သူကား မဟုတ်ပေ။ မေးပြောခေါ် ထူး၊ ပြုံးပြရုံသာ ဆက်ဆံတတ်သည်။ တစ်ချို့က ဆရာ့ကို ဘဝင်မြင့်သူဟု သတ်မှတ်ကြသည်။

ဆရာ ဘဝင်မမြင့်တတ်ပါ။ ကြီးစရာ မာနလည်း မရှိဟု ဆိုသည်။ တစ်နေကုန် တကုပ်ကုပ်နှင့် စာရေး၊ စာဖတ်နေတတ်၏။ ဆရာသည် အလုပ်တိုက်မှ ၇ နာရီ ၈ နာရီကျမှ အောက်သို့ဆင်းတတ်သည်။ တပည့်တစ်ဦးဦးနှင့် စကားဖောင်ဖွဲ့ပြောရင်း ဘီယာတစ်ခွက်၊ နှစ်ခွက် သောက်လေ့ရှိသည်။ ဆရာသည် အရက်ဝိုင်းတွင်ရေးမည့် ဝတ္ထုတစ်ပုဒ်အကြောင်း၊ ရေးပြီးသွားသော စာအုပ်တစ်အုပ်အကြောင်းကို အမြဲလိုလို ပြောပြနေတတ်သည်။ ကျွန်တော် လေးစားသော ဆရာတွင် မှတ်မှတ်ရရ ထူးခြားချက်တစ်ရပ်ကား စိတ်ရှည်သည်းခံခြင်းနှင့် အနစ်နာခံနိုင်ခြင်းပင် ဖြစ်သည်။ အပေးအကမ်းရက်ရောသော ဆရာ့ကို ကျွန်တော် မသေစေချင်ပါ။ ၆၀ ပင် မပြည့်သေးသော ဆရာ့ကို လက်လွှတ်ဆုံးရှုံးရမည်ကို အမှန်ပင် ကျွန်တော် ကြောက်နေမိပါသည်။

"ကဲ. . . ဦး သွေးပေါင်လေး ချိန်ကြရအောင်၊ ဆီးချိုလည်း တိုင်းတာပေါ့"

ဆရာဝန်မလေး စကားကြောင့် ကျွန်တော့်အတွေးများ ပြတ်တောက်သွားသည်။ ဆရာဝန်မလေးသည် ဆရာ့အား သွေးပေါင်ချိန်သည်။ ဆီးချိုတိုင်းသည်။ ပြီးလျှင် ဆေးတချို့ ထပ်သွင်းသည်။ ဆရာ မျက်လုံးဖွင့်လျက် ကြောင်ကြည့်နေ၏။ ကျွန်တော့် နှာခေါင်းထဲတွင် ဆရာဝန်မလေးထံမှ ရေမွှေးနံ့ သင်းပျံ့နေသည်။

"အန်ကယ် သက်သာရဲ့လား၊ သက်သာသွားတော့မှာပါ။ အန်ကယ် နှလုံးကို အနိုင်တိုက်နိုင်သွားပါပြီ။ လုံးဝစိတ်ချရတဲ့ အခြေအနေကို ရောက်သွားပြီ အန်ကယ်"

ဆရာဝန်မလေး၏စကားကြောင့် ရုတ်ချည်းဆိုသလို ဆရာနှင့် ပတ်သက်သူအားလုံး မျက်နှာအမူအယာများ ချက်ချင်း ပြောင်းလဲသွားသည်။ ဆရာ့သမီးငယ်က ဝမ်းသာ၍ငိုသည်။ "သမီးမှာဖြင့် စိတ်ပူလိုက်ရတာ အဖေရယ်"တဲ့။

"စားချင်တာရှိရင်လည်း ကျွေးလို့ရပါပြီ၊ အချိုတော့ လျှော့ပေါ့။ အထိုင်အထလေးတော့ နည်းနည်း ဂရုစိုက်ဖို့ လိုသေးတယ်။ ဆေးလိပ်တွေ၊ အရက်တွေ မသောက်ဖို့တော့ လိုတယ်နော် အန်ကယ်။ သွေးကြောတစ်ကြိမ် ပိတ်ဖူးတဲ့လူက နောက်တစ်ကြိမ် ပိတ်ဖို့လွယ်တယ်။ အန်ကယ် စာချည်းဖိမရေးနဲ့ လေ့ကျင့်ခန်းလေးလည်း ပုံမှန်လုပ်ဦးနော် အန်ကယ်။ လမ်းလျှောက်တာ မမှားဘူး။ ဟောဒီဆေးလေးတွေတော့ ဝယ်ပေးထားကြဦးနော်"

ပြောရင်းဆိုရင်း ဆရာဝန်မလေး နှုတ်ဆက်ထွက်သွားသည်။ ဆရာ့ကို ICU တွင် နှစ်ရက်ထားပြီး လူနာခန်းသို့ ပြောင်းပေးသည်။ ဆရာသည် ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူရင်းနှင့် ဝတ္ထုသုံးပုဒ် ရေးဖြစ်သွားသည်။

"တစ်ချို့သော ညတွေမှာ အိပ်ဆေးပေး တိုက်ထားပေမဲ့ အိပ်မပျော်ဘူးကွာ။ အိပ်ရာမှာ အကြာကြီး လှဲအိပ်နေရတာမျိုး ငါမနှစ်သက်တော့ ဘောပင်နဲ့ ဗလာစာအုပ်ကို ဆောင်ထားတာပေါ့။ မဆိုးပါဘူး၊ စာရေးဖြစ်တယ်"

ဆရာသည် နေထိုင်မကောင်း၍ ဆေးရုံတက်နေရသည်ကို ကံကောင်းသည်ဟု ယူဆနေ၏။ သူ့ဘဝအတွက် အပြောင်းအလဲတစ်ခု၊ ခံယူချက်တစ်ခု ပြောင်းလဲသွားသည်ဟု ဆိုသည်။ မည်သို့ဆိုစေ ကျွန်တော်တို့ ဆရာ့အတွက် ဝမ်းမြောက်သည်သာ။ ဆရာတစ်ယောက် ဆေးရုံပေါ်တွင် နှစ်ပတ်ခန့် နေရသည်။ ဆေးရုံကဆင်းပြီးနောက် အိမ်တွင်တစ်လခန့် အနားယူခိုင်းထားသည်။ ဟိုနားဒီနား လမ်းလျှောက်ရင်းက ဆရာ အလုပ်ပြန်လုပ်နိုင်ရန် လေ့ကျင့်ခန်း ယူနေရသည်။ ဆရာ မောခြင်း၊ ပမ်းခြင်း မရှိတော့။ သာမာန်လူတစ်ယောက်လို သက်သာပျောက်ကင်းသွားသည်။

×××

ကျွန်တော်တို့ ဆရာဆေးရုံက ဆင်းပြီးနောက်ပိုင်း ဆရာနေသော လှိုင်အိမ်သို့ ကျွန်တော်နှင့် အောင်မိုးတို့ တစ်ကြိမ်သာရောက်သည်။ ဖုန်းဖြင့် ရက်ခြားဆက်ဖြစ်သည်။ ဆရာပုံမှန်အတိုင်း စကားကို ပြောနိုင်ဆိုနိုင်လာ၏။ ချစ်သော၊ ခင်သော တပည့်များကို ဆဲလေ့ရှိသော ဆရာသည် ကျွန်တော်တို့ကို ပြန်ဆဲလာနိုင်သည်။

ကျွန်တော့်အဖို့ ဆရာဆဲသည်မှာ ပန်းနှင့်ပေါက်သလိုပါပဲ။

ဆရာ ပြန်လည်နေကောင်းလာခြင်းသည်ပင် ကျွန်တော့်အတွက် ပြောစရာစကား ဖြစ်လာသည်။ သူသတင်းမေးသည့် လူနာတိုင်း အသက်သေဆုံးရတတ်သည်ဟု စွဲလန်းနေသော အောင်မိုးတစ်ယောက် သူ့အလုပ်ခွင်ထဲ အလုပ်ရှုပ်နေရှာသည်။

သူကား နာမည်ရခါစ ဗီဒီယိုဒါရိုက်တာ။

ကျွန်တော်က သီချင်းရေးဆရာ၊ တေးစီးရီး ထုတ်လုပ်သူ။

အောင်မိုးက မေမြို့တွင် ၃ ကားတွဲ ဗီဒီယိုကားရိုက် ထွက်နေသည်။

တစ်နေ့ မနက်ပိုင်းဖြစ်သည်။ အောင်မိုးအိမ်မှ ကျွန်တော့်ထံ ဖုန်းဝင်လာ၏။ အောင်မိုးတစ်ယောက် မနက်အစောကြီး သွေးတိုးပြီး မူးလဲသဖြင့် ရွှေဂုံတိုင်ဆေးရုံသို့ အရေးပေါ် တင်လိုက်ရသည်ဟု ဆိုသည်။

ကျွန်တော် တုန်လှုပ်ချောက်ချားသွား၏။ သန်လျင်ဘက်တွင်နေသော ကျွန်တော်သည် ရွှေဂုံတိုင်ဆေးရုံသို့ အငှားယာဉ်ဖြင့် အပြေးအလွှား အရောက်လာခဲ့မိသည်။ ကျွန်တော် ရွှေဂုံတိုင်ဆေးရုံ အရောက်တွင် အောင်မိုးအား ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းတက်ခိုင်းသဖြင့် ကျွန်တော်နှင့် လွဲသွားခဲ့သည်။ အရေးပေါ် ကားဖြင့်အလာ ရန်ကုန်ဆေးရုံကြီး အရေးပေါ် ကုသဆောင်ရှေ့အရောက်တွင် အသက်ရှူရပ်ကာ အောင်မိုးဘဝ နိဂုံးချုပ်သွားသည်။

မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ခန့်သာ ကြာသည်။ ကျွန်တော် ကျောမလုံသလို ခံစားရ၏။ စိတ်လည်း အလွန်မကောင်း ဖြစ်သွားသည်။ မနက်အိပ်ရာကအထ၊ မုန့်ဟင်းခါး ဟင်းရည်ပူနှင့် အီကြာကွေးဖြင့် တို့စားရင်း ခေါင်းတွေမူးလိုက်တာပြောပြီး အိမ်နှင့်အနီးဆုံး ရွှေဂုံတိုင်ဆေးရုံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ အခြေအနေမဟန်၍ ဆေးရုံတင် ကုသလိုက်ရသည်။ သွေးပေါင်အရမ်းတိုးပြီး ဦးနှောက်သွေးကြော ပေါက်သွားခြင်း ဖြစ်သည်ဟုဆိုသည်။

သူ့တွင် သွေးတိုးရောဂါရှိမှန်း မသိခဲ့။ အရွယ်က ငယ်ငယ်၊ သန်တုန်းမြန်တုန်းအရွယ်။ စားချင်သလိုစား၊ ပျော်သလိုနေတတ်သော အောင်မိုး။ နာမည်

ကျော်မင်းသား၊ မင်းသမီးများကို ဇာတ်ရုပ်အတိုင်း စီစဉ်ညွှန်ကြားတတ်သော အောင်မိုး၊ သူသတင်းမေးသည့်လူတိုင်း ဘဝကူးတတ်သည်ဟု ယုံကြည်တတ်သော မောင်အောင်မိုး။ ဘဝကံဇာတ်ဆရာ၏ ဇာတ်ညွှန်းအတိုင်း အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ဘဝနိဂုံးချုပ်သွားခဲ့လေပြီ။

"သူငယ်ချင်းရယ်၊ မင်းကွာ. . ."

×××

ရန်ကုန်ဆေးရုံကြီး ရေခဲတိုက် အပေါက်ဝတွင်ဖြစ်သည်။ အောင်မိုးမိသားစုနှင့်အတူ ကျွန်တော်တို့ အောင်မိုးအလောင်းကို ဝိုင်းရံလျက် ကြည့်နေကြသည်။ အောင်မိုးသတင်းကြောင့် ထုတ်လုပ်သူ၊ မင်းသား၊ မင်းသမီး၊ ဇာတ်ညွှန်းရေးသူနှင့် စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ အလျှိုလျှိုရောက်လာကြ၏။

တိတ်ဆိတ်သော ပတ်ဝန်းကျင်က အတော်ကို စည်ကားသွားသည်။

တကယ်ကို အိပ်စက်နေသည့်အတိုင်း လတ်လတ်ဆတ်ဆတ်၊ ပူပူနွေးနွေး။ ဆရာလာနေသည်ဟု ဆိုသည်။ ရေခဲတိုက်ထဲ မသွင်းသေးဘဲ ဆရာအလာကို စောင့်နေကြသည်။ ဆရာသည် အငှားကားတစ်စီးဖြင့် ကမန်းကတန်းရောက်ရှိလာခဲ့သည်။ ဆရာ့မျက်နှာ ကြေကွဲနေသည်။ သူ့ချစ်တပည့်အား နောက်ဆုံးကြည့်ခြင်းဖြင့် လာကြည့်ခြင်းပင်ဖြစ်သည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ တပည့်ရယ်၊ မင်းရဲ့ အောင်မြင်မှုတွေကို ပိုင်ပိုင်နိုင်နိုင် မထိတွေ့ မခံစားရခင် ဘာဖြစ်လို့များ အလျှင်လိုစွာ နှုတ်မဆက်ဘဲ ထွက်ခွာသွားရတာလဲကွာ။ မင်း အနုပညာ ခံစားမှုတွေကို အများကြီးလုပ်နိုင်တဲ့ အရွယ်ပါ။ တကယ်ဆို သေသင့်တာက ငါပါတပည့်ရယ်။ ငါတောင် သေမင်းကို ရက်ချိန်းယူပြီး ပြန်လာနိုင်သေးတာပဲ။ မင်းကွာ. . . မင်း. . ."

ကျွန်တော် ဆရာ့လက်မောင်းကို တင်းတင်းပါအောင် ဆုပ်ကိုင်ထား၏။ ဆရာ့နှလုံးသား အလတ်ကြီးမဟုတ်၊ ဆရာသည် အောင်မိုး၏ လက်ကလေးကို ကိုင်၍ ဝမ်းပန်းတနည်းနှင့် ပြောသည်။ ဆရာ့သွင်ပြင် လက္ခဏာက နွမ်းချိချိ။ ဆရာဆေးရုံကဆင်းပြီး သေမင်းလက်က လွတ်မြောက်သွားခဲ့သည်မှာ တစ်လ မပြည့်သေး။ အိမ်တွင် အနားယူနေရသည့် ကာလ၊ သည်ကာလ အတွင်း၌ပင် မမြဲသော သင်္ခါရတရားကို နဖူးတွေ့ဒူးတွေ့ ဆရာရင်ဆိုင်လိုက်ရသည်။

သေခြင်းတရားက အမှန်ပင် ဆန်းကြယ်သည်။

ကြီးငယ်မရွေး လက်တို့ခေါ်တတ်သည်၊ အောင်မိုးအား ရေခဲတိုက်အတွင်းသို့ တွန်းလှည်းဖြင့် တရွေ့ရွေ့တွန်းကာ ပို့ဆောင်ပေးလိုက်ကြသည်။ မှုခင်းဆရာဝန်သည် အောင်မိုး ဘာကြောင့်သေရသည်ကို ခွဲစိတ်အဖြေထုတ်ပေးဦးမည်။ အောင်မိုးဇနီး၊ သားသမီးများ အသံတိတ် ငိုနေကြသည်။

"ဖြိုးကျော်၊ အောင်မိုးအသက် ဘယ်လောက်တုန်း"

**"အောင်မိုး ၃၁ နှစ်ပါ ဆရာ"**

"အင်း. . . အေး. . . အေး မရဏတံခါး အဖွင့်၊ အပိတ်ကတော့ကွာ ပြောကို မပြောချင်တော့ပါဘူး"

အထက (၄) တောင်ဥက္ကလာပ
နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း၊
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ။

ညိုပြာတို့ သားအမိတစ်တွေ အောင်စာရင်းသွားကြည့်တာ နာရီဝက်ခန့် ရှိသွားပြီ။ ဇီဝကမဂ္ဂဇင်းအတွက် ဆေးပညာဆောင်းပါးတစ်ပုဒ် ရေးနေမိ၍ ညက ကိုဗလ အိပ်ရေးပျက်နေ၏။ သန်းခေါင်ယံထိ စာရေးပြီး ရုံးပိတ်ရက်မှာ ဇိမ်ခံအိပ်မယ်လို့ စိတ်ကူးထားခဲ့သမျှ ညိုပြာ အတင်းလှုပ်နှိုးသွား၍ မထချင် ထချင်နှင့် အိပ်ရာက ထလိုက်ရသည်။

ခေါင်းထဲ နောက်ကျိကာ မျက်လုံးထဲ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသည်။ မျက်နှာကို ကမန်းကတန်း သန့်စင်ပြီး အသင့်ဖျော်ထားသော ကော်ဖီခွက်ကို မော့သောက်လိုက်ကာ အိပ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်တွင် ဝင်ထိုင်ဖြစ်သည်။ ဆေးလိပ်တိုကို ရှိုက်ဖွာရင်း ရေနွေးပူပူကို မှုတ်မှုတ်သောက်မိ၏။ စျေးဝယ်ကလည်း တစ်ယောက်တက် တစ်ယောက်ဆင်းနှင့်။



# ဂုဏ်ဆိုသည်မှာ

မောင်မောင်ထွန်းအောင်
(ကျန်းမာရေး)

ဆိုင်ပိတ်ပြီး အိပ်ရာထဲ တိုးခွေအိပ်လိုက်ချင်သည်။ ဗျစ်တောက်ဗျစ်တောက်နှင့် ပြောမဆုံးဖြစ်နေမည့် ညီပြာ့လေကြောထဲ မျောသွားမှာစိုး၍ အောင့်အည်းနေရသည်။ ခေါင်းထဲတွင် အတွေးများ တန်းစီနေသည်။

သမီးနှစ်ယောက်စလုံး စာမေးပွဲအောင်မှာ သေချာနေပါသော်လည်း ကလေးတွေ အောင်စာရင်းထွက်တိုင်း ကိုဗလ ရင်ခုန်မြန်တတ်သည်။

သမီးနှစ်ယောက် လက်ကိုဆွဲကာ မြူးပျော်ပြန်လာမည့် ညီပြာ့ကို မျှော်ရင်း တထိတ်တလန့် ဖြစ်နေမိသေးသည်။ အသည်းကလည်း ငယ်ပ။ ငါ့နှယ် စိုးရိမ်တတ်ရန်ကော။

သမီးကြီး 'အိ'က အောင်ရုံ အောင်တတ်သော်လည်း သမီးငယ် 'ဆင့်' က ထူးထူးချွန်ချွန်ဖြင့် အောင်တတ်သည်။ 'ဆင့်'ကြောင့် ကိုဗလ ရင်မောခဲ့ရပေါင်းလည်း များပြီ။ မဝံ့မရဲဖြင့် ညီပြာ့မျက်နှာ မကြည့်ရဲလောက်အောင်လည်း ဖြစ်ခဲ့ဖူးသည်။ မနိုင်ဝန် ထမ်းရတာလည်း ခဏခဏ။ ဘယ်မိဘမဆို သားသမီးတွေ ပညာထူးချွန်တာ၊ အတန်းတိုင်း ပထမချည်းရတာ၊ နှစ်စဉ် ပညာရည်ထူးချွန်ဆု တက်ယူရတာ၊ ဂုဏ်မယူဘဲ ရှိပါ့မလဲလေ။ သမီးငယ် 'ဆင့်' ဆုယူမည်ဆိုတိုင်း နှလုံးခုန်သံ စည်းဝါးမညီ ဖြစ်သွားတတ်တာ၊ သွေးခုန်နှုန်း မြင့်တက်သွားတတ်တာ ကိုဗလအကျင့်လို ဖြစ်နေပြီ။

တသိမ့်သိမ့်နှင့် ဝမ်းသာဝမ်းနည်းလည်း ခံစားရမြဲ။

မနှစ်က စတုတ္ထတန်းတွင် တစ်ကျောင်းလုံးမှာ ပထမရတော့ ဆုတက်ယူဖို့ ဂါဝန်လှလှလေးတစ်ထည် ဝယ်ပေးဖို့ ပူဆာသည်။ သမီး၏ တောင်းဆိုချက်ကို ခေါင်းညိတ်မိသော်လည်း ထွက်ငွေနှင့် ပတ်သက်ရင် ညီပြာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သူက ဝန်ထမ်းဆိုတော့ အိတ်ကပ်ထဲ ငွေများများစားစား မရှိတတ်။ ကျန်းမာရေးပညာ အရာရှိတစ်ယောက်၏ လစာဝင်ငွေက မိသားစုလေးယောက်ရှိသော ကိုဗလတို့ မိသားစုတွင် ဆင်ပါးစပ် နှမ်းပက်သလို ဖြစ်နေတာကြာပြီ။

ဟိုတုန်းက လင်ကိုယ်မယား နှစ်ယောက်တည်း ဝင်ငွေနှစ်ရပ်ဖြင့် ချောင်ချောင်ချိချိ နေနိုင်ခဲ့သည်။ ညီပြာက အလယ်တန်းပြဆရာမ။ ညီပြာတို့ကျောင်းသို့ ကိုဗလ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ သွားရင်းဖြင့် ရေစက်ဆုံကာ လက်ထပ်ဖြစ်သည်။ နှစ်ယောက်စလုံး မိဘတွေက နယ်မှာ။ ရန်ကုန်မှာ ဆွေမျိုးရင်းချာက နည်းသည်။ 'ဆင့်' မွေးမည့်နှစ်တွင် လူခွဲမရှိတော့ ညီပြာ မျက်ရည်စက်လက်ဖြင့် အလုပ်က ထွက်လိုက်ရသည်။ ကိုဗလ နိုင်ငံခြားသို့ တစ်နှစ်လောက် ပညာတော်သင် သွားလိုက်ရသည်။ နိုင်ငံခြားက ပြန်လာ

တော့ အိမ်လေးတစ်လုံး ဝယ်ဖြစ်သည်။ ကျန်တဲ့ငွေလေးနှင့် ညိုပြာက အိပ်မှာပဲ စတိုးဆိုင်ဖွင့်သည်။ အသွားအလာလည်း များ၊ လူစည်ကားတဲ့ အရပ်ဒေသ လည်းဖြစ်တော့ ညိုပြာ့စတိုးဆိုင်လေးက အရောင်းသွက်သည်။

ပစ္စည်းကလည်းစုံတော့ စတိုးဆိုင် ဝင်ငွေလေးက မိသားစု စားဝတ်နေ ရေးကို ကျော်ထောက်နောက်ခံ ပြုရုံမက ရွှေတွဲလွဲ ငွေတွဲလွဲပင် ဖြစ်လာသည်။ ကျူရှင်ပင် မပြတော့။ အရင်းအနှီးကလည်း ယခင်ကထက် ပိုမိုများလာသည်။ အမြော်အမြင်ကြီးသော ညိုပြာက လက်မလေး တထောင်ထောင်နှင့်။ ညိုပြာ့ စတိုးဆိုင်လေး အောင်မြင်လေ ကိုဗလ စိတ်ထဲက သိမ်ငယ်လာလေ ခံစားလာရ သည်။

ကိုဗလ အချမ်းသာဆုံးက ကျန်းမာရေးပညာ ဗဟုသုတတွေပဲလေ။ လစာထုတ်ရက်ရောက်တိုင်း ကိုဗလ ညိုပြာ့ကို ရဲရဲပင်မကြည့်ရဲ။ ကိုဗလရသည့် လစာလေးက အမြီးနုတ်၊ ခေါင်းနုတ်ဖြင့် အိပ်အပြန် အိတ်ကပ်ထဲ ပြားချပ်ချပ် ရယ်။ သည်ငွေလေး ညိုပြာ့လက်ထဲ ထည့်ပေးလိုက်ရုံဖြင့် ခင်ပွန်းကောင်း တစ်ယောက် ဖြစ်ပြီတဲ့လား။ ကြိုက်တတ်တဲ့ ဘီယာလေးပင် မသောက်ဖြစ်တာ ကြာပြီ။ မေးခွန်းတွေ တစ်သီကြီးဖြင့် ညအိပ်ပျက်ပေါင်းလည်း များလှပြီ။ ဝင်ငွေ နည်းတဲ့ ယောကျ်ားတစ်ယောက်အဖို့ 'အိမ်ဦးနတ်'အဖြစ် ရပ်တည်ဖို့ ခက်လိမ့် မည်။

နယ်က မိဘတွေဆီကို ငွေလေးပို့ချင်ရင်တောင် ညိုပြာ့ဆီ လက်ဖြန့် တောင်းပြီးမှ ပို့နေရတော့ စိတ်ပျက်အားငယ်နေမိတာတော့ အမှန်ပင်။ နှစ်ဖက် မိဘတွေနှင့် ပတ်သက်ရင် ညိုပြာ မငြိုငြင်လို့သာ တော်သေးသည်။ တာဝန် မကျေသည့်သား၊ တာဝန်မကျေသည့်ဖခင် ဖြစ်သွားရင်တော့ သူ့ဘဝမျောပြီ။ အရာတိုင်းမှာ ငွေက ပထမချည်း ဖြစ်နေသည်။ ကျန်းမာရေးပညာပေး လုပ်ငန်း တွေနှင့် နေ့စဉ်ရက်ဆက် နပန်းသတ်နေလို့တော့ ရှေ့ရေးမတွေးရဲစရာ။ အပြင် စီးပွားရေးတစ်ခုခု လုပ်ရကောင်းမလား။ စီးပွားရေးဆိုသည့် စကားလုံးနှင့် ကိုဗလ သိပ်သူစိမ်းဆန်သည်။

ညိုပြာကတော့ ပြောပါသည်။ တောင်တွေး၊ မြောက်တွေး တွေးမနေနဲ့။ ဈေးကူရောင်းပါတဲ့။

ဈေးဆိုင်ထဲ ငုတ်တုတ်လေးထိုင်ပြီး ဈေးရောင်းရသည့် အလုပ်ကို လည်း ကိုဗလ စိတ်မရှည်။ စကားလည်း ပြေပြေပြစ်ပြစ် မပြောတတ်၊ အားက လည်း နာလိုက်သေးသည်။ ဈေးက မဆစ်ရသေး၊ သူက လျှော့ပေးချင်နေပြီ။

ဈေးရောင်းပညာက လွယ်မယောင်နှင့် ခက်သည်။

ကျန်းမာရေးပညာ အရာရှိဆိုပြီး အပိုငွေလေးရအောင် ဆေးခန်းထိုင်လို့လည်း မရ။ သူ့ပညာက ကုသရေးနှင့် လုံးဝမသက်ဆိုင်။ ကျန်းမာရေးပညာပေး လုပ်ငန်းတွေ အာဘောင်အာရင်းသန်သန်ဖြင့် ပြောတတ်၊ ဟောတတ်ရုံကလွဲလို့ ဆေးထိုးအပ်ပင် ဖြောင့်ဖြောင့်မကိုင်တတ်။ မီဒီယာခေတ်တစ်ခေတ်နှင့်ကြုံတိုးလို့ ဂျာနယ်,မဂ္ဂဇင်းတွေမှာ ဆေးပညာဆောင်းပါးတွေ စဉ်ဆက်မပြတ်ရေးဖြစ်သည်။ စာရေးလို့ရသည့် ဝင်ငွေဆိုတာလည်း သိကြတဲ့အတိုင်း။ ညိုပြာစိတ်ကူးကောင်းလို့သာ ဟန်မပျက်နေနိုင်တာ။ နို့မဟုတ်ရင် မိသားစု စားဝတ်နေရေးအတွက် ကိုဗလ သွက်သွက်ခါ ရူးလောက်ပြီ။

"မိန်းမရယ် ကိုယ်တော့ အလုပ်ထွက်လိုက်ရင် ကောင်းမလားမသိဘူး။ ခု လုပ်သက်နဲ့ဆို ဆေးပင်စင်ယူမယ်ဆို ယူလို့ရပြီ။ ဒီဝင်ငွေနဲ့ဆို ရှေ့ရေးမတွေးရဲသလောက်ပဲ။ ကိုယ် ရှက်တောင်ရှက်လာပြီ။ တို့ရုံးက ဆရာဝန်တွေဆို အလျှိုလျှိုနဲ့ ထွက်သွားလိုက်ကြတာ။ အသက်အရွယ်ရှိတုန်း နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ရင် ကောင်းမလားဟင်"

ညိုပြာနှင့် တီးတိုးတိုင်ပင်ဖြစ်သည်။ ပြောတိုင်းလည်း ကျောင်းဆရာမဖြစ်ခဲ့ဖူးသော ညိုပြာ့ဩဝါဒကို နားညည်းအောင် ခံရတတ်သည်။

"ဘာပဲဖြစ်ဖြစ် ရှင့်ဝန်ထမ်းအလုပ်ကိုပဲ ရှင့်သမီးနှစ်ယောက်အတွက် လုပ်ကို လုပ်ရဦးမယ်။ ဒီကလေးနှစ်ယောက်အတွက်ပဲ ကျွန်မပြတ်နိုးတဲ့ ကျောင်းဆရာမအလုပ်က ထွက်ခဲ့ရတာ။ ခု ကျန်းမာရေးပညာအရာရှိနော်။ ဘွဲ့တွေကလည်း တစ်သီကြီးနဲ့။ နောင်ဆို ဘာမျှ၊ ညာမျှ မဖြစ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ နိုင်ငံခြားကို နောက်ထပ်သွားချင် သွားရဦးမှာပဲ။ အရာရာ ငွေကြေးမျက်နှာလေး တစ်ခုတည်းကို ကွက်ကြည့်ပြီး လုပ်လို့တော့ ဘယ်ဖြစ်ပါ့မလဲလေ။ ငွေကြေးရှိပေမဲ့ ဂုဏ်မရှိရင် အလကားပဲ။ ညိုပြာက သန့်စင်မွန်မြတ်တဲ့ ဂုဏ်ကိုသိပ်မြတ်နိုးတာ။ နိုင်ငံခြားမှာ အလုပ်ကြမ်းတွေလုပ်၊ ပန်းကန်တွေဆေးလုပ်တာနဲ့စာရင် အခိုက်အတန့် မပြေလည်တာ ရှင် သည်းခံသင့်တယ်။ နောက်ပြီး ညိုပြာတို့ အခြေအနေက စားရမဲ့ သောက်ရမဲ့ အခြေအနေမှ မဟုတ်တာ။ လက်ရှိဘဝလေးကို တန်ဖိုးထားစမ်းပါရှင့်"

"ဂုဏ်သိပ်မက်တဲ့ မိန်းမ"လို့ စိတ်ထဲ ဒေါဖောင်းမိသည်။

ညိုပြာ ပြောသလိုသာဆို ကျန်းမာရေး ပညာအရာရှိဆိုသည့် ဂုဏ်ပုဒ်လေးကို ဖက်တွယ်နေရဦးမှာပေါ့။ ရင်ထဲမှာ ညိုပြာ့အတွေးအခေါ်ကို ဘဝင်မကျ

မိသော်လည်း မလွန်ဆန်နိုင်သေးလို့ ခေါင်းညိတ်မိသည်။

ဂါဝန်ကိစ္စ ညိုပြာရဲ့ စတိုးဆိုင်လေးကပဲ တာဝန်ယူသွားသည်။

ဆုယူရမည့်နေ့။ ကိုဗလ ရုံးပိတ်ရက်ပေမဲ့ ဝမ်းရောဂါဖြစ်နေသောလှည်းကူးဘက်သို့ ပြေးရသည်။ အဖွဲ့လိုက် သွားကြတော့လည်း မလိုက်၍ကား မဖြစ်ပြန်။ ဆုယူဖို့ ညိုပြာနှင့်ပဲ မျက်နှာလွှဲခဲ့ရသည်။ သမီးငယ်က မျက်နှာမကောင်းလှ။ တစ်နေ့လုံး ဟိုနားမတ်တတ်၊ ဒီနားမတ်တတ်ဖြင့် ယင်လုံအိမ်သာ ကိစ္စ၊ ဝမ်းရောဂါမပြန့်ပွားအောင် ဘယ်လိုတားဆီးရမယ်ဆိုတာတွေ သရုပ်ပြ ဟောပြောနေရသည်နှင့်ပဲ လူတစ်ကိုယ်လုံး နွမ်းနေတော့သည်။ ရောဂါကူးစက်မှာလည်းကြောက်ရသေးသည်။ အိမ်ရောက်ရင် ဆပ်ပြာတစ်တုံးလုံးကုန်အောင် ရေချိုးလိုက်ဦးမည်။

■

အရာရာ ငွေကြေးမျက်နှာလေး တစ်ခုတည်းကို ကွက်ကြည့်ပြီး လုပ်လို့တော့ ဘယ်ဖြစ်ပါ့မလဲလေ။ ငွေကြေးရှိပေမဲ့ ဂုဏ်မရှိရင် အလကားပဲ။

■

ညခုနစ်နာရီလောက်မှ လှည်းကူးက ကိုဗလ ပြန်ရောက်လာသည်။ သမီးကြီး 'အိ'နှင့် ညိုပြာတို့နှစ်ယောက်ပဲ မြဝတီမှလွှင့်သော 'လေဟုန်ခွင်းတဲ့သူရဲကောင်း'ကိုရီးယားရုပ်သံ ကြည့်နေတာ တွေ့ရသည်။ မြင်ကွင်းထဲ သမီးလေး 'ဆင့်'ပျောက်နေသည်။ မောမောနှင့် အိပ်များနေပြီလား။ တိုက်ပုံအင်္ကျီချွတ်ရင်း ညိုပြာ့ကို လှမ်းမေးဖြစ်သည်။ ညိုပြာက ရုပ်ရှင်ကြည့်မပျက်။ မျက်နှာကလည်း မှုန်သုန်သုန်နှင့်။

"ညို. . . အငယ်မလေး မတွေ့ပါလား။ အိပ်နေလို့လား။ ဆုယူတာ ဓာတ်ပုံလေး ဘာလေး မရိုက်ခဲ့ဘူးလား။ လေးနှစ်ဆက်တိုက် ဆုရတယ်ဆိုပြီး သတင်းစာထဲ ထည့်ရဦးမှာလေ။ သတင်းစာတိုက်က မိတ်ဆွေတွေတောင် ပြောထားသေးတာ"

"ရိုက်ခဲ့ပါ့တော်၊ ကတ်တစ်ခုလုံး ကုန်အောင်ကို ရိုက်ခဲ့တာ။ ရှင် မနက်ဖြန်ရုံးသွားရင် ဝင်ကူးယူလာခဲ့။ ဒါပေမဲ့ ရှင်ရယ် နပန်းသတ်ရမလိုတောင် ဖြစ်ခဲ့သေးတယ်"

ညိုပြာ့အသံက တစ်ခုခုကို မကျေမချမ်း ဖြစ်နေသည်။ အသံက မာကြွပ်ကြွပ်နှင့်။

"အို. . . ဘာဖြစ်လို့တုန်း။ ကဲ. . . ကဲ အငယ်လေးကို ခေါ်လိုက်ပါဦး။ သမီးရလာတဲ့ 'ဆု' အဖေ့ကို လာပြပါဦး။ အဖေကြီး အမောပြေလေး ကြည့်ပါရစေ"

ကိုဗလ ခြံထဲဝင်လာသံ ကြားကတည်းက သမီးလေး အိပ်ခန်းထဲ ဝင်ပုန်းနေသည်တဲ့။ သမီးကြီး 'အိ'က တိုးတိုးလေး ကပ်ပြောသည်။ "ဆင့်ရေ. . သမီးလေး ထွက်လာပါဦး သမီးရယ်"လို့ ညိုပြာက သုံးလေးခွန်းခေါ်တော့ 'ဆင့်' အိပ်ခန်းထဲက ခေါင်းငုံ့ပြီးထွက်လာသည်။ 'ဆင့်'မျက်နှာပေးက မဝံ့မရဲနှင့် သူ့ကို လှမ်းကြည့်သည်။ ခါတိုင်းဆို ရင်ခွင်ထဲ ဝင်ထိုင်နေကျ။ အဖေကို ပွတ်ကာသီကာဖြင့် နွဲ့ဆိုး,ဆိုးနေကျ။ ခုတော့ ပြုံးလည်း မပြုံး၊ ရယ်လည်း မရယ်။ ဆုရလာသည့် အထုပ်လေးကို စားပွဲပေါ် အသာလေးချပေးကာ ခေါင်းငုံ့ပြီး ငြိမ်ငြိမ်လေး ရပ်နေသည်။

"မဆင့်ဆင့်၊ စတုတ္ထတန်း၊ တန်းလုံးကျွတ် ပထမဆု"တဲ့။

အထုပ်၌ ကပ်ထားသော စာရွက်လေးတွင် ရေးထိုးထားသည်။ ကိုဗလ အထုပ်ကို ဖွင့်လိုက်မှ 'ဆင့်'မျက်နှာ ညှိုးငယ်ရခြင်း၏ အဓိပ္ပာယ်ကို နားလည်သွားသည်။ ရင်ထဲမှာ ရှုတတလေး ဖြစ်သွားပေမယ့် ကိုဗလ ဟန်ဆောင်ပြုံးရယ်ဖြစ်သည်။

ဆုက ဗလာစာအုပ် သုံးဒါဇင်၊ ဘောပင် တစ်ဒါဇင်၊ နောက်ပြီး ခဲတံ။ ရွှေရောင်ဆုတံဆိပ် ဒိုင်းတစ်ခုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတစ်စောင်၊ ငွေသား။ ကဲ. . . ဘယ်လောက်ကောင်းလိုက်တဲ့ ဆုလဲ။ ပညာရည်ထူးချွန်ဆုဟု ရေးထိုးထားသည့် စလွယ်တစ်ခုပင် ပါလိုက်သေးသည်။

"ရှင် သိတယ်မဟုတ်လား သဘော်သားကတော် မေဇင်ဦး အမေလေ။ သမီးအထုပ်ကို အတင်းဖွင့်ကြည့်ပြီး ဒါလောက်နဲ့တော့ ဆုမရရင် နေပါစေတဲ့။ ငွေကုန်ကြေးကျခံ အပင်ပန်းခံ မကြိုးစားခိုင်းဘူးတဲ့။ မနာလို ဝန်တိုစိတ်နဲ့ ပြောသွားတာ။ ညီဆို အသားတဆတ်ဆတ် တုန်သွားတာပဲ။ ပါးရှစ်စိတ်ကွဲအောင် ရိုက်ပစ်လိုက်ချင်တာလေ။ ကျော်မကောင်း ကြားမကောင်း ဖြစ်သွားမှာစိုးလို့သာ မကျေမချမ်းနဲ့ ငြိမ်နေလိုက်ရတာ။ သူ့သမီးက အဆင့်တစ်ဆယ်နားတောင် မသီဘူးလေ"

"တောက်. . . တယ်မိုက်ရိုင်းပါလား။ အဲဒါမျိုးကို ရိုက်ကို ရိုက်ပစ်သင့်

တာ။ ဘယ်ရုံးပဲရောက်ရောက်၊ ဆုဆိုတာမျိုးက တန်ဖိုးမှ ဖြတ်လို့မရတာပဲ။ ဒီလူတွေတော့ ခက်ပါတယ်။ တန်ဖိုးရှိချင်လည်း သူတို့ပဲ၊ မရှိချင်လည်း သူတို့ပဲ။ သမီးလေးရလာတဲ့ ဆုအတွက် အဖေတို့မိသားစုအားလုံး ဂုဏ်ယူတယ်။ ဂုဏ်ပြုလွှာတွေ၊ ဓာတ်ပုံတွေကို မှန်ဘောင်ကြီးကြီးနဲ့ ကျကျနန ဧည့်ခန်းမှာ ချိတ်ရမယ်။ ခုဆို သမီးမှာ ဂုဏ်ပြုလွှာလေးစောင်နဲ့ ဆုတံဆိပ် လေးခုတောင် ဖြစ်သွားပြီ"

"အဖေကြီး. . . သမီး အဆင့်တစ်ရအောင် နောက် မကြိုးစားတော့ပါဘူး"

"ဟယ်. . . ဘာဖြစ်လို့တုံး"

"ဘာ"

"သမီးဆုရရင် အဖေတို့မှာ ပိုက်ဆံကုန်မှာ စိုးလို့ပါ"

"မဟုတ်ဘူး၊ အဲသလိုမဟုတ်ဘူး သမီး။ ပညာရည်ထူးချွန်လို့ ရတဲ့ 'ဆု'ဆိုတာ ငွေကြေးတန်ဖိုးနဲ့ ဖြတ်မရဘူး။ ငွေကုန်တော့လည်း ဘာအကြောင်းလဲ။ အဖေတို့ ဘဏ်မှာအပ်ထားတဲ့ ငွေတွေ ရှိနေသားပဲ"

တစ်နှစ်တာ ကြိုးစားမှုမှ ဖူးပွင့်လာသော အသီးအပွင့်လေးတစ်ခု။ ဒါကိုတော့ သမီးလေး မြတ်နိုးစေချင်သည်။ ဆုဆိုတဲ့ ပညာထူးချွန်ဆု တစ်ခုဟာ ငွေတန်ဖိုးနဲ့ ဆိုင်သလား။ အပြောမတတ်သော မိဘတစ်ဦးကြောင့် ဗီဇပါရမီ ထက်သန်သော၊ ဉာဏ်ရည်ထက်သော၊ ဆရာဝန်ကြီးတစ်ဦး ဖြစ်ချင်သော သမီးလေး နှလုံးသားထဲ အနာရွတ်လေးတစ်ခု ထင်သွားခဲ့ရင်ဖြင့် ရင်ကျိုးရချည်ရဲ့။

"ဩော်. . . လူတွေ. . . လူတွေ အတော့်ကို ခက်ပါလား"

×××

"ကိုဗလ. . ကိုဗလ ဆိုင်ရောင်းဖို့ အိပ်ရာက နိုးထားခဲ့တာ။ ပက်လက်ကုလားထိုင်ပေါ် အိပ်နေရသလား။ ရှင့်ကြောင့် တစ်ဆိုင်လုံး ကုန်တော့မှာပဲ"

ညိုပြာ့အော်သံကြောင့် မှေးခနဲ အိပ်ပျော်နေသော ကိုဗလ လန့်နိုးသွားသည်။

"ဟော. . . ညိုတို့ ပြန်လာပြီကိုး။ ကလေးတွေရော စာမေးပွဲအောင်ကြရဲ့လား"

မျက်နှာချိုသွေးကာ မေးဖြစ်သည်။

"ဒီနှစ် ထူးထူးဆန်းဆန်းရှင့်။ ညိုတို့ ကံကြမ္မာ အပြောင်းအလဲများ ဖြစ်ဦးမလား မသိဘူး။ ရှင့်သမီးကြီး အဆင့် ၃ တောင် ရတယ်တော့။ ညိုဆို

ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျဖြစ်သွားသေးတယ်”

“သူလည်း သမီးငယ်ကို အားကျနေမှာပေါ့ကွာ။ ဒါနဲ့ သမီးလေး ‘ဆင့်’ ရော”

“ရှင့်သမီးလား”

ညိုပြာ့လေသံ ပျော့သွားသည်။ မျက်လုံးတွေကတော့ အရည်ရွှန်းမြဲ။ ရင်ထဲ ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားသည်။ သမီးလေးက နောက်ဖေးပေါက်ကနေ အိပ်ပေါ်တက်သွားသည်။ ညိုပြာက ကိုဗလ ဘေးခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ မျက်နှာတစ်ခုလုံး ချွေးဥကလေးတွေစို့လို့ ယပ်တောင်တစ်ချောင်းလှမ်းယူပြီး ယပ်ခပ်ပေးရင်း ဖွဖွကလေး မေးရသေးသည်။

“သမီးလေး ဘာဖြစ်တာလဲ ညို၊ စာမေးပွဲများ ကျသွားသလား”

“အမေတူ သမီးပါရှင့်။ ဒီလောက်တော်တဲ့ ကလေးကိုများ ရှင်မို့ မဦးမချွတ် ပြောရက်တယ်။ သမီးက ပြောတယ်သိလား။ ဖေဖေကြီးကို မပြောရဘူးတဲ့”

“အလို. . . ဘာများ ဖြစ်လို့ပါလိမ့်”

“ရှင့်သမီးက တစ်ကျောင်းလုံးမှာ ‘တစ်’ရပြန်ပြီလေ။ ကျောင်းအုပ်ဆရာမကြီးဆို သမီးကို ဖက်ဖက်နမ်းလိုက်တာ တရွှတ်ရွှတ်နဲ့။ အဲဒါ ရှင့်ကို မပြောရဘူးတဲ့။ မနှစ်က ရှင့်ကို ဆုရအောင် မလုပ်ပါဘူးလို့ ကတိပေးထားတယ် မဟုတ်လား။ ဂါဝန်လှလှလေးလည်း မဝယ်ခိုင်းပါဘူးတဲ့။ ကျောင်းစိမ်းအင်္ကျီလေးနဲ့ပဲ ‘ဆု’တက်ယူမယ်တဲ့။ ညိုတော့ ‘အိ’နဲ့ ‘ဆင့်’ လိုချင်တာ အကုန်ဝယ်ပေးမယ်။ ဒီတစ်ခါ ဆုယူတာ တီဗီရိုက်ဖြစ်အောင်လည်း ရိုက်မယ်။ အကြီးမက နာရီတစ်လုံး ဝယ်ပေးပါတဲ့”

“အဲဒီ ဟိုဟာမကြီးကြောင့်. . . တော်ပါသေးရဲ့။ ငါ့သမီးလေး ဆုရပေလို့။ စာမေးပွဲမဖြေဘဲ ထွက်လာခဲ့ရင် ဒုက္ခ. . . ”

“အဲဒါကြောင့် ရှင့်ကိုပြောတာ။ အလုပ်က ထွက်မယ်၊ နိုင်ငံခြားကို အလုပ်သွားလုပ်ချင်တယ်လို့ မညည်းနဲ့။ သမီးကြောင့် ညိုတို့ ဂုဏ်ရှိတယ်။ ရှင့်ရဲ့ မြင့်မြတ်တဲ့ အလုပ်ကြောင့်လည်း ညိုတို့တစ်တွေ ဂုဏ်တက်တယ်။ နေပြည်တော်ကို ပြောင်းရမယ်ဆိုရင်လည်း ပြောင်းသာပြောင်း”

မိသားစုတစ်စုလုံး ပြုံးပျော်ရယ်ဖြစ်သွားကြသည်။

*ဟိန်းထက် တာပေ*

ကလေးဆိုတာ ပန်းလေးလိုပါပဲ။ လောင်းရိပ်မိမသွားဖို့ အရေးကြီးတာ။ ငယ်ငယ်ကတည်းက ဦးတည်ချက်မှန်မှ ကြီးလာရင် လှပမည့် ပန်းတစ်ပွင့်ဖြစ်လာမှာ။

ကိုဗလရင်ထဲ ဝမ်းသာကြည်နူးမှုများ တိုးဝှေ့စီးဆင်းသွားသည်။ ဝင်ငွေနည်း၍ အားငယ်စိတ်များလည်း ပျောက်သွားသည်။ သည်နှစ် 'ဆု'အတွက် သူကိုယ်တိုင် သမီးနှစ်ယောက် လက်ကိုဆွဲ၍ ဝယ်ပေးလိုက်ဦးမည်။ သူ့တွင် အစွမ်းထက်သည့် ကလောင်တစ်ချောင်း ရှိနေသားပဲ။

အလွန်ဆုံးရေးရ ဆယ်ပုဒ်ပေါ့. . . ။

ဇီဝကမဂ္ဂဇင်း
၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ

မောင်မောင်ထွန်းအောင် (ကျန်းမာရေး)

## အမျိုးသားစာပေဆုရ၊ ဆရာဝန်တင်ရွှေ စာပေဆုရ မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ရေးသားထုတ်ဝေပြီး စာစုစာရင်း

၁။ သမီးလေးဖတ်ဖို့ မိုးသောက်ပန်းပုံပြင်များ (အင်္ဂလိပ်+မြန်မာ)
၂။ နာမည်လေးက မခင်နှင်းဆီနှင့် မဂ္ဂဇင်းဝတ္ထုတိုများ
၃။ အမေဖြစ်သွားသော မိန်းမများအကြောင်း
(မီးယပ်သားဖွားဘာသာရပ် ပညာပေး)
၄။ နှလုံးသွေးကြော ရောဂါများအကြောင်း
၅။ ဆီးချို သွေးချို ရောဂါများအကြောင်း
၆။ ရခိုင်ကမ်းရိုးတန်းဒေသ ကျန်းမာရေး
၇။ A to Z ကလေးသူငယ် ကျန်းမာရေး စောင့်ရှောက်မှုလမ်းညွှန်
၈။ ကြည့်တိုင်းမြင်၍ မြင်တိုင်းကြည်
(မျက်စိကျန်းမာရေး ပညာပေး)
၉။ ခွေးရူးပြန်နှင့် မြွေဆိုးကိုက် ရောဂါအကြောင်း
၁၀။ လေဖြတ်မှာ ကြောက်တယ်ဆို
၁၁။ ဆေးဖက်ဝင်ရဲယို
၁၂။ သင့်သိလိုသမျှ ခေါင်းကိုက်ခြင်း ရောဂါအကြောင်း
၁၃။ ကလေးတို့အာဟာရ
၁၄။ သက်ရှည်ကျန်းမာ စာပဒေသာ
၁၅။ သူနာပြုများအတွက် အင်္ဂလိပ်စကားပြော

ဟိန်းထက် စာပေ

၁၆။ အရက်ကြောင့်ဖြစ်သော စိတ်ဝေဒနာ
၁၇။ စိတ်. . . စိတ်ပေါ့ဗျာ အတွဲ (၁)
၁၈။ စိတ်. . . စိတ်ပေါ့ဗျာ အတွဲ (၂)
၁၉။ သက်ကြီးရွယ်အိုနှင့် စိတ်ကျန်းမာရေးပြဿနာ
၂၀။ အဖေတစ်ယောက်အကြောင်းနှင့် မဂ္ဂဇင်းဝတ္ထုတိုများ
၂၁။ ခါတ်မတည့်မှု ရောဂါများအကြောင်း
၂၂။ ကျန်းမာရေးအတွက် အလိုအပ်ဆုံးအရာ
၂၃။ ပန်းနာရင်ကျပ် ရောဂါများအကြောင်း
၂၄။ ခရီးသွားတစ်ဦး၏ ဒိုင်ယာရီ
၂၅။ အသက်ရာကျော် ရှည်သူတို့၏ လျှို့ဝှက်ချက်နှင့်
အခြားကျန်းမာရေး ဆောင်းပါးများ
၂၆။ အသက် ၁၂၀ ရှည်စေသောဝ်နှင့် အခြားကျန်းမာရေး ဆောင်းပါးများ
၂၇။ ဆီးနှင့်ကျောက်ကပ် ရောဂါများအကြောင်း
၂၈။ အောင်တံခွန်(၃) သဘော်နစ်မြုပ်မှု သတင်းမှတ်တမ်း

## ယခုလထွက်သည့် စာအုပ်

၂၉။ မိုးပြိုညနှင့် မဂ္ဂဇင်းဝတ္ထုတိုများ

## နောက်ထွက်မည့် စာအုပ်

၃၀။ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့်ဖြစ်သော စိတ်ဝေဒနာများ


မောင်မောင်ထွန်းအောင်
(ကျန်းမာရေး)
မိုးပြိုည နှင့်
မဂ္ဂဇင်းဝတ္ထုများ